

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

BURMESE CLASSIC

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း။ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ** ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံစေတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နေ့ဝင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှမ်းကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ပျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

အာရှ၏ မြန်မာနှင့် သော်တာပုံစာစဉ်
ဒီဒီး(ဒီကျွန်)စီစဉ်တည်းဖြတ်သည့်

မဂ္ဂဇင်း

အကြီးအကဲ
ဦးစိန်မျိုးမြင့်
ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ
မောင်မောင်လတ်

အမှတ်(၂၆၂)၊ ၂၀၁၇ ဖေလ



၆။ ဗိုလ်တထောင် ကိုဦး
သာသနာတော် ထွန်းကားရာ
ရွှေဟောင်းပါဒနယ်မြေက
သမိုင်းဝင် ကျိုက်မှာထယ်ရဟန်းစေတီတော်

၁၆။ ဦးစန္ဒိမ(စလင်း)
စလင်းမြို့ ရွှေဟောင်းရှပ်စုံ
မြောက်လေးစင်ကျောင်းတော်ကြီး

၂၂။ ကိုရွှေမြသန်း(သမိုင်း)
မြိတ်မြို့ ကျက်သရေဆောင်
လေးကျွန်းဆီမီးစေတီတော်

၂၈။ ရွှန်ကောလင်း
စစ်ကိုင်း ကောင်းမှုတော်ဘုရားကြီးနှင့်
တန်ဆောင်တိုင်ပွဲတော်ကြီး



၃၈။ ကိုမိုး(ရွှေပြည်သာ)
ပုပ္ပားတောင်မကြီး၏ အရှေ့ဘက်တောင်ခြေ
တောင်ကလပ်၏ အနောက်မြောက်ဘက်ရှိ
ကျောက်ဆင့်မစေတီ

၄၄။ မြမဉ္ဇူဝေ(ကျုံမငေး)
တောင်းတော်ချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒ၏
ကျိုက်လတ်မြို့နယ်
ဥယျာဉ်ဝ ပေါ်တော်မူ သတ္တဌာန သာသနာပြု

၅၀။ စကြာကောင်းစံ
မြောင်းမြမြို့ မြစိမ်းရောင်ဆရာတော်ကြီး

၆၂။ သစ္စာမင်းခေါင်
သူတော်စင်ပုဂ္ဂိုလ်ထူးတို့၏ လမ်းညွှန်မှုဖြင့်
(၇)နေ့သားသမီးတို့အတွက်
ဗုဒ္ဓရုပ်ပွားတော်(၃၉)ဆူ လှူဒါန်းခဲ့သူ
သာသနာပြုပုဂ္ဂိုလ် အဘ ဦးသန်းဌေး

၆၆။ ဖျင်ဒွဝါ
ရာဇဝင်ထဲက ရွာကလေးဆီသို့

၈၀။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနီဒါန်းအစ အန္တိမ ယသော်ရော(၁၀)

www.burmeseclassic.com

www.burmeseclassic.com


၉၀။ ဓမ္မဘာသာ အရှင်ဩဘာသ
ရတနာစစ်ကို သဒ္ဒါစစ်နှင့် ဆည်းကပ်ခြင်း(၂)

၉၅။ မုံရွာ ချစာ
သံတူကြီး ခြောက်သောင်းဖြင့်
ဦးခေါင်းကို အထုခံနေရသူ

၉၈။ ရွှေဘလေး(လွှယ်လင်)
မိုးကိုးများထဲက ကြာပလ္လင်

၁၀၂။ ရှင်ဝေးအောင်
သိဒ္ဓတ္ထကုမာရ မင်းသား၏
အံ့ဖွယ်ဂမ္ဘီရလေးမြားအတတ်

၁၀၆။ မွှောစရိယ ဦးဓောဝင်း
အထင်နှင့်အမြင် မလွဲစေချင်ပါ

၁၁၂။ မောင်ထည်ဝါ(ဗျော်ဘွယ်)
ဘဝများစွာ သံသရာမှ အသက်နှင့်လဲ၍
ပါရမီဖြည့်ဆည်းသူများ

၁၁၈။ မောင်မိုးဦး
ယဉ်ကျေးချိုသာသော စကားကို ပြောဆိုပါ

၁၂၂။ စိုးယဉ်ထွန်း
အောင်ကြောင်းဖြာ အတိတ်နိမိတ်ဆောင်

၁၂၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
သာမညဆရာတော်ဘုရား၏
ဣန္ဒြာသယဂုဏ်တော်နှင့်အင်း

၁၂၉။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဝ,မရှိဘဲ ဝိမလုပ်နှင့် ဝိရှစ်ချက်ဂါထာ

၁၃၂။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
လူတိုင်းအတွက် ကန်တော့ပွဲအမျိုးမျိုး
တင်လှူနည်းနှင့် အကျိုးကျေးဇူးများ

၁၃၈။ သာထက်ဇော်(မကွေး)
သင့်နာမည်ကပြောသော သင့်အကြောင်း

၁၄၂။ မင်းနေထွန်း(ကန့်ဘလူ)
ဇာတ်မသိလျှင် နတ်မျက်စိအသွင်

၁၄၆။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၅၂။ မင်းမပျော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ

၁၅၈။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၆၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်







www.burmeseclassic.com

www.burmeseclassic.com


၁၆၅။ ဆရာရန်အောင်ဟိန်း(B.Sc)
သရဲခြောက်ခံရသော အိမ်ဂေဟာနှင့်
ကေ-ပီ နက္ခတ်ဗေဒင်ပညာအမြင်
၁၇၂။ ဟိန်း(ဘူမိ)
ခန္ဓာကိုယ် ဝဖြိုးခြင်း၊ ကိုယ်အလေးချိန် များခြင်းနှင့် ကျန်းမာရေးပြဿနာများ(၁)
၁၇၆။ မင်းသန့်ကျော်(စီးကုန်း)
ဘုရားတံဆိပ် ဘာသာစိတ်
၁၈၁။ ကြည်ဝင်း(ဟသ်ာတ)
ဝိဇ္ဇာသုံးပါး ဂါထာတော်
၁၈၄။ ဝင်းသောင်(ရမည်းသင်း)
မင်းခယောကျ်ား
၁၉၂။ ကောင်းသော်
စတုတ္ထမြောက် ဥစ္စာစောင့်
၂၀၂။ ရှစ်ခွင်ကျော်(မောင်တော်သီ)
ဌာပနာဖောက် လူပျောက်နိဂုံး
၂၁၀။ ဆန်းဝင်း(အောင်မြေ)
ဂမ္ဘီရငှက်ပျောသီးနှင့် ပုတီးမည်းကြီး
၂၁၆။ ချစ်မင်းသူ
ချစ်သူပေးသော လက်ဆောင်
၂၂၆။ မောင်လှ
ငါ့နောက်က ဘယ်သူလဲ
၂၃၀။ ဝေါစအောင်
ချစ်သူပေးသည့် မွေးရနံ့
၂၄၀။ မောင်အောင်ဇော်(ပန်တော်ဝင်)
ဆာဒူးကြီးတို့ ဘုရားကျောင်း
၂၄၄။ သတိုးချာလီဆွေ
တိုကျိုမပြန် ဘောလန်ဧည့်သည်
၂၅၂။ ကျော်မင်းညွန့်(လှည်းကူး)
အစစ်အမှန်
၂၆၀။ တင်အေးကျော်(အောင်လံ)
တစ္ဆေကို အလည်ခေါ်လာသူ
၂၆၈။ ရန်နိုင်
မသိသူများလေ ပိုကောင်းလေ
၂၇၄။ ကျော်ဇော(စားကုန်)
ချစ်တီးပြိတ္တာပေးသည့် ရွှေကြက်ဥ
၂၈၂။ မိုးကျော့
စိန်ပီတာ ထုတ်လုပ်သော
မြန်မာ့ရေငုပ်သင်္ဘောကြီးများ
၂၈၈။ မင်းဟိန်းထိုက်
ဓိဋ္ဌာန်ကြောင့်လား
ဆေးစွမ်းလား
၂၉၇။ ချစ်ဆိုင်
သေနတ်ဝှက်တဲ့ နတ်စစ်သည်
၃၀၄။ ကိုမောင်သန်းဝင်း
ပသျှူးခေါင်းပြတ်နှင့် ဆက်စပ်လျက်ရှိသည့်
ဖရီးမေဆင်အသင်းကြီး


ထုတ်ဝေသူ - ဦးသန်းဦး(မြ-၀၀၅၃၆) ၊ ဂျွန်ရ Logo - မောင်မောင်အောင် ၊ မျက်နှာဖုံး Graphic - ဇေဖြိုး
အတွင်းသရုပ်ဖော် - ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း။
အတွင်းသားဖလင်-STARS။ စာအုပ်ချုပ်-အဂျေး။ စောင်ရေ-၅၀၀။ တန်ဖိုး- ၂၀၀၀ ကျပ်
မျက်နှာဖုံးပုံနှိပ်-ဦးတိုးဝင်း(မြ-၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်-ဦးကျော်စိုး(မြ-၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၉၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၅၆၀


www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တာထောင် ကိုဦး

# သာသနာတော်ထွန်းကားရာ ရှေးဟောင်းပါဒနယ်မြေက


# အမိုးဝင်း ကျိုက်မှာတယ်ရဟန်းစေတီတော်

__ပါဒနိုင်ငံသား ရဟန္တာအရှင်နှစ်ပါး ကြွရောက်လာခြင်း__


ပါဒခေတ် ကောင်းစားစဉ်က ပါဒနိုင်ငံသား နဲမွန်စနှင့် နဲမွန်ပု အမည်ရှိသော ကုန်သည်ညီနောင် နှစ်ဦးသည် အနောက်မဇ္ဈိမသို့ ကုန်သွယ်ရောင်းဝယ်ရန် သွားကြလေသည်။ ထိုသို့ ကုန်သွယ်ရောင်းဝယ်နေစဉ် ကာလအတွင်း ဂေါတမရှင်ေ ာ်မြတ်စွာသည် မဇ္ဈိမဒေသ၌ တရားရေအေး တိုက်ကျွေး ေ ညနှင့် ကြုံကြိုက်၍ ကုန်သည်ညီနောင်သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားမိရာမှ သာသနာတော်၌ လွန်စွာကြည်ညိုမိသည်ရှိ၍ ထိုအရပ်၌ပင် ရဟန်းပြုကြလေ၏။ မကြာမီကာလ၌ပင် ထိုရဟန်း နှစ်ပါးသည် ရဟန္တာဖြစ်လျက် ဓမ္မညာဏနှင့် ဗုဒ္ဓညာဏ ဟူသော အမည်ဖြင့် ထင်ရှားကျော်စောလေ၏။

မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၌ ဂေါတမမြတ်စွာ ပရိနိဗ္ဗာန်စံဝင်သည်ဖြစ်၍ ပါဒနိုင်ငံသား ရဟန္တာအရှင်နှစ်ပါးသည် ဘုရားရှင် မပြတ်သုံးစွဲတော်မူသော မေကရိုဏ်တော်နှင့် ခါးပန်းတော်တို့ကို ဆောင်ယူကာ မိမိ၏ မွေးရပ်မြေ ပါဒနိုင်ငံသို့ ပြန်လာခဲ့ကြလေ၏။

ပါဒနိုင်ငံတော်သို့ ရောက်ရှိပြီးနောက် ရဟန္တာအရှင်နှစ်ပါးသည် မိမိတို့ ဆောင်ယူလာခဲ့သော မေကရိုဏ်တော်နှင့် ခါးပန်းတော်တို့ကို ပါဒဘုရင် ရာဇာစောနောင်



အရိုးတောင်စေတီ



ဓနှောင်တော်ကြီးစေတီ

www.burmeseclassic.com

မင်းကြီးအား ပေးအပ်ကြလေ၏။ ဘုရင်နှင့် ပြည်သူအပေါင်းသည် ဝမ်းသာအားရဖြစ်လျက် ကြီးစွာသော ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ မြတ်စွာဗုဒ္ဓ၏ ပရိဘောဂဓာတ်တော်မြတ်နှစ်ဆူကို ပူဇော်ကြကုန်၏။ ရဟန္တာနှစ်ပါး၏တရားကို နာကြားရသည်ဖြစ်၍ ပြည်သူပြည်သား အပေါင်းတို့သည် ပဥ္စသီလငါးပါး၌ တည်ကြကုန်၏။ ထိုမျှအပြင်တစ်ဝက်နှင့် ရသေ့ပြုလုပ်နေသူများသည်လည်း ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လျက် ဝင်ရောက်ကြကုန်၏။

မင်းကြီးသည် ရဟန္တာအရှင်နှစ်ပါးအား ပစ္စည်းလေးပါး ဒါယကာခံယူကာ နန်းတော်၏ အရှေ့ဘက်အရပ်၌ရှိသော တောင်ကုန်းပေါ်တွင် ကျောင်းတော်ဆောက်၍ ကိုးကွယ်တော်မူ၏။ ရဟန္တာအရှင်နှစ်ပါး နေထိုင်ရာ ကုန်းတော်ကို မှာထယ်ရဟန်းကုန်းဟု ခေါ်ဆိုကြကုန်၏။

**<u>ဗုဒ္ဓ၏ဆံတော်ဓာတ် တူးဖော်တွေ့ရှိခြင်း</u>**

ရဟန္တာနှစ်ပါးဖြစ်သော ဓမ္မဉာဏနှင့် ဗုဒ္ဓဉာဏသည် ပါဒဘုရင်အား ဤသို့ဆို၏။ သင်မင်းကြီး၏ ဖခမည်းတော်လက်ထက်က မြေလာလုသော ရန်သူများကို အောင်မြင်ရာ ရန်အောင်မြင်ကုန်းဟုခေါ်သော ကုန်းတော်တစ်ခုရှိ၏။

"ထိုကုန်းတော်အလယ်၌ သင်မင်းကြီး၏ ဘိုးတော်သူဘောဂသေန တိဿမင်းကြီး ရသေ့ဘဝဖြင့် ရရှိလာသည့် ဗုဒ္ဓမြတ်စွာ၏ ဆံတော်တစ်ဆူကို မြှုပ်နှံဌာပနာ၍ ကိုးကွယ်ခဲ့သော နေရာရှိ၏။ ထိုနေရာကို တူးဖော်၍ ရရှိလာသည့် ဆံတော်ဓာတ်မြတ်တစ်ဆူနှင့် မိမိတို့ ပေးအပ်သော ဓာတ်တော်မြတ်နှစ်ဆူကို ဌာပနာလျက် စေတီပြုလုပ် ကိုးကွယ်လော့"ဟု မိန့်လေ၏။


ရာဇာစောနောင် မင်းကြီးသည် ရဟန္တာအရှင်နှစ်ပါး မိန့်တော်မူသည့်အတိုင်း ဘိုးတော်ရသေ့ကြီး မြှုပ်နှံဌာပနာထားရာ နေရာအား တူးဖော်စေရာ ကျောက်ထီးကျောက်တိုင် အမှတ်အသားထား၍ တိဿရှင်ရသေ့ တံဆိပ်ဖြင့် ဌာပနာထားခဲ့သော ဆံတော်ဓာတ်မြတ် တစ်ဆူသည် ကျောက်ညိုပြားကြီး လေးဖက်ပိတ်ဆို့ကာရံ၍ ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ် အထပ်ထပ်ဖြင့် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးကာ တွေ့ရှိဖူးမြော်ကြရလေ၏။

ဘုရင်မင်းမြတ်သည် ဝမ်းသာပီတိ လွှမ်းစွာဖြစ်ကာ ဆံတော်မြတ်နှင့်အတူ ဓာတ်တော်မြတ်နှစ်ဆူတို့ကို ရတ



www.burmeseclassic.com

www.burmeseclassic.com



ဘန့်ဒွေးဆည်အနီး၌ တွေ့ရှိခဲ့သည့်
ရွှေဖောင်းဂဝံရုပ်ပွားတော်အား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်



ဘန့်ဒွေးဆည်အနီး ရွှေဖောင်းဂဝံရုပ်ပွားတော်နှင့်အတူ
တွေ့ရှိခဲ့သည့် သပိတ်လေးလုံးထပ် ဂဝံသပိတ်တော်

နာပလ္လင် မြကလပ်ပေါ်တင်လျက် ရတနာမဏ္ဍပ် ဆောက်လုပ်၍ အပူဇော်ခံရာ ပြည်သူအပေါင်း ခြိမ့်ခြိမ့်သဲမျှ လာရောက်ကြကုန်လေ၏။

သုံးနှစ်ကြာမျှ အပူဇော်ခံပြီးနောက် သာသနာသက္ကရာဇ်(၃)ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်နေ့တွင် ပစ္စယာငါးဆင့်၊ ဉာဏ်တော်အတောင်ခြောက်ဆယ်ရှိသော စေတီတော်ကို ဂဝံကျောက်အုတ်တို့ဖြင့် ကျောက်တံတိုင်း သုံးထပ်ကာရံလျက် ဓာတ်တော်မြတ်သုံးဆူကို ကျောက်ညို သေတ္တာ၊ ဂဝံကျောက်သေတ္တာ အဆင့်ဆင့်အတွင်း ပတ္တမြားကြုတ်တော်အတွင်းသွင်း၍ ဌာပနာတော်မူလေ၏။ ကျိုက်ပါဒဆန့်လွန့်စေတီဟု သမုတ်တော်မူ၏။ ယခုအခါ ပါဒဆံတော်ရှင်စေတီတော် ဖြစ်ပေသည်။

ထိုအခါမှစ၍ ပါဒနိုင်ငံတော်တစ်ဝှမ်းတွင် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားစည်ပင်လာလေသည်။ မင်းနှင့်တကွ မှူးမတ်များ၊ ပြည်သူများသည် ဘုရားစေတီများစွာကို တည်ထားကိုးကွယ်ကြကုန်၏။

ကျိုက်ပါဒဆန့်လွန့်စေတီတော်တည်ပြီး လေးနှစ်အကြာ သာသနာတော်သက္ကရာဇ်(၉)ခုနှစ်၌ ရဟန္တာအရှင်နှစ်ပါး၏ လမ်းညွှန်မှုကြောင့် ရာဇာစောနောင် မင်းကြီးသည် ဒွတ်တောကုန်းတောင်စွန်းရှိတောကို ရှင်းလင်းနေစဉ် ထူးဆန်းသော ဝိဇ္ဇာဓိုရ်ရှင်ရသေ့လေးပါး ရောက်ရှိလာပြီး တိဿရှင်ရသေ့ မြှုပ်နှံဌာပနာခဲ့သော မြေနေရာကို ဝိုင်းဝန်းတူးဖော်ပေးခဲ့၍ ကျောက်ညိုပြား လေးဖက်ပိတ်ထားသော ဗုဒ္ဓ၏ ဆံတော်ဓာတ်တစ်ဆူကို တွေ့ရှိဖူးမြော်ရလေ၏။

ထိုနေရာ၌ပင် မင်းကြီးသည် ရဟန္တာတို့ ယူဆောင်လာခဲ့သော သွားတော်တစ်ဆူကို ဗုဒ္ဓ၏ ဆံတော်မြတ်တစ်ဆူနှင့်အတူ ပတ္တမြားကြုတ်အတွင်း ထည့်သွင်းဌာပနာ၍ ကျောက်စာကမ္ပည်း ရိုက်နှိပ်ကာ စေတီတော်တစ်ဆူတည်ထားလေ၏။ စေတီတော်ဘွဲ့မည်မှာ ကျိုက်ကမော့ဆန့်လွန့်ဟူ၍ ဖြစ်လေသည်။ ယခုအခါ ကျိုက်ကမော့စေတီဟု ခေါ်တွင်၏။

**ရဟန္တာအရှင်နှစ်ပါး ပရိနိဗ္ဗာန်ပြုတော်မူခြင်း**


မင်းနှင့် ပြည်သူတို့ ကြည်ဖြူစွာ သာသနာတော်ကို ထွန်းလင်းလာအောင် ဆောင်ရွက်နေခိုက် သာသနာတော်သက္ကရာဇ်(၂၇)ခုနှစ်တွင် ရဟန္တာအရှင်နှစ်ပါးသည် သက်တော်(၇၀)၊ ဝါတော်(၅၀)၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းနှင့် ပြည်သူတို့ ဝမ်းနည်းပူဆွေးလျက် ကြီးစွာသော ပူဇော်ပွဲကို ကျင်းပခဲ့ကြသည်။ ရဟန္တာအရှင်မြတ်နှစ်ပါး ပရိနိဗ္ဗာန်ပြုကြောင်း ကြားသိရသော မဇ္ဈိမတိုင်းမှ ရဟန္တာအရှင်မြတ် (၇) ကျိပ်တို့သည် ဓာတ်တော်,မွေတော်များစွာကို ဆောင်ယူ၍ ကြွရောက်တော်မူလာကြလေ၏။



အရှင်မဟာထယ် ရဟန္တာသိမ်တော်ကြီး

ရာဇာဓိရာဇ်စောနောင်မင်းကြီးသည် ရဟန္တာနှစ်ပါး နေထိုင်တော်မူသော မှာထယ်ကုန်းကျောင်းတိုက်အတွင်းမှာပင် သာသနာတော်သက္ကရာဇ်(၂၈)ခုနှစ်တွင် အရှင်နှစ်ပါး၏ သွားတော်၊ ဓာတ်တော် နှစ်ဆူ၊ ဆံတော်မြတ် နှစ်ဆူတို့ကို မြကြုတ်တွင်းသွင်းလျက် အနက်အတောင်နှစ်ဆယ်၊ အကျယ် အတောင်နှစ်ဆယ် တူး၍ ကျောက်ဖျာလေးဖက်ပိတ်ပြီး တောင်ကုန်းထိပ်နှစ်ခု၌ တောင်-မြောက်တန်းကာ ဌာပနာတော်မူလေ၏။ ဌာပနာတိုက်အပေါ်မှ အတောင် လေးဆယ့်ငါးတောင်ရှိသော စေတီတော်နှစ်ဆူကို အလယ်တွင် ဂဝံကျောက်နတ်လမ်းမပြု၍ တည်ထားကိုးကွယ်တော်မူလေသည်။ စေတီတော်နှစ်ဆူကို ကျိုက်မှာထယ် ရဟန်းစေတီတော်ဟု သမုတ်တော်မူ၏။ ယခုအခါ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်ဟု ခေါ်၏။ သို့သော်လည်း ဒေသခံတို့ကမူ အရိုးတောင်စေတီနှင့် နောင်တော်ကြီးစေတီဟု ခေါ်ကြလေ၏။

## <u>နောက်ဆုံးပြုပြင်ခဲ့ကြသော အလှူရှင်များ</u>

ပါဒမင်းအဆက်ဆက် သန်လျင်မင်းအဆက်ဆက် ပြုပြင်မွမ်းမံ၍ ကိုးကွယ်လာခဲ့ကြသော စေတီတော်နှစ်ဆူသည် နောက်ဆုံး၌ သာသနာဖျက် ငဇင်ကာ ရောက်ရှိ ဖျက်ဆီးရာမှ တောအတိဖြစ်ခဲ့ရသည်။

ငဇင်ကာသည် ပါဒနိုင်ငံတော်အတွင်း စေတီ၊ ပုထိုးများစွာကို ဖျက်ဆီး၍ ဌာပနာများဖောက်ထုတ်ကာ ရရှိလာသည့် ရတနာပစ္စည်းမျိုးစုံကို ကိုယ်ကျိုးအတွက် သုံးစွဲခဲ့၏။


မှာထယ်ရဟန်းကုန်းတော်ရှိ ပျက်စီးနေသော စေတီငုတ်တိုအပေါ်မှ စေတီတော်လေး နှစ်ဆူကား ကောဇာသက္ကရာဇ်(၁၂၉၀)ပြည့်နှစ်တွင် ဆရာတော် ဦးဝိမလ၊ ဦးဘိုးမြန်၊ ရွှေကျွန်းသား ဦးထွန်းဦး၊ ဇနီး ဒေါ်စိတ်သာတို့ ကြီးမှူးလျက် ရွာသူရွာသားအများကောင်းမှု ပေါင်းစုလှူဒါန်းပြုပြင်ထားသော စေတီတော်များ ဖြစ်ကြလေသည်။ အရိုးတောင်စေတီတော်မှာ စေတီတိမ်းစောင်းနေကြောင်း မြင်တွေ့ခဲ့ရသည်။



ရဟန္တာသိမ်တော်ကြီး အဝင်ဆိုင်းဘုတ်

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာများ သီတင်းသုံးတော်မူခဲ့သည့် ကျောင်းအား
အသစ်ပြန်လည်ဆောက်လုပ်ထားသည့် ကုဋ္ဌိတံကျောင်းတော်

စေတီတော်များကို ထပ်မံပြုပြင်စဉ်က ဂဝံကျောက် ကြုတ်အတွင်းမှ စဉ့်ကြုတ်တစ်ထပ်၊ ငွေကြုတ်တစ်ထပ်၊ ရွှေကြုတ်တစ်ထပ်အတွင်း ထည့်သွင်းဌာပနာသွင်းထား သော မြတ်စွာဘုရား၏ သွားတော် တစ်ဆူ၊ ရဟန္တာနှစ်ပါး၏ သွားတော် နှစ်ဆူတို့ကို တွေ့ရသဖြင့် စေတီတော် အတွင်း ထပ်မံဌာပနာထားခဲ့လေ၏။ စုစုပေါင်း ဓာတ်တော်ခုနစ်ဆူ တွေ့ခဲ့ရသည်ဟု ဆို၏။

နတ်လမ်းမကြီးမှာ အနံ နှစ်ဆယ့်ရှစ်တောင်၊ အလျား တစ်ရာ သုံးဆယ့်ငါးတောင်ရှိ၍ စေတီနှစ်ဆူအကြား ရှိလေ၏။

ပါဒနယ်မြေဒေသတွင်ရှိသော ကျိုက်ပါဒ ဆံတော်ရှင်စေတီ၊ ကျိုက်ကမော့ ဆံတော်ရှင်စေတီ နှင့် မြတ်စောညီနောင်စေတီ (ခေါ်) ကျိုက်မှာထယ်ရဟန်းစေတီတော် နှစ်ဆူသည် ထူးခြား၏။ ဝိဇ္ဇာဓိုရ်များ မကြာခဏ လာရောက်လေ့ရှိ၏။ ထို့ကြောင့် စေတီတော်လေးဆူကို ယနေ့တိုင် ဝိဇ္ဇာဓိုရ်စောင့်သော စေတီတော်များအဖြစ် အသိအမှတ်ပြုကြ၏။

ဆရာတော် မိန့်ကြားချက်အရ ပါဒရွာသားအချို့သည် ကျိုက်မှာထယ်ရဟန်းစေတီတော်၌ နံနက်အရုဏ်တက်အချိန်တွင် ရသေ့များတွေ့၍ ဘယ်ဒေသကလာကြောင်း မေးမြန်းခဲ့ရာ သထုံဘက်ဆီသို့ လက်ညှိုးထိုးပြပြီးလျှင် ရုတ်ချည်း ကွယ်သွားသည် ဆို၏။



ကုဋ္ဌိတံကျောင်းတော်က
ရဟန္တာသိမ်တော်သွား နတ်လမ်း

**မှာထယ်ရဟန်းသိမ်တော်**

စေတီတော်နှစ်ဆူအကြားရှိ ချိုင့်ဝှမ်းလေးထဲတွင် ရဟန္တာအရှင်နှစ်ပါး သီတင်းသုံးတော်မူခဲ့သည့် မှာထယ်ရဟန်းကျောင်း ရှိခဲ့၏။ ယခုအခါ ပြုပြင်ထားပြီးဖြစ်ကာ ကုဋ္ဌိတံကျောင်းတော်ဟု ခေါ်တွင်၏။

အရှေ့အရပ်ရှိချောက်အတွင်းဆက်ပြီး ဆင်းသွားပါက ကိုက်တစ်ရာခန့်အကွာတွင် ရဟန္တာသိမ်တော် ရှိလေသည်။ ပျက်စီးနေသော သိမ်တော်ကို ပြုပြင်၍ ရေးအစဉ်အဆက် ကြိုးစားခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပြုပြင်နိုင်ခဲ့ပေ။

ယခု သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်ဦးသောဘိတသည် ငယ်ဖြူဖြစ်၏။ ကျောင်းသားဘဝထဲက ဤကျောင်းသို့ ရောက်ရှိခဲ့လာခဲ့ပြီး သာမဏေဘဝ၊ ရဟန်းဘဝဖြင့် နေထိုင်ခဲ့ရာ ယခုအခါ သက်တော်(၆၀)၊

www.burmeseclassic.com

www.burmeseclassic.com

ဝါတော်(၄၀) ရှိပြီဖြစ်သည်။ ဆရာတော်သည် ပရိယတ္တိ သာသနာကို ကြိုးစားတော်မူ၏။ ဤအရပ်ရှိ မြင်အပ်၊ မမြင်အပ် ဟူသမျှတို့သည် မေတ္တာငတ်သူများဖြစ်၍ မေတ္တာကို တောင့်တသူများ ဖြစ်ကြ၏။ မေတ္တာများများပို့ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည်ဟု ဆရာတော်က ရှင်းလေ၏။

မှာထားယ်ရဟန်းသိမ်တော်ကို ပြုပြင်ရန်အတွက် ပျက်စီးနေသော သိမ်တော်အတွင်း ဂဝံကျောက်ဖြင့် ထုလုပ်ကိုးကွယ်ထားသော ရုပ်ပွားတော်မြတ်သည် ကိုယ်တစ်ခြမ်းစောင်းအနေအထားဖြင့် လဲပြိုတော့မယောင် ဖြစ်နေသဖြင့် တည့်မတ်အောင် ကြိုးစားသော်လည်း မည်သို့မျှမဖြစ်နိုင်သောကြောင့် ဖြိုချရမည့် အနေအထားတွင် ရှိနေလေ၏။ သို့ဖြင့် ကြိုးများသိုင်းလျက် ရုပ်ပွားတော်မြတ်ကို ဖြိုလှဲချရန် ကြိုးစား၏။ မျက်နှာတော်ကိုမူ မူလအတိုင်း ပန်းရန်ဆရာတို့ ထုလုပ်နိုင်စေရန် ဦးခေါင်းတော်ပိုင်းကို လုံခြုံစွာ ခြင်းများဖြင့်ရစ်ပတ်၍ ကြိုးများ သိုင်းကာထားလေ၏။ ရည်ရွယ်ချက်မှာ ကိုယ်ခန္ဓာပြိုကျသော်လည်း ဦးခေါင်းပိုင်းကျန်ရစ်စေရန် ဖြစ်လေ၏။


ပြီးပြည့်စုံပြီဖြစ်၍ လူအားဖြင့် ရုပ်ပွားတော်ကို ဖြိုချခဲ့ရာ ဝုန်းဟူသော အသံနှင့်အတူ ရုပ်ပွားတော်တစ်ဆူလုံးမှာ လုံးဝကြေမွသွားလေ၏။ ထူးဆန်းစွာ ရုပ်ပွားတော် ရင်ခေါင်းအတွင်းရှိ လုံးဝန်းသော သေတ္တာတစ်လုံးမှာ မကွဲမကြေဘဲ ဆရာတော်ရှိရာသို့ လိမ့်လာခဲ့၏။ ဆရာတော်သည် ထိုသေတ္တာကိုကောက်ယူ၍ ဖွင့်ကြည့်ရာ ဘာမျှ မတွေ့ရပေ။ သို့သော်လည်း လက်ဖြင့် နှိုက်ကြည့်ရာ ရဟန္တာတို့၏ ဓာတ်တော်လုံးသေးသေးများကို စမ်းသပ်မိသွားလေ၏။

(၁၉၉၈)ခုနှစ်တွင် သိမ်တော်ကို အသစ်ပြုပြင်တည်ဆောက်ရန် အောက်ခြေကို တူးဖော်ကြရာ ခုနစ်တောင်ခန့်အရောက် ဆက်တူး၍ မရတော့ချေ။ လိုဏ်ခေါင်းသံကြားနေရပြီး ဆရာတော်မှ ခြတောင်ပို့ထင်၍ ပြိုကျမည့်အရေး စိုးရိမ်ကာ ထပ်တူးရန် စေခိုင်းလေ၏။ မြေတူးသူတို့သည် မြေကို မတူးဆွကြတော့ဘဲ အလိုလို ငိုကြွေးကြကုန်၏။ ထိုအချိန်၌ အနီးအပါးမှ ကျောက်သေတ္တာတစ်လုံး တွေ့ရ၍ ဖွင့်ကြည့်ရာ သေတ္တာအတွင်း ပြာများကိုသာ တွေ့ရလေ၏။ ဆရာတော်လည်း အသိတစ်ချက်ဝင်ကာ မည်သို့မျှ မမိန့်တော့ဘဲ လက်ရှိ ခုနစ်တောင်အနက်ဖြင့်ပင် သိမ်တော်ကို ပြီးစီးအောင် ဆောင်ရွက်တော်မူနိုင်ခဲ့သည်။ ရဟန္တာဓာတ်တော်များကိုလည်း သိမ်တော်အတွင်း ရုပ်ပွားတော်၌ ဌာပနာထားခဲ့လေ၏။ ကုဋ္ဌိတံကျောင်းတော်မှ သိမ်တော်ရှိရာသို့ ကျောက်ခင်းနတ်လမ်းအတိုင်း သွားရောက်နိုင်လေသည်။

**ဘုမိနက်သန့်နေရာမှန်**

ခရစ်နှစ်(၂၀၀၆)ခုနှစ်ဝန်းကျင်က ပါဒကြီးရွာမြောက်ဘက် သန့်လျင်-ကျောက်တန်း ကားလမ်းဘေးရှိ ဘန့်ဘွေးဆည် အနောက်ကမ်းနဖူး တောထဲ၌ ဝမ်းဗိုက်တော်ပေါက်လျက် ဉာဏ်တော်ငါးပေခန့်ရှိသော ဂဝံရုပ်ပွားတော်တစ်ဆူကို တွေ့ကြရ၏။ ဆရာတော်က တွေ့ရှိ၍ ရုပ်ပွားတော်ကို ကျောင်းသို့ ပင့်ဆောင်ရန် လူအင်အားနှစ်ဆယ်ဖြင့် မ,ယူရာ လုံးဝမကြွပေ။ စက်များဖြင့် မ,သော်လည်း မရပေ။

သီတင်းကျွတ်လပြည့်နေ့၌ ဆရာတော်သည် အမွေးနံ့သာ၊ ဖယောင်းတိုင်ဖြင့် ထွန်းညှိပူဇော်ကာ မိမိနှင့်ထိုက်



စေတီသမိုင်းကြောင်းရှင်းလင်းမိန့်ကြားနေသော
ဆရာတော် ဦးဓဿာဘိတ

www.burmeseclassic.com

**ပါတာ ကုန်းပေါ်သို့ ကြွတော်မူပါရန် လျှောက်ထားတောင်းပန်ပြီးနောက်** တစ်ဖက်သုံးယောက်စီ လူအင်အားဖြင့် မလေသော် ကြွတော်မူလေ၏။ ပြီးနောက် အရိုးတောင် စေတီအနီး၌ ချထားလေ၏။

ဝမ်းဗိုက်တော်ပေါက်နေခြင်းမှာ ဇဗင်ကာသည် ရုပ်ပွားတော်မြတ်၏ ဗိုက်တော်ကိုဖောက်၍ ဌာပနာများ ယူဆောင်သွားခြင်းဖြစ်နိုင်ကြောင်း ဆရာတော်မှ မိန့်လေ၏။

တစ်နေ့တွင် ကွန်တိန်နာယာဉ်ပိုင်ရှင် တစ်ဦးသည် မြတ်စောညီနောင်စေတီသို့ ဘုရားဖူးရောက်ရှိလာပြီးနောက် ဝမ်းဗိုက်တော်ပေါက်နေသော ရှေးဟောင်းဂဝံရုပ်ပွားတော်ကြီးကိုတွေ့၍ စုံစမ်းရာ မန္တလေးပို့၍ ပြုပြင်ရန်ဖြစ်ကြောင်း သိရသောကြောင့် ဆရာတော်ထံသွားကာ မိမိမှ မန္တလေးကုန်ကားဂိတ်အထိ တာဝန်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ပြန်သွားလေ၏။

မကြာမီရက်ပိုင်းအတွင်း မန္တလေးမှ ဘုရားဖူးတစ်ဦးသည်လည်း ဘုရားဖူးလာရင်း ရုပ်ပွားတော်ကိုတွေ့ရာမှ မေးမြန်းစုံစမ်းရာ မန္တလေးပို့၍ ပြုပြင်မည့် ဘုရားကြီးဖြစ်ကြောင်း သိရလေသော် ဆရာတော်နှင့် ဆွေးနွေးတိုင်ပင်ကာ ရုပ်ပွားတော်အား အဆင်ပြေမည့် ကုန်ကားနှင့်တင်၍ မိမိက ထိုဒေသမှ ဘုရားပြုပြင်မည့် ဘုရားကြီးအနောက် ကျောက်ဆစ်တန်းအရောက် အခမဲ့ကူညီပေးမည်ဖြစ်ကြောင်း ပြောလေ၏။


ထို့နောက် အချိတ်အဆက်ပြု၍ ကွန်တိန်နာယာဉ်ဖြင့် မန္တလေးပို့ဆောင်ရာ ရောက်သည့်အချိန်နှင့် တိုက်ဆိုင်စွာ မန္တလေးမှ ကားဆရာသည်လည်း ရုပ်ပွားတော်အား တွေ့ရှိရာမှ မိမိတာဝန်ယူထားသည့် ရုပ်ပွားတော်မြတ်ဖြစ်ကြောင်း သိရ၍ ဘုရားကြီး ကျောက်ဆစ်တန်းသို့ ပို့ဆောင်ပေးလေ၏။

ရှေးဟောင်းဂဝံရုပ်ပွားတော်မြတ်အား ဝမ်းဗိုက်ပေါက်သည့်နေရာတွင် အင်္ဂတေဖြင့် အစားထိုးကာ ဂဝံကျောက်တို့အား စက်ဖြင့် အချောသပ်ပြီးနောက် ရွှေသင်္ကန်း ကပ်လှူတော်မူ၏။ လက်တော်၏အောက်တွင် လွတ်နေသောနေရာ၌ မူလအတိုင်း ဂဝံကျောက်ဖြစ်ကြောင်း သိသာနိုင်ရန် ဤအတိုင်း ထားလေ၏။ အလုံးစုံ ပြီးမြောက်ပြီးနောက် ရုပ်ပွားတော်မြတ်အား ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးရွာသို့အရောက် ပို့ဆောင်ပေးခဲ့ရာ ကိန်းဝပ်တော်မူမည့် ဓမ္မာရုံမရှိသေးသောကြောင့် အရိုးတောင်စေတီအနီး ယခင်အတိုင်းပင် ကိန်းဝပ်စံပယ်တော်မူရလေသည်။

## အိပ်မက်အရရောက်လာသည့် အလှူ့ဒကာနှင့် မဟာပိန္နဲရုပ်

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ် သိမ်ဖြူသင်္ဘောကျင်း၌ တာဝန်ထမ်းဆောင်နေသော အမျိုးသမီးတစ်ဦးသည် တစ်ညတွင် အိပ်ပျော်နေရာမှ အိပ်မက်လိုလို၊ တကယ်လိုလိုဖြစ်ရပ်ဆန်းနှင့် ကြုံရလေ၏။ မိမိသည် ရှေးဟောင်းစေတီနှစ်ဆူအကြား၌ရှိသော မဟာပိန္နဲအား နို့တိုက်သည်ဟု မြင်မက်ရာမှ ထိုည၌ လုံးဝအိပ်မရတော့ပေ။ နံနက်လင်းသောအခါ ညက မြင်မက်ခဲ့သည့် စေတီနှစ်ဆူကြားရှိ မဟာပိန္နဲအား နို့တိုက်ကျွေးရန် နွားနို့ နှစ်ပုလင်းနှင့်အတူ ရှေးဟောင်းဘုရားများရှိရာ သန်လျင်သို့ ရောက်ရှိလာ၏။

သန်လျင်တွင်ရှိသော မဟာပိန္နဲအား သွားကြည့်ရာ မဟုတ်မှန်းသိ၍ ထိုဒေသတစ်ပိုက် လိုက်လံစုံစမ်းသော်လည်း မတွေ့ရလေသောကြောင့် ကျောက်တန်းကားစီး၍ လာခဲ့ရာ ပါဒရွာမှတ်တိုင်၌ဆင်းမိလေ၏။ ပါဒရွာကားဂိတ်တွင် ဆိုင်ကယ်သမားတို့အား



စေတီတော်အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com


နို့သောက်သုံးခဲ့သော မဟာပိန္နဲရုပ်

မဟာပိန္နဲရုပ်ရှိသောနေရာ ရှိသလားဟု မေးမြန်းစုံစမ်းရာ [illegible]စေတီ၌ မဟာပိန္နဲရုပ်ရှိကြောင်း သိရသဖြင့် သွားခဲ့ရာ အရိုးတောင်စေတီကိုမြင်သည်နှင့် မိမိညက မြင်မက်ခဲ့သော စေတီနှင့် လွန်စွာတူသောကြောင့် ဝမ်းသာအားရဖြစ်ကာ အမြန်ပင် လျှောက်လှမ်းလာခဲ့သည်။ စေတီပရိဝုဏ်၌တွေ့သော ရဟန်းတစ်ပါးအား မဟာပိန္နဲရုပ်ရှိရာအရပ်သို့ မေးမြန်း၍သွားကြည့်ရာ မိမိညက မြင်တွေ့ခဲ့သည့် မဟာပိန္နဲဖြစ်ကြောင်း သိရလေ၏။

ဝမ်းသာအားရဖြင့် မိမိ၌ ပါလာသော နွားနို့တစ်ပုလင်းကို မဟာပိန္နဲရုပ် နှာဝ၌ကပ်လိုက်သည်နှင့်တစ်ပြိုင်နက် နို့တစ်ပုလင်းလုံး ကုန်သွားသည်ကို တွေ့မြင်လေသော် ကျောင်းတိုက်ဆရာတော်ထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြလေ၏။

ဆရာတော်က မယုံကြည်သောကြောင့် ကိုယ်တိုင်လိုက်လာပြီး ဒကာမလက်ထဲ ပါလာသည့် နို့တစ်ပုလင်းကိုယူ၍ မဟာပိန္နဲအား တိုက်ကျွေးရာ အခြားနေရာများတွင် နို့သောက်တော်မမူဘဲ နှာဝရောက်မှ နို့သောက်သည်ကိုမြင်၍ အဝေး,အနီး မြန်မြန်ဖြည်းဖြည်း အမျိုးမျိုးစမ်းသပ်ကြည့်ရာ အမှန်ပင် မဟာပိန္နဲမှ နို့သောက်သည်ကို တွေ့ရ၏။

သတင်းကြားသိကြသော အနီးနေ ဒေသခံတို့ရောက်ရှိလာပြီး နွားနို့တိုက်ကြည့်ရာ အမှန်ပင် သောက်သုံးသည်ကို တွေ့ကြရပြီး သတင်းစကားသည် တစ်နယ်လုံး ပျံ့နှံ့သွားလေ၏။

ရန်ကုန်၊ ပဲခူး စသော ဝေးရပ်မှ ပုဂ္ဂိုလ်များသည်လည်း သတင်းစကားကြား၍ လာရာမှ မဟာပိန္နဲသည် တစ်နေ့လျှင် နို့ရှစ်ပိဿာအထိသောက်၍ လူအများ သူ့ထက်ငါ အလုအယက်တိုက်ကြားလာကြ၍ ဆရာတော် အစီအမံဖြင့် ပထမတွင် တစ်ယောက် သုံးဇွန်းမှ တစ်စ,တစ်စ လူများသဖြင့် အားလုံးတိုက်ကျွေးနိုင်ရန် နှစ်ဇွန်း၊ နှစ်ဇွန်းမှ နောက်ဆုံး တစ်ဇွန်းသာ တိုက်ကျွေးရလေ၏။

တစ်နေ့ရှစ်ပိဿာနှုန်းဖြင့် တစ်လတိတိ နို့သောက်ပြီး နောက်ပိုင်း လုံးဝနို့မသောက်တော့ပေ။ သို့သော်လည်း ပရိသတ်တို့မှာ လာမြဲအတိုင်း လာဆဲပင်။ အနီး၌မြင်တွေ့ရသော လွန်စွာသပ္ပာယ်လှသည့် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကို မြင်တွေ့ကြရာမှ ကိန်းဝပ်စံပယ်တော်မူမည့် ဓမ္မာရုံဆောက်လုပ်ရန်ရှိကြောင်း သိရသောကြောင့် အလှူ


[illegible]ရှိ ရှေးဟောင်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ငွေများ ထည့်ဝင်ကြရာ မြတ်စောညီနောင်စေတီတော် ပရိဝုဏ်၌ ဓမ္မပါလဓမ္မာရုံကြီးသည် ခံ့ထည်စွာ မကြာမီ ပေါ်ပေါက်လာပြီးနောက် ရှေးဟောင်းဂဝံရုပ်ပွားတော် မြတ်သည်လည်း ဘူမိနက်သန် နေရာမှန်တွင် ကိန်းဝပ် စံပျော်ရလေ၏။

သန်လျင်-ကျောက်တန်း နယ်မြေသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်ကာလကဝင် သာသနာတော်ထွန်းကားရာ ပါဒနိုင်ငံတော်ကြီးအဖြစ် ရှိခဲ့သည်။ လွန်စွာစောသည့် နိုင်ငံတော်ဖြစ်ခဲ့ခြင်းကြောင့် မြန်မာ့သမိုင်းရာဇဝင်တို့တွင် မတွေ့မမြင်ရဘဲ မွန်ရာဇဝင်၊ ယိုးဒယားရာဇဝင်တို့တွင် တွေ့ရှိရလေသည်။

မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်ရာ သာသနာတော်ထွန်းကားသည့် နယ်မြေသည် ပုဂံဒေသတွင်သာမက သန်လျင်၊ ကျောက်တန်း ပါဒနိုင်ငံတော်ကြီး တည်ရှိရာ ပါဒနယ်မြေဒေသသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

ရှေးဟောင်းသမိုင်းဝင်စေတီတော် မြတ်စောညီနောင်ခေါ် ကျိုက်မှာထယ်ရဟန်းစေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးကျေးရွာ အနောက်ဘက်ရှိ ရွှေပြောက်ကျေးရွာတွင် တည်ရှိပါသည်။ ပါဒကြီးမှတ်တိုင်တွင်ဆင်း၍ ကားလမ်းမကြီးမှ ကိုက်အနည်းငယ်အကွာ ဆက်သွယ်ရေးတာဝါတိုင်အား၌ တည်ရှိသည်။

စာရေးသူအား ရှင်းလင်းမိန့်ကြားပေးပါသော ပါဒတောရကျောင်းဝင်း ဣန္ဒိတံကျောင်းတော်၌ သီတင်းသုံးတော်မူသော သက်တော်(၆၀)၊ ဝါတော်(၄၀)ရှိ ဆရာတော် ဦးသောဘိတအား လွန်စွာကျေးဇူးတင်ရှိပါကြောင်း လက်အစုံထိပ်မှာမိုးလျက် ရှိခိုးဦးတင် ဂါရဝပန်ဆင်ရင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါ၏။

ခုနှစ်နွေသားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

<u>မှီငြမ်း</u> * ပြည်တော်သာ ဦးထွန်းရီ ပြုစုသည့်
ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း။

---


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ဝညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)..စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ခံသည်။


www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့ အနောက်တောင်အရပ်၊ ရှမ်းရွာကုန်းရွာ အရှေ့ဘက်က မြောက်လေးစင်ကျောင်းတော်ကြီးကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ဦးဆောင်ပြီး နိုင်ငံတော်အကြီးအကဲများက မြန်လည်ပြုပြင်မည်ဟု ကြားရတော့ အများက ဝမ်းသာကြရပါသည်။

ဒီလိုပန်းပုလက်ရာ အခက်အလက် အတက်အညွန့်တွေ ခန့်ညားထည်ဝါလှသည့် ကျောင်းတော်ကြီးများ ဟိုတုန်းက စလင်းမြို့မှာ (၁၂)ကျောင်းရှိခဲ့ပေမယ့် ယခုအချိန်မှာတော့ လက်ညှိုးထိုးပြစရာဆိုလို့ ပေါင်းနားရပ်ကွက်က ဗိမာန်ဘုံသာ ကိုးဆောင်တိုက်ကြီးရယ်၊ ဈေးမရပ်က မြို့တောင်ကျောင်းကြီးရယ်၊ ယခု မြောက်လေးစင်တိုက်ရယ်၊ ၄င်းအရှေ့ဘက်က ရွှေကျောင်းကြီးရယ်ပဲ ရှိပါတော့သည်။ နို့ပေမယ့် ဟောင်းနွမ်းယိမ်းယိုင်လို့နေပါပြီ။

ဟိုတုန်းကတော့ သူဌေးသူကြွယ် သူကောင်းတွေကလည်း သူ့ထက်ငါ အကုန်အကျခံပြီး လှူကြတန်းကြ၊ စလင်းပန်းပု၊ စကုပန်းချီဆိုသည့် ပြောစမှတ်နှင့်အတူ စလင်းမြို့မှာ ထိပ်တန်းပန်းပုပညာရှင်တွေကလည်း ထွန်းကားတာမို့ ချူးပန်းချူးနွယ် ပန်းပုရုပ်လုံးကြွ နတ်ရုပ်တွေ ငါးရာ့ငါးဆယ် နောက်ခံပြုပြီး သံဝေဂရစေမယ့် လူရုပ်၊ မြင်းရုပ်၊ ဘီလူးရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ နွားရုပ်၊ ရှင်ဘုရင်၊ မိဖုရား၊ အမတ်၊ ငရဲသား စသည့် ပန်းပုရုပ်တွေနှင့် ကျောင်းကြီးအတွက် စလင်းမြို့၏ ချမ်းသာကြွယ်ဝပုံ၊ မြို့သူမြို့သားများ၏ စိတ်စေတနာ နူးညံ့ဖွံ့ဖြိုးပုံကို သက်သေခံ ဖော်ပြနေပါသည်။

စာရေးသူ နေထိုင်သည့် ပုထိုးဖြူရပ်ကွက်ထဲက ငါးစင်ကျောင်းကြီး (၁၃၄၁)ခုနှစ်က မီးလောင်သွားပါသည်။ မီးမလောင်မီ မိမိတွေ့မြင်လိုက်ပါသေးသည်။ သိပ်ကို ခမ်းနားထည်ဝါလှသည့် ကျောင်းကြီးပါ။ နို့ပေမယ့် ရှေးဟောင်းအမွေကို မြတ်နိုးရမှန်း မသိသေးတော့ ဓာတ်ပုံ ရိုက်ယူထားရကောင်းမှန်း မသိဘူးလေ။ ခုမှ နှမြောနေ

ဦးစန္ဒိမ(စလင်း)

# စလင်းမြို့

# ရှေးဟောင်းရုပ်စုံ မြောက်လေးစင်ကျောင်းတော်ကြီး



စလင်းမြို့ မြောက်လေးစင်ကျောင်း

www.burmeseclassic.com

ဖြစ်တော့သည်။ သို့သော် ထိုနောင်တများနှင့်အတူ ရလဒ်တစ်ခုက ခုအချိန်မှာ ဒီကျောင်းတော်ကြီး နောက်ခံသမိုင်းတွေကို လေ့လာမှတ်ထား ရေးသားရမှန်း အသိကတော့ နောက်မကျသေးဘူး ဆိုတာပဲ ဖြစ်သည်။

စလင်းမြို့မှာ ကျောင်းပေါင်း(၆၀)ရှိပါသည်။ ယခုဖြူဖြင့်နေသည့် မြောက်လေးစင်ကျောင်းကြီး တစ်ဝိုက်မှာကို သောစက္ကီကမ္မဋ္ဌာန်းရိပ်သာကျောင်း၊ ကန်ဦးကျောင်း၊ ကျောင်းသစ်ကျောင်း၊ ဓမ္မပါလကျောင်း၊ ရွှေကျောင်း၊ နတ်စင်ကျောင်း (ပေါင်းဦးကျောင်း)၊ သုံးထပ်ကျောင်း၊ ကျောက်အုကျောင်း၊ တာမွေကျောင်း၊ ပထမတိုက်ကျောင်း၊ ဥသျှယောတိုက်ကျောင်း (တောင်လေးစင်)၊ ထင်းမာပင်ကျောင်း၊ ရှမ်းစုကျောင်း၊ ပန်းပဲစုကျောင်း၊ အရာတော်ကျောင်း၊ မိုင်းကိုင်ကျောင်း၊ ဆင်မကိုးဝန်တင်ကျောင်း၊ မြို့တောင်ကျောင်း၊ ခြေတော်ရာကျောင်း၊ ဆင်ကျုံးအရှေ့ကျောင်း၊ အနောက်ကျောင်း၊ မောဂ္ဂလာန်ကုန်းကျောင်း၊ ရွှေစံကားကျောင်းရယ်လို့ အများအပြား ရှိပါသည်။

စလင်းမြို့က ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်အတော်များများကို သူကောင်းတွေ လှူခဲ့ကြတာ များပါသည်။ သူကောင်းတွေက လှူလည်း လှူနိုင်သလို သိပ်လည်း ချမ်းသာကြတာကိုး။ မြေဆိုတာ လက်ညှိုးထိုးမလွဲ ပိုင်ဆိုင်ကြပါသည်။ ဟိုတုန်းက ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းပြီဆိုရင် ဆွမ်းထုပ်ပါ ထုပ်ရသည်။ ကျောင်းဝေယျာဝစ္စအတွက် အသုံးပြုဖို့ လယ်မြေ၊ ယာမြေတွေကိုပါ လှူကြပါသည်။ ရှင်ပြုတာတောင် ခုနစ်ရက်ခုနစ်လီ လှူကြသည်။ စိန်တွေ၊ ရွှေတွေဆိုတာ အလျှံအပယ်၊ အခိုင်းအစေကျွန်တွေဆိုရင်လည်း အတွင်းကျွန်၊ အပြင်ကျွန်အပြင် လက်တိုလက်တောင်းခိုင်းတဲ့ လူတွေပါ အယောက်(၂၀)ကျော် ထားလေ့ရှိကြသည်။ ဘယ်သူကောင်းက သူ့အခြွေအရံကို ရွှေဘယ်လောက်ဆင်တာ၊ ဘယ်ဝါက ဘယ်ရွှေဆင်တာရယ်လို့ ဂုဏ်ယူဝင့်ကြွား အပြိုင်အဆိုင် ဆင်ကြတာပါ။

သူကောင်းတွေ ကြီးစဉ်ငယ်လိုက် ဘုရားထူးကြရသလို အရွယ်ရောက်လို့ ထိမ်းမြားကြရင်လည်း အများအားဖြင့် သွေးနီးကြသူတွေနှင့်သာ တစ်ဝမ်းကွဲ လက်ဆက်ကြတာ များသည်။ မျိုးရိုးအပျက်မခံတာ များသည်။ သူကောင်းမသာဆိုတာ လှူဖွယ်ဝတ္တုန်းရာတွေနဲ့ သိပ်စည်ကားတာကိုး။ တချို့များ သူကောင်းမသာ မမြင်ဘူးလို့ တကူးတကန့် လိုက်ကြည့်ရတာ အမော။ သချိုင်းဆိုတာတောင် သူတို့ပိုင် သချိုင်း၊ သူတို့ပိုင် နေရာသီးသန့် သင်္ဂြိုဟ်ကြ၊ ဂူတည်ကြပါသည်။

ယခုမြောက်လေးစင် ကျောင်းကြီးကိုလည်း သူကောင်းမ အပျိုကြီး ဒေါ်ပုက ကျောင်းအဖြူထည်တင်၊ ငွေဒင်္ဂါး(၆)တင်း အကုန်လှူခဲ့ပါသည်။ ဒါတောင် ပန်းပုရုပ်ပုံကြွတွေ၊ ပန်းခက်၊ ပန်းတက် ပြာသာဒ်ထုလုပ်ခတွေ မပါသေး။ အဲသလောက် ရက်ရက်ရောရော လှူဒါန်းပါသည်။ ဒေါ်ပုအစ်ကို သူကောင်း ဦးချင်းက အဲသလို ကျောင်းကြီးပုံစံအတိုင်း မိုင်းကိုင်ကျောင်းကြီးကို လှူခဲ့ပါသည်။ မိုင်းကိုင်ကျောင်းတိုက်ဆိုတာ လင်းပဏ်၊ လုံပဏ်၊ ထိုနဏ်ပဏ်၊ ဘယ်ဘဏ်သာ၍ တတ်သနည်းလို့ ပြောစမှတ်တွင်ခဲ့သည့် စံကျောင်းဆရာတော်ထံမှာ စာတက်အကျော်(၂)ပါး ဖြစ်သည်။ လယ်တီဆရာတော့်ဆရာ စလင်းဦးပဏ္ဍိစ္စ၏ သူငယ်ချင်း အလုံဦးပဏ္ဍိတ မိုင်းကိုင်ဆရာတော် သီတင်းသုံးသွားခဲ့သည့်ကျောင်းမို့ မိုင်းကိုင်ကျောင်းရယ်လို့ တွင်ကျန်ရစ်ခဲ့ပါသည်။

ဦးချင်း ငယ်နာမည်မှာ မောင်မောင်ကြီးတဲ့။ စေတုတ္တရာက သံစ်ဆွဲတဲ့ဆင်တွေ စလင်းရောက်လာတော့ ဖခင်ဖြစ်သူ ဦးပိုက်ကလေးက သူ့သား ကျန်းမာအောင်ဆိုပြီး ကလေးကို ချင်းမကြီး ရင်ခွင်ထဲထည့်ပြီး ဆင်အောက်ကိုဝင် ကျော်ခိုင်းရာကစ၍ မောင်မောင်ကြီး နာမည်ပျောက်ပြီး မောင်ချင်းလို့ တွင်ရစ်ပါသည်။ ဥသျှယောတိုက်ခေါ် တောင်လေးစင်ကျောင်းကြီးကို သူကောင်းမ အပျိုကြီး ဒေါ်ပုအစ်မ အပျိုကြီး ဒေါ်တုတ်က လှူဒါန်းခဲ့သလို မြောက်လေးစင်ကျောင်းအရှေ့ဘက် အနီးအနားက ရွှေကျောင်းကိုတော့ ဒေါ်တုတ်၊ ဒေါ်ပုတို့ရဲ့အဖေ ဦးပိုက်ကလေးက လှူခဲ့ပါသည်။

ဒေါ်ပု လှူဒါန်းသည့် မြောက်လေးစင်ကျောင်း အရှေ့ပြာသာဒ် ဘုရားဆင်းတုတော်နှင့် ပလ္လင်တံကဲ အပါအဝင် ရဟန္တာရှင်တု(၂)ဆူသည် ကျွန်းသား တစ်တုံးတည်းသားကို ထုထားပါသည်။ ဖြစ်ပုံက ဒီလိုပါ။ ကျောင်းဆောက်မည်ဆိုပြီး သစ်တွေတိုက်လာတော့ ကျွန်းသစ်တွေကို အဲဒီကျောင်းဝိုင်းထဲမှာပဲ ပုံထားကြသည်။ ထူးထူးခြားခြား

www.burmeseclassic.com

www.burmeseclassic.com

ညအခါမှာတော့ သစ်တစ်လုံးက အရောင်တွေ ထွက်နေပါသည်။ ဒါက တစ်နေ့တစ်ရက်လည်းမဟုတ်၊ နေ့စဉ်ဆက်တိုက် မြင်နေရသောအခါ ဒီသစ်က ထူးခြားတယ်။ ကျောင်းဆောက်ဖို့ထဲ မထည့်ဘဲ ဘုရားထုကိုးကွယ်မယ်ဆိုပြီး ဘုရားထုခိုင်းစေကာ ဆင်းတုတော်ရော၊ ပလ္လင်တံကဲရော ရဟန္တာနှစ်ဆူပါ ရပါသည်။ ကျောင်းဒကာ၊ ကျောင်းအမတစ်တွေက ကျောင်းလှူပြီးတာနဲ့ သူတို့ကျောင်းမှာ ရှိသည့် ရဟန်းသံဃာတော်များရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အားလုံး တာဝန်ယူရပါသည်။

ဟိုတုန်းက သံဃာ များတော့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ မုန့်ပဲသရေစာတွေ လှည်းနဲ့ လှူရပါသည်။ ကျောင်းဒကာ၊ ဒကာမပေမယ့် ဘာတစ်ခုမှ အထွန့်မတက်ရဲဘူး။ သူတို့က ဘုန်းကြီးကို အဲသလောက် ကြည်ညိုတာ။ ကြောက်လည်း ကြောက်ကြရတယ်လို့ သူကောင်းမျိုးဆက် အသက်(၈၄)နှစ်အရွယ် ဒေါ်ကြွယ်ကြွယ်က ပြောပြခဲ့ပါသည်။

မြောက်လေးစင်ကျောင်းမှာ နေထိုင်သီတင်းသုံးသွားခဲ့သည့် ဆရာတော်များကို လက်လှမ်းမီသလောက် ပြောရလျှင် ဆရာတော် ဦးကုဏ္ဍ၊ ဆရာတော် ဦးဝိသုဒ္ဓ၊ ဆရာတော် ဦးကလျာဏ ညီအစ်ကိုသုံးပါး၊ နောက်မကြာသေးခင်ကမှ ပျံလွန်တော်မူသွားသည့် ဆရာတော်ကတော့ ဦးအာစရပါ။ ယခုလက်ရှိ သီတင်းသုံးနေထိုင်တဲ့ ဆရာတော်ကတော့ ဦးဉာဏပါ။

ယခုတင်ပြခဲ့သည့် ဆရာတော်များသည် စလင်းမြို့အနောက်တောင်အရပ် (၁၅)မိုင်ခန့်က ကြျူဝန်းကြီးရွာသားများ ဖြစ်ပါသည်။ စလင်းနယ်တစ်ဝိုက်မှာ ကြျူဝန်းကြီးရွာနှင့် တောစိမ့်ရွာက သံဃာအများအပြား ပေါ်ထွန်းလေ့ရှိပါသည်။ မြောက်လေးစင်ကျောင်းတော်ကြီးကို (၁၃၆၅)ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်နေ့မှစပြီး ဦးသန်းအေးနဲ့ ဦးအောင်မြင့်တို့က တာဝန်ခံကြီးကြပ်ကာ လက်သမားဆရာ ဦးဝင်းသိန်းအဖွဲ့နှင့်အတူ စတင်ပြုပြင်မွမ်းမံခဲ့ပါသည်။ ဒီနောက် မန္တလေးမြို့၊ မြသီရိရပ် မြန်မာမှုပညာရှင် ပန်းပုဆရာကြီး ဦးကံချွန် အပါအဝင် သားတပည့်(၂၂)ယောက်အဖွဲ့ ရှေးမူမပျက် စုလစ်မွမ်းချွန် ပန်းအခက်အလက်များ၊ ကိန္နရီကိန္နရာရုပ်တုများ၊ နံယားရုပ်များ၊ ခေတ်လက်ရာတွေက ဟိုတုန်းက လက်ရာတွေလိုကောင်းမှာ မဟုတ်ပါဘူးဆိုသည့် အတွေးတွေတောင် လွင့်ပြယ်သွားခဲ့ပါသည်။ ကျောင်းဓေတ်ကြီးမှာရှိသည့် ရှေးလက်ရာဟောင်း ဒုရင်နှင့် ယခု ဆရာကြီး ဦးကံချွန် ထုလုပ်တဲ့ ဒုရင် နှစ်ခုယှဉ်ပြီး ထောင်ထားတာကို မြင်ရမှ ပိုလို့အံ့ဩရပါသည်။ မရိုးကျူးဘဲကို မနေနိုင်အောင်ပင် ဖြစ်သည်။

**မြောက်လေးစင်ရုပ်စုံကျောင်းသမိုင်းအကျဉ်း**

စလင်းမြို့ - မကွေးတိုင်းအတွင်း၊ ပုဂံခေတ်၊ နရပတိစည်သူမင်းလက်ထက်

အရှေ့ဘက် - ရောဝတီမြစ်

အနောက်ဘက် - ရခိုင်မြေစပ်

တောင်ဘက် - မုန်းချောင်း

မြောက်ဘက် - ကျပင်းနယ်

တောင်နှင့်မြောက် အလျား(၃၂)မိုင်ခန့်

အရှေ့နှင့်အနောက် အနံ(၂၈)မိုင်

စုစုပေါင်း ဧရိယာစတုရန်းမိုင် (၈၉၃.၁၄၀)



စလင်းမြို့ မြို့တော်ကျောင်း

မြောက်လေးစင်ရုပ်စုံကျောင်း- အနောက်တောင်ထောင့် -ရှမ်းရွာကုန်းရွာ၏ အရှေ့ဘက်

စလင်း-စေတုတ္တရာ ကားလမ်းဘေးရှိ အနောက်ကန်ဆွယ်ကျောင်းတိုက်အတွင်း ကျောင်းတိုက်မှာ (၅)ဧကခန့် ကျယ်ဝန်းသည်။

ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရာတွင် ဘုရင်ဆောက်လျှင်

www.burmeseclassic.com

လှေကား(၁၀)စင်းတပ်၊ မိဖုရားဆောက်လျှင် လှေကား(၈)စင်း တပ်ရပါသည်။ ရှေးမြန်မာမင်းများ လက်ထက်က ကျောင်းဆောက်လုပ်မည်ဆိုလျှင် ဘုရင်ထံ ခွင့်ပြုမိန့် တင်ရပါသည်။ ကျောင်းသစ်တွင် ကျောင်းထိုင်မည့် ဆရာတော် ပညာတတ်မြောက်မှု၊ အကျင့်သီလ၊ သာသနာပိုင်ဆရာတော်ဆီ မေးပြီးမှ ခွင့်ပြုမိန့်ပေးပါသည်။

(၁) ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပြည့်စုံသည့် ဘုန်းတော်ကြီးသီတင်းသုံး လှေကားလေးစင်း တပ်ခွင့်ပြုသည်။

(၂) သက်ဆိုင်ရာနယ်မြေမှာ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဖြစ်ခဲ့ရင် ကျောင်း၏အောက်ခြေတွင် စိန်တောင်တပ်ခွင့်ပြုထားသည်။

(၃) တောထွက်ဆိုလျှင် လှေကားတစ်စင်းသာတပ်၊ ဇေတဝန်ကိုလည်းသေး (ဂုဏ်တုမရရန်)

ကျောင်းဒါယကာ - ပဒေသရာဇ်မျိုးနွယ် မဟုတ်လျှင် မြို့ဝန်၊ စား၊ အုပ်၊ လွှတ်တော်က အသိအမှတ်ပြုထားသည့် သူဌေးသူကြွယ် မဟုတ်လျှင် အပြောက်အမွမ်း ဆောက်ခွင့်မရပါ။

မြောက်လေးစင်ကျောင်းတော် ကျောင်းမကြီး(ဇေတဝန်ဆောင်) အမိုးတွင် ဘုံအဆောင့်(၄)ဆင့်ဝါပြီး လေးစင်ကျောင်းဟု ခေါ်ပါသည်။ တော်လေးစင်ကျောင်းလည်း ရှိ၍ ကွဲပြားအောင်ခေါ်ခြင်းဖြစ်ပါသည်။ စလင်းသူကောင်းမျိုး ကျောင်းဒါယိကာမ အပျိုကြီး ဒေါ်ပုက ဆောက်၊ ကောဇာသက္ကရာဇ်(၁၂၃၀) (၁၈၆၈) မင်းတုန်းမင်းလက်ထက် တည်ခဲ့ပါသည်။ ကုန်ကျငွေ ကျောင်းမကြီးတစ်ခုတည်း ငွေဒင်္ဂါး(၆)တင်း၊ ကျောင်းသက်တမ်းမှာ (၁၄၄) နှစ်၊ သာသနာပိုင်ဆရာတော် ဒုတိယမောင်းထောင်ဦးဉာဏာဘိဝံသ ထံမှ လက်ထက် ဖြစ်ပါသည်။ ပန်းပု၊ ရုပ်လုံး၊ ရုပ်ကြွများ မြောက်လေးစင်ကျောင်း တစ်ကျောင်းတည်းသာ ကျန်ရှိပါသည်။ စလင်းရုပ်စုံကျောင်းဟု ခေါ်ပါသည်။

ပြာသာဒ် (ပြာသာဒ်ဆောင်ကို ဘုရားခန်းဟုလည်း ခေါ်ပါသည်။ ဗုဒ္ဓရုပ်ပွား ပူဇော်ထားပါသည်။ စနုဆောင်၊ ဇေတဝန်ဆောင်။

စနုဆောင် - သံဃာတော်များ ဝတ်တက်ဝတ်ကပ် စည်းဝေးခြင်းများ ပြုလုပ်သည်။

ဇေတဝန်ဆောင် - တရားနာယူဖို့ ရည်ရွယ်ထား (ကျိုဝန်မင်းဦးတုတ်ကောင်းမှု ပခန်းကြီးကျောင်းတော်နှင့် တူပါသည်။)

<u>တိုင်လုံးပေါင်း</u>

ဇေတဝန်ဆောင် တိုင်လုံးပေါင်း - ၈၀
ပြာသာဒ်ဆောင်တိုင်လုံးပေါင်း - ၂၅
စနုဆောင်တိုင်လုံးပေါင်း - ၁၄
ကြမ်းပြင်လက်ရန်းတိုင် တိုင်လုံးပေါင်း - ၁၂၆
စုစုပေါင်း(၂၄၅)တိုင် ရှိပါသည်။
ယခုလက်ရှိ တိုင်လုံးရေမှာ (၂၁၅)လုံး၊
ပျက်စီးအလုံးရေ (၃၀)၊

လှေကား - တောင်ဘက် သုံးစင်း၊ မြောက်ဘက် သုံးစင်း၊ စုစုပေါင်း (၆)စင်း၊

လှေကားထစ်များမှာ (၁၇)ထစ်၊

လှေကားအရှည်မှာ (၁၆)ပေ (၆)လက်မ၊

တိုင် - အကြီးဆုံးတိုင် လုံးပတ်မှာ (၄)ပေ (၁၀) လက်မ၊ အငယ်ဆုံးတိုင်မှာ (၂)ပေ (၁၀)လက်မ။

ဗဟိုခန်းပွင့်အကျယ်မှာ (၁၈)ပေ၊

ဘေးခန်းအကျယ်မှာ (၈)ပေ (၆)လက်မ။

ကျောင်းမကြီး ကြမ်းခင်းအမြင့်မှာ (၁၀)ပေ၊

မောက်ပလ္လင်ကြမ်းခင်းအမြင့်မှာ (၁၁)ပေ။

ကျောင်းမကြီး အရှေ့-အနောက် အရှည်မှာ (၁၇၈) ပေ၊ တောင်-မြောက် အရှည်မှာ (၉၀)ပေ။



စလင်းမြို့ ကိုးဆောင်တိုက်ခေါ်ကျောင်းဟု ခေါ်တွင်သလို ဗိုလ်ဥက္ကာခံတစ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းပြာသာဒ်ဆောင်အမြင့် - စိန်ဖူးတော်အထိ (၁၂၅) ပေ။

စနုဆောင်အမြင့် (၃၀)ပေ၊

ဇေတဝန်ဆောင်အမြင့် (၆၀) ပေ။

ပြာသာဒ်ဆောင် တောင်-မြောက် အရှည်မှာ (၅၉) ပေ၊

အခန်းပေါင်း (၁၃)ခန်း၊ အလယ်ခန်းမတွင် ကျွန်းသား တစ်လုံးတည်းနှင့် ထုလုပ်ထားသော ဘုရားဆင်းတုတော်၊ ပလ္လင်၊ တံကဲ၊ ရဟန္တာနှစ်ဆူ ရှိပါသည်။


စလင်းမြို့ မြောက်လေးစင်ကျောင်း ပန်းပုအနုလက်ရာများ

ပြာသာဒ်ဆောင် - မြောက်ဘက်၊ တောင်ဘက်၊ အရှေ့ဘက် အမြင့်(၅)ပေ (၉)လက်မ၊ အနံ (၂)ပေ (၇) လက်မ တံခါးတစ်ပေါက်စီ ရှိပါသည်။ အလျား (၁၅) လက်မ၊ အနံ(၁၁½)၊ တစ်ဖက်လှပ် ပြူတင်းပေါက်အသေး ခြောက်ပေါက် ရှိပါသည်။

စနုဆောင်မှ ပြာသာဒ်သို့အဝင် တံခါးပေါက်အမြင့်မှာ (၅)ပေ (၁)လက်မ၊ ဇေတဝန်ဆောင်နှင့် စနုဆောင် ဘေးပတ်လည်မှာ ကဲလားများ ရှိပါသည်။ ပြာသာဒ်ဆောင်တွင် ကဲလားမရှိပါ။

ကဲလားအမြင့်မှာ (၈)ပေ (၄½)လက်မ။ အလျား (၆)ပေ (၈)လက်မ ရှိပါသည်။ ဇေတဝန်ဆောင် မှာရဘင်နှင့် ကန့်ထားပါသည်။

ရုပ်စုံကျောင်းမြောက်ဘက် - အရုပ်(၃၀)၊
ရုပ်စုံကျောင်းတောင်ဘက် - အရုပ်(၂၇)၊
ရုပ်စုံကျောင်းအရှေ့ဘက် - အရုပ်(၇)၊
ရုပ်စုံကျောင်းအနောက်ဘက် - အရုပ်(၁၅)၊
ပြာသာဒ်ဆောင်ဘုံအဆင့် - အရုပ်(၃၂)၊
စုစုပေါင်း(၁၁၁)ရုပ် ရှိသည်။

ဘေးပတ်လည်တိုင်တွင် နဂါးရုပ်တစ်ခုစီ ရှိပါသည်။ ထောင့်တိုင်များ နဂါးရုပ် နှစ်ရုပ်စီရှိသည်။ စုစုပေါင်း (၅၄)ရုပ် ရှိပါသည်။ တိုင်များမှာ ငါးရားငါးဆယ် ဇာတ်တော်များ နောက်ခံပြုပြီး သံဝေဂ,ရစေမည့် ဇာတ်နိပါတ်များ ထုလုပ်ထားပါသည်။

အရှေ့မြောက်ထောင့်တိုင်တွင် ဘုရင်နှင့် မိဖုရားကို ခစားနေသည့် အမတ်ကြီးနှစ်ဦးနှင့် နတ်ရုပ် ရှိပါသည်။

အနောက်တောင်ထောင့်တိုင်တွင် ဘုရင်ကို မိဖုရားက ကပ်ချွဲနေတာကို အမတ်နှစ်ဦးချောင်း နားထောင်နေကြသည်။

အနောက်မြောက်ထောင့်တိုင်တွင် ပလ္လင်ပေါ်မှ ဘုရင်က ကလေးတစ်ဦးကို ပစ်ပေးနေပုံ၊ အမျိုးသားတစ်ဦးက ခံယူပုံ၊ အမျိုးသမီးတစ်ဦး ပဝါစကိုင် မျက်ရည်သုတ်နေပုံ မြန်မာလူနေမှုဘဝကို ဖော်ပြနေပါသည်။ သံဝေဂအသိတရားလည်း ပေးသည်။ ဘုရင်နှင့် ပြည်သူတွေ ဆက်ဆံရေး၊ ဝတ်စားဆင်ယင်မှု၊ ဗုဒ္ဓဖြစ်စဉ်၊ မုဒုလက္ခဏာဇာတ်တို့ ပါဝင်သည်။

**ရှေးဟောင်းပစ္စည်းများ**

သစ်သားပန်းပုလက်ရာ-စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် လျှောင်းတော်မူ၊ ရတနာပုံခေတ် ရုပ်တော်မူပုံ၊

သစ်သားပန်းပု-ရတနာပုံခေတ် ဗုဒ္ဓသာဝကနှစ်ဦး၊ ဘုရားကိုးဆူတင်ခုံ၊ စေတီယံတစ်ဆူ၊ ပျူခေတ်လက်စင်းရာပါ အုတ်ချပ်နှစ်ချပ် (ပွင့်ဖြူမြို့နယ် ဗူးသည်ရွာမှ တွေ့)၊ စာပါသည့်အုတ်ချပ်၊ ကုန်းဘောင်ခေတ် ထိုင်တော်မူ ဗုဒ္ဓဆင်းတုနှစ်ဆူ၊ ယွန်းဆွမ်းအုပ်၊ မြေနားဒေါင်း၊ မြေပုတီးစေ့၊ ခြင်္သေ့အလေးရုပ်၊ ဟင်္သာရုပ်ကြေးအလေး တစ်ခုစသည့် ရှေးဟောင်းအမွေအနှစ်များ တွေ့ရှိနိုင်ပါသည်။ စလင်းမြို့သို့ ရောက်ခဲ့လျှင် ဤသို့ဤနှယ် လေ့လာနိုင်ပါကြောင်း..။

**ဦးစန္ဒိမ(စလင်း)**

www.burmeseclassic.com

# ကျားကတ္တာ

佳葛巴



男性补剂

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊
အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊
ကျောက်ကာပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက်
ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

## ဆင်ကသို ®

### ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အဖု၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

**ရန်ကုန်ဖြန့်ချိရေး** - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂၊ ၀၁-၂၂၇၉၃၅
လူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

**မန္တလေးဖြန့်ချိရေး** - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှစ်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မဃူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-ဓ/၂၁၁၄(တဆေးသ၀)(၂၆၂၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMB-၁၁၀၄၂၃(၀၆၀၅)

**ပင်ရင်း-ကျားကတ္တာတယဆေးဆိုင် - ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၉ ၂၅၀၆၁၀၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၃၀၂၂(လိုင်းခွဲ)၂၅၃**

www.burmeseclassic.com


ကိုရွှေမြသန်း(သမိုင်း)

# မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်

လွန်ခဲ့သည့်(၁၀)နှစ်ခန့်က မိမိနှင့် ရင်းနှီးခဲ့သည့် ပဲခူးမြို့ လင်းရောင်ကြည်စာသင်တိုက်မှ စာချဆရာတော် (ကဗျာဆရာ ဝဏ္ဏဦး၊ ရောမြေ)သည် ယခုအခါ မြိတ်မြို့၌ ကျောင်းထိုင်ဆရာတော် ဖြစ်နေချေ၏။

ဆရာတော်၏ ခင်မင်ရင်းစွဲ သံယောဇဉ်ဖြင့် မိမိအား စရိတ်ပေးပို့လှမ်းခေါ်ခဲ့သဖြင့် မိမိအိပ်မက်တောင် မမက်ခဲ့ဖူးသည့် မြိတ်မြို့သို့ ရောက်ခဲ့လေ၏။

ဆရာတော်၏ကျေးဇူးဖြင့် မြိတ်မြို့ရှိ ဘုရားအစုံဖူးခဲ့ရသည်များထဲမှ မိမိလေ့လာမှတ် သားခဲ့သည့် မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော် သမိုင်းကို ရေးသားတင်ပြလိုက်ပါ၏။



လေးကျွန်းဆီမီးစေတီတော်မြတ်

♦ ♦ ♦

**ရှေးခေတ်သမိုင်းကြောင်း**

ဗြိစက္ကပိတ်မင်းသည် သက္ကရာဇ် (၅၁၄)၊ (၁၁၅၄)ခုနှစ်တွင် အောင်သာဝရမြို့ကို တည်သည်။ အောင်သာဝရမြို့သည် တနင်္သာရီနယ် မြောက်ဘက်အစွန်ဆုံး သရဇင်း အနီးတွင် တည်ရှိကြောင်း တနင်္သာရီမြို့နယ် မြေပုံက ဖော်ပြသည်။

ထိုဗြိစက္ကပိတ်မင်းတွင် ရှုချင်ဖွယ်ရာ မိဖုရား(၅)ယောက် ရှိလေသည်။ ထိုမိဖုရား (၅)ယောက်တို့တွင် အငယ်ဆုံးဖြစ်သော မိဖုရားသည် လေးယောက်သော မိဖုရားတို့ထက် သာလွန်၍ အဆင်းအင်္ဂါနှင့် ပြည့်စုံလေသည်။ အမှန်စင်စစ် ထိုမိဖုရားမှာ ပူလယကျွတ်ိုင်းပြည်ကို အစိုးရသော ဘီလူးမင်း၏ သမီးတော် ဘီလူးမတည်း။ ထိုဘီလူးမသည် လူမိန်းမစစ်စစ်ဖြစ်သော မိဖုရားလေးယောက်တို့၏ မျက်စိများကို ဘီလူးတို့ အတတ်ဖြင့် ထုတ်ယူ

www.burmeseclassic.com

ပြီး ဘူးနှင့်ထည့်ကာ ဖခမည်းတော် ဘီလူးတို့ တိုင်းပြည်တွင် မိမိအစွယ်နှင့်တကွ ပို့အပ်ထားလေသည်။ ထို့အပြင် လူယောင်ဆောင်ထားသည့် ဘီလူးမဖြစ်သော မိဖုရားသည် စကျွနှစ်ကွင်း အလင်းမရရှာကြတော့သည့် မိဖုရား (၄)ယောက်တို့မှ ဖွားမြင်သမျှသော ရင်သွေးတော်များကို ဖမ်းယူစားသောက်လေသည်။


တစ်နေ့သ၌ လေးယောက်သော မိဖုရားတို့တွင် အငယ်ဆုံးဖြစ်သော မိဖုရားသည် ကိုယ်ဝန်ရှိ၍ ငါးလကျော် ခြောက်လမြောက်သောအခါ မင်းကြီးထံ ခွင့်ပန်လျက် သူဆင်းရဲမ အသွင်ဖြင့် မြို့တော်မှဝေးရာသို့ ထွက်ခွာသွားခဲ့လေတော့သည်။

နောင်တွင် ကိုယ်ဝန်ကို ချမ်းသာစွာဖွားမြင်ပြီး သားတော် ခြောက်လသားအရွယ်သို့ရောက်မှ နန်းတော်သို့ ပြန်ဝင်လေသည်။

မင်းကြီးလည်း ဘုန်းသမ္ဘာကြီး၍ တိုင်းပြည်ကို အစိုးရသော မင်းဖြစ်အံ့သည့် သားတော်အား ပရမရာဇာ၊ မဟာဓမ္မရာဇာဟု နှစ်မည်မှည့်တော်မူလေသည်။ ထိုအခါ လူယောင်ဆောင်ထားသော ဘီလူးမမိဖုရားသည် ဘုန်းကံသမ္ဘာနှင့် ပြည့်စုံသော မင်းသားငယ်အား မစားနိုင်တော့



လေးကျွန်းဆီမီးစေတီတော်ကြီး အဝင်မုခ်ဦး



စေတီတော်ကြီး၏ သရင်ထီးတော်အဖောင်း

ချေ။ ထိုသို့မစားနိုင်သော် ဥပါယ်တံမျဉ်ဖြင့် ငါ၏ဖခမည်းတော်ထံသို့ ပို့ပြီးလျှင် ဘီလူးအပေါင်းတို့ကို စားစေအံ့ဟု အကြံပြုပြန်လျက် မင်းကြီးအား မိန်းမတို့ မာယာဖြင့်-

'ဘုရားနှမသည် နေပြည်တော်နှင့်တကွ ခမည်းတော်၊ မယ်တော်တို့ထံမှ ခွဲခွာ၍နေရသည်မှာ နှစ်များစွာကြာမြင့်ပြီဖြစ်သောကြောင့် ခမည်းတော်၊ မယ်တော်တို့၏ တိုင်းပြည်သို့ သွားလိုပါသည်'ဟု ခွင့်ပန်လျှောက်ထားလေသည်။

မင်းကြီးလည်း အလွန်တရာ မြတ်နိုးတော်မူလှသဖြင့် မိဖုရားနှင့် ကွေကွင်းနေရမည်ကို လိုလားတော်မမူသဖြင့် မိဖုရားအား မိဘရပ်ထံသို့ပြန်ရန် ခွင့်ပြုတော်မမူဘဲ သားတော်အား အကျိုးအကြောင်းနှင့်တကွ မှာကြားစေလွှတ်ပါဟု အမိန့်တော်ရှိလေသည်။

ထိုအခါ မိထွေးတော်ဘီလူးမက သားတော် ပရမရာဇာအား-

www.burmeseclassic.com

'ငါ့သားတော်သည် မိထွေးတော် ကျန်းမာကြောင်းကို ငါ၏ မယ်တော်၊ ခမည်းတော်တို့အား လျှောက်ထားပါချေ'ဟု မှာကြားပြောဆိုပြီးလျှင် ရွှေပြားဖြင့်ပြီးသော စာချွန်တော်ကို သေချာစွာလိပ်၍ မင်းသားငယ်၏လည်တွင် ဆွဲပေးကာ ပူလယကၡတိုင်းသို့ စေလွှတ်လေသည်။

မင်းသားငယ်လည်း ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မြင်းကို ကောင်းစွာတန်ဆာဆင်စေပြီးမှ မိထွေးတော် တိုင်းပြည်သို့ ထွက်လေသည်။

သို့ဖြင့် ယခု မြိတ်မြို့တည်သော တောကြီးထဲသို့ ရောက်လေလျှင် မြင်းရောလူပါ မောပန်းလှသောကြောင့် တောင်ထိပ်ပေါ်တွင် မြင်းကို ချည်ထားပြီး အိပ်စက်နားနေလေ၏။

ထိုတောင်၏အနောက်ဘက် ရေပြင်ခြားလျက်ရှိသော နေရာတွင် ပြင်တောင်သည် တည်ရှိ၏။ ယင်းသို့ ပြင်တောင်ဟု တွင်ခြင်းမှာ ထိုပြင်တော်တွင်နေသော ပြဒါးဝိဇ္ဇာဓိုရ်နှင့် တောင်စောင့်နတ်တို့ ဘုရားတည်ရန် ကျောက်လုံးကြီးငယ်တို့ဖြင့် ပလ္လင်စီသည့်အခါ မပြီးမီ လူနှင့်တွေ့၍ ငှင်းနေရာတွင် ဆက်၍မတည်တော့ဘဲ ပြောင်းရွှေ့၍ ပြင်လုပ်သောကြောင့် ပြင်တောင်ဟု ခေါ်ခြင်းဖြစ်လေသည်။

ထိုတောင်၌နေသော ဝိဇ္ဇာဓိုရ်သည် မင်းသားငယ် အိပ်စက်နေသောတောင်သို့ ရောက်လာ၍ အိပ်စက်နေသော မင်းသားငယ်နှင့်တကွ လည်တွင်ဆွဲထားသော ရွှေစာလိပ်ကိုမြင်လေရာ မင်းသားငယ်မနိုးအောင် ချွတ်ယူပြီး ဖတ်ကြည့်လေသော် 'စာနှင့်လာသော သူငယ်ကို စားလိုက်ပါ'ဟု ပါရှိလေသည်။

ထိုအခါ ဝိဇ္ဇာဓိုရ်က မင်းသားငယ်၏ နှလုံးရည်၊ လက်ရုံးရည်နှင့် သွင်ပြင်လက္ခဏာတို့ကို စစ်ဆေးကြည့်ရှုပြီး ဘုန်းတန်ခိုးအာနုဘော်ကြီး၍ တိုင်းပြည်ကြီးတို့ကို စိုးပိုင်အုပ်ချုပ် မင်းလုပ်နိုင်သောလက္ခဏာတို့ကို မြင်သောကြောင့် မင်းသားငယ်၏ လည်တော်မှစာတွင်-

'မျက်စိလေးစုံ ထည့်ထားသောဘူးနှင့် သမီးတော် အစွယ်ထည့်ထားသောဘူးကို ပေးလိုက်ပါ'ဟု ပြင်ဆင်ရေးသားလျက် မင်းသားငယ်၏လည်တွင် 'ချည်မြဲတိုင်း ချည်ထားခဲ့ပြီး ပြန်သွားလေသည်။

မင်းသားလည်း အိပ်ရာမှနိုးသော် ခရီးဆက်လေသည်။ ထိုသို့ခရီးဆက်၍ ပူလယကၡဘီလူးမင်း၏ တိုင်းပြည်သို့ ရောက်လတ်သော် မိထွေးတော် အမှာရှိလိုက်သော စကားများကို ပြန်လည်လျှောက်ထားလျက် ရွှေစာလိပ်ကို ဆက်သလေ၏။

ဘီလူးမင်းလည်း မင်းသားငယ်၏ လျှောက်ထားချက်နှင့် ရွှေစာလိပ်ပါ အကြောင်းခြင်းရာတို့ကို သိရှိသောအခါ များစွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် မင်းသားငယ်အား ဘီလူးတိုင်းပြည်တွင် ကောင်းမွန်စွာ နေထိုင်စေပြီး အပြန်ခရီး၌ မျက်စိဘူးနှင့် အစွယ်ဘူးတို့ကို ပေးအပ်လိုက်လေသည်။ မင်းသားငယ်လည်း ဖခမည်းတော် တိုင်းပြည်သို့ ပြန်သော် ပူလယကၡသို့ သွားစဉ်က အိပ်စက်နားနေခဲ့သည့်တောင်၌ပင် မြင်းကိုချည်၍ အိပ်စက်နားနေပြန်၏။

ထိုအခါ ဝိဇ္ဇာဓိုရ်လည်း ရောက်လာပြန်၍ မင်းသား



ကြေးဆုရှားသိမ်အတွင်း၌ [illegible] တော်မှ ပူဇော်သည့် ဗုဒ္ဓရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com




အမှတ်သိမ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်

ငယ်အား နှီးကာ-

'ဤမျက်စိဘူးကား အသင်မင်းသားငယ်၏ မယ်တော်နှင့်တကွ မယ်တော်ကြီးများ၏ မျက်စိများဖြစ်ကြောင်း၊ ထိုမျက်စိများကို မယ်တော်တို့၏မျက်ကွင်း၌ သွတ်သွင်းပြီးသကာလ ပြဒါးလုံးနှင့် ပွတ်တော်မူပါလျှင် အကောင်းပကတိ အလင်းမြင်လိမ့်မည်' ဟု ပြောကြားလျက် ပြဒါးသေလုံးကို မင်းသားငယ်အား ပေးလေ၏။

ထို့နောက်တစ်ဖန် ပြောပြန်သည်မှာ ထိုအရာကား အစွယ်ဘူးတည်း။ ထိုအစွယ်မှာ သင့်အား ပူလယကွတိုင်းသို့ စေလွှတ်တော်မူသည့် မိထွေးတော်၏ အစွယ်ဖြစ်ပြီး အမှန်စင်စစ် သင်၏ မိထွေးတော်မှာ လူသားမဟုတ်ဘဲ ဘီလူးမသာဖြစ်ကြောင်း၊ အသင်မင်းသား မယ်တော်များ၏ မျက်စိတို့ကို အလင်းမရအောင်ပြုလျက် ဖွားမြင်သမျှသော ရင်သွေးတော်များကို ဖမ်းယူစားသောက်ကြောင်းနှင့် မင်းသားငယ် မွေးဖွားကြီးပြင်းလာပြီး ယခုကဲ့သို့ ဥပါယ်တံမျဉ်ဖြင့် စေလွှတ်ခြင်းခံရပုံ အလုံးစုံတို့ကို ရှင်းလင်းပြောဆိုပြ၍ သိရှိခွင့်ရသောအခါ ပရမရာဇာမင်းသားငယ်သည် ဝိဇ္ဇာဓိုရ်အား အကြိမ်ကြိမ်ကန်တော့ကာ နေပြည်တော်သို့ ခရီးဆက်လေသည်။



စိန်ဖူးတော်နှင့် ဂုဏ်မြတ်ဓားတော်

မင်းသားငယ်လည်း နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်သောအခါ ခမည်းတော်ကို ဟုတ်တိုင်းမှန်ရာ လျှောက်ထား၍ ဝိဇ္ဇာဓိုရ်မှာကြားသည့်အတိုင်း ပြုလုပ်သောအခါ မယ်တော်တို့၏မျက်စိများ အလင်းမြင်ကုန်လျက် မိထွေးတော် ဘီလူးမမိဖုရားလည်း ကွပ်မျက်ခြင်းကို ခံရလေသည်။

ထိုသို့ အောင်သာဝရမြို့ကိုတည်ပြီး၍ နန်းသက်(၄၅)နှစ်တွင် ဗြဲစက္ကပိတ်မင်း နတ်ရွာစံတော်မူသောကြောင့် သားတော်ပရမရာဇာက ထီးနန်းကို ဆက်လက်စိုးစံလေသည်။ သက္ကရာဇ်(၈၉၃)ခုနှစ်၊ (၁၅၃၁)ခုနှစ်သို့ရောက်လျှင် ထိုမင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကျောက်ဘွားမြစောစံမင်း လက်ထက်၌ ယိုးဒယားပြည် ဆင်ဖြူတစ်သန်းရှင်၏သားတော် ဗြရာမသွန်တီသမင်းက စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် တနင်္သာရီကို ချီတက်သိမ်းပိုက်လေသည်။

ထို့နောက် သက္ကရာဇ်(၆၃၉)ခုနှစ်တွင် တနင်္သာရီမြို့နယ်၏ သင်္ဘောဆိပ်အဖြစ် တည်ဆောက်ခဲ့သော ဆင်တုတ်မြို့ (ယခု သန္တပ်၊ တောနောက်လယ်ရွာ)မှ သင်္ဘောများ ဝင်ထွက်သွားလာမှု မပြုနိုင်လောက်အောင် သောင်

www.burmeseclassic.com

www.burmeseclassic.com

များ ထွန်းပြီး ရေတိမ်လာသဖြင့် ဗြရာမသွန်တိသမင်းက ထိုစဉ်က တံငါအိမ်ခြေ(၂၀)မျှသာရှိသေးသော နောင်တွင် မြိတ်မြို့ဖြစ်လာမည့် ခယ်တောင်ခြေရင်း၌ မာရိတ်မြို့ကို သက္ကရာဇ် (၈၉၅) (၁၅၃၃)ခုနှစ်တွင် တည်ထောင်ခဲ့လေသည်။

မာဆိုသည်မှာ မြင်း၊ ရိတ်ဆိုသည်မှာ ချည်သည်ဟု ယိုးဒယားဘာသာစကားဖြင့် အဓိပ္ပာယ်ရသည်။

ဘုရင့်နောင်မင်းတရားကြီး ကွယ်လွန်ပြီးနောက် သက္ကရာဇ်(၉၅၅)၊ (၁၅၉၃)ခုနှစ်မှစ၍ မာရိတ်မြို့သည် ယိုးဒယားမင်းလက်အောက်ခံ သဘော်ဆိပ်မြို့ဖြစ်ခဲ့ပြန်ရာ ကုန်းဘောင်ခေတ်ဦးထိ ဖြစ်လေသည်။

သက္ကရာဇ်(၁၀၉၃)၊ (၁၇၃၁)ခုနှစ်သို့ ရောက်သော အခါ မာရိတ်မြို့စား အရမ်မနိနှင့် မြို့လူကြီးများက မြန်မာအရှင် စတိန်ဆရာတော်ဘုရားကြီး ဦးဇာဂရအား အမှူးထားလျက် ဘုရား ဓာတ်တော်သုံးဆူကို ရွှေကြုတ်၊ ငွေကြုတ်၊ ကြေးကြုတ်တို့တွင် ထည့်၍ ဌာပနာကာ အမြင့်(၃၂)တောင်၊ ဖိနပ်တော်(၁၈)တောင်ရှိသော စေတီ တစ်ဆူကို ခယ်တောင်ထိပ်တွင် တည်ထားကိုးကွယ်ခဲ့ ကြပြီး ထိုတောင်အမည်ကို အစွဲပြု၍ ခယ်တောင်စေတီ ဟု သမုတ်ခေါ်ဝေါ်ကြလေသည်။ ဤသို့ဖြင့်-

**မြန်မာအရှင်မင်းတရားကြီး စစ်ချီလာခြင်း**

သက္ကရာဇ်(၁၁၁၉)၊ (၁၇၅၇)ခုနှစ်တွင် ရှမ်းမြို့ဝန် အဖြစ် ခန့်ထားသော ဖရာပလီချေပဒေါင် လက်ထက် သက္ကရာဇ်(၁၁၂၁)၊ (၁၇၅၉)ခုနှစ်တွင် အလောင်းမင်း တရားကြီး ဦးအောင်ဇေယျ စစ်ချီလာ၍ တနင်္သာရီတိုင်း အလုံးကို အောင်မြင်တော်မူလေသည်။

ထိုသို့ အောင်မြင်တော်မူလိုက်ခြင်းသည်ပင်လျှင် မြိတ်မြို့နှင့် လေးကျွန်းဆီမီးစေတီတော်ကြီးဟု ထင်ရှား လာရန် အကြောင်းဆိုက်ခဲ့လေတော့သည်။

သက္ကရာဇ်(၁၁၂၃)၊ (၁၇၆၁)ခုနှစ်တွင် တနင်္သာရီမြို့ ဝန် ဥဒိန်ကျော်က တနင်္သာရီ လက်အောက်ခံ မာရိတ်မြို့ ကို (၁၁၂၄)၊ (၁၇၆၂)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၇) ရက်နေ့ တစ်ချက်တီးကျော် အချိန်တွင် သစ်တပ်တည် ဆောက် ပြီးစီးသောအခါ အလောင်းမင်းတရားကြီး ဦး အောင်ဇေယျ၏ ဆန္ဒတော်အတိုင်း မာရိတ်မြို့အမည်ကို ဖျက်၍ မြိတ်မြို့ဟု တွင်စေလေသည်။ ထိုကာလအတွင်း ခယ်တောင်စေတီကိုလည်း ပြုပြင်တော်မူသည်။

(၁၁၃၀)၊ (၁၇၆၈)ပြည့်နှစ် အင်းဝ ဆင်ဖြူရှင်မင်း လက်ထက်တွင် မြိတ်မြို့ကို အသစ်တည်ဆောက်ရမည်ဟု အမိန့်တော်ကျသဖြင့် မြို့ဝန်ခေမရာဇာက မြို့အင်္ဂါရှစ်ပါး နှင့်အညီ အသစ်ထပ်မံ, တည်ဆောက်ပြီး ဥဒိန်ကျော် လက်ထက်က ပြုပြင်၍ မပြီးမပြတ်ရှိနေသည့် ခယ် တောင်စေတီကိုပါ မြို့နေလူထုနှင့်တကွ အပြီးသတ်၍ ထီးတော်တင်ခဲ့လေသည်။

**လေးကျွန်းဆီမီးစေတီတော်ကြီး ခေါ်တွင်ပုံ**

သက္ကရာဇ်(၈၉၃)ခုနှစ်တွင် ယိုးဒယားလက်အောက် ရောက်ခဲ့ရသော တနင်္သာရီမြို့ကို (၉၁၀) ပြည့်နှစ်တွင် အထက်မြန်မာမင်းတို့ စစ် တံခွန်လွှင့်၍ ပြန်လည်သိမ်းယူခဲ့သည်။ တစ်ဖန် (၁၀၄၀)ပြည့်နှစ်တွင် ယိုးဒယားက ပြန်လည်သိမ်းယူပြီး မြို့ဝန်(၉)ဆက်၊ (၇၃) နှစ်ပတ်လုံး ယိုးဒယားရှမ်းတို့ အုပ်စိုးနေခိုက် သက္ကရာဇ်(၁၀၉၃)ခုနှစ်တွင် မာရိတ်ခေါ် မြိတ်မြို့၏ မြို့လူကြီးများက မြန်မာအရှင် စတိန်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ မထေရ်ကို အကြီးအမှူးထား၍ မြတ်စွာ ဘုရား၏ ဓာတ်တော်သုံးဆူကို ရွှေကြုတ်၊ ငွေကြုတ်၊ ကြေးကြုတ်တို့တွင်ထည့်လျက် ရွှေရုပ်ပွားတော်၊ ငွေရုပ်ပွားတော်၊ ကြေးရုပ်



စေတီကုန်းစတော်ပေါ်ရှိ ကြေးဘုရားခန်း



www.burmeseclassic.com

www.burmeseclassic.com


သမုတ်သိမ်တော်

ဗုဒ္ဓတော်များနှင့်အတူ ကောင်းမှန်စွာ ထည့်သွင်းဌာပနာကာ ဓိနပ်တော် (၁၈)တောင်၊ ဉာဏ်တော်အမြင့်(၃၂)တောင်ရှိသော စေတီတော်တစ်ဆူကို ခယ်တောင်ထိပ်တွင် တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ခယ်တောင်ပေါ်တွင် တည်ထားခဲ့၍ ခယ်တောင်စေတီဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

သက္ကရာဇ်(၁၁၁၉)ခုနှစ်တွင် ဖရာပလီချေပဒေါင် (ဖရာပလီချေပဒေါင်း)ကို (၉)ဆက်မြောက် မြိတ်မြို့ဝန် ခန့်ထားပြီးနောက် (၂)နှစ်အကြာ (၁၁၂၁)ခုနှစ်တွင် ကုန်းဘောင်ဆက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဝုလောမြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့တို့ကို အခုအခံမရှိ သိမ်းယူတော်မူခဲ့သည်။

မြန်မာဘုရင်လက်အောက် ပြန်လည်ရောက်ရှိလာသော မြိတ်မြို့ကို ဦးအောင်ဇေယျ၏ သားတော်ကြီးဖြစ်သော နောင်တော်ကြီးမင်းက (၁၁၂၃)ခုနှစ်၌ ဥဒိန်ကျော်အား ပဌမမြိတ်မြို့ဝန် ခန့်ထားခဲ့သည်။ မြိတ်မြို့ဝန် ဥဒိန်ကျော်သည် (၇)နှစ်အုပ်စိုးနေစဉ်အတွင်း သက္ကရာဇ် (၁၁၂၄)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၇)ရက်နေ့တွင် မြို့အဝှမ်း သစ်လုံးတပ် (၁၁၃၈)တာကိုတည်၍ မာရိတ်အမည်ကိုဖျက်ပြီး မြိတ်မြို့ဟု တွင်စေသည်။ ခယ်တောင်စေတီကိုလည်း အသစ်ထပ်မံ၍ တည်ခဲ့သည်။

ဆင်ဖြူရှင်မင်းလက်ထက် (၁၁၃၀)ပြည့်နှစ်တွင် ဒုတိယမြိတ်မြို့ဝန် ဖြစ်လာသော ခေမရာဇာသည် ခယ်တောင်စေတီတော်ကြီးကို အပြီးသတ်တည်၍ ထီးတော်တင်လေသည်။ မြိတ်မြို့ကိုလည်း တောရွာများမှလူအများတို့ခေါ်ယူ၍ ရပ်ကွက်များသတ်မှတ်ပြီး တိုးချဲ့စီမံခဲ့လေသည်။ ထိုမင်းလက်ထက်တွင် မြိတ်မြို့၌ ပညာအရာတွင် ကျော်စောကိတ္တိရှိသော စတိန်ဆရာတော်ကြီး ဦးဇာဂရကို အင်းဝသို့ ပင့်ဆောင်တော်မူပြီးလျှင် ဂုဏာသာရဓဇမဟာဓမ္မရာဇာဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူသည်။ ဆရာတော်ကြီးသည် နေပြည်တော်သို့ ရောက်ရှိနေစဉ်အတွင်း ခယ်တောင်ကုန်းပေါ်တွင် ဗုဒ္ဓသိမ်သမုတ်ရန် မင်းတရားထံ ခွင့်ပန်ခဲ့သည်။

ဆရာတော်ကြီးသည် မြိတ်မြို့သို့ ပြန်လည်ကြွရောက်တော်မူလာပြီးနောက် (၁၁၄၀)ပြည့်နှစ်၊ (၆)ဆက်မြောက် မြိတ်မြို့ဝန်ခေါ်တော်ကြီးလက်ထက် နတ်တော်လပြည့် တနင်္လာနေ့ ညနေသုံးချက်တီးအချိန်တွင် ဆရာတော်ကြီးကိုယ်တိုင်ဦးစီးလျက် ထားဝယ်မြို့ သာသနာပြုဦးစီးဆရာတော် ပညာသာရဓဇ မဟာဂုရုဆရာတော်နှင့် ကောဏ္ဍညာ၊ ပုပ္ဖလ၊ ရေဝတ၊ သောဘိတ အစရှိသော သံဃာတော်ကြီး အပါးတစ်ရာနှင့်အတူ သိမ်တော်ကြီးကို သမုတ်၍ အောင်မြင်ပြီးစီးခဲ့ပါသည်။


မြိတ်မြို့ဝန် နေမျိုးနော်ရထာလက်ထက် ဂုဏာသာရဓဇ မဟာဓမ္မရာဇာစတိန် ဆရာတော်ကြီး အရှင်ဇာဂရမထေရ် အမှူးပြုသော သံဃာတော်ကြီးများနှင့်တကွ မြို့လူကြီးများသည် တတိယအကြိမ် ခယ်တောင်စေတီတော်ဟောင်းကို တိုးချဲ့ပြီးလျှင် (၁၁၄၇)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်၊ တနင်္လာနေ့ တစ်ချက်တီးကျော်အချိန်တွင် အသစ်ထပ်မံ၍ တည်တော်မူကြသည်။ ထိုကဲ့သို့ အသစ်ထပ်မံတည်သည့်နေ့မှစ၍ စေတီတော်ကြီးသည် လေးကျွန်းဆီမီးစေတီတော်ကြီးဟု အမည်တွင်ခဲ့ပါကြောင်း ရေးသားတင်ပြရင်းဖြင့်..။

**ကိုရွှေမြသန်း(သမိုင်း)**

မှီငြမ်း * မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီး သမိုင်းအကျဉ်းချုပ်။

www.burmeseclassic.com

www.burmeseclassic.com




ရွှန်ကောလင်း

# စစ်ကိုင်း ကောင်းမှုတော်ဘုရားကြီးနှင့် တန်ဆောင်တိုင်ပွဲတော်ကြီး

မြန်မာပြည်၏ ထင်ရှားကျော်ကြားသော ဘုရားလည်းဖြစ်ပြီး စစ်ကိုင်းမြို့အဖို့ ကျက်သရေဆောင်လည်း ဖြစ်ပါပေသော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီး၏ တန်ဆောင်တိုင် ဘုရားပွဲတော်ကြီးမှာ စည်ကားလှစွာဖြင့် ပြီးစီးသွားခဲ့ပါပြီ။ ကောင်းမှုတော် တန်ဆောင်တိုင်ပွဲတော်မှာ စစ်ကိုင်းမြို့မှ ထင်ရှားသော ဘုရားပွဲတော်တစ်ခု ဖြစ်သလို ဆယ့်နှစ်ပွဲဈေးသည်များ၊ စစ်ကိုင်းမြို့ခံများနှင့် ကောင်းမှုတော်ဝန်းကျင် ကျေးရွာများရှိ တောင်သူများ တစ်နှစ်တစ်ခါ မျှော်လင့်စောင့်ဆိုင်းကြရသည့် ပွဲတော်တစ်ခုလည်း ဖြစ်ပါပေသည်။

ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီးသည် စစ်ကိုင်းမြို့ အနောက်မြောက်ဘက် စစ်ကိုင်းမြို့ထဲနှင့် ငါးမိုင်အကွာ၊ စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းပေါ်တွင် တည်ရှိပါသည်။ စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းအတိုင်း ဘယ်ဘက်မှလာလာ ကောင်းမှုတော်ဘုရားကြီးကို အဝေးမှပင် လှမ်းမြင်ဖူးမြော်နိုင်ပါသည်။ စစ်ကိုင်းတောင်ပေါ်မှ ရှုကြည့်လိုက်လျှင်လည်း ပြန့်ပြူးသော မြေပြင်တွင် ရွှေတောင်ကြီး ပေါက်နေသည့်အလား ထင်ထင်ရှားရှား ဖူးတွေ့ရပါသည်။

ဤသို့ ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် ဖူးမြင်နိုင်သည်မှာ ကောင်းမှုတော်ဘုရားကြီး၏ ထုထည်ကြီးမားမှုနှင့် ထူးခြားသော ပုံသဏ္ဌာန်ကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


ကောင်းမှုတော်ဘုရားကြီး၏ပုံစံမှာ စပါးစုပုံဖြစ်ပြီး သီဟိုဠ်ရှိ အေဝါနံ့ပီယတိဿမင်းကြီး တည်ထားသော ထူပါရုံစေတီ၏ ပုံတော်အတိုင်း ဖြစ်သည်။ သရေခေတ္တရာရှိ ဝါ့တစ်ပါးမင်းကောင်းမှု သုရမာစေတီ၏ ပုံတော်ဟုလည်း အဆိုရှိပါသည်။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၁၈၈)ပေရှိပြီး ထီးတော်အမြင့်မှာ (၂၆)ပေရှိသောကြောင့် စုစုပေါင်း (၂၁၄)ပေအမြင့်ဆောင်ပါသည်။ စေတီတော်အောက်ခြေလုံးပတ် (၈၈၀)ပေ (၅)လက်မ၊ စေတီတော်အချင်း (၂၈၀)ပေ (၉)လက်မ၊ ထီးတော်အောက်ခြေလုံးပတ် (၅၄)ပေ (၈)လက်မ၊ ထီးတော်အချင်း (၁၇)ပေ (၇)လက်မ၊ ထီးတော်အလေးချိန် (၃၄၄၀)ပိဿာရှိသည်။

စေတီတော်ကြီး ကြီးမားသလောက် သုံးစွဲခဲ့ရသော အုတ်ချပ်ရေပေါင်းမှာ (၁၀၁၈၆၅၅၂)ချပ် (တစ်ရာ့တစ်သိန်းရှစ်သောင်းကျော်)ပင် ရှိလေသည်။ အုတ်ချပ်တစ်ချပ်၏ ပမာဏမှာ အလျား(၁၈)လက်မ၊ အနံ(၉)လက်မ၊ ထု(၃)လက်မ ဖြစ်သည်။ မြေနီသရွတ် တင်းပေါင်း (၁၆၄၄၅၈၅)နှင့် အင်္ဂတေတင်းပေါင်း(၂၂၄၉၈)တို့ သုံးစွဲခဲ့ရလေသည်။ စေတီတော်ကြီး၌ ရွှောင်ရွက်ပေါင်း(၁၅၂)ရွက်၊ ဆည်းလည်းပေါင်း(၈၀)၊ ပတ်လည်နဂါးရုပ်ရေပြွန်ပေါင်း(၆၀)နှင့် ဖိနပ်တော်ပတ်လည်တွင် လိုဏ်မုခ်နှင့် နတ်ရုပ်ပေါင်း(၁၂၀) ရှိသည်။

နတ်ရုပ်များမှာ လက်ဝဲဘက်၌ ကြာဖူးကိုင်ကာ လက်ယာဘက်၌ သန်လျက်ကိုင်ထားသည်။ မကိုဋ်ဆောင်း၍ ခြင်းဝတ်တန်ဆာ ဝတ်ထားသည်။ ကြာဖူးကိုင်ထားခြင်းသည် မပွင့်သေးသော မြတ်စွာဘုရား အလောင်းအလျာအဖြစ် ထည်းကောင်း၊ သန်လျက်ကိုင်ထားခြင်းသည်မင်း ဖြစ်ကြောင်း ကိုလည်းကောင်း အဓိပ္ပာယ်ဆောင်ပါသည်။ ထို့ကြောင့် ကုသိုလ်ရှင်သည် မိမိကိုယ်မိမိ ဘုရားဆုပန် ဘုရားအလောင်း (ဗောဓိသတ္တ) အဖြစ် ရည်ညွှန်းခြင်းဖြစ်သည်ဟု ဆိုလေသည်။ စေတီတော်ပတ်လည်ရင်ပြင်၌ ဆီမီးထွန်းညှိ ပူဇော်နိုင်သည့် ကျောက်တိုင်ပေါင်း (၁၀၀၀) ယခင်(၈၀၂)တိုင် ရှိလေသည်။ စေတီတော်ကြီးတည်ဆောက်ချိန် (၁၂)နှစ်ပင် ကြာခဲ့သည်။

ဤမျှ ကြီးမားခန့်ထည် ကြည်ညိုဖွယ်ရာ ကောင်းလှသော ကောင်းမှုတော်စေတီတော်ကြီးကို တည်ထားခဲ့သူမှာ ရာဇဝင်တွင် ထင်ရှားသော သာလွန်မင်းတရားကြီး ဖြစ်လေသည်။ သာလွန်မင်းတရားကြီးသည် ညောင်ရမ်းဆက်ကို တည်ထောင်သော မဟာသီဟသူရဓမ္မရာဇာ့ ညောင်ရမ်းမင်း (၁၆၀၀-၁၆၀၆)၏ သားတော်အလတ် ဖြစ်ပါသည်။ (၁၆၃၅)ခုနှစ်၊ မေလတွင် နန်းတော်ဆောက်လုပ်ခြင်း ပြီးစီးသဖြင့် နန်းတက်သည်။ ဤနှစ်မှာပင် ဘဏ္ဍာတိုက်မှ ရွှေ၊ ငွေ၊ ရတနာများထုတ်ကာ ဘုရားဆင်းတုများစွာ သွန်းလုပ်ပြီး ရာဇမဏိစူဠာစေတီကို တည်သည်။ ကျောင်းများ၊ တန်ဆောင်းများ၊ ဇရပ်များ ဆောက်ကာ နိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများကို ပြုပြင်မွမ်းမံပြီး ရွှေချသည်။

သာလွန်မင်းတရားကြီး အုပ်စိုးစဉ် ကာလအတွင်း သားတော်ရှင်တရုတ် ပုန်ကန်၍ နှိမ်နင်းရခြင်း၊ သောင်သွပ်မြို့သို့ ကသည်းစော်ဘွား ထိပါလားသဖြင့် ချီတက်ရခြင်းမှတစ်ပါး ကြီးမားသည့် စစ်ပွဲများ တိုက်ခိုက်ရခြင်း မရှိပေ။ အင်းဝနိုင်ငံသည် အေးချမ်းသာယာဝပြောပြီး အသာလွန်သောကြောင့်လည်းကောင်း၊ နန်းတော်ထက်တွင် သာယာစွာ လွန်ရသောကြောင့်လည်းကောင်း သာလွန်မင်းဟူ၍ တွင်ကြောင်း မှတ်သားရပါသည်။ မြန်မာမင်းများ နန်းတက်ပြီး ပြုလုပ်လေ့ရှိသည့် ဘုရားတည်


ဘုရားအဝင်ဈေးဆိုင်တန်းမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကျောင်းဆောက်ခြင်း၊ ပိဋကတ်သုံးပုံ ရေးကူးခြင်း အစဉ်အလာတို့ကို သာလွန်မင်းကြီးလည်း လိုက်နာဆောင်ရွက်ခဲ့လေသည်။

သာလွန်မင်းကြီးသည် ကောင်းမှုတော်ဘုရား တည်ရန် မြေနေရာကို သိတင်းသီလစောင့်သည့် လူသူတော်ကောင်းများကို စေလွှတ်ရှာဖွေစေရာ အင်းဝမြို့တော်၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တန့်တည်းဆိုသည့် အရပ်တွင် မြေမြတ်ကို တွေ့ရှိရလေသည်။ ထိုနေရာကို သုတ်သင်ရှင်းလင်းပြီးနောက် (၁၆၃၆)ခုနှစ်၊ ဧပြီလ (၁၆)ရက်၊ မြန်မာနှစ်(၉၉၈)ခုနှစ်တွင် စေတီတည်မည့် နေရာကို စတင်မြေညှိသည်။ ထို့နောက် ကျောက်ဖျာကြီးများဖြင့် ဌာပနာတိုက် ဆောက်သည်။

ဌာပနာတိုက်ဆောက်ပြီးလျှင် နိုင်ငံတွင်းရှိ ရပ်နီးရပ်ဝေးမှ သံဃာတော်များကို ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်ပြီး ပရိက္ခရာရှစ်ပါး စသော လှူဖွယ်အများအပြားကို လှူဒါန်းလေသည်။ (၁၆၃၆)ခုနှစ်၊ ဒီဇင်ဘာလတွင် အမြဲကိုးကွယ်ထားသည့် စွယ်တော်၊ ဆံတော်နှင့် များစွာသော ပြည်ထောင်တို့မှ ပင့်ဆောင်လာသော များပြားလှသည့် ဓာတ်တော် မွေတော်၊ ရတနာစေတီ၊ ရတနာဆင်းတုများကို ဆရာတော်၊ သံဃာတော်များ၊ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုးများ၊ မှူးမတ်များ၊ ပဒေသရာဇ်များနှင့် ပူဇော်ပွဲသဘင် ကျင်းပသည်။

ဓာတ်တော်များကို ရွှေစေတီ၊ ငွေစေတီ၊ ပတ္တမြားစေတီ၊ ပယင်းစေတီ၊ မိုးကြိုးစေတီတို့တွင် ထည့်၍ ဌာပနာသည်။ ရတနာခုနစ်ပါးဖြင့် ပြုလုပ်သော ရုပ်တုတော်များစွာကိုလည်း ကျမ်းဂန်နှင့်အညီ အစီအစဉ်သင့်စွာ ဌာပနာသည်။ ရွှေဆင်းတု(၅၂၆)ဆူအပါအဝင် ဆင်းတုပေါင်း (၂၀၉၅)ဆူ၊ ရွှေစေတီ(၈၁)ဆူအပါအဝင် စေတီပေါင်း (၈၁၉)ဆူနှင့် ဓာတ်တော် မွေတော်ပေါင်းများစွာ ဌာပနာထားလေသည်။ ပထမဌာပနာခြင်းကို (၁၆၃၆)ခုနှစ်၊ နိုဝင်ဘာလတွင်ပြုပြီး ခုနစ်ကြိမ်မြောက် ဌာပနာခြင်းကို (၁၆၄၃)ခုနှစ်၊ ဧပြီလတွင် ပြုလေသည်။

ကောင်းမှုတော်စေတီတော်ကြီးတွင် ဌာပနာထားသည့် စွယ်တော်နှင့်ပတ်သက်၍ ယခုလို သိရှိရပါသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ဓမ္မပါလမင်းက (၁၅၇၆)ခုနှစ်တွင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးအား စွယ်တော်တစ်ဆူ ဆက်သသည်တွင် ဆင်ဖြူရှင်မင်းကြီးက ခေါင်းရင်းတွင်ထား၍ ကိုးကွယ်ခဲ့သည်။ သားတော် နန္ဒဘုရင် (ငါးဆူဒါယကာ)လက်ထက် (၁၅၉၉)ခုနှစ်တွင် တောင်ငူမင်း သီဟသူတိုက်သဖြင့် ဟံသာဝတီ ပျက်လေသည်။ တောင်ငူမင်းက စွယ်တော်ကို တောင်ငူသို့ ပင့်ဆောင်သွားသည်။ သန်လျင် ငဇင်ကာက (၁၆၁၂)တွင် တောင်ငူကို တိုက်ရာ တောင်ငူ ပျက်ပြန်သည်။ တောင်ငူ ပျက်ပြီးနောက် အနောက်ဘက်လွန်မင်း (၁၆၀၇-၁၆၂၈)က စွယ်တော်ကို အင်းဝသို့ ပင့်ဆောင်ခဲ့ပြန်လေသည်။ အနောက်ဘက်လွန်မင်းကို ဆက်ခံသည့် သာလွန်မင်း (၁၆၂၈-၁၆၄၈)က စွယ်တော်ကို ရာဇမဏိစူဠာကောင်းမှုတော်ဘုရား၌ (၁၆၃၆)ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်တွင် ဌာပနာလိုက်လေသည်။ ဤစွယ်တော်မှာ မြတ်စွာဘုရားရှင် ၏ လက်ဝဲအောက်စွယ်တော်အစစ် ဖြစ်သည်ဟု ဆိုကြပါသည်။

ဌာပနာခြင်းကိစ္စပြီးလျှင် စေတီလုံးတော်ကို သေသပ်လှပအောင် လုပ်ဆောင်သည်။ စေတီတော်တည်ရာ၌ ကြီးကြပ်ဆောင်ရွက်သော မှူးမတ်များနှင့် ပန်းရန်၊ ပန်းတမော့ စသည့် ပညာသည် အလုပ်သည်များအား ဆုလာဘ်၊ ရိက္ခာ၊ အဝတ်အစား တန်ဆာများ



အရိပ်စောင်းစေသော မန်ကျည်းပင်ကြီးအောက်က လှည်းဆိုင်း

www.burmeseclassic.com

www.burmeseclassic.com

မှာ ဆေးတော်မှုလေသည်။ စေတီတော်ကြီးအား ဖူးမြော်ရသည်မှာ ကျစ်လျစ်ခိုင်ခံ့သလောက် အဝန်းအဝိုင်း ညီညာကာ ကြည်ညိုဖွယ်ရာ အသွင်ဖြင့် လွန်စွာသပ္ပာယ်လှပါသည်။ စေတီတော်ကြီး ကာလကြာရှည် တည်တံ့ခိုင်ခံ့စေရန်အတွက် (၁၂)နှစ်ကြာ တည်ထားခဲ့ရသည်ဟုဆိုသည်။

(၁၆၄၆)ခုနှစ်၊ ဩဂုတ်လတွင် ကောင်းမှုတော်အား အုတ်အပြီးသတ်သည်။ စေတီတော်အား တံတိုင်းသုံးထပ်ကာရံပြီး ရေတွင်း၊ ရေကန်၊ ဥယျာဉ်များ ပြုလုပ်သည်။ အတွင်းတံတိုင်း၌ ဆရာတော်ဂါးပါး ကြီးကြပ်ကာ မြတ်စွာဘုရား ဖြစ်တော်စဉ် ဇာတ်တော်များ ရေးသည်။ ရင်ပြင်တော် ထောင့်လေးထောင့်တွင် ကြီးမားသည့် ခေါင်းလောင်းကြီး လေးလုံး၊ စည်ကြီး လေးလုံးတို့ကို တန်ဆောင်း လေးဆောင်နှင့် ထားသည်။ တန်ဆောင်း လေးမျက်နှာတွင် နံ့သာကျောက်ပျဉ်ကြီး လေးချပ်လည်း ထားသည်။

ထို့နောက် စေတီတော် လေးမျက်နှာ မဟာရာမ်ဝန်းကျင်အတွင်း၌ မှန်ကင်းအထွတ်ရှိသော ကျောင်းကြီး လေးကျောင်း၊ ကျောင်းရံ လေးဆယ်၊ တန်ဆောင်း လေးဆောင်၊ သုဓမ္မာဇရပ် နှစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းကြီး လေးကျောင်းကို ပြုဗ္ဗာဝန်၊ ဒက္ခိဏာဝန်၊ ပစ္ဆိမာဝန်၊ ဥတ္တရာဝန်ဟူ၍ သမုတ်သည်။ ကျောင်းရံ တစ်ဆယ်နှင့် ဥတ္တရာဝန်ကျောင်းသည် (၁၆၄၈) ခုနှစ်၊ မတ်လတွင် မီးသင့်လောင်သဖြင့် ပြန်ဆောက်ရလေသည်။ သိကြားမင်းသဏ္ဌာန် ရုပ်ကို စေတီတော် အရှေ့မြောက်တွင် ထားသည်။ ယခု သိကြားရုပ်ဟု ခေါ်ကြသည်။ မေတ္တာကန်ဟုတွင်သည့် ရေကန်ကြီးကို စေတီတော် မြောက်ဘက်တွင် ထားသည်။ မေတ္တာကန်မှာ အရှေ့-အနောက် (၁၉၉)ပေ (၅)လက်မ၊ တောင်-မြောက် (၁၄၉)ပေ (၆) လက်မရှိပြီး အတွင်းထောင့် လေးထောင့်တွင် ရေတွင်း လေးတွင်း ရှိသည်။

အစဉ်အလာအရ ယုံကြည်လာခဲ့ကြသည့် မေတ္တာကန်၏ ထူးခြားချက် ခုနစ်ချက်လည်း ရှိပါသည်။ စေတီတော် အရှေ့တောင်ဘက်တွင် ဥယျာဉ်ထားသည်။ သာလွန်မင်းကြီးသည် စေတီတော်ကြီးအား ထီးတော်မတင်ရသေးခင် (၁၆၄၈)ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်မှာ နတ်ရွာစံလေသည်။ နတ်ရွာစံချိန်တွင် သက်တော်(၆၅)နှစ်ရှိလေပြီ။

သာလွန်မင်းကြီး နတ်ရွာစံသည်တွင် သားတော် ပင်းတလဲမင်း (မင်းရဲရန္တမိတ်)က သိရိနန္ဒဓမ္မရာဇာပဝရမိပတိဘွဲ့ကို ခံယူကာ အင်းဝထီးနန်းကို ဆက်ခံသည်။ ပင်းတလဲမင်းသည် နန်းတက်ပြီးချိန်မှ စတင်ကာ ကောင်းမှုတော်ကြီးအား ထီးတော်တင်ရန်အတွက် ကိုးလကြာအောင် စီမံဆောင်ရွက်လေသည်။ (၁၆၄၉)ခုနှစ်၊ ဧပြီလ (၈)ရက်၊ မြန်မာနှစ်(၁၀၁၁)ခုနှစ်၊ ကဆုန်လဆန်း (၈) ရက် တနင်္ဂနွေနေ့တွင် ကောင်းမှုတော်ကြီးအား ထီးတင်ရာ ထီးတင်ပွဲမှာ လွန်စွာစည်ကားပြီး ခမ်းနားကြီးကျယ်လှပါတယ်။ ခုနစ်ရက်ပတ်လုံး အလှူအတန်းပြုသည်။ ပွဲလမ်းသဘင်များ ကပြဖျော်ဖြေကြသည်။ ထီးတင်ပွဲလာ ပရိသတ်အား နံ့သာရည်များ လိမ်းစေခြင်းမှာ ထူးခြားမှုတစ်ခု ဖြစ်ပါသည်။

မဟာရာမ်တံတိုင်း အပြင်လေးမျက်နှာ၌ တန်ဆောင်း နှစ်ဆောင်စီဆောက်၍ အမတ်ကတော်များနှင့် အခြွေအရံများက ကျောက်ပြင်ကြီးများတွင်သွေး၍ ကျောက်အိုးများတွင် ထည့်ကာ လာရောက်ကြသူများအား နံ့သာရည်များ



ကောင်းမှုတော်စေတီတော်ကြီးရှိ မေတ္တာကန်

www.burmeseclassic.com

www.burmeseclassic.com

လိမ်းစေခြင်း ဖြစ်လေသည်။ ခမည်းတော် သာလွန်မင်းကြီးက ကျောက်ပျဉ်ကြီးများ ထားရှိခဲ့သလို သားတော် ပင်းတလဲမင်းကလည်း ကျောက်ပျဉ်ကြီးများဖြင့် နံ့သာများ လိမ်းစေခဲ့သည်။ ဤသို့ ကျောက်ပျဉ်ကြီးများ ထားရှိလှူဒါန်းသည့် အစဉ်အလာဓလေ့ကို ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် တောင်ဘက်တန်ဆောင်းမှအဝင် ဘယ်ညာတွင် ကြီးမားသည့် ကျောက်ပျဉ်ကြီးများနှင့် သနပ်ခါးတုံးကြီးများ၊ ရေအင်တုံများ၊ မှန်များကိုပါ မပြတ်လပ်ရအောင် ယနေ့ချိန်အထိ ထားရှိပေးထားပါသည်။

ဘုရားဖူးလာသူများသည် ကောင်းမှုတော်ရောက်လျှင် သနပ်ခါးသွေး၍ အမှတ်တရ လူးသွားလေ့ရှိကြသည်။ ဤသို့ ကျောက်ပျဉ်ကြီးများနှင့် သနပ်ခါးသွေးကြလူးကြသည်ကို တွေ့မြင်ရသည်မှာ ကြည်နူးစရာပင် ကောင်းလှသေးတော့သည်။ ကျောက်ပျဉ်နှင့် သနပ်ခါးတုံးများကို ဝယ်ယူချင်သည်ဆိုလျှင်လည်း ဘုရားဈေးတန်းမှာ ဝယ်ယူရရှိနိုင်ပါသည်။

စေတီတော် အရှေ့မြောက်တွင် ရာဇမဏိစူဠာကျောက်စာကို ဂူနှင့်ထားသည်။ ကျောက်စာကြီးမှာ အမြင့်(၈)ပေ (၇)လက်မ၊ အထက်အကျယ် (၅)ပေ (၉)လက်မ၊ အောက်အကျယ် (၅)ပေ (၈)လက်မ၊ ထုအားဖြင့် အထူဆုံးနေရာအောက်ခြေတွင် (၁၂)လက်မထိ ရှိပါသည်။ ပင်းတလဲမင်း၏ လျှောက်ထားချက်အရ တောင်ဖီလာဆရာတော်ကြီး ရေးသားတော်မူသည်ကို ရှင်ကူနန္ဒဂုဏ္ဏမထေရ် ကြီးကြပ်၍ ကျောက်ထက်အက္ခရာ တင်တော်မူခဲ့သော ကျောက်စာကြီး ဖြစ်သည်။

ကောင်းမှုတော်စေတီတော်ကြီးသည် စစ်ကိုင်းအင်းဝတွင် အကြိမ်ကြိမ်လှုပ်ခတ်ခဲ့သော ငလျင်ကြီးများကြောင့် ပြိုကျပျက်စီးခဲ့သည် မရှိဘဲ သဘာဝဘေးဒဏ်များကို ကောင်းစွာအန်တုနိုင်အောင် ခိုင်ခံ့လှပါသည်။ ကောင်းမှုတော်ကြီးကဲ့သို့ ကြီးမားထည်ဝါပြီး ထုထည်ခန့်ညားလှသည့် စေတီမျိုးကို သာလွန်မင်းကြီးအား ဆက်ခံသည့် ညောင်ရမ်းမင်းများ မတည်နိုင်ကြဟု ဆိုသည်။ ကောင်းမှုတော်စေတီတော်ကြီးသည် နိုင်ငံတော်အတွင်းရှိ မဟာထာဝရဘုရားကြီး အစုဋ္ဌ တစ်ဆူအပါအဝင်ဖြစ်ပြီး စစ်ကိုင်းမြို့တွင် ကောင်းမှုတော်ကြီး၊ စည်းခုံကြီး၊ မဟာစေတီ၊ ဆင်များရှင်နှင့် ထူပါရုံဟူ၍ မဟာထာဝရဘုရားကြီး ငါးဆူ ရှိလေသည်။

ကောင်းမှုတော်ဘုရားကြီးမှာ တစ်နှစ်လျှင် ပွဲတော်သုံးပွဲ ကျင်းပသည်။ ပထမပွဲမှာ သီတင်းကျွတ်ပွဲဖြစ်ပြီး လပြည့်နေ့တွင် စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ အရဏ်တော်ဆွမ်းတော်ကြီးအသင်းများက ရာဇာဝင်း၊ ဒေဝါဝင်း၊ ပုဂံဝင်းဟူသော ဝင်းများခင်းကာ အဆို၊ အက၊ အတီးအမှုတ်များဖြင့် သွားရောက်ကြလေသည်။ ဤသို့ သွားရောက်ကြရာ၌ သာသနာ့အလံ၊ ကန်တော့ပွဲ၊ ထီးဖြူ၊ သိုင်း၊ ကျိုင်း၊ ယပ်၊ သပိတ်၊ ငွေဖလား၊ ဆွမ်းအုပ်၊ ကြေးစည်၊ မောင်း စသည်တို့ကို ကိုင်ဆောင်၍ စနစ်တကျ သွားကြရသည်။ ဆွမ်းတော်ကြီးအသင်းတွင် လိုက်ပါကြသူအားလုံးသည် နေပူပူကတ္တရာလမ်းပေါ်တွင် ငါးမိုင်ကျော် ခရီးကို ဖိနပ်မစီးဘဲ ခြေကျင်လျှောက်ကြရသည်။ နောက်ရက် လပြည့်ကျော်(၁)ရက်နေ့တွင် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီးလျှင် လာစဉ်ကအတိုင်း ခြေကျင်လျှောက်ပြန်လာကြသည်။ ထို့ကြောင့် စစ်ကိုင်းသူ စစ်ကိုင်းသားတို့သည် ငါးမိုင်ခရီးကို ခြေကျင်လျှောက်ဖို့ စာဖွဲ့မနေကြ၊ ဝန်လေးနေခြင်း မရှိ။ ဟိုတစ်ချိန် ဆိုင်ကယ်များ၊ ကားများ ယခုလောက် မပေါ်ခင်ကဆို



ကောင်းမှုတော်ကြီး ထုံးသင်္ကန်းနှင့် [illegible] နိုင်များ

www.burmeseclassic.com

လျှင် ဆွမ်းတော်ကြီးအသင်းထဲ ပါသူ,မဟုတ်ဘဲ ကောင်းမှုတော် ဘုရားပွဲသို့ ခြေကျင်သွားခဲ့သူများ မနည်းလှပေ။ သီတင်းကျွတ်လပြည့်နေ့သည် စစ်ကိုင်းမှသာမက စစ်ကိုင်း၊ မန္တလေးဝန်းကျင် မြို့များကပါ အများအပြားလာရောက်ကြသဖြင့် စစ်ကိုင်းနှင့် ကောင်းမှုတော်ဘုရားလမ်းတစ်လျှောက် လွန်စွာစည်ကားလှပြီး ဘုရားပရိဝုဏ်နှင့် မုခ်ဦးအနီးတွင် ရှေ့ဆက်တိုးဖို့ ခက်သည်အထိ ပြည့်ကျပ်လျက် ရှိလေသည်။

သီတင်းကျွတ်လပြည့်ပွဲသည် စစ်ကိုင်းမြို့၏ ဝါတွင်းကာလ ဆွမ်းတော်ကြီး အလှည့်ကျကပ်လှူသည့် ဘုရားစဉ်ပွဲတော်များမှ နောက်ဆုံးပွဲဖြစ်ပြီး ဘုရားစဉ်ပွဲများတွင် အစည်ကားဆုံးပွဲလည်း ဖြစ်လေသည်။ ဝါဆိုလပြည့်နေ့ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်ဘုရားပွဲမှ စတင်ကာ ဥပုသ်သီတင်းပတ်တိုင်း တစ်ပတ်ဘုရားတစ်ဆူ ဆွမ်းတော်ကြီး ကပ်လှူကြရာ သီတင်းကျွတ်လပြည့်နေ့ ကောင်းမှုတော်ဘုရားပွဲတွင် အဆုံးသတ်သည်။ အရဏ်တော် ဆွမ်းတော်ကြီးအသင်းများကလည်း အခြားဘုရားပွဲများထက် ဤကောင်းမှုတော်ပွဲကို ဗိုမိုအားခဲကာ ဘုရားကို ပိုလှူနိုင်အောင်၊ ဝင်းခင်းခြင်းနှင့် အဆို၊ အက၊ အတီးအမှုတ်များကို ပို၍မြိုင်ဆိုင်ကောင်းမွန်အောင် လုပ်ကြလေသည်။

ဒုတိယပွဲကို သီတင်းကျွတ်လပြည့်ကျော် (၇)ရက်၊ (၈)ရက်တို့တွင် ကျင်းပသည်။ ဤပွဲက သီတင်းကျွတ်လပြည့်ပွဲနှင့် တန်ဆောင်မုန်းပွဲများလောက် မစည်ကားလှ။ ကောင်းမှုတော်ဝန်းကျင်ရပ်ရွာများက မုန့်ဖက်ထုပ်များ အများဆုံးပြုလုပ်ပြီး ဆရာတော်များအား သံဃာ့ဒါန ဆွမ်းလောင်းလှူခြင်းသာ အဓိကဖြစ်လေသည်။ ဤပွဲကို မုန့်ဖက်ထုပ်ပွဲဟုလည်း ခေါ်ကြသည်။

နောက်ဆုံးပွဲဖြစ်သည့် တန်ဆောင်တိုင်ပွဲကတော့ ရက်ရှည်ကျင်းပပြီး ဈေးသည်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အစည်ကားဆုံး ပွဲတော်ကြီး ဖြစ်လေသည်။ တန်ဆောင်မုန်းလဆန်း (၁၀)ရက်လောက်က စတင်ပြီး အနယ်နယ်အရပ်ရပ်မှ ဆယ်နှစ်ပွဲဈေးသည်များ တဖြည်းဖြည်းရောက်ရှိလာသည်တွင် ပွဲတော်ရက် စတင်လေသည်။ ယခုနှစ်တွင် လဆန်း(၁၀)ရက်၊ (၁၁)ရက်များကတော့ မိုး,လေကလည်း ရှိနေသေးသဖြင့် ဟုတ်တိပတ်တိ မစည်သေး။ ခြောက်ကပ်ကပ်သာ။ (၁၂)ရက်၊ (၁၃)ရက်တွင်တော့ မိုး,လေကင်းသွားရာ နည်းနည်းစည်စပြုလေပြီ။ (၁၄)ရက် တော်တော်သိသိသာသာ စည်ကားလာပါသည်။ လပြည့်နေ့ကတော့ နောက်ဆုံးရက်လည်းဖြစ်ပြီး အစည်ကားဆုံး ဖြစ်လေသည်။

လပြည့်နေ့က ကျွန်တော်နှင့် ရုံးမှ ကိုချောတို့ ကောင်းမှုတော်အနီး ဆွမ်းချက်ရပ်မှ ကိုအောင်ကျော်ဦး၊ မအေးအေးသင်းတို့အိမ် မုန့်စားသွားကြသည်။ မုန့်စားပြီး ထမင်းပါစားခဲ့ရသည်။ သူတို့က ဓာတ်ပုံကိုဝန်ထမ်းများဖြစ်ကြပြီး မြို့ထဲမှာပင် နေကြသည်။ ဘုရားပွဲရောက်လျှင် ဇာတိဖြစ်သော ဆွမ်းချက်အိမ်ပြန်ပြီး ဘုရားပွဲလာများကို ဤသို့နှစ်စဉ် ဧည့်ခံလေ့ရှိသည်။ သူတို့ ဆွမ်းချက်ရပ်ကဲ့သို့ပင် ကောင်းမှုတော်ဝန်းကျင်ရှိ စည်တီးရပ်၊ ပုဂံရပ်၊ တင်းတိပ်နှင့် မန်ကျည်းစင်ရပ်တို့ကလည်း ထမင်းဟင်း၊ စားသောက်ဖွယ်ရာ၊ မုန့်ပဲသရေစာများဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ ကျွန်တော်တို့ နှစ်ယောက်သား စားသောက်ပြီး၍ ဘုရားဘက် ပြန်လာရာ ဘုရားရှေ့ရှိ စစ်ကိုင်း-မုံရွာ လမ်းမကြီးမှာ ကားများ၊ ဆိုင်ကယ်များ၊ ပွဲသွားပွဲလာများဖြင့် ပြည့်ကျပ်နေသဖြင့် မုခ်ဦးရောက်ဖို့ပင် အချိန်အတော်ပေးကာ စိတ်ရှည်ရှည် တိုးဝှေ့လာခဲ့ရလေသည်။



ကျွန်းမြင်းမြည် လှည်းဝိုင်းများ

www.burmeseclassic.com

မုခ်ဦးကြီးမှ အတွင်းသို့ အဝင်မှာလည်း ကြိတ်ကြိတ်တိုးပင် ဖြစ်သည်။ အာရုံခံများနှင့် ရင်ပြင်တော်ပေါ်မှာလည်း အပြည့်အသိပ်ပင်။

ပွဲတော်လာ လှည်းအများစုက လပြည့်နေ့ မနက်က ပြန်ကြပြီ။ အချို့က မပြန်ကြသေး။ လှည်းများမှာ ကောင်းမှုတော်ဘုရားနှင့် များစွာမဝေးလှသော ကျောက်ဆည်၊ ကုန်းရွာ၊ အောင်သာ၊ ရွာသစ်၊ တစ်အိမ်တည်းနှင့် စာရေးရွာတို့က လာကြခြင်းဖြစ်သည်။ ဤရွာများက တန်ဆောင်မုန်း ကောင်းမှုတော်ပွဲဆိုလျှင် နှစ်တိုင်း မပျက်မကွက် လာရောက်နေကျ ဖြစ်လေသည်။ ဟိုးယခင် အစဉ်အဆက်ကတည်းက လာခဲ့ကြခြင်း ဖြစ်သည်။ ပေါင်းမိုးတပ် လှည်းများဖြင့် တပျော်တပါးလာကြပြီး ဘုရားပတ်လည်မှ ကွင်းပြင်နှင့် အပင်ရိပ်အောက်တို့မှာ ကိုယ့်အစုနှင့်ကိုယ် လှည်းဝိုင်းဖွဲ့၍ နေကြသည်။ များစွာ မဝေးသေးသော နှစ်များဆီ ပြန်မျှော်ကြည့်လျှင်ပင် ကောင်းမှုတော်ဘုရားတွင် လှည်းတပ်ကြီးများ တပ်စွဲထားသကဲ့သို့ တွေ့မြင်ခဲ့ကြရသည်။

ယခု သည်ဘက်နှစ်များမှာတော့ ခေတ်တွေ ပြောင်းလဲတိုးတက်လာတာနှင့်အမျှ ကိုယ်ပိုင်ရှိလာသည့် ဆိုင်ကယ်များ၊ ကားများ၊ ထော်လာဂျီများဖြင့်ပါ လာရောက်လျက် ရှိကြသဖြင့် လှည်းအစီးရေလည်း လျော့နည်းလာခဲ့ပါပြီ။ လှည်းဝိုင်းဆိုသော်လည်း အားလုံးက လှည်းဝိုင်းမပီတော့ပါ။ လှည်းရော၊ ကားရော၊ ဆိုင်ကယ်ရော ဝိုင်းထိုးထားသည့် စပ်ကြားဝိုင်းဖြစ်တာက ဖြစ်ကုန်ပြီ။ တချို့ကလည်း လှည်းကို မဟုတ်တော့။ ခုတင်များ (သို့မဟုတ်) ခုတင်ပုံစံ လေးတိုင်စင်များကို ကြမ်းခင်း ခင်းကာ အပေါ်က လှည်းမှာတပ်သည့် ပေါင်းမိုးများ တပ်ထားကြခြင်းသာ ဖြစ်သည်။ အမှတ်တမဲ့ဆိုလျှင် နွားချွတ်ထားသည့် ပေါင်းမိုးလှည်းများဟု ထင်ရသည်။ သေချာကြည့်မှ လှည်းအစစ်မဟုတ်မှန်း သိရသည်။ လှည်းအစစ်တော့ ပါသည်။ ရော၍ထိုးကာ လှည်းဝိုင်းအဖြစ် ဖန်တီးထားခြင်း ဖြစ်လေသည်။ သည်ကြားထဲ အစောပိုင်းရက်များက မိုးက စွတ်ကယ်,စွတ်ကယ် ရွာနေသဖြင့် အပင်ရိပ်ကြီးများအောက်က လှည်းဝိုင်းများပင် အပေါ်က မိုးကာများ အုပ်ထားသဖြင့် မြင်ကွင်းက မရှင်းလှ။ ဓာတ်ပုံရိုက်ရန်ပင် မလှ။ ရိုက်ကွင်းကောင်းသည့် လှည်းဝိုင်းကို ကျွန်တော် မရှာနိုင်တာလည်း ပါသည်။ (ယခင်နှစ်များဆီက ကျွန်တော်ရိုက်ကူးထားသော လှည်းဝိုင်းပုံများ ထည့်ပေးလိုက်ပါသည်။ ထိုနှစ်များက ကောင်းမှုတော်ဘုရားကြီးက ထုံးသင်္ကန်းဖြူဖြူဖွေးဖွေးနှင့်ပင် ရှိသေးသည်။)

ဤသို့ လှည်းများနှင့် လာကြသည်က ဟိုးအစဉ်အဆက်ကတည်းကပင် ဖြစ်သည်။ သည်လို နှစ်တိုင်း အစဉ်အလာမပျက် လာရောက်ပြီး ကောင်းမှုတော်ဘုရားကြီးကို ဦးခိုက်ကာ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်မှလည်း ရာသီဥတုများ မျှတမှန်ကန်ပြီး တောင်သူလုပ်ငန်းများ အဆင်ပြေ အောင်မြင်မည်ဟု ယုံကြည်ကြကြောင်း သိရလေသည်။

လှည်းဝိုင်းမှ လူများက ပွဲတော်မှာ ရောက်နေချိန်အတွင်း ဇာတ်ပွဲကြည့်သူ ကြည့်သည်။ ပွဲကြည့်ဖို့သက်သက် လာကြသူတွေ ရှိသည်။ ဇာတ်နာမည်က စွမ်းသဘင်။ တစ်ယောက် (၂၀၀၀)ကျပ်။ လဆန်း(၁၃)ရက်မှ လပြည့်နေ့ထိ သုံးည ကပြသည်။ နောက် ကပြဖျော်ဖြေမှု တစ်မျိုးရှိသေးသည်။ သူတို့အမည်က မာယာသစ်။ သာမန်ပြောရလျှင် ဟိုတုန်းက မိုးကြိုးငှက်ငယ်လို မျိုးပါတဲ့။ မာယာသစ်က ကလေး (၅၀၀)ကျပ်၊ လူကြီး



စည်ကားနေသော [illegible]



www.burmeseclassic.com

www.burmeseclassic.com

(၁၀၀၀)ကျပ်။ ဒါတွေ မကြည့်ချင်သူများက မြန်မာ့ရိုးရာ လက်ဖွဲ့ကို ဝင်ကြေး(၁၀၀၀)ကျပ်ပေး၍ ကြည့်ကြသည်။ လက်ဖွဲ့ထိုးသူများတွင် အမျိုးသမီးများလည်း ပါပြီး နေ့ ခင်းမှာပါ ထိုးကြသည်။ ကလေးများကတော့ ချားစီး၊ ရဟတ်စီး။

အချို့က မိမိတို့ လှည်းဝိုင်းသို့ လာလည်သူကို အစား အသောက်များဖြင့် ဧည့်ခံကြ၊ စကားစမြည်ပြောကြသည်။ ရပ်ထဲရွာထဲက အသိမိတ်ဆွေ အိမ်များသို့ လည်ပတ်စား သောက်ကြသည်လည်း ရှိသည်။ မနက်ကျ စောစောထ၊ ကောင်းမှုတော်ဘုရား ရင်ပြင်တော်ထက် ဆွမ်းကပ်ကြ သည်။

မိမိတို့ တောင်သူလုပ်ငန်းမှာသုံးဖို့ လိုအပ်တာတွေ သည်ပွဲမှာ ဝယ်ကြရသည်။ ကြိမ်တံဖျာ၊ နွားချည်ကြိုး၊ တံစဉ်၊ ဓား၊ ဆန်ကော၊ ဆန်ခါ၊ ထန်းခေါက်တောင်း၊ ထန်းခေါက်တောင်းကိုတော့ အများအပြား ဝယ်ကြလေ သည်။ အချို့က သည်ပွဲကို တောင်းပွဲဟုပင် ကင်ပွန်းတပ် သည်။ သည်နှစ်မှာတော့ တောင်းသည်များ ရောင်းအား မကောင်းလှဟုဆိုသည်။ စစ်ကိုင်း ငါးထပ်ကြီးပွဲမှာထက် တော့ ရောင်းရပါသည်။ ကောင်းမှုတော်မှာ ထန်းခေါက် တောင်းသည် (၃၀)ကျော်သဖြင့် တစ်သည်ချင်း ရောင်း အား နည်းသွားရလေသည်။ သည်ကြားထဲ ပထမရက် များမှာ မိုးကရွာတော့ တောင်အချို့ မိုးမိပြီး ရောင်းပန်း မလှတော့သည့် တောင်းများကို ဈေးလျှော့ရောင်းလိုက်ရ တာက ရှိသေးသည်။

လွန်ခဲ့သော လေးငါးခြောက် နှစ်က ကောင်းမှုတော် ထန်း ခေါက်တောင်းသည်များကို ကျွန် တော် မေးကြည့်ခဲ့ဖူးပါသည်။ ထို အချိန်က ထန်းခေါက်တောင်းများ အတော်ပင် ရောင်းအားကောင်းခဲ့ သည်။ ရောင်းကောင်းလိုက်ပုံများ ကတော့ ပွဲတော်မပြီးခင်မှာပင် ပါလာသည့် ထန်းခေါက်တောင်း တွေ ကုန်သွားသဖြင့် ရွာမှ ထပ် သယ်ရောင်းရ သည်အထိပင် ဖြစ် သည်။ အချို့ တောင်းရက်တတ် သူများက ထန်းလျှော်များ ယူလာပြီး တောင်းရက်ရင်း၊ တောင်းရောင်းရင်း လုပ်ကြလေသည်။ ယခုတော့ ဤသို့ မဟုတ်တော့ပါပြီ။ နောက်ပြီး ကောင်းမှုတော်ပွဲထက် မင်း ကွန်း ရွှေကျွန်းပင်နတ်ပွဲက အရောင်းရဆုံးဖြစ်ပြီး ဈေး လည်း သိပ်မဆစ်ဟု ဆိုသည်။

အခြားဈေးသည်များဖြစ်သည့် ပနက္ကျူစောင်သည် များ၊ အဝတ်အထည်သည်များ၊ ကဝေ့လေးကစားစရာ အရုပ် သည်များလည်း အတော်ရောင်းရသည်ဟု သိရပါသည်။ ဖျင်ကြမ်းအင်္ကျီချုပ်ပြီး လက်ရှည်တစ်ထည် (၄၀၀၀)ကျပ်၊ ဖျင်ချောက (၅၀၀၀)ကျပ်၊ ဈေးသည်များကတော့ စုံလှ ပါ၏။ သံထည်ပစ္စည်းသည်များ၊ စဉ့်အိုးစဉ့်ခွက်သည်များ၊ စက္ကူဖြင့် လုပ်ထားသည့် ဆင်ရုပ်၊ မြင်းရုပ်၊ ဇီးကွက်ရုပ် သည်များ၊ ဒန်အိုးဒန်ခွက်နှင့် အိမ်သုံးပစ္စည်း တိုလီမိုလီ သည်များ၊ ပလတ်စတစ်ပစ္စည်းသည်များ၊ အမျိုးသမီးများ အတွက် သီးသန့်အသုံးအဆောင်၊ အဝတ်အထည်သည် များ စသည်..စသည်။ ဈေးနှုန်းတွေကလည်း အမျိုးမျိုး။ ဆိုဈေး၊ ဆစ်ဈေး၊ တစ်ခွန်းဈေး၊ ပုံမှန်ဈေး။ ပလတ်စတစ် ရေခွက်၊ ဇလုံ၊ ဆပ်ပြာခွက် စသည်ဖြင့် သုံးမျိုး တစ် ထောင်ကျပ်၊ နှစ်မျိုး တစ်ထောင်ကျပ်၊ အဝတ်အထည်များ ကြိုက်တာယူ တစ်ထည် တစ်ထောင်ကျပ်၊ တစ်ထောင့် ငါးရာကျပ်။

ဖျာသည်များ၊ ဆေးရွက်ကြီးသည်များလည်း တွေ့ရ သည်။ နန္ဒင်းတက်သည်လည်း တွေ့ရပြီး ကျောက်ဆည် ဘက်က လာသည်ဟု ပြောသည်။ တစ်ပိဿာ(၂၀၀၀)



တောင်းသက်အာရုံခံအတွင်းရှိဘုရားဖူးလာပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com

ကျပ်၊ နှင်းတက်ထည့်သည့် မီးဖိုလေးက (၁၀၀၀)ကျပ် ရောင်းဈေး၊ ဆစ်လိုက်တော့ (၈၀၀)ကျပ်နှင့်ယူပါဟု ဆိုသည်။

ပွဲတော်မဟုတ်သည့် အချိန်များပါ ဖွင့်လှစ်ရောင်းချနေသည့် ဘုရားရင်ပြင်တော်နှင့် စောင်းတန်းများမှ သနပ်ခါးတုံးသည်များနှင့် ဒေသထွက် အမှတ်တရ အဝတ်အထည်ဆိုင်များလည်း ပွဲတော်ရက်တွင် ယခင်ထက် ပိုရောင်းရလေသည်။ ကောင်းမှုတော် သနပ်ခါးက နာမည်ကြီးပါသည်။ နာမည်ကြီးသည် ဆိုသော်လည်း ကောင်းမှုတော်က ထွက်တာတော့မဟုတ်။ အရာတော်သနပ်ခါးပင် ဖြစ်သည်။ အရာတော်နယ်မှ ခြံပြတ် ဝယ်ယူပြီး ပြန်ရောင်းကြခြင်း ဖြစ်လေသည်။ ခြံပြတ် တစ်ခါဝယ်လျှင် သိန်းတစ်ရာဖိုး၊ သိန်းတစ်ရာ့ငါးဆယ်ဖိုးခန့်ပင် ရှိသည်ဟု ဆိုလေသည်။ အချို့ လက်ငင်းဝယ်ကြသည်။ အချို့က တော့ ရက်ဆိုင်းပြီးမှ ငွေရှင်းကြသည်။ ဤသို့ သနပ်ခါးတုံးက အရင်းအနှီးကြီးသဖြင့် အချို့အသည်များ လျော့သွားပြီး အထည်သည်များ တိုးလာသည်ဟုဆိုသည်။ ယခု ကောင်းမှုတော်ဘုရားမှာ သနပ်ခါးတုံးသည် အသည်(၅၀)လောက် ရှိပါမည်။

သနပ်ခါးတုံးသည် တစ်သည်၏ ရောင်းအားကို မေးကြည့်မိပါသည်။ ယခု ပွဲတော်ရက်တွင် တစ်ရက် ငါးသိန်း၊ ခြောက်သိန်းဖိုးလောက် ရောင်းရပြီး တောင်ပြုံးရာသီဆိုလျှင် ပိုရောင်းရသည်။ တောင်ပြုံးပွဲရာသီတွင် ကောင်းမှုတော်မှာလည်း အနယ်နယ်အရပ်ရပ်က ဘုရားဖူးများဖြင့် စည်ကားနေတတ်ပြီး တစ်ရက်တည်း ငွေ(၁၀)သိန်းဖိုးလောက်ထိရအောင် သနပ်ခါးတုံးများ ရောင်းရတတ်သည်။ အခြားနယ်များကထက် ရန်ကုန်၊ မော်လမြိုင်ဘက်က ဘုရားဖူးများက အတော်ကြိုက်ကြပြီး သူတို့က တစ်ယောက်တည်းကို တစ်သိန်း၊ နှစ်သိန်းဖိုးလောက် ဝယ်တတ်သည်ဟု သနပ်ခါးတုံးသည် မိန်းမကလေးက ရှင်းပြနေသည်။ ဟုတ်မှာပါ။ မိမိတို့ ဝန်ထမ်းများပင် ရန်ကုန်သွားခါနီးလျှင် လက်ဆောင်ပဏ္ဏာအလို့ငှာ ကောင်းမှုတော် သနပ်ခါးတုံးများ အပြေးအလွှား ဝယ်သွားကြရသည်။ သနပ်ခါးဈေးနှုန်းများမှာ အတုံးသေးတစ်စည်းကို အပွေးပါး (၄၅၀၀)ကျပ်၊ အပွေးထူ (၅၅၀၀)ကျပ်၊ အခြမ်းများက (၁၃၀၀)ကျပ်၊ (၁၈၀၀)ကျပ်၊ (၂၅၀၀)ကျပ်၊ ရှယ်ခြမ်း(၃၅၀၀)ကျပ် ဖြစ်သည်။ အရှည်က တစ်တုံးချင်း (၆၅၀၀)ကျပ်မှ (၁၂၀၀၀)ကျပ်ထိ ရှိလေသည်။

ကောင်းမှုတော်ဘုရားပွဲတော်ကြီးမှာ ရောင်းမကောင်း၍ ရှုံးသောဈေးသည် မရှိဟု ပြောကြသည်။ ကောင်းမှုတော်မှာ နှစ်ပေါက် ဈေးရောင်းသော ဈေးသည်တစ်ဦးက ဘုရားက ပစ်မထားပါဘူး။ ဒီနေ့ တောင်ဘက်မုခ်က ရောင်းရရင် နောက်နေ့ အနောက်ဘက်မုခ်က ရောင်းရတယ်။ အနည်းဆုံးတစ်ရက်ကတော့ ကောင်းကောင်းရောင်းရပြီး အလုပ်ဖြစ်ပါတယ်ဟု သူ့ယုံကြည်မှုနှင့် အတွေ့အကြုံကို ပြောပြသည်။

စစ်ကိုင်းအမှတ်တရ တီရှပ်များ အဓိကရောင်းသော ဈေးသည်တစ်ဦးကလည်း ကောင်းမှုတော်ဘုရားကြီးက တန်ခိုးကြီးသောကြောင့် ကောင်းစွာရောင်းရကြောင်း ပြောဖူးပါသည်။


ထန်းခေါက်တောင်းရောင်းတန်း

စစ်ကိုင်းအမှတ်တရ တီရှပ်များမှာ စစ်ကိုင်းမြို့တည်နန်းတည် အနှစ်(၇၀၀)ပြည့် ပွဲတော်ကြီး ကျင်းပချိန်လောက်ကစ၍ ထုတ်လုပ်ရောင်းချလာကြခြင်း ဖြစ်သည်။ တီရှပ်ရောင်စုံများအပေါ်၌ စစ်ကိုင်းမြို့ကို စတင်တည်ထောင်သူ အသင်္ခယာစောယွမ်းမင်းပုံနှင့် စစ်ကိုင်းတံတား၊ စစ်

www.burmeseclassic.com



သနပ်ခါးကျောက်ပျဉ်ကြီးများနှင့် သနပ်ခါးလှီးနေသော အမျိုးသမီးများ

တိုင်းတောင်ပုံများ ရိုက်နှိပ်ထားသည်။ ယောကျ်ား၊ မိန်းမ နှစ်မျိုးလုံးအတွက် ကလေးဝတ်၊ လူကြီးဝတ် အရွယ်စုံ၊ ဒီဇိုင်းစုံ ရှိပါသည်။ ဘုရားရင်ပြင်ပေါ်မှ နှစ်ပေါက်ရောင်းသည့် အထည်ဆိုင်များမှာ စစ်ကိုင်းအမှတ်တရ တီရှပ်များအပြင် ချင်းမိုင်ထည်များ၊ ခရုတ္တူထည်များ၊ တာချီလိတ်ထည်များလည်း ရနိုင်ပါသည်။ နောက်ပြီး ဘုရားအနီး မကျည်းစင်ရပ်မှ ထွက်ရှိသော ကြိမ်ထည်ပစ္စည်းသည်များလည်း အမြဲတမ်း ဖွင့်လှစ်ရောင်းချကြသည်။ ပွဲတော်မဟုတ်သော်လည်း အမြဲတမ်း ရောင်းချနေသည့် ဈေးသည်များလည်း ဘုရားပွဲကာလ၌ ပို၍ရောင်းအားကောင်းကြလေသည်။

ဘုရားဂေါပက တစ်ဦးကတော့ ဤပွဲမှာ တောပွဲဖြစ်သောကြောင့် ဈေးသည်များ၊ လှည်းများ လာနိုင်အောင် စီစဉ်ပေးလျက်ရှိကြောင်း၊ ဈေးဆိုင်ခန်းခဆိုလျှင် အခြားနာမည်ကြီး ဘုရားပွဲများမှာထက် များစွာသက်သာအောင် သတ်မှတ်ပေးထားကြောင်း ပြောပါသည်။ ဆိုင်ခန်းဈေးနှုန်း သက်သာသည်မှာ ဟုတ်မှန်ကြောင်းနှင့် ဂေါပကနှင့် ပြောဆိုဆက်ဆံရေးလည်း အဆင်ပြေကြောင်း ဈေးသည်များက ပြောပါသည်။ မန္တလေး ကျောက်တော်ကြီးဘုရားပွဲအခါ သွားရောက်ရောင်းချလေ့ရှိသည့် ဈေးသည်တစ်ဦးက ကျောက်တော်ကြီးပွဲသည် ကောင်းမှုတော်ပွဲထက် ဆိုင်ခန်းခ၊ အပေါ့အပါးသွားခ၊ ရေချိုးခနှင့် လျှပ်စစ်မီးဖိုးများ ပိုကြီးကြောင်း သူ့ကိုယ်တွေ့ကို ပြောပြလေသည်။

ဘုရားပွဲလာ တစ်ဦးကတော့ သူ့အမြင်ကို ပွင့်လင်းစွာပင် ပြောသွားသည်။ ဘာမှလုပ်မနေနဲ့။ ဇာတ်ကောင်းကောင်းသာထည့်။ ဒီလိုမှမဟုတ်ရင် ပွဲက ပျက်တော့မယ်။ လူတွေက သူက စောစောက ပြောသလို ဇာတ်ပွဲကြည့်ဖို့ သက်သက် လာသူလား၊ ဒါမှမဟုတ် ဇာတ်ပွဲကောင်းကောင်းထည့်မှ ဘုရားပွဲစည်ကားမည်ဟု ယူဆသူလား မသေချာစပြောတတ်ပါလေ။

**ဂျွန်ကောလင်း**

**ကိုးကား**

၁။ စေတီယကထာမည်သော ရာဇဝင်ချုပ် (မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီး)။

၂။ မဟာရာဇဝင်သစ်(ညောင်ရမ်းဆက်) တတိယတွဲ၊ (တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို) (ဦးသိန်းလှိုင် တည်းဖြတ်)

၃။ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီး၏ သမိုင်းလင်္ကာကျောက်စာတော် မူရင်းနှင့် ဒါဌာဓာတုဝင် စွယ်တော်စစ်မှတ်တမ်း (အိမ်ဖြူတောရဆရာတော် အရှင်နာဒီပ စီစဉ်)။

၄။ ဗုဒ္ဓစွယ်တော်စစ် ကိန်းဝပ်စံပယ်တော်မူသော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီးသမိုင်း (ဦးစောမြင့်)။

၅။ စစ်ကိုင်း ဝါတွင်းဘုရားစဉ်ဆွမ်းတော်ကြီးသမိုင်း (သမြူးမြသောင်း၊ ဓမ္မာစရိယ)။


၆။ မြတ်စွယ်တော် (ဒေါက်တာသန်းထွန်း) ကလျာမဂ္ဂဇင်း၊ အမှတ်(၁၉၇)၊ (၂၀၀၁)ခုနှစ်၊ ဇူလိုင်လ။

၇။ အနောက်ဘက်လွန်မင်း (၁၆၀၇–၂၈)နဲ့ သာလွန်မင်း (၁၆၂၈–၄၈)၊ ဒေါက်တာသန်းထွန်း၊ ကလျာမဂ္ဂဇင်း (၂၀၉၊ ၂၀၀၂)ခုနှစ်၊ ဇူလိုင်လ။

၈။ ရာဇမဏိစူဠာစေတီသမိုင်း [(မြန်မာသမိုင်းအဖွဲ့ဝင်၊ ဒေါ်အုန်းကြည်) (မြန်မာသမိုင်းအဖွဲ့ဝင်၊ ဒေါ်အုန်းကြည်၏ လက်ရွေးစင်စာတမ်းများ (၂၀၀၄)]။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆင့်မစေတီ (ကျောက်တုံးပေါ်မှ မြင်ရပုံ)

ကိုမိုး(ရွှေပြည်သာ)

# ပုပ္ပားတောင်မကြီး၏ အရှေ့ဘက်တောင်ခြေ တောင်ကလပ်၏ အနောက်မြောက်ဘက်ရှိ

# ကျောက်ဆင့်မ (ပုပ္ပားကျိုက်ထီးရိုး) စေတီ

စာရေးသူသည် (၁-၁၂-၂၀၁၆)ရက်နေ့က ပုပ္ပားတောင်သို့ ခရီးစဉ်တစ်ခု လိုက်ပါခွင့် ရခဲ့ပါသည်။ မိမိအနေဖြင့် ကျိုက်ထီးရိုးစေတီကဲ့သို့ ကျောက်တုံးပေါ် တည်ထားသော စေတီများကို မွန်ပြည်နယ်တစ်ဝိုက်၌သာ တွေ့ခဲ့ရဖူးပါသည်။ ယခု ပုပ္ပားတောင် တောင်အဝန်းအဝိုင်း၌လည်း ကျိုက်ထီးရိုးကဲ့သို့ စေတီတစ်ဆူ ရှိနေခြင်းဖြစ်ရာ ထိုတောင်တန်း၌ စေတီတော်ထီးတင်ပွဲကိစ္စအတွက် ဗဟုသုတအဖြစ် လိုက်ပါခဲ့ခြင်းဖြစ်သည်။

ကျောက်ပုံရွာအဝင်မှ ပုပ္ပားတောင်ကြီးကို ကားပေါ်မှ လှမ်းမျှော်ကြည့်လျှင်ပင် တောင်တန်းများအကြား သီးခြားတောင်ထိပ်တစ်ခု၌ ပုပ္ပားကျိုက်ထီးရိုး ကျောက်ဆင့်မစေတီကို ဖူးတွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ဒီဇင်ဘာလ (၁)ရက်က ထိုကျောက်ဆင့်မစေတီ ပရိဝုဏ်အတွင်း အမိဋ္ဌာန်ရုပ်စေတီအဖြစ် တည်ထားကိုးကွယ်မည့် ကျေးဇူးတော်ဆပ်မြတ်စေတီ ရွှေထီးတင်ပွဲ အခမ်းအနားသို့ သွားခဲ့ရင်း ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဒဂုံမြို့သစ်မြောက်ပိုင်းမှ စတွက်လာသော ကိုယ်ပိုင်ကားလေးတွင် မဟာအောင်ဗောဓိအနန္တသိဒ္ဓိရှင် ထီးတင်အဖွဲ့ နာယကအဘဦးငြိမ်း၊ လှိုင်မြို့နယ်မှ ဦးအောင်ထွန်းတို့လည်း အတူလိုက်ပါခဲ့ကြခြင်းဖြစ်သည်။

ဒီဇင်ဘာလ(၁)ရက် ည(၁၁)နာရီကျော်ကျော်တွင်မှ ကျောက်ဆင့်မတောင်သို့ ရောက်ခဲ့ကြသည်။ ထိုနေ့ ကျောင်းတိုက်မှ နေရာပေးသော အဆောင်တွင် ညအိပ်

www.burmeseclassic.com

ခဲ့ကြပြီး နံနက်မိုးလင်းမှ ပုပ္ပား တောင်ဒေသတချို့ကို လေ့လာကြည့်ရှုပြီး ဓာတ်ပုံမှတ်တမ်းများ အရယူခဲ့ပါ၏။

ကျောက်ပန်းတောင်းမြို့နယ်သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တွင်ပါဝင်ပြီး ပုပ္ပားတောင်၏ တောင်တန်းဒေသများ၊ အဝန်းအဝိုင်းများဖြင့် ဖွဲ့တည်ထားသော မြို့နယ်ဟုပင် ပြော၍ရနိုင်ပါသည်။ ပုပ္ပားတောင်ကြီးက ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် (၁၀)မိုင်ခန့်တွင် တည်ရှိပါသည်။



ကျောက်ဆင့်မစေတီ

ပုပ္ပားတောင်ကို တောင်ပုတောင်၊ တောင်လှတောင်၊ ရွှေတွင်းတောင်၊ ငွေတွင်းတောင်၊ မြောက်နားတောင်၊ အလယ်တောင်၊ တောင်နားတောင်၊ မြက်သောက်တောင်နှင့် ရသေ့တောင်ဟုဆိုသော တောင်(၉)လုံးက ဝန်းရံလျက်ရှိနေပြီး အရန်တောင်ပေါင်းမှာ (၆၀)ကျော်ရှိသည်ဟု သိရပါသည်။ အမှတ်အသားပြု၍ရသော တောင်ရန်ပေါင်းက (၁၀၀)ခန့်ရှိသည်ဟု ဆိုပါသည်။


မှန်ပြတောင် (ခေါ်) ငှက်မနားတောင်အထိ (၄၉၈၁) ပေမြင့်ပြီး ပုပ္ပားတောင်ကလပ်က (၂၄၁၇)ပေအမြင့် ရှိပါသည်။

စာရေးသူတို့ ရောက်ရှိခဲ့သည့် ကျောက်ဆင့်မတောင်က ပေ(၂၀၀၀)နီးပါးသာ အမြင့်ရှိသည်။ ပုပ္ပားတောင်ကြီး၏ တောင်ခြေတစ်နေရာသာ ဖြစ်သည်။ ကျောက်ဆင့်မတောင်၏ ဝန်းအဝိုင်း၌ နတ်ကန်လည်ရွာ၊ ... ရွာ၊ ဆည်ရွာ၊ ပျဉ်မကြီးရွာနှင့် ချောက်တောရွာတို့ တည်ရှိသည်။ ကျောက်ဆင့်မစေတီသည် ရှေးယခင်ကာလများကတည်းက တည်ရှိနေခဲ့ပြီး သမိုင်းမှတ်တမ်းအထားများမရှိကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်(၅၀)ခန့်က ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားဒေသ၊ လက်ပံများရွာနေ ဦးအောင်ခင်(ပုပ္ပား)က ချုံနွယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးနေသော ရှေးဟောင်းစေတီတော် ကျောက်ဆင့်မတောင် သာသနာ့နယ်မြေကို ရှင်းလင်းဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဦးအောင်ခင်(ပုပ္ပား)က ရသေ့ရဟန်းဘဝ ဦးအာဒိစ္စဘွဲ့ ခံယူ၍ (၁၀)နှစ်ကျော် နေထိုင်တရားကျင့်ခဲ့ပါသည်။

ထိုသို့ စေတီတော်နှင့် သာသနာ့နယ်မြေအဖြစ် ဖော်ထုတ်ပေးခဲ့ပြီး သာသနာပြု ရဟန်းတော်တစ်ပါးနှင့် လွှဲအပ်ခဲ့ကာ ဦးအောင်ခင်က ရန်ကုန်မြို့တွင် အခြေချနေထိုင်ခဲ့သည်။


ကျောက်ဆင့်မစေတီသည် ကျောက်တုံးများပေါ်တွင်



ကျောက်ဆင့်မစေတီနှင့် ကျေးဇူးတော်ဆပ်မြတ်စေတီ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ဆပ်မြတ်စေတီ ရွှေထီးတော်များ တင်ဆောင်နေစဉ်

နောက်ထပ်ကျောက်တုံးကြီးတစ်တုံး တင်ထား၍ စေတီတည်ထားခဲ့ကာ ရှေ့ပဒေတာဟာလကတည်းက ကျောက်များ အဆင့်ဆင့်မ,တည်ထား၍ ကျောက်ဆင့်မဘုရား၊ ကျောက်ဆင့်မစေတီဟုခေါ်ကြောင်း ရွာခံများက ပြောကြားခဲ့ကြပါသည်။ စေတီတော်ကြီးကို ပြန်လည်ဖော်ထုတ်ပေးခဲ့သော ဦးအောင်ခင် ရဟန်းကြီး ဦးအာဒိစ္စက ပုပ္ပားဦးစေတီ၊ ပုပ္ပားကျိုက်ထီးရိုး၊ အညာကျိုက်ထီးရိုး ဟုလည်း အမည်ပေးခဲ့ပါ၏။

ယခင်က ကျောက်ပန်းတောင်းမြို့နယ်ပိုင် ဦးအောင်ကြည်က တရားအားထုတ်ကျင့်ကြံခဲ့ဖူးရာ ဦးအောင်ကြည် အဓိဋ္ဌာန်ဂူကိုလည်း စေတီပရိဝုဏ်၌ တွေ့ကြရမည် ဖြစ်ပါသည်။



ကျေးဇူးတော်ဆပ်မြတ်စေတီ ထီးတင်အပြီး ပူဇော်နေကြသူများ

ယခင်က ဆရာတော်ဦးဥတ္တမ (ယခု ဇင်းကျိုက်ဆရာတော်ကြီး) (၆)နှစ်ခန့် နေထိုင်ကာ တရားကျင့်ကြံခဲ့ကြောင်းလည်း သိရှိရသည်။ စေတုတ္တရာမှ ရဟန်း ဦးပါမောက္ခက (၂၀၀၀)ပြည့်နှစ်ခန့်တွင် တရားကျင့်ခဲ့ကာ အောင်မြေဌာနဖြစ်ခဲ့ကြောင်း ယခုလက်ရှိ ကျောက်ဆင့်မ သာသနာ့နယ်မြေကို တာဝန်ယူထားသူ ရဟန်းကြီး ဦးအာဒိစ္စ(ပုပ္ပား ဦးအောင်ခင်)က စာရေးသူအား ရှင်းပြခဲ့ပါသည်။

ကျောက်ဆင့်မ ဘုန်းတော်ကြီးကျောင်းနှင့် သာသနာ့နယ်မြေကို ယခင်က ဆရာတော်ဦးနာဂိန္ဒ စောင့်ရှောက်ထိန်းသိမ်းခဲ့၍ လူ့ဘဝမှ ရဟန်းဘောင် ဝင်ရောက်ခဲ့သူ ပုပ္ပား ဦးအောင်ခင် (ခေါ်) ဆရာတော် ဦးအာဒိစ္စမှ (၂၀၁၄)ခုနှစ်တွင် ပုပ္ပားသို့ ပြန်ရောက်လာခဲ့ပြီး ကျောက်ဆင့်မ သာသနာ့နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိနေပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မဟာအောင်ဗောဓိ အနန္တသိဒ္ဓိရှင် ကုသိုလ်ပြု ရွှေထီးတော်တင် (ရှမ်းအဖွဲ့) ဆရာဦးဌေးအောင်ကျော်သည်လည်း ကျောက်ဆင့်မ သာသနာ့နယ်မြေတွင် နေထိုင်၍ အဓိဋ္ဌာန်ဝင်ခြင်းများ၊ ဆရာသမားများ၏ လေ့ကျင့်ပေးမှုများ ခံယူကာ တရားကျင့်ခဲ့ဖူး၍ အောင်မြေဌာနတစ်ခုပင် ဖြစ်ပါသည်။ ဖခင်ဆရာကြီး ဦးဝင်းမြင့်နှင့် မိခင် ဒေါ်တင်မြိုင်တို့အား အမျှူးထား၍ ဆရာသမားများအားလုံး ကျေးဇူးရှိခဲ့ဖူးသော ဆရာကျေးဇူးရှင်များကို ကျေးဇူးဆပ်သည့်အနေဖြင့် ကျေးဇူးတော်ဆပ်မြတ်စေတီနှင့် အဓိဋ္ဌာန်ဂူကို တည်ဆောက်လှူဒါန်းခဲ့ကာ ယခုကဲ့သို့ ရွှေထီးတော်တင်ပွဲ ကျင်းပဆောင်ရွက်ခြင်း ဖြစ်သည်။

မဟာအောင်ဗောဓိ အနန္တသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com

ရှင် ထီးတော်တင် ရှမ်းအဖွဲ့က ယခုအခါ ကျေးဇူးဆပ်သည့်အနေဖြင့် တည်ထားပူဇော်သည့် ကျေးဇူးတော်ဆပ် မြတ်စေတီ တည်ထားရန် အစီအမံများ ရေးဆွဲခဲ့ရာတွင် ရှေးဟောင်းဘုရား ကျောက်ဆင့်မစေတီ၏ အထက်ပိုင်းကျောက်တုံးနှင့် စေတီကို ပြုပြင်မွမ်းမံခြင်း၊ ရွှေသင်္ကန်း ဆေးခြယ်ပြုပြင်ခြင်း၊ အနေကဇာတင်ခြင်းတို့ကိုပါ ကြိုတင်လုပ်ဆောင်ခဲ့ပါသည်။


ရောဂါရှာဖွေပေးတော်မူသော ဆုံကုန်းဆရာတော်

ကျောက်ဆင့်မစေတီသည် အောက်ခံကျောက်တုံးကြီးက ပေ(၂၀)ခန့်မြင့်မားပြီး ဆင်ရုပ်သဏ္ဌာန်တူသောကြောင့် ကျောက်ဆင်မဘုရားဟုလည်း ခေါ်ဆိုကြကြောင်း ဒေသခံများက ပြောဆိုခဲ့ကြပါသည်။ ကျောက်ဆင့်မတောင်၌ တရားကျင့်ဥာနလိပ်ဂူ၊ ကျီးကန်းပါးစပ်ဂူတို့လည်း ထူးခြားစွာ သဘာဝအတိုင်း ဖြစ်တည်လျက် ရှိပါသည်။

ပုပ္ပားဒေသတစ်ဝိုက်က ငှက်ပျောသီး၊ သင်္ဘောသီး၊ ဩဇာသီး၊ မာလကာသီး အစရှိသဖြင့် အသီးအနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိနေပြီး ပုပ္ပားတောကြီးတန်းထဲရှိ ဆေးဖက်ဝင်သစ်ပင်၊ သစ်မြစ်၊ သစ်ဥ၊ သစ်သီးတို့ကလည်း လူသားနှင့် သတ္တဝါများ အကျိုးအတွက် အသုံးဝင်လျက် ရှိနေပါသည်။

ထီးတော်တင်အဖွဲ့၏ ခရီးစဉ် လိုက်ပါခွင့်ပေးမှုကြောင့် စာရေးသူအနေနှင့် (၁-၁၂-၂၀၁၆)ရက်နေ့မှ (၅-၁၂-၂၀၁၆)ရက်နေ့အထိ ကျေးဇူးတော်ဆပ် မြတ်စေတီ၏ ဥာပနာပိတ်ပွဲ၊ စေတီထီးတင်ပွဲများကို တွေ့ဆုံကြုံခွင့် ရခဲ့ပါသည်။

စေတီတော်ထီးတင်ပွဲ၌ ပင့်သံဃာများကို ပင့်ဖိတ်ခဲ့၍ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ ပရိတ်တရားတော်များ ပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြ၍ ဆုံကုန်းကျောင်းဆရာတော်က သာဓုအနုမောဒနာတရား ချီးမြှင့်ခဲ့ကာ ရွာနီးချုပ်စပ်ရှိ ပြည်သူများကို မုန့်ဟင်းခါး(မုန့်သက်ရှည်) စတုဒိသာ ကျွေးမွေးလှူဒါန်းမှု ပြုခဲ့ကြပါသည်။ ပုပ္ပားတောင် ကျောက်ဆင့်မ သာသနာ့နယ်မြေ ရောက်ခွင့်ကြုံခဲ့ရပြီး ဒေသထွက် အသီးအနှံနှင့် ဆေးမြစ်များ လက်ဆောင်ပေးခဲ့၍လည်း ဝမ်းသာကြည်နူးမှု ဖြစ်ရပါသည်။

ဆည်ရွာမှ ဦးသိန်းရွှေ ရေးသားစပ်ဆိုထားသော ဒေသအလှ လင်္ကာကဗျာလေးကလည်း ကြည်နူးကျေနပ်စရာကောင်းပါ၍ ယခုဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်ရပါသည်။


ဒိန်းမှုတော်အား ဆရာတော်ထံ ဆက်ကပ်

www.burmeseclassic.com

www.burmeseclassic.com


အဓိဋ္ဌာန်ဂူတွင် တော်ရှိသည့် အဘဘိုးမင်းခေါင်ရုပ်တု

* ဥယျာဉ်မှာသရက်
ရောယှက်ပိန္နဲ၊
ငှက်ပျောမာလကာ၊
ဩဇာနဲ့ ရှောက်ချို၊
သံပရို သံပရာ၊
နဂါးမောက်နဲ့ သဘော်၊
လိုရာသုံးစေဖို့၊
လေးလုံးပြွတ် ငါးလုံးပြိုင်၊
အခိုင်အဖီး သီးပွင့်စုံလင်။
* လေသင့်မွှေးကြူ
ဖက်ဆွတ်ဖြူပုံအာ၊
ဒေါနနဲ့ ဒေလီယာ
စံပယ်ကြက်ရုံး၊
ဂမုန်းခတ္တာ၊
အင်ကြင်းနဲ့ စကားဝါ၊
လှပျိုဖြူ ကညာ့ခင်တို့၊
လိုရာပန်ဆင်ကြဖို့။
* စကားကုံးပန်းစံပယ်၊
အသွယ်သွယ် အဝဝ၊
လှဆိုသမျှ ထိပ်ခေါင်တင်၊
ခုံးမျက်တောင်တွင် မင်ရောင်နှင့်သား၊
ဆေးပန်းချီ ရေးထားသလို၊
ပါးပါးနုနု ပုတိုတာမပါ၊
သင့်တင့်အရပ်၊ မတ်ခနဲမြင်လိုက်ရင်၊
လွမ်းစိတ်နဲ့ မျှော်ရလိမ့်မယ်။
* ဒက္ခိဏဒီသာ
သပြေထွန်းတဲ့ ကျွန်းဒီပါ၊
ပေါ်ဝင်ကိုးပါး တစ်ပါးအရ၊
လေးပါးအတိတ် လေးမည်ဟိတ်နှင့်၊
* မြတ်လှဒွေးဖြူ မောင်မှုတင့်တယ်၊
ဖျဉ်းကြီးဖျဉ်းငယ် မင်းနှစ်သွယ်၊
တန်ခိုးကြွယ်သည့် ရှစ်ထွေမျက်နှာ၊
ဖြာဖြာစီးကျ ရေပန်းခ၍
မောင်နှမနတ် စောင့်ထိန်းကြသည်၊
တောင်ဝယ်ပုပ္ပား အရှေ့ဖျားမှာ။
* ရှေးပဝေသဏီ တည်သူမသိ၊

## ပုပ္ပားတောင်ရဲ့ အနောက်မြောက်ဘက်ဒေသအလှ

* စိမ်းစိမ်းညို့ညို့ မှိုမှိုမှိုင်းမှိုင်း၊
ကျောက်တံတိုင်းပတ်ရံကာ၊
လျှံထိန်ဝါ တညီညီ၊
ထွက်ရေယာဉ် တသွင်သွင်စီးလို့၊
ရှုမငြီးကွဲ့ အံ့စရာ။


ကျောက်ဖူးတော်ဆိပ် မြတ်စေတီ ထီးတော်တင်ပွဲ ရှိသော်သူများ



www.burmeseclassic.com

www.burmeseclassic.com

ရှိပြီးဖြစ်သော၊
ပွေလီရှပ်ထွေး ထူးခြားအံ့ဖွယ်၊
ကျောက်ဆင့်မဘုရား၊
ကျောက်တုံးပေါ်က စေတီကို၊
ပြန်လည်ဖော်ထုတ် စောင့်ရှောက်တည်ခဲ့၊
တရားအရှင် ဦးအောင်ခင်သည်၊
ရဟန်းအမည် ဦးအာဒိစ္စ၊
အမည်ရပြီး၊
ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ၊
သမထဘာဝနာ ပွားများရှာသည်၊
ကျောက်ဆင့်မတောင်၊
သာသနာရောင် ထိန်ဝါတောက်ပ၊
ရှိခဲ့ရ။
* ကျောက်ဆင့်မ အရှေ့နှစ်မိုင်အကွာမှာ၊
ရွှေဆည်ရွာ၊
မြောက်နှစ်မိုင်ကျော်မှာ နတ်ကန်လည်ရွာ၊
အရှေ့မြောက်သုံးမိုင်အခေါ်၊
ကူလည်ကျောက်ခက် ရွာချင်းဆက်သည်၊
တောင်ဘက်နှစ်မိုင် ကွင်းပြင်အနီး၊
ပျဉ်မကျီးရွာတို့ ဝန်းပတ်ရံထား၊
ရှိနေပါသည်၊
ပုပ္ပားတောင်ရဲ့ အနောက်မြောက်ဘက် ဒေသအလှ။

**ဦးသိန်းရွှေ(ဆည်ရွာ)**

ကျောက်ဆင့်မစေတီသို့ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း ကျောက်ပုံ(တ)လမ်းဆုံမှ ပုပ္ပားတောင်အတွင်းပိုင်း (၈)မိုင်ခရီး ကားလမ်းဖြင့် ဝင်ရောက်နိုင်ပါသည်။ စေတီတော်၏ ပရိဝုဏ်အတွင်း ရောက်ရှိလေ့လာလိုသူများ၊ တရားကျင့်နေထိုင်လိုသူများ ဆရာတော်ဦးအာဒိစ္စ (ပုပ္ပား ဦးအောင်ခင်) ဖုန်း(၀၉ ၇၈၂၈၄၃၅၂၀)သို့လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်နေ ဦးမိုးမြင့် ဖုန်း(၀၉ ၇၈၇၆၀၀ ၇၃၉)ထံသို့လည်းကောင်း ဆက်သွယ်မေးမြန်း အကူအညီတောင်းခံနိုင်ပါကြောင်း။

**ကိုမိုး(ရွှေပြည်သာ)**



မှတ်ပုံတင်ပြီး

'အမေ့ဆေး'
အမှတ်တံဆိပ်

ဆီးချို သွေးချို
သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဆိုင်ခွဲ အမှတ် (၃၀)၊ (၀၂၂)လမ်း၊
ရေတွင်းတုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့ အနယ်နယ်ရှိသော
ဆေးကုမ္ပဏီဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်သည် ရေလမ်း၊ ကုန်းလမ်းဖြင့် ခရီးလမ်းသင့်ပြီး ရေထွက်ပစ္စည်းနှင့် စိုက်ပျိုးသီးနှံဖြစ်ထွန်းရာ ဒေသဖြစ်သောကြောင့် ဖွံ့ဖြိုးစည်ပင်သော မြို့နယ်ဖြစ်ပါသည်။ ထို့အပြင် သာသနာရေးရာနှင့်ယှဉ်သော ဘုရား၊ စေတီများနှင့် သာသနာကြွယ်ဝသော မြို့နယ်လည်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် အခါက (၁၉၇၃)ခုနှစ်တွင် သာသနာအတွက် အထောက်အပံ့ဖြစ်လာမည့် ဘုရားရုပ်ပွားတော်တစ်ဆူ ပေါ်ထွန်းခဲ့ပါသည်။ ရွာအမည် ဥယျာဉ်ဝဟုခေါ်သောဒေသရှိ ဥယျာဉ်ဝချောင်း၊ ပန်းတပွတ်ချောင်းနှင့် ကျိုက်လတ်မြစ်တို့ သုံးပွင့်ဆိုင် အရပ်တွင် လယ်ယာမြေစိုက်ပျိုးရန် ချုံနွယ်များ ရှင်းလင်းသူ လယ်သမားကြီး ဦးပန်းစိန်မှ ပေါ်တော်မူရုပ်ပွားဆင်းတုဟု ခေါ်ရမည့် ရုပ်ပွားတော်မြတ်တစ်ဆူကို တွေ့ခဲ့ပါသည်။

မြမဥ္ဇူဝေ(ကျုံမငေး)


# မောင်းတော်ချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒ၏

## ကျိုက်လတ်မြို့နယ်

# ဥယျာဉ်ဝပေါ်တော်မူ သတ္တဌာန သာသနာပြု




ကျိုက်လတ်မြို့ ဥယျာဉ်ဝပေါ်တော်မူဘုရားကုန်းမြေမှ ပထမဆုံးတွေ့ရှိရသော တန်ခိုးကြီး ပေါ်တော်မူရုပ်ပွားတော်



မဟာဗောဓိဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပင်နှင့် ဘုရားလေးဆူ ပွင့်တော်မူ

ဦးပန်းစိန်အဖို့ ဗုဒ္ဓသာသနာကို ယုံကြည်ဆည်းကပ်သူဖြစ်၍ သယ်ယာမြေ၌ပင် မြင့်မြတ်သော အဆောင်အယောင်ပြုကာ ကိုးကွယ်ထားပြီး နေ့စဉ် ဆွမ်း၊ ရေချမ်း ကပ်လှူခဲ့၏။ ထို့အပြင် ထူးခြားမှုနှင့်ပါ ကြုံရသည်မှာ မိမိ ကပ်လှူမီ ဆွမ်းပွဲနှင့်အတူ ကြာပန်း(၇)ပွင့်က ဦးစွာ ကပ်လှူထားပြီး တွေ့နေခဲ့ရလေသည်။ ထို့ကြောင့် ထူးခြားသော ရုပ်ပွားတော်ဖြစ်ကြောင်း သတ်မှတ်ကာ ကျွန်းကလေးရွာ ဘုန်းတော်ကြီးကျောင်း၏ မြေစိုက်စေတီငယ်တွင် ခေတ္တသီတင်းသုံးရန် ပင့်ဆောင်သွားခဲ့၏။


အချိန်အားဖြင့် (၄)ရက်လွန်လာသောအခါ ကျွန်းကလေး ဆရာတော်က ဦးပန်းစိန်အား ရုပ်ပွားတော်မြတ်အား လာရောက်ပင့်ဆောင်ပါရန် အကြောင်းကြားခဲ့ရာ ရွာလူကြီးများနှင့်အတူ ဆရာတော်ထံ ရောက်ခဲ့၏။

ထိုအခါ ဆရာတော်က–

"ဒကာကြီးတို့ ဘုရားရောက်တဲ့ ညမှာပဲ ဘုန်းကြီးလည်း တစ်ညလုံး မကျိန်းစက်ရဘူး။ ညမှောင်လာတာနဲ့ ကျောင်းခြံထဲက ငှက်ပျောပင်တွေနားက လူအများ လာ




ဥဿာဥ္စဝပေါ်တော်မူရွှေသိမ်တော်ကြီး



တံပွင့်ဆုတောင်းပြည့် မာဃဘုရား

www.burmeseclassic.com

www.burmeseclassic.com



သတ္တဋ္ဌာနဘုရားများ တည်ထားခဲ့သော
ဖောင်းတော်ချုပ်ဆရာတော်
ဘဒ္ဒန္တနန္ဒအရှင်မြတ်

သလို အုံးအုံးကျွက်ကျွက် စကားပြောသံတွေကို ကြားရပြီး ထွက်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရဘူး။ ဒါနဲ့ ကျိန်းမလို့ ကျော့ဖ်းထဲပြန်ဝင်၊ တုံးလုံးလှဲလိုက်တော့ စောစောက ကြားရတာထက် ပိုဆူလာပြန်ရော။ ဒါနဲ့ ဘုန်းကြီးလည်း ကျောင်းတံခါးတွေ ပိတ်ထားလိုက်တယ်။ နောက်ရက်တွေမှာလည်း ဒီလိုပဲ အသံတွေ ဆူညံစွာ ကြားနေရတော့ ဘုန်းကြီးလည်း မခံနိုင်လို့ ဒကာတို့ကို ဘုရားပြန်ပင့်ခိုင်းရတာပါ'

ရွာက လူကြီးများကလည်း ဘုရားကို ပြန်ပင့်ခဲ့ပြီး မြို့ပေါ်မှ လူကြီးများနှင့် တိုင်ပင်ပြီး ပုပ္ပားဦးပရမဝဏ္ဏသိဒ္ဓိထံ အပ်နှံခဲ့၏။ ဘုရားတည့်ရန် အဆင်မပြေသေးသောကြောင့် အချိန်ကိုစောင့်ရင်း ဖောင်းတော်ချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒအရှင်မြတ်နှင့် ကြုံဆုံရန် ကူညီလမ်းညွှန်သူများနှင့် တွေ့ဆုံခဲ့ရပြီး ဘုရားတည်ထားနိုင်ရန် အခြေအနေ ပေးခဲ့ပါသည်။

ပေါ်တော်မူကုန်းမြေ၌ပင် ရှေးဦးစွာ မဟာဗောဓိဘုရားကို တည်၍ (၁၉၈၆)ခုနှစ်တွင် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒကိုယ်တိုင် ထီးတော်တင်လှူခဲ့၏။ ထိုနယ်မြေတွင် ဆရာတော်ကြီး အာရုံရခဲ့သော မဟာဗောဓိဘုရားနှင့် အတူ ဗုဒ္ဓသာသနာ နှောင်းအရှည်တည်မှာဖြစ်၍ ဘုရားရှင်ပွင့်ထွန်းခဲ့ရာ ဗောဓိပင်အနီးတစ်ဝိုက်တွင် ဝိမုတ္တိသုခကို ခံစားလျက် နေတော်မူသော သတ္တသတ္တာဟဌာန တည်ရန် ဒေသခံများနှင့် မေးမြန်းခဲ့ရာ ဒေသခံများကလည်း ဆရာတော်ကြီး၏ စေတနာကို လက်ခံကြကာ တည်ဆောက်နိုင်ရန် ကတိကဝတ်ပြုခဲ့ကြပါသည်။

ပေါ်တော်မူဘုရား တည်ခဲ့ရာသို့ ထူးဆန်းသော မိန်းကလေးတစ်ဦး ရောက်လာပြီး ဌာပနာပစ္စည်းများကို ကန်တော့၍ အောင်ပြီ..အောင်ပြီဟု ဟစ်ကြွေးကာ ခနိတော အတွင်း ပျောက်ကွယ်သွားခဲ့ပါသည်။

ဖောင်းတော်ချုပ် ဆရာတော်ကြီးနှင့် ဒါယကာများ မဟာသတ္တဋ္ဌာနများ တည်ကြရန် ကြိုးပမ်းနေစဉ် ဆရာတော်ဘုရားကြီး ကျန်းမာရေးချို့တဲ့လာသောကြောင့် ဆရာတော်ကြီး မိန့်ဆိုစကားဖြစ်သော-

'ငါကတော့ အားမသန် မာန်လျှော့ရမလို ဖြစ်နေပြီ။ မကောင်းတာ ကောင်းတာ ရင်ထဲမှာ ထားပါ။ ဖွင့်မပြောပါနဲ့။ ငါလည်း ဒီလိုလုပ်ခဲ့တာပါပဲ။ ပစ္စည်းစုံ မြန်မြန်လုပ် အလှူရှင်များခေါ်၊ သက်သတ်လွတ် အမိဋ္ဌာန်ကို မဟာသတ္တဋ္ဌာန မပြီးမချင်း မထွက်ကြနှင့်။ အောင်မြင် ပြီးမြောက်အောင် လုပ်ပါမည်ဟု ကတိပေးကြပါ'



ကျိုက်လတ်မြို့ဥယျာဉ်ဝ ပေါ်တော်မူ သတ္တဋ္ဌာနသို့ ဘုရားဖူးအမှတ်တရ

www.burmeseclassic.com

ဟု ဆိုမိန့်ရာ မငေးဆရာတော်နှင့် ဦးခင်နိုင်တို့မှ ပေးအပ်သော တာဝန်ကို မည်သို့ပင်ဖြစ်စေ ပြီးမြောက်အောင် ပြုလုပ်ပါမည်ဟု ကတိပေး လျှောက်ထားခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးလည်း မကြာမီရက်အတွင်းမှာပင် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး မိန့်ဆိုတာဝန်ပေးချက်အရ ရန်ကုန်မှ (၁၀)ဦးကော်မတီဖွဲ့၍ ဆရာတော်ကြီး၏တပည့် ဦးကုဏ္ဍာငွေတို့မှ သတ္တဋ္ဌာန ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ခဲ့ပါသည်။




ကျိုက်လတ်မြို့ ဥယျာဉ်ဝ ပေါ်တော်မူ သတ္တဋ္ဌာန
ပလ္လင်္ကသတ္တာဟ အပရာဇိတစေတီတော်

ဖောင်းတော်ချုပ် ဆရာတော်ကြီးသည် ဗုဒ္ဓဘုရားရှင်ဖွင့်ထွန်းတော်မူရာ ဗုဒ္ဓဂယာသို့ မကြွဖူးသော်လည်း ဗုဒ္ဓဂယာပုံစံအတိုင်း သတ္တဋ္ဌာနကိုတည်ရန် ပုံစံချတော်မူခဲ့ပါသည်။

ထိုသတ္တဋ္ဌာနတို့မှာ-



အနိမိသသတ္တာဟ
အနိမိသစေတီတော်



စင်္ကမသတ္တာဟ
ရတနစင်္ကြံတော်

www.burmeseclassic.com



ကျိုက်လတ်မြို့ဦးယျာဉ်ဝပေါ်တော်မူသတ္တဌာန
ရတနာဃရသတ္တာဟ ရတနာရွှေအိမ်တော်

(၁) ပလ္လင်္ကသတ္တာဟ

မြက်ရိတ်ပုဏ္ဏား သောတ္ထိယ ကပ်လှူသော မြက်ရှစ်ဆုပ်ဖြင့် ထက်ဝယ်ဖွဲ့ ခွေသော ပလ္လင်တော်ပေါ်မှာပင် ဝိမုတ္တိသုခကို (၇)ရက်ပတ်လုံး ခံစားတော်မူခြင်း။

(၂) အနိမိတ္တသတ္တာဟ

ပလ္လင်တော်မှထ၍ မဟာဗောဓိပင်၏ အရှေ့မြောက်အရပ်တွင် ရပ်တော်မူပြီး ဗောဓိပင်နှင့် ပလ္လင်တော်ကို မမိုတ်သော မျက်လုံးတော်ဖြင့် ကြည့်ရှုတော်မူ၍ ငါသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည်းဆည်းခဲ့သည့် ပါရမီတော်များ၏ အစွမ်းသတ္တိများဖြင့် ဤဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာပင် သဗ္ဗညုတဉာဏ်တော်ကို ရရှိပေပြီဟု ဆင်ခြင်တော်မူလျက် ဖလသမာပတ္တိသုခဖြင့် (၇)ရက်ပတ်လုံး စံနေတော်မူခြင်း။

(၃) စင်္ကမသတ္တာဟ

ဘုရားရှင်သည် ရပ်တော်မူရာအရပ်နှင့် ပလ္လင်ဖတ်တော် အကြားတွင် အရှေ့-အနောက်တန်းကာ ဖြစ်ပေါ်လာသော ရတနာစင်္ကြံ၌ စင်္ကြံလျှောက်တော်မူ၍ တရားတော်များကို ဆင်ခြင်တော်မူပြီး နိဗ္ဗာန်ချမ်းသာ၌ (၇)ရက်ပတ်လုံး စံနေတော်မူခြင်း။

(၄) ရတနာဃရသတ္တာဟ

မဟာဗောဓိပင်၏ အနောက်မြောက်အရပ်တွင် နတ်တို့ ဖန်ဆင်းသော ရတနာ(၇)ပါးအတိပြီးသည့် ရတနာဃရ ရွှေအိမ်တော်၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတည်းဟူသော ပိဋကတ်(၃)ပုံကို ဆင်ခြင်သုံးသပ်တော်မူလျက် (၇)ရက်ပတ်လုံး စံနေတော်မူခြင်း။

(၅) အဇပါလသတ္တာဟ

မြတ်ဗုဒ္ဓဘုရားရှင်သည် မဟာဗောဓိပင်၏ အရှေ့အရပ်၌ရှိသော ဆိတ်ကျောင်းညောင်ပင် (အဇပါလ)ရှိရာသို့ ကြွတော်မူ၍ ထိုညောင်ပင်ရင်း၌ တရားတော်များ ဆင်ခြင်သုံးသပ်ကာ ဝိမုတ္တိသုခဖြင့် (၇)ရက်ပတ်လုံး နေတော်မူစဉ် မာရ်နတ်၏ သမီး(၃)ယောက်ဖြစ်ကြသော တဏှာ၊ အရတိနှင့် ရာဂတို့သည် ဘုရားရှင်အနီးသို့ လာ၍ ပရိယာယ်မာယာ အဖြာဖြာတို့နှင့် ဖြားယောင်းကြသော်လည်း ကိလေသာငြိမ်းပြီးဖြစ်သော မြတ်စွာဘုရားရှင်ကို အောင်မြင်မှု မရှိခြင်း။



မုစလိန္ဒာရေကန်နှင့် နဂါးဘုရား


(၆) မုစလိန္ဒသတ္တာဟ

မြတ်စွာဘုရားရှင်သည် မဟာ




www.burmeseclassic.com

www.burmeseclassic.com



ရာဇာယတနသတ္တာဟ
လင်းလွန်းပင်



အဇပါလဆိတ်ကျောင်းညောင်ပင်
အဇပါလစေတီတော်

ဗောဓိ၏ အရှေ့တောင်အရပ်ရှိ မုစလိန္ဒာအိုင်အနီးရှိ ကျည်းပင်ရင်းသို့ ကြွတော်မူ၍ (၇)ရက်ပတ်လုံး စံနေတော်မူစဉ် (၇)ရက်ပတ်လုံး မိုးသည်းထန်စွာရွာသဖြင့် မုစလိန္ဒာနဂါးမင်းသည် မြတ်စွာဘုရားအား အပူအအေးတို့ မနှိပ်စက်ခြင်းငှာလည်းကောင်း၊ မှက်၊ ဖြုတ်၊ ခြင်၊ ယင် စသည်တို့မှ မထိပါးစေခြင်းငှာ တင်ပျဉ်ခွေကို ပလ္လင်တော်အဖြစ်ခင်းပေးပြီး ဘုရားရှင်၏ ကိုယ်တော်ကို (၇)ပတ်ရစ်ကာ ပါးပျဉ်းဖြင့် အုပ်မိုးပေးထားခြင်းဖြင့် ဘုရားရှင် ချမ်းသာအောင် ဦးခိုက်ပူဇော်ခြင်း။

(၇) ရာဇာယတနသတ္တာဟ

မဟာဗောဓိပင်မှ တောင်အရပ်တွင်ရှိသော လင်းလွန်းပင်(ရာဇာယတန)သို့ ကြွတော်မူလျက် လင်းလွန်းပင်ရင်း၌ ဝိမုတ္တိသုခဖြင့် (၇)ရက်ပတ်လုံး စံနေတော်မူစဉ် တပုဿနှင့် ဘလ္လိက ညီနောင်တို့က ကြွပ်ကျစ်မုန့်နှင့် မုန့်ဆုပ်မုန့်တို့ကို ကပ်လှူသဖြင့် ခံယူတော်မူ၍ ညီနောင်နှစ်ဦးအား ဗုဒ္ဓသရဏဂုံနှင့် ဓမ္မသရဏဂုံဟူသော ဒွေဝါစိက သရဏဂုံကို လောက၌ ပထမဆုံး ပေးတော်မူပြီး ကိုယ်တော်၏ ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ဆံတော်၊ ဓာတ်တော် တစ်ဆုပ်ကို ပေးတော်မူခဲ့ပါသည်။

ဥယျာဉ်ဝအရပ်တွင် ယခုအခါ ပေါ်တော်မူဘုရားနှင့်အတူ သတ္တသတ္တာဟဌာန(၇)ခုဖြင့် သာသနာ့စည်ပင်နေပြီ ဖြစ်ပါသည်။ တစ်နှစ်တာအတွင်း သာသနိကများ ပြည့်စုံစွာ တည်ထားနိုင်ရန်အတွက် ဆရာနှင့် ဒါယကာ လှူဒါန်းမှု အစုစုကို သဒ္ဓါဖွေးဖြူစွာ လှူဒါန်းကြသော အလှူရှင်များ စုပေါင်းကောင်းမှုပြုမှုဖြင့် ပေါ်ထွန်းခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားဖူးများဖြင့် နေ့စဉ် စည်ကားနေသောကြောင့် ဘုရားဖူးတစ်ခေါက် ရောက်နိုင်ကြစေရန် ကြည်နူးသဒ္ဓါစိတ်ထားဖြင့် ရေးသားပူဇော်လိုက်ရပါသည်။

မြမဥ္ဇူဝေ(ကျုံမငေး)

**မှီငြမ်း။**

* ဥယျာဉ်ဝပေါ်တော်မူ သတ္တဌာနသမိုင်းတင်မှတ်တမ်း။
* စာရေးသူ၏ ကျိုက်လတ်မြို့နယ်သို့ ဘုရားဖူးခရီး မှတ်တမ်း၊ (၁၅-၅-၂၀၁၆) ဖျာပုံသွားခရီးစဉ်။

www.burmeseclassic.com

# မြောင်းမြမြို့ မြစိမ်းရောင်ဆရာတော်ကြီး

ဝကြာကောင်းစံ

ဧရာဝတီတိုင်းဒေသကြီးက မြောင်းမြမြို့နယ်ဟာ ပုဂ္ဂိုလ်ထူး အင်မတန်ထွက်တဲ့ နယ်မြေတစ်ခုပဲဟု အကျော်ဇေယျ ဆရာတော်ကြီး တစ်ပါးက အမိန့်ရှိခဲ့ဖူးသည်။ ဦးအောင်ချမ်းသာ၊ တရုတ်စုဆရာတော် ဦးနေမိန္ဒ၊ မတော့ဆရာတော်၊ တာဦးဆရာတော်၊ ဝါးကျောင်းဆရာတော် ဦးပဏ္ဍိတ၊ မဟာဗော္ဓိမြိုင်ဆရာတော် ဦးဇနိတ၊ ဘိုးပိုက်ဆံ၊ ဆူးကိုင်းဆရာတော်၊ ရေငန်းတောင်ဆရာတော် (ခတ္တိယ ဆရာထီ)နှင့် ယခု မြောင်းမြ မြစိမ်းရောင်ဆရာတော်ကြီး ဦးဣသရိယတို့ ထင်ရှားသည်။

ခရစ်နှစ်(၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်၊ မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၄)ရက် အင်္ဂါနေ့၊ ည(၇)နာရီ (၁၁)မိနစ်အချိန်မှာ တစ်ဘဝ တစ်ခန္ဓာကို သိမ်းသွားတော်မူသော မြောင်းမြမြို့ မြစိမ်းရောင်ဆရာတော်ကြီး ဦးဣသရိယသည် ခန္ဓာဝန်ချသည့်နေ့က သက်တော်(၉၃)နှစ်၊ ဝါတော်(၇၃)ဝါ ရှိပြီဖြစ်သည်။



မြစိမ်းရောင်ဆရာတော်ကြီး ဦးဣသရိယ

ဆရာတော်ကြီးကို မြစိမ်းတောင်ဆရာတော်ကြီး၊ မြစိမ်းရောင်ဆရာတော်ကြီးဟု အမျိုးမျိုးခေါ်ဝေါ်ကြပြီး မြောင်းမြမြို့၊ မြစိမ်းရောင်တောင်သို့ ဆရာတော်ကြီးရောက်စမှာ ထင်ရှားသော ဘွဲ့နာမက ရွှေကိုယ်တော်ဖြစ်သည်။

ဆရာတော်ကြီးကို စာရေးသူတို့ ပထမဆုံးဖူးခွင့်ရရှိသည့် အချိန်က (၂၀၀၄)ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်၊ နေရာက ရန်ကုန်မြို့၊ လမ်းမတော်၊ သံဈေးကွန်ဒိုအပေါ်ထပ်တွင်ဖြစ်သည်။ ကွယ်လွန်သူ မိတ်ဆွေကြီးဦးငွေထွန်း (Golden Star) ကောင်းမှုဖြင့် ဆရာတော်ကြီးကို ဖူးတွေ့ခွင့်၊ သင်္ကန်းကပ်ခွင့်ရခဲ့သည်။ ဦးငွေထွန်းတို့ မိဘများသည် ဆရာတော်ကြီး၏ ဒကာရင်းများဖြစ်ပြီး မြစိမ်းရောင်တောင်ရှိ ရေးဟောင်းသိမ်တော်ကြီးကို ပြုပြင်တည်ထားကြသူများလည်း ဖြစ်သည်။

နောက်လေးကြိမ်ထက်မနည်း ဖူးတွေ့ရသည်မှာ မြောင်းမြမြို့မှ ဦးကြည်ဝင်းမိသားစု၊ တိုးတက်ထွန်း ဆန်ပွဲရုံပိုင်ရှင် ကိုထွန်းထွန်း၊ မဇာဇာခင်တို့ ကောင်းမှုဖြစ်သည်။ သူတို့ကားဖြင့် မြောင်းမြသွား၊ ညအိပ်၊ ဆရာတော်ကြီးကျောင်းသွား သင်္ကန်း၊ ဝတ္ထု ကပ်ခဲ့ရသည်။ (၁၃၇၄)ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ ဖူးတွေ့ရချိန်မတော့ တကယ်ပဲ ထူးခြားသည်။ ဆရာတော်ကြီးသည် အမေကြီး ဒေါ်ခဇ္ဇသန်းမြင့်ကို သီးခြားတွေ့ဆုံကာ သူ၏ ဘဝဖြစ်စဉ်ကို အမိန့်ရှိခဲ့ပါသည်။

## မြောင်းမြမြို့ဟောင်း

မြောင်းမြမြို့ကို ထင်ရှားစေသည့်အချက်က မြောင်းမြမြို့တော်ဟောင်းနှင့် မြစိမ်းရောင်တောင်တို့ဖြစ်သည်။ မြောင်းမြမြို့တော်ဟောင်းသည် မြောင်းမြမြို့နယ်၊ တံတားကြီးရွာမှ စတင်ပါသည်။ ဗုဒ္ဓခေတ်၊ ပျူခေတ်၊ ပုဂံခေတ်

www.burmeseclassic.com

www.burmeseclassic.com

မှ စတင်ကာ ရှေးဟောင်းမြို့တော်ကြီးဖြစ်ခဲ့ကြောင်း မှတ်တမ်းများရှိပါသည်။ မြစိမ်းရောင်တောင်၏ သမိုင်းကတော့ ပို၍ရှည်လျားသည်။

သတ္တထုပ် ရွှေစေတီ၊
အလုံမြို့ရဲ့ အလယ်ကောင်မှာ ရှိနေသည်။
ဘွဲ့အမည်က မြတိဂုံဆံတော်ရှင် ဖြစ်သည်။


ဤစာကို မည်သူရေးခဲ့သည်၊ မည်သည့်အချိန်က စောင်ပျံ့နှံ့ခဲ့သည် မသိပါ။ မြောင်းမြနယ်သားများသာမက ဘာသာ၊ သာသနာ ကြည်ညိုသူများအကြားမှာတော့ ပျံ့နှံ့နေသည်မှာ ကြာပြီဟု ဆိုသည်။

ထိုစာ၏ အနက်အဓိပ္ပာယ်ကို မြစိမ်းရောင်ဆရာတော်ကြီး ရောက်လာမှ ဖော်ထုတ်မိန့်ကြားခဲ့ကြောင်း ဆရာတော်ကြီး ဒကာရင်း ဦးလေးမြင့်က ပြောသည်။ သတ္တထုပ်-သိကြားတည်သော ဘုရားစေတီ၊ အလုံမြို့၏ အလယ်ကောင်ဆိုသည်မှာ ဘေးအပေါင်း ရန်အပေါင်း လုံခြုံသော နေရာကိုဆိုသည့် မြတိဂုံစေတီတော်ကြီးကို လည်း မြစိမ်းရောင်တောင်နယ်မြေတွင် တည်ထားကိုးကွယ်မည့်သူ ပေါ်လိမ့်မည်ဟူ၏။

ဆရာတော်ကြီးက ဒေါ်ခင်သန်းမြင့်ကို သီးခြားတွေ့ဆုံမိန့်ကြားစဉ် ဤစာ၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြခဲ့သည်။

'သတ္တထုပ်ဆိုတာ သိကြားတည်တဲ့ဘုရား၊ အလုံမြို့ရဲ့ အလယ်ကောင်ဆိုတာ ဘေးရန်အပေါင်း လုံခြုံသော ဒီနေရာ မြစိမ်းရောင်နယ်မြေဟာ ဘေးအပေါင်း ရန်အပေါင်း လုံခြုံသောနယ်မြေ၊ ဒကာမကြီး··မြတိဂုံက အလောင်းတော်သိကြားမင်း တည်တဲ့စေတီ၊ အလောင်းတော်သိကြားမင်း ဆိုတာက မေတ္တေယျဘုရားအလောင်းတော်ကို ပြောတာ၊ ဒီ့ပြင် သိကြား မဟုတ်ဘူး။ လုပ်ဆောင်ရှိတဲ့သိကြား ဖြစ်နေတယ်။ အဲဒီတော့ အဲဒီသိကြားမင်းရဲ့ ဖောင်တော်ကိုပေါ့ တို့တစ်တွေ ပြင်တာ'

'မြောင်းမြဟာ နဂိုက ကဿပဘုရား လက်ထက်တော်က ရေအောက်မှာ တစ်ယူဇနာလောက် နက်တယ်။ အဲဒီမှာ သူ မေတ္တေယျဘုရားအလောင်းတော်က နတ်နဂါးကြီး၊ ဘုရားဗျာဒိတ်တော်ကို သူကလိုက်ပြီးတော့ ဖောင်ပြင်လုပ်တယ်။ အခု ဂေါတမဘုရား လက်ထက်တော်ကျတော့ ဟိုတုန်းက နဂါးကြီး၊ ခုတော့ သိကြားကြီး


မြတိဂုံဆံတော်ရှင်

ဖြစ်လာတော့ အဲဒါ ဘုရားဗျာဒိတ်အတိုင်း ဖြစ်တာ'ဟု ဆရာတော်ကြီးက အမိန့်ရှိသည်။

ဆရာတော်ကြီးသည် သက်တော်(၃၁)နှစ်၊ ဝါတော်(၁၁)ဝါခန့်ကပင် မြစိမ်းရောင်တောင်သို့ ကြွရောက်သီတင်းသုံးခဲ့သည်။ မြစိမ်းရောင်တောင်တွင် ဆရာတော်ကြီး နှစ်ပေါင်း(၆၀)ကျော် သာသနာပြုခဲ့ပါသည်။

'ကျုန်ုပ် ဒီနေရာရောက်လာတော့ လူသူမရှိတဲ့ တောကြီးပေါ့။ ဆူးပုပ်တောကြီးဆိုတာ လူတိုးလို့မရအောင် ပိတ်ဆို့နေတာပေါ့။ ပစ္စည်းလေးပါးဒါယကာဆိုတာ ဝေးလို့၊ ဆွမ်းတစ်နပ်အတွက်တောင် သိပ်မလွယ်လှပါဘူး။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ။ ဒီနေရာဟာ ကိုယ်နဲ့ သင့်လျော်တဲ့ နေရာဆိုတော့ နေနေခဲ့ရတာပေါ့'ဟု ဆရာတော်ကြီး ရောက်စ အခြေအနေကို အမိန့်ရှိခဲ့ကြောင်း ဒကာရင်းများထံမှ သိရသည်။

'သောင်းကျန်းသူတွေ ကြီးစိုးတဲ့အချိန်ကဆိုရင် နေရထိုင်ရတာ အတော်ခက်ခဲခဲ့တာပေါ့။ ဒါပေမဲ့ ဒီလိုပဲ နေလာခဲ့တာပေါ့။ ဆွမ်းလည်း မငတ်ခဲ့ပါဘူး။ သူ့ဟာနဲ့သူ

www.burmeseclassic.com



မြစိမ်းရောင်ဆရာတော်ကြီး

တော့ ဖြစ်နေခဲ့တာပေါ့။ တစ်ခါတစ်ရံတော့လည်း အားပေးမယ့်သူက ပေါ်လာသား။

မောင်ပဥ္စင်း အားမငယ် ပါနဲ့။ အချိန်တန်ရင် သာသနာတော်ကြီး ပွင့်လန်းလာမှာပါတဲ့။ အဲသလိုနဲ့ ကျွန်ုပ်ခုထိနေလာခဲ့တာပဲ ဟု ဆရာတော်ကြီး မိန့်မှာချက်များကို ပြန်လည်နားထောင်ခွင့်ရခဲ့သည်။

လွန်ခဲ့သော နှစ်(၈၀)ခန့်က မြောင်းမြမြို့နယ်ပိုင် ဝန်ထောက် ဦးခင်သည် မြစိမ်းရောင်နေရာကို စိတ်ဝင်တစား တူးဖော်ခဲ့သည်။ အလုပ်သမား၊ မြေတူးသမားများ ဗွားရမ်းကာ တူးဖော်ခဲ့ကြောင်း (၁၉၃၉)ခုနှစ်၊ အောက်တိုဘာလထုတ်၊ သူရိယမဂ္ဂဇင်းတွင် ဆရာကြီးဟံသာဝတီ ဦးဘရင်က ရေးသားခဲ့သည်။

(၁၉၃၇)ခုနှစ်၊ မတ်လ (၂၇)ရက်တွင် ဦးခင်သည် မော်တော်ကားငှားကာ ကုန်းသာရွာသို့ ရောက်ရှိသည်။ ကုန်းသာရွာမှတစ်ဆင့် အနောက်တောင်ဘက်သို့ ခြေကျင်လျှောက်ပြီး မြစိမ်းရောင်တောင်၌ တူးဖော်ရေးပြုလုပ်ခဲ့သည်။ အငှားကုလား ခြောက်ယောက်ဖြင့် တစ်လခန့် တူးဖော်သောအခါ ဂဝံကျောက်ပိုင်းပြားများ၊ ကျောက်ဆင်းတုတော်များ တူးဖော်ရရှိခဲ့သည်။ အဆိုပါအထောက်အထားများကြောင့် မြစိမ်းရောင်နယ်မြေသည် ရှေးဟောင်းနယ်မြေ၊ ထူးခြားသော သာသနာ့နယ်မြေဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

**မြစိမ်းရောင်ခရီးအစ**

ရဟန်းတော် ဦးဣသရိယသည် ရဟန်းဝါ ခုနစ်ဝါခန့်ကစ၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ငါးနှစ်ခန့် လှည့်လည်၍ ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ဦးဣသရိယ၏ ဥပဇ္ဈာယ်ဆရာတော်မှာ ကိုလံဘိုပြန် ဆရာတော် ဦးဓမ္မကွန္တ ဖြစ်သည်။ မြောင်းမြမြို့၊ ဝေဠုဝန်ဆရာတော် ဦးဝိလာသနှင့် ဦးသောဘဏတို့ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်စသော အခြေခံပညာရပ်များကို သင်ကြားခဲ့လျက် မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးကြယ်ထံမှာ ပရိယတ္တိစာပေ၊ အဋ္ဌကထာများကို ဆက်လက်ဆည်းပူး သင်ယူကော်မူသည်။

ဝေဘူဆရာတော်ကြီးထံ၌ ကမ္မဋ္ဌာန်းစရိယနည်းနာများနာခံ ကျင့်ကြံအားထုတ်ခဲ့သလို မိုးညှင်း



မြစိမ်းရောင်တောင်တော်တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်၊ အနီးစခန်းဆရာတော်၊ မြောင်မြို့နယ် ဖူးကိုင်းဆရာတော်၊ မင်းကွန်း မနောမယဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့ မြစိမ်းရောင်တောင်သို့ သာသနာပြုရန် ဘိုးတော်အောင်မင်းခေါင်က စေလွှတ်ခဲ့ပုံကိုလည်း ဆရာတော်ကြီးက ဒေါ်ခင်သန်းမြင့်ကို အမိန့်ရှိခဲ့သည်။

'သူက သိကြားကြီးဖြစ်နေတော့ သူက အဘိုးကြီးယောင်ဆောင်ပြီး ရောက်နေတယ်လို့ ဒေဝါသိကြားမင်းက စာထင်တော့ သူ အဲဒီမှာ ရောက်နေတယ်။ ပုပ္ပားတောင်မှာ ရောက်နေတယ်။ အဘိုးအိုတစ်ယောက် ရောက်နေတယ်။ အဓိပ္ပာယ်အားဖြင့် အားလုံး သာသနာတစ်ဝက်က သိကြားသာသနာလို့ ဆိုတာကိုး။ ကဿပဘုရားလက်ထက်တော် ဂေါတမဘုရားအလောင်းတော်က ရဟန်းဘဝနဲ့နေနေတယ်။ အခု ဂေါတမဘုရားလက်ထက် မေတ္တေယျအလောင်းတော်က အဘိုးအိုယောင်ဆောင်ပြီး နေနေတယ်။ ဒီနှစ် သွားပြီးတော့တွေ့ပါ။ ပုပ္ပားတောင်မှာ သူက နောက်နှစ်ခါဆိုရင် ရုပ်ကိုစွန့်မယ်။ ဒီနှစ် သွားပြီးတွေ့ပေါ့'

'မနက်လည်းကျရော ပုပ္ပားတောင်ကလပ်ကိုသွားပြီးတော့ မယ်ဝဏ္ဏနတ်နန်း၊ သားတော်နှစ်ပါးနဲ့ မယ်ဝဏ္ဏရုပ်တုရဲ့ရှေ့မှာ ကျွန်ုပ်က ကွပ်ပျစ်ကလေးနဲ့ ကုပ်ကုပ်ကလေး ထိုင်နေတယ်။ ဘုန်းကြီးနှစ်ပါးကို ကိုဘထွန်း၊ မြရင်ကတိုက်တဲ့ ကော်ဖီလေးတစ်ခွက်စီနဲ့ ကိတ်မုန့်လေးတစ်ခုစီ စားသောက်နေတာ တွေ့တယ်။ သူဘိုးတော်က မယ်ဝဏ္ဏနတ်နန်းနဲ့ ကျွန်ုပ်ရဲ့ နောက်နားကြားကို ဝင်လာပြီးတော့ တစ်ခါတည်း နောက်ကနေ သူခြုံနေကျ ပုပ္ပားမှာ လေပွေတွေဘာတွေ မွှေ့တဲ့အခါပေါ့နော်။ အဲဒီနေရာမှာ သူ စောင်လေးကို ခြုံခြုံထားလိုက်သေးတယ်။ အဲဒီစောင်လေးက ပခုံးပေါ် အမြဲတင်ထားတာ။ သူ့ကို ကာယ်ရှိပေါ့။ ပခုံးပေါ်က အဲဒါစောင်လေးကို မ,မမြောက်မြောက် ပြီးတော့ ရှေ့နားဆီလာပြီး ကျွန်ုပ်ကို ကြည့်နေတယ်။ ကျွန်ုပ်က မမြင်လိုက်ဘူးပေါ့။ နောက်နားမှာကိုး။ ထိုင်ရှေ့က ဘုန်းကြီးတွေက မြင်တယ်'

'ဟဲ့··ကိုယ်တော်လေး၊ နောက်နားမှာ ဘိုးဗော်ရောက်နေတယ်။ ကြည့်လိုက်လို့ပြောတယ်။ သူက စောင်လေး မ,မြှ၊ ဘုန်းကြီးက မပြောဝံ့ဘူး။ ကိုယ်ကလည်းကောင်သား၊ သူက (၁၅)သချ်ောနဲ့ ကမ္ဘာတစ်သိန်းကျင့်



ဆရာတော်ကြီး ရုပ်ပွားတော်
ဦးပဉ္စင်းများနှင့် ဆိုးပွားလေး မြင်ဆင်

ပြီးတော့ မေတ္တေယျအပေါင်းတော်။ ဒီတစ်ခါကျင့်ပြီးရင် ဘဒ္ဒကမ္ဘာမှာ နောက်ဆုံးပွင့်မယ့် ဘုရားဖြစ်မယ်။ သူမေးမှာကြောက်လို့ ငါ့ကို သူမေးရင် ငါက ဘာဖြေရမယ် ကြောက်လို့ပေါ့'

'တော်တော်လေးကြာတော့ ရှေ့ကနေ ထွက်သွားပြီး ဟိုရင်ကွဲဇရပ်ကလေးရဲ့အရှေ့ ညောင်စောင်း(ကွပ်ပျစ်)လေးပေါ်မှာသွားထိုင်တယ်။ တောင်ကလပ်ပေါ်တက်တဲ့ လှေကားတည့်တည့်လမ်းနေရာ ဦးပဉ္စင်းရဲ့၊ ဒါ ဘာလုပ်တာလဲ။ စောင်လေးကို မ,မပြီးမေးတယ်။ မင်းကိုကြည့်ရှုစောင်မ,မယ်လို့ ပြောနေတာ။ စာလေးဆိုလိုက်သေးတယ်။ ဒကာမကြီး့ သီချင်းလေးလိုပေါ့'

'စာပလွေ××ရင်ဝယ်ပိုက်ပါလို့××× ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်××× ဘယ်စာကို ဘယ်နှစ်ဝါ မောင်သင်မလိုတုန်း××× မွေးမေလေး သံချိုနှော××× ပြောခဲ့ပါနီး··'

'အဲဒါမျိုးလေးက လုပ်သေးတယ်။ ဒီသီချင်းလေးက ကျွန်ုပ်အတွက် ဖြစ်နေတာကိုး။ မပြောကောင်းလို့ မပြော

www.burmeseclassic.com



မြစိမ်းရောင်တောင်ရှိ ရုပ်တော်မှုဘုရားကြီး

ပြတာနော်။ ဒီသီချင်းက ကျွန်ုပ်အတွက်ဖြစ်နေတာ။ အဲဒါနဲ့ပဲ အဲဒီသီချင်းဆိုပြ၊ သိပ်ရင်းနှီးသွားတော့ အဘိုးလိုဖြစ်သွားတယ်။ အနားမှာသွားထိုင် ကွပ်ပျစ်ပေါ်မှာထိုင်၊ စကားတော့ အပိုအလို ဘယ်တော့မှမပြောဘူး။ ရက်ကြာသွားတဲ့အခါကျတော့ ခုလုပ်နေတဲ့ အလုပ်ကို နားလည်အောင် ကျောက်ဆည်က ဝေဘူဆရာတော်ဆီမှာ အားထုတ်ပါ။ ဟင်··အဲဒါနဲ့ ဦးလှရွှေဆိုတဲ့ ရသေ့ကြီးနဲ့လွှတ်ပြီး ဝေဘူဆရာတော်ဆီ အပ်တယ်'

'ဝေဘူဆရာတော်ကြီးထံတွင် ကမ္မဋ္ဌာန်းနာစုရီယာနည်းနာခံပြီးသကာလ ဝေဘူဆရာတော်ကြီးက မောင်ပဥ္စင်းရေ··ဘိုးတော်က မြောင်းမြ၊ မြစိမ်းရောင်ကို လွှတ်နေပြီဆိုပြီး အမိန့်ရှိတယ်။ အဲဒါလေး ဆရာတော်ကိုလျှောက်ပြီး မန္တလေးပြန်ပြီးတော့ စာအုပ်စာတမ်းကလေးတွေ သိမ်းရတယ်'

## မြတိဂုံဆံတော်ရှင်

ကဿပဘုရားရှင် လက်ထက်အခါကပင် အလောင်းတော်နတ်နဂါးမင်း မှတ်တင်လိုက်သောကြောင့် မြစိမ်းရောင်ကျွန်းကလေး ရေးရေးစတင်ပေါ်ထွန်းလာခဲ့သည်ဟု သိရသည်။ ဂေါတမဘုရားရှင်လက်ထက် ဆကေသာ ဝင် အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပြီးဖြစ်သည်။ အဆိုပါ ဆံတော်ခြောက်ဆူကို ရဟန္တာခြောက်ပါးအား ချီးမြှင့်ပေးသနားတော်မူခဲ့ရာတွင် တစ်ဆူသော ဆံတော်မှာ အရှင်အနုရုဒ္ဓါ ရရှိတော်မူခဲ့သည်။ အရှင်အနုရုဒ္ဓါ ရရှိတော်မူသော ဆံတော်ကို အလောင်းတော်သိကြားမင်းက ရွှေစေတီ တည်ထားခဲ့လေသည်။

သာသနာတစ်ဝက်ကျော်မှာ အပူဇော်ခံလိမ့်မည်ဟူသော ဗျာဒိတ်စကားအရ ရွှေစေတီသည် မြတိဂုံစေတီတော်ကြီးအဖြစ် ပေါ်ထွန်းလာမည်ကို မြစိမ်းရောင်တောင်ဆရာတော်ကြီးက ကြိုတင်အမိန့်ရှိခဲ့သည်။ ဆရာတော်ကြီးသည် ရှေးဟောင်းရဟန္တာသိမ်တော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်သည်။ ရေပြည့်အကျယ်အဝန်း (၅)ဒသမ (၅)ဧက၊ အနက် ပေ(၃၀)၊ ရေလှောင်အား ဂါလန်သန်း(၁၅)ဒသမ (၆)သန်းရှိ သက္ကမ္ဂလာကန်တော် အမည်ဖြင့် ရေကန်ကြီးကိုလည်း စီရင်သည်။ မြစိမ်းရောင်တောင်တွင် ဖောင်တော်ပုံသဏ္ဌာန် ရှိနေသောနေရာ၌ မြတိဂုံစေတီကြီးကို တည်ထားသည်။

သာသနိကမြေ ဧက(၃၀၀)ကျော်၊ (၄၀၀)ဝန်းကျင်အတွင်း စေတီ၊ ပုထိုး၊ ရုပ်ပွားတော် အဆူပေါင်း(၉၀)ကို ဖူးတွေ့ကြည်ညိုနိုင်ပြီး မြတိဂုံစေတီကြီးကတော့ ကြီးမားထည်ဝါလှသည်။

'ကျွန်ုပ်က ဘုရားတည်မှာ မဟုတ်ဘူး။ ဘုရားတည်မယ့်ပုဂ္ဂိုလ်ကို စောင့်နေတာ။ တန်ခိုးကြီးရှေးဟောင်းဘုရားဆိုတာ လူတိုင်း တည်လို့မရဘူး။ သူ့မင်းဆက်နဲ့သူ တည်မှ ရတာ။ အချိန်တန်ပါပြီ'ဟု ဆရာတော်ကြီး ဦးဣဿရိယက ဒကာများကို မိန့်ကြားသည်ဟု သိရသည်။

စာရေးသူတို့မိသားစု မြောင်းမြကို ဒုတိယတစ်ခေါက်ရောက်တော့ မြတိဂုံဘုရားကြီး အတော်လည်း ပြီးစီးနေပါပြီ။

'လာမယ့်နှစ် ကဆုန်လလောက်မှာ ထီးတော်တင်ရမယ်။ ဒီနှစ် ကဆုန်လမှာ ရန်ကုန် ရွှေတိဂုံမှာလုပ်တဲ့ ထီးတော်ရောက်မယ်။ ရန်ကုန် ရွှေတိဂုံဘုရားကြီးမှာ ရင်ငွေ့တော် လှူဦးမယ်။ ငါးလပိုင်းမှာနော်။ မြတိဂုံနော်'ဟု ဆရာတော်ကြီးက ဒေါ်ခင်သန်းမြင့်ကို အမိန့်ရှိသည်။

မြတိဂုံစေတီတော်ကြီး ပြီးစီးတော့ မဟာရံတံတိုင်းကို အမြန်ခတ်စေသည်။ မနှစ်(၂၀၁၆)ခုနှစ်ကုန်ခါနီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်းသိမ်ကြီး ပြင်ဆင်ရန် တိုင်များ

သည်။ ဆရာတော်ကြီး၏ ဒကာရင်းများက မြတ်ဂုံပြီးလျှင် ဆရာတော်ကြီး ခန္ဓာဝန်ချမည်ကို စိုးရိမ်ကြသည်။

'အသက်(၁၀၀)ကျော်အောင်နေမှာ၊ သာသနာအတွက် လုပ်ရာတွေ ရှိသေးတယ်' ဟူ၍ ဆရာတော်ကြီးက အမိန့်ရှိကြောင်း ဒကာရင်းများထံမှ သိရသည်။

**နောက်ဆုံးနေ့များ**

သက်တော်ရာကျော်အောင် နေမည်ဟု အမိန့်ရှိသော်လည်း သက်တော်ကိုးဆယ် ဝင်ခါနီးကတည်းက ဆရာတော်ကြီး ကျန်းမာရေးချို့ယွင်းလာသည်။ ကျန်းမာရေးချို့ယွင်းလာသော်လည်း သတိက မလွတ်။

'ခန္ဓာဝန်ချတဲ့နေ့မတိုင်မီ (၁၀)ရက်လောက်မှာ ဆရာတော်ကြီး သွေးပေါင်ချိန်တွေ တစ်အားကျတယ်။ မြောင်းမြမှာ သွေးပေါင်ချိန်(၅၀)လောက်ပဲရှိတော့ ဆေးရုံတင်တယ်။ မရဘူး။ ရန်ကုန်ကိုပို့ဆိုတော့ ကားနဲ့ ပင့်လာတယ်။ ပန်းတနော်ရောက်တော့ ဆရာတော်ကြီး သွေးပေါင်ချိန်(၆၀)လောက် ဖြစ်ပါတယ်။ ရန်ကုန် ထန်းတပင်ရောက်တော့ သွေးပေါင်ချိန်(၇၀)၊ SSC ရောက်တော့ သွေးပေါင်ချိန်က (၁၀၀)လောက်ပြန်ဖြစ်သွားတယ်။ အဲဒါနဲ့ပဲ ဆရာတော်ကြီးကို SSC မှာ တင်ထားတယ်။ တစ်ရက် သွေးပေါင်ချိန်တစ်အားကျသွားလို့ သွေးလိုတယ်။ သွေးလှူကြပါဆိုပြီး ဒကာမ တစ်ယောက်က လှမ်းပြောတယ်။ ဒါပေမဲ့ ပြန်ကောင်းသွားတယ်။ ဒီဇင်ဘာလ (၁၁)ရက်၊ အင်္ဂါနေ့ ညနေရောက်တော့ သွေးပေါင်ချိန် တစ်အားကျပြီး ခန္ဓာဝန်ချသွားတာပဲ' ဟု ဆိုနေ ဒကာရင်း တစ်ဦးက ပြန်ပြောပြသည်။

မြစိမ်းရောင်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ညတွင်းချင်း မော်တော်ကားများဖြင့် ရန်ကုန်မှ မြောင်းမြ မြစိမ်းတောင်သို့သယ်သည်။ ဒီဇင်ဘာလ (၂၁)ရက်အကူး ပြန်လည်ရောက်ရှိသည်။ ပထမကျောင်းကြီးမှာ အပူဇော်ခံထားရှိပြီး (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်၊ တနင်္ဂနွေနေ့ နံနက်(၉)နာရီတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စံကျောင်းတော်တင်သည်။

ဆရာတော်ကြီး၏ ထူးခြားမှုအဖုံဖုံကို ရေးရမည်ဆိုလျှင် ကျမ်းတစ်စောင်မျှ ရှိနိုင်သည်။ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကျမ်းစာအုပ် မထုတ်နိုင်မီ စာရေးသူ သိမီသမျှ


မြို့ကုန်စေတီတော် အတက်အဆင်းလှေကားရင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

သော ထူးခြားချက်အချို့ကို ရေးသားဖော်ပြလိုက်ရပါသည်။

**<u>အကြေပုဂံမြို့တော်ဟောင်းနေရာ ရှာဖွေစဉ်က</u>**

ပုဂံဟု ဆိုလိုက်သည်နှင့် အနော်ရထာမင်း၏ပုဂံ၊ မင်းကျန်စစ်၏ပုဂံ၊ မြန်မာသူရဲကောင်းတို့၏ပုဂံကို ဆိုလိုကြောင်း အားလုံးသိကြသော်လည်း အထက်ပုဂံပြည်(အညာပုဂံ)နှင့် အောက်ပုဂံပြည်(အကြေပုဂံ)ဟူသော သီးခြားပုဂံမြို့တော်ဟောင်းနှစ်နေရာ ထပ်မံရှိသေးကြောင်း သိသူ နည်းပါးလှပါသည်။

အညာပုဂံသည် စစ်ကိုင်းတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်ထဲမှာရှိသော တကောင်းဒေသကိုခေါ်သည်။ ပုဂံ၏ တည်နေရာသည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုမှာရှိနေသဖြင့် ပုဂံခေတ်ကာလက နိုင်ငံ၏ အထက်ပိုင်းတွင် ခံတပ်မြို့အဖြစ် တကောင်းကို တည်ခဲ့သည်ဟု သိရသည်။

ဧရာဝတီတိုင်း မြောင်းမြမြို့တော်ဟောင်း (N 16° 32 ' E 94° 54 ' Elevatien 19 ft) သည် အကြေပုဂံဖြစ်ပြီး ဗုဒ္ဓခေတ်၊ ပျူခေတ်၊ ပုဂံခေတ်မှ စတင်ကာ ရှေးဟောင်းမြို့တော်ကြီးတစ်ခု ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် ပျူခေတ်၊ ပုဂံခေတ်၊ အနော်ရထာမင်းနှင့် အလောင်းစည်သူမင်းတို့ မြောင်းမြမြို့ကို မြို့ပြစီမံပုံအကြောင်း၊ မြို့တည်ရာတွင် ကုန်ကျသောအုတ်အရေအတွက်မှစပြီး ဇမ္ဗူဒီပဦးဆောင်ကျမ်းတွင် အသေးစိတ် မှတ်တမ်းတင်ထားခဲ့ကြောင်း သိရသည်။

ရှေးသူဟောင်းတို့၏စကားပေါ်ရာဏကထာအရ အလောင်းစည်သူမင်း လက်ထက်တွင် မြောင်းမြမြို့တော်ဟောင်း၌ စေတီပုထိုး(၄၉၉)ဆူ တည်ထားကိုးကွယ်ခဲ့ကြောင်း မြတ်စွာဘုရားရှင်၏ ဆံတော်၊ သွားတော်၊ ဓာတ်တော်၊ မွေတော်များ ဌာပနာထားသော တန်ခိုးကြီးစေတီများဖြစ်ကြောင်း သိရပါသည်။

ဗုဒ္ဓခေတ်၊ ပျူခေတ်၊ ပုဂံခေတ်တို့၌ ဖွံ့ဖြိုးစည်ပင် အထင်ကရရှိခဲ့သော အကြေပုဂံသည် ဟံသာဝတီခေတ်ကာလမှာလည်း မြောင်းမြမြို့အဖြစ် ထင်ရှားခဲ့သည်။ ဟံသာဝတီခေတ် မြောင်းမြစားလောက်ဖျားသည့် မင်းပြုလျက် မြောင်းမြမြို့ကို မြို့တော်အဖြစ် သတ်မှတ်ကြေညာခဲ့ဖူးသည်။

အကြေပုဂံ စေတီပုထိုးဟောင်းများကို ရှေးဟောင်းသုတေသနဦးစီးဌာန မြောင်းမြသမိုင်းမှတ်တမ်းကော်မရှင်အဖွဲ့က (၂၀၀၅)ခုနှစ်၊ မတ်လတွင် လေ့လာရှာဖွေဖော်ထုတ်ခဲ့ရာ ရှေးဦးစွာ မြောင်းမြမြို့ မြစိမ်းရောင်တောင်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဝေနှင့်အဖွဲ့ကို (၂၂-၄-၂၀၀၅)ရက်နေ့မှ (၁၅-၅-၂၀၀၅)ရက်နေ့အထိ မြောင်းမြမြို့သို့ စေလွှတ်ခဲ့ရာ မြစိမ်းရောင်တောင်ဆရာတော်ကြီးက သူ၏ကျောင်းမှာပင် တည်းခိုစေလျက် လိုအပ်သည်များကို လမ်းညွှန်ကူညီခဲ့ပါသည်။

"ရှေးဟောင်းအဖွဲ့တွေ ကျောင်းမှာတည်းပြီး မြောင်းမြမြို့တော်ဟောင်းရဲ့အကြောင်း၊ စေတီတွေ ပြင်မယ့်အကြောင်း ပြောဆိုတဲ့ညက မြောင်းမြမှာ လျှပ်စစ်မီး မလာတယ်။ အသံပါ မြည်ဟည်းတယ်လေ။ ဒါက မြောင်းမြမြို့ဟောင်းမှာ သာသနာပြန်လည်ပွင့်လန်းမှာမို့ ဝသုန္ဓြေမြေကြီးကတောင် ဝမ်းပန်းတသာ လှုပ်ခါပြရတယ်"ဟု ထိုစဉ်က အဖြစ်အပျက်ကို ရှေးဟောင်းသုတေသနမှ ဆရာဦးမြင့်အောင်က စာရေးသူကို ပြောသည်။



[illegible] တည်ထားသည့်ကာလ ([illegible])

www.burmeseclassic.com

မြောင်းမြ မြစိမ်းရောင်တောင် ဆရာတော်ဘုရားကြီးကလည်း မကြာမြင့်သောကာလမှာ အလောင်းစည်သူမင်းကြီး၏ အကြေပုပ်ဂံ ယဉ်ကျေးမှုအမွေအနှစ်များ ဘာသာ၊ သာသနာများ ပြန်လည်ပွင့်လန်းပေါ်ထွန်းလာတော့မည်ဟု ထိုနေ့က မိန့်ကြားခဲ့ကြောင်း ဆရာဦးမြင့်အောင်က ပြန်ပြောသည်။

'နယ်ချဲ့တွေက ဘာသာ၊ သာသနာနဲ့ လူမျိုးကို နှာမ်နှိမ်တဲ့အနေနဲ့ ဘုရားမြေ၊ ကျောင်းမြေတွေကို သင်္ချိုင်းတွေ၊ နွားစားကျက်တွေဖြစ်အောင် သတ်မှတ်ခဲ့တာ။ (၂၀၀၅)ခုနှစ်၊ မတ်လမှာ လေ့လာရှာဖွေဖော်ထုတ်တော့ တောတောင်တွေ၊ လူနေရပ်ကွက်တွေပါမကျန် ကွင်းဆင်းရှာဖွေခဲ့ကြတာ။ စေတီ၊ ပုထိုး (၄၉၉)ဆူအနက် စေတီပေါင်း(၂၇၈)ဆူကို ရှာဖွေဖော်ထုတ်ပြီး သာသနာ့အလံစိုက်ထူနိုင်ခဲ့ပါတယ်။ အဲဒါလည်း ဆရာတော်ကြီး ကျေးဇူးပဲ။ လက်ညှိုးညွှန်ပြီး ဒီနေရာရှာ၊ ဒီနေရာတူး အဲဒီလို ပြောတာ။ ဆရာတော်ကြီးပြတဲ့ နေရာတွေမှာ ရှေးဟောင်းသမိုင်းအမွေတွေ ပြန်ရှာတွေ့တာလေ'ဟု ဆရာဦးမြင့်အောင်က စာရေးသူကို ပြောပြခဲ့ပါသည်။


**နာဂစ်မဖြစ်မီ ကြိုတင်မိန့်ကြားသည်**

မြစိမ်းရောင်တောင် ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး မှတ်မှတ်ထင်ထင်ရှိခဲ့တဲ့ အဖြစ်အပျက်တစ်ခုက နာဂစ်လေမုန်တိုင်းကြီးပဲ ဖြစ်သည်။ နာဂစ်မတိုင်မီ (၂၀၀၅) ခုနှစ်လောက်ကတည်းက မိုးဗြဒယ်အလုံး(၅၀) စုထား၊ အဆောက်အအုံတွေ အများကြီးဆောက်ထား၊ ဆန်၊ ဆီ၊ ဆား၊ ဆေး စုထား၊ တစ်နေ့ကျရင် လူတွေ အများကြီး သဘာဝဘေးလွတ်ရာ ဒီကို လာကြလိမ့်မယ်။ အဲဒီတော့ ကျွေးဖို့စုထား ဆိုပြီး ဆရာတော်ကြီးက စေခိုင်းကြောင်း ဆရာတော်ကြီးအနီးနေ ဒကာများထံမှ သိရသည်။

(၂၀၀၈)ခုနှစ် နာဂစ်မတိုင်မီ (၁၀)ရက်ခန့်အလိုမှာ ဦးဝင်းမောင်ဆိုသူတစ်ဦး မြစိမ်းတောင်ကို ရောက်လာပြီး ဆရာတော်ကြီးကိုလျှောက်သည်။


'တပည့်တော် ပုသိမ်မှာ လုပ်ငန်းလုပ်နေစဉ် ဦးအောင်မြင့်ဆိုတဲ့သူတစ်ဦး ရောက်လာတယ်။ ဘိုးတော်အောင်မင်းခေါင်က သူ့ကို မြစိမ်းတောင်ဆရာတော်ကို လျှောက်ထားဖို့ ခိုင်းတယ်။ မြစိမ်းတောင်ရဲ့ အဆောက်အအုံတွေ ခိုင်ခံ့အောင် တည်ဆောက်ထားပါ။ ဆန်၊ ဆီ၊ ဆား၊ ဆေးများ စုဆောင်းထားပါဆိုပြီး လျှောက်ထားခိုင်းပါတယ်။ အခု ဦးအောင်မြင့် ရောက်မလာခင် ထပည့်တော်က ကြိုတင်လျှောက်ထားခြင်း ဖြစ်ပါတယ်။ ဆရာတော်ဘုရား ရန်ကုန်၊ ဧရာဝတီ စတဲ့နေရာတွေမှာ ကြီးမားတဲ့မုန်တိုင်းကြီးဝင်ပြီး လူတွေ အများကြီး သေဆုံးမယ်' အဲဒီလိုလျှောက်ခဲ့ကြောင်း အနီးနေသူ ဒကာတစ်ဦးက ပြောသည်။

ဆရာတော်ကြီးက 'ဒကာကြီးလျှောက်ထားချက်ဖြစ်နိုင်ပါတယ်။ ဒကာကြီးလည်း တောင်ပေါ်ကို လှည့်လည်ပြီး အဆောက်အအုံတွေ ဆောက်ထားတာကိုကြည့်ပါ။ ဆန်၊ ဆီ၊ ဆား၊ ဆေးတွေလည်း အဆင်သင့်ဆောင်ရွက်ပေးပါတယ်'ဟု ပြန်လည်မိန့်ကြားခဲ့သည်။



အမှန်ပင် (၂၀၀၈)ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်တွင် နာဂစ်လေမုန်တိုင်းကြီး ကျရောက်ကာ ဧရာဝတီနှင့် ရန်ကုန်တိုင်းတွင် အထိနာခဲ့သည်။ အထိအနာဆုံးမှာ ဧရာဝတီဖြစ်ပြီး လူသိန်းချီ သေသည်။ ဆရာတော်ကြီး ရှိသည့် မြောင်းမြမှာ ထိခိုက်မှု နည်းပါးသည်။ ထိခိုက်မှု များပြားသော

www.burmeseclassic.com




မြစိမ်းချောင်းတောင်ထိပ်မှာ

လပွတ္တာ၊ ဘိုကလေး အစရှိသည့် အရပ်များမှ လူများစွာ မြစိမ်းတောင်သို့ ခိုဝင်လာသည်။ အဲသည်ရက်က တာကယ်ပဲ မိုးမြဲဒယ်(၅၀)နှင့် ချက်ကျွေးရသည်ဟု ဒကာရင်း ဦးကြည်ဝင်းက ပြောသည်။

**ဗုဒ္ဓရာဇဗုဒ္ဓစကြာမင်း**

(၂၀၁၁)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ နံနက်(၉)



ဆရာတော်ကြီးမှ ဘုဒ္ဓမြစ်စဉ်ကို အမိန့်ရှိနေစဉ်

နာရီ (၁၀)မိနစ်အချိန် မြစိမ်းတောင်ဆရာတော်ကြီးဆီ ဦးဝင်းမောင် တစ်ခေါက်ရောက်လာပြန်သည်ဟု သိရသည်။ ယခုအကြိမ် ဦးဝင်းမောင် လျှောက်တင်သည်က လျှင်ဘေးဖြစ်သည်။

'ဆရာတော်ဘုရား..တပည့်တော်အား ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်များမှ နှိုးဆော်တိုက်တွန်းမှုကြောင့် ဆရာတော်ဘုရားကို လာရောက်လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား။ (၂၀၁၁)ခုနှစ်၊ မတ်လလယ်လောက်ကနေစပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမှာ ငလျင်များ စတင်လှုပ်ရှားမှာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ စစ်ကိုင်း၊ တောင်ငူ၊ ပဲခူး စတဲ့မြို့တွေ စိုးရိမ်ရပါတယ်။ တန်ခိုးကြီးဘုရားစေတီတော်တွေ မပျက်စီးရအောင် သာသနာစောင့်နတ်မင်းကြီးတွေ စောင့်ကြပ်စေခဲ့ပါတယ်။ မြန်မာနိုင်ငံက ရဟန်း၊ ရှင်၊ လူများ မထိခိုက် မပျက်စီးစေဖို့ တိုင်းနဲ့ ပြည်နယ်များက မြို့ကြီးများကို တပည့်တော်အား စေလွှတ်ပြီး အစီအမံများ ဆောင်ရွက်ခိုင်းပါတယ်။ မိမိလုပ်ဆောင်သည့် နေရာမြို့များက မြေထက်ကို (၄)မိုင်၊ မြေပေါ်သို့ ဗဟိုချက်(၃၉၀)မိုင် အန္တရာယ်ကင်း သက်ရောက်စေမှာ ဖြစ်ပါတယ်။ မြန်မာပြည်ကြီး အန္တရာယ်ကင်းစေဖို့ ဆရာတော်၊ သံဃာတော်များမှလည်း ပဋ္ဌာန်း၊ ပရိတ်၊ မေတ္တာများ ရွတ်ဖတ်သရဇ္ဈာယ်လျှင် (၂၀)ပုံ (၁)ပုံသာ အန္တရာယ်ကျရောက်စေမှာ ဖြစ်တဲ့အတွက် ဆရာတော်ဘုရားကို လျှောက်ထားခြင်း ဖြစ်ပါတယ်'

ဆက်လက်၍ ဦးဝင်းမောင်ကပင် (၂၀၁၁)ခုနှစ်၊ ဧပြီလမှာ မြောင်းမြ၊ ပုသိမ်၊ ဖျာပုံ စတဲ့မြို့များမှာ မထင်မှတ်ဘဲ ရေကြီးနိုင်ပါတယ်။ (၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလမှ (၂၀၁၃)ခုနှစ်၊ မတ်လအထိ ကာလဟာ အလွန်အရေးကြီးပါတယ်။ နေနဲ့ ကမ္ဘာရဲ့ အကြားကို ဂြိုဟ်ကြီးတစ်လုံး ဖြတ်သန်းသွားမှာ ဖြစ်တယ်။ အဲဒီဂြိုဟ်က အပူရှိန်ပြင်းထန်လွန်းလို့ ကမ္ဘာကြီးဟာ ငလျင်လှုပ်၊ မီးတောင်တွေ ပေါက်ကွဲပြီး ပြင်းထန်တဲ့ ဘေးအန္တရာယ်များကြောင့် ကမ္ဘာပေါ်ရှိ လူသန်းပေါင်း(၆၀၀၀)အနက် လူသန်း (၃၀၀၀)ကျော် (၄၀၀၀)လောက် သေကျေပျက်စီးမယ်။ မြန်မာ၊ သီရိလင်္ကာ၊ နီပေါနဲ့ ယိုးဒယား စတဲ့ အဲဒီလေးနိုင်ငံသာ သက်သာရာရပါမယ်'ဟု ဆရာတော်ကြီးကို

www.burmeseclassic.com

လျှောက်ထားကြောင်း သိရသည်။

မြစိမ်းတောင် ဆရာတော်ကြီးက 'ဒကာကြီးရဲ့ လျှောက်ထားချက် ဖြစ်နိုင်တာရှိတယ်။ မဖြစ်နိုင်တာ ရှိတယ်'ဟု ပြန်လည်မိန့်ကြားသည်။

ဆက်လက်၍ 'အခု မြန်မာသက္ကရာဇ် ဘယ်လောက်ရှိပြီလဲ သိလား'ဟု ဆရာတော်ကြီးက မေးသည့်အခါ ဒကာများက '(၁၃၇၂)ခုနှစ်ရှိပါပြီဘုရား'လို့ ဖြေသည်။

'ကဲ‥ဒကာတို့ကို တဘောင်တစ်ခု ရွတ်ပြမယ်။ (၈၁)နဲ့ မတင်းတိမ်၊ (၉၀)ပြည့်နှစ်ကို အရောက်ချိန်၊ မင်းတို့ သိကြသလား'ဟု မေးပြီး 'နောင်(၁၀)နှစ်နဲ့ အနှစ်(၂၀) ကြာရင် ကမ္ဘာပေါ်မှာ အားလုံး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကုန်ပြီး မန္တလေးမြို့ အောင်ပင်လယ်ကန်အနီးမှာ ဗုဒ္ဓရာဇာ ဗုဒ္ဓစကြာမင်း ပေါ်လာမယ်။ ကမ္ဘာပေါ်မှာ မင်းတစ်ပါးသာ အုပ်ချုပ်စိုးစံမှာဖြစ်တယ်'ဟု ဆရာတော်ကြီးက ဆက်လက်မိန့်ကြားခဲ့ကြောင်း အနီးနေဒကာရင်းများထံမှ သိရသည်။

**စာရေးသူ၏ မှတ်ချက်-** ဤဆောင်းပါးကို ရေးသားပြုစုနေချိန်က မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်ဖြစ်၍ နောက်သုံးနှစ်ကြာလျှင် (၁၃၈၁)ခုနှစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ (၂၀၁၀)ပြည့်နှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီကာလ မဲဆွယ်စည်းရုံးစဉ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မန္တလေးမြို့မှာ ဟောပြောပွဲလုပ်ဖို့ အာဏာပိုင်များက အောင်ပင်လယ်ကန်အနီးမှာ နေရာစီစဉ်ပေးခဲ့စဉ်က လူထုသိန်းချီ လာရောက်ခဲ့သလို အဘခင်းခေါင်က 'ဒါ နိမိတ်လေးနိမိတ်ပဲ။ ပြီးတော့ တဘောင်လည်း ရှိခဲ့တယ်။ ကောင်းသောခေတ်ကို အထူးပင်မျှော်မှန်းတယ်၊ အောင်ပင်လယ်‥အောင်ပင်လယ်'ဟု စာရေးသူကို ပြောခဲ့ဖူးပါသည်။

ဗုဒ္ဓရာဇာသည် ဗုဒ္ဓဘာသာကို အမှန်တကယ် စောင့်ရှောက်သောမင်း (သို့မဟုတ်) ခေါင်းဆောင် ဗုဒ္ဓစကြာမင်းသည် ဗုဒ္ဓဘာသာဝင် တစ်နိုင်ငံထက် ပိုလွန်သောနိုင်ငံများကို ဩဇာအာဏာလွှမ်းမိုးနိုင်သည့်မင်း (သို့မဟုတ်) ခေါင်းဆောင်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။

<ins>ကိုယ်တွေ့ဖြစ်ရပ်တစ်ခု</ins>

မြောင်းမြမြို့ မြစိမ်းရောင်တောင်ဆရာတော်ကြီးဆီ ဖူးမြော်ရန် ဒုတိယအကြိမ်ရောက်တော့ ရာသီဥတုက



ဝေဘူဆရာတော်ကြီး

တော်င်ပေါ်မှာ အေးစိမ့်စိမ့်ရှိသည်။ ဤသို့အေးစိမ့်နေသောကာလမှာ ဆရာတော်ကြီးသည် နံနက်စောစော ရေသုံးတော်မူပြီးမှ ဧည့်သည်များကို တွေ့သည်ဟု ဆိုသည်။

ဆရာတော်ကြီး ရေသုံး(ရေချိုး)ရန် မှန်လုံအခန်းအတွင်း ခုံတစ်လုံးချထားပြီး ဘေးတွင် ရေစည်နှင့် ရေခွက်ရှိသည်။ ဆရာတော်ကြီးသည် သင်းပိုင်ကိုဝတ်ကာ ခုံပေါ်မှာ ထိုင်ပြီး ဘေးမှ ဒကာတစ်ဦးက ရေကို ခပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဝန္နာဝန်းချိ မြိမ်းရောင်ဆရာတော်ကြီး

ခွက်ဖြင့် ချိုးပေးရပါသည်။ တစ်ခွက်ပြီးတစ်ခွက် တစ်နာရီခန့်ကြာအောင် ရေချိုးတော်မူသည်။

'ဆရာတော်ကြီးရဲ့အရွယ်နဲ့ ဒီအချိန် ရေအကြာကြီးချိုးတာ ကျန်းမာရေးမထိခိုက်ဘူးလား' ဟု စာရေးသူက အနီးနေ ဒကာတစ်ဦးကို မေးကြည့်သည်။

'ခုတလော အဲဒီလိုပဲ ရေကို တစ်ခွက်ချင်း အကြာကြီးချိုးတယ်။ ရေကို ကိုယ်ပေါ် လောင်းပေးတဲ့အချိန်မှာလည်း ဆရာတော်ကြီး နှုတ်က ပြောသေးတယ်။ ကချင်ပြည်နယ်သူ ပြည်နယ်သားတွေ အေးချမ်းပါစေ။ ရှမ်းပြည်နယ်သူ ပြည်နယ်သားတွေ အေးချမ်းပါစေ။ နိုင်ငံတစ်ဝှမ်းက ပြည်သူတွေ အေးချမ်းပါစေ၊ အပူငြိမ်းကြပါစေ။ အဲဒီလို ပြောတယ်' ဟု ဒကာကပြန်ဖြေသည်။

ဆက်လက်၍ 'ဟိုတစ်နှစ်က ရခိုင်မှာ ပြဿနာတွေဖြစ်တုန်းကလည်း ရေချိုးရင်း ရခိုင်ပြည်နယ်သူ ပြည်နယ်သားတွေ အေးချမ်းပါစေ။ အဲဒီလိုပြောတယ်' ဟု ၄င်းက ပြန်ရှင်းပြသည်။

ဝိဇ္ဇာဆရာတော်ကြီးက ဤမျှကြာအောင် ရေချိုးခြင်းမှာ နိုင်ငံသူနိုင်ငံသားတွေ အပူသောကငြိမ်းအောင်၊ အေးချမ်းသာယာအောင် ဓာတ်ဖြေနေတာဟု နားလည်သဘောပေါက်မိပါသည်။

<u>ဆိုင်သူတွေ နိုလို့စီးရအောင်</u>

ဆရာတော်ကြီး၏ကျောင်းကို ရောက်သူတိုင်း ခေါင်းရင်းထောင့်နေရာတွင် သင်ပုန်းအကြီးကြီးဖြင့် ရေးထားသော စာ(ကဗျာ)တစ်ပုဒ်ကို တွေ့ရမည်ဖြစ်သည်။ ထိုစာ(ကဗျာ)ကို အဘအောင်မင်းခေါင် ရေးသည်။ ထိုစာ၏အဓိပ္ပာယ်သည် လွန်စွာလေးနက်သည်။ သတိထားမှ အသိပွားပါသည်။

*မြူခြေငယ်ရွှန်းပါဘိ၊*
*မြဝန်းရယ်တဲ့ရစ်ခွေ။*
*ဖောင်တော်နေမရိပ်ခင်က၊*
*အောင်တော်မူရွှေကုရုဝိက်ကိုလ၊*
*ကြိုးတိတ်တိတ်ဖြည်၊*
*သို့ပါသော် တစ်အားဆွဲသော်ကြောင့်၊*
*မသွားဘဲဆိုင်းရခြေ၊ လှိုင်းလေကငြိမ်တုန်း၊*
*တက်မကိုင်၊ ရွက်စတာမြိုင်မြိုင်နဲ့၊*
*ဆိုင်သူတွေနိုလို့စီးရအောင်၊*
*(ကိုရင်အောင်ရေ) မီးပြပါဦး..မီးပြပါဦး။*

**စကြာကောင်းစံ**

<u>စာကိုးစာရင်း</u>


၁။ ဦးလေးမြင့် မြစိမ်းရောင်သာသနာဆောင်းပါး [သုခချမ်းသာမဂ္ဂဇင်း၊ အမှတ်(၃၄)]။
၂။ မနုဿကျော်ဝင်း၊ အကြေပုဂံဆိုတာ ဆောင်းပါး၊ [(24/7) News အတွဲ(၁)၊ အမှတ်(၁၀)]။
၃။ ဦးမျိုးတင့်ကြည်၊ ကျိုးကြိုသောင်ထွန်း ဘုရားနေတဲ့ကျွန်း ဆောင်းပါး၊ [နက္ခတ်ဗေဒင်မဂ္ဂဇင်း၊ အမှတ်(၁၁)]။
၄။ စကြာကောင်းစံ၊ အကြေပုဂံခရီးတစ်ထောက် ဆောင်းပါး၊ [သြကာသမဂ္ဂဇင်း၊ အမှတ်(၅)]။
၅။ ဆရာတော်ကြီးမှ ဒေါ်ခင်သန်းမြင့်သို့ မိန့်ကြားချက် (အသံဖိုင်/စီဒီ)။
၆။ ကိုယ်တိုင်လေ့လာချက်များ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါက်ကံမြို့ဦးရှိ ပတ္တမြားစေတီတော်

နာပြုလုပ်ငန်းများ ဆောင်ရွက်နေသူ သာသနာပြုပုဂ္ဂိုလ် တစ်ဦးသည်ကား အသက်(၇၂)နှစ် အရွယ်ရှိ အဘဦးသန်းဌွေး ဖြစ်ပါ၏။ အဘဦးသန်းဌွေးသည် အကျင့်စရဏများကို ကျင့်ကြံပွားများအားထုတ်ရင်း (၇)နေ့သားသမီးတို့ကိုလည်း မြတ်ဗုဒ္ဓ၏ အေးမြသော တရားရိပ်အောက်သို့ ရောက်ရှိစေရန် ညွှန်ပြတိုက်တွန်း၏။ အခက်ကြုံသူ (၇)နေ့သားသမီးတို့ကိုလည်း မေတ္တာဖြင့် ကူညီ

သစ္စာမင်းခေါင်

# သူတော်စင်ပုဂ္ဂိုလ်ထူးတို့၏ လမ်းညွှန်မှုဖြင့်

# (၇)နေ့သားသမီးတို့အတွက် ဗုဒ္ဓရုပ်ပွားတော်(၃၉)ဆူ လှူဒါန်းခဲ့သူ

# သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေး

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့ဦးရှိ ပတ္တမြားစေတီတော်ကို အခြေပြုလျက် ဘုရား၊ စေတီများ တည်ထားခြင်း စသည့် သာသနာပြုလုပ်ငန်း ဆောင်ရွက်၏။ ထို့အတူ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ဒေသအနှံ့အပြားတွင် ပဋ္ဌာန်းဆက်(၇)နေ့သားသမီးတို့၏ အကူအညီဖြင့် ဘုရား



ပတ္တမြားစေတီတော်သို့ အဝင်မုခ်ဦး

စေတီ အများအပြားကို တည်ထား ခဲ့၏။ (ထိုအဘဦးသန်းဌွေးနှင့်ပတ် သက်၍ ၂၀၀၈ ခုနှစ်၊ မတ်လ ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် အကျင့် စရဏထူထောင်ရင်း သာသနာ ခရီးလမ်း လျှောက်လှမ်းနေသူ တစ်ယောက်အကြောင်း အမည် ဆောင်းပါးကို ဖော်ပြခဲ့ပြီး ဖြစ် ပါ၏။)

ဖော်ပြပါ အဘဦးသန်းဌွေး သည် လွန်ခဲ့သည့် (၂၀၁၅)ခုနှစ် အောက်တိုဘာလ၏ ညတစ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနှင့် ပုဂ္ဂိုလ်များတို့၏ ညွှန်ကြားချက်အတိုင်း (၇)နေ့သားသမီးတို့အတွက် လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော်များအား ပထွေးခြေးစေတီ ဈေးရုံအတွင်း၌ ဖူးမြင်ရစဉ်

တွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။ ယင်းအိပ်မက်မှာ ဉာဏ်တော်အမြင့်(၅)လက်မခန့်ရှိ ထိုင်တော်မူရုပ်ပွားတော် (၃၉)ဆူသည် လေတွင် ဝဲနေပြီး ထိုရုပ်ပွားတော်များအနီးတွင် တောင်ဝှေးကိုင်ထားသည့် ဆရာတော်ကြီးတစ်ပါး၊ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်တစ်ဦးနှင့် ပုဆိုးကွက်တုံး ဖျင်ကြမ်းကိုက်ပုံဝတ်ပြီး လက်ကြားတွင် ဆေးပြင်းလိပ် ညှပ်ထားသော ပုဂ္ဂိုလ်တစ်ဦးတို့က မတ်တတ်ရပ်လျက် ရှိနေကြ၏။

ထိုဆရာတော်ကြီးနှင့် ပုဂ္ဂိုလ်နှစ်ဦးတို့က အဘ ဦးသန်းဌွေးကို လက်ညှိုးထိုးကာ 'သင့်အနေနဲ့ ဒီရုပ်ပွားတော် (၃၉)ဆူကို (၇)နေ့သားသမီးတွေအတွက် ဝေငှလှူဒါန်းပြီး သာသနာပြုပါ။ ဒီရုပ်ပွားတော်တွေကို ဒီနေ့ကစပြီး တစ်ခါပြည့်တဲ့နေ့မှာ (၇)နေ့ သားသမီးတွေအတွက် လှူဒါန်းနိုင်အောင် ဆောင်ရွက်ပါ' ဟု ပြောပြီး လေတွင် ပျံဝဲနေသည့် ဗုဒ္ဓရုပ်ပွားတော်တွေနှင့်အတူ အဆိုပါ ဆရာတော်ကြီး တစ်ပါးနှင့် ပုဂ္ဂိုလ်နှစ်ဦးတို့ပါ ပျောက်ကွယ်သွားကြလေ၏။

ယင်းဆရာတော်ကြီးမှာ ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ် သက္ကန်းစင်တောင် ဆရာတော်ကြီးဖြစ်ပြီး ပုဂ္ဂိုလ်နှစ်ဦးမှာ အဘဘိုးဘိုးအောင်နှင့် အဘ ဦးခင်ခေါင်တို့ ဖြစ်ကြသည် ဆို၏။

အဘဦးသန်းဌွေးသည် ထိုအိပ်မက်ကို မြင်မက်ပြီးနောက် အိပ်မက်ထဲ၌ အဆိုပါ သူတော်စင်ကြီးများ ညွှန်ကြားသည့်အတိုင်း ဆင်းတုတော်များအား (၇)နေ့သားသမီးတို့အတွက် ဝေငှလှူဒါန်းနိုင်ရန် ကြံစည်စိတ်ကူးနေခဲ့၏။

သို့ဖြင့် (၂၀၁၆)ခုနှစ်၊ စက်တင်ဘာလတွင် အဘဦးသန်းဌွေးသည် ပုပ္ပားသို့ ရောက်ရှိခဲ့၏။ ပုပ္ပားတောင်ဧကလပ်တွင် (၉)ရက်အဓိဋ္ဌာန်ဝင်၏။ အဓိဋ္ဌာန်ပြီးဆုံးသည့် ညတွင် အဘဦးသန်းဌွေးသည် အထက်ပါအတိုင်း အိပ်မက်မြင်မက်ပြန်၏။ ပထမတစ်ကြိမ် အိပ်မက်ထဲ၌ တွေ့မြင်ခဲ့သည့်အတိုင်း ဆရာတော်ကြီး တစ်ပါးနှင့် ပုဂ္ဂိုလ် နှစ်ဦးတို့က တစ်နှစ်ကာလ ပြည့်မြောက်တော့မည်ဖြစ်၍ ဗုဒ္ဓရုပ်ပွားတော်(၃၉)ဆူကို (၇)နေ့သားသမီးတို့အား ဝေငှလှူဒါန်းရန် ထပ်မံပြောကြားခဲ့ကြလေ၏။

<u>ပုဂံမှ ဗုဒ္ဓရုပ်ပွားတော်များ ဝယ်ယူခြင်း</u>

သို့ဖြင့် အဘဦးသန်းဌွေးသည် ပုပ္ပားတောင်ကလပ်၌ အဓိဋ္ဌာန်ပြီးဆုံးသောအခါ ပုဂံဘုရားများဖူးရန် ပုဂံမြို့သို့ ဆက်လက်သွားရောက်ခဲ့ပြီး ထိုင်တော်မူလာဘမုနိ



သာသနာပြုမှုကို အဘဦးသန်းဌွေးအား ဝင်းအလင်ခြေမြင်ရ
ပထွေးခြေးစေတီပရိဝုဏ်ရှိ ပထွေးခြေးမျက်ရှင်တန်ဆောင်း၌ တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



၇နှစ်နေ့သားသမီးတို့အတွက် လှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားတော်များအား
သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်စဉ်

ရုပ်ပွားတော်(၁)ဆူနှင့် အလိုတော်ပြည့်ဘုရားရုပ်ပွားတော်(၃၈)ဆူတို့ကို ဝယ်ယူခဲ့လေ၏။

**ရုပ်ပွားတော်များကို မဲဖောက်လှူဒါန်းခြင်း**

ယင်းနောက် အဘဦးသန်းဌွေသည် ၄င်းအခြေပြုရာ ရွှေပေါက်ကံမြို့ဦးက ပဋ္ဌာန်မြားစေတီပရိဝုဏ်ရှိ ဓမ္မာရုံ၌ (၇)နေ့သားသမီး ဒေသ့်ပရိသတ်များကို ဖိတ်ကြားကာ သူတော်စင်ပုဂ္ဂိုလ်ကြီးများ ညွှန်ကြားသည့်အတိုင်း ဖော်ပြပါ ဗုဒ္ဓရုပ်ပွားတော်များကို မဲဖောက်၍ လှူဒါန်းခဲ့လေ၏။ ထိုသို့လှူဒါန်းခြင်းမပြုမီ ထိုရုပ်ပွားတော်(၃၉)ဆူကို ရွှေပေါက်ကံမြို့သစ်၊ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီးမှူးသည့် သံဃာတော်(၅)ပါးက ဗုဒ္ဓါဘိသေကအနေကဇာတင်ပေးခဲ့ကြ၏။


**(၁)နှစ်တိတိပြည့်သောနေ့ဖြစ်ခြင်း**

သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေက အထက်ပါအတိုင်း ဗုဒ္ဓရုပ်ပွားတော်များကို (၇)နေ့သားသမီးတို့အား မဲဖောက်လှူဒါန်းခဲ့သောနေ့သည် အိပ်မက်ထဲ၌ ထွက်ရပ်ပေါက် သူတော်စင်ပုဂ္ဂိုလ်ကြီးများ မှာကြားခဲ့သည့်အတိုင်း (၁)နှစ်တိတိပြည့်သောနေ့ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိရ၏။

**ဘုရားမဲပေါက်သူတို့၏ပီတိများ**

(၉-၁၀-၂၀၁၆)ရက်နေ့တွင် သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေ မဲဖောက်လှူဒါန်းခဲ့သော ဗုဒ္ဓရုပ်ပွားတော်များကို ကံထူးစွာဖြင့် ကိုးကွယ်ပူဇော်ခွင့် ရရှိသူတို့မှာ လွန်စွာပီတိဖြာဝေလျက် ရှိကြသည်ကိုလည်း ထိုနေ့က တွေ့မြင်ခဲ့ရပါ၏။

ဦးစွာ နံပါတ်(၁)မဲပေါက်ပြီး တစ်ဆူတည်းသော လာဘမုနိရုပ်ပွားတော်ကို ကိုးကွယ်ပူဇော်ခွင့်ရရှိခဲ့သူ ရွှေပေါက်ကံမြို့သစ်နေ ဒေါ်ရီသိန်းက 'သာသနာပြု အဘဦးသန်းဌွေ လှူဒါန်းတဲ့ ဒီဘုရားရုပ်ပွားတော်ကို မဲပေါက်ပြီး ကိုးကွယ်ပူဇော်ခွင့် ရရှိခဲ့တာဟာ အင်မတန်ကုသိုလ်ကံထူးလို့ပါ။ အကြောင်းဆက် အကျိုးဆက်ရှိလို့ပါ။ ဒီလို ဘုရားမဲမပေါက်မီ တစ်ညမှာ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦးက နင့်အိမ်ကို ရုပ်ပွားတော်တစ်ဆူ ကြွလာလိမ့်မယ်လို့ အိပ်မက်ပေးခဲ့ပါတယ်။ အခု အိပ်မက်အတိုင်း ဒီရုပ်ပွားတော်ကို ကိုးကွယ်ပူဇော်ခွင့်ရလို့ အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်'ဟု ပီတိမျက်နှာဖြင့် ပြောကြား၏။



ဗုဒ္ဓရုပ်ပွားတော်(၃၉)ဆူတို့ ၇နှစ်နေ့သားသမီးတို့အတွက် လှူဒါန်းပြီး
သံဃာတော်များအား သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေနှင့် တပည့်များက
ဆွမ်းဆက်ကပ်လှူဒါန်းစဉ်

**ဗုဒ္ဓရုပ်ပွားတော်များလှူဒါန်းခဲ့သူ အဘဦးသန်းဌွေ၏ ရင်တွင်းစကား**

'သူတော်စင်ပုဂ္ဂိုလ်ထူးများ

www.burmeseclassic.com

၏ ညွှန်ကြားချက်အတိုင်း ဗုဒ္ဓရုပ်ပွားတော် (၃၉)ဆူကို (၇)နေ့သားသမီးများသို့ အောင်မြင်စွာ လှူဒါန်းနိုင်ခဲ့သူ အဘဦးသန်းဌေးက အသက်ရှိနေသမျှ ကာလပတ်လုံး ဗုဒ္ဓသာသနာအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ကြိုးစားဆောင်ရွက်သွားမယ်။ အကျင့်စရိုက်နဲ့အတူ သာသနာခရီးလမ်းမှာ ရာသက်ပန် လျှောက်လှမ်းသွားမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ထူးတွေရဲ့ လမ်းညွှန်မှုအတိုင်း ခုလို ဗုဒ္ဓရုပ်ပွားတော်တွေကို ခုနစ်နေ့သားသမီးတွေအတွက် လှူဒါန်းခွင့်ရလို့ နှလုံးစိတ်ဝမ်း လွန်စွာအေးချမ်းခဲ့ရပါတယ်။ ဒီလိုလှူဒါန်းခဲ့ရမှုဟာ ကျွန်တော် လျှောက်လှမ်းနေတဲ့ သာသနာခရီးလမ်းရဲ့ မှတ်တိုင်တစ်ခုလို့လည်း ကျွန်တော် ခံယူပါတယ်'ဟု ဆို၏။



နံနက်(၁)မိဓပါတ်ဆု ဒေါ်မြသိန်းအား သာသနာ့ဗုဒ္ဓရုပ်ပွားတော်ကို သာသနာ့မြေနှိုင်း အဘဦးသန်းဌေးက ပေးအပ်စဉ်

ဝေနေယျအားလုံး ဘေးရန်ကင်းဝေးကြပါစေ။

မေတ္တာရည်၍

သစ္စာမင်းခေါင်


မန္တလေး-နေပြည်တော် ဆရာလုံး၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသောဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ပိုင်ဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉၇၃၂၄၀၇၉၆ ၊ ၀၉၃၂၂၂၇၇၉၇

www.burmeseclassic.com

# ရာဇဝင်ထဲက ရွာကလေးဆီသို့

မျှင်ဒူဝါ

'အညာဌာနီ တစ်ခါလာပြီ
ကျွန်တော့်အတွက်တော့
မေ့မရပါလေပြီ'

ငယ်စဉ်က ရွာမှာ အလှူအတန်း ပွဲလမ်းသဘင်ရှိလို့ အသံချဲ့စက်ဖွင့်တဲ့အခါတိုင်း နားသောတဆင်ခဲ့ရတဲ့ အဆိုတော် သန်းထွန်းလေးရဲ့ မွေးဌာနီ သီချင်းပါ။ ဒီသီချင်းသံလေး ကြားရရင် တစ်နယ်တစ်ကျေးကို ရောက်နေတဲ့ အညာသူ အညာသားတွေအဖို့ ကိုယ့်ရွာကိုယ့်မြေကို ချက်ချင်း ပြန်ပြေးသွားချင်စိတ် ပေါ်လာစေတာ အမှန်ပါပဲ။

မွေးဌာနီ သီချင်းကို တေးရေး ကိုလေးလွင် ရေးစပ်သီကုံးခဲ့ပါတယ်။ အောက်အရပ်သား ကိုလေးလွင်ဟာ ဒီသီချင်းကို ရေစပ်သီကုံးစဉ်က အညာမြေကို တစ်ခါမှ မရောက်ဖူးသေးပါဘူးတဲ့။ မရောက်ဖူးသေးတဲ့ ဒေသတစ်ခုအကြောင်းကို ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်စွမ်းတဲ့ ဆရာကိုလေးလွင်ဟာ တကယ်ချီးကျူးရမယ့် ပါရမီရှင်ပါပဲ။

စာရေးသူကတော့ ပါရမီရှင် မဟုတ်ပါဘူး။ နယ်မြေဒေသတစ်ခုရဲ့အကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရမယ်ဆိုရင် ရေးသားဖော်ပြမယ့် နေရာဒေသကို ကိုယ်တိုင် အရောက်သွားပြီး လေ့လာမှတ်သားရမှသာ ရေးနိုင်စွမ်းမှာပါ။ ဒါကြောင့် စာရေးသူဟာ ရာဇဝင်ထဲက ရွာကလေးဆီကို အရောက်သွားခဲ့ရခြင်းပါ။

◆◆◆

'ညီလေးမောင်ဖျင်ရေ့ ဒီသီတင်းကျွတ်အခါမှာ ဘာအစီအစဉ်များ ရှိသလဲကွယ့်'

အောက်တိုဘာလ ပထမပတ် ရုံးပိတ်ရက်တစ်နေ့ နေ့လယ်ခင်း နေပြည်တော် ဇလသီဒ္ဓိတိုက်ခန်း၌ အနားယူနေစဉ် ဖုန်းဆက်လာသူက ရန်ကုန်မြို့၊ သဃ်န်းကျွန်းမလိခဥယျာဉ်အိမ်ရာမှာ နေထိုင်တဲ့ ကဗျာဆရာ စလင်းဘုန်းကျော်ပါ။ ရင်းနှီးခင်မင်သူတွေက သူ့ကို ဆရာဘုန်းလို့ ခေါ်ကြပါတယ်။ ဒီအခေါ်ကို ဆရာဘုန်းလည်း သဘောကျ နှစ်ခြိုက်ပါတယ်။ ဒါကြောင့် ဒီစာစုမှာ ဆရာဘုန်းလို့ပဲ သုံးကြပါစို့။

စာရေးသူ တောင်မြို့ ခြေလျင်တပ်ရင်းမှာ ကျောင်းဆင်း ဒုဗိုလ်ဘဝနဲ့ ရှိခဲ့စဉ်က ဆရာဘုန်းဟာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှာ ဦးစီးအရာရှိ (ဒုတိယတန်း) တာဝန်ထမ်းဆောင်နေပါတယ်။ အမည်ရင်း ဗိုလ်မှူးသန်းအေးဖြစ်ပြီး စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၂၃)က ဆင်းပါတယ်။ ဇာတိက စလင်းမြို့နယ်၊ ကျက်သကိုင်ရွာ။ ကျက်သကိုင်ရွာဟာ စလင်းရဲ့ အရှေ့မြောက် (၂)မိုင်လောက်အကွာရှိပြီး အဆိုတော် ဗညားဟန်တို့ ကန်တိုင်ကွေ့ရွာနဲ့ ခဲတစ်ပစ်ပဲ ရှိပါသတဲ့။ (၁၉၈၂)ခုနှစ်၊ စလင်း အ·ထ·က‌မှာ (၁၀)တန်းတက်ခဲ့တဲ့ စာရေးသူက တစ်ကျောင်းတည်းသားဖြစ်တဲ့ ဆရာ့ကို သွားရောက်တွေ့ဆုံမိတ်ဖွဲ့ရာက စတင်ခင်မင်ခဲ့တာပါ။ တောင်ကြီးကနေ စာရေးသူ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း အဆက်အသွယ်ပြတ်သွားခဲ့ရာက တစ်မြန်နှစ်ကမှ ဖေ့စ်ဘုတ်ပေါ်မှာ ပြန်တွေ့ခဲ့ကြပြီးနောက်ပိုင်း မကြာခဏဆိုသလို ဖုန်းနဲ့ စာကဗျာအကြောင်း ရွာအကြောင်းတွေ ပြောဖြစ်ကြပါတယ်။

ဆရာဟာ တပ်မတော်က ဗိုလ်မှူးအဆင့်နဲ့ အငြိမ်းစားယူခဲ့ပြီး အိုးအိမ်ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မဟုတ်မခံစိတ်ရှိပြီး မှန်တယ်ထင်ရင် နောက်မဆုတ်တတ်သူ၊ အင်္ဂလိပ်လက်ဝှေ့(Boxing)ကို ဆရာဖြစ် တတ်ကျွမ်းသည့်တိုင် စာပေအနုပညာကိုခုံမင်ပြီး နှလုံးသားနူးညံ့သူ ဗိုလ်မှူးသန်းအေးဟာ ခုအခါမှာတော့ အရပ်သားစစ်စစ် အမျိုးသားစာပေဆုနှင့် စာပေဆုများရှင် ကဗျာဆရာ စလင်းဘုန်းကျော်ဖြစ်လို့နေပါပြီ။ သူမြတ်နိုးတဲ့ စာ၊ ကဗျာ၊ လက်ာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ရေးစပ်သီကုံးရင်း တစ်ဖက်ကလည်း အမျိုးသားစာပေဆု နဲ့ စာပေဗိမာန်စာမူဆု(ကဗျာ) စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် တာဝန်၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟို အလုပ်အမှုဆောင် (မကွေးတိုင်း တာဝန်ခံ) စတဲ့ တာဝန် တွေကို စေတနာ့ဝန်ထမ်း ဆောင်ရွက်နေပါတယ်။

'ကျွန်တော် စလင်းသွားမယ် ဆရာဘုန်း။ တိုက် ကျောင်းဆရာတော်ကို မိသားစု သွားကန်တော့မှာပါ'

'ကိုယ်လည်း စလင်းကညီမရဲ့ကထိန်ကို သွားဖို့ရှိ တယ်။ လပြည့်နေ့မတိုင်မီ ကြိုသွားမှာ။ ညီ ကိုယ့်ဆီလာ ခဲ့။ ကိုယ်တို့ရွာကို လိုက်ပို့ပေးမယ်။ ကိုယ်တို့ရွာရဲ့ ထူး ခြားတဲ့ ဓလေ့လေးတွေကို ဆောင်းပါးတစ်ပုဒ်လောက် ရေးပေးစမ်းပါကွာ'

'ရပါတယ် ဆရာ။ကျွန်တော်လည်း ကုန်ကြမ်းပြတ် နေတာနဲ့ အတော်ပါပဲ'

'အိုကေ။ ကိုယ် စလင်းက ကိုယ့်ညီနဲ့ ညီမတွေရဲ့ ကမ္ဘာစိုးဆန်စက်မှာ စောင့်မယ်။ အဲဒီအိမ်မှာပဲတည်း။ ကိုယ့်ညီနဲ့ ညီမက အပျိုကြီး၊ လူပျိုကြီးတွေ။ ဘာမှအား နာစရာ မရှိဘူး'


'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် မရောက်ရောက်အောင် လာခဲ့ပါမယ်ခင်ဗျာ'

◆◆◆

အောက်တိုဘာလ (၁၄)ရက်၊ သောကြာနေ့။

စာရေးသူ၊ ဇနီး၊ သားလတ်နှင့် သူ့ကြင်သူတို့ ပါဝင် သော စာရေးသူတို့ မိသားစုသည် အယ်လ်ဖတ်ကားလေး ဖြင့် နေပြည်တော်မှ မွန်းလွဲ(၂)နာရီတွင် စတင်ထွက်ခွာ ခဲ့ကြသည်။ ယနေ့ ပွင့်ဖြူသို့ အရောက်မောင်းပြီး ပွင့်ဖြူ တွင် ညအိပ်ရန် ရည်ရွယ်ထား၏။

သည်တစ်ခေါက် သားလတ်က ကားမောင်းတာဝန် ယူသဖြင့် စာရေးသူ ကင်မရာလက်စွမ်းပြခွင့်ရ၏။ ကုန် ကားလမ်းအတိုင်း မှန်မှန်မောင်းခဲ့ရာ မကွေးသို့ (၅)နာရီ ခန့်ရောက်သည်။ မြသလွန်ဘုရားပွဲတော်သို့ ဝင်ချိန်မရ တော့။ မကွေးတံတားပေါ် ဖြတ်ကျော်ရင်းသာ လှမ်းမျှော် ကာ အုပ်ချီကန်တော့ခဲ့သည်။ မြစ်ထဲတွင် ရေကျစပြုပြီး မြစ်လယ်သောင်ကျွန်းပေါ်ဝယ် ယာတဲအသစ်လေးတွေ ထောင်းလုံး ဆောက်ပြီးကြပြီ။ မကွေးဘက်ခြမ်းက ရေ ကြောင်းပါးပြီး မင်းဘူးဘက်ခြမ်းက ရေနက်သဖြင့်



မြကွန်းတောင်စေတီ

သင်္ဘောများ မင်းဘူးဘက်က စုန်ဆန်မောင်းနှင်ကြသည် ကို သတိပြုမိ၏။ တိုးဂိတ်တွင် တံတားဖြတ်သန်းခနှင့် မင်းဘူးမြို့ဝင်ကြေး နှစ်ရပ်ပေါင်း (၈၀၀)ကျပ်ပေးဆောင် ရ၏။ မင်းဘူး စက္ကိန်းတဲဘုရား ခပ်သုတ်သုတ်ဝင်ဖူးပြီး ခရီးဆက်ခဲ့ကြရာ စကုမြို့အထွက် မန်းချောင်းတံတား လွန်သော် ရှေ့မီးကြီးကို စဖွင့်ရပြီး ပွင့်ဖြူမြို့ထဲ ဝင်ချိန် မှာတော့ ည(၇)နာရီ ထိုးပါပြီ။

အောက်တိုဘာလ (၁၅)ရက်၊ စနေနေ့။

နံနက်(၆)နာရီထ မြို့ပတ်လမ်းပေါ်ရှိ မြသုခလက် ဖက်ရည်ဆိုင်တွင် စမူဆာသုပ်စားပြီး စလင်းသို့ ခရီးဆက် ကြ၏။

ရာသီဥတုက မိုးလေကင်းစင် သာယာကြည်လင် သည်။ ပွင့်ဖြူအထွက် မုန်းမြောင်းထဲတွင် ဆည်ရေ တသွင်သွင် စီးဆင်းနေ၏။ လမ်းဘေးတစ်လျှောက် ငှက် ပျော၊ သရက်၊ ပိန္နဲ၊ ဥယျာဉ်များဖြင့် စိမ်းညို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com

မုန်းချောင်းကို ကျဉ်းကျပ်ကျပ် ဘေလီတံတားဖြင့် ဖြတ်ရသည်။ တံတားဟိုဘက်မှလာသော ယာဉ်ကြီးများကို ရပ်စောင့်ပေးရသလို ဖြတ်သန်းနေစဉ် ဆိုင်ကယ်များ၊ စက်ဘီးများ ဥဒဟိုသွားနေသဖြင့် ကားကို တစ်လိမ့်ချင်း ထိန်းမောင်းရ၏။ မုန်းချောင်းတံတားလွန်သော် ရှောက်တောရွာ၊ ရှောက်တောက ထွက်သည်နှင့် ရှုမဆုံးသည့် လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်။ စလင်း-ပွင့်ဖြူ နယ်ခြား မိုင်တိုင်အမှတ်(၂၉)အနီးရှိ လက်မဲကန်တွင် ကားပေါ်မှ ဆင်းကာ ရှုခင်းကြည့်ကြသည်။ ကန်ပေါင်ပေါ်မှ အနောက်ရိုးမဆီသို့ ရှုကြည့်ရသည်မှာ လွမ်းစရာ။ လက်မဲရွာသည် မွေ့နွန်းရကန်ကို ရေးသားခဲ့သည့် စာဆိုစလင်း နဝဒေး ခေါ် အမတ်ရွှေတောင်နန္ဒသူကို မွေးထုတ်ပေးခဲ့သည့် ရွာကလေးဖြစ်သည်။

စလင်းမြို့သို့ နံနက်(၈)နာရီခွဲခန့် ရောက်သည်။

မြို့အဝင်ဆိုင်းဘုတ်၌ ကားကို လမ်းဘေး ချရပ်ပြီး အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။ အနီရောင်အောက်ခံတွင် ရွှေစာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်က ခံ့ညားသလို မြေယာရှုခင်း ပြုပြင်ထားသဖြင့်လည်း လှပလို့နေ၏။ အချိန်ကိုငဲ့လျက် မြန်မြန်ကိစ္စဖြတ်ကာ ဆရာတော့်ကျောင်းသို့ ခရီးဆက်၏။ ဆရာတော့်ကျောင်းသည် မြို့အဝင် ကားလမ်းဘေးတွင် တည်ရှိပေရာ ခဏနှင့်ပင် ရောက်သည်။

ဆရာတော်ကို မုန့်၊ သစ်သီးနှင့် ဝတ္ထုငွေ ကပ်လှူကြသည်။ ဆရာတော်သည် သက်တော်(၈၀)ရှိပြီ ဖြစ်သည့်တိုင် ကျန်းမာရေးအထူးကောင်း၏။ စာရေးသူတို့ ကျောင်းသားဘဝကတည်းကပင် သက်သတ်လွတ် ဘုဉ်းပေးလာခဲ့သည့် အကျိုးဆက်ဖြစ်လိမ့်မည်။ (၁၀)တန်းကျောင်းသားဘဝ တစ်နှစ်ကျော်နေခဲ့သည့် ကျောင်းဝင်းအတွင်း အလွမ်းပြေ လှည့်ပတ်ကြည့်ပြီး ဆရာတော်အား နှုတ်ဆက်ကာ ဆရာစလင်းဘုန်းကျော် စောင့်နေမည့် ဆင်ဖြူကျွန်းဘက်အထွက်က ကမ္ဘာစိုးဆန်စက်ဆီသို့ ဆက်လက်ထွက်ခွာခဲ့ကြတော့၏။

♦ ♦ ♦


'ညီတို့ ရောက်လာကြပြီလား။ လာကြ။ အေးဆေးနားကြ။ ရွာကို ရေမိုးချိုး နေ့လယ်စာစားပြီးမှ သွားတာပေါ့'

'ရွာကို အရင်သွားပြီး အပြန်မှ နေ့လယ်စာစားရင် အဆင်ပြေမယ် ဆရာဘုန်း။ စလင်းက ကျွန်တော့် စာဖတ်ပရိသတ်တွေနဲ့တွေ့ဖို့ ချိန်းထားသေးတယ်'

'ဟုတ်လား။ ဒါဖြင့်လည်း ခဏလောက်နားပြီး ရွာသွားကြတာပေါ့'

ဆရာဘုန်း၏ ညီ၊ ညီမတို့က စာရေးသူတို့ကို နွေးထွေးပျူငှာစွာ ကြိုဆိုကြပါသည်။ ညီမက ဒေါ်တင်တင်နု၊ ညီက ကိုအေးကြူ။ စေတနာအလွန်ထက်သန်သော မောင်နှမတွေပါ။ ဆက်တီစားပွဲပေါ်တွင် ငှက်ပျောသီး၊ စပျစ်သီး၊ ပဲကြော်၊ လက်ဖက်သုပ်၊ မုန့်မျိုးစုံ၊ ကော်ဖီမစ်၊ ရေနွေးကြမ်း စုံလှသည်။ စာသမားတွေ ဆုံကြပြီဆိုလျှင် စာအကြောင်း၊ စာရေးဆရာအကြောင်းတွေ အများဆုံးပြောလေ့ရှိ၏။

ယခု စကားဝိုင်းတွင် ကျပင်းဆရာဖီး၊ စလင်း ခင်မောင်ရည်၊ ဦးစန္ဒိမာ(စလင်း)၊ ဌေးကြည်(စလင်း) စသည့် စလင်းဒေသက စာသမားတွေအကြောင်း ပြောဖြစ်ကြသည်။ နာရီဝက်မျှ အာလာပ သလ္လာပ ပြောဆိုကြပြီး သွားစို့ဟူသော ဆရာဘုန်း၏ ဆော်ဩသံနှင့်အတူ စကားစဖြတ်၊ ထိုင်ရာမှထကာ ကားပေါ်သို့ တက်ကြသည်။ ဆရာဘုန်းက ယာဉ်ရှေ့ဦးခန်းမှ လိုက်ပါကာ လမ်းပြအဖြစ် ဆောင်ရွက်၏။ သားလတ်အား မြောက်ဘက်ကို ဟော့ဖိုးသားဟု ပြောပြီး ခဏအတွင်းမှာပင်


စလင်းမြို့အဝင်

www.burmeseclassic.com

ည်းဖြည်း ညာဘက်ချိုးဟု ညွှန်ပြသံ ထပ်မံထွက်ပေါ်လာသဖြင့် ရှေ့တည့်တည့်ရှိ လမ်းညွှန်ဆိုင်းဘုတ်ကို အာရုံစိုက်မိလိုက်၏။

'ကျက်သကိုင်သို့ (၂.၅)မိုင်'

အစိမ်းရင့်ရင့် အောက်ခံတွင် အဖြူရောင်စာလုံးရေးထိုးထားသည့် ဗီနိုင်းဆိုင်းဘုတ်ကို သတိပြုမိ၏။ လမ်းခွဲက သိပ်မဝေးပါလားဟူသော အတွေးမဆုံးမီမှာပင် ကားက ညာဘက်သို့ ချိုးကွေ့ကာ ကျောက်ချောလမ်းထဲသို့ ဝင်ခဲ့ပါပြီ။

စာရေးသူကား (၁၉၈၂-၁၉၈၃)စာသင်နှစ် တစ်နှစ်လုံး စလင်းတွင် နေခဲ့သည်။ မြို့တွင်း အထင်ကရ နေရာအတော်များများ ရောက်သော်လည်း မြို့ဝန်းကျင် ကျေးရွာများသို့ တစ်ခါမျှ ခရီးမဆန့်ခဲ့ရ။ နောက်ပိုင်း စလင်းသို့ သုံးလေးခေါက် ပြန်ရောက်ခဲ့သည့်တိုင် ဆရာတော့်ကျောင်းနှင့် ဝက်သည်းကန်လောက်သာ ရောက်သည်။ ထို့ကြောင့်ပင် ဤခရီးစဉ်သည် မိမိအတွက် အစိမ်းသက်သက် ဖြစ်နေပါ၏။

လမ်းဝအနီးရှိ လူနေရပ်ကွက်ကို လွန်သည်နှင့် ကျယ်ပြန့်ပြူးစိမ်းလန်းသော လယ်ကွင်းပြင်ကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။ ကွင်းပြင်စိမ်းစိမ်း၏ အလယ်မှ ဖြတ်သွားလမ်း ဖွေးဖွေးသည်ကား ဖြောင့်တန်းပြီး ကျင်းမရှိ ချိုင့်မရှိ ညီညာပြေပြစ်၏။ ကားနှစ်စီး လွတ်ကင်းစွာ ရှောင်တိမ်းနိုင်သည့် အကျယ်ရှိ၏။ လမ်းပေါ်တွင် ဖုန်မှုန့်တွေ ထောင်းခနဲ ထသွားသည်အထိ ဝေါခနဲ ပြေးဝင်သွားတတ်သော ဆိုင်ကယ်များကို မကြာခဏတွေ့ရသလို နွားလှည်းနှင့် ထော်လာဂျီအသေးစားလေးတွေကိုလည်း ရှောင်တိမ်းရ၏။

ထိုစဉ်ခိုက်မှာပင် စာရေးသူ၏ အတွေးအိမ်ဝယ် ကဗျာတစ်စ ဝင်လာသည်။

'အညာမြေ
သာလေတဲ့ ရပ်ကျေး
လယ်ယာမြေ သာစခန်းနှင့်
ရွာလမ်းမြေ ဖုန်ဖွေးဖွေး
ပြေးဆော့ခဲ့သေး' တဲ့။

ဆရာဘုန်းက သူ၏ လွမ်းရပ် အညာမြေ ကဗျာတွင် သူ့ငယ်ဘဝ တစ်စိတ်တစ်ဒေသကို ဤနှယ် လှစ်ပြခဲ့ဖူးသည်။ ဤပါဒလေးသည် ဤလမ်းကြောင်းကို ဆိုလိုသည်မှာ မလွဲလောက်ပေ။

လမ်းခွဲမှရွာသို့ (၂)မိုင်ခွဲဟုဆိုသော်လည်း ထို့ထက်ပိုဝေးသည် ထင်မိ၏။ အနှံထွက်စ စပါးခင်းများ၊ ပဲမျိုးစုံစိုက်ခင်းများနှင့် ထွန်ယက်ဆဲ ယာမြေများက ဘဝင်ငြိစရာ။ တစ်နေရာ၌ ပင်စည်တုတ်တုတ်နှင့် ခံ့ထည်သော လက်ပံပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ မဲဇလီဆည်မှလာသော လက်ဝဲမုန်းမြောင်း လက်တံခွဲ တစ်ခုသည် လက်ပံပင်ကြီး၏ အနောက်ဘက်သေးမှကပ်ကာ တောင်မှ မြောက်သို့ စီးဆင်းနေပြီး စလင်း-ကျက်သကိုင် လမ်းကမြောင်းကို ကြက်ခြေခတ်ဖြတ်သွားသည်။ ဆရာဘုန်းကသူ အလယ်တန်း၊ အထက်တန်း ကျောင်းသားဘဝက စလင်းသို့ နေ့စဉ် ကျောင်းတက်ရပြီး ကျောင်းမှ ပြန်တိုင်း ဤမြောင်းထဲ၌ ရေချိုးလေ့ရှိကြောင်း အောက်မေ့တသ ပြန်ပြောပြ၏။

မုန်းမြောင်းပေါ်တွင် အချင်း(၂)ပေခန့်ရှိသော သံပိုက်လိုင်းတစ်ခု ကန့်လန့်ဖြတ် တွေ့ရသဖြင့် မေးကြည့်ရာ လင်းဇင်းဆည်မှ လာသောရေကို အပေါ်က သွယ်ယူခြင်းဖြစ်ကြောင်း သိရသည်။ မဲဇလီဆည်ကို (၁၉၁၀)ပြည့်နှစ်က မုန်းချောင်းပေါ် တည်ဆောက်ပြီးစီးခဲ့ပြီး လင်းဇင်းဆည်က (၁၉၃၃)ခုနှစ်တွင် စလင်းချောင်းပေါ်၌ တည်ဆောက်ပြီးစီးခဲ့၏။ မဲဇလီဆည် ရေဝင်နည်းခဲ့သော် လင်းဇင်းဆည်မှရေကို ရရှိနိုင်မည့် အစီအမံပင်။ ရေပေးစနစ်နှစ်ခု၏ အကျိုးကျေးဇူးကို ခံစားရသော ဤဒေသရှိ လူများကား ကံကောင်းပေစွ။ ကြည့်နေ တွေးနေ မုဒိတာ


ကျက်သကိုင်ရွာသို့အဝင်လမ်း

www.burmeseclassic.com


ရှေးလက်ရာမျက်နှာကြက်တစ်ခု

ပွားနေစဉ်မှာပင် စာရေးသူတို့ ကားလေးက ကျက်သကိုင်ရွာထဲသို့ ဝင်ခဲ့ပါလေပြီ။

◆◆◆

ကျက်သကိုင်ရွာ။

ရွာနာမည်လေးက ရိုးစင်းသော်လည်း ထူးခြားသည်။

ရွာအမည်တွင် မည်သည့်အဓိပ္ပာယ်တို့ ရှိသနည်း။ မြန်မာပြည်တစ်နံတစ်လျား မြို့ပြကျေးလက်များ စတင်တည်ထောင် ဖြစ်ပေါ်လာပုံ၊ အမည်ပေးပုံတို့ကို ဆန်းစစ်ကြည့်ပါက ဗုဒ္ဓသာသနာ့သမိုင်းနှင့် ဆက်စပ်နေတတ်သလို မင်းစိုးရာဇာအသိုင်းအဝိုင်း၏ ဘဝပုံရိပ်တို့နှင့်လည်း တစ်နည်းတစ်ဖုံ ပတ်သက်နေတတ်၏။ အနှီ ကျက်သကိုင်ရွာလေးတွင်လည်း မည်သို့ရှိလေသနည်း။

ကျက်သကိုင်ရွာလေးက အိမ်ခြေ(၁၂၀)ခန့်သာ ရှိသော်လည်း အိမ်ကြီး အိမ်ကောင်းများ ပေါ်များလှသည်ကို သတိပြုမိ၏။ အိမ်တိုင်းတွင် ဝင်းခြံခတ်ထားသော်လည်း ဝင်းတံခါး မတွေ့ရ။ အချို့ဝင်းတံခါး တပ်ဆင်ထားသော်လည်း သော့ချိတ်သည့်ကွင်း တပ်မထား။ ယင်းက ဤရွာသူရွာသားများသည် အကျင့်စာရိတ္တအရာတွင် မနိမ့်ပါးကြောင်း ရဲရဲတင်းတင်း ကောက်ချက်ချနိုင်၏။

ရွာထဲရောက်သည်နှင့် ဆရာဘုန်းက သူ ငယ်စဉ်မိဘများနှင့် အတူနေထိုင်ခဲ့သောအိမ်သို့ တန်းသွားသည်။ အိမ်အောက်ထပ်တွင် အနားယူစေလျက် သူ့ညီမများနှင့် မိတ်ဆက်ပေးသည်။ အိမ်အောက်ထပ်ကို မျက်စိကစားလိုက်စဉ် နံရံ၌ မဟာဘွဲ့ဝတ်စုံဖြင့် ရိုက်ကူးချိတ်ဆွဲထားသော မိန်းမငယ်နှစ်ဦး၏ ဓာတ်ပုံများကို တွေ့ရ၏။

စာရေးသူ မမေးမီမှာပင် ဆရာဘုန်းက သူ့ညီမများ ဖြစ်ကြောင်း၊ မကွေးတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့များ ကိုယ်စီရပြီး အစိုးရဝန်ထမ်း မလုပ်ဘဲ ရွာမှာပင် နေထိုင်ကြကြောင်းကို ရှင်းပြသည်။ မဟာဘွဲ့ရပြီးသည့်တိုင် ရွာမှာပင် လယ်သူမ လုပ်နေသည့် ထူးဆန်းသော ကျက်သကိုင်သူများပါပေ။

ဆရာဘုန်းက 'သူတို့က လခစားအလုပ်ကို မက်လည်းမမက်၊ အထင်လည်း မကြီးဘူး ညီရ။ ဒီဒေသမှာက စပါး၊ ပဲ၊ နှမ်းမျိုးအပြင် ဘာပင်စိုက်စိုက် ဖြစ်ထွန်းနေတော့ ဝင်ငွေရှင်ပြီး ရွာကနေ မခွာချင်ကြဘူးတဲ့'

သည်စကားကို စာရေးသူ ငြင်းပယ်ရန် မကြိုးစားတော့။

'မောင်မောင် ဧည့်သည်တွေအတွက် ထမင်းချက်လိုက်မယ်'

'နေပါစေ။ ဆန်စက်ထဲမှာ ချက်ခိုင်းထားခဲ့တယ်။ စလင်းမှာပဲ ပြန်စားမယ်'

ဆရာဘုန်းနှင့် သူ့ညီမ အပျိုကြီး ဒေါ်ဝင်းဝင်းတို့ ပြောဆိုနေကြခြင်း ဖြစ်၏။ ဒေါ်ဝင်းဝင်း၏ စကားပြောဆိုဟန်က ရာဇဝင်ရုပ်ရှင်ဇာတ်ကားထဲကအတိုင်း ဖြစ်နေ၏။ စာရေးသူ၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ချက်ဆို နားခွက်က မီးတောက်သော ဆရာဘုန်းက တို့ရွာမှာက ဒီလိုပဲ ပြောကြတယ်ကွဲဟု အစချီကာ မိသားစုတစ်စုတွင် အစ်ကိုကြီးများကို အမည်နာမနှင့်တွဲလျက် ရှေ့တွင် မောင်မောင် ထည့်ခေါ်လေ့ရှိကြကြောင်း၊ ဥပမာအားဖြင့် ကိုသန်းငွေ၊ ကိုသန်းအေး၊ ကိုစန်းမြင့်အောင် စသည့် သူတို့ ညီအစ်ကိုတွေကို ညီမ(နှမ)တွေက မောင်မောင်ငွေ၊ မောင်မောင်အေး၊ မောင်မောင်စန်းဟု ခေါ်ကြကြောင်း ပြောပြသည်။ ဤရွာ၌ မိခင်၊ ဖခင်တို့ဘာဦးလေး၊ ဒေါ်လေးများကို မြို့ကြီးပြကြီးများမှာကဲ့သို့ အကာယ်၊ အန်တီဟု ပြီးစလွယ် မခေါ်တတ်ကြ။ အဖေ့အစ်ကိုကို ဘကြီး၊ အဖေ့ညီကို ဘထွေး၊ အဖေ့နှမ



www.burmeseclassic.com

www.burmeseclassic.com

အရီး၊ အမေ့အစ်ကိုကို ဦးကြီး၊ အမေ့မောင်ကို ဦးလေး၊ အမေ့အစ်မကို ဒေါ်ကြီး(ကြီးကြီး)၊ အမေ့ညီမကို ဒွေးလေးသည်ဖြင့် ရှေးမြန်မာများ၏ ဆွေမျိုးတော်စပ် ခေါ်ဝေါ်ပုံအတိုင်း ခေါ်ဆိုကြဆဲ ဖြစ်ကြောင်းကိုလည်း သိခွင့်ရခဲ့သည်။ ချစ်စရာအညာ ကျေးလက်ဓလေ့လေးများနှင့် မွှေ့လျော်ဖွယ် ရွာကလေးပေတကား။

ခဏမျှအကြာ စာရေးသူတို့အဖွဲ့ ရွာတောင်ပိုင်းရှိ ဆရာဘုန်း၏ မိခင်ဘက်မှ ဦးလေး ဦးဘကိုအိမ်သို့ သွားကြသည်။ ရောက်ရောက်ချင်း ဦးဘကိုကို မတွေ့ရ။ လယ်ထဲ သွားနေသည်။ မကြာခင် ပြန်ရောက်မည်ဟု အိမ်ရှင် အဘွားက ရေနွေးကြမ်းအိုး၊ ပဲကြော်၊ လက်ဖက်ပန်းကန်များ တည်ခင်းရင်း ပြောသည်။ ထိုသဘောမနော ကောင်းလှသော အဘွားနာမည်က ဒေါ်တင်လှိုင်၊ ဦးဘကို၏ ညီမအရင်း ဖြစ်၏။

ခဏအကြာ စက်ဘီးကို တရှောက်ရှောက်နင်းကာ ဦးဘကို အိမ်ဝင်းထဲသို့ ဝင်လာသည်။ ဆရာဘုန်းက အချိန်ဆိုင်းမနေဘဲ ဦးဘကိုကို စာရေးသူနှင့် မိတ်ဆက်ပေးသည်။ ထိုသည်ပင်လျှင် ကျက်သကိုင်ရွာ၏ အဘိဓာန် စာအုပ်ကြီးကို လက်ထဲ ထိုးပေးလိုက်သည့်ပမာ။

အသက်(၈၁)နှစ်ရှိပြီဖြစ်သော ပိန်ပိန်ပါးပါး၊ အရပ်ပျပ်ပျပ်နှင့် ဦးဘကိုသည် နားအနည်းငယ်လေးသည်မှအပ ကျန်းမာရေးဒေါင်ဒေါင်မြည်ကောင်း၏။ ယခုချိန်ထိ စက်ဘီးကို ကိုယ်တိုင်နင်းကာ စလင်းသို့ တစ်နေ့တစ်ခေါက် ဈေးဝယ်သွားဆဲ၊ လယ်ထဲ ယာထဲ ဆင်းဆဲ ဖြစ်၏။ တော်လှန်ရေးကောင်စီခေတ်မှသည် နဝတခေတ်အထိ ရွာဥက္ကဋ္ဌ တာဝန်ကို နှစ်ပေါင်း (၄၀)နီးပါး ထမ်းဆောင်ခဲ့သည့် ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီး ဦးဘကိုသည် အလေ့အလာ အမှတ်အသား ကောင်းလှသလို စာပေကိုလည်း ဝါသနာထုံသည်။

ကျေးဇူးတင်ဖွယ် အကောင်းဆုံးမှာ ကျက်သကိုင်ရွာ၏ သမိုင်းကို စာအုပ်အဖြစ် ပြုစုပုံနှိပ်ထားခြင်းပါတည်း။

◆◆◆

မြန်မာ့သမိုင်းကို ပုံဖော်ရာတွင် မင်းဧကရာဇ်တို့နှင့် ပတ်သက်၍သာ အမှတ်အမြဲ အရေးအသား များခဲ့သည်။ စာဆိုအတော်များများက မြို့စွန်ကျေးလက်နေ ပြည်သူတို့၏ လူမှုဘဝကို လက်ညှောင်းခံ ရေးသားခြင်း မရှိကြချေ။ ကံကောင်းထောက်မ၍ ဝန်ကြီးပဒေသရာဇာကဲ့သို့သော စာဆိုအချို့က ရေးသားခဲ့သောကြောင့်သာ ပဒေသရာဇ်ခေတ် လယ်သမား၊ ထန်းသမား စသည့် ကျေးလက်နေ လူတန်းစားများ၏ နေ့စဉ်ဘဝကို ထင်လင်းစွာ သိမြင်ခွင့်ရခဲ့၏။ ထို့နည်းတူ ရတနာပုံခေတ် မြို့နေပြည်သူ လူထု၏ စီးပွားရေးနိမ့်ကျမှုကို စလေဦးပုညက ရေသည် ပြဇာတ်တွင် ဓောင်းပါးရိပ်ခြည် ရေးဖွဲ့ထားခြင်းကြောင့် တစ်စွန်းတစ်စ သိခွင့်ရခဲ့ပါသေး၏။

ယခု စာရေးသူ ရောက်ရှိနေသော ကျက်သကိုင်ရွာလေး၏ သမိုင်းက မင်းဧကရာဇ်တစ်ပါးနှင့် ဆက်စပ်နေသလို ပြည်သူလူထု၏ နေထိုင်မှု ဘဝနှင့်လည်း သိပ်မကင်းကွာ။ သဘာဝလည်းကျ၊ ယုတ္တိလည်း တန်ပါ၏။ အဘဦးဘကိုက ရွာ၏သမိုင်းကို ပါးစပ်ရာဇဝင်မှ လာပါသည်ဟု ဝန်ခံထားသည့်တိုင် ဖြစ်နိုင်ခြေဘက်သို့ ရာခိုင်နှုန်းပိုမည့် သမိုင်းဟု ယူဆမိပါသည်။

သာသနာတော်နှစ်(၂၄၅)၊ ယနေ့မှ ပြန်ပြောင်းရေတွက်သော် (၂၃၁၄)နှစ်။

တတိယသင်္ဂါယနာတွင် ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းရန်အတွက် မှူးမတ်ဗိုလ်ပါ သူရဲသူခက်များနှင့်တကွ




စာရေးသူ၊ ဇနီးနှင့် စလင်းဘုန်းကျောင်း

www.burmeseclassic.com

သုနာပရန္တတိုင်းဟု ရှေးကခေါ်သော ဤဒေသ (စလင်း) သို့ ရောက်ရှိလာခဲ့သည်။ မင်းကြီးသည် ယခု ကျက်သရေကိုင်ရွာ မြကွမ်းတောင်စေတီ၏ အနောက်တောင်ဘက် မလှမ်းမကမ်း တစ်နေရာတွင် ယာယီတဲနန်း တည်ဆောက်ကာ စံနေသည်။ ယခု မြကွမ်းတောင်စေတီ အနီးတစ်ဝိုက်တွင် နေထိုင်ကြသော နေအိမ်စုမှ လူကြီးသူမများက နေအိမ်စုရှိ ချောမောလှပသည့် မိန်းမပျိုများကို ဝတ်ကောင်းစားလှများ ဆင်ယင်စေလျက် ကွမ်းတောင် ပန်းတောင်များဖြင့် သစ်သီးဝလံ၊ စားသောက်ဖွယ်ရာတို့ကို မင်းကြီးထံပါး သွားရောက်ဆက်သစေသည်။

သီရိဓမ္မာသောကမင်းကြီးသည် လွန်စွာနှစ်ထောင်းအားရဖြစ်တော်မူလျက် ထိုကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံတင့်တယ်သောအဖြစ်ကို အမြဲထာဝရ အမှတ်ရစိမ့်သော်ငှာလည်းကောင်း၊ အိမ်စုနေ ပြည်သူလူထု၏



နှစ်တစ်ရာကျော်သက်တမ်းရှိ သရက်ပင်

စေတနာကို ချီးမြှောက်ဂုဏ်ပြုရန်အလို့ငှာလည်းကောင်း ထိုအိမ်စုကို ကျေးရွာဇနပုဒ်အဆင့် တိုးမြှင့်သတ်မှတ်စေကာ ကျက်သရေကိုင်ရွာဟု အမည်ပေးခဲ့ပါသည်။ မင်းကြီး ယာယီတဲနန်းဖြင့် စံမြန်းသည့်နေရာကို မင်းတည်း၊ မင်းကြီး၏ မင်္ဂလာဆင်ကြီး ထားရှိသည့်နေရာကို မင်္ဂလာကြီး၊ အိမ်ရှေ့မင်း၊ ဝန်ကြီး၊ မှူးမတ်များ နေထိုင်ခဲ့ရာနေရာကို အိမ်ရှေ့ဝန်ကုန်း၊ ရေတွင်းရေကန် တူးဖော်ခြင်း၊ စေတီပုထိုး တည်ခြင်းတို့တွင် အသုံးပြုသည့် ဓားတူရွင်း အစရှိသည်တို့ လုပ်ဆောင်ရန်အတွက် ပန်းပဲဖိုကြီး တည်ရှိခဲ့သည့်နေရာကို ပန်းပဲကြီး အစရှိသဖြင့် ယနေ့တိုင် ခေါ်တွင်နေဆဲဖြစ်၏။

သီရိဓမ္မာသောကမင်းကြီးသည် သောက်သုံးရေကန် (၂)ကန် တူးဖော်လှူဒါန်းခဲ့သော်လည်း ယခုအခါ ထိုကန်များ တိမ်ကောပပျောက်လျက် လယ်ကွက်အဖြစ်သာရှိတော့ရာ ထိုလယ်ကွင်းကိုလည်း ယနေ့ထိတိုင် ကန်ကွင်းဟု ခေါ်တွင်ဆဲ ဖြစ်၏။

လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကျော်က ကျက်သရေကိုင်ရွာသည် နှစ်ပေါင်း(၁၀၀၀) ကြာမြင့်ပြီးနောက် ကျက်သကိုင်ဟု ပြောင်းလဲသွားခဲ့၏။ ထိုသို့ပြောင်းလဲသွားကြောင်းကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း ပြန်ဆိုသော ပါမောက္ခ ဒေါက်တာလုစ်၏ History of Burma စာအုပ်မှ ပုဂံခေတ်မတိုင်မီ မြန်မာတို့၏ မူလဒေသ ခရိုင်အမည်များနှင့် တိုက်အမည်များ မြေပုံတွင် ကျက်သကိုင်ဟူသော ရွာအမည် ပါရှိခြင်းဖြင့် သိရှိနိုင်ပါသည်။

ထိုစာအုပ်ကို ရည်ညွှန်းကာ စစ်ပညာဂျာနယ်ရုံးမှ (၁၉၉၄)ခုနှစ်တွင် ထုတ်ဝေသည့် မြန်မာ့စစ်သွေး မြန်မာ့စစ်ရေး စာအုပ်၊ စာမျက်နှာ(၁၁)ပါ ပုဂံခေတ် မတိုင်မီက မြန်မာပြည် အလယ်ပိုင်း၌ အခြေချနေထိုင်ခဲ့ကြသော မန္တလေးလူမျိုးတို့ နေထိုင်သည့် မြစ်သား(၁၁)ခရိုင် မြေပုံတွင် ပြန်လည်ဖော်ပြခဲ့၏။

ဤအထောက်အထားများအရ ကျက်သကိုင်ရွာသည် ပုဂံခေတ်ထက်စောစွာ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်ကို မငြင်းနိုင်ပေ။ ထို့ကြောင့် စလင်း၊ ကျပင်း စသော ဒေသအတွင်း ပါဝင်သည့် ဤရွာကလေးသည် ရှေးဦးမြန်မာ ပျူအနွယ်တို့ နှစ်ကာလများစွာကပင် တည်ထောင်အခြေ

www.burmeseclassic.com

www.burmeseclassic.com

ခိုက်ခဲ့သည့် ရွာကလေးဟုလည်း ဆိုရလိမ့်မည်ပင်။

♦♦♦

"ကဲ..ညီရေ၊ ဘုန်းကြီးကျောင်းဘက် သွားကြရအောင်"

ဆရာဘုန်း၏ လောဆော်သံနှင့်အတူ စာရေးသူတို့ ဘုန်းကြီးကျောင်းသို့ သွားကြသည်။

ဘုန်းကြီးကျောင်းက ရွာ၏ အနောက်တောင်ဘက် အစပ်တွင် ရွာနှင့်ကပ်လျက် တည်ရှိ၏။ ကျောင်းဝင်း အဝင်ဝတွင် ခံ့ညားထည်ဝါသော ပန်းတမော့လက်ရာများဖြင့် မွမ်းမံတည်လုပ်ထားသည့် မုခ်ဦးရှိသည်။ မုခ်ဦး အလှူရှင်မှာ ဆရာဘုန်းတို့မိသားစုပင် ဖြစ်သည်။ မုခ်ဦးမှာ ကိုက်(၅၀)ခန့်ရှိသော ကျောင်းလှေကားရင်းအထိ ကွန်ကရစ်ခင်း သွပ်မိုးနတ်လမ်း ရှိသည်။ နတ်လမ်းကို ဆရာဘုန်း မိသားစုနှင့် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးတစ်စုတပင် လှူဒါန်းသည်။ ကျောင်းက ကျွန်းတိုင်လုံးများကို အုတ်ဖိနပ်ခံလျက် အမိုးပါ အုတ်လှေကားပြာသာဒ်ဘုံဆင့်များဖြင့် ခံ့ညားစွာဆောက်လုပ်ထားသော ပျဉ်ကာပျဉ်ခင်း သွပ်မိုး ရှေးရိုးကျောင်းကြီး ဖြစ်၏။ (၁၂၆၇)ခုနှစ်တွင် ဦးချင်း၊ ဒေါ်ဖွားခင်၊ ဦးရွှေဆင့်၊ ဒေါ်ရှုမိုးတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းပေါ်သို့ တက်ကြပြီး ကျောင်းထိုင်ဆရာတော်ကို ဝတ်ဖြည့်ကြသည်။ ဆရာတော်၏ ဘွဲ့မည်မှာ ဦးဓနိတ။ သက်တော်(၃၀)ကျော်မျှသာ ရှိဦးမည်။ ပိန်ပိန်ပါးပါး၊ အရပ်အနေ သင့်သင့်ဖြင့် တည်ငြိမ်သော ရုပ်လက္ခဏာ ရှိ၏။ ကိုရင်လေး တစ်ပါးကို ရေနွေးကြမ်းတစ်ဇုန်း၊ ငှက်ပျောချဉ် တစ်ဖီးတို့ ချပေးစေသဖြင့် ခဏထိုင်ရသည်။


ဆရာဘုန်းက သူငယ်ဆရာတော် ဦးကုသလ၏ (၃)ပေပတ်လည်ခန့်ရှိ ဓာတ်ပုံကြီးကို ပြသည်။ ပျံလွန်တော်မူသွားပြီဖြစ်သော ထိုဆရာတော်ကြီးသည် အနေရိုးအေးပြီး သီလ သမာဓိအရာတွင် စံတင်လောက်သည် ဆို၏။ အဆုတ်ရောဂါသည် ဖြစ်သဖြင့် မကွေးဆေးရုံသို့ ကြွရန် ဒကာများက ပင့်သော်လည်း ဝါတွင်းကာလဖြစ်နေသဖြင့် ကြွချီရန် ငြင်းပယ်ခဲ့ရာမှ ပျံလွန်တော်မူခဲ့ရကြောင်း ရှင်းပြ၏။ ဝိနည်းကို စောင့်ထိန်းရာတွင် စံနမူနာတင်ထိုက်သော အာဇာနည်ရဟန်းတော်ပေတကား။

ဘုန်းကြီးကျောင်း၏အရှေ့ဘက် ကျောင်းဝင်းအတွင်းတွင် စေတီနှစ်ဆူ ရှိသည်။

ကျောင်းပေါ်မှ ဆင်းခဲ့ကြပြီး ပထမစေတီတော်ကို ဖူးမြော်ကြသည်။ စေတီတော်၏ ဘွဲ့မည်က မြကွမ်းတောင်။ မြကွမ်းတောင်စေတီသည် ကျက်သကိုင်ရွာ သမိုင်းနှင့်အတူ ပေါ်ပေါက်ခဲ့သောစေတီ ဖြစ်၏။

သီရိဓမ္မာသောကမင်းကြီးသည် ယာယီတဲနန်း၌ စံမြန်းနေစဉ် ညဉ့်ဦးယံအခါတိုင်း ဘုရားဝတ်ပြု၊ (၃၁)ဘုံသားတို့ကို မေတ္တာပို့ အမျှဝေပြီးမှ စက်တော်ခေါ်ပြီး နံနက်မိုးသောက်ချိန်ဝယ် ဘုရားတည်ရမည့်နေရာကို သိရှိနိုင်ရန် မင်္ဂလာဆင်တော်ကြီးပေါ်သို့ အမိဋ္ဌာန်ပြုကာ ဓာတ်တော်များကို တင်ဆောင်စေလွှတ်လေ့ရှိသည်။ မင်္ဂလာဆင်တော်ကြီးသည် ယခု မြကွမ်းတောင်စေတီ တည်ရှိရာ မြေမြင့်ကုန်းကမူလေးပေါ်သို့ အရောက်တွင် ဝပ်သဖြင့် မင်းကြီးက ထိုနေရာ၌ ဘုရားတည်စေသည်။

မင်းချင်းများက မြေသန့်မင်္ဂလာ ပြုလုပ်ကာ ဘုရားတည်ဆောက်ရေးလုပ်ငန်းများ စတင်နေစဉ်တွင် မင်းကြီးက ဂေါတမဘုရားရှင်၏ ဓာတ်တော်များ၊ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရား(၄)ဆူ၏ ရွှေချရုပ်ပွားတော်များ





www.burmeseclassic.com

www.burmeseclassic.com

နှင့် ကျောက်မျက်ရတနာများကို မြကျောက်တို့ဖြင့် မွမ်းမံထားသည့် ကွမ်းတောင်ဖြင့်တင်ကာ တာဝန်ရှိသူတို့ကို ပေးအပ်လေသည်။ ပေးအပ်ပြီးသည်နှင့် မင်းကြီးက လုပ်ဆောင်ဖွယ်ရာများကို မှာကြားကာ အခြားတစ်ပါးသော အရပ်သို့ ဆက်လက်ကြွမြန်းသွားလေသည်။ တာဝန်ရှိသူများက ဘုရားတည်အပြီး ဌာပနာတိုက်တွင် မြကွမ်းတောင်နှင့်တကွ ဓာတ်တော်များ၊ ရုပ်ပွားတော်များကို ဌာပနာပြီး ထီးတော်တင်လှူ အနေကဇာတင် ရေစက်ချသည့်အခါ မြကွမ်းတောင်စေတီဟု ဘွဲ့တော်ပေးခဲ့ပါသည်။

နောက်ပိုင်းတွင် သင်္ခါရတရား၏ ရိုက်ပုတ်မှုဒဏ်ကြောင့် စေတီတော်မှာ အုတ်ပုံဘဝသို့ ရောက်ရှိကာ မွမ်းမံပြုပြင်ခြင်း ကင်းမဲ့လျက် နှစ်ပေါင်းများစွာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေခဲ့ပါသည်။

အခါတစ်ပါး၌ ကျက်သကိုင်ရွာမှ ဦးပိုးတူ ဆိုသူ ထန်းရည်သမားကြီး တစ်ယောက်သည် ရွှေဘုံသာကုန်းထန်းတောမှ ထန်းရည်သောက်ပြီးအပြန် ရွှေဘုံသာကုန်းဘုန်းကြီးကျောင်းအရှေ့ဘက် ရေးဟောင်းစေတီပျက် တစ်ဆူ၏ လိုဏ်ခေါင်းထဲမှ ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်လာခဲ့လေသည်။ မြကွမ်းတောင်ဘုရားငုတ်တိုအနီးသို့ ရောက်သည့်အခါ ဘုရားငုတ်တိုပေါ်တွင် ဖုံးလွှမ်းနေသော သစ်ပင်ချုံနွယ်အချို့ကို ခါးကြားတွင် ပါလာသော ဓားမတိုဖြင့် ဦးစွာ ခုတ်ထွင်ရှင်းလင်းလိုက်ပြီး ရုပ်ပွားတော်ကို အုတ်ပုံပေါ်တွင် တင်ထားလိုက်လေသည်။ ဦးပိုးတူသည် ထန်းရည်သမားပင်ဖြစ်သည့်တိုင် မြကွမ်းတောင်စေတီအိုကြီး ပြိုကျပျက်စီးနေသည်ကို မရှုဆိတ်သဖြင့် ပြုပြင်ပေးစေလိုသည့် ဆန္ဒကြောင့်လော၊ သို့တည်းမဟုတ် ၄င်း၏နေအိမ်တွင် ကိုးကွယ်ရန် ပင့်ဆောင်လာခဲ့ပြီးမှ စိုးရွံ့စိတ်ဝင်လာသဖြင့် ဘုရားငုတ်တိုပေါ်သို့ ပြန်တင်ပေးထားခဲ့ခြင်းလော အတိအကျ မသိရပေ။ မည်သို့ဆိုစေ ဦးပိုးတူ၏ လုပ်ရပ်သည် ကျက်သကိုင်ရွာအတွက် ကောင်းမွန်သည့် အဖြစ်သို့ ရောက်ရှိစေခဲ့သည်မှာ အမှန်ဖြစ်၏။

ဦးပိုးတူသည် ရွာထဲ ရောက်သည်နှင့် 'ရွာအနောက်ဘက်က ဘုရားငုတ်တိုပေါ်မှာ ဘုရားတစ်ဆူ တွေ့ခဲ့တယ်ဟေ့။ သွားဖူးကြ' အော်ပြောရာ ရွာသူရွာသားများက မယုံသင်္ကာစိတ်ဖြင့် သွားကြည့်ကြသည်။

ကျောက်ဆင်းတုရုပ်ပွားတော်ကို တွေ့ကြရသောအခါ သူ့ထက်ငါ ဝိုင်းဝန်းရှိခိုး ပူဇော်ကြလေသည်။ ထိုအခါ ရွာအကြီးအကဲက ရွာသူရွာသားများကို စည်းရုံးလျက် မြကွမ်းတောင်စေတီအပေါ် ဖုံးလွှမ်းနေသော ချုံနွယ်ပိတ်ပေါင်းများကို ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းစေရာ အုတ်ပုံထဲမှ မူလစိုက်ထူထားခဲ့သော ကျောက်စာချပ်ကို ရှာဖွေတွေ့ရှိရပြီး စေတီ၏ဘွဲ့မည်၊ စေတီတည်ခဲ့နှစ်နှင့် အလှူရှင်အမည်တို့ ကို သိရှိခွင့်ရလေတော့သည်။ သို့နှင့် စေတီပျက်ပေါ်မှ ၄င်းကာ စေတီတစ်ဆူကို တည်ထားကိုးကွယ်လာခဲ့ရာ ယခုဖူးတွေ့ရသော ပုံအတိုင်းဖြစ်ပါသည်။ အလှူရှင်ကမ္ပည်းစာအရ မြကွမ်းတောင်စေတီ ထီးတော်နှင့်တကွ ပြုပြင်မွမ်းမံမှု ကုသိုလ်အလှူရှင်မှာလည်း ဆရာဘုန်းတို့ မိသားစုပင် ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဒုတိယဖူးတွေ့ရသည်က ရှစ်မျက်နှာဘုရား ဖြစ်၏။

စေတီတော်၏ အရပ်(၈)မျက်နှာ ထောင့်(၈)ထောင့်တွင် ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်များ စံပယ်လျက်ရှိ၏။ ရှစ်မျက်နှာဘုရားကို သက္ကရာဇ်(၁၃၀၆)ခုနှစ်တွင် စလင်းမြို့၊ ဈေးမရပ်နေ ဘုရားဒါယကာ ဦးပု၊ ဒေါ်ညံနုတို့က တည်ထားလှူဒါန်းခဲ့သည်။ ယခင်က ကျက်သကိုင်ရွာသူရွာသားများအနေဖြင့် သကြိန်အတာသင့်ချိန် ဗေဒင်ယတြာအတွက်သော်လည်းကောင်း၊ ကျန်းမာရေးအတွက်သော်လည်းကောင်း ဂြိုဟ်ပြေနံ့ပြေဘုရား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်လိုသည့်အခါ ရွှေဘုံသာကျောင်းရှိ ရှစ်မျက်နှာဘုရားသို့ သွားနေရ၏။ ယခုအခါ မိမိရွာ၌ပင် ရှစ်မျက်နှာစေတီ တည်ထားပြီးဖြစ်သဖြင့် အဆင်ပြေလျက်ရှိ၏။

မူလစေတီသည် နှစ်ကာလ ကြာမြင့်သောအခါ ယိုယွင်းလာသဖြင့် မူလဘုရားဒါယိကာမကြီး ဒေါ်ညံနု၏ တူ၊တူမများ ဖြစ်ကြသည့် ဦးစိန်အောင်၊ ဒေါ်လှအုန်း မိသားစုနှင့် ဦးစိန်အောင်၏ အစ်မ ဒေါ်အေးကြိုင်၊ ညီမ ဒေါ်ခင်စောမိသားစုတို့က ထပ်မံပြုပြင်ထားကြောင်း သိရပါသည်။ အလှူရှင်များအား သာဓုခေါ်ရပါ၏။

ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ထည်ဝါသစ်လွင်သော သံကူကွန်ကရစ် ဓမ္မာရုံကြီးအတွင်း ဝင်ကြည့်ကြသည်။ ရွာသားအချို့ သန့်ရှင်းရေးလုပ်နေကြ၏။ မနက်

www.burmeseclassic.com

www.burmeseclassic.com

မြန် သီတင်းကျွတ်လပြည့်နေ့အတွက် ကြိုတင်ပြင်ဆင်နေကြသည်ဆို၏။ ကျက်သကိုင်ရွာသည် (၈)ရက်လပြည့်ကျော် ဥပုသ်နေ့တိုင်း ဝါတွင်း ဝါပ သီလစောင့်သည့် အလေ့ ရှေးယခင်ကပင်ရှိခဲ့ပြီး ယခုအချိန်အထိ ထိန်းသိမ်းထားဆဲဖြစ်ကြောင်း အလုပ်ပါးချိန်တွင် ရွာလုံးကျွတ်နီးပါး ဥပုသ်စောင့်ကြကြောင်း သန့်ရှင်းရေးဆောင်ရွက်နေသူများထဲမှ ရွာသားတစ်ယောက်က အားတက်သရော ပြောပြသည်။ ကောင်းပေစွ။

ဘုန်းတော်ကြီးကျောင်းအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။ ရွာ၏ အနောက်မြောက်ဘက်တွင် စေတီငယ်တစ်ဆူ ရှိသေးသည်ဟု ဆရာဘုန်းက ပြောသည်။ (၁၃၁၁) ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး စေတီဘုရားဟု ဘွဲ့မည်တွင်သည်။ ရွာသူရွာသားများ ကျန်းမာ၍ စည်းစိမ်ဥစ္စာတိုးပွားကာ တန်ခိုးတေဇ ထွန်းတောက်စေရန်အလို့ငှာ တနင်္လာနံ လွှမ်းမိုးသည့်ရွာ၏ တေဇအရပ်(အနောက်မြောက်)တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရွာအပြင် လယ်ကွင်းစပ်တွင် တည်ရှိပြီး ယခုအချိန် ရွှံ့ဗွက်များ ထူထပ်နေသဖြင့် ကားဝင်မရသောကြောင့် သွားရောက်ဖူးမြော်နိုင်ခြင်း မရှိတော့။

◆◆◆

နောက်ဆုံးလည်ပတ်ရန် အလှည့်ကျသည်က ဆရာဘုန်း၏ ဝမ်းကွဲအစ်ကို ဦးစန်းမောင်တို့အိမ် ဖြစ်သည်။

ဦးစန်းမောင်က ဆရာဘုန်း၏ မိခင်ဘက်မှ ဝမ်းကွဲအစ်ကိုကြီး တော်စပ်သည်။ တစ်ချိန်က ရွာဥက္ကဋ္ဌတာဝန်ယူခဲ့ဖူးပြီး လက်ရှိတွင် ရပ်မိရပ်ဖအဖြစ် ရွာ၏ သာရေးနာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် ကူညီဆောင်ရွက်နေဆဲဖြစ်၏။

အသက်(၆၀)ကျော်ပြီ ဖြစ်သော ဦးစန်းမောင်သည် အဘဦးဘကိုကဲ့သို့ပင် စာပေဗဟုသုတအရာ၌ ပြည့်စုံနံ့စပ်၏။ စကားပြောလည်း ကောင်း၏။ ရွာကိုချစ်မြတ်နိုးလှန်းသော ရွာချစ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ကြောင်း စကားထဲမှ ဓာတ်ပြ၏။

သူနှင့် စကားဝိုင်းစပြီး မကြာမီမှာပင် နေပြည်တော်တွင် နေထိုင်သော ဌာနဆိုင်ရာ အရာရှိတစ်ဦးဖြစ်သည့် စာရေးသူကို အားကိုးစိတ်နှင့် အကူအညီနှစ်ခု တောင်းခံလာသည်။ ပထမအချက် ကျေးရွာမီးလင်းရေးအတွက် ရွာအစီအစဉ်ဖြင့် ဓာတ်တိုင်များစိုက်ထူ၊ ကြေးကြိုးများ သွယ်တန်းထားပြီးဖြစ်သဖြင့် မီးချိတ်ဆက်ခွင့်ရရှိရေး၊ သက်ဆိုင်သူများနှင့် ဆက်သွယ်ကူညီဆောင်ရွက်ပေးရန် ဖြစ်သည်။ သည်အချက်က ပြဿနာကြီးကြီးမားမား မဟုတ်ပါ။ မိမိဇာတိရွာ မီးရရှိရေး ဆောင်ရွက်ခဲ့စဉ်က မည်သို့ဆောင်ရွက်ပေးခဲ့သည်ကို ရှင်းပြပြီး ထိုသို့ ဆောင်ရွက်ရန် အကြံပေးရပါ၏။

ဒုတိယအချက်မှာမူ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ဆိုင်သော ကိစ္စဖြစ်၏။ လုပ်ထုံးလုပ်နည်းလည်း အတော်အတန်များ၏။ ကြာလည်း ကြာနိုင်၏။ သို့သော် ဥပဒေနည်းလမ်းရှိပြီး လုပ်၍ရသောကိစ္စ ဖြစ်ပါ၏။ ယင်းကား အခြားမဟုတ်၊ ကျက်သကိုင်ဟူသော အမည်သည် ပြည်ထဲရေး၌ ကြက်သကိုင်ဟု ယပင့်ကြက်ဖြင့် ဖြစ်နေခြင်းပင်။

ထိုယပင့် ယရစ် ပြဿနာသည် အခြားသူများအဖို့ ထူးထွေသည့် အရေးအရာဟု ထင်မှတ်ဖွယ်မရှိသော်လည်း ကျက်သကိုင်ရွာသူရွာသားများအဖို့မူ လွန်စွာအရေးကြီးသည့်ပြဿနာ ဖြစ်နေပါ၏။ သီရိဓမ္မာသောကမင်းကြီး ရွာအမည် ပေးခဲ့စဉ်က ကျက်သရေမင်္ဂလာအရာနှင့်စပ်လျဉ်း၍ ကောက်ယူခဲ့သော စကားလုံးဖြစ်ခဲ့၏။ သို့သော် မကြာသေးသော ကာလတစ်ခုက ဦးဆောင်သူအချို့၏


www.burmeseclassic.com

လက်မဲကန်

www.burmeseclassic.com

အယူအဆလွဲမှားမှုကြောင့် ကြက်သကိုင်ဖြစ်သွားပြီး ထို့ထက်ဆိုးသည်မှာ ကြက်သားကိုင်ဟု အမည်ရေးထိုးသည်အထိ ဖြစ်လာခဲ့၏။ ၎င်းတို့က ရွှေဖလားနှင့် ကြက်သားကိုင်ဟူသော အညာဒေသ ကြက်တိုက်ပွဲများတွင် ကျူးရင့်လေ့ရှိသည့် တေးသံကို အစွဲပြုကာ ကောင်းအံ့နိုးပြောင်းလဲခေါ်ဝေါ်ခဲ့ပုံရ၏။ ယင်းကို လက်ရှိရွာသူရွာသားများက လက်မခံ။ မူလ ကျက်သကိုင်ကိုသာ ပြန်လည်ပြင်ဆင်လိုကြသည်။ ရွာတွင် အလှူမင်္ဂလာဆောင် ဖိတ်စာများ ရိုက်နှိက်ရာနှင့် အခြားကိစ္စရပ်များတွင် ၎င်းတို့အစီအစဉ်ဖြင့် ယပင့်နှင့် ကျက်နေကြပြီ ဖြစ်သော်လည်းတရားဝင် ပြည်ထဲရေးအမည်ပေါက် ရွာနာမည်ကို ပြောင်းလဲလိုကြသည်။ ထိုကိစ္စအား စာရေးသူက ဆက်သွယ်ကြိုးပမ်းပေးပါမည့်အကြောင်း အာမဘာန္တေခံခဲ့ပါသည်။

ဦးစန်းမောင်တို့အိမ်၌ စကားပြောနေစဉ် ထပ်မံသိခွင့်ရလာပြန်သည့်အချက်က နေ့ရက်များကို ပြောဆိုရာတွင် အနောက်တိုင်းပြက္ခဒိန်ကို အသုံးမပြုဘဲ မြန်မာသက္ကရာဇ်များကိုသာ သုံးနေကြခြင်းဖြစ်၏။

“ဖိုးအေးရာ‥မနှစ်က ဝါဆို၊ ဝါခေါင် သူများတကာမိုးမရွာလို့ စိုက်မရ၊ ပျိုးမရ ဖြစ်ပေမယ့် တို့ရွာကတော့ဘာပူစရာလိုမလဲ”

‘ရွာမှာ မီးကြိုးဆွဲပြီးတာ မနှစ်က သီတင်းကျွတ်လကတည်းက၊ ခုအခါလည်တဲ့အထိ ဘာမီးမှ မရသေးဘူး’

‘မောင်မောင်၊ နည်းနည်းပါးပါး လုပ်ပေးစမ်းပါဦး။ မနှစ်က တန်ဆောင်မုန်း ရွာစုပေါင်းကထိန်ကတော့ လွှတ်စည်တာကလား။ သည်နှစ်တော့ ပြောတတ်သေးဘူး’

ဆရာဘုန်း၏ ဝမ်းကွဲညီမတွေ၏ စကားသံတွေ ဖြစ်၏။ ဧပြီလ၊ ဇူလိုင်လ စသဖြင့် အင်္ဂလိပ်လ အမည်တို့ကိုဖုတ်လေသည့်ငပိ ရှိသည်ဟု မထင်သော ရွာထူးဆန်းလေးပေတကား။

စကားပြောကြရင်း စာရေးသူက ကျက်သကိုင် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသိမ်၏ မျက်နှာကြက်ကို ရိုက်ယူလာခဲ့သည့် ဓာတ်ပုံကို ဦးစန်းမောင်အားပြကာ စာရေးသူတို့ဇာတိရွာ ပွင့်ဖြူမြို့နယ် ရွာဦးဘုန်းတော်ကြီးကျောင်းမှ မျက်နှာကြက်လက်ရာနှင့် တစ်ထပ်တည်းနီးပါး တူညီကြောင်း၊ ကျောင်းဆောက်ခဲ့စဉ်က စလင်းနယ်မှအဖွဲ့ကို ငှားရမ်းဆောက်လုပ်ခဲ့သည်ဟု ကြားဖူးကြောင်း၊ ထို့ကြောင့် ယခုတွေ့ခဲ့ရသော ကျက်သကိုင်ဘုန်းကြီးကျောင်းအတွင်းမှ သိမ်ကို ဆောက်လုပ်သူနှင့် တစ်ဖွဲ့တည်း ဖြစ်နိုင်ကြောင်း ထင်မြင်ချက်ပေးမိသည်။

ဦးစန်းမောင်က အပြုံးတစ်ချက်ဝင့်ကာ သူတို့ရွာကဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်၊ သိမ် ဆောက်လုပ်သည့် ပန်းရန့်လက်သမား ပန်းပုပညာသည်များအကြောင်း ပြောပြပါတော့သည်။ သူပြောပြမှပင် ကျက်သကိုင်ရွာသားများသည် ရှေးအတည်တေကတည်းကပင် မြန်မာ့ပန်းဆယ်မျိုးဖန်တီးမှု အတတ်ပညာရပ်များကို တတ်ကျွမ်းခဲ့ကြပြီး အနယ်နယ်အရပ်ရပ်သို့ အခကြေးငွေဖြင့် လိုက်ပါလုပ်ဆောင်ခဲ့ကြရာ ယနေ့အထိ ထိုသူတို့၏ မျိုးဆက်မှပေါက်ဖွားလာသူများက ပညာအမွေဆက်ခံလုပ်ကိုင်လျက်ရှိဆဲဖြစ်ကြောင်း ဘုရား၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ သိမ် စသည်တို့ ဆောက်လုပ်ခြင်းအပြင် ဘုန်းကြီးပျံလောင်တိုက် ဆင်ရုပ်၊ ကရဝိက်ရုပ် စသည်တို့ကိုလည်း ငှားရမ်းသူ စိတ်တိုင်းကျ လိုက်ပါလုပ်ဆောင်ပေးနေကြကြောင်း သိခွင့်ရပါတော့သည်။ ထိုလက်မှုပညာသည်များသည်ကား ကုန်းဘောင်ရာဇဝင်လာ ဆင်ဖြူရှင်မင်းယိုးဒယားကို တိုက်ပြီးအပြန် အောင်ဆုအထိမ်းအမှတ်အဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် ပန်းဆယ်မျိုးပညာသည်များထဲက ဆင်ဖြူကျွန်း၊ စလင်းနယ်တွင် နေရာချထားပေးခဲ့သည်ဆိုသည့် ယိုးဒယားမျိုးဆက် အနွယ်ဝင်များပေလော တွေးတောစောကြောစရာ။

‘မောင်မောင်‥ဧည့်သည်တွေကို ဆွမ်းလုံးပွဲချိန်ခေါ်လာဖို့ကောင်းတာ။ အဲအချိန် သိပ်စည်တယ်’

ဆရာဘုန်း၏ ဝမ်းကွဲညီမတွေထဲက တစ်ယောက်၏အသံဖြစ်သည်။ စလင်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်ပြီး အထက်တန်း ကျောင်းတက်လာခဲ့သည့်စာရေးသူအဖို့ ဆွမ်းလုံးပွဲဆိုသည့် ဝေါဟာရက အစိမ်းသက်သက်မဟုတ်ပါ။ စာရေးသူတို့နေထိုင်ခဲ့သည့် ပေါင်းနားရပ်ကွက်၊ ကိုးဆောင်တိုက်ကျောင်းတွင် တစ်ကြိမ်ကြုံဖူးခဲ့ပါသည်။ ထိုစဉ်က စလင်းမြို့၏ အရှေ့တောင်ဘက်ခြသေ့်ဦး၊ ကြည့်ကုန်း စသည့်ရွာများမှ ဘုန်းကြီး၏ ဒကာများသည် ကောက်သစ်ပေါ်ချိန်၌ စာရေးသူတို့ကျောင်းတွင် စတည်းချကာ မြို့ပေါ်ရှိ ရဟန်းသာမဏေများအားဆွမ်းသပိတ်လောင်းလှူကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာကလူများ ညဦးကတည်းက ကျောင်းသို့ ရောက်ရှိလာကြကာ ဆွမ်းပေါင်းသူပေါင်း၊ ဝက်သားအိုးကြီး ချက်သူချက်၊ အချဉ်သုပ်သူသုပ်၊ ငရုတ်သီးခြောက် ကြော်သူကြော်နှင့် တစ်ညလုံး မီးတထိန်ထိန်နှင့် ချက်ကြပြုတ်ကြ၏။ ကြိုတင်စာရင်း ကောက်ယူလျှောက်ထားပြီး ဖြစ်သည့် စလင်းမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်းသာမဏေ အရေအတွက်အတိုင်း ဦးစွာ ဆွမ်းသပိတ် (မြေသပိတ်)များတွင် ဆွမ်းများ တစ်ပါးစာထည့်၊ ဆွမ်းပေါ်တွင် ကြာဖက်ဖြင့် ထုပ်ထားသော ဟင်းသုံးမျိုးကိုတင်ကာ တန်းစီကြွလာသော ရဟန်းသာမဏေများကို စုပေါင်းလောင်းလှူကြသည်။

ထိုအတွေ့အကြုံကို စာရေးသူက ပြန်ပြောင်းပြောပြသည့်အခါ ဦးစန်းမောင်က ကျက်သကိုင်ရွာ ဆွမ်းလုံးပွဲမှာ ထိုသို့မဟုတ်ကြောင်း စကားဦးစကာ အကြမ်းဖျင်း ပြောပြပါသည်။

ကျက်သကိုင်ရွာ ဆွမ်းလုံးပွဲကို သက္ကရာဇ်(၁၂၈၀)ပြည့်နှစ်ကတည်းက စတင်ကာ ယနေ့အချိန်ထိ နှစ်စဉ်ကျင်းပခဲ့သည်။ (၁၃၄၀)ပြည့်နှစ်မှ စတင်ကာ ရွာမှ ဆွမ်းလုံး(၆၀)ကျော် ရရှိပါသည်။ စုစုပေါင်း အိမ်ခြေ(၁၀၀)မျှသာရှိသော ရွာကလေးတွင် ထိုမျှဆွမ်းလုံးအရေအတွက်များပြားခြင်းက ရွာသူရွာသားတို့၏ သဒ္ဓါတရားအားကောင်းခြင်း၏ ပြယုဂ်ဖြစ်၏။ ဆွမ်းလုံးကပ်လှူနည်းမှာ ဆွမ်းလုံးများလက်ခံရာ ဘုရားတန်ဆောင်းအတွင်းသို့ ပထမဦးဆုံး ရောက်လာသော ဆွမ်းလုံးအား မဲတိုင်အမှတ်(၁)ဟု သတ်မှတ်သည်။ မဲတိုင်ဟူသည် သုံးလက်မ ပတ်လည် ကတ်ထူစက္ကူတွင် နံပါတ်ကို ထင်ထင်ရှားရှား ရေးသားကာ တစ်ပေခန့်အမြင့် ဝါးခြမ်းဖြင့် ညှပ်ထားသည့်တိုင် ဖြစ်၏။ ထိုသို့ တိုင်(၆၀) ကြိုတင်ပြုလုပ်ထားရှိပြီး ဆွမ်းလုံးပို့အပ်လာသည့် အစဉ်အတိုင်း နံပါတ်ကျော်ဘဲ စိုက်ထားပေးသည်။ နောက်ဆုံးမှ ရောက်လာသော ဆွမ်းလုံးသည် မဲတိုင်အမှတ်(၆၀) ဖြစ်၏။ ရွာနီးချုပ်စပ်နှင့် မြို့ပေါ်မှ ပင့်သံဃာများ ကြွရောက်လာသောအခါ ကြိုတင်ပြုလုပ်ထားသော မဲလိပ်(၆၀)ကို နှိုက်စေပါသည်။ မဲလိပ်နံပါတ်(၁)ကိုပေါက်သော သံဃာတော်သည် ဆွမ်းလုံးနံပါတ်(၁)ကို အလှူခံရရှိမည့် အစီအစဉ် ဖြစ်ပါ၏။

ဆွမ်းလုံးကပ်လှူသည့်အခမ်းအနား ပြီးစီးသည့်အခါ ရပ်ဝေးမှ ပင့်သံဃာများ ပြန်ကြွသွားကြပြီး ရွာနှင့် အလှမ်းမဝေးသော ကျောင်းများမှ ပင့်သံဃာ (၅)ပါးက တန်ဆောင်းအတွင်း ဆွမ်းအနုမောဒနာတရား ဟောကြားပေးပါသည်။ ရွာလုံးကျွတ် ဆွမ်းအနုမောဒနာတရား နာယူရေစက်သွန်းချ အမျှအတန်းပေးဝေပြီးချိန်တွင် ဆွမ်းလုံးပွဲ အောင်မြင်ပြီးမြောက်သွားပါပြီ။

နံနက်အရုဏ်ကျင်းတော့ ကျေးရွာလူငယ်များက ရွာအတွင်းလှည့်ကာ ဆွမ်းတော်ကြီး ခံယူကြသည်။ ရရှိလာသော ဆွမ်း၊ ဆွမ်းဟင်းနှင့် မုန့်ပဲသရေစာများကို သုံးပုံပုံ၍ မြကွမ်းတောင်ဘုရားတစ်ပုံ၊ ရှစ်မျက်နှာဘုရားတစ်ပုံ၊ ဇေတဝီဘုရားတစ်ပုံ ခွဲဝေပြီး အိုးစည်ဗုံမောင်းများတီးကာ ရွာမှကုမ္ပာရီ အမျိုးသမီးများက ဝတ်ကောင်းစားလှများ ဆင်ယင်လျက် အစီအတန်းဖြင့် ခမ်းနားသိုက်မြိုက်စွာ သွားရောက်ဆွမ်းတော်ကပ်လှူကြပါသည်။

တစ်ယောက်တစ်မျိုး အားတက်သရော ပြောပြနေကြသော ကျက်သကိုင်ရွာ၏ ဆွမ်းလုံးပွဲအကြောင်း နားထောင်နေစဉ်မှာပင် လက်ကိုင်ဖုန်းမြည်လာသည်။ ကြည့်လိုက်တော့ ဆရာတော်ဦးစန္ဒိမ(စလင်း)ထံမှ ဖြစ်၏။

ဆရာတော်က ဘယ်ရောက်နေကြသလဲဟု မေးရာ ကျက်သကိုင် ရောက်နေကြောင်း လျှောက်ရ၏။ ရွာ



ဦးအေကိုတို့မောင်နှမနှစ်ယောက်

www.burmeseclassic.com



ဦးသက်ရှိနှင့် စာရေးသူ

အကြောင်း တော်တော်လေးသိရပြီလားဟု မေးပြန်သဖြင့် ယခု ဆွမ်းလုံးပွဲအကြောင်း ပြောဆိုနေကြသည်ကို လျှောက်ရပြန်သည်။

ထိုအခါ -

'ကျက်သကိုင် ဆွမ်းလုံးပွဲက ကျူပ်ကိုလည်း နှစ်တိုင်း ပင့်တယ်။ စလင်းမြို့နယ် (၁၀၈)အုပ်စုရှိတဲ့အထဲမှာ ကျက်သကိုင်ဆွမ်းလုံးပွဲကို မီတဲ့ရွာ တစ်ရွာမှ မရှိဘူး'

'တင်ပါ့၊ မိန့်ပါဦးဘုရား။ ဘယ်လိုတွေ ကွာလို့တုန်း ဘုရား'

စာရေးသူက ဆရာတော်ဦးစန္ဒိမ၏ မိန့်ကြားချက်များကို အများကြားရအောင် စပီကာဖွင့်ထားလိုက်သည်။ ဆရာတော်ကား စာရေးဆရာပီပီ ခရေစေ့တွင်းကျ မှတ်မှတ်သားသား ရှိလှပါပေ့။

'ဒီလို··ဒကာဖျင့်ရဲ့၊ ဆွမ်းလုံးပွဲဆိုတာ တကယ်တော့ စာရေးတံမဲပါပဲ။ ဒကာဖျင်တို့ စစ်သားတွေ ရှေ့တန်းသွားတဲ့အခါ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှာလည်း ကောက်သစ်စားပွဲတို့ ဘာတို့ ကြုံဖူးမှာပေါ့။ ကိုယ့်လယ်ထဲ ယာထဲက ကောက်ဦးစပါးပေါ်တဲ့အချိန်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်လှူ ကုသိုလ်ပြုတာပေါ့။ တပို့တွဲလဆန်း ဒါမှမဟုတ် လပြည့်ကျော် တစ်ရက်ရက်လုပ်တယ်။ အေး··ဒါပေမဲ့'

'တင်ပါ့၊ နားထောင်နေပါတယ်ဘုရား'

'ကျက်သကိုင်ရွာသားတွေရဲ့ စေတနာကတော့ ကြောက်ဖို့ လန့်ဖို့တောင် ကောင်းတယ်ပော့။ သူများရွာတွေမှာလို မြေဆွမ်းသပိတ်ထဲ ဆွမ်းလေးထည့်၊ အပေါ်က ကြာဖက်၊ ငှက်ပျောဖက်လေးနဲ့ ဟင်းလေး သုံးခွက် လောက်တင်ပြီး လှူတာမဟုတ်ဘူး'

'ဩော်·· တပည့်တော်က အဲသလိုပဲ ထင်နေတာ'

'ဘယ်ဟုတ်မလဲ၊ သူတို့ ရွာမှာ ဟိုးရှေးကတည်းက မြေသပိတ် မသုံးဘူး၊ သံသပိတ်ပဲ သုံးတယ်။ သပိတ်ထဲမှာ ဆွမ်းတွေချည်း အပြည့်ထည့်တာနော်။ ဟင်းကို စတီးချိုင့် ဒါမှမဟုတ် ကြွေပန်းကန်လုံး အသစ်ကျပ်ချွတ်တွေနဲ့ အပြည့်အမောက်ထည့်ပြီး အဲဒါတွေပါ အပြတ်လှူပစ်လိုက်တာ ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန်ဆိုတာ အဲရွာမှ အစစ်ဗျ'

ဆရာတော့်အသံ ကြည်လင်ပြတ်သားစွာ ကြားရသဖြင့် ဘေးနားတွင်ရှိနေသော ဦးစန်းမောင်တို့မိသားစုက ပြုံးပြုံးကြီး နားစိုက်ထောင်နေကြသည်။ ဆရာဘုန်းမှာ ရွာအတွက် ဂုဏ်ယူဝင့်ကြွားဟန်အပြည့်။

'အဲဒီဟင်းချိုင့်ကို စတီးလင့်ပန်းထဲမှာ ခင်းကျင်းပြင်ဆင်ပြီး ငွေသားက (၂)သောင်း၊ (၃)သောင်း စာအိတ်နဲ့ တတ်နိုင်ရင် တတ်နိုင်သလို ထည့်ကြတယ်။ နောက် ကြက်ဥပြုတ်(၁၀)လုံး၊ ငါးရံ့ခြောက်၊ နို့ဆီ၊ သကြား၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာမွှေး၊ ပြက္ခဒိန် အစုံပဲကွ။ အဲဒါနဲ့ပတ်သက်လို့ ရွာက စီစဉ်သူတွေကို ဒီလိုမျိုးတွေ သိပ်မချဲ့ဖို့တောင်မှ တားယူရတယ်။ တော်ကြာနေ မတတ်နိုင်တဲ့ ဒကာ၊ဒကာမတွေ မျက်နှာငယ်ရမယ်လေ။ ဘုန်းကြီးက ကျက်သကိုင် ဆွမ်းလုံးပွဲအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးပါဦးမယ်။ အပြန်ကျောင်းလှည့်ဝင်ခဲ့ဦး။ အဲကျတော့မှ ထပ်ပြောပြမယ်။ ဒါပဲနော် ဒကာဖျင်'

ဆရာတော် ဦးစန္ဒိမကား ဖုန်းချသွားပေပြီ။ အိမ်ရှင်ဦးလေးက ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်လို့ အပြောခံရမှာစိုးလို့ ပြောရကျပ်နေတဲ့အချိန် ဆရာတော် ရှင်းပြလိုက်လို့ အဆင်ပြေသွားတယ်ဟုပြောပြီး ကိုယ်တွေ့ကြုံချင်ရင်တော့ လာမယ့်ပြာသိုလလောက် တစ်ခေါက်ပြန်လာခဲ့ပေါ့ဟု ဖိတ်မန္တကပြုသည်။ စာရေးသူက ဝန်ထမ်းတစ်

www.burmeseclassic.com

ဆောက်မို့ လာနိုင်လိမ့်မည် မဟုတ်ပါ။ သိချင်စိတ်တွေ ဆော့ ပြင်းပြလို့နေပါ၏။

ထိုထိုသော ရွာဓလေ့၊ ရပ်ဓလေ့လေးများသည် တွေ့ယ်ပျောက်သင့်သော၊ မှတ်တမ်းတင်ထားအပ်သော၊ အများပြည်သူ သိရှိစေအပ်သော မြန်မာ့ကျေးလက် လူမှု ဆိုက်အဝန်း၏ ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ် ဓလေ့ကောင်း တွေပင် ဖြစ်ပါ၏။ ထို့ကြောင့် အပြန်တွင် ဆရာတော် ဦးခန္တိမ သီတင်းသုံးရာ ညောင်နှစ်ပင် ကျောင်းတိုက်သို့ လွဲမသွေ ဝင်ရပေဦးတော့မည်။

♦.♦.♦

ဆွမ်းခံပြန်ချိန်သာသာခန့်တွင် ကျက်သကိုင်ရွာမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။


ကျက်သကိုင်ရွာလေးသည် ရွာငယ်သော်လည်း ဥစ္စာ ခြွယ်သည့် ရွာကလေး၊ စေတနာသဒ္ဓါတရားလည်း ခေါင်းပါးသည့် ရွာကလေး၊ စရိုက်မကြမ်းသည့်ရွာ ကလေး၊ တစ်မူထူးခြားသည့် မြန်မာ့ကျေးလက်ယဉ်ကျေး မှုအငွေ့အသက် ဓလေ့တွေ ထုံအင်းဆဲ ချစ်စရာရွာကလေး ပါ။ ရေမြေသဘာဝ သာယာ၊ အချက်အချာကျ လမ်းပန်း ဆက်သွယ်ရေးကောင်း စသည့်အင်္ဂါရပ်တို့နှင့် မနော်ဖြူ အူစင်း ရွာသူရွာသားတို့၏ လူနေမှုဘဝတို့ ပေါင်းစပ်ထား သည့် ကျေးလက်ကဗျာလေး တစ်ပုဒ်ပါ။ မိမိတို့ရိုးရာ ဓလေ့ကို ခင်တွယ်သော မြို့ပြသရုပ်ပျက် ယဉ်ကျေးမှုတို့ တိုက်စားခြင်းမှ ကင်းလွတ်နေဆဲဖြစ်သော ရှေးမင်းတစ် ပါး၏ ရာဇဝင်နှင့် ဆက်စပ်လျက်ရှိသော ဗုဒ္ဓသာသနာ ဝင်သမိုင်းနှင့် နီးနွယ်လျက်ရှိသော ထိုရွာကလေးကို စာရေးသူက ရာဇဝင်ထဲက ရွာကလေးဟု စိတ်ထဲက အမည်ပေးလိုက်မိပါပြီ။

ထို့နှယ် အမည်နာမ ပေးမိခြင်းနှင့်အတူ ထိုရွာ ကလေးဆီသို့ သရုပ်ပျက်စရိုက်ဆိုး ရေစီးကြီး၏ တိုက် စားခြင်းဘေးမှ ကင်းဝေးပါစေကြောင်း၊ နောင်နှစ်ပေါင်း များစွာတိုင် ရွာ၏ ဓလေ့ကောင်းတို့ကို ဆက်လက်ထိန်း သိမ်း စောင့်ရှောက်သွားနိုင်ပါစေကြောင်း ဆုမွန်အခါခါ တောင်းမိပါတော့၏။

ဖျင်ဒူဝါ


နှလုံးတုန်၊ ရင်ခုန်၊ မူးဝေသူများအတွက်

နန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်း ခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက် သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လုပနှုတ်ချို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)

ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၈၁၇၈

ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၈

ရန်ကုန် မြည့်ဇမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50, 51)ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၁၈၈၂၀

မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ (သခင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com

# နန္ဒာစိုး(ဆင်ဖြူကျွန်း)

# သုမိတ္တာနိဒါန်းအစ အန္တိမယသောဓရာ

(ပင်ကိုရေး ဓမ္မရသ အခန်းဆက်ဝတ္ထုရှည်)



(ယခင်လမှအဆက်)

(၂၈)

မြတ်စွာဘုရားရှင်သည် ကာဠုဒါယီ မထေရ်၏ လျှောက်ကြားချက်အရ ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွချီတော်မူခဲ့ခြင်းမှာ ဖခမည်းတော်နှင့်တကွ ဆွေတော် မျိုးတော်တို့အား လောကုတ္တရာ ချမ်းသာဖြင့် ချီးမြှောက်ရန် ဖြစ်သည်။ ဘုရားရှင်သည် တိုရည်ရွယ်ချက်ကို ဆက်တိုက်ပင် အကောင်အထည်ဖော်တော့၏။

ကပိလဝတ်နေပြည်တော်သို့ ဘုရားရှင် ရောက်ရှိ၍ သုံးရက်မြောက်သောနေ့။ ထိုနေ့တွင် ကပိလဝတ်နန်းတော်၌ သုဒ္ဓေါဒနမင်းကြီးက မင်္ဂလာ(၅)ရပ်ကို ကျင်း[illegible] ပြုလုပ်တော်မူရန် စီစဉ်နေ၏။ အခြားမဟုတ်။ သားတော် နန္ဒမင်းသားနှင့် သမီးတော် ဇနပဒကလျာဏီတို့ကို (၁) စုလျားရစ်ပတ် လက်ထပ်ပေးခြင်းမင်္ဂလာ၊ (၂) အိမ်တော် တက်မင်္ဂလာ၊ (၃) ဥဿျှောင်ထုံးမင်္ဂလာ၊ (၄) သင်းကျ[illegible] ဆောင်မင်္ဂလာ၊ (၅) အိမ်ရှေ့ဘိသိက် အပ်နှင်းသော မ[illegible] လာတို့ ဖြစ်သည်။

သုဒ္ဓေါဒနမင်းကြီးတွင် စွဲကပ်လျက်ရှိသော စ[illegible]

www.burmeseclassic.com

www.burmeseclassic.com

သောနိုင်ငံတော်ဖြစ်လိုသော ရောဂါမှာ အကင်းမသေသေး သားတော်ကြီး သိဒ္ဓတ္ထမင်းသားက မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသွားသောကြောင့် မဟာပဇာပတိဂေါတမီ မိဖုရားကြီးမှ မွေးဖွားခဲ့သော သားတော်အငယ်နန္ဒမင်းသားဘက်သို့ မြားဦးလှည့်၏။ နန္ဒမင်းသားကိုကြွဝတေးမင်းဖြစ်ရန် စိတ်ကူးပြန်၏။ ထို့ကြောင့် ဤဇာတ်လာ(၅)ရပ်ကို ကျင်းပခြင်းဖြစ်သည်။



ထိုပွဲကို မြတ်စွာဘုရားနှင့် သံဃာအပေါင်းကို ပင့်ဆောင်၏။ မြတ်စွာဘုရားသည် နန်းတော်သို့ ကြွရောက်သောကာ တရားဒေသနာတော်တို့ကို ဟောကြားတော်မူ၏။ တရားဟောအပြီး နိုဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွသည်တွင် ဘုရားရှင်သည် ညီတော် နန္ဒမင်းသားကို သပိတ်တော် ကမ်းပေးလိုက်လေသည်။

'ညီတော်နန္ဒ..ငါ၏ သပိတ်တော်ကို သယ်ဆောင်ခဲ့လော့'

နန္ဒမင်းသားလည်း သူ့လက်ထဲသို့ သပိတ်တော်ကမ်းပေးလာသောကြောင့် သပိတ်ကို ပွေ့ပိုက်လျက် ဘုရားရှင်နောက်တော်ပါးမှ လိုက်လာခဲ့ရလေတော့သည်။

'မောင်တော်ဘုရား..ကျောင်းတော်သို့ သပိတ်တော်ပို့ပြီးတာနဲ့ အမြန်ပြန်လာခဲ့ပါနော်။ နှမတော်တို့ စုလျားဖို့ မင်္ဂလာကိစ္စက ရှိသေးတာ'

ဘုရားရှင်၏ သပိတ်တော်လိုက်ပို့ရမည့်ကိစ္စမို့ မတားဆီးသာသဖြင့် သုဒ္ဓေါဒနမင်းကြီးက နှုတ်ပိတ်ရေငုံနေလိုက်သော်လည်း သတို့သမီးလောင်းလျာဖြစ်သည့် ဇနပဒ ကလျာဏီကတော့ ငယ်ရွယ်သူပီပီ နန္ဒမင်းသားကို အမြန်ပြန်လာခဲ့ရန် မှာကြားလိုက်လေသည်။ ရုပ်ရည်အဆင်း တင့်တယ်ချောမော လှပရာတွင် ယသော်ဓရာဒေဝီပြီးလျှင် ရွှေနန်းတစ်ခွင်၌ ဒုတိယလိုက်သော ဇနပဒ ကလျာဏီမင်းသမီး၏ အမှာစကားသံကြောင့် နန္ဒမင်းသားလည်း ခေါင်းညိတ်ပြကာ ဘုရားရှင်နောက်သို့ သပိတ်ပိုက်၍ လိုက်ခဲ့ရတော့၏။ ဘုရားရှင်သည် ကျောင်းတော်သို့ ရောက်ပြီးသည်နှင့် မိန့်တော်မူ၏။

'ငါ၏ညီချစ် နန္ဒ..သင့်ကို ငါဘုရား လောကုတ္တရာ

www.burmeseclassic.com

www.burmeseclassic.com

စည်းစိမ်ဖြင့် ချီးမြှောက်တော်မူမည်။ ငါ၏ သာသနာ၌ ယနေ့ပင် ဝင်ရောက်၍ ရဟန်းပြုလေတော့'

အခုမှ အခက်ကြီး ခက်ပေပြီ။ နန္ဒမင်းသားကား ရဟန်းပြုလိုသူ မဟုတ်။ ယခု ကျောင်းတော်သို့ ရောက်သည့်တိုင် လှပသော ဇနပဒကလျာဏီ၏ ချစ်စဖွယ် မျက်နှာကလေးကို မြင်ယောင်နေဆဲဖြစ်သည်။ ထို့အပြင် သပိတ်တော် ပို့ပြီးတာနဲ့ အမြန်ပြန်လာပါခဲ့နော်ဟူသော အမှာစကားသံကလေးကိုလည်း ကြားယောင်နေဆဲ ဖြစ်သည်။ သို့ရာတွင် ငယ်ငယ်ကတည်းက ကြောက်ရင်းစွဲလည်းဖြစ်၊ ယခုအခါ ကပိလဝတ် တစ်ပြည်လုံးသာမက ဖခမည်းတော် မင်းကြီး သုဒ္ဓေါဒနနှင့် မယ်တော် မဟာပဇာပတိ ဂေါတမီတို့ကပင် ရှိခိုးဦးချနေရသော ဘုန်းတော်အရှင်မြတ်ဘုရားလည်း ဖြစ်နေတော်မူသောကြောင့် ရဟန်းမပြုပါရစေနှင့်ဟု မငြင်းဆန်ဝံ့ချေ။ ထို့ကြောင့် ဘုရားရှင်၏ အမိန့်တော်အတိုင်း ရဟန်းပြုလိုက်ရလေတော့သည်။

သုဒ္ဓေါဒနမင်းကြီး၏ အစီအစဉ်မင်္ဂလာ(၅)ရပ်လည်း မကျင်းပနိုင်တော့။ နန္ဒမင်းသားသည် ဘုရင်လည်း ဖြစ်မလာ။ အိမ်ရှေ့ဘိသိက်လည်း မခံလိုက်ရသည့်အပြင် ဇနပဒကလျာဏီနှင့် ...ပ်း လက်ဆက်ခြင်း မပြုနိုင်တော့ချေ။ သုဒ္ဓေါဒနမင်းကြီး နန္ဒမင်းသားနှင့် ဇနပဒကလျာဏီတို့သည် ဘုရားရှင်၏ စီစဉ်မှုဖြစ်နေသဖြင့် မအီမလည် အောင့်သက်သက်နှင့်ပင် ကြိတ်မှိတ်နေလိုက်ကြရလေတော့သည်။

သည်လိုနှင့် ဘုရားရှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူ၍ ခုနစ်ရက်ပြည့်သွား၏။ ထိုနေ့မှာပင် ယသော်ဓရာဒေဝီ၏ နန်းဆောင်တွင် သားတော်ကလေး ရာဟုလာကို အထိန်းအယ ရံရွေတော်များက ဝတ်စားတန်ဆာတို့ တင့်တယ်စွာ ပြင်ဆင်ပေး၍ အမွှေးနံ့သာများ လိမ်းကျံခြယ်သပေးနေကြ၏။ ခုနစ်နှစ်သားကလေး ရာဟုလာကို အဘိုး၊ အဘွားတော်တို့၏ ရွှေနန်းတော်ကြီးသို့ ပို့ဆောင်ပေးကြမည်မို့ အထူးပြင်ဆင်ကြခြင်းပင်။

'သားတော်ချစ် ရာဟုလာ..သားမောင်ရဲ့ဖခင် တောထွက်တော်မမူမီ အခါတုန်းက ရွှေအိုးကြီးလေးလုံး ရှိခဲ့တယ်။ အဲဒီရွှေအိုးကြီးလေးလုံးဟာ သားမောင်ရဲ့ ဖခမည်းတော် တောထွက်တော်မူသည်ကစပြီး ပျောက်ကွယ်သွားခဲ့တယ်။ တကယ်တော့ ဖခင့်တို့ရဲ့အမွေကို သားသမီးက ဆက်ခံရမြဲမို့ ဒီရွှေအိုးကြီးတွေကို သားမောင်သာ ပိုင်ဆိုင်ထိုက်တယ်။ ရွှေနန်းတော်ကြီးမှာလည်း သားမောင်မှတစ်ပါး အခြားဆက်ခံမည့်သူလည်း မရှိဘူး။ မယ်တော် အသက်ရှင်နေသမျှ သားမောင်ကမဲ လုပ်ကျွေးပြုစုရမှာမို့ ရွှေနန်းစည်းစိမ်သာမက မောင့်ခမည်းတော်ရဲ့ ဥစ္စာနေ့ အမွေကိုလည်း တောင်းခံရပေလိမ့်မယ်။ သားမောင် ဖခမည်းတော်ဟာ ရွှေနန်းတော်ကြီးမှာ ဆွမ်းဘုဉ်းပေးတော်မူလျက်ရှိတယ်။ အဲဒီကို လက်စွဲတော်၊ ရံရွေတော် အခြွေအရံတွေနဲ့တကွ သွားရောက်ပြီး အမွေတော် ရွှေအိုးကြီးများကို ပေးပါလို့ တောင်းခံချည်ပေတော့'

ယသော်ဓရာဒေဝီသည် တင့်တယ်စွာပြင်ဆင်ခြယ်သထားပြီးဖြစ်သော သားတော် ရာဟုလာကလေးကို ကြင်နာယုယစွာ ထွေးဖက်လျက် သေချာစွာ သင်ကြားပေးပြီးနောက် အခြွေအရံတို့နှင့်တကွ ရွှေနန်းတော်ကြီးသို့ စေလွှတ်လိုက်လေသည်။ ရာဟုလာကလည်း မယ်တော် ခိုင်းစေသည့်အတိုင်း ရွှေနန်းတော်သို့ သွား၏။ ဘုရားရှင်နှင့် တွေ့ဆုံသောအခါ ရွှေအိုးကြီး လေးလုံးသော အမွေကို တောင်း၏။ ဘုရားရှင်ကတော့ မည်သို့မျှ မိန့်ကြားတော်မမူ။ ဆွမ်းဘုဉ်းပေးပြီးသောအခါ နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွချီတော်မူ၏။

'မြေးတော် ရာဟုလာ..လက်မလျှော့နဲ့ကွယ့်။ မောင့်ခမည်းတော်နောက်ကလိုက်ပြီး အမွေတော်ကို ရအောင်တောင်း။ မောင့်အတွက် နောင်တစ်ချိန် လိုအပ်လာမှာပဲ။ မောင့်ခမည်းတော် မြတ်စွာဘုရားကလည်း မပေးဘဲနေမှာ မဟုတ်ဘူး။ နောက်က တကောက်ကောက်လိုက်ပြီး ရအောင်သာတောင်း မြေးတော်ရဲ့'

သုဒ္ဓေါဒနမင်းကြီးသည် စိတ်ကူးတစ်မျိုး ပေါက်လာပြန်သဖြင့် မြေးတော်ကို မြှောက်ပေးပြန်လေသည်။ မင်းကြီးတွင် ပေါ်ပေါက်လာသော စိတ်ကူးမှာ သူ၏ စကြဝတေး နိုင်ငံတော်ရောဂါနှင့် ဆက်စပ်နေ၏။ သားတော် နန္ဒမင်းသားကို ထီးနန်းလွှဲပေးရန် မဖြစ်နိုင်တော့သောကြောင့် ထီးနန်းလွှဲအပ်၍ စကြဝတေးမင်းဖြစ်စေရန် မြေးတော်ကလေး ရာဟုလာဘက်သို့ ချိန်ရွယ်ပြန်သောကြောင့် ဖြစ်လေသည်။ ရွှေအိုးကြီး လေးလုံးကိုရလျှင် နောင်တစ်

www.burmeseclassic.com

ဖြင့် မြေးတော်ကလေး မင်းပြုသောအခါ ပြည့်ဘဏ္ဍာအဖြစ် သုံးစွဲနိုင်မည် မဟုတ်လော။ မင်းကြီးက မြွက်ပေးလိုက်သောအခါ ရာဟုလာကလေးလည်း အားတက်သရောဖြင့် ဘုရားရှင်နောက်သို့ တကောက်ကောက်လိုက်ကာ ရွှေအိုးအမွေကို တောင်းလေတော့၏။ လမ်းတစ်လျှောက်လုံး တတွတ်တွတ် တပူဆာဆာဖြင့် တောင်းသော်လည်း ဘုရားရှင်က မည်သို့မျှ မိန့်မြွက်တော်မမူမျှ ကျောင်းတော်သို့ ပြန်ရောက်သောအခါတွင်မှ ဘုရားရှင်က အမွေကိစ္စကို မိန့်တော်မူ၏။

'အို··ရဟန်းတို့၊ သင်တို့ ကြားကြသည့်အတိုင်း ငါ၏သားတော် ရာဟုလာသည် လောကီအမွေဥစ္စာကို တစာစာ တောင်းရှာ၏။ လောကီအမွေဥစ္စာ ဆိုသည်မှာ သံသရာဝဲဂယက်၌ ဒုက္ခစက်လယ်ကြောင်းသာဖြစ်၍ ညစ်နွမ်းစေတတ်သော ထိုလောကီအမွေကို မပေးလို။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှာဖွေစုဆောင်းရရှိခဲ့သည့် ငါပိုင်ဆိုင်သော လောကုတ္တရာအမွေကိုသာ ချီးမြှင့်တော်မူအံ့။ ထိုလောကုတ္တရာအမွေကို သားတော် ခံစားရသဖြင့် အဓတမည်သော အမြိုက်ချစ်သားကြီးကို မငြီးအောင် ခံစား၊စံစားရလတ္တံ့။ ရဟန်းတို့··ငါ၏သားတော်ကို ရှင်သာမဏေ ပြုပေးလိုက်ကြကုန်လော့'

ဘုရားရှင်က ထိုသို့အမိန့်တော်ပြီးသောအခါ သားတော် ရာဟုလာကလေးကို အရှင်မဟာမောဂ္ဂလာန်က ဆံပင်ရိတ်၏။ အရှင်သာရိပုတ္တရာက သရဏဂုံပေး၏။ သည်လိုနှင့်ပင် ရာဟုလာကလေးမှာ အမွေတောင်းရင်းကပင် ရှင်သာမဏေကလေး ဖြစ်သွားတော့၏။ သို့ရာတွင် နှစ်နှစ်သား ရှင်ရာဟုလာသည် ဘဝပေါင်းများစွာကပင် မွေးခင် မြတ်ဘုရားနှင့် အတူတကွ ပါရမီကူညီဖြည့်နေသူဖြစ်သောကြောင့် သာမဏေဘဝတွင်လည်း ညှိုးငယ်ခြင်းမဖြစ်ဘဲ သင်္ကန်းဝတ်နှင့်ပင် ကျောင်းတော်၌ ပျော်လေသည်။

ထိုသတင်းကို ကြားရသောအခါ ယသော်ဓရာဒေဝီသည် ကြားရခါစ၌ လှိုက်ခနဲ တုန်လှုပ်သွား၏။ သားတော်ကလေးကို မိမိရင်ခွင်မှ အပြီးအပိုင် ထပ်မံဆွဲထုတ်သွားပြန်ပါပြီကောဟု နှလုံးသည်းညှာကို ဆွဲထုတ်ခံရသူ ရင်မှာ လှိုက်ဟာသွား၏။ သို့သော် ယသော်ဓရာသည် ပါရမီဖြည့်ရာ၌ သွေးနည်းသူ မဟုတ်။ အနုလုံ ပဋိလုံ အထပ်ထပ်ဆင်ခြင်ကာ မိမိ၏သောကကို ဖြေဖျောက်၏။ ဘုရားရှင်၏ လုပ်ရပ်ကို အကောင်းမြင်ဘက်မှ ကြည့်၏။

ဘုရားရှင်ကိုယ်တော်က လောကုတ္တရာ အမွေကိုပဲ ပေးသတဲ့လား။ ဪ··ကိုယ်တော်ချစ်တဲ့ သားပေပဲ။ သူ့အလိုတော်အတိုင်း ပိုင်ဆိုင်တော်မူပါတယ်။ လောကုတ္တရာအမွေကို ပေးလို့လည်း တစ်စုံတစ်ရာ ပူဆွေးဖွယ်မရှိပါဘူးလေဟု ဖြေသိမ့်ကာ အထီးကျန် တစ်ကိုယ်တော်ဘဝကို ရဲရဲရင့်ရင့်ပင် ခံယူလေသည်။

ဤနေရာတွင် ယသော်ဓရာကသာ ဖြေသိမ့်နိုင်သော်လည်း သုဒ္ဓေါဒနမင်းကြီးသည်ကား ချွေးမတော်နှင့် ပြောင်းပြန်ဖြစ်၏။ မင်းကြီးသည် မြေးတော်ကလေးကို သာမဏေ ပြုလိုက်ပြီဟု ကြားသိရသောအခါ နောက်တစ်ခါလာပြန်ပါပေါ့ဆိုသလို အကြီးအကျယ်စိတ်ဓာတ်ကျသွား၏။ တော်တော်ကြီးလည်း စိတ်မချမ်းမသာဖြစ်သွား၏။ သူ၏ စကြဝတေးနိုင်ငံတော် ရောဂါအတွက် ကုသစရာ ဆေးချက်ကုန်လေပြီ။

သားတော်ကြီး သိဒ္ဓတ္ထက စကြဝတေးမင်း မဖြစ်၍ သားတော်အငယ် နန္ဒမင်းသားကို အစားထိုးရန် ရည်ရွယ်ခိုက် နန္ဒမင်းသားက ရဟန်းပြုသွားရ၏။ ထို့ကြောင့် တစ်ဖန် မြေးတော်ကလေးတော့ ကျန်ပေသေးရဲ့ဟု အားတင်းမည်ကြံခါမှ ထိုမြေးတော်ကလေးကလည်း ရှင်သာမဏေ ဖြစ်သွားရပြန်ပြီ။ အခုမှပဲ သာကီဝင်မင်းဆက်ပြတ်ပေတော့သည်ဟု ဆောက်တည်ရာမရ။ သူ့မျှော်လင့်ချက် အားလုံးသည် အခုမှပဲ လုံးဝလမ်းဆုံး ပျက်ပြုန်းခဲ့ပြီဟု ဆိုရတော့မည့်ကိန်းသို့ ဆိုက်တော့၏။

ထို့ကြောင့် မင်းကြီးသည် သားတော် မြတ်စွာဘုရားရှိရာ နိဂြောဓာရုံကျောင်းတော်သို့ အပြေးဒုန်းစိုင်းတော့၏။ ဘုရားရှင်အား သူ၏ လိုလားချက်ကို တောင်းဆိုတော့၏။

'သားတော်မြတ်ဘုရား··ခမည်းတော် လိုလားချက်ကို လျှောက်ထားတောင်းဆိုပါရစေ။ မိဘချင်း ကိုယ်ချင်းစာနာစိတ်ဖြင့် တောင်းဆိုရခြင်းဖြစ်ပါတယ်။ နောက်နောင်အခါမှာ မိဘတို့ရဲ့ သဘောတူညီချက် မပါဝင်ဘဲနဲ့ မည်သည့် သားမြေးတို့ကိုမှ ရဟန်းပြုမပေးပါရန် တောင်းပန်လိုခြင်း ဖြစ်ပါတယ် အရှင်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး၏ ပန်ကြားချက်သည် သမာသမတ်ကျပေသောကြောင့် မြတ်စွာဘုရားရှင်က ထိုတောင်းဆိုချက်ကို သိက္ခာပုဒ်ပညတ်၍ သဘောတူ လိုက်လျောတော်မူလေသည်။ ဘုရားရှင်သည် ဤသို့ ဆွေတော်မျိုးတော်ရင်းများကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူပြီးနောက် နိဂြောဓာရုံကျောင်းတော်မှသည် နောက်ပါသံဃာများ ခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူ၏။ ညီတော် နန္ဒမင်းသားနှင့် သားတော် ရာဟုလာတို့လည်း ဘုရားရှင်နောက်တော်သို့ ပါသွားရလေသည်။

ဤတွင် ကပိလဝတ်နန်းတော်၌ ရင်နင့်လှိုက်ဟာ ကျန်ရစ်ခဲ့ကြရသူများကတော့ နန္ဒမင်းသားနှင့်ပတ်သက်၍ ဇနပဒကလျာဏီ မင်းသမီးနှင့် သားတော် ရာဟုလာကို ထပ်မံစွန့်လွှတ်လိုက်ရသော မယ်တော် ယသော်ဓရာဒေဝီတို့သာ ဖြစ်ပါလေတော့သည်။

◆◆◆

(၂၉)

'ဟော့..တို့တစ်တွေရဲ့နောင်တော် ဆွေတော်မျိုးတော် ဖြစ်တဲ့ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ကို ပြန်ကြွသွားတယ် ဆိုပေမယ့် ရာဇဂြိုဟ်ကို မရောက်သေးဘူး။ လမ်းခရီးအလယ်က မလ္လတိုင်း အနုပိယနိဂုံး အနီးက အနုပိယ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတော်မူသတဲ့ကွ'

ဘဒ္ဒိယမင်းသားက ပြောလိုက်တော့ အနီးတွင်ရှိသော အနုရုဒ္ဓမင်းသားကလည်း သူကြားသိသော သတင်းကို ဖောက်သည်ချလေသည်။

'ဟုတ်တယ်လေ။ ဦးရီးတော် သုဒ္ဓေါဒနမင်းကြီးက မေတ္တာရပ်ခံပြီး စေလွှတ်လိုက်တဲ့ သာကီဝင်မင်းသား တစ်ထောင်လည်း မြတ်စွာဘုရားနောက်ကို လိုက်သွားကြပြီး အဲဒီအနုပိယ သရက်ဥယျာဉ်မှာပဲ ဘုရားရှင်ထံ ရဟန်းပြုသွားကြပြီဆိုပဲ'

ဤတွင် အာနန္ဒာမင်းသားက ဝင်မေး၏။

'နေပါဦး၊ နောင်တော်တို့က ဘာကြောင့် ဒီအကြောင်းကို စိတ်ဝင်တစား ပြောနေကြတာလဲ။ ရဟန်းပြုသွားတဲ့ သာကီဝင်မင်းသား တစ်ထောင်ကို အားကျနေမိကြလို့လား။ ကပိလဝတ်မှာတော့ သည်အကြောင်းဟာ လူပြောအများဆုံး၊ စိတ်အဝင်စားကြဆုံး သတင်းပဲ'

သည်တော့ ဘဂုမင်းသားနှင့် ကိမိလမင်းသားတို့က ပြိုင်တူလိုလို ဝင်ပြောကြပြန်သည်။

'သင်တို့တစ်တွေတော့ မပြောတတ်ဘူး။ တို့နှစ်ဦးကတော့ ရဟန်းပြုသွားကြတဲ့ သာကီဝင်မင်းသား တစ်ထောင်ကို အားကျမိကြတာ အမှန်ပဲ။ မြတ်စွာဘုရားရဲ့ သံဃာပရိသတ်က ဒီလောက်အချိန်တိုကလေးအတွင်းမှာ နှစ်သောင်းကျော်သွားတာကိုကြည့်ရင် ဘုရားရှင်ရဲ့ ဓမ္မလမ်းစဉ်ဟာ အမှန်ကျင့်ကြံ လိုက်နာထိုက်တဲ့ လမ်းစဉ်ဖြစ်ကြောင်း သိပ်သေချာနေတာပေါ့'

'ဒီလိုဆွေးနွေးကြရုံနဲ့တော့ ကိစ္စက ပြီးမှာမဟုတ်ဘူး ကိုယ့်လူတို့ရေ။ ဘုရားရှင်နောက်ကိုလိုက်ပြီး ရဟန်းပြု ကြတာနဲ့ ကပိလဝတ်က သာကီဝင်တွေလည်း ကုန်တော့ မယ်။ အားကျမိကြတာ အမှန်ဆိုရင်တော့ ငါတို့တစ်တွေ လည်း လိုက်သွားကြတာပဲ ကောင်းလိမ့်မယ်။ အခုဟာက အနုပိယ သရက်ဥယျာဉ်တင်ဆိုတော့ နီးသေးတယ်။ ရာဇ ဂြိုဟ်အထိ ဆက်ကြွသွားပြီးမှ ဆိုရင်တော့ ယူဇနာ(၆၀) တောင် လိုက်ကြရလိမ့်မယ်။ သက်သာမှာ မဟုတ်ဘူး'

ဒေဝဒတ္တမင်းသားက တစ်ဝိုင်းလုံးကိုခြုံ၍ နောက် ဆုံး အကြံပြုချက်ဖြင့် အဆုံးသတ်လိုက်သည်။ သို့နှင့် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ္တ သာကီဝင်မင်းသား (၆)ဦးသည် ထိုအကြောင်းကိုပ အကြိတ်အနယ် ဆွေးနွေးကြကာ (၆)ဦးသဘောတူပ ဘုရားရှင် သီတင်းသုံးနေတော်မူရာ အနုပိယ သရက် ဥယျာဉ်သို့ လိုက်ပါပြီး ရဟန်းပြုကြရန် သဘောတူည ချက် ရကြလေသည်။ လမ်းခရီး၌ ၄င်းတို့၏ အမှုကိ များကို ကူညီဆောင်ရွက်ပေးနိုင်စေရန် အစေအပါးအဖြ ဆတ္တာသည် ဥပါလိကို ခေါ်ယူခဲ့ကြရန် ဆုံးဖြတ်ကြ ဖြစ်ချင်တော့ ဥပါလိကလည်း မင်းသား(၆)ယောက်တို့က အားကျကာ ရဟန်းပြုလိုသည်ဟု ဆိုပြန်၏။

ဤတွင် မင်းသား(၆)ယောက်တို့သည် အညီအညွ တိုင်ပင်ကြ၏။ ခေတ်ကာလရေစီးနှင့် ယဉ်ကျေးမှုအရ လျှင် ဆတ္တာသည် ဥပါလိသည် သူတို့၏ အလုပ်သမ ဖြစ်သည်။ ဇာတ်ခွဲခြားမှုအရ ဇာတ်အနိမ့်ဆုံးလည်း ဖြ သည်။ ထို့ကြောင့် ဥပါလိသည် မင်းသား(၆)ယောက် အား အရိုအသေပြုရ၏။ လေးစားရ၏။ သို့ရာတွင် မြ စွာဘုရား၏ ဒေသနာတော်တွင် ရဟန်းတို့မည်သည

www.burmeseclassic.com

သက်အရွယ်၊ မျိုးရိုးဂုဏ်ဒြပ်တို့ကို မကြည့်။ ဝါငယ်သူက ဝါကြီးသူကို လေးစားရမြဲဖြစ်သည်။ ဤသတ်မှတ်ချက်သည် ကိုယ်ကျင့်သိက္ခာကို အဓိကအခြေပြုထားသော ဘုရားရှင်၏ သတ်မှတ်ချက်ဖြစ်သည်။ ဇာတိပုညဂုဏ်မာနဖြင့် အမျိုးမာန် ယစ်တတ်ကြလေ့ရှိသော သာကီဝင်မင်းသား ခြောက်ဦးတို့သည် သူတို့ထက် မျိုးရိုးဂုဏ်ဒြပ်နှင့် ဇာတ်နိမ့်ကျသော သူတို့၏ အလုပ်သမား ဥပါလိနှင့် ပတ်သက်၍ သူတို့၏ ဇာတိမာန်ကို ပယ်သတ်နိုင်ဖို့ ရည်ရွယ်ချက်ချင်း တူညီကြ၏။

ထို့ကြောင့် ဘုရားရှင်ထံတော်သို့ ရောက်ကြသောအခါ ဆဏ္ဍာသည် ဥပါလိကို ရှေ့ဆုံးမှ အရင်ရဟန်းပြုပေးတော်မူပါရန် လျှောက်ထားကြ၏။ ဘုရားရှင်ကလည်း မင်းသားတို့၏ မှန်ကန်သော ဦးတည်ချက်ကို သိတော်မူ၍ ဆဏ္ဍာသည် ဥပါလိကိုပင် ရှေ့ဆုံးမှ ရဟန်းပြုပေးတော်မူလိုက်၏။ ထို့ကြောင့် မင်းသားခြောက်ဦးတို့သည် မိမိတို့ထက် ဝါကြီးသော ရဟန်းဥပါလိကို ရှိခိုးကြခြင်းဖြင့် သာကီဝင်တို့၏ မျိုးနွယ်အစဉ်အလာဟောင်းကြီးကို တော်လှန်လိုက်ကြလေသည်။

ထိုတော်လှန်မှုသည် ထိုခေတ်ကာလအနေနှင့်တွက်လျှင် အတော်ကြီးမား စွန့်စားသော တော်လှန်မှုဟု ဆိုနိုင်၏။ ထိုမင်းသားတို့ထဲမှ အာနန္ဒာမင်းသားဆိုလျှင် မြတ်စွာဘုရား၏ ဦးလေးတော် အမိတောဒန၏ သားဖြစ်၍ မြတ်စွာဘုရား၏ တစ်ဝမ်းကွဲညီ တော်စပ်သူဖြစ်သည်။ နောင်တွင် ဘုရားရှင်၏ အနီးကပ် အလုပ်အကျွေးပြုစုမည့် ညီတော် အာနန္ဒာဖြစ်လာမည့် အလောင်းအလျာဖြစ်သည်။ ဆဏ္ဍာသည် ဥပါလိနှင့် အမျိုးဇာတ်ချင်း မယှဉ်သာအောင် ဖြစ်၏။ သို့သော် ဘုရားရှင်၏ ဥပဒေတော်အတိုင်း လိုက်နာက သူ့ထက် ဝါစဉ်ကြီးသော အရှင်ဥပါလိ ရဟန်းကို ရှိခိုးလေသည်။

ထိုအရှင်အာနန္ဒာနှင့် အရှင်ဥပါလိတို့သည် ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးသော နောင်အနာဂတ်တစ်နေ့ ပထမသင်္ဂါယနာတင်ပွဲ၌ အရှင်အာနန္ဒာက ဓမ္မဝိသဇ္ဇနကခေါ်ဓမ္မနှင့်ပတ်သက်၍ ရှင်းလင်းဖြေဆိုသူ အရှင်ဥပါလိက ဝိနယဝိသဇ္ဇနကခေါ် ဝိနည်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေဆိုသူအဖြစ် သာသနာတော် အဓွန့်ရှည်ရေးအတွက် ပူးတွဲတာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်ကြလေသည်။

ဘုရားရှင်သည် အနုပိယ သရက်ဥယျာဉ်၌ ကြာရှည်သီတင်းသုံးနေတော်မူသည်မဟုတ်။ အရှင်ဥပါလိနှင့် မင်းသား(၆)ဦးတို့ကို ရဟန်းပြုပေးပြီး မကြာမီမှာပင် ရာဇဂြိုဟ်သို့ ဆက်လက်ကြွချီတော်မူ၏။ ယင်းသို့ ကြွချီရခြင်း၌ အကြောင်းရှိသည်။ အခြားမဟုတ်၊ ဘုရားရှင်၏ သာသနာတော်၌ ဒါယကာထဲမှ အရေးပါလာမည့်သူ တစ်ယောက်နှင့် ရာဇဂြိုဟ်ပြည်၌ မလွဲမသွေ အချိန်ကိုက်တွေ့ဆုံ တရားဟောရန် ဉာဏ်တော်တွင် ထင်မြင်လာသောကြောင့် ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်ကား အမည်ရင်းက သုဒတ္တ ဖြစ်၏။ သို့ရာတွင် ထိုအမည်ရင်းထက်ပို၍ လူသိများ ထင်ရှားသော နာမည်လည်း ရှိနေသေး၏။ ထိုအမည်က ကိုးကွယ်ရာမဲ့သူတို့အား ပေးကမ်းစွန့်ကြဲတတ်သူဟု အနက်အဓိပ္ပာယ်ရသော အနာထပိဏ္ဍိက (သို့မဟုတ်) အနာထပိဏ်။

◆◆◆

(၁၀)

အနာထပိဏ်သည် သာဝတ္ထိပြည်သား ဖြစ်သည်။ မရှိဆင်းရဲသား နွမ်းပါးသူများကို ကြင်နာစွာ ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲ ဒါနပြုလေ့ရှိသောကြောင့် အမည်ရင်း သုဒတ္တ ပျောက်ကွယ်ကာ အများစုက အနာထပိဏ်ဟုသာ ခေါ်ဝေါ်ကြတော့၏။ ပေးကမ်းစွန့်ကြဲနိုင်လောက်အောင်လည်း ကြွယ်ဝချမ်းသာသော ကုန်သည်သူဌေးဖြစ်၏။ သူ၏ အလှူဒါနသည် မြင့်မြတ်သူတို့ပြုလုပ်သော ပါရမီဒါနမျိုးဖြစ်သည်။ တုံ့ပြန်လာမည့် အကျိုးအမြတ်ကို မမျှော်ကိုးဘဲ လှူဒါန်းသော ဒါနမျိုး ဖြစ်လေသည်။ ထို့အပြင် အနာထပိဏ်သည် ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက်တော်က ဒါယကာတေဒဂ်ဆုကို ပန်ခဲ့သူလည်း ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ အနာထပိဏ်ထက် စော၍ ကြိုတင်ရောက်ရှိနှင့်အောင် ကြွချီတော်မူခဲ့သည်။

အနာထပိဏ်သည် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ လှည်းပေါင်း(၅၀၀)ဖြင့် ကုန်များ ရောင်းချရန် သယ်ဆောင်လာခဲ့ကာ ရာဇဂြိုဟ်ရှိ ယောက်ဖတော်စပ်သူ ရာဇဂြိုဟ်သူဌေးထံ ရောက်ရှိတည်းခို၏။ ရာဇဂြိုဟ်သူဌေးမှာ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းစားပင့်ထားပြီးဖြစ်၍ ဆွမ်း၊ ဆွမ်းဟင်းများကို အမှုလုပ် တပည့်တပန်း

www.burmeseclassic.com



များနှင့် တလှိုင်းလှိုင်း ချက်ပြုတ်နေရချိန်ဖြစ်၍ ချာချာလည် အလုပ်ရှုပ်လျက်ရှိ၏။

'ဟ..ယောက်ဖတော်ရဲ့၊ တစ်ခြံဝန်းလုံးလည်း ဖိုကြီးဖိုငယ်တွေနဲ့ ချက်ပြုတ်နေကြတာပါလား။ ဘယ်အတွက် ဒီလောက် အလုပ်များနေရတာလဲ။ ချက်ပြုတ်နေရတာလည်း နည်းနည်းနောနော မဟုတ်ပါလားကွယ့်'

အနာထပိဏ်က မေးမြန်းသောအခါ ယောက်ဖဖြစ်သူ ရာဇဂြိုဟ်သူဌေးက နောက်တစ်နေ့တွင် မြတ်စွာဘုရားနှင့် သံဃာတော်များကို ဆွမ်းကပ်ရန် ပင့်ဆောင်ထားသဖြင့် ယနေ့မှာပင် ကြိုတင်ချက်ပြုတ်နေခြင်းဖြစ်ကြောင်း ပြောပြ၏။ အနာထပိဏ်မှာ ယောက်ဖက ပြောမှပင် လောက၌ မြတ်စွာဘုရား ပွင့်တော်မူပြီးခဲ့ကြောင်း သိရလေသည်။

ရာဇဂြိုဟ်နှင့် သာဝတ္ထိသည် (၄၅)ယူဇနာခန့်သာ ဝေးကွာ၏။ သို့ရာတွင် ခေတ်ကာလအလျောက် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အသွားအလာ အရောက်အပေါက် ကျဲပါး၏။ ထို့အပြင် အနာထပိဏ်၏ ဥပါနိဿယတို့လည်း မပြည့်စုံသေးခြင်းကြောင့် ဘုရားပွင့်တော်မူပြီး တစ်နှစ်ကျော်ကြာပါမှ သိရှိရခြင်း ဖြစ်တော့၏။

'အမယ်မင်း..အသိရ နောက်ကျလိုက်လေခြင်းကွယ်။ နေပါဦး၊ အခု ဘုရားရှင်က ဘယ်မှာတုန်းကွယ့်'

'ဘုရားရှင်က ရာဇဂြိုဟ်ပြည်အပြင်ဘက် သုသာန်အနီးက သီတဝနတောအုပ်မှာ သီတင်းသုံးနေတော်မူတယ်လေ'

'ဟား..ဒီလိုဆိုရင်ဖြင့် ငါ သွားရောက်ဖူးမြော်ချင်စမ်းလှသကွာ'

အနာထပိဏ်က တက်ကြွစွာ ပြော၏။ သို့သော် အချိန်မှဲ့နေပြီဖြစ်၍ ယောက်ဖက တားဆီး၏။

'ညကြီးမိုးချုပ် ဖြစ်နေပါပြီ ယောက်ဖရယ်။ မနက်ဖြန်ကျတော့ ဒီအိမ်ကို ဆွမ်းစားကြွတော်မူလာမှာပဲဥစ္စာ။ အဲဒီတော့မှ ဖူးမြော်တာပေါ့။ အခါကာလမဲ့ကြီး သွားလို့လည်း မသင့်လျော်ပါဘူး။ ဘုရားရှင်ကို သွားနှောင့်ယှက်သလို ဖြစ်နေပါ့မယ်'

ယောက်ဖ၏စကားက မှန်ကန်နေသဖြင့်သာ မျိုသိပ်ထားလိုက်ရ၏။ အနာထပိဏ်ကား ဘုရားရှင်ကို ယခုပင် သွားရောက်ဖူးမြော်ချင်လှ၏။ မတတ်နိုင်၊ အချိန်အခါမဲ့နေပြီ။ ထို့ကြောင့် အိပ်ရာသာ ဝင်လိုက်ရတော့၏။ သို့သော် တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ဘုရားရှင်အား ဖူးမြော်လိုစိတ်ဖြင့် အိပ်ရာထဲ တလူးလှိမ့်လှိမ့်ရှိ၏။

သည်လိုနှင့် တစ်ညတာ ကုန်ဆုံး၍ နံနက်ဝေလီဝေလင်း အချိန်သို့ ရောက်လာ၏။ အနာထပိဏ်သည် ဘုရားရှင် ဆွမ်းစားကြွရောက်တော်မူလာမည့် အချိန်ကို စောင့်ဆိုင်းမနေတော့ဘဲ သွားလာရန် လမ်းကို ရေးရေးမြင်ရသည်နှင့်ပင် ဘုရားရှင် သီတင်းသုံးနေတော်မူသည်ဆိုသည့် သီတဝနတောအုပ်သို့ တစိုက်စိုက် သွားလေတော့သည်။

'ဩော်..ငါ့နှယ်၊ မြတ်စွာဘုရားကို ဖူးမြော်ချင်လွန်းလို့သာ ထွက်လာခဲ့မိရတယ်။ ငါကလည်း မြတ်စွာဘုရားကို တစ်ခါမှ မြင်ဖူး တွေ့ဖူးခဲ့တာ မဟုတ်တော့ ခွကျကျပဲ။ တည့်တည့်တိုး ရင်ဆိုင်တွေ့လို့မှ ဘုရားရှင်မှန်း မသိဘဲဖြစ်နေဦးတော့မှာပဲ။ ဒီလောကမှာ ဘုရားအမည်ခံသူတွေကလည်း များဖါဘိသနဲ့။ အင်း..ဂေါတမမြတ်စွာဘုရားက ငါ့ရဲ့ ငယ်နာမည် သုဒတ္တ ဆိုတာကို သိထားပြီး လှမ်းခေါ် နှုတ်ဆက်ရင်တော့ ဘုရားမှန်းသိရပြီး ပူဇော်ကန်တော့ဖို့ လွယ်ကူမှာပဲ။ ငါ့ငယ်နာမည်ကို သိထားတယ်ဆိုရင်လည်း မြတ်စွာဘုရားစစ်စစ် ဖြစ်တော်မူမှာသေချာတာပဲ'

အနာထပိဏ်သည် တစ်ဦးတည်း ပူပင်စွာ တွေး

www.burmeseclassic.com

www.burmeseclassic.com

ဘောရင်း ယောင်နနဖြင့် သွက်သွက်ကြီး လှမ်းလာနေချက်ရှိ၏။ မြတ်စွာဘုရားသည် အချိန်အခါသို့ ဆိုက်ရောက်နေပြီဖြစ်သော အနာထပိဏ်၏ ဥပါနိဿယကို သာမက ယခုလတ်တလော လှမ်းလာနေစဉ်မှ ပူပင်မှုကိုလည်း သိရှိတော်မူ၏။ ထို့ကြောင့် အနာထပိဏ် လှမ်းလာနေသည်ကို မြင်သည်နှင့် ဘုရားရှင်သည် စင်္ကြံသွားနေရာမှ မြတ်စွာဘုရားတို့နေရာတွင် ထိုင်တော်မူပြီးလျှင် သလော့ သုဒတ္တဟု နှုတ်ဆက်လိုက်လေသည်။ အနာထပိဏ်သည် ဤသို့ သူ့ငယ်နာမည်ကိုခေါ်၍ နှုတ်ဆက်သံကို ကြားလိုက်ရသည်နှင့် များစွာဝမ်းမြောက်သွားလေသည်။ ဤမထေရ်မြတ်သည် သေချာပေါက် မြတ်စွာဘုရားရှင်သာ ဖြစ်ရမည်ဟုလည်း ယုံကြည်လိုက်မိပြီးဖြစ်သွား၏။ ထို့ကြောင့် ဝမ်းမြောက်စွာပင် ဘုရားရှင်ရှေ့တော်မှောက်သို့ အမြန်သွားရောက်တော့၏။

ဗုဒ္ဓ၏ အဘိဓမ္မာအရ ဝမ်းမြောက်ခြင်းသည် ငြိမ်းအေးခြင်း၏အကြောင်း ဖြစ်သကဲ့သို့ ငြိမ်းအေးခြင်းသည် ချမ်းသာခြင်းကို ဖြစ်စေ၏။ ချမ်းသာခြင်းသည် သမာဓိရဖို့ အခြေခံကောင်း ဖြစ်၏။ သမာဓိရခြင်းသည် ယထာဘူတဉာဏ် ဖြစ်ပေါ်ရန် တွန်းအားပေး၏။ ယထာဘူတဉာဏ်ဖြစ်လျှင် မဂ်ဉာဏ်ဖြစ်ရန် အလှမ်းမဝေးတော့ပြီ။ အနာထပိဏ်သည် နံနက်အစောကြီးမှာပင် စင်္ကြံလျှောက်နေခဲ့သော မြတ်စွာဘုရားကို မြင်တွေ့ပြီးဖြစ်၍ ဘုရားရှင်ဟာ ကောင်း ကျိန်းစက်မပျော်လို့များ နံနက်အစောကြီး စင်္ကြံလျှောက်နေခဲ့လေသလား မသိဘူးဟု တွေးတောမိသဖြင့် ဘုရားရှင်အား ရှိခိုးကန်တော့ပြီးသည်နှင့် ထိုအကြောင်းကိုဝင် ဦးတည်၍ မေးလျှောက်လေသည်။

"အရှင်မြတ်စွာဘုရား‥ချမ်းသာစွာ ကျိန်းစက်ရပါရဲ့လား ဘုရား"

"ချစ်သား သုဒတ္တ၊ ကာမဂုဏ်တို့၌ မလိမ်းကျံသော ဝဋ်ဒုက္ခမှ ကင်းဝေးပြီးဖြစ်၍ ငြိမ်းအေးသော ကိလေသာ သမျှ ချုပ်ငြိမ်းပြီးသူသည် အမြဲပင် ချမ်းသာစွာ အိပ်စက်ရ၏။ အာရုံငါးပါးတို့၌ တပ်မက်တတ်သော တဏှာကို ပယ်ပြီး၍ နှလုံးကိလေသာအပူကို ငြိမ်းပြီး၍ နိဗ္ဗာန်သို့ အရဟတ္တဖိုလ်ဖြင့် ရောက်ပြီး၍ ငြိမ်းချမ်းမှုကိုရပြီးသူသည် ချမ်းသာစွာ အိပ်စက်ရ၏"

မြတ်စွာဘုရားရှင်သည် ဤသို့ပြန်လည်မိန့်ကြားပြီးနောက် အနာထပိဏ်အား သစ္စာလေးပါး တရားတော်ကို ဒါနမှစ၍ အစဉ်အတိုင်း ဟောကြားတော်မူ၏။ အနာထပိဏ်သည် မြတ်စွာဘုရား၏ တရားတော်ကို နာယူလိုသော သဒ္ဓါတရား ကြီးမားဖွံ့ဖြိုးပြီးသူဖြစ်၍ စူးစိုက်နာယူလေရကား ရုပ်နာမ်တို့ကိုမြင်နိုင်သော သမာဓိဉာဏ်ထိုမှတစ်ဆင့် ရုပ်နှင့်နာမ်ကို ခွဲခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်၊ တစ်ဖန် ယင်းတို့၏ အကြောင်းကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်၊ ပြီးလျှင် ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကိုသိသော ဝိပဿနာဉာဏ် စသဖြင့် အဆင့်ဆင့်တက်သွားပြီးနောက် မဂ်ဉာဏ်ကို ရတော့၏။

မဂ်ဉာဏ်ကိုရခြင်းကြောင့် အနာထပိဏ်သည် နိဗ္ဗာန်ကို မြင်လေပြီ။ ဤသည်ကို ဒိဋ္ဌဓမ္မောဟု ဆိုရ၏။ အဝေးမှ လှမ်းမြင်ခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ရောက်သောအားဖြင့် မြင်ခြင်းမျိုးဖြစ်သည်။ ဤသည်ကို ပတ္တဓမ္မောဟု ဆိုရ၏။ နိဗ္ဗာန်သို့ ခန္ဓာကိုယ်အားဖြင့် ရောက်ခြင်းမျိုးမဟုတ်ဘဲ မဂ်ဉာဏ်ဖြင့် ရောက်ခြင်းမျိုးဖြစ်၏။ ဤသည်ကို ဝိဒိတဓမ္မောဟု ဆိုရ၏။ အပေါ်ယံမျှမဟုတ်ဘဲ အောက်ခြေအထိ ထိုးထွင်းမြင်ခြင်းဖြင့် မြင်၏။ ဤသည်ကို ပရိယောဂါဠ္ဓမ္မောဟု ဆိုရ၏။ သံသယဟူသမျှကိုပယ် သတ်နိုင်ခဲ့ပြီ။ ဤသည်ကို တိဏ္ဏဝိစိကိစ္ဆောဟု ဆိုရ၏။ ဟိုလိုဟုတ်သလား၊ ဒီလိုထင်ပါရဲ့ ဆိုတာမျိုး မရှိတော့ပြီ။ ဤသည်ကို ဝိဂတကထံကထောဟု ဆိုရ၏။ နိဗ္ဗာန်ရှိသည်ဟု စိတ်ချလက်ချ ရှိလေပြီ။ ဤသည်ကို ဝေသာရဇ္ဇပတ္တောဟု ဆိုရ၏။ သူတစ်ပါး ပြောသမျှကို တစ်ဆင့်ယုံကြည်ခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင် အတွေ့ကို ယုံကြည်ခြင်းမျိုးဖြစ်သည်။ ဤသည်ကို အပရပ္ပစ္စယောဟု ဆိုရ၏။

ဤသို့ဖြင့် အနာထပိဏ်သည် ဘုရားရှင်၏ တရားဒေသနာတော် အဆုံး၌ သောတာပန်ဖြစ်ခဲ့လေပြီ။ သစ္စာဆိုက်အောင် သိပြီးသော အရိယာသောတာပန် ဖြစ်သောအခါ နဂိုဓာတ်ခံကိုက သဒ္ဓါတရားကြီးမားခဲ့သော အနာထပိဏ်၏ ရင်ထဲမှ သဒ္ဓါတရားသည် လောင်စာနှင့်တွေ့သော မီးနယ် ဟုန်းဟုန်းတောက်လာလေတော့၏။

အနာထပိဏ် သဒ္ဓါပေါက်လာပုံကား သူကြားနာခဲ့ရသော မြတ်စွာဘုရား၏ တရားတော်ကို ဖြန့်ဝေလိုခြင်း သဒ္ဓါ ဖြစ်၏။ အရိယာသစ္စာကို သူ သိခွင့်ရခဲ့သကဲ့သို့

www.burmeseclassic.com

သူ၏ သာဝတ္ထိပြည်သူပြည်သားများ၊ မိတ်ဆွေရောင်းရင်းများကိုလည်း သိကြစေလို၏။ သို့ရာတွင် သူသည် ကုန်သည်သူဌေးတစ်ယောက်သာ ဖြစ်၏။ မြတ်စွာဘုရားကဲ့သို့ မိမိသိသမျှကို အများဝေနေယျတို့သိအောင် ပြန်မဟောပြောတတ်။ အနာထပိဏ်အဖို့ သူသိသမျှကလေးတွေကို ပြန်ဟောပြဖို့ကိစ္စမှာ အဆင်မပြေ။ သို့သော် သာဝတ္ထိပြည်ကို ဗဟိုပြု၍ လူအများကို မြတ်ဘုရား၏ တရားတော် ဖြန့်ဝေလိုသော သဒ္ဓါမီးက သူ့တွင် အလျှံညီးညီးတောက်နေပြီ။ သည်တော့ တစ်နည်းသာရှိသည်။ မြတ်စွာဘုရားကို သာဝတ္ထိပြည်သို့ ပင့်ဆောင်ကာ ပြည်သူပြည်သားတို့နှင့် တိုက်ရိုက်တွေ့ဆုံပေးရန်မှတစ်ပါး အခြားနည်းလမ်းမရှိ။ ထို့ကြောင့် အနာထပိဏ်သည် သာဝတ္ထိပြည်၌ ကျောင်းတော်ဆောက်လုပ်ကာ မြတ်စွာဘုရားကို လှူဒါန်းရန် အကြံပေါက်လာလေသည်။

အနာထပိဏ်သည် ထိုအကြံကို မြတ်စွာဘုရားအား လျှောက်ထား၍ ကျောင်းတော်ကို အလှူခံယူတော်မူပါရန် လျှောက်ထား၏။ မြတ်စွာဘုရားကလည်း သဘောတူတော်မူသောအခါ အနာထပိဏ်သည် ရာဇဂြိုဟ်၌ အရောင်းအဝယ်ကိစ္စကို အမြန်ဆောင်ရွက်ပြီးနောက် သာဝတ္ထိပြည်သို့ အားချင်းပြန်၏။ အကျယ်အားဖြင့် ရှစ်ပယ်ရှိသော ဇေတမင်းသား၏ မြေနေရာကို ဝယ်ယူကာ (၅၄)ကုဋေ အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်၏။ ပြီးစီးသောအခါ ဘုရားရှင်အား ပင့်ဆောင်၍ လှူဒါန်းရာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကြီးကို စာတုဒ္ဒိသာသံဃိကအဖြစ် အလှူခံယူတော်မူ၏။ သည်တွင်မှ အနာထပိဏ်သူဌေး၏ ကြီးမားသော ရည်ရွယ်ချက်ကြီးလည်း အောင်မြင်ထမြောက်သွားတော့၏။

ရာဇဂြိုဟ်နှင့် (၄၅)ယူဇနာ ကွာဝေးသော သာဝတ္ထိပြည်မွှန် ဇေတဝန်ကျောင်းတော်မှ အခြေစိုက်လျက် သာဝတ္ထိပြည်တစ်ဝှမ်း၌ ဗုဒ္ဓ၏သာသနာတော် စည်ပင်ပြန့်ပွားလာခဲ့ပြီ မဟုတ်ပါလား။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ဖြူကျွန်း)

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိန့်ဖြင့် သာသနာပြုလျက်ရှိသော



ဆရာမကြီး အေးမိုးမိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် ဂုဏ်ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊

မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီး၏ မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၈၃၁ ၅၂၀ ၊ ၀၉ ၄၂၀ ၀၂၁ ၁၆၈

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

**ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅**



www.burmeseclassic.com

www.burmeseclassic.com

လွယ်လွယ်နှင့်ရသော အရာအားလုံးသည် တန်ဖိုးနည်းတတ်၏။ ကျားကုတ်ကျားခဲ ကြိုးစား၍ရသော အရာတို့သည် တန်ဖိုးကြီးတတ်၏။ တစ်နည်းအားဖြင့် တန်ဖိုးကြီးသော အရာတို့ကို လွယ်လွယ်နှင့် မရတတ်။ တန်ဖိုးအားလျော်စွာ ပေးဆပ်မှု ရှိရ၏။ ဗုဒ္ဓဟူသော အမည်သည် လွယ်လွယ်နှင့် ရရှိနိုင်သော အမည်မဟုတ်။ ခက်ခက်ခဲခဲ ကြိုးစားမှ ရရှိသော အမည် ဖြစ်၏။ ဗုဒ္ဓဟူသော အမည်သည် တန်ဖိုးနည်းပစ္စည်းများဖြင့် ဖွဲ့စည်းထားသည့် အမည် မဟုတ်။ တန်ဖိုးကြီးသော ပစ္စည်းများဖြင့် ဖွဲ့စည်းထားသော အမည်ဖြစ်၏။

လောက၌ အသာဆုံး၊ အမြတ်ဆုံးသော ပုဂ္ဂိုလ်သည် ဗုဒ္ဓဖြစ်၏။ ဗုဒ္ဓဖြစ်ဖို့အတွက် လောကထဲရှိ ပုဂ္ဂိုလ်သတ္တဝါ အားလုံး



ဓမ္မဓယာသာက

# အရှင်ဩဘာသ

## ရတနာစင်ကို သန္တိစစ်နှင့် ဆည်းကပ်ခြင်း(၂)



www.burmeseclassic.com

www.burmeseclassic.com

ကို့ထက် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည့် ပါရမီ၊ စာဂ၊ စရိယတို့ကို ပြုလုပ်ခဲ့၏။ သတ္တဝါအားလုံးတို့ မပြုလုပ်နိုင်သော ပါရမီတို့ကို ပြုလုပ်ခဲ့၏။ သတ္တဝါအားလုံးတို့ မပြုလုပ်နိုင်သော စာဂတို့ကို ပြုလုပ်ခဲ့၏။ သတ္တဝါအားလုံးတို့ မပြုလုပ်နိုင်သော စရိယတို့ကို ပြုလုပ်ခဲ့၏။ ပြုလုပ်ခဲ့သည်မှာ ဘဝတစ်ခုတည်း အရင်းနှီးလုပ် ပြုလုပ်ခဲ့သည် မဟုတ်။ မရေမတွက်နိုင်သော ဘဝပေါင်းများစွာတို့ကို ရင်းနှီးမြှုပ်နှံ ပြုလုပ်ခဲ့ခြင်း ဖြစ်၏။ ကမ္ဘာတစ်ခုတည်း၌ ပြုလုပ်ခဲ့သည် မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့် ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထိ ပြုလုပ်ခဲ့ရခြင်း ဖြစ်၏။

ကမ္ဘာပေါင်းမြောက်မြားစွာ၊ ဘဝပေါင်းမြောက်မြားစွာ သတ္တဝါအားလုံး မပြုလုပ်နိုင်သည့် ပါရမီ၊ စာဂ၊ စရိယတို့ကို ပြုလုပ်ကာ ဗုဒ္ဓအမည်ကို ထုဆစ်ရ၏။ ထိုကဲ့သို့ ပြုလုပ်လာမှ ဗုဒ္ဓအစစ်ဖြစ်၏။ ထိုကဲ့သို့ မပြုလုပ်ဘဲ အဘယ်မျှထိ ဗုဒ္ဓအမည် ခံယူနေသည် ဖြစ်စေကာမူ ဗုဒ္ဓမဖြစ်။ အတုယောင်ဗုဒ္ဓသာ ဖြစ်မည်ဖြစ်၏။ ရှေးက ဗုဒ္ဓအမည် ရရှိသွားသည့် မြတ်စွာဘုရားတို့သည်လည်း ဤဗုဒ္ဓလမ်းစဉ်ကို ကျင့်သုံးခဲ့ကြ၏။ နောက် စစ်မှန်သည့် ဗုဒ္ဓအမည်ကို ရရှိကြမည့် မြတ်စွာဘုရားတို့သည်လည်း ဤဗုဒ္ဓလမ်းစဉ်ကို ကျင့်သုံးကြမှာဖြစ်၏။ လက်ရှိ စစ်မှန်သည့် ဗုဒ္ဓအမည်ကို ရရှိထားသည့် ဂေါတမမြတ်စွာဘုရားသည်လည်း ဤဗုဒ္ဓလမ်းစဉ်ကို ကျင့်သုံးကြမှာ ဖြစ်၏။ လက်ရှိစစ်မှန်သည့် ဗုဒ္ဓအမည်ကို ရရှိထားသည့် ဂေါတမမြတ်စွာဘုရားသည်လည်း ဤဗုဒ္ဓလမ်းစဉ်ကို ကျင့်သုံးခြင်း ဖြစ်၏။ မြတ်စွာဘုရားသည် ဗျာဒိတ်ကို သုမေဓာရသေ့ဘဝက ခံယူခဲ့ခြင်းဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရား နိယတဗျာဒိတ် ပေးခဲ့၏။ ထိုအချိန်က သုမေဓာရသေ့သည် ပညာကြီးသူဖြစ်၏။ အသိဉာဏ်ပေါ်ပါးကို ရရှိထားသူ ဖြစ်၏။ ပညာကို အကြီးအမှူးပြု၍ ပါရမီများကို ဖြည့်ကျင့်ခဲ့၏။ ပညာဓိကဘုရား ဖြစ်၍ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထိ ပါရမီများ မဖြည့်ကျင့်ခဲ့ရပေ။ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထိလည်း ပါရမီများ မဖြည့်ကျင့်ခဲ့ရပေ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသာ ပါရမီများ ဖြည့်ကျင့်ခဲ့ရ၏။

ဂေါတမမြတ်စွာဘုရားသည် တထာဂတဂုဏ်နှင့် ပြည့်စုံ၏။ ပူရဏကဿပ စသော ဆရာကြီး ခြောက်ယောက်တွင် တထာဂတဂုဏ်သည် မရှိ။ ဂေါတမမြတ်စွာဘုရားသည် ဗုဒ္ဓလမ်းစဉ်အတိုင်း ဘုရားဖြစ်လာခြင်း ဖြစ်၏။ ပူရဏကဿပ စသော ဆရာကြီး ခြောက်ယောက်သည် မည်သည့်လမ်းစဉ်မှမရှိဘဲ ဘုရားဟု ကြွေးကြော်ကြခြင်းဖြစ်၏။ ဂေါတမမြတ်စွာဘုရားသည် လမ်းစဉ်အတိုင်းကျင့်၍ ဗုဒ္ဓအမည်ကို ရလာခြင်း ဖြစ်၏။

ပူရဏကဿပ စသော ဆရာကြီး ခြောက်ယောက်သည် ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓအမည်ကို ခံယူကြသူများ ဖြစ်၏။ သူတို့တွင် လမ်းစဉ်သည်မရှိ။ လူတို့၏ အကြိုက်ကိုလိုက်၍ နာမည်ကြီးသူများ ဖြစ်၏။ လူတို့သည် စစ်မှန်သော လမ်းစဉ်ထက် ခေါင်းပါးသော လမ်းစဉ်ကို နှစ်သက်ကြ၏။ ပူရဏကဿပ စသည်တို့သည် လူတို့ နှစ်သက်သည့် ခေါင်းပါးသော လမ်းစဉ်ကို ဟန်ပြကျင့်ပြီး ဗုဒ္ဓအမည်ကို ခံယူကြ၏။ သူတို့သည် ဗုဒ္ဓအတုများ ဖြစ်၏။ သို့သော် မြတ်စွာဘုရားသည် သူတို့အား ပုတ်ခတ်မပြော။ မိမိအား ဂုဏ်ယူမပြော။ ဗုဒ္ဓလမ်းစဉ်ကိုသာ စုန္ဒီအား ဟောပြ၏။

ခေါင်းပါးသောအကျင့်ဖြင့် စစ်မှန်သော လမ်းစဉ်သို့ မရောက်နိုင်ပေ။ မှားသော လမ်းစဉ်ဖြင့်သာ မှန်ကန်သော လမ်းစဉ်သို့ ရောက်နိုင်၏။ ခေါင်းပါးသော ကျင့်စဉ်ကို အားထုတ်သူတို့သည် မြတ်စွာဘုရားလောက် အားထုတ်ခဲ့ကြလိမ့်မည်မဟုတ်။ ပါရမီများ ပြည့်နေပြီးသော မြတ်စွာဘုရား ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ခေါင်းပါးသော ကျင့်စဉ်ကို အားကိုးကျင့်ခဲ့၏။ တစ်ဆင့်ချင်းနှင့် အာဟာရတို့ကို ဖြတ်တောက်ခဲ့၏။ ထမင်းမစားဘဲ သစ်သီးများသာ စားခဲ့၏။ သစ်သီးများပါ မစားဘဲ ရေကိုသာ သောက်ခဲ့၏။ နောက်ဆုံး ရေပါမသောက်ဘဲ ကျင့်ခဲ့၏။ ခန္ဓာကိုယ်သည် ပိန်ပါးလာခဲ့၏။ အရိုးပေါ် အရေတင် ဖြစ်ခဲ့၏။ အားအင်များ ကုန်ခန်းခဲ့၏။ ခန္ဓာကိုယ်တောင် မထိန်းနိုင်အောင်ထိ အားအင်များ ခန်းခြောက်ခဲ့၏။ ခန္ဓာကိုယ်ကို မတ်မတ်မရပ်နိုင်ခဲ့။ လမ်းလျှောက်ရင်း လဲကျခဲ့၏။

ပူရဏကဿပတို့သည် မြတ်စွာဘုရားလောက် ခေါင်းပါးသည့် အကျင့်ကို မကျင့်နိုင်ကြပေ။ မြတ်စွာဘုရား ကျင့်ခဲ့သည်မှာ မှန်ကန်သော လမ်းစဉ်သို့ ရောက်ဖို့

www.burmeseclassic.com

ဟူသော လှည်းဘီး၏ အကွပ်နှင့်တူ၏။ ဤအင်္ဂါရပ်များ ရှိလျှင် သံသရာစက်ကြီးသည် လည်ပတ်နေခြင်း ဖြစ်၏။ ဤအင်္ဂါရပ်များ မရှိလျှင် သံသရာစက်ကြီးသည် မလည်ပတ်နိုင်တော့ပေ။ သံသရာစက်ကြီး ပျက်စီးသွားရ၏။ ဤသို့ သံသရာစက်ကြီးကို ဖျက်ဆီးခြင်းသည် နံပါတ်(၄) အရဟံဂုဏ် မည်၏။

မြတ်စွာဘုရားသွင် လွန်ကဲမြင့်မြတ်သော သီလဂုဏ်ရှိ၏။ သမာဓိဂုဏ်ရှိ၏။ ပညာဂုဏ်ရှိ၏။ ဝိမုတ္တိဂုဏ်ရှိ၏။ ဝိမုတ္တိဉာဏဒဿနဂုဏ် ရှိ၏။ ထိုလွန်ကဲမြင့်မြတ်သော ဂုဏ်တို့ကြောင့် လူတို့၏ အထူးစီမံထားသော ပူဇော်အထူးကို ခံထိုက်၏။ နတ်တို့၏ ပူဇော်အထူးကို ခံထိုက်၏။ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်၏။ လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်ခြင်းသည် နံပါတ်(၅) အရဟံဂုဏ်မည်၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်သည် မဖောက်မပြန် အမှန်အတိုင်း ဆရာမပါဘဲ သိသင့်သိထိုက်သော တရားတို့ကို သိခြင်း ဖြစ်၏။ သဗ္ဗညုတဉာဏ်တော်ဟု ဆို၏။ မြတ်စွာဘုရားသည်

စုန္နီ[illegible] မြတ်[illegible] [illegible] ပြည့်စုံခြင်းဖြစ်၏။ [illegible] ဖြစ်၏။ [illegible]

[illegible] (ဆက်ပါဦးမည်)

[illegible] မြန်မာ့အသံ [illegible]

---


**ဆရာဦးသိန်းဝင်း**

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၄၂)

**ဖြည်တော်ခံ**

တိုင်းရင်းဆေးကုခန်း

နလုံး၊ အသည်း၊ ကျောက်ကပ်ပေါင်း၊ အာရုံကြော

အားနည်း၊ လေငန်း/လေဖြတ်၊

ကိုယ်ခံအားကျခြင်း၊

အကြောနှင့်ပတ်သက်သောရောဂါများ

ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ

အထူးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**

လေဖြတ်အကြောင်းများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း

* မျက်ခွံနှင့် မျက်စိကြွက်သားတို့ အတိအနု လှုပ်ရှားခြင်း

* ခြေလက်များ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း

* ခြေ, လက်များ ထုံကျဉ်ခြင်း

* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း

* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းတို့ ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၃)၊ (၁၁၅)လမ်း (မိုးလမ်းရှောင်အမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရုံစနေစျေး)

ဖုန်း ၀၉ ၇၃၁၅၁၃၅၇၈၃ ၊ ၀၉ ၃၁ ၆၅၅ ၈၇၄၉

အချုပ်ကြမ်းအား အခဝင်းကြီးပင်ချုံးမှုမှ ဝတ်ထားရေး ဖြစ်

ရှုရှိဝါသနာရေး တာခဖြစ်ရုံစဦး နန္ဒဝင်ဓားဝ ဖြန့်စည်းတွေကိုအတော်

အခါကျော ပြောနိုင်သူပရိုသုဦး ခေါင်းခွံတွေ ခေါင်းကိုကြည့်ပြီး ဖြစ်

ဘုံးပြိုင်ခဲ့ရသည်ဆို၍ ခေါင်ကုလ်ရှိသွားသူကို နိုင်ဆောပြော ပြောနိုင်သူ

စသဖြင့်။

...တာတော်လေသည်။

## သတ္တုကြီး ခြောက်သောင်းဖြင့် ဦးခေါင်းကို အတုသွန်းနေရသည်



www.burmeseclassic.com

ယခုတင်ပြမည့် မောင်ဆွံ့ ဆိုသူကတော့ မောင်ဆွံ့ ဟု ဆိုတဲ့အတိုင်း ခြေထောက်မသန်ပါ။ လမ်းကောင်းကောင်း မလျှောက်နိုင်ရှာပါ။ ထော့နင်း၊ထော့နင်းဖြင့်သာ တဖြည်းဖြည်း သွားနိုင်ရှာ၏။

သို့ရာတွင် လူမစွမ်း နတ်မ၊ဟု ဆိုရမည်လားမသိ။

လူက ခြေထောက်နှစ်ဖက် ဆွံ့နေသဖြင့် မစွမ်းသော်လည်း သူ့မှာ ထူးခြားသော အတတ်ပညာ တစ်ခုရှိ၏။ ဒါကလည်း ရှေးကောင်းမှုကံတစ်ခုခုကြောင့် ရရှိလာခြင်း ဖြစ်သည်။

**ကျောက်စရစ်ပစ်ပေါက်၍ ပန်းချီဆွဲသူ**

မောင်ဆွံ့၏ အတတ်ပညာက ထိုင်နေရင်းကပင် ညောင်ရွက်များကို ကျောက်စရစ်ခဲများဖြင့် ပစ်ပေါက်ကာ မိမိလိုချင်သည့် ရုပ်ပုံလွှာကို ဖော်ပေးနိုင်ခြင်းဖြစ်၏။ နတ်သမီးရုပ် လိုချင်လျှင် နတ်သမီးရုပ် ပေါ်စေရမည်။ အခြား နတ်သားရုပ်၊ ယမင်းရုပ်၊ ဖော်ကျီရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ နွားရုပ်၊ ခွေးရုပ်၊ ကြောင်ရုပ်၊ ကျွဲရုပ် စသည့် အရုပ်များကို ပေါ်လွင်အောင် ပုံဖော်ပေးနိုင်စွမ်း ရှိ၏။

မောင်ဆွံ့သည် ဗာရာဏသီမြို့တံခါးအနီး ညောင်ပင်ကြီးမှာ စခန်းချ၏။ နေ့တိုင်း ကလေးတွေ ရောက်လာကြသည်။

'ဦး··ကျွန်တော့်ကို နတ်သမီးရုပ်ကလေး လုပ်ပေးပါ'

'ဦးဦး··ကျွန်မကို မင်းသမီးရုပ်ကလေး'

'ကျုပ်ကိုတော့ ဖော်ကျီလုပ်ပေးဗျာ'

စသဖြင့် ကလေးများ၏အသံ ညံညံစီနေတော့၏။ ကလေးများသည် မိဘပေးလိုက်သော မုန့်ဖိုးများကို မုန့်ဝယ်မစားကြဘဲ အရုပ်လုပ်ခိုင်းကြ၏။

မောင်ဆွံ့သည် သူ၏ အတတ်ပညာအရ ကျောက်စရစ်ခဲလေးများဖြင့် ညောင်ရွက်ကို ပစ်ပေါက်ကာ အရုပ်ထင်စေခြင်း ဖြစ်၏။ ညောင်ရိပ်သာသည် သူ့နေထိုင်ရာ ဂေဟာလည်း ဖြစ်၏။ မောင်ဆွံ့သည် ထိုပညာရပ်ဖြင့် ငွေဝင်ဖြောင့်နေ၏။ နေ့စဉ် ညောင်ပင်အောက်၌ ကလေးများ စည်ကားလျက် ရှိလေ၏။

**ဆိတ်ချေးတစ်စလယ်ဝင်အောင် ပြောနိုင်တဲ့ပုရောဟိတ်**

တစ်နေ့သ၌ ဗာရာဏသီမင်းသည် ဆင်စီးလျက် မြို့ကို လှည့်ပတ်ကြည့်ရှုရင်း ကလေးတွေနှင့် ကျက်စီညံနေသော ညောင်ရွက်များကို မြင်သောအခါ ပြုလုပ်ဖန်တီးသူကို မေး၏။ မောင်ဆွံ့၏ လက်ရာများဟု သိသောအခါ သူ့ကို နန်းတော်တွင်းသို့ လာခဲ့ရန် မှာကြားသွား၏။

အမှန်စင်စစ် မင်းကြီးသည် အရုပ်ထင်သော ညောင်ရွက်ကို လိုချင်၍ မဟုတ်ပေ။ မောင်ဆွံ့၏ ကျောက်စရစ်ခဲဖြင့်ပေါက်သော အတတ်ပညာကို အသုံးချရန်သာ ဖြစ်သည်။ ကျောက်စရစ် အပစ်အခတ်၌ လက်ဖြောင့်သော မောင်ဆွံ့ကို ခေါ်သွားခြင်းမှာ အကြောင်းရှိ၏။

အကြောင်းကား–

'မောင်မင်း··ဆိတ်ချေးတစ်စလယ် (နို့ဆီနှစ်ဘူးခန့်) ကို အဝတ်နဲ့ ထုပ်ယူလာပြီး နားကွဲမတတ် ဟောင်ဖွာဟောင်ဖွာနှင့် စကားတွေ အဆက်မပြတ်အောင် (ရေပက်မဝင်အောင်) ပြောတတ်သော ပုရောဟိတ်ပုဏ္ဏား၏ ပါးစပ်ထဲသို့ ဝင်အောင် ပစ်ပေါက်ရန် ဖြစ်သည်'

နောက်တစ်နေ့နံနက်ခင်း ညီလာခံဝင်ချိန် ဖြစ်သည်။ ဗလစ်၊ဗလစ် စကားအဆက်မပြတ်ပြောသော ပုရောဟိတ်ပုဏ္ဏားလည်း ဘုရင့်ရှေ့မှောက်သို့ ရောက်လာကာ ကရားမှ ရေလွှတ်သလို စကားတွေ ဗလစ်၊ဗလစ် ပြောနေလေသည်။ မောင်ဆွံ့သည် ဘုရင်ကြီးက ကြိုတင်စီစဉ် ညွှန်ကြားထားသည့်အတိုင်း အနီးအပါးရှိ ကန့်လန့်ကာနောက်ကွယ်မှ ပုဏ္ဏား၏ ပါးစပ်ထဲသို့ ဆိတ်ချေးများဝင်အောင် ပစ်ပေါက်လေတော့သည်။

ပုဏ္ဏားသည် အစပထမ၌ ဆိတ်ချေးမှန်း သိ၏။ သို့သော် ရှက်ရှက်နှင့် ထွေးမရ အန်မရ ဖြစ်နေလေပြီး နံနံစော်စော် ဆိတ်ချေးကို မျိုချလိုက်ရ၏။ ဆိတ်ချေးတစ်စလယ်သားမှာ ပုဏ္ဏား၏ ဝမ်းထဲသို့ ရောက်သွားလေပြီတည်း။ မင်းကြီးသည် ဤသို့ ကြံကြံဖန်ဖန်စီမံမှုကြောင့် စကားဗလစ်၊ဗလစ်ပြောသော ပုရောဟိတ်ပုဏ္ဏား နှုတ်ပိတ်သွားခဲ့ဖူးလေ၏။ တစ်သက်လုံး ရှောင်ကြဉ်သွားလေသတည်း။

မင်းကြီးသည် မောင်ဆွံ့အား ပညာပူဇော်သောအားဖြင့် ရွာပေါင်း(၁၄)ရွာကို အပိုင်စားရန် ဆုတော်လာဘ်တော်အဖြစ် ပေးသနားလေ၏။

ကျောက်စရစ် ပစ်ပေါက်၍ ပန်းချီဆွဲသောပညာကို လိုချင်သူ တပည့်များမှာ ဆရာဆွံ့ထံပါးမှာ ဝိုင်းဝိုင်းလည်လျက်ရှိ၏။ ဗာရာဏသီတစ်မြို့လုံး ကျော်ကြားထင်ရှား



www.burmeseclassic.com

www.burmeseclassic.com

သွားလေသည်။ သူ၏ တပည့်များထဲမှ တစ်ယောက်မှာ သူ့အား လစာ၊ ရိက္ခာ မပေးပါနှင့်။ ကျောက်စရစ်ခဲပစ် ပညာကိုသာ သင်ပေးပါရန် တောင်းခံလာသည်။

ဆရာဆွံ့သည် သူ့အား ပညာကုန် သင်ပေးလိုက်၏။ တပည့်သည် သူ့ပညာစွမ်းရည်ကို စမ်းသပ်ချင်သဖြင့် လက်ယားနေလေ၏။ (မောင်မဲ ဆိုပါစို့။)

တစ်နေ့သ၌ ဂင်္ဂါမြစ်ကမ်းရှိ တောကျောင်းတွင် သီတင်းသုံးနေတော်မူသော သုနေတ္တပစ္စေကဗုဒ္ဓါသည် သစ်ပင်တစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းတရား အားထုတ်နေ၏။ ထိုစဉ် လက်ယားနေသော မောင်မဲသည် ပြုအပ်,မပြုအပ်၊ လုပ်သင့်,မလုပ်သင့်ကို မတွေးမချင့် မစဉ်းစားဘဲ အရှင်ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းတော်တည့်တည့်ကို ကျောက်စရစ်ခဲဖြင့် ပစ်လိုက်လေ၏။ ကျောက်ခဲသည် ပစ်မှတ်ဖြစ်သော ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ထိမှန်ကာ ပစ္စေကဗုဒ္ဓါ လဲကျသွား၏။ ပစ္စေကဗုဒ္ဓါ အရှင်သုနေတ္တမှာ ထိုဒဏ်ရာဖြင့်ပင် ပရိနိဗ္ဗာန်ပြုသွားရလေသည်။

**ကိုယ့်မကောင်းကံ ကိုယ်သာခံ**

အရှင်ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ကျောက်စရစ်ခဲဖြင့် ပစ်ပေါက်လုပ်ကြံခဲ့သော ယောကျ်ားကိုလည်း လူအများက ဝိုင်းပြီး ရိုက်သတ်ကြသဖြင့် မရှုမလှ ဘဝဇာတ်သိမ်းခဲ့ရသည်။ ထိုယောကျ်ားလည်း သူပြုသော အကုသိုလ်ကံကြီးကြောင့် အဝီစိငရဲသို့ ကျသွားလေသည်။ အဝီစိငရဲ၌ နှစ်ပေါင်းတစ်ထောင်ကြာအောင် ဆင်းရဲဒုက္ခကြီးစွာ ခံစားရလေ၏။

အဝီစိငရဲမှ လွတ်လာသော် မိမိတို့ ဂေါတမမြတ်စွာဘုရားလက်ထက်၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီးမှာ ပြိတ္တာကြီး လာဖြစ်လေသည်။ ယမမင်းကြီး၏ အကျဉ်းသား ပြိတ္တာမျိုး ဖြစ်ပါ၏။ ရှေးရှေးဘဝက အရှင်ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ခွဲခဲ့သော အကုသိုလ်ကံ အကျိုးအကြွင်းကြောင့် သဒိသံ ပါကံဇနေတိ ဆိုတဲ့အတိုင်း တူသောအကျိုးပေးကို ခံစားနေရလေသည်။ သံတူကြီးပေါင်း ခြောက်သောင်းတို့က နေ့စဉ်မပြတ် နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ် သူ့ဦးခေါင်းအား ထုနှက်ခြင်းကို ခံရလေသည်။

သံတူကြီးက ရိုက်ချလိုက်၊ လဲကျသွားလိုက်၊ ပြန်ထလာလိုက်၊ တစ်ခါရိုက်ချလိုက် ဖြစ်ပါ၏။ သံတူကြီးက ကြီးမားသလို သူ့ဦးခေါင်းကြီးကလည်း ကျောက်တောင် ငယ်ပမာဏလောက် ကြီးသည်ဟု အဋ္ဌကထာ၌ ပြ၏။

**အရှင်မောဂ္ဂလာန်နှင့် တွေ့လေပြီ**

တစ်နေ့သောအခါ အရှင်မောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းကြွလာစဉ် သံတူကြီးက ရိုက်လိုက်၊ ပြန်ထလိုက် ဖြစ်နေသော ဦးခေါင်းကြီးကြီး ပြိတ္တာကြီးကို မြင်တွေ့သွားပါသည်။ (မှန်ပါသည်၊ အရှင်မောဂ္ဂလာန်သည် ငရဲပြည်သို့လည်း ကြွတော်မူသည်။ နတ်ပြည်သို့လည်း ကြွတော်မူသော အရှင်မြတ်ကြီးဖြစ်ရာ ဗြိတ္တာဘုံသား ပြိတ္တာများကိုလည်း တွေ့ဆုံမေးမြန်း စုံစမ်းလေ့ရှိသော တန်ခိုးကြီးသည့် ရဟန္တာအရှင်မြတ်ကြီးပင် မဟုတ်တုံလော။)

သံတူကြီးများဖြင့် အရိုက်ခံရစဉ် လဲကျသွားပြီးနောက် နောက်ထပ် အရိုက်မခံရမီ အကောင်းပကတိ ပြန်ဖြစ်နေစဉ် အရှင်မောဂ္ဂလာန်က–

'အို..ပြိတ္တာ၊ သင်သည် အဘယ်ကြောင့် တောင်ပြေးလိုက် မြောက်ပြေးလိုက်ဖြင့် ကြောက်ရွံ့တုန်လှုပ်နေဘိသနည်း။ အဘယ်အကုသိုလ် ဒုစရိုက်များကို ပြုလုပ်ခဲ့သောကြောင့် ယခုကဲ့သို့ ဆင်းရဲဒုက္ခ ကြီးစွာခံစားနေရဘိသနည်း'ဟု မေးတော်မူရာ ပြိတ္တာကြီးက ဖြစ်ကြောင်းကုန်စင် ပြန်လည်လျှောက်ထား ဖြေကြားလေတော့သည်။

အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် ပြိတ္တာကြီး၏ ဝန်ခံလျှောက်ထားချက်ကို နားဆင်ပြီးနောက် အကုသိုလ်ဒုစရိုက် မကောင်းမှုကို နည်းသည်၊ များသည် မဟူ ဘယ်သောအခါမျှ မပြုလေနှင့်။ ကိုယ်ပြုတဲ့ကံ ကိုယ့်ထံ အမှန်ပင် ပြန်လာတတ်ကြောင်း ဩဝါဒတရား ဟောကြားပေးတော်မူ၏။

ဤအကြောင်းကို အရှင်မောဂ္ဂလာန်က ဓမ္မသဘင် အစည်းအဝေးတွင် မြတ်စွာဘုရားရှင်အား တင်ပြလျှောက်ထားလိုက်သတည်း။

အရှင်မောဂ္ဂလာန်၏ ကိုယ်တွေ့ဝတ္ထုပင် ဖြစ်သည်။ သဂါထာယနာတင် ပေတဝတ္ထုအဋ္ဌကထာ ကျမ်းစာတွင် မဟာဝဂ်၊ သဋ္ဌိပေတဝတ္ထုဟူ၍ ဖော်ပြထားလေသတည်း။

မကောင်းမှုဟူသမျှ ရှောင်ကြဉ်နိုင်ကြပါစေ။

နမောသမ္မာသမ္ဗုဒ္ဓဿ


**မုံရွာ နေဇာ**

www.burmeseclassic.com

www.burmeseclassic.com

ခါနဲ့ချောင်းပြည့်သို့ စိတ္တာရှာဖော် မြည်ငြို့သာမိုင်းဆိုးစံချိ
ချိန်ခါဘုံမှုစည်း မိဖုရားခေါင်ကြီးမှာ ပုံဒုမအေဗီဖြစ်၍ အိမ်
ရှေ့မင်းကား ညီတော်
မှာ ထောင်မှ တိတ်
တော်သိပ္ပံပွတ်ရှာကြော်မြွေ
လွှတ်မြောက်သွားကာ

ရုံးသုံစုရုံးချွဲ တော့ထုံးနှံ ကြေးစည်ဖြန့်လေသံညှည်း။ ဆိုသံပွါ
အစ်ခေါ်ဘေးဖြင့် ရွန်းခေတ်သွေးပိုင်းစေန်းတိုက်ရိုက်ရေး နေချင်
တော်မင်းကြီးနှင့် မိရီးခေါ်ပြုပ်ဒုမအေဗီတို့ ရုပ်ဖျော့ရှက်
တွဲ့ကာ မြေပြင်ကြေရသည့်အချိန်တွင် မိဖုရားခေါင်ကြီးမှာ
လိုက်ပါရရှာ



www.burmeseclassic.com

[illegible]တစ်ချက်တွင်ကား [illegible] အမျိုးမျိုးသော [illegible] ကြ[illegible]ဖြစ်၍ အရိုးမှ ဆက်ခဲ့ကြရာ [illegible] မြင်းမှုမြို့နှင့် အနှံ [illegible]ကြ[illegible] တိုက်ပွဲ(၃)မြို့ [illegible] ရှိ [illegible] [illegible] ရောက်လာကြ[illegible] [illegible] ဖုန်းမှုန့်မှည့်မှိုး ရှေ့မှီးလည်း အဆင်ပြေသည်ဟု ဆိုရပေမည်။ [illegible] [illegible] [illegible] [illegible] [illegible] အကြိုက်ချီကြ[illegible]ခဲ့ပြီ။

နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် [illegible] [illegible] [illegible] [illegible]တွေ့ရ [illegible] [illegible] [illegible] [illegible]ကြသည်။ [illegible] [illegible] [illegible]ရှာ[illegible] [illegible] [illegible] [illegible]။

[illegible] (၅)ပါး [illegible] [illegible]ထိုင်းခဲ့၏။ [illegible] [illegible] [illegible]တစ်ခါတစ်ရံ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] မသိမကျိုက်ခဲ့ ခဲ့သည်။ [illegible] [illegible] [illegible] သစ်ပင်များကို [illegible] သူလက်ထဲမှ အစာကို စားနေသော သူ့မင်းတစ်ကောင်မှာ [illegible] [illegible] ပြေး သွားကြ၏။ အဘယ်ကြောင့် [illegible] ပြေးသွားသည့်တိုင်မှ သူ မသိ။ မချိုသော နှလုံးဖြင့် ဗုန်းဗုန်းလဲ၍ [illegible] [illegible] [illegible] [illegible] စူးဝင်နေသည်ကိုပင် သူ မမြင်။ [illegible] [illegible] [illegible] [illegible] သမိုင်ရောင် [illegible] [illegible] [illegible] [illegible] ကြီးကို [illegible] [illegible] [illegible] အမြဲ [illegible] [illegible] [illegible] မုဆိုးလည်း [illegible] [illegible] [illegible] [illegible] [illegible]

([illegible] [illegible] [illegible] မုဆိုးမြန်မည် အပြု မိဖုရားကြီးမှာ နေပြည်တော်[illegible] [illegible] [illegible] [illegible] [illegible]ရှိလေသည်။ [illegible] [illegible] [illegible] ကို ချုတ်ပြီးနောက် မုဆိုးအား 'အ[illegible] [illegible] [illegible] မပြောပါနှင့်' [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ပြီ။ မုဆိုးသည် လက်ဖွပ်ကိုယူ၍ အိမ်သို့ပြန်[illegible] [illegible] [illegible] [illegible] [illegible] [illegible] နောက်ဆုံး [illegible] [illegible] [illegible]ရှိသွားလေသည်။

မင်းက အကျိုးအကြောင်း [illegible] [illegible] ကွယ်။ [illegible] [illegible] [illegible]ရသည်။ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible]။ [illegible] မြင်းသံများကို ကြားလိုက်ရ [illegible] [illegible] [illegible] [illegible] အမြဲ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ဖြစ်ပါစေသတည်း။ နံ[illegible] [illegible] [illegible] ပြော[illegible] ဆို၍ အမြန်ပင် [illegible] [illegible] [illegible] [illegible] နေရစ်ခဲ့၏။

ယင်းနောက် မကြာမီအချိန်တွင်းမှာပင် စိတ္တရာဇာ [illegible] [illegible] ခံရရှာလေသည်။

[illegible] မြေဦး[illegible] ပြေးရွှေ့ [illegible] [illegible] တစ်ပါး၏ တောရ [illegible] ရောက်သွားကြ၏။

www.burmeseclassic.com

ဘုန်းတော်ကြီးသည် ပဋိသန္ဓာရ (နှုတ်ခွန်းဆက်) စကားပြောကြားပြီးလျှင်-

'တရားမှတစ်ပါး ကိုးကွယ်ရာ မရှိပြီ။ ချမ်းသာခြင်းဟူသည် ငြိမ်သည်သာတည်း' ဟု မိန့်တော်မူကာ သောကကို ဆေးကြောပေး၏။

သားအမိနှစ်ယောက်လုံးကိုလည်း မရဏာနုဿတိနှင့် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းခိုင်းလေသည်။ ဘုန်းတော်ကြီးက နေ့ညမပြတ် တရားဟောပြသဖြင့် မကြာမီကာလအတွင်းမှာပင် သားငယ်အား ရှင်သာမဏေပြုပေးလေသည်။

သားတော်လေးသည် ပါရမီဓာတ်ခံရှိသူပီပီ တရားရှုမှတ်နေရသည်ကို သမင်ငယ် အဖော်များနှင့် နေရတုန်းကထက် ပို၍ပျော်လာ၏။ အဖော်မလိုသော ချမ်းသာခြင်းကို သူ့မှာ ပီတိဖြစ်သလောက် မယ်တော်မှာမူ ခမည်းတော်အတွက် ရတက်မအေးနိုင်ပေ။

ခုလောက်ဆို မောင်တော် ကံကုန်ရှာရွှေမည်။ သားငယ်ကို မြင်စေချင်စမ်းပါဘိ။ အဆွေးဓာတ်ခံ ရှိသူအဖို့ ဝမ်းမြောက်ရန် မင်္ဂလာသည်ပင် သောကလောင်စာ ဖြစ်ရပြန်လေသည်။ သို့နှင့် ရံဖန်ရံခါ ရောက်လာတတ်သော အရပ်သားတို့ထံ ချဉ်းကပ်၍ တီးတိုးစုံစမ်းရသည်။

နောက်ဆုံး ထောင်သွင်းအကျဉ်းချထားသော စိတ္တရာဇာအား ညီတော်က ကွပ်မျက်ရန် စီစဉ်နေပြီဟူသော သတင်းဆိုးမှာ တရားရှုမှတ်နေသော မိဖုရားကြီးအား မူးမေ့စေတော့သည်။ ပြန်လည်၍ သတိရလာသောအခါ ဘုန်းတော်ကြီးအား အတန်တန် လျှောက်ထားပြီးသားဖြစ်သူ ရှင်သာမဏေကို လက်ဆွဲကာ ဟန်လင်းပြည်သို့ ထွက်ခွာခဲ့ကြ၏။ သားဖြစ်သူကလည်း အရွယ်နှင့်မလိုက်အောင် အားပေးစကား ပြောကြား၍ မယ်တော်အား နှစ်သိမ့်စေသည့်အပြင် ခမည်းတော်အတွက် သေစားအသေခံမည်ဟုပင် ကြိမ်းဝါးလေ၏။

◆◆◆

သားအမိ နှစ်ယောက်သည် နန်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပြီး ကျင်းပနေဆဲ ညီလာခံသဘင်သို့ ရောက်မဆိုက်ပင် သာမဏေလေးက-

'ဘထွေးတော် ဒကာမင်းကြီး..ကျွန်ုပ်သည် သင်၏တူတော်ဖြစ်၍ သူကား သင်၏မရီး၊ ကျွန်ုပ်၏ မယ်တော်ကြီးဖြစ်သည်။ ကျွန်ုပ်သည် ခမည်းတော်၏ကိုယ်စားအသက်ခံရန် လာခြင်းဖြစ်သည်။ ယခုချက်ချင်း တွင်းကြီးတူး ပါစေ။ ကျွန်ုပ်အား ရှားသားမီးကျီးဖြင့် ဖို၍သတ်ပါ' ဟု မိန့်ကြားရာ အားလုံး အံ့အားသင့်ကုန်ကြရ၏။

ထိုစဉ် ဒိဗ္ဗရာဇာမင်းလည်း မည်သို့မျှ အဖြေမပေးနိုင်အောင် ဖြစ်နေလေရာ ရက်စက်ကြမ်းကြုတ်သော အမတ်တစ်ဦးက-

'သံတော်ဦးတင်ပါရစေ မင်းတရားကြီးဘုရား။ ဤတူတော်သည် သာမဏေပင် ဖြစ်လင့်ကစား ရာဇဝတ်သား၏ နန်းညွှန့်လျာဖြစ်နေ၍ ရန်စအေးနိုင်စရာမရှိ။ မိမိက ပြုသည်မဟုတ်။ သူ့ထိုက်နှင့်သူ့ကံ တောင်းဆိုသည့်အတိုင်း စီမံသင့်ပါသည်ဘုရား' ဟု တင်လျှောက်ရာ မိဖုရားကြီးမှာ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ရရှာ၏။

ရှင်ဘုရင်လည်း မျက်နှာလွှဲသွားတော်မူသဖြင့် အာဏာသားတို့သည် ကျင်းတူး၍ မီးကျီးဖုတ်ကြလေသည်။

သာမဏေငယ်မှာ ကျင်းထဲသို့ ဝင်ရောက်သွားလေသော် မယ်တော်ကြီးမှာ သတိမရရှာတော့ပေ။ ထိုအခိုက် အာဏာသားတို့သည် ရှားသားမီးကျီးများကို ကျင်းထဲသို့ သွန်ထက်ငါ လောင်းဖို့ကြ၏။ သာမဏေငယ်မှာ မတုန် မလှုပ် မျက်စိကို စုံမှိတ်ကာ မရဏာနုဿတိ ပွားပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်နေ၏။ လောင်းဖို့ မီးကျီးများ ကုန်သွားသည့်တိုင် သာမဏေမှာ မည်သို့ မဖြစ်။ ရုပ်နာမ်ဖြစ်ပျက် ဆင်ခြင်ကာ ထိုခဏ၌ပင် ရဟ ဖြစ်တော်မူလေသည်။

မီးကျီးများလည်း ရုတ်တရက် မီးသေ၍ သာမ ၏ရှေ့တွင် ကြာဖူးကြီးပေါက်၍ လာပေတော့သည်။ သို့သောဖြစ်စဉ်ကြောင့် ဥက္ကောဋ္ဌမေယျဖြစ်ကာ လူအ ဝိုင်းအုံကြည့်ရှုကြ၏။ မင်းကြီးထံ ပြေး၍ သံတော်ဦး သူက တင်ကြသည်။

ပရိသတ်များ ဝိုင်းအုံကြည့်နေသည့် အချိန်ဝယ် ငုံကြီးမှာ ဖွားဖွားစွင့်စွင့် ပွင့်လာသဖြင့် တစ်နန်းတော် မွှေးကြိုင်သွား၏။ ရှင်သာမဏေသည် မင်းကြီး မ မီကပင် ကြာပွင့် အလယ်၌ ပရိက္ခရာရှစ်ပါး လွှ ကောင်းကင်၌ ကြာပလ္လင်ပါ တက်ဖျံဝဲနေတော့

မင်းကြီး ရောက်လာသောအခါ သာမဏေ

www.burmeseclassic.com

ောင်းကင်မှ နေ၍-

'ဘဝတစ်သက်တာသည် ခဏမျှသာတည်း။ ကြီးသူ ရားစောင့်မှ ငယ်သူ စောင့်မည်။ လူတို့ တရားစောင့်မှ ချမ်းသာကြပေလိမ့်မည်။ ပြုသူအသစ် ဖြစ်သူအဟောင်း င်တည်း' ဟု တရားဟောတော်မူ၏။

ထိုအခါ ဒိဗ္ဗရာဇာမင်းသည် သံဝေဂကြီးစွာရကာ ပြစ်ကို ဝန်ချတောင်းပန်၍ နောင်တော် စိတ္တရာဇာအား န်းလွှဲအပ်တော်မူသည်။

နောင်တော်ကလည်း ကြည်ဖြူစွာဖြင့်-

'ညီတော်··ငါသည် နန်းစည်းစိမ်ကို ရေအိမ်ကဲ့သို့ အောက်မေ့တော်မူ၏။ ညီတော်သာ လောဘဖိစီး ဒေါသ ကြီး၍ အစိုးရိမ်လွန်လေသည်။ ငါသည် သင့်မရီးတော် နှင့်အတူ သားတော်ဟောသော တရားကို နာယူကျင့်သုံး ၍ နေတော့သည်။ ညီတော်သာလျှင် ရာဇမွေ မချွတ်ယွင်း ဆို လူဗိုလ်ချမ်းသာ သာသနာပွားစီးအောင် တရားသဖြင့် သာ မင်းပြုရစ်လော့' ဟု မိန့်တော်မူကာ မူလနေရာဟောင်း နေထိုင်ရာ တောထဲသို့ သားအဖသုံးဦး ပြန်ခဲ့ကြလေသည်။

ညီတော်ကလည်း ပစ္စည်းလေးပါး အလှူဒကာ ခံယူ ၍ ဆုံးမသမျှ နာခံပါမည်ဟု ကတိပြုလိုက်သည်။

မီးပုံကြီးထဲမှ ပေါက်သောကြာကဲ့သို့ အလွန်တရာ ဖြစ်ခဲသော သားရတနာသည် ဈာန်အဘိညာဉ်ရ ပဒုမုတ္တရ ရဟန္တာ ဖြစ်တော်မူသဖြင့် ကောင်းကင်မှ ဟန်လင်းသို့ ဆွမ်းခံကြွ၍ မိဘနှစ်ပါးအား တရားပစ္စည်း ဤနှစ်နည်း ဖြင့် ချီးမြှောက်သင်္ဂြိုဟ်တော်မူ၏။


ယင်းနောက် မိဘနှစ်ပါး ထာဝရဖူးမြော်နိုင်ရန် မန်း စက်တော်ရာမှ မြတ်စွာဘုရားခြေတော်ရာကိုလည်း သလင်း ကျောက်ဖြင့် ပုံတူကူးကာ ကောင်းကင်မှ ပင့်ဆောင်၍ ထားတော်မူလေသည်။ ပဒုမဒေဝီမိဖုရားကြီး၏ မီးထဲက ကြာသည် ဟန်လင်းပြည် ပဋိပတ္တိသာသနာတွင် ထာဝစဉ် မွှေးပျံ့နေလေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတလေး(လွယ်လင်)

<u>ကျမ်းကိုး</u>

* ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။



www.burmeseclassic.com

# ရှင်ရွှေအောင်

## သိဒ္ဓတ္ထကုမာရမင်းသားငါ
## အံ့ဖွယ်ဂန္ဓိရှင်လေးများအတတ်



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓတ္ထကုမာရက ဘာအရည်အချင်းရှိလို့လဲ။ အဆင်းသိရှိတာ အချင်းမရှိဘူး။ ပုဏ္ဏားတွေက မင်းအလိုလိုက်မင်းအကြိုက်ဆောင်ပြီး ဖြစ်ဖြစ်မြောက်မြောက်လည်း မဟုတ်တဲ့ ဘုရားတောင် ဖြစ်ဦးမတဲ့။ လုပ်ပုံက ယောပုံ ဟာ ပုဏ္ဏားတွေ ပြောပါတယ်။ ကြည့်သေးတာပေါ့။ အဟောတ်ဟု ရယ်မောလေ၏။

အထက်ပါ စကားကို ပျစ်ပျစ်နှစ်နှစ်ဖြင့် ကဲ့ရဲ့ရှုတ်ချ ရယ်မောစွာ ပြောလိုက်သူကား သုပ္ပဗုဒ္ဓမင်းကြီးဖြစ်သည်။ သိဒ္ဓတ္ထကုမာရ မင်းသားအား လုံးဝအထင်မကြီးခဲ့သူဖြစ်သည်။

သိဒ္ဓတ္ထကုမာရ မင်းသားက သုဒ္ဓေါဒနမင်းကြီး၏ တစ်ဦးတည်းသောသားတော် ဖြစ်လေသည်။ သိဒ္ဓတ္ထကုမာရမင်းသားက သုပ္ပဗုဒ္ဓမင်းကြီး ပြောသကဲ့သို့ပင် လွန်စွာချောမောလှပသော မင်းသားတစ်ပါးဖြစ်သည်။ အမှန်ပင် ဖြစ်လေ၏။ ထို့ကြောင့်လည်း သုပ္ပဗုဒ္ဓမင်းကြီးက အဆင်းသာရှိသည်၊ အချင်းမရှိဘူးဟု ပြစ်တင်ဝေဖန် ရှုတ်ချလိုက်ခြင်းပင် ဖြစ်လေ၏။

သုပ္ပဗုဒ္ဓမင်း၏ ထိုအမြင်၊ ထိုအထင်တို့သည် အမှန်တော့ အပေါ်ယံသာမြင်တတ်ပြီး အပင်ကိုမသိသော သဘောသာ ဖြစ်လေ၏။

ယင်းကဲ့သို့ သုပ္ပဗုဒ္ဓ၏ ဝေဖန်ရှုတ်ချမှုကို သုဒ္ဓေါဒနမင်းကြီး ကြားသိလိုက်ရသောအခါ စိတ်ထဲ မခံချင်စိတ်ဖြစ်မိသလို ဒေါသလည်းဖြစ် ရှက်လည်း ရှက်တော်မူလေ၏။ သို့သော် ရှက်မိသော်လည်း အမျက်ကိုကား ထိန်းချုပ်ထားနိုင်ခဲ့လေ၏။

အဘယ်ကြောင့်ဆိုသော် မိမိ၏သားတော် သိဒ္ဓတ္ထကုမာရသည် ဘယ်ကျောင်း ဘယ်တက္ကသိုလ်မှ မရောက်ဖြစ်ခဲ့၊ မတက်ဖြစ်ခဲ့။ ပညာသင်ကြားခဲ့ခြင်းလည်း မရှိခဲ့သောကြောင့် အမျက်မထွက်ခဲ့ခြင်း ဖြစ်လေ၏။

တစ်နေ့သ၌ သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထကုမာရ မင်းသားအား အနားသို့ ခေါ်ယူ၍-

'သားတော်··ငါတို့ ဆွေမျိုးတွေက သားတော်ကို ပညာမတတ်လို့ ပြစ်တင်ရှုတ်ချနေကြပြီ။ သားတော် တက္ကသိုလ်ပညာ သင်ကြားပြီး ယောကျ်ားတို့တတ်အပ်တဲ့ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာစုံကို သင်ကြားပါသော့'ဟု ဆိုလေ၏။

ထိုအခါ သိဒ္ဓတ္ထကုမာရ မင်းသားသည် ခေါင်းကို ယမ်းခါလျက်-

'ဖခမည်းတော်··သားတော် ပညာအကုန်တတ်ခဲ့ပြီး ပါပြီ။ ဘယ်တက္ကသိုလ် ဘယ်ကျောင်းတော်မှ အထူးသင်နေစရာ မလိုတော့ပါဘူး'ဟု ပြန်၍ဖြေကြား လျှောက်ထားလေ၏။

မင်းသား၏ ထိုစကားကို မင်းကြီးကြားသော် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ မင်းသားသည် မှန်သောစကားကိုသာ ဆိုတတ်ကြောင်း၊ သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင် ကောင်းစွာသိထားသောကြောင့် ဖြစ်လေသည်။ အမှန်ချည်းသာ ပြောဆိုတတ်သော သားတော်ကို ယုံကြည်စွာ လက်ခံတော်မူလေ၏။

သုဒ္ဓေါဒနမင်းကြီးက-

'သုပ္ပဗုဒ္ဓက သူ့သမီး ဘဒ္ဒကစ္စာနာကို တော်တော်ချစ်မြတ်နိုးပုံရတယ်။ တော်တော်လည်း မြှောက်စားထားပုံရတယ်။ ရုပ်ဆင်းအင်္ဂါကလည်း အင်မတန်မှ လှပချောမောတယ် ဆိုကပဲ။ ဒါကြောင့်လည်း သုပ္ပဗုဒ္ဓ ဘဝင်မြင့်နေပုံရတယ်။ သားတော်နဲ့တောင် မတူသလို မတန်သလို ပြောနေပါရော့လား။ ဒါက အကြောင်းမဟုတ်ပါဘူး။ သုပ္ပဗုဒ္ဓအပါအဝင် ဆွေတော်မျိုးတော်တွေကို ဖခမည်းတော် ဖိတ်ခေါ်ထားတယ်။ သူတို့ လာကြလိမ့်မယ်။ အဲဒီအခါကျတော့ သူတို့သားတော်ကို အထင်ကြီးသွားအောင် သားတော်တတ်ကျွမ်းတဲ့ ပညာရပ်တစ်ခုခုကို သူတို့ မြင်သာထင်သာရှိသွားအောင် ပြပေးစေချင်တယ် သားတော်'

ဟု မင်းကြီးဆိုသော် သိဒ္ဓတ္ထကုမာရ မင်းသားက-

'စိတ်ချပါ ဖခမည်းတော်။ လောကမှာ အခက်ခဲဆုံးဖြစ်တဲ့ လေးအတတ်ပညာရပ်ကို သားတော် ပြပါ့မယ်။ ပရိသတ်လူပုံအလယ်မှာ အားလုံး မြင်တွေ့သွားအောင် သားတော် အစွမ်းပြပါ့မယ် ဖခမည်းတော်။ သားတော်ကို စိုးစဉ်းမျှ မစိုးရိမ်လင့်'ဟု ပြန်၍လျှောက်ကြားတော်မူလေ၏။

သားတော် သိဒ္ဓတ္ထကုမာရ၏ ထိုစကားသည် မင်းကြီး၏ ဘဝင်စိတ်ကို တစ်အားဖြစ်စေ၏။ ကျေနပ်ပြည့်ဝှန်းသော ပီတိတို့သည် တဖွားဖွားပေါ်၍ မျက်နှာပြင်ပေါ် အပြုံးရိပ်တို့ဆင်၍ ထင်ရှားစေလေ၏။

ဤသို့ဖြင့် များမကြာမီ၌ သုပ္ပဗုဒ္ဓမင်းကြီးနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com

ဆွေတော်မျိုးတော်တို့နှင့်အတူ သမီးတော် ဘဒ္ဒကဉ္စနာနှင့် သားတော် ဒေဝဒတ်တို့ပါ သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်သို့ ရောက်လာကြကုန်သတည်း။

သုဒ္ဓေါဒနမင်းကြီးသည် ဧည့်ဝတ်ကျေစွာဖြင့် ဆွေတော်မျိုးတော်တို့အား အခင်းအကျင်းပြ၍ နေရာထိုင်ခင်းများ စီစဉ်ချပေးတော်မူလေ၏။

ဘဒ္ဒကဉ္စနာသည် ရွှေအဆင်းကဲ့သို့ လှပချောမောရကား ရွှေနန်းတော်အတွင်းရှိ စစ်သည်ဗိုလ်ပါ၊ အပျိုတော်၊ အထိန်းတော်၊ ယောကျ်ား၊ မိန်းမ အားလုံးလိုလိုပင် ဘဒ္ဒကဉ္စနာအား ကြည့်လျက် ရင်သပ်ရှုမော အံ့ဩဘနန်း ဖြစ်ကြရလေ၏။

ယင်းတို့၏ စိတ်၌ကား ဝတီဘုံက ဘုံကြိုးပြတ်၍ ကျလာသော နတ်သမီးတစ်ပါးနှယ် ထင်ကောင်းထင်ပေလိမ့်မည်။ သုပ္ပဗုဒ္ဓသည် သူ့သမီးအလှကြောင့် ငေးမောသွားကြသော ပရိသတ်များကိုကြည့်၍ ပီတိဝေလျက်ရှိ၏။ သိဒ္ဓတ္ထကုမာရ မင်းသားကမူ သာမန်အကြည့်မျိုးဖြင့် ဘဒ္ဒကဉ္စနာကို တစ်ချက်မျှသာ ဝေ့ကြည့်ဖြစ်၏။ ထို့နောက်တော့ လေးနှင့်မြားကိုသာ အာရုံပြုကာ သ,လျက်နေလေ၏။

ဘဒ္ဒကဉ္စနာကမူ သိဒ္ဓတ္ထကုမာရ မင်းသားအား မကြာခဏဆိုသလို ခိုးကြည့်၊ ဝှက်ကြည့်ပြုလျက် ရင်၌ လှုပ်ရှားခံစားမိလေ၏။ ရှေးအတိတ်ဘဝ ရေစက်များ ပါလာလေရော့လားဟူ၍လည်း စိတ်ထဲ အတွေးဝင်မိလေ၏။ ဘဒ္ဒကဉ္စနာ၏ ဘဝတစ်သက်တာ၌ ဤမျှ ချောမောလှပ၍ ကျက်သရေရှိလှစွာသော မင်းသားမျိုးကို မတွေ့ဖူး၊ မကြားဖူးပေတကားဟုလည်း စိတ်ထဲ ရေရွတ်တွေးနေမိပြန်လေ၏။

သိဒ္ဓတ္ထကုမာရ မင်းသားသည် လေးအတတ်ပညာ စွမ်းရည်ကို ပြသမည်ဆို၍ မင်းဆွေမင်းမျိုးများနှင့်တကွ ပရိသတ်များ ကြည့်ရှုအားပေးကြရန် နန်းရင်ပြင်စစ်ကျင်းကွင်းလယ်သို့ စုရုံးရောက်ရှိနေကြလေ၏။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်၏ လေးအတတ်စွမ်းရည်ကို မြင်တွေ့ခံစားလို၍ ကြီးကျယ်သော မင်းကွန်း (အိမ်တော်)ကို ပြုလုပ်စေလျက် တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့မှ အခက်ခဲဆုံးသော လေးအတတ်ပညာကို ပြသစေလေ၏။

ထိုအခါ သိဒ္ဓတ္ထကုမာရ မင်းသားသည် ကပိလဝတ်ပြည်တွင် အတော်ဆုံး၊ အကောင်းဆုံးသော လေးသမားကြီးလေးဦးတို့ကို ခေါ်ယူစေပြီးလျှင် မိမိက အလယ်၌နေမည်ဟုဆို၍ တင့်တယ်ခန့်ညားစွာနေလျက်–

"အဆွေလေးသမားတို့၊ သင်တို့ လေးမျက်နှာ၌ နေကြလော့။ ကျွန်ုပ်ကား အလယ်ဗဟို၌နေသည်။ သင်တို့က ဝိုင်း၍ တညီတညွတ်တည်း ကျွန်ုပ်အား လေးနှင့် ထိမှန်အောင် ခွင်းကြလော့"ဟု ဆိုလေ၏။

ထိုအခါ လေးအကျော်အမော် လေးဦးတို့က–

"အရှင်မင်းသား... ဆင်ခြင်တော်မူပါ။ ကျွန်ုပ်တို့ လေးဦးကို မဆိုထားနှင့်၊ တစ်ဦးတည်းကပင် ပစ်လွှတ်အပ်သောမြားကိုပင် အရှင်မင်းသား ခံနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ ဤအမှုကို အရှင်မင်းသား မပြုသင့်ကြောင်း လျှောက်ထားပါသည်"ဟု တင်လျှောက်ကြလေ၏။

မင်းသားနှင့် လေးသမားတို့ အပြန်အလှန် ပြောဆိုနေကြသော စကားကို ဘဒ္ဒကဉ္စနာကြားသော် များစွာ စိုးရိမ်မကင်း ဖြစ်ရလေ၏။ အဘယ်ကြောင့်ဆိုသော် လေးသမားတို့ ပြောသည့်အတိုင်း မတော်မတဆများ မင်းသား မြားခသွားခဲ့သည်ရှိသော် အလိုလေးလေး... ဘဒ္ဒကဉ္စနာ မတွေးရဲတော့။ ရင်၌ တလှုပ်လှုပ် ခုန်လေ၏။ အများ ရိပ်မိမှာစိုးသောကြောင့် စိတ်ကို ထိန်းချုပ်နေရသည်မှာလည်း ပင်ပန်းမောဟိုက်ဘိခြင်း။ ထိုအချိန်မှာပင် သိဒ္ဓတ္ထကုမာရ၏ စကားသံ ထွက်ပေါ်လာ၏။

"ကျွန်ုပ်အတွက် မစိုးရိမ်ပါလင့်။ ကျွန်ုပ်ပြောသည့်အတိုင်းသာ သင်တို့ ဆောင်ရွက်လော့"ဟု ဆိုလေ၏။

လေးသမားတို့လည်း စောဒကမတက်တော့ဘဲ အားစိုက်၍ အရာအထောင်မကသော မြားတို့ဖြင့် ပစ်ခတ်လေတော့၏။ မင်းသားသည် မိမိထံလာသမျှသော မြားတို့ကို စိန်သွားတပ်ထားသော မြားတစ်စင်းဖြင့် ဖယ်ရှားကာကွယ်နေလေ၏။

လေးသမား လေးဦးတို့ ပစ်လွှတ်အပ်သော မြားအပေါင်းတို့သည် ဘေးပတ်ဝန်းကျင်၌စုပုံ၍ ကျကြကုန်လေ၏။ ဤသိဒ္ဓတ္ထကုမာရမင်းသား၏ လေးအတတ်ပညာကား သပ္ပဟုဖွဲ့ဗာဟန လေးအတတ်ဟု ခေါ်လေ၏။

ထို့နောက် လေးသမားလေးဦးတို့၏နေရာ၌ စီတန်း၍ စိုက်ထားအပ်သော ငှက်ပျောပင်တို့ကို တစ်ကြိမ်တည်း



www.burmeseclassic.com

www.burmeseclassic.com

ခံလိုက်သောမြားဖြင့် ငှက်ပျောပင်အားလုံးကို ထိမှန်စေပြီး မိမိ၏လက်တွင်းသို့ မြားပြန်ရောက်လာသော လေးအတတ်ပညာကို စက္ကဝေဓိလေးအတတ်ပညာဟု ခေါ်လေ၏။

ထို့နောက်တစ်ဖန် လျှပ်တစ်ပြက် မျက်တောင်တစ်ခတ်၌ မြားအချက်ပေါင်း အသောင်းအသိန်းမက ပစ်ခတ်နိုင်သော အက္ခဏဝေဓိ အတတ်ပညာကို ပြသပြန်လေ၏။

ထို့နောက်တစ်ဖန်လည်း သားမြီးမွေးမှင်ကလေးများကို အလယ်မှ ပေါက်ထွက်သွားအောင် ပစ်ခတ်နိုင်သော ဝါလဝေဓိအတတ်ကိုလည်းကောင်း၊ ပထမပစ်လိုက်သော မြားကို ဒုတိယပစ်လိုက်သောမြားဖြင့် ထိမှန်အောင် ပစ်နိုင်ခြင်းတည်းဟူသော သရဝေဓိအတတ်၊ မျက်စိဖြင့် မကြည့်ဘဲ အသံကို နားထောင်၍ ထိမှန်အောင် ပစ်နိုင်သော သဒ္ဒဝေဓိအတတ်ပညာ၊ နွယ်တန်းကဲ့သို့ မြားတန်းအဆက်မပြတ်အောင် ပစ်ခတ်နိုင်သော သရလဋ္ဌိအတတ်ပညာ စသည်ဖြင့် သရရဇ္ဇုအတတ်ပညာ၊ သရပါသာဒအတတ်၊ သရသောပါနအတတ်ပညာ၊ သရပေါက္ခရဏီအတတ်ပညာ၊ ပဒုမ္မာကြာပွင့်ကဲ့သို့ မြားအထပ်လိုက်အဆင့်လိုက် တက်အောင် ပစ်နိုင်သော သရပဒုံမလေးအတတ်ပညာ၊ မြားမိုးရွာသကဲ့သို့ ပစ်နိုင်သော သရဝဿအတတ်၊ မြားစက်ဝိုင်းကဲ့သို့ဖြစ်အောင် ပစ်နိုင်သော စက္ကဝေဓိအတတ်၊ မြားရဟတ်လည်အောင် ပစ်နိုင်သော သရဓနုအတတ် စသည်ဖြင့် များထွေလှစွာသော လေးအတတ်ပညာ(၁၅)မျိုးကို ပစ်ခတ်ပြသတော်မူလေ၏။

ဤသို့ ဆန်းကြယ်လှစွာသော တစ်ဆယ့်ငါးပါးသော လေးမြားအတတ်ပညာများကို ကျွမ်းကျင်လိမ္မာစွာ ပြသလိုက်သောအခါ၌ သုပ္ပဗုဒ္ဓမင်းနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့သည် တအံ့တသြ ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခုပ်လက်ဝါးများ ဖြောင်းဖြောင်းညံသွားအောင် တီးခတ်ကြကာ သိဒ္ဓတ္ထကုမာရမင်းသားအား အားပေးချီးကျူး ဂုဏ်ပြုကြလေ၏။

ထို့နောက် သိဒ္ဓတ္ထကုမာရမင်းသားသည် မင်းသားတကာတို့တတ်အပ်သော အတတ်ပညာတို့ကိုလည်း ဆက်လက်ပြသလေ၏။ ပြသရာ၌လည်း အခြားနှင့် မတူစွာ အံ့မခန်း ထူးခြားဆန်းကြယ်စွာ ပြသလေ၏။

ထိုအခါကျမှ သုပ္ပဗုဒ္ဓမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့သည် ပါးစပ်ပိတ်၍ သွားကြသကဲ့သို့ မင်းသားအပေါ်၌လည်း အထင်ကြီးလာကြကုန်၏။

အလိုလို ဦးညွှတ်ရိုကျိုးမှု ပြုလာကြကုန်၏။ သားကောင်း သမီးကောင်းများနှင့်တကွ လက်ဆောင်ပဏ္ဏာတို့ကို ဆက်သလာကြကုန်၏။

ဒေဝဒဟပြည်မှ မာနကြီးလှသော သုပ္ပဗုဒ္ဓမင်းကလည်း သမီးတော် ဘဒ္ဒကစ္စာနာ (ကောင်းသောရွှေအဆင်းရှိသော) မင်းသမီးကို မိန်းမရံရွှေတော်၊ အထိန်းတော်များနှင့်တကွ ဆက်သကြကုန်၏။

ဘဒ္ဒကစ္စာနာမင်းသမီးသည် ရွှေအဆင်းကဲ့သို့ ချောမောလှပသော မင်းသမီးဖြစ်သော်လည်း အဆင်းရှိ အချင်းပြည့်သည့် သိဒ္ဓတ္ထကုမာရ မင်းသားအား မြင်မြင်ချင်း မေတ္တာရင်းစွဲ ရှိနေသောကြောင့် အလိုတော်ကျလျက် သွားတော့၏။

ထို့နောက် ဘဒ္ဒကစ္စာနာ မင်းသမီးလေးအား ယသော်ဓရာဗိမ္ဗာဒေဝီဟူသော ဘွဲ့အမည်ဖြင့် အဘိသိက်ခံကာ အဂ္ဂမဟေသီ(မြတ်သောမိဖုရားကြီး)အဖြစ် ထားတော်မူ၍ ခံစား စံစားတော်မူလေသတည်း။

ဤဇာတ်ဝတ္ထုတော်၌ သင်ခန်းစာယူစရာမှာ လူသည်ကိုယ့်ကိုယ်ကိုယ် မာနမကြီးသင့်၊ မထားသင့်ကြောင်း ပညာရပ်ဟူသည် ကြောင်လက်သည်းဝှက်သကဲ့သို့ ထားရာ၏။ အကြောင်းကြီးငယ်ပေါ်လာ၍ လိုအပ်လာသောအခါ၌သာ ထုတ်ဖော်ပြသင့်ကြောင်းကို ဗဟုသုတအလို့ငှာ ရေးသားဖော်ပြလိုက်ပေသတည်း။

ရှင်ထွေးအောင်



www.burmeseclassic.com

ဘာသာရေးစာပေများကို မိမိတတ်စွမ်းသလောက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများနှင့်အညီ ရေးသားလာခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ တစ်ခါတစ်ရံ ဝေဖန်ရေးအသွင်ဆောင်တဲ့ အကြံပေးစာပေများလည်း ရေးသားဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြံပေးစာပေလို့ တင်စားထားတဲ့ ထိုစာပေသည် စာဖတ်သူများ အမှန်ကို နားလည်၊ အမှန်ကို ရစေရန် ရည်ရွယ်ပြီး အမှန်ကို ရေးသားတင်ပြသောကြောင့် အမှန်စာ ဖြစ်ပါသည်။ သို့သော် ဘဝအတွေ့အကြုံအရ ထိုစာမျိုးကို မရေးချင်တော့၍ လက်ရှောင်သည်က များပါသည်။

သို့သော် တစ်ခါတစ်ရံမှာလည်း 'စာရေးတယ်ဆိုတာ အမှန်ကို အများသိရအောင် ရေးတာပဲ မဟုတ်ဘူးလား' လို့ ကိုယ့်ကို မေးခွန်းထုတ်လာပြန်ပါသည်။ ထိုအခါ ပါသနာလို့ခေါ်တဲ့ အနုသယကိလေသာပိုးက ရှိုးတိုးရှုတ ဖြစ်လာပြီး ဝေဖန်စာလို့ ခေါ်ကြတဲ့ အမှန်စာကို ရေးသားမိပြန်ပါသည်။

အခုလည်း အမှန်စာရေးရန် အကြောင်းဖန်လာပြန်၏။ တကယ့်တကယ် ခက်ခဲတဲ့ပြဿနာ မဟုတ်သလို အရေးကြီးတဲ့ အကြောင်းအရာလည်း မဟုတ်ပေ။ ဆွမ်းတော်တင်ခြင်းဆိုင်ရာ အယူအဆ တစ်ခုမျှသာ ဖြစ်ပါသည်။

ယခင်ကပင် ထိုအကြောင်းနှင့် ပတ်သက်ပြီး ဘာသာရေးမဂ္ဂဇင်းများတွင် ရေးသားတင်ပြကြသည်ကိုလည်း တွေ့ဖူး၏။ တရားဟော၊ စာအုပ်ထုတ်ဝေထား၍ စာအရေးခြင်း ဖတ်ရသလို အသံဖိုင်အနေဖြင့်လည်း နာရဖူး၏။ သို့သော် မဆိုင်သလိုပင် ကျော်သွားလိုက်၏။ မရေးဖြစ်ခဲ့ပါ။

ယခုအခါ ထိုဟောပြောချက်၊ ရေးသားချက်များကို အွန်လိုင်းဖြင့်ထင်ကာ အွန်လိုင်းဖော့စ်ဘုတ် ပို့စ်သတင်းတွေမှာ ပေါ်ပြလာကြသည်ကို တွေ့ရ၏။ သတင်းပြန့်မြန်တဲ့ အင်တာနက်အွန်လိုင်းက ဖြန့်ဝေလျှင် နေ့ချင်းညချင်း ဆိုသလိုပင် လူပေါင်းများစွာသို့ ပျံ့နှံ့သွားနိုင်ပါသည်။

ထို့ကြောင့် ဘာသာရေးအားနည်းတဲ့ မိမိရဲ့ စာဖတ်ပရိသတ်များ ဖတ်မိပါက တွေဝေမသွားကြစေရန် ဝေဖန်ရေးသားလိုစိတ် ဖြစ်ပေါ်လာပါသည်။

ပို့စ်ရဲ့ ခေါင်းစီးမှာ ရည်ညွှန်းထားပုံက 'ဘုရားဆွမ်းတော်ကပ်လျှင် ဘယ်လိုကပ်ရသလဲ၊ ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်သင့်ပါတယ်' ဟူ၍ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာမှန်လျှင် ကျော်မသွားဘဲ အရေးတကြီး ဝင်ရောက်တစား ဖတ်ကိုမှ ဖတ်သင့်တဲ့ တရားစာဟု ဆိုလိုပါသည်။ စာသားထဲတွင်မူ ဗုဒ္ဓဘာသာများရဲ့ အလှူတွေထဲက နောက်ထပ်အလှူတစ်ခုက 'ဘုရားဆွမ်းတော်ကပ်တာလေးပါ' ဟု ကင်ပွန်းတပ်ပြထား၏။

ဘုရားဆွမ်းတော်ကပ်တာ ဘယ်လိုများ မှားယွင်းနေသလဲ။ မိမိတို့လည်း မှားယွင်းနေပြီလားဆိုတဲ့ အတွေးဖြင့် အလေးဂရုပြုကာ ဖတ်ကြည့်လိုက်ရာ 'ထမင်းပန်းကန်လေးပေါ်မှာ သီကြားလေးဖြူး၊ ထန်းလျက်ခဲလေးနှင့် တင်ထားတာ' ကို တွေ့ဖူးကြောင်းပြောပြီး နတ်တင်သလို မတင်သင့်ကြောင်း မှတ်ချက်ချပြပါသည်။

အိမ်မှာ စားစရာမရှိလို့ဆိုရင်တော့ အထူးပြောစရာမလိုကြောင်း၊ မရှိ့ရှိတာနှင့် ကပ်တဲ့သဘောမို့ ပြောစရာမလိုကြောင်း ရှင်းပြထား၏။ ကိုယ်စားတဲ့အခါ ဟင်းသုံး၊ လေးမျိုးနှင့် စားနေပြီး ဘုရားဆွမ်းကပ်တော့ အဲလိုမျိုး တင်တာ မကောင်းပါဘူးလို့လည်း ဟောပြပါသည်။

ဖော်ပြပါ ဟောပြောချက်များ အပါအဝင် စာသုံးမျက်နှာလောက်ကို ဖတ်ပြီး ဘုရားရှင်အား ဆွမ်းကောင်းကောင်း ကပ်စေချင်တာ၊ ကုသိုလ်ကောင်းကောင်း ရစေချင်တာပဲလို့ နှလုံးသွင်းကြည့်ပါသည်။ သို့သော် စေတနာက စေတနာသံ မထွက်ဘဲ ဝေဒနာသံ ထွက်နေပါသည်။

စေတနာဟူသည် စေ့ဆော်တိုက်တွန်းပေးတတ်တဲ့ သဘောလေးရဲ့ နာမည်ပါ။ ဝေဒနာဆိုတာကတော့ ခံစားမှုသဘော ဖြစ်ပါသည်။ စေတနာသံဆိုပါက စေတနာကိုပင် အဓိကထားကာ ဟောပြောရပေမည်။ စေတနာကောင်းကောင်းနှင့် ရိုရိုသေသေ လေးလေးမြတ်မြတ် ဘုရားဆွမ်းတော် ကပ်လှူသင့်ကြောင်းကိုသာ သင်ညွှန်ပြသင့်ပါသည်။

ကိုယ့်ကျတော့ ဟင်းကောင်းသုံး၊လေးမျိုးနှင့် စားနေပြီး ဘုရားကျတော့ သီကြားလေး နည်းနည်းဖြူး၊ ထန်းလျက်လေး တစ်ခဲ၊နှစ်ခဲတင်ပြီး ကပ်နေကြတာပဲလို့ ဟောပြောခြင်းသည်ကား ဝေဒနာသံ ထွက်နေပါသည်။ အထင်သေးခြင်း တစ်မျိုးဟုပင် ဆိုရပေတော့မည်။

အထင်သေးခြင်းဟူသည် အမြင်နည်းခြင်းက မြစ်ဖျားခံလာခြင်းသာ ဖြစ်ပါသည်။

ရှင်းဦးအံ့။ ယနေ့ ပိုက်ဆံနည်းနည်းရှိလို့ အသားငါး ဝယ်ချက်စားကြ၏။ မိသားစု မစားခင်မှာ ဘုရားရှင်အား ဦးဦးဖျားဖျား အမြတ်တနိုး ဆွမ်းတော်ကပ်ဖြစ်ပါသည်။

www.burmeseclassic.com

ထိုသို့ ဦးဦးဖျားဖျား ဆက်ကပ်ဖြစ်သည်ကို တွေ့ချင်မှ တွေ့ပေမည်။ အကြောင်းကား ထိုကိုယ်တော်သည် အိမ်သို့ ဇွန်းစဉ်ကြွကာ ဆွမ်းတော်တင်ကို မလေ့လာနိုင်သော ကြောင့် ဖြစ်ပါသည်။

မနက်ဖြန် မိသားစုစားရန်အတွက် ထိုအသားငါး ဟင်း ကျန်နေသေး၏။ သို့သော် မနက်ဖြန် ဘုရားဆွမ်း တော် ကပ်သောအခါ အကျန်အကြွင်းဖြစ်တဲ့ ထိုသားငါး ဟင်းကို ထည့်မကပ်တော့ပါ။ သင့်တော်ရာ၊ လွယ်ကူရာ ဖြင့်သာ မြတ်ဘုရားအား တရိုတသေ ကပ်လှူလိုက်ပါ သည်။

ဤသို့ ဖြစ်တတ်သည်ကို ထိုကိုယ်တော် သိမြင်နိုင် အံ့ မထင်ပါ။

မိမိတို့ စားသလိုမျိုး ဘုရား တစ်ားစာ လုံလောက် အောင် တင်လှူသင့်ကြောင်းလည်း သင်ညွှန်ပြထားပါ သည်။ ဤဟောပြောချက်ကား ဝေဖန်လျှင် ရှုထောင့် ပေါင်းစုံမှ မေးခွန်းများစွာထုတ်ပြီး ဖြေရှင်းရပေမည်။ သို့မှသာ အမှား,အမှန်ကို တိကျသေချာစွာ နားလည်နိုင် ပေမည်။

မြတ်ဘုရားက ငါဘုရားကို ဆွမ်းလှူလျှင် ငါဘုရား တဝစာ များများလှူရမည်ဟု ဟောတော်မူခဲ့ပါသလား ဆိုတဲ့ မေးခွန်းကို အလျင်ဦးစွာ မေးချင်ပါသည်။ ထိုသို့ ဟောကြားတော်မူခဲ့ခြင်း အလျှင်းမရှိပေ။ ဟုတ်,မဟုတ် သိလိုလျှင် ဘုရားဟော ပါဠိတော်များကို ပြန်လေ့လာ ကြည့်ပါ။

အိမ်စဉ် လှည့်လည်ကာ ဆွမ်းခံစားခဲ့သည့် သာဓက တော့ ပါဠိတော်၌ အထင်အရှား ရှိပါသည်။ တပည့် သာဝကများလည်း ဘုရားရှင်သို့ အတုလိုက်လျက် 'အိမ် တိုင်း,အိမ်တိုင်း၌ တစ်ဇွန်းစာမျှသော ဆွမ်းသည် ရဟန်း အတွက် ကျက်လျက်ရှိ၏' ဟု နှလုံးသွင်းကာ ဆွမ်းခံစား ခဲ့ကြပါသည်။ ဟုတ်,မဟုတ် ပါဠိ၊ အဋ္ဌကထာများကို ပြန်ဖတ်ကြည့်ပါက သိနိုင်ပါသည်။ ပြောနေစရာ မလို တော့ပါ။

ဤကား ဘုရားဟော ပါဠိတော်လာ ဘုရားလမ်းစဉ် တော်ကိုမှီကာ ဆင်ခြင်သုံးသပ်ပြခြင်းသာ ဖြစ်ပါသည်။ အလှူရှင်တို့၏ နှလုံးသွင်းကို စောင်းငဲ့ကြည့်ပါက စေ တနာစိတ်ထားကို အဓိကထည့်သွင်း စဉ်းစားရပေမည်။

ဘုရားထင်ရှားရှိတာမှ မဟုတ်ဘဲ၊ တော်ရုံတန်ရုံဆို တော်ရှော့ပေါ့ဆိုတဲ့ နှလုံးသွင်းမျိုးဖြင့် ဆွမ်းတော်တင်ပါ မူကား စေတနာသံ မထွက်ဘဲ ဝေဖန်သံ ထွက်နေသော ကြောင့် အကျိုးကောင်း မရနိုင်ပါ။ သိပ်ပြီးတော့ မယုံ ကြည်ချင်၊ လူမြင်ကောင်းအောင် လုပ်ဆောင်တဲ့သဘော ထင်ရှားနေပါသည်။

ယုံကြည်မှု သဒ္ဓါတရား အားနည်းပြီး မထက်သန် မဖြူစင်တဲ့ စေတနာဆိုးဖြင့် လူပြောသူပြော လွှတ်ရုံမျှကို ရည်မှန်းထားတဲ့ ဆွမ်းတော်တင်ဆိုတာ ဘုရားကို ကြည် ညိုတာမဟုတ်၊ ဘုရားရှင်ကို ခုတုံးလုပ်ပြီး ကိုယ်ကဲ့ရဲ့ လွတ်အောင်" အားထုတ်ခြင်းမျှသာ ဖြစ်ပါသည်။ ထို့ ကြောင့် အကျိုးထူး အကျိုးမြတ် ရဖို့မရှိနိုင်ပါ။ မမျှော် လင့်သင့်ပေ။

သဒ္ဓါ၊ ပညာဖြင့် အခိုင်အမာ ယုံကြည်ခြင်း၊ ကြည် ညိုခြင်း မရှိသည့်တိုင် မိရိုးဖလာ ထုံးတမ်းစဉ်လာအရ 'ဒါ ရိုရိုသေသေ လုပ်ရမည့် အလုပ်ပဲ' လို့ ယုံကြည်ကာ အရိုအသေ ဆွမ်းတော်ကပ်လျှင် ကောင်းမြတ်တဲ့ စာရိတ္တ သီလပေမို့ နိဗ္ဗာန်ရောက်ကြောင်း ထောက်ပံ့ကောင်းဖြစ် ပါသည်။

နိဗ္ဗာန်သို့တိုင် မရောက်စေနိုင်ခဲ့ပါကလည်း ကောင်း ကျိုးချမ်းသာ ခံစားရမှာကတော့ သေချာပါသည်။ လွဲ မှားသွားစရာ မရှိပါ။ သဒ္ဓါတရားကလည်း အားကောင်း စိတ်စေတနာကလည်း ဖြူဖွေးသန့်စင်စွာ ဆွမ်းတော်တင် ပါမူကား နည်းနည်း,များများ၊ သကြား,ထန်းလျက်ပဲ ဖြစ်ဖြစ်၊ အသားငါးပဲတင်တင် အကျိုးအမြတ်ကတော့ အတူတူပင် ဖြစ်ပါသည်။

စွန့်တဲ့အခါ (၁၂)နာရီနောက်ဆုံးထားပြီး စွန့်သင့်ပါ သည်။ မိမိလှူထားတဲ့ဆွမ်းကို ဘုရားရှင် ဘုဉ်းပေး သုံးဆောင်ပြီးပြီဆိုတဲ့ အသိသဘော၊ နှလုံးသွင်းတစ်မျိုး ဖြစ်ပါသည်။ ထိုသို့ နှလုံးသွင်းကာ စွန့်ခြင်းသည် ရိုသေ လေးစားရာရောက်၏။

စားချင်တဲ့အခါစား ဆိုတဲ့သဘောဖြင့် တင်ထား လိုက်တာမျိုး၊ စားပြီးပြီး,မပြီးပြီး စွန့်လိုက်တော့ဆိုတဲ့ စိတ်မျိုးဖြင့် ဆွဲယူလိုက်တာမျိုး မဖြစ်ရအောင် အချိန်တစ်ခု သတ်မှတ်ထားပြီး ဘုရားဆွမ်းတော်စွန့်လျှင် ပိုကောင်း ၏။ သတ်မှတ်ချိန်ရောက်က 'မိမိဆွမ်းတော်ကို မြတ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရား ဘုဉ်းပေးပြီးပြီ’ဟု ယူဆကြ၍ ယုံကြည်နိုင်ပေသည်။

ထိုကြောင့် ထိုခဏ၌ ကုသိုလ်တစ်ခုပြုပြီး ဖြစ်သွားပါသည်။

အကြောင်းအမျိုးမျိုးကြောင့် စွန့်သင့်ချိန်တွင် မစွန့်ခဲ့လျှင် အချို့က ‘မြတ်ဘုရားအား နေလွဲညစာ စားခိုင်းသည်နှင့် တူနေသည်’ဟု ယူဆထင်မြင်ကာ ပြောရေးသားကြပါသည်။ တကယ်တော့ ဆွမ်းဒကာ၊ ဒကာမတို့ စားခိုင်းတိုင်း မြတ်ဘုရား နေလွဲညစာ စားသည်ကား မဟုတ်ပေ။

သို့ပါလျက် ထိုသို့ ပြောရေးသားခြင်းသည်ကား ဒကာ၊ ဒကာမတို့အနေဖြင့် စွန့်သင့်ချိန်မှာ စွန့်စေလိုတဲ့ စေတနာပင် ဖြစ်ပါသည်။ စေတနာစကားပင် ဖြစ်လင့်ကစား စွန့်ချိန်တန်လျက် မစွန့်မိသူများ ဖတ်မိ၊ နာယူမိလျှင် ‘ငါ မှားလေစွ’ဟု နောင်တပူပန်မိတတ်၏။ ဘာအပြစ်မှ မရှိတဲ့တွက် နောင်တပူပန်နေစရာ မလိုပါ။

ထိုသို့ စွန့်သင့်ချိန် စွန့်စွန့်၊မစွန့်စွန့်၊ မည်သူ မည်သို့ ရေးရေး၊မရေးရေး၊ ပြောပြော၊မပြောပြော နောင်တပူပန်တာ ကုက္ကုစ္စ၊ ဝိပ္ပဋိသာရ၊ အတ္တာနုဝါဒတရားများ ကြီးထွားပြီး အကုသိုလ်ပွားမနေစေရန် ဆွမ်းတော်စွန့်ချိန်ကို သတ်မှတ်ထားလိုက်ပါ။ ဥပမာ-(၁၁)နာရီထိုးလျှင် ဆွမ်းတော်စွန့်ပါမည်။

ထိုသို့သတ်မှတ်ထားလျှင် အကြောင်းတစ်ခုခုကြောင့် မေ့လျော့ကာ မစွန့်မိလည်းဘဲ သတ်မှတ်ချိန်ရောက်က စွန့်ပြီးသားပင်။ အမြင်အားဖြင့် ဆွမ်းတော်တင် ရှိနေသော်လည်း သတ်မှတ်ချိန်အားဖြင့် ဘုရားအား လျှောက်ထားပြီး ဖြစ်သောကြောင့် နေလွဲညစာ စားခိုင်းရာ မရောက်။ အကုသိုလ်ဖြစ်နေစရာလည်း မလိုတော့ပေ။

ဤမျှဆိုလျှင် ဆွမ်းတော်တင်ကိစ္စ သံသယရှင်းသောက်ပြီဟု ထင်ပါသည်။ အခြားတစ်ခုကတော့ သစ်သီးဆွမ်း တင်ခြင်းပါ။ ဘုရားစင်၌ သုံး,လေးရက် ကပ်လှူထားသည်ကို အချို့က ဘဝင်မကျချင်ကြပေ။ စတင်သော အစိမ်း၊ သုံး,လေးရက်ဆို မှည့်၊ မှည့်တော့ စွန့်စားသည်ဟု ရှုမြင်သုံးသပ်ကာ ပြောပြောရေးသားကြပါသည်။

ဘုရားစင်က သစ်သီးအုပ်တဲ့စင်လို ဖြစ်နေပြီဟုပင် မှတ်ချက်ချပြပါသည်။ အတော့်ကို စိတ်မကောင်းပါ။ သုံး,လေးရက် တင်ထားမိသူ၊ မှည့်တော့ စွန့်စားမိသူများသာ ဒီစာကို ဖတ်ရ၊ ဒီတရားကို နာရလျှင် စိတ်ထဲ မည်သို့ရှိမည်နည်း။

ဘာသာရေးအသိ မပြည့်ဝသူများဆိုလျှင် အကျိုးလိုလို့ ညောင်ရေသွန်း ပတ်ထမ်းနှင့်တွေ့ ဆိုသကဲ့သို့ ဖြစ်သွားပေမည်။ ဤသို့ မဖြစ်စေချင်ပါ။

လူဒါယကာ၊ ဒါယိကာမတို့၏ စေတနာသဒ္ဓါတရား၊ နှလုံးသွင်းနှင့် အခြေအနေကို လုံးဝထည့်မတွက်ဘဲ အလွယ်တကူ ပြောထွက်တဲ့စကား ဖြစ်ပါသည်။ အစိမ်းကြီးကို ဘုရားတင်သူ မရှိသလောက် နည်းပါသည်။ အစိမ်းရောင်လွှမ်းနေသော်လည်း အဝါရောင်သမ်းနေတော့မှ တင်လှူကြသည်က များပါသည်။

အချို့က မိမိ ဘုရားကျောင်း၊ ဘုရားစင်ကို ကြည်လင်လှပစွာ မြင်တွေ့လိုသောကြောင့် ဘုရားနှင့် ဘုရားကျောင်း လှပတင့်တယ်စေရန် ထိုသို့ သစ်သီးဆွမ်းများကို သုံး,လေးရက် ဆက်ကပ်ထားတတ်ကြပါသည်။ ထိုသို့ အလုံးလိုက် ကပ်လှူထားပြီးမှ စွန့်ယူပြီး ခွဲခြမ်းကာ အသင့်စားသုံးနိုင်တဲ့ သစ်သီးဆွမ်းအဖြစ် ပြန်လည်ကပ်လှူကြပါသည်။ အလုံးလိုက်ရော ခွဲခြမ်း၍ပါ အဦးအမြတ် အထွတ်တင်ကြပါသည်။

အချို့က ဘုရားကို မကပ်သေးဘဲ မိမိ မစားလို၍ အကုန်လုံးကို ဆေးကြောပြီး ဘုရားကျောင်းတင်ကာ ကပ်လှူပူဇော်ထားလေ့ ရှိကြ၏။ အကယ်၍ တစ်လုံးခွဲပြီး တစ်စိတ်တည်း ကပ်လှူပူဇော်ပါကလည်း ‘ဘုရားတော့ တစ်စိတ်တည်းလှူပြီး ကိုယ့်ကျတော့ သုံး,လေးလုံး ဝှန်းနေကြသည်’ဟု ပြောပြော၊ ရေးသားလိမ့်မည် ထင်ပါသည်။ ဘယ်တော့ ဆုံးနိုင်ပါအံ့နည်း။

မှည့်နေလျက် စွန့်မစားလျှင် ဒီအတိုင်း လွှင့်ပစ်ရမည်ဖလော။ မှည့်တဲ့အထိ ဘုရားကပ်ထားလျှင် ဘုရားကို အမှည့်ကပ်ရာကော မရောက်ပေလော။ တကယ် နားလည်ရမှာက ပထမဆုံး အလုံးလိုက် ကပ်ထားခြင်းသည် ရုပ်အဗျာကတ ကုသိုလ်တရားအား ကျေးဇူးပြုနေတဲ့ သဘောသာ ဖြစ်ပါသည်။

မှန်၏။ ဘုရားရုပ်တုတော်သည် ဥဒ္ဒိဿစေတီထိုက်တဲ့ ရုပ်အဗျာကတ,တရား ဖြစ်၏။ ပန်းသီး၊ ငှက်ပျော

www.burmeseclassic.com



သီး စတဲ့ သစ်သီးများသည်လည်း လှူအပ်တဲ့ ဒါနဝတ္ထု ရုပ်အဗျာကတ တရားပင် ဖြစ်ပါသည်။

ဒါနဝတ္ထုဟူသော ရုပ်အဗျာကတ,တရားအား ဥဒ္ဒိဿ စေတီထိုက်တဲ့ ဘုရားရုပ်တုတော်၏ ရှေ့ဝယ်တင်လျက် ဂုဏ်တော်ကို အာရုံပြုကာ ႋ,ူဒါန်းလျှင် အဗျာကတ တရားတို့က ဒါနကုသိုလ်အား ကျေးဇူးပြုနေသည် မဟုတ်ပေလော။

မြင်မြင်တိုင်း၊ သတိတရ အာရုံပြုတိုင်းမှာ ကုသိုလ် ရနေပါသည်။ အကယ်၍ ဘုရားကျောင်းကို မတင်ဘဲ မီးဖိုချောင်၊ ရေခဲသေတ္တာထဲ ထည့်ထားလျှင် ထိုကုသိုလ် မျိုး ရနိုင်ပါအံ့လော။ မရနိုင်ပါ။

အလားတူပင် ဘုရားပန်းလှူရာ၌လည်း ကြာရှည် ခံမည့် ဇော်စိမ်းပန်း၊ ပန်းထိမ်ငိုပန်းတွေကို အမြစ်ထွက်တဲ့အထိ အကြိမ်ကြိမ်ရေလဲပြီး လှူထားကြောင်း ကဲ့ရဲ့တရား ဟောထားပါသည်။

ပန်းအိုးသုံးလုံးလောက်ဆိုလျှင် ဘုရားပန်း တစ်ခါ လဲနိုင်ဖို့ အနည်းဆုံးကတော့ ထောင့်ငါးရာ၊ နှစ်ထောင် ပါ။ တန်ဖိုးကြီး ပန်းများဆိုပါက သုံးလေးငါးထောင် ကုန်ပါသည်။

မပြည့်စုံသူအနေဖြင့် နေ့စဉ် ဘုရားပန်းလဲနိုင်ဖို့ မလွယ်ပါ။ ကုသိုလ်လည်းရ၊ အကုန်အကျလည်း သက်သာ၊ မိမိဘဝနှင့်လည်း လိုက်လျောညီထွေရှိအောင် ဉာဏ်ပညာဖြင့် ခွဲခြမ်းဝေဖန်ကာ လှူဒါန်းခြင်းသာ ဖြစ်ပါသည်။

ကဲ့ရဲ့စရာမရှိ။ မြတ်ဘုရားလည်း ထိုသို့ မကဲ့ရဲ့ပေ။

မည်သည့်ပန်းကို လှူပါမှ ကုသိုလ်ရသည်၊ မည်သည့်ပန်းမျိုးကို လှူပါက ကုသိုလ်မရ၊ လေးစားရာ မရောက်ဟု တစ်ရံတစ်ခါမျှ မြတ်ဘုရား မဟောကြား ခဲ့ပေ။

သောက်တော်ရေကပ်လည်း ခွက်က သေးတယ် ငယ်တယ် လုပ်နေပြန်၏။ ကိုယ့်အတွက် အဲဒီခွက်မျိုးနှင့် တစ်ခွက်သောက် လုံလောက်လားဟုလည်း မေးခွန်းထုတ် ပါသည်။ 'ကဲ‥ကိုယ်တော်၊ မထူးတော့ဘူး။ တပည့် တော်နှင့် အတူတူသာ လာဘုဥ်းပေးတော့'လို့ ပြောရ တော့မလို ဖြစ်နေပါသည်။

အတုယူသင့်တဲ့ စံပြပုဂ္ဂိုလ်ကို ထုတ်ပြတော့ အရှင် အာနန္ဒာကို ထုတ်ပြ၏။ မြတ်ဘုရား ပရိနိဗ္ဗာန်စံတော်မူ ပြီးနောက် 'အရှင်ဘုရား‥ဒီအချိန်က အရှင်ဘုရား မျက် နှာသစ်တော်မူတဲ့ အချိန်ပါ အရှင်ဘုရား'လို့ အရှင်အာ နန္ဒာ ငိုယိုလျှောက်ထားပြီး ဘုရားရှိစဉ်ကလို လုပ်နေ သည်။

တကယ်တော့ အရှင်အာနန္ဒာ အလွမ်းတွေ ဝေ သောကပွေနေခြင်းသာ ဖြစ်ပါသည်။ အမှန်တရားအဖြ စံထားကာ,အတုယူ အတူပြုရမည်ဟု သင်ညွှန်ပြလိုရင်း မဟုတ်ပေ။ ထိုသို့ သောကဝေနေသောကြောင့် အရှ အာနန္ဒာအား မထေရ်ကြီးများက သင်္ဂါယနာမတင်ခ အချိန်မီ သတိပေးခဲ့ရ၏။

လိုတိုရှင်း ပြောပါက သောက်တော်ရေကို ဘယ် အချိန်ပဲကပ်ကပ်၊ ဘယ်လိုခွက်နှင့်ပဲကပ်ကပ်၊ ဘယ် လောက်ပဲ ကြာကြာထားထား ဘာပြဿနာမှမရှိ။ မှာ စရာလည်း မရှိပေ။ မိမိစိတ်စေတနာက မြတ်ဘုရားအ သောက်တော်ရေ ကပ်လှူလိုစိတ် ထက်သန်လာဖို့သ အရေးကြီး၏။

စိတ်စေတနာ ထက်သန်စွာ ဖြစ်ပေါ်လာရာ ထိုအ ၌ ကပ်လှူပူဇော်လိုက်ပါ။ ကုသိုလ်ထူးရသည်ကား ကြီးလက်ခတ် မလွဲပေ။

သို့မဟုတ် မိမိရဲ့ စာရိတ္တသီလကို ဖြည့်တင်းသ အနေဖြင့် တစ်နေ့(၂)ကြိမ် သတ်မှတ်ထားလျှင် ကြိမ်ကပ်ပါ။ တစ်နေ့(၃)ကြိမ် သတ်မှတ်ထားလျှင် ကြိမ် ကပ်လှူပါ။ စာရိတ္တသီလ ခိုင်မြဲသည့်အားလျော်

www.burmeseclassic.com

www.burmeseclassic.com

သောက်တော်ရေကုသိုလ်က အကျိုးပေးလာပေလိမ့်မည်။ ထိုအပ်လာလျှင် သစ္စာဆိုလို့ပင် ရသေး၏။ အကျိုးယုတ်စရာ မရှိပါ။

ထိုပုဂ္ဂိုလ်တရားတွင် ဘုရားစင်ဟု သုံးနှုန်းထား၏။ အချို့က ထိုသို့ မဟုတ်ပြန်ပေ။ ဘုရားစင်ဟု သုံးနှုန်းခြင်းသည် ရိုင်း၏၊ မယဉ်ကျေးရာကျ၏ဟု ဆိုပါသည်။ နတ်စင်၊ ဖိနပ်စင်တို့နှင့် နှိုင်းယှဉ်ပြကာ မသုံးသင့်ဟု ဆိုကြပြန်ပါသည်။

တကယ်တော့ ဖိနပ်စင်နှင့် ဘုရားစင်ကို နှိုင်းယှဉ်စရာ အကြောင်းမရှိပါ။ နှိုင်းယှဉ်ပြသော ထိုပုဂ္ဂိုလ်တို့၏ အယူအဆမျှသာ ဖြစ်ပါသည်။

စင်ဆိုတဲ့ မြန်မာစကားက အမြင့်ဟူသော အနက်ကို ပြပါသည်။ ဖိနပ်စင်သည် မြေပြင် (သို့မဟုတ်) ကြမ်းပြင်ထက် မြင့်၏။ ထို့ကြောင့် ကြမ်းပြင်၊ မြေပြင်နှင့်သာ ဖိနပ်စင်ကို နှိုင်းယှဉ်ရာ၏။ ဘုရားစင်နှင့်မူ ယောင်လို့ပင် မနှိုင်းယှဉ်အပ်ပေ။ နတ်စင်သည် ယင်းနတ်စင်အား ကိုးကွယ်သူလူတို့ ရပ်တည်ဦးတိုက်ရာ မြေပြင်ထက် မြင့်ပေသည်။ ထို့ကြောင့် ၄င်းမြေပြင်နှင့်သာ နတ်စင်ကို နှိုင်းယှဉ်ရာ၏။ ဘုရားစင်နှင့် မနှိုင်းယှဉ်အပ်ပေ။

တောရွာ ဘုန်းတော်ကြီးကျောင်းများ၌ သံဃာစင် သီးသန့်ထားရှိပါသည်။ ကျောင်းဆောင်ခေါင်းရင်းဘက်တွင် ကျောင်းမကြီးရဲ့ ကြမ်းပြင်အထက် တစ်ပေ၊ တစ်ပေခွဲလောက် မြှင့်တင်ထားတဲ့ တစ်ဆင့်မြင့် အထပ်ကို သံဃာစင်ဟု ခေါ်ပါသည်။

အကြောင်းမဲ့သက်သက် ထိုသံဃာစင်သို့ လူပုဂ္ဂိုလ်များ တက်ခွင့်မရှိ၊ မတက်ရပါ။ ထိုသံဃာစင်ကို ကျောင်း၏ ကြမ်းပြင်နှင့်သာ နှိုင်းယှဉ်အပ်၏။ ဘုရားစင်နှင့် မနှိုင်းယှဉ်အပ်ပေ။

သံဃာစင်ထက် အမြင့်တစ်နေရာ၌ ဘုရားကျောင်းခေါ် ဘုရားစင် ရှိပါသည်။ ထိုဘုရားစင်ကို သံဃာစင်နှင့်သာ နှိုင်းယှဉ်အပ်၏။ ကျောင်းကြမ်းပြင်နှင့် မနှိုင်းယှဉ်အပ်ပေ။

လူတို့နေထိုင်ရာ အိမ်၌မူကား သံဃာစင်ဟု သီးခြားမရှိပေ။ လူတို့နေထိုင်ရာ အိမ်ကြမ်းပြင်ထက် မြင့်သောနေရာ တစ်နေရာရာ၌ ဘုရားကျောင်းခေါ် ဘုရားစင်ကို ထားရှိကြပါသည်။ ဖိနပ်စင်ကိုမူ အနိမ့်ဆုံးနေရာ၌ ထားရှိကြ၏။ မည်သူမှ အမြင့်၌ မထားပေ။ ထို့ကြောင့် ဖိနပ်စင်နှင့် ဘုရားစင် နှိုင်းယှဉ်ကာ မဟောသင့်၊ မရေးသားသင့်ပေ။

ဘုရားစင်ခေါ်လည်း မှန်ကန်ကောင်းမြတ်သည်သာ ဖြစ်ပါသည်။ ဘုရားကျောင်းဟု ခေါ်မူကား ပိုလို့သင့်တော်ကောင်းမြတ်ပါပေသည်။ ငြင်းချက်ထုတ်ကာ ဝေဖန်နေစရာ မလိုပါ။

ဤကား အွန်လိုင်းပေါ်တွင် ပျံ့နှံ့လျက်ရှိသော ဘာသာရေးပို့စ် ဟောပြောချက်ပါ ဝေါဟာရနှင့် အယူအဆများကို ပြန်လည်ရှင်းလင်းပြခြင်း ဖြစ်ပါသည်။ ထိုသို့ အထောက်အထားမဲ့ ထင်မြင်ယူဆကာ ဟောပြောခြင်းသည် ထိုပုဂ္ဂိုလ်တို့၏ အယူအဆမျှသာ ဖြစ်ပါသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများရဲ့ အဆိုအမိန့် မဟုတ်ချေ။

ထို့ကြောင့် အခိုင်အမာ မယုံကြည်ထိုက်၊ မယုံကြည်အပ်ပေ။ မိမိတို့ စိတ်စေတနာတွင် ဘုရားရှင်အား အ,မနာပ၊ အဂါရဝသဘော မပါဝင်က အပြစ်မရှိဟု မှတ်ပါ။ မိမိတို့ပြုသည့် ကုသိုလ်ကောင်းမှုအားလျော်စွာ အကျိုးထူး အကျိုးမြတ်ကို ဧကန်မုချ ရကိုမှ ရသည်ဟု အခိုင်အမာ ယုံကြည်အပ်၏။ ယုံကြည်ပါလေ။

မိမိအယူအဆ မှန်ကန်မှုရှိ,မရှိကို အသေအချာ မစိစစ်ဘဲ မြန်မာဗုဒ္ဓဘာသာလူထု တစ်ရပ်လုံးရဲ့ လုပ်ရပ်နှင့် ယုံကြည်မှုကို အများတစ်ခုသဖွယ် ရှုမြင်သုံးသပ်လျက် အလွဲတွေထဲက အလွဲတစ်ခုဟု မှတ်ချက်ချကာ ဟောပြော၊ ရေးသားဝံ့ခြင်းသည်ကား ဟောပြော၊ ရေးသားသူ၏ အထင်နှင့်အမြင် လွဲမှားနေသောကြောင့်သာ ဖြစ်ပေသည်။

ပစ္စုပ္ပန်ဘဝမျှသာမက သံသရာအတွက်ပါ အရေးပါ၍ ဘာသာရေးမှာ အထင်နှင့်အမြင် မလွဲမှားစေချင်ပါ။ လွဲနေလျှင် ဆင်ခြင်သင့်၏။ အမှန်တရားဟု ကမ္ဗည်းတပ်ကာ မဟောပြောသင့်၊ မရေးသားထိုက်ပေ။ နာယူမှတ်သားသူများလည်း ဟောပြောရေးသားသူ၏ ထင်ရှားကျော်ကြားမှုကို ကြည့်ပြီး အထင်နှင့်အမြင် မလွဲကြစေလိုပါ။

ရှင်လန်းချမ်းမြေ့ကြပါစေဗျာ

**ဓမ္မာစရိယ ဦးစောဝင်း**

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက ဟိမဝန္တာတောင်ခြေမှ စတင်လျက် သုံးလုံးမြောက်သောတောင်၏ အကြားမှာရှိသည့် ရောဟဏရေအိုင်ကို အမှီပြုပြီး ရှစ်သောင်းသော သမင်အပေါင်းတို့ နေထိုင်ကြလေ၏။ ဘုရားအလောင်းတော်သည် ထိုသမင်အပေါင်းတို့၏ အကြီးအမှူး ရောဟဏသမင်မင်း ဖြစ်ခဲ့၏။ ညီတော် အာနန္ဒာလောင်းလျာသည် ညီတော် စိတ္တသမင် ဖြစ်ခဲ့၏။ ဥပ္ပလဝဏ်ထေရီမလောင်းလျာသည်လည်း နှမတော် သုတနာသမင်မ ဖြစ်ခဲ့ရသည်။

သမင်မောင်နှမတို့သည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်း ရှိကုန်၏။ သူတို့၏ ဦးချိုတို့သည် ငွေသားကဲ့သို့ ဖွေးဖွေးဖြူလျက် ရှိကုန်၏။ အမြီးတို့သည် စာမရီ မည်သော သားကောင်၏ အမြီးကဲ့သို့ ရှည်သွယ်သန့်ရှင်း ကုန်၏။ လေးဖက်သော ခွာတို့သည် ချင်ရွေးကဲ့သို့ ခြင်း ခြင်းနီကုန်၏။ သူတို့၏ မျက်လုံးတို့သည် ငါးမျိုးကြည် ခြင်းဖြင့် ပြည့်စုံလျက် အလွန်ပင် တောက်ပကြည်လင် ကုန်၏။

ညီတော် စိတ္တနှင့် နှမတော် သုတနာတို့သည် နောင် တော်ကြီး ရောဟဏ၏ ဆုံးမသွန်သင်မှုကို ခံယူကာ နောင်တော်ကြီးနှင့် အတူတကွ အမိ၊ အဖဖြစ်သော မျက် မမြင် သမင်အိုကြီးများကို ပြုစုလုပ်ကျွေး၍ နေကြ၏။



## မောင်ထည်ဝါ (မျှော်ဘွယ်)

ဘဝများစွာ သံသရာမှာ အသက်နှင့်လဲ၍ ပါရမီဖြည့်ဆည်းသူများ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသော သမင်တို့ကလည်း ရောဟဏသမင်မင်း၏ ဦးဆောင်မှုကို ခံယူ၍ ပျော်ရွှင်စွာ နေကြလေ၏။

သူတို့သည် သူတစ်ပါးကို ထိပါးနှိပ်စက်ခြင်း မပြုကြသကဲ့သို့ပင် သူတို့ကိုလည်း ထိပါးနှိပ်စက်သူဟူ၍လည်း မရှိပါချေ။ အေးမသီ ရန်မခ အေးမြသည့် ရေကို သောက်ကာ စိမ်းစိုနုဖတ်သည့် မြက်သွန်တို့ကို စားကြပြီး သွင် ဘာသာဘာဝ မြူးထူးခုန်ပေါက်၍ နေကြလေ၏။

တစ်နေ့သောအခါမှာတော့ သမင်တို့၏ အေးမွဲနယ်မြေသို့ ကျူးသူတစ်ယောက် ဝင်ရောက်လာ၏။ ထိုသူကား ပထမဆုံး ရောက်လာသူတော့ မဟုတ်။ ပထမဆုံး ဝင်လာခဲ့သည် မုဆိုးကြီးသည် ရောဟဏသမင်တို့၏ နေပုံ၊ သွားလာပုံတို့ကို ပြည့်ပြည့်စုံစုံ လေ့လာခဲ့၏။ ရောက်လာခဲ့သော ခရီးလမ်းကြောင်းကို စေ့စေ့စပ်စပ် လေ့လာခဲ့၏။ ထို့နောက် ရွှေသမင်တို့အား မည်သို့မျှ အနှောင့်အယှက်မပေးဘဲ နေရပ်သို့ ပြန်လာခဲ့သည်။

အိမ်သို့ ရောက်သောအခါ ရွှေသမင်တို့နှင့် တွေ့ခဲ့ပုံ အကြောင်းစုံကို သားဖြစ်သူအား ပြောပြ၏။ ရောက်ရှိနိုင်သည့် ခရီးလမ်းကြောင်းကိုလည်း သေသေချာချာ ပြောပြခဲ့၏။ တစ်နေ့မှာတော့ အသက်အရွယ် ကြီးရင့်လာသည့် အလျောက် ကွယ်လွန်သွားခဲ့လေ၏။

သားဖြစ်သူမှာလည်း ဖခင်၏အမွေကို ဆက်ခံကာ တောလိုက်မုဆိုးအလုပ်ဖြင့် မိသားစုအား လုပ်ကိုင်ကျွေးမွေးလာခဲ့၏။ ဖခင်ကြီး ပြောပြခဲ့သည့် ရွှေသမင်တို့ကို စိတ်ဝင်စားသော်လည်း ဝေးလံသောခရီးကို သွားရောက်ရန် စိတ်မဝင်စားခဲ့ပေ။ ထို့ကြောင့် နှစ်ပေါင်းများစွာ ရွှေသမင်တို့ကို မေ့လျော့နေခဲ့လေသည်။

သို့သော်လည်း ယနေ့မှာတော့ ရွှေသမင်တို့ နယ်မြေသို့ ခွတ်ခွတ်ရွတ်ရွတ် ရောက်ခဲ့ရပြီ။ ဗာရာဏသီပြည့်ရှင်ဘုရင်ကြီး၏ ခေမာမိဖုရားကြီး၏ချစ်ခြင်းကို ဖြည့်ဆည်းပေးရန် ခရီးကြမ်းကို လျှောက်လှမ်းလာခဲ့ရခြင်းဖြစ်သည်။ ခေမာမိဖုရားကြီးသည် တစ်ညသောအခါ၌ အိပ်မက်ထဲတွင် ရွှေသမင်နှင့် တွေ့ဆုံလိုက်ရ၏။ ရွှေအဆင်းကဲ့သို့ ဝင်းနေသော ရွှေသမင်က သာယာသော အသံဖြင့် တရားဟောကြားသည်ကို နာယူခဲ့ရ၏။ အိပ်ရာမှ နိုးသည့်တိုင်အောင် စိတ်ထဲ၌ ထင်ထင်ရှားရှား ရှိနေရစ်၏။

ထို့ကြောင့် ရွှေသမင်ကို တွေ့ဆုံ၍ တရားနာရပါစေကြောင်း ဗြဟ္မဒတ်မင်းကြီးထံ တောင်းပန်လေ၏။ ထိုအခါ မင်းတရားကြီးက ရောဟဏနယ်မြေသို့ သွားနိုင်စွမ်းရှိသူကို အဆင့်ဆင့် မေးမြန်းရှာဖွေခဲ့ရာ နောက်ဆုံးအချိန်တွင် ထိုမုဆိုးထံသို့ ရောက်ရှိလာခဲ့၏။

မုဆိုးလည်း ဗြဟ္မဒတ်မင်းကြီး၏ တာဝန်ပေး စေလွှတ်ချက်အရ တောလိုက်ရာတွင် အသုံးပြုရသည့် လက်နက်ကိရိယာများကို အပြည့်အစုံယူဆောင်လျက် ဖခင်ကြီး ပြောပြခဲ့သည့် ခရီးစဉ်အတိုင်း ထွက်ခွာလာခဲ့ရာ အခက်အခဲများကို ကျော်ဖြတ်၍ ရွှေသမင်များနေထိုင်ရာ ရောဟဏဒေသသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့သည်။

မုဆိုးသည် ရှေးဦးစွာ ရွှေသမင်များ သွားလာလှုပ်ရှားပုံများကို စောင့်ကြည့်လေ့လာ၏။ ရွှေသမင်တို့ ရေအိုင်သို့ ရေသောက်ဆင်းရာတွင် ဦးစွာ ရောဟဏသမင်မင်းက ဆင်း၍ ရေသောက်၏။ သမင်မင်း ရေသောက်ပြီးမှ သူနှင့် အသွေးတူ အဆင်းတူ သမင်မောင်နှမတို့က ဆင်း၍ ရေသောက်ကြ၏။ ဦးစီးခေါင်းဆောင် သမင်များ ရေသောက်ပြီးမှ နောက်လိုက်သမင်များက ရေသောက်ဆင်းကြသည်။

ရောဟဏရွှေသမင်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မုဆိုးသည် မိဖုရားကြီး အလိုရှိနေသည့် သမင်ဖြစ်ကြောင်း သဘောပေါက်သွား၏။ သို့ဖြစ်ရာ ရေစပ်တစ်နေရာတွင် ခိုင်ခံ့သော သားရေလွန်ကြိုးကို ကျော့ကွင်းပြုကာ သန်မာလှသော ကိုင်းတံနှင့် ဆက်စပ်၍ ပိရိသေသပ်စွာ ထောင်ထားလိုက်၏။

ရေသောက်ဆင်းနေကျအချိန် ရောက်လာသောအခါ ရွှေသမင်များ ဦးဆောင်သည့် သမင်အုပ်ကြီး ရောက်လာသည်။ ရောဟဏသမင်မင်းသည် အေးမွဲနယ်မြေ ကျက်စားနေကျဖြစ်သဖြင့် မည်သည့်အရာကိုမျှ သံသယမျက်စိဖြင့် မကြည့်ဘဲ ခါတိုင်းလို ရေစပ်သို့ ဆင်းလိုက်သည်နှင့် ကျော့ကွင်းမှာ မိသွားလေ၏။ ရောဟဏသမင်မင်းသည် ကျော့ကွင်း၌ မိလျှင်မိချင်း သတိနိုင်နိုင်ဖြင့် ဣန္ဒြေမပျက်အောင် နေလိုက်၏။ လွန်ကြိုးနှင့်တကွ ကိုင်းတံကို အတန်ငယ်ညွှတ်ကျလာအောင် ဆွဲဆန့်ကာ ရေသောက်သကဲ့သို့ ပြုပြီးလျှင် ဣန္ဒြေမပျက် နေလိုက်၏။

အကယ်၍ ကျော့ကွင်းမှာ မိမိချင်း အော်မြည်လိုက်ပါက သမင်အပေါင်းတို့ ကြောက်လန့်တကြား ပြေးသွား

www.burmeseclassic.com

ကြမည် ဖြစ်၏။ ရေအိုင်နားသို့ မည်သူမျှ ကပ်မလာရဲ တော့ဘဲ အားလုံး ရေငတ်ကုန်ကျတော့မည် ဖြစ်၏။ ထို့ကြောင့် မိမိအသက်ဘေးနှင့် ကြုံရတဲ့အချိန်မှာပင် နောက်လိုက်သားတို့၏အရေးကို အလေးထားကာ ဦးစီးခေါင်းဆောင်တို့၏ ကျင့်ထုံးကို ကျင့်သုံးလိုက်နာခဲ့ခြင်းဖြစ်သည်။

သမင်အပေါင်းတို့ ရေသောက်ပြီးသွားသောအခါ ရောဟဏသမင်မင်းသည် ကျော့ကွင်းမှ လွတ်လိုလွတ်ငြား အားကုန်ရုန်းကြည့်လိုက်၏။ သားရေလွန်ကြိုးက ခိုင်မာလွန်းလှသဖြင့် ပထမအကြိမ် ရုန်းလိုက်သည်တွင် အရေပြတ်သွား၏။ ဒုတိယအကြိမ်တွင် အသားစိုင်ပြတ်သွားပြီး သွေးစိမ်းရှင်ရှင် ယိုစီးကာ တတိယအကြိမ်တွင် အကြောပါပြတ်၍ အရိုးထိအောင် ရောက်သွားတော့သည်။

ထိုအခါမှ ရောဟဏသမင်မင်းသည် ကျော့ကွင်းမှာ မိသွားသည့် အသံမျိုးဖြင့် အော်မြည်လိုက်ရာ သမင်အပေါင်းတို့ ထိတ်လန့်ကာ ထွက်ပြေးသွားကြလေ၏။ ထိုပြေးသွားသည့် သမင်အုပ်ထဲတွင်မှ နှမတော် သုတနာလည်း ပါသွား၏။ ညီတော် စိတ္တသမင်ကမူ ထွက်ပြေးကြသည့်နောက်ကို လိုက်ပါမသွားဘဲ နောင်တော်မြတ်ထံပါးသို့ ချဉ်းကပ်လာသည်။

ဤတွင် ရောဟဏသမင်မင်းက-

'ညီလေးစိတ္တ..သေဘေးကြောက်လို့ ပြေးသွားကြတဲ့ သမင်များနှင့်အတူ လိုက်သွားပါ။ ဒီမှာ မနေချင်စမ်းပါနဲ့။ သူတို့တစ်တွေဟာ 'သင်နဲ့အတူ နေရစ်ကြပါလိမ့်မယ်'

ယင်းကဲ့သို့ နောင်တော်မြတ်က ငဲ့ညှာစိတ်ဖြင့် တားမြစ်သည်ကို ညီတော် စိတ္တသမင်က လက်မခံနိုင်ဘဲ-

'နောင်တော် ရောဟဏ..ကျွန်တော့်နှလုံးသားကို စိုးရိမ်စိတ်က ဆွဲငင်နေပါတယ်။ ကျွန်တော်ဟာ နောင်တော်ကို ပစ်မထားနိုင်ပါ။ ဒီနေရာပဲ သေချင်သေပါစေတော့'

'ညီလေးစိတ္တ..တို့နှစ်ဦးလုံး သေတာကတော့ မဆန်းပါဘူးကွယ်။ တို့မရှိတော့ဘူးဆိုရင် မျက်စိမမြင်တဲ့ တို့မိဘနှစ်ပါးအတွက် ပြုစုလုပ်ကျွေးမယ့်သူ ရှိမှာမဟုတ်ဘူး။ သင်နဲ့အတူ မိဘနှစ်ပါးတို့ အသက်ရှင်သန် နေရစ်ကြပါစေ'

'ဖြစ်လိုရာ ဖြစ်ပါစေတော့ နောင်တော်ရယ်။ နောင်တော်ကို တစ်ဦးတည်း ထားပြီးတော့ ညီတော် မသွားနိုင်ပါဘူး'

ယင်းသို့ ပြောဆိုပြီးနောက် ညီတော်စိတ္တ ရွှေသမင်သည် နောင်တော်၏ လက်ယာနံပါးတွင် မှီကပ်၍ ရပ်ထားပေးလိုက်၏။ ဒဏ်ရာဒဏ်ချက်များကြောင့် တုန်တုန်ခိုက်ခိုက် ရပ်နေသည့် ရောဟဏရွှေသမင်မှာ အတန်ငယ် သက်သောင့်သက်သာ ရှိသွားလေ၏။

သမင်အုပ်နှင့် လိုက်ပါသွားသော နှမတော် သုတနာသည်လည်း မကြာမီပြန်လှည့်လာကာ မောင်တော်နှစ်ဦးထံ ချဉ်းကပ်လာ၏။ ရောဟဏရွှေသမင်က ညီတော်စိတ္တနည်းတူ နှင်လွှတ်သော်လည်း စွန့်ခွာမသွားဘဲ လက်ဝဲနံပါး၌ ယှဉ်တွဲမှီတွယ်၍ ရပ်ပေးထား၏။

ရောဟဏရွှေသမင်မင်း၏ အော်သံကြောင့် မုဆိုးသည် ချုံပုတ်ထဲမှ ဘွားခနဲ ပေါ်ထွက်လာ၏။ သတ်ဖြတ်ထိုးခုတ်ရာတွင် အဆင်ပြေစေရန် ကျစ်ကျစ်ပါအောင် ခါးတောင်းကျိုက်လိုက်၏။ ပြောင်ပြောင်လက်လက် အသွားထက်လှသော သမင်ထိုးလှံကြီးကိုမြှောက်၍ အရှိန်ပြင်းပြင်းနှင့် ပြေးလာ၏။ လှံကိုင်ထားသော မုဆိုးကို လှမ်းမြင်လိုက်ရသည်နှင့် နှမတော်ရွှေသမင်မသည် ကြောက်စိတ်မွန်ပြီး ပြေးထွက်သွားမိလေ၏။ အတန်ငယ် ကြာသွားမိပြီးမှ 'မောင်တော်များနှင့်အတူ အသေခံတော့မည်ဟု စိတ်နှလုံး တုံးတုံးချ၍ ပြန်လာခဲ့၏။

'ညီတော်နှင့် နှမတော်တို့ရေ၊ လှံကြီးကိုင်ပြီး မုဆိုး ပြေးလာနေပြီ။ ဒီနေ့တော့ ငါတို့အားလုံး အသတ်ခံရတော့မှာပဲကွယ်'

ရောဟဏသမင်မင်းက မချိတင်ကဲ ရေရွတ်နေစဉ်မှာပဲ မုဆိုးသည် အနီးသို့ ရောက်လာ၏။ ယခင်ကဆိုလျှင် ဤလိုသားကောင်မျိုးကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် လက်စွဲတော် သမင်ထိုးလှံနှင့် လက်မနှေးတမ်း ထိုးစိုက်လိုက်မည် ဖြစ်၏။ ချက်ကောင်းကိုရွေး၍ ထိုးနေကျဖြစ်သဖြင့် တစ်ချက်တည်းနှင့် ကိစ္စပြီးသွားနိုင်၏။

ဗြဟ္မဒတ်မင်းကြီးထံ ကတိခံခဲ့စဉ်က ရွှေသမင်ကို အရှင်ဖမ်းရက ဖမ်းလာပါမည်။ အရှင်မဖမ်းနိုင်လျှင် အရေခွံကို ယူလာပါမည်ဟု လျှောက်တင်ခဲ့သည်။ လာခဲ့ရသည့် ခရီးလမ်းက ရွှေသမင်ကို အရှင်ဖမ်းသွားဖို့က မလွယ်ကူပါ။ အရေခွံကို ခြေရာလက်ရာမပျက်အောင် ခွာယူ၍ ဆက်သနိုင်လျှင်ဆည်း ဆုတော်လာဘ်တော်များ ရမည်

www.burmeseclassic.com

သာ ဖြစ်၏။ သို့ဖြစ်၍ ရွှေသမင်ကို တွေ့လျှင်တွေ့ချင်း ...နှင့်ထိုးဖို့ရန် အသင့်ပြင်လာခဲ့ရာ အနားသို့ရောက်လာမှ ...တ်သည် တွန့်ဆုတ်သွားရ၏။

'အလို..ထူးဆန်းလှပါလား။ ငါထောင်ထားတာက ...စ်ကောင်တည်းရယ်၊ အခုမိနေတာက သုံးကောင်။ ...လယ်က ရွှေသမင်ကြီးကို ကျော့ကွင်းနဲ့ မိထားတယ်။ ...သားက ရွှေသမင်နှစ်ကောင်က ဘာနဲ့များ ဖမ်းမိနေပါ ...မှ'

မုဆိုးလည်း ထူးခြားသော မြင်ကွင်းကိုကြည့်ကာ ...တ်ဖြတ်ချင်လိုစိတ် လျော့ကျလာ၏။ မိမိ၏ လှံသွားဆီ ...ို့ စူးစူးစိုက်စိုက်ကြည့်နေကြသော မျက်လုံးသုံးစုံတို့တွင် ...က်ရည်စလေးများ ဝေ့ဝဲနေသည်ကို တွေ့ရ၏။ သူတို့ ...းတွေက လှံသွားအောက်မှာ အသက်ပျောက်သွားဖို့ ...ည်း အသင့်ပြင်ထားပြီး ဖြစ်နေသဖြင့် ရုန်းခြင်း၊ ကန် ...ခြင်း၊ ရောင်တိမ်းခြင်းများ လုံးဝမပြုကြပေ။ အသတ်ခံရ ...ည့် ရွှေသမင်များက မတုန်မလှုပ် ရပ်တည်နေကြသဖြင့် ...သတ်ရမည့် မုဆိုးက တုန်လှုပ်လာရသည်။

အဘယ်ကြောင့်ပါလိမ့်။

'ကြည့်စမ်း၊ လူ့ရပ်လူ့ရွာမှာတောင် သူတို့လို ညီ ...အစ်ကိုမောင်နှမချင်း သွေးစည်းတာ မရှိဘူး။ တစ်ဦး ...အသက်ဘေး ကြုံလာရင် ကျန်လူများက ကိုယ်လွတ်ရုန်းဖို့ ...ပြင်နေ ကြတယ်။ သူတို့ဟာ မောင်နှမတွေ ဖြစ်ရမယ်။ ...မေးကြည့်ဦးမှပဲ'

'အို..ရွှေသမင်မင်း၊ အသင် ရွှေသမင်မင်းကိုသာ ...ကျော့ကွင်းနဲ့ ဖမ်းမိထားပါတယ်။ နံဘေးက ရွှေသမင်တွေ ...က ဖမ်းမိမထားပါဘူး။ အသက်ဘေးနဲ့ တွေ့နေပါလျက် ...အသင်ရွှေသမင်မင်းနဲ့ အတူတကွ ရပ်တည်နေနိုင်ကြပါ ...တယ်။ ကိုယ်လွတ်ရုန်းသွားဖို့ မကြိုးစားကြပါဘူး။ သူတို့ ...က အသင်ရွှေသမင်မင်းနဲ့ ဘယ်လိုများ တော်စပ်ကြပါ ...သလဲ'

သို့ကလို အသေသတ်ဖို့ ပြေးလာတဲ့သူထံမှ ချိုသာ ...သော စကားသံကို ကြားလိုက်ရသဖြင့် ရောဟဏရွှေ ...သမင်မင်းမှာ တအံ့တဩဖြစ်သွားရ၏။ မုဆိုး၏ ပြုံးချိုချို ...မျက်နှာကိုကြည့်ကာ စိတ်သက်သာရာတော့ရပါ၏။ သို့ ...သော် ဤအရာများက အမှန်တကယ်လား၊ မာယာပရိ ...ယာယ်လား တပ်အပ်သေချာ ခွဲခြားမရနိုင်သဖြင့် မေးလာ သောမေးခွန်းကို သတိထား၍ ဖြေကြားရပေတော့မည်။

'အဆွေမုဆိုး..သူတို့က ညီတော်နှင့် နှမတော်တို့ ဖြစ်ကြပါတယ်။ ညီလေးက စိတ္တလို့ ခေါ်ပါတယ်။ ညီမလေးနာမည်က သုတနာလို့ ခေါ်ပါတယ်။ သူတို့မောင်နှမဟာ သေဘေးနဲ့ တွေ့နေတာတောင်မှ တခြားသို့ စွန့်ခွာသွားဖို့ အလိုမရှိကြဘူး'

စောစောက ပြေလုပြေခင်ဖြစ်နေသည့် စိတ်မိုက်စိတ်ရိုင်းများသည် တည်ငြိမ်အေးချမ်းစွာ ပြောကြားသံကို ကြားရသဖြင့် ပြေသည်ထက်ပို၍ ပြေလည်သွားခဲ့လေ၏။

ထိုအခါ ညီတော် စိတ္တရွှေသမင်က အခြေအနေကို အကဲခတ်လျက်–

'အို..မုဆိုး'

ဟု ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်လိုက်ပြီးလျှင်–

'အဆွေမုဆိုးက နောင်တော်ကြီး ရောဟဏကို သတ်လိုက်မယ်ဆိုလျှင် တစ်ချက်တည်းနဲ့ ကိစ္စပြီးသွားနိုင်ပါတယ်။ ဒါပေမဲ့ သေရမည့်သူတွေက တစ်ဦးတည်းမကပါ။ တစ်သက်နောက်မှာ ငါးသက်အထိ ပါသွားမှာပါ။ နောင်တော်ကြီး သေသွားရင် ကျွန်တော်တို့ မောင်နှမလည်း နှလုံးကြေကွဲပြီး သေပွဲဝင်ရမှာပါ။ မျက်မမြင် မိအို,ဖအိုများလည်း ကျွေးမွေးပြုစုမည့်သူ မရှိတော့ဘဲ အစာရေစာ ပြတ်လပ်ပြီး သေကြရမှာပါ။ အသင်မုဆိုးက



www.burmeseclassic.com

www.burmeseclassic.com

နောင်တော်ကြီး အသက်တစ်ချောင်းကို ပေးလှူမယ်ဆိုရင် ငါးဦးသားတို့အတွက် အသက်ပေးလှူရာ ရောက်ပါတယ်။ တောင်းပန်ပါတယ် မုဆိုးကြီးရယ်။ နောင်တော်ကြီး ရောဟဏကို ပြန်လွှတ်ပေးပါလားဗျာ'

'ကောင်းပါပြီ ရွှေသမင်တို့၊ အမိ,အဖကို ပြုစုလုပ်ကျွေးနေတဲ့ ရွှေသမင်ကို ပြန်လွှတ်ပေးပါမယ်။ ရွှေသမင်ကြီး ပြန်လွှတ်လာတာကို တွေ့ရတဲ့အတွက် ရွှေသမင်တို့ရဲ့ မိအို,ဖအိုများ ဝမ်းမြောက်ကြပါစေကွယ်'

ထိုသို့ပြောဆိုပြီးလျှင် မုဆိုးသည် ကိုင်ထားသောလှံကို ပစ်ချလိုက်၏။ အသင့်ပါလာသော ဓားထက်ထက်ဖြင့် သားရေကျော့ကွင်းကို ဖြတ်တောက်လိုက်၏။ ထို့နောက် ရောဟဏရွှေသမင်ကိုလည်း လည်ပင်းမှ ပွေ့ဖက်၍ ရေစပ်၌ အသာအယာစောင်းလျက် အိပ်စေပြီးသော် ဒဏ်ရာကို ရေအေးအေးဖြင့် ဆေးကြောပေး၏။

သွေးစသွေးနများ စင်ကြယ်သွားသောအခါ ပြတ်သွားသော အကြောများကို အကြောချင်း တော့ဆက်ပေး၏။ ပြတ်သွားသော အသားများကို အသားချင်း တော့ဆက်ပေး၏။ ပြတ်သွားသော အရေများကို အရေချင်း တော့ဆက်ပေး၏။ ဒဏ်ရာပေါ်တွင် ရေအေးအေးဖြင့် ဖျန်းကာ,ဖျန်းကာ ညင်သာစွာ ပွတ်သပ်၍ပေး၏။

ဤအချိန် ဤကာလ၌ ဒဏ်ရာရအောင် ပြုသူနှင့် ဒဏ်ရာရသူဟူ၍ သူတို့နှစ်ဦးသားကို ခွဲခြား၍မရနိုင်တော့ပါ။ ဤသူကား မုဆိုး၊ ဤသူကား သားကောင်ဟူ၍ မဆိုနိုင်တော့။ ကိုယ်ခန္ဓာအားဖြင့် တစ်ပါးစီဖြစ်ကြသော သူတို့နှစ်ဦးသည် စိတ်ဓာတ်အားဖြင့် တစ်သားတည်း ဖြစ်နေကြ၏။ တစ်ဦးသောသူသည် တစ်ဦးသောသူကို မိမိနှင့် ထပ်တူထား၍ မေတ္တာပွားနေ၏။ တစ်ဦးသောသူသည် မေတ္တာပွားသူလည်းဖြစ်၍ မေတ္တာခံယူသူလည်း ဖြစ်၏။ တခြားတစ်ဦးကလည်း မိမိထံ လွှမ်းခြုံလာသည့် မေတ္တာဓာတ်အားတို့ကို ကျေကျေနပ်နပ် ခံယူကာ ကြည်နူးဝမ်းသာစွာဖြင့် မေတ္တာဓာတ်အားများကို ပို့လွှတ်ပေးနေ၏။

'အလို.. မေတ္တာစွမ်းအားက ကြီးမားလွန်းလှပါတကား'

ရွှေသမင်မောင်နှမတို့၏ မျက်စိရှေ့မှာပင် ပြတ်နေသော အကြောတို့သည် အကြောချင်း ပြန်ဆက်သွား၏။ ပြတ်နေသော အသားတို့လည်း အသားချင်း ပြန်ဆက်သွားကြ၏။ ပြတ်နေသော အရေတို့သည် အရေချင်း ပြန်ဆက်သွားလေ၏။ ကျော့ကွင်းဒဏ်ချက်ကြောင့် ပွန်းပဲ့သွားသည့် အမွေးများလည်း ချက်ချင်းပြန်ပေါက်လာ၏။ ရွှေရောင်အမွေးများက နဂိုပကတိအတိုင်း ပြန်ဖြစ်လာခဲ့သဖြင့် ဒဏ်ရာရခဲ့သည့် နေရာကိုပင် ပြန်ရှာဖို့ ခက်ခဲနေ၏။

'ကဲ..ဒဏ်ရာလည်း မရှိတော့ဘူး။ ပြန်ကောင်းသွားပြီ။ ထနိုင်ပါပြီ။ ကိုင်း..ယောက်ျားဘာသား ထလိုက်စမ်း'

မုဆိုးက အသာအယာထူမ,ပေးလိုက်ရာ ရောဟဏရွှေသမင်ကလည်း နဂိုအတိုင်း ပြန်ရပ်နိုင်ခဲ့ပြီ ဖြစ်၏။ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနေကြသူ လေးဦးအနက် ဝမ်းအမြောက်ဆုံးသူမှာ ညီတော် စိတ္တရွှေသမင်ပင် ဖြစ်၏။

ထို့ကြောင့် သူက-

'အဆွေမုဆိုး..သေဘေးက လွတ်မြောက်လာတဲ့ နောင်တော်ကြီးကို တွေ့လိုက်ရတဲ့အတွက် အထူးပင် စိတ်ကြည်နူးဖြစ်ရပါတယ်။ ထို့အတူပဲ အဆွေမုဆိုးမှာလည်း ဆွေတွေမျိုးတွေ တစ်အိုးတစ်မကြီးနဲ့ စိတ်ကြည်နူးဝမ်းမြောက်နိုင်ပါစေ'ဟု ကျေးဇူးစကားပြောကြားခဲ့သည်။

ထို့နောက်မှာတော့ ရောဟဏရွှေသမင်က မုဆိုးအား ဤတော ဤတောင်သို့ စွန့်စွန့်စားစား လာခဲ့ရသည့် အကြောင်းကို မေးမြန်းရာ မုဆိုးလည်း အကြောင်းစုံကို ပြောပြလေ၏။

ထိုအခါ ရောဟဏရွှေသမင်က-

'အလို..အသင်မုဆိုးဟာ ပြုနိုင်ခဲတဲ့ အမှုကြီးကို ပြုလုပ်တာပါကလား။ ဒီလိုဆိုရင် အတူတူသွားကြစို့။ ကျွန်ုပ်ကို ဗာရာဏသီမင်းကြီးထံ ဆက်သလိုက်ပေါ့။ အဲဒီအခါ အသင်မုဆိုးမှာလည်း ဆုတွေလာဘ်တွေအများကြီးရမယ်။ မိဖုရားကြီးကို တရားဟောခွင့်ရတာပေါ့'

'မလုပ်ပါရစေနဲ့။ ရွှေသမင်မင်းပေးမယ့် ဆုတော်လာဘ်တော်တွေကို မလိုချင်တော့ပါဘူး။ အသင်ရွှေသမင်မင်းသာ ကြွလိုရာ ကြွပါတော့'

'သြော်..ပြုနိုင်ခဲတဲ့အမှုကို ပြုတဲ့သူကိုး။ အေး-ကောင်းပါပြီလေ။ ကျွန်ုပ်ကိုယ်တိုင်လည်း မလိုက်ရဘဲ အဆွေမုဆိုးမှာလည်း ဆုတော်လာဘ်တော်တွေရအောင် လုပ်ပေးလိုက်ပါမယ်။ ကိုင်း..အဆွေမုဆိုး၊ ကျွန်ုပ်ကျောကုန်းကို လက်နဲ့ ပွတ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com

ရောဟဏရွှေသမင်မင်း ပြောတဲ့အတိုင်း မုဆိုးက ပွတ်သပ်လိုက်ရာ လက်ထဲမှာ ရွှေအမွေးများ ကပ်ပါလာ၏။

'ကောင်းပြီ အဆွေမုဆိုး၊ အဲဒီရွှေရောင်အမွေးတွေကို ဗာရာဏသီမင်းကြီးထံ ပြလိုက်ပါ။ ဆုတော်လာဘ်တော်တွေ ရပါလိမ့်မယ်။ နောက်ပြီးတော့လည်း မိဖုရားကြီးကို ကျွန်ုပ်ကိုယ်စား ဟောကြားရမယ့် တရားဂါထာတွေကို သင်ယူမှတ်သားသွားပါ'

ထိုကဲ့သို့ တိုက်တွန်းစကား ပြောကြားပြီးလျှင် ရောဟဏသမင်မင်းက မင်းကျင့်တရားဆယ်ပါးနှင့် သက်ဆိုင်သည့် တရားဂါထာတွေကို သင်ကြားပေးလိုက်လေ၏။

မုဆိုးသည် တရားဂါထာများကို ရိုသေစွာ ခံယူသင်ကြားလာခဲ့ပြီးလျှင် ဗာရာဏသီမင်းကြီးရှေ့မှောက်သို့ ဝင်ရောက်၍ ရောဟဏရွှေသမင်မင်း၏ ရွှေအဆင်း အမွေးတို့ကို ဆက်သလေ၏။ ခေမာမိဖုရားကြီးကိုလည်း ရွှေသမင်မင်း၏ကိုယ်စား တရားဂါထာများကို ဟောကြားလေ၏။ မင်း၊ မိဖုရား နှစ်ပါးလုံးက အားရကျေနပ်လှသဖြင့် ဆုတော်လာဘ်တော်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလေ၏။

မုဆိုးကြီးသည် ရရှိလာသည့် စည်းစိမ်ဥစ္စာတို့ကို သားမယားထံ အပ်နှံပြီးလျှင် လူ့ဘောင်ကိုစွန့်ခွာ၍ မြင့်မြတ်သော ရသေ့ရဟန်းဘဝသို့ ကူးပြောင်းခဲ့လေ၏။ ဒေါး မဲ့တောနယ်မြေတွင် ကျန်ရှိခဲ့သော ရွှေသမင်တို့၏ မိအို ဖအိုတို့သည် စကားစပ်မိတိုင်း မုဆိုးကြီးအတွက် ကျေးဇူးတင်စကားများကို ပြောဆိုကာ မေတ္တာပို့သလျက် ရှိလေ၏။

ညီတော် စိတ္တရွှေသမင်နှင့် နှမတော် သုတနာရွှေသမင်တို့သည် မိအို ဖအိုကြီးများကို ပြုစုလုပ်ကျွေးရင်း နောင်တော်ကြီး၏ ဆုံးမသွန်သင်မှုများကိုခံယူလျက် ပါရမီကုသိုလ်တရားများကို ကြိုးစား၍သာ ဆည်းပူးနေကြလေ၏။

မောင်ထည်ဝါ(ပျော်ဘွယ်)

<u>ကျမ်းကိုး</u>

* ဝဏ္ဏသီရိ၊ ညီတော်အာနန္ဒာ၏ ဇာတ်လမ်းများ။


# ဆရာကြီးဦးအေးထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းတူသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း။
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း။
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ည (၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈

www.burmeseclassic.com

# ယဉ်ကျေးချိုသာသောစကားကို ပြောဆိုပါ

**မောင်စိုးဦး**



ဘုရားရှင်ရဲ့ သာသနာ
တော်မှာ နေတယ်၊ ဘုရားရှင်
ရဲ့ တပည့်သားအဖြစ် ခံယူတယ်
ဆိုရင် ဘုရားရှင် အားရကျေနပ်
အောင် မိမိတို့ ကျင့်သင့်
ကျင့်ထိုက်တဲ့ ကျင့်ဝတ်တွေကို
ကြိုးစားပြီး ဖြည့်ကျင့်ရမယ်။
(မြတောင်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသာသနာဘိဝံသ)

◆◆◆

လျှာဟူသည် သုံးလက်မသာ ရှည်သည်။ သို့သော် အရပ်(၆)ပေရှိသော လူတစ်ယောက်ကို သေစေနိုင်သည် ဆိုသော ဂျပန်စကားပုံလေးကို ကျွန်တော် နှစ်မြို့က်သ… အဘယ်ကြောင့်ဆိုသော် စကားတစ်ခွန်းကြောင့် သေ…

www.burmeseclassic.com

www.burmeseclassic.com

သွားရသူတွေ၊ အိပ်ရာထဲ လဲသွားသည့်လူတွေ၊ အားအင်ကုန်ခမ်းပြီး စိတ်ဓာတ်ကျသွားသည့် လူတွေကို မကြာခဏ တွေ့နေရသောကြောင့် ဖြစ်သည်။

အခုတလော ဖတ်နေရသည့် သတင်းတွေထဲတွင် အရှုံးစကားကြောင့် လူသတ်မှုတွေ ဖြစ်ကြသလို ချစ်သူက အဆက်ဖြတ်သည့် စကားကြောင့် မိမိကိုယ်မိမိ သတ်သေသွားသည့် သတင်းမျိုးကိုလည်း မကြာခဏ ဖတ်နေရသည်။ ဆိုလိုသည်မှာ စကားတစ်ခွန်း၏ သက်ရောက်မှုပင် ဖြစ်သည်။ ဥပမာ-စာမေးပွဲ အောင်တယ်ဆိုသော သတင်းစကားက ပျော်ရွှင်တက်ကြွစေသော်လည်း စာမေးပွဲ ကျသည်ဆိုသော စကားက သောကဝေစေခဲ့၏။

လူဆိုသည်မှာ စကားပြောသော သတ္တဝါဖြစ်သည်။ စကားဆိုသည်ကလည်း ဆက်သွယ်ရေးအတွက် ကြားခံကိရိယာဖြစ်သည်။ ထို့ကြောင့် မည်သည့်လူမျိုးမဆို မိမိဘာသာနှင့် မိမိစကား ပြောကြသည်။ သို့သော် မိမိစကားတစ်ခွန်းကြောင့် တစ်စုံတစ်ယောက် အနှောင့်အယှက် မဖြစ်ဖို့ လိုသည်။ မင်္ဂလာပါဆိုသော စကားသည် ကျက်သရေရှိသော်လည်း ဆဲရေးတိုင်းထွာသော စကားက ကြားရသူတိုင်း စိတ်ပျက်ကြသလို ကာယကံရှင်လည်း အကုသိုလ်ဖြစ်ရသည်။

လူ့ဘောင်လောကတွင် အများဆုံး မှားရန် အဆင်သင့်ဖြစ်နေသော အရာမှာ ပါးစပ်ဖြစ်သည်။ ထို့ကြောင့် ဆိတ်ဆိတ်နေပါ၊ (သို့မဟုတ်) ဆိတ်ဆိတ်နေခြင်းထက် ပို၍ တန်ဖိုးရှိသော စကားကို ပြောပါဟု ဆရာကြီး ပိုက်သာဂိုးရပ်က ဆိုခဲ့ခြင်းဖြစ်သည်။ ထို့အတူ လူကြီးမိဘ၊ ဆရာသမားများကလည်း အရာရာကို သတိနှင့် ဆင်ခြင်ပြီး ကြံစည်ပြောဆို လုပ်ကိုင်ပါဟု ဆုံးမခဲ့ခြင်းဖြစ်သည်။

ယခုအခါ လူတိုင်းနီးပါးလောက် ဖေ့(စ်)ဘုတ်သုံးကြသောကြောင့် တချို့စကားလုံးများက အကောင်းမြင်စိတ်နှင့် ရေးကြသော်လည်း တချို့မှတ်ချက်များက ညစ်ညမ်းပြီး အကုသိုလ်ဖြစ်စေသည်။ ထို့ကြောင့် ဖေ့(စ်)ဘုတ်သုံးသော သားကိုလည်း ဒေါသသင့်စေသော၊ အကုသိုလ်ဖြစ်စေသော အသုံးအနှုန်းများ မသုံးဖို့ သတိပေးဆုံးမထားရသည်။

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း နေလို့မရသော အမျိုးအစားဖြစ်သည်။ မိဘရှိသည်။ သူငယ်ချင်း မိတ်ဆွေရှိသည်။ ဆွေမျိုး ညီအစ်ကိုမောင်နှမရှိသည်။ ဝန်းကျင်ရှိသည်။ ဝန်းကျင်ဆိုသည်မှာလည်း လူတွေနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မိမိစကားသံ အပြောအဆို အသုံးအနှုန်းကြောင့် အကုသိုလ်မဖြစ်ဖို့လိုသလို တခြားလူတွေအတွက် စိတ်အနှောင့်အယှက် မဖြစ်ဖို့တော့ လိုသည်။

ကျွန်တော်တို့ဝန်းကျင်မှာ အိမ်တစ်အိမ်ရှိသည်။ ထိုအိမ်တွင် အိမ်ထောင်ဦးစီးတစ်ယောက်သာ အမျိုးသားဖြစ်ပြီး ယောက္ခမအပါအဝင် မိသားစု(၅)ဦးမှာ အမျိုးသမီးများသာဖြစ်၏။ အပျိုအရွယ် သမီးသုံးယောက်ပါသည်။ ထိုပုဂ္ဂိုလ်သည် နေ့တိုင်း အရက်မူးပြီး မူးသည့်အခါတိုင်းလည်း တစ်အိမ်လုံးကို အကျယ်လောင်ဆုံးသောအသံဖြင့် နားမခံသာအောင် အော်ဟစ်ဆဲဆိုသည်။ (သူ ဆဲသည့် အသုံးအနှုန်းများမှာ ခါးအောက်ပိုင်းလှုပ်ရှားမှုများ ဖြစ်၏။) ကျွန်တော် အတိအကျ ရေးမပြရဲပေ။ ထိုအပြောအဆိုများသည် အကုသိုလ်ဖြစ်သည်ဆိုသော အကြောင်းကို သားလေးအား ပြောပြရသည်။

ထိုသို့ပြောပြရာတွင် ဝစီဘေဒ ထိတိုင်းရှုဆိုသော အသိမျိုးကိုလည်း သား၏ရင်ထဲ ထည့်ပေးရသည်။ နှုတ်ဝစီသည် ထိန်းသိမ်းဖို့ အလွန်အရေးကြီးသည်။ ထို့အတူ နှုတ်ကို အကျိုးရှိစွာ အသုံးချတတ်ဖို့လည်းလိုသည်။ သုံးတတ်လျှင် ဆေးဖြစ်ပြီး မသုံးတတ်လျှင် ဘေးဖြစ်သောကြောင့် မိမိတို့နှုတ်ထွက်စကားသည် ကြားရသူအပေါင်း နှစ်သက်ဖို့ လိုသည်။ ထို့ပြင် ချိုသာသော စကားသည် လူပင်မဆိုထားနှင့် တိရစ္ဆာန်များပင် သဘောကျကြောင်းကိုလည်း ကျွန်တော်ဖတ်ဖူးသည်။ တစ်ဆက်တည်းမှာပင် နှုတ်မစောင့်စည်းသော ကောကာလိကသူဌေးကြီး၏သား အကြောင်းကိုလည်း သတိရသွားမိ၏။

◆◆◆

ကောကာလိကတိုင်း၊ ကောကာလိကမြို့ရှိ ကောကာလိက သူဌေးသားသည် ဖခင်က ရဟန်းပြုပေးသောကြောင့် ဖခင်ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးတွင် စူဠကောကာလိက အမည်ဖြင့် သီတင်းသုံးတော်မူခဲ့က ဖြစ်၏။

ထို့အတူ မြတ်ဗုဒ္ဓလည်း သာဝတ္ထိပြည် ဇေတဝန်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်တွင် သီတင်းသုံးနေ၏။ ထိုအချိန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် သာဝကကြီးနှစ်ပါးလည်း တပည့်(၅၀၀)နှင့်အတူ ဒေသစာရီကြွရင်း ဝါဆိုခါနီးသဖြင့် တပည့်များကို တခြားသင့်လျော်မည့် နေရာတွင် သီတင်းသုံးစေကာ သာဝကကြီးနှစ်ပါးက ကောကာလိက ရဟန်း၏ကျောင်းတွင် သီတင်းသုံးဝါဆိုလေသည်။ ထို့ပြင် ကောကာလိကကိုလည်း သာဝကကြီးနှစ်ပါး သီတင်းသုံးနေကြောင်း မည်သူ့မျှ မပြောရန် မှာထား၏။

ထို့ကြောင့် သာဝကကြီးနှစ်ပါး ရောက်နေကြောင်း မည်သူမျှ မသိကြပေ။ သည်လိုနှင့် ဝါကျွတ်ပြီး ပဝါရဏာပြု ပြန်ကြွတော့မည့်အချိန်တွင် ကောကာလိကက တစ်ရက်၊ နှစ်ရက်လောက် သီတင်းသုံးပါဦးဟုဆိုကာ အရပ်ထဲက လူများကို ခင်ဗျားတို့ တော်တော်ညံ့တာပဲ။ အဂ္ဂသာဝကကြီးနှစ်ပါး သီတင်းသုံးနေတာတောင် မသိဘူးဟု ပြောဆိုလေသည်။ ထို့နောက် အားလုံးက သိသွားပြီးနောက် အုတ်အော်သောင်းတင်းဖြစ်ကာ လှူဖွယ်ပစ္စည်းများနှင့် ကျောင်းသို့ ရောက်လာခဲ့ကြ၏။

ထိုစဉ် ကောကာလိကကလည်း မထေရ်ကြီးနှစ်ပါး အလှူမခံလျှင် လှူဖွယ်ပစ္စည်းတွေအားလုံး သူ့အတွက် ဖြစ်မည်ဟု တွက်ထား၏။ သို့သော် မထေရ်ကြီးနှစ်ပါးက ဝိညတ်သုံးကာ သုံးပါးစလုံး ပစ္စည်းများနှင့် မအပ်စပ်ဟုဆိုသောကြောင့် ကောကာလိကလည်း မည်သည့်ပစ္စည်းမျှ မရခဲ့ပေ။ ထို့ကြောင့် ကောကာလိက မကျေမနပ်ဖြစ်ပြီး ကျန်ခဲ့လေသည်။

ထို့နောက် နှစ်လ၊ သုံးလလောက် ကြာသည့်အခါ မထေရ်မြတ်ကြီးနှစ်ပါးသည် သံဃာငါးရာနှင့်အတူ ဒကာများက ပင့်ဖိတ်ထားသောကြောင့် ထပ်မံကြွရောက် ချီးမြှင့်ခဲ့ကြ၏။ ဒကာ၊ဒကာမများကလည်း ခမ်းခမ်းနားနား ပူဇော်ကြသည်။ ထိုအခါ ကောကာလိက ရဟန်းသည် မထေရ်မြတ်ကြီး နှစ်ပါးထံသွားကာ စောစောတုန်းကတော့ လောဘနည်းသယောင်၊ အခုကျတော့ လောဘကြီးနေတယ်။ တွေ့ကြသေးတာပေါ့ဟု ရန်တွေ့ကာ မြတ်ဗုဒ္ဓထံ ရောက်လာခဲ့၏။

ကောကာလိက ရဟန်းသည် ရောက်ရောက်ချင်းပင် မြတ်စွာဘုရား အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ဟာ အလွန်လောဘကြီးတဲ့ ပုဂ္ဂိုလ်တွေပါဘုရားဟု လျှောက်တင်လေသည်။ ထိုအခါ ဘုရားရှင်က ကောကာလိက အဲဒီလို မပြောကောင်းဘူး။ မထေရ်ကြီးတွေအပေါ် စိတ်ကြည်ကြည်လင်လင် ထားပါဟု သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူလေသည်။

သို့သော် ကောကာလိက ရဟန်းကလည်း မထေရ်ကြီးများကို သုံးကြိမ်တိုင် စွပ်စွဲပြောဆိုပြီးနောက် ဗုဒ္ဓ၏ရှေ့မှ ထွက်ခွာလာခဲ့၏။

ထို့နောက် မကြာမီမှာပင် ကောကာလိက ရဟန်းသည် တစ်ကိုယ်လုံး ပူလောင်လာပြီး ခန္ဓာကိုယ်မှာ အနာကြီးတွေ ထွက်လာခဲ့၏။ မုန်ညင်းစေ့၊ ပဲနောက်စေ့၊ ဥသျှစ်သီးအရွယ် အနာကြီးတွေဖြစ်ကာ အဆိပ်မိသည့်ငါးကဲ့သို့ ဇေတဝန်ကျောင်းပေါက်နားတွင် ငှက်ပျောရွက်များအပေါ် လဲလျောင်းနေလေသည်။

ထိုစဉ် ဆရာဖြစ်ခဲ့ဖူးသည့် အနာဂါမ်တူရူဗြဟ္မာကြီး ရောက်ရှိလာပြီး ကောကာလိက မထေရ်ကြီးတွေအပေါ် စိတ်ကြည်ကြည်လင်လင်ထား တောင်းပန်လိုက်ဟု ပြော၏။ သို့သော် မရပေ။ ထို့နောက် ဗြဟ္မာကြီးက ကောကာလိက လူတစ်ယောက်ဟာ မွေးဖွားလာကတည်းက ပါးစပ်မှာ ဓားမကြီးပါလာတယ်။ လူမိုက်ဟာ အဲဒီဓားမကို အသုံးမပြုတတ်တော့ မိမိကိုယ်မိမိ ပြန်ခုတ်တယ်။ ကဲ့ရဲ့ရမည့်သူကို ချီးကျူး၊ ချီးကျူးရမည့်သူကို ကဲ့ရဲ့တတ်တဲ့သူဟာ နှုတ်နဲ့ အပြစ်တွေယူပြီး ချမ်းသာမရတော့ဘူး။ လောင်းကစားရှုံးသူဟာ နည်းနည်းလေးပဲ။ အရိယူပ ဝါဒနွယ် ရှုံးသူဟာ တကယ့်မဟာအရှုံးပဲ။ မင်းဟာ ဒီနှုတ်ကြောင့် ပဒုမငရဲမှာ ခံရတော့မယ်ဟု ဆုံးမပြီး ဗြဟ္မာပြည်သို့ ပြန်ကြွသွားလေသည်။

ထိုသို့ဆုံးမသည့်တိုင် ကောကာလိက ရဟန်းသည် ဗြဟ္မာဆိုတာ လူ့ပြည်မလာဘူးဆိုပြီး အခု ဘာကြောင့် လူ့ပြည်လာရတာလဲဟု ရန်တွေ့လိုက်သေး၏။

ထို့နောက် ကောကာလိက ပျံလွန်တော်မူပြီးနောက် ပဒုမငရဲသို့ ရောက်သွားလေတော့သည်။ နောက်တစ်နေ့တွင် ဘုရားရှင်က ရဟန်းတော်များကို မနေ့ညချမ်းအချိန်က ကောကာလိကရဟန်း ပဒုမငရဲ ရောက်သွားသည်ကို ဗြဟ္မာကြီး လာရောက်လျှောက်ထားသည့်အကြောင်း မိန့်ကြားပြီး ဆုံးမတော်မူခဲ့လေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခု ဆက်လက်တင်ပြလိုသည်မှာ တိရစ္ဆာန်ခင်လျှင် ချိုသာသောစကားကို နှစ်သက်သည့်အကြောင်းဖြစ်ပြီး ကျွန်တော်တို့ ကျောင်းသားဘဝက သင်ခန်းစာအဖြစ် သင်ခဲ့ရသည့် နန္ဒိဝိသာလဇာတ် အလောင်းတော်နွားလားဥသဘ အကြောင်းပင် ဖြစ်၏။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်တွင် ဂန္ဓာရာဇ်မင်း မင်းပြုနေချိန်ကဖြစ်သည်။ ထိုစဉ်က ဘုရားအလောင်း နွားဘဝ ဖြစ်နေခဲ့၏။ နန္ဒိဝိသာလဟု အမည်ရသည့် နွားရှင်ပုဏ္ဏားသည် ယာဂုထမင်း စသည်တို့ကို ကျွေးမွေးကာ သားသမီးအရင်းသဖွယ် စောင့်ရှောက်ထားလေသည်။ တဖြည်းဖြည်းနှင့် ခွန်အားကောင်းလာသည့်အခါ သူ့သခင်ကို ကျေးဇူးဆပ်လို၏။ ထို့ကြောင့် လှည်းတစ်ရာကို ဆွဲနိုင်သည်။ အသပြာတစ်ထောင်ကြေးလောင်းဟု ဆို၏။

သခင်ပုဏ္ဏားကလည်း နွားသူဌေးနှင့် လောင်းသည်။ ထိုနေ့က ပုဏ္ဏားသည် လှည်းဦးတွင်ထိုင်ပြီး 'ဟဲ့··စဉ်းလဲကောက်ကျစ်သောနွား၊ သွားစမ်း။ စဉ်းလဲကောက်ကျစ်တဲ့နွား၊ သွားစမ်း'ဟု ပြောပြီး မောင်းသည်။ နွားက လှုပ်တောင် မလှုပ်ပေ။ ထို့ကြောင့် ပုဏ္ဏားလည်း အသပြာတစ်ထောင် ရှုံးလေသည်။

ထိုအခါ နန္ဒိဝိသာလနွားက ငါ မစဉ်းလဲ မကောက်ကျစ်ဘဲနဲ့ အဘယ်ကြောင့် စဉ်းလဲကောက်ကျစ်သည်ဟု ပြောသနည်း။ နောက်တစ်ကြိမ် နှစ်ထောင်ဖိုးလောင်းဟု ဆို၏။ ထို့ကြောင့် ပုဏ္ဏားကြီးလည်း နှစ်ထောင်ဖိုးလောင်းပြန်သည်။ ထိုနေ့က ပုဏ္ဏားကြီး၏ အပြောအဆိုများမှာ အလွန်ကြည်နူးစရာ ကောင်းနေခဲ့၏။

'ကဲ··လိမ္မာလိုက်တဲ့သားလေး၊ ဇမ္ဗူဒိပ်မှာ ပြိုင်စံရှားတဲ့ နွားလားဥသဘကွ။ ဖေ့သားလေး··ရုန်းထားစမ်း'ဟု ပြောပြီး မောင်းလေသည်။ ထိုအခါ သာယာနာပျော်ဖွယ်ကောင်းသော အသံကြောင့် နွားလားဥသဘလည်း အားကုန်ရုန်းလိုက်ရာ အသပြာနှစ်ထောင် အနိုင်ရသွားလေသည်။

ထို့ကြောင့် ဗုဒ္ဓက နှစ်သက်မြတ်နိုးဖွယ်ရာ စကားကိုသာ ပြောဆိုရမယ်ဟု ဆုံးမခဲ့ခြင်းဖြစ်သည်။

**မောင်မိုးဦး**


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

ဖော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး ဒေါ့စွန်ပါး သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်-ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်ဇီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက် သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

ယနေ့၏ ခေတ်ကာလတွင် မှတ်သားစရာ စကား ပေါင်းများ၊ ရှေးရာဇဝင်သမိုင်း၏ အကြောင်းတရားများ၊ မြန်မာ့ပညာရပ်မျိုးစုံ အတိတ်၊ နိမိတ် ဆိုသည်များတို့ကို လက်ခံမှု၊ လေ့လာမှုများ နည်းပါးလာသည်။ မြန်မာခေတ်တွင် အတိတ်၊ နိမိတ်နှင့် ဇမ္ဗူဒိပ်ဩဘာ အတိတ်ထွန်းသော တောင်ကျွန်းဒီပါဟု လူမျိုးနှင့် တိုင်းပြည်အတွက် ပြောစမှတ်ထင်ခဲ့ပါသည်။ မြန်မာခေတ်နှင့် အတိတ်၊ နိမိတ်၊ တဘောင်၊ ဘဝေါတို့သည် ဖြစ်စဉ်နှင့် ရာဇဝင်သမိုင်းအရလည်း ရှိခဲ့သည်။ ဂမ္ဘီရဆိုသော အသိရခက်သည့် ပညာရပ်နှင့် ဂန္ဓာရီဆိုသည့် လှည့်လည်ရှာဖွေခြင်း ပညာရပ်များ ရှိခဲ့သည်။ ရှိလည်း ရှိနေသေးသည်။

ထိုသည်တွင် ရှိခဲ့ဖူးသည့် နိမိတ်ဖတ်သူ၊ နိမိတ်ကောက်သူ၊ အတိတ်ပေးသူ၊ အတိတ်ကောက်သူဟူ၍ ရှေးမင်းများလက်ထက် နန်းတော်တွင်း၌ သီးခြားထားရှိသည်။

ဗေဒင်ဟောရသူ၊ လက္ခဏာတော်ဖတ် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို (ဟူးရားဖြူ၊ ဟူးရားညိုဟုလည်း ခေါ်သည်)တို့က ဗေဒင်တွက်၊ လက္ခဏာကြည့်ပြီး အချိန်အခါ အတွေ့အမြင်တို့ကိုပါ အတိတ်ကောက်၊ နိမိတ်ဖတ်၊ အခါပေးခြင်းတို့ကိုပါ ပြုကြရသည်။ ထိုအတိတ်နိမိတ်ကို အမှတ်အသားပြုပြီး လိုက်နာလုပ်ဆောင်သဖြင့် စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေးနှင့် လူမှုကိစ္စအဝဝတို့ကို လုပ်ဆောင်နေကြသည်မှာ ယုံကြည်၍ လုပ်ဆောင်ခြင်းလား




www.burmeseclassic.com

www.burmeseclassic.com

...ရန့်င် လုပ်ဆောင်နေကြတာလားဆိုတာကို ...ကို ဝေဖန်ဆန်းစစ်ရန်တော့ လိုအပ်ပါသည်။

ရှေးခေတ်က တိုင်းပြည်အုပ်ချုပ်သော မင်း၊ မှူးမတ်၊ ...ပါ၊ စစ်သူကြီးများ၊ မြို့စားနယ်စား စသည့် ပုဂ္ဂိုလ် ...သည်ပင် အတိတ်၊ နိမိတ်များကို ကြည့်စေပြီး ရှောင် ...ဆောင်ရန်ကို လိုက်နာဆောင်ရွက်ခြင်း၊ အဓိဋ္ဌာန်ပြု ...ခြင်း ကျိန်ဆိုခြင်း၊ ဂုဏ်တော်၊ ပရိတ်တော်များကိုပါ ...ဆိုပူဇော်ကြပြီး မိုးကောင်းကင်နှင့် တောတောင်ရေမြေ ...ပါ အသိသက်သေပြုခဲ့ကြသည်။ ယုံကြည်ခြင်းကြောင့် ...ောင်မြင်အကျိုးရှိခဲ့ကြသည်။

အတိတ်၊ နိမိတ်ထူးများ၏ ဖြစ်ရပ်မှန်များမှာ မော်ဘီ ...ရာတိုင်း(ရေကျော်ရွာ၊ သဲဖြူရွာ) (မော်ဘီဆရာသိန်း၏ ...ည့်၊ စာရေးသူ၏ အဘိုးလေး)ထံမှ ဖတ်မှတ်ခဲ့ရသည် ...မှာ သက္ကရာဇ်(၁၂၁၂)ခုနှစ်တွင် ဒီပဲယင်းဝန်သည် ...သာဝတီသို့ စစ်ချီမည်ဟု တပ်ထွက်ရန်ပြုသောနေ့တွင် ...တ်ရုံးရှေ့ တပ်ထွက်ရာတွင် အမိန့်တော်ပြန်နေစဉ် ခြေ ...င်းထားသော ကြမ်းပြင်သည် ကျိုးကျသွားလေသည်။ ...ယင်းစစ်ဝန်မှာ စစ်ထွက်ရာမှ နေရင်းသို့ ပြန်မရောက် ...တော့ပေ။ ကြမ်းကျိုးသည့် နိမိတ်ကို အလေးမထား၍ ...င် ဖြစ်သည်။

သက္ကရာဇ်(၁၂၄၂)ခုနှစ်တွင်လည်း ယောဝန်ကြီး ...သည် တပ်မှူးတပ်ဗိုလ်များနှင့် မိုးနဲ့အရပ်ကို စစ်ချီရန် ...တွက် စည်းဝေးတိုင်ပင်နေရာ ယောဝန်ကြီးဦးပု ဆောင်း ...သော ရွှေထီးမှာ ထောင်ထားလျက်မှ လဲပြိုကျသွားလေ ...သည်။ တပ်ချီရာတွင်လည်း ဆင်ပေါ်မှ ကိုယ်တစ်ပတ် ...လည်၍ ကျလေသည်။ ယောဝန်ကြီးဦးပုသည် ရန်သူ ...တ်ချက်နှင့် မိုးနဲ့တွင် ကျဆုံးသွားလေသည်။ သူဆောင်း ...သော ရွှေထီးလဲခြင်း၊ ဆင်ပေါ်မှ ကျခြင်းနိမိတ်ကြောင့် ...ဖြစ်ရခြင်း ဖြစ်သည်။

အင်းဝပြည့်ရှင်စနေမင်း၏သားတော် တလုပ်မြို့ကို ...ရသော ဂါမဏိမင်းသားငယ်သည် အသက်(၁၃)နှစ် ...သာ ရှိသေးသည်။ ဗိုလ်မှူးအဖြစ်ခန့်၍ ကျိုင်းတုံကို ...တိုက်စေသည်။ နန်းရှေ့တပ်ရုံးမှ အထွက်တွင် ငှက်စွန် ...တစ်ကောင်က အစာအဖြစ် ချီလာသော ကြက်ပေါက် ...လေးကို ဂါမဏိမင်းသားငယ်စီးသော ဆင်၏ဦးကင်း ...ပေါ်ကို ပစ်ချလေသည်။

ထိုအဖြစ်ကိုမြင်သော ပညာရှိမှူးမတ်များနှင့် အတိတ် နိမိတ်ကောက်သူတို့က 'စွန်ငှက်သည် အင်္ဂါနံဖြစ်ပြီး ဂါမဏိမင်းသား၏နံ ကြက်သည် တနင်္လာနံ ကျိုင်းတုံ ဖြစ်ခြင်းကြောင့် ကွေ့ရှမ်းတို့အား အောင်မြင်မည်ဖြစ် သည်' ဟု အဟောထုတ်ကြလေသည်။ ဂါမဏိမင်းသား ငယ်သည် ကျိုင်းတုံကို အောင်နိုင်ခဲ့သည်။

ဟံသာဝတီပြည့်ရှင် ဆင်ဖြူရှင်မင်းသည် သမိန်ထော ရာမနှင့် စစ်တိုက်ရန် အဓိဋ္ဌာန်ပြုရာတွင်-

'ဤစစ်ပြိုင်တွင် ငါက အောင်၍ သာသနာ့အကျိုး ကို သယ်ပိုးဆောင်ရွက်ရမည်ဖြစ်လျှင် အထက်ကောင်း ကင်၌ နိမိတ်ပြပါစေ။ ငါရှုံးမည်ဖြစ်သော် မြေကြီး၌ နိမိတ်ပြပါစေ' ဟူ၍ အဓိဋ္ဌာန်ပြု၍ ဆင်စီး၍ ရွှေကရားနှင့် ရေသွန်းချလေသည်။ ရေတို့ မြေပြင်ထက်သို့ ကျသည် တွင် ကောင်းကင်ပြင်၌ ငှက်မျိုးစုံတို့သည် ဝဲပျံ၍ ရုတ် ရုတ်သဲသဲ ကြွေးကြော်အော်ဟစ်နေကြသည်။ ဆင်ဖြူရှင် မင်းတရားသည် ခေတ္တတွေဝေငေးငိုင်သွားလေသည်။

ဆင်တပ်၏စစ်မှူး ဘယဂါမဏိက-

'လျင်မြန်စွာချီ၍ တိုက်ပါလေ။ မင်းကြီး အောင်မြင် မည့်နိမိတ် ဖြစ်ပါတယ်ဘုရား' ဟု လျှောက်တင်လိုက် သည်တွင် ဆင်ဖြူရှင်မင်းလည်း ဆင်ကိုလွှတ်၍တိုက်ရာ အောင်မြင်ခဲ့လေသည်။

ထိုသို့ပင် အလောင်းဘုရားမင်းသည် ဒဂုံမြို့ဆံတော် ရှင်ရွှေတိဂုံစေတီတော်၏ ရင်ပြင်ထက်တွင် ကိုယ်တိုင်ရော သားတော်၊ ညီတော်၊ တပ်ဗိုလ်၊ စစ်ကဲ၊ မှူးမတ်၊ အကြပ် ရဲမက်တို့ပါမကျန် နဝဂုဏ်တော်ကို အခေါက်ရေတစ် ထောင် ရွတ်ဆိုပွားများကြသည်။

ထို့ကြောင့် ရန်အပေါင်းကို အောင်မြင်ခဲ့ပြီး နောက် တစ်ကြိမ်တွင်လည်း ကျောက်မြောင်းအရပ်မှ မွန်တိုင်းကို စစ်ချီခါနီးတွင်-

'ငါက မွန်တို့ကိုအောင်၍ သာသနာ့အကျိုးကို ရွက် ဆောင်ရမည်ဆိုလျှင် အတိတ်နိမိတ်တော်များ ထင်ရှားစွာ ပြစေသော်'

ရွှေကရားမှရေကို အဓိဋ္ဌာန်၍ သွန်းလောင်းရာ မြေ ပြင်ပေါ်သို့ ရေစက်ကျသည်နှင့် တစ်ပြိုင်တည်း ကောင်း ကင်ပြင်ကြီးက မည်းမှောင်အုံ့မှိုင်း၍ မြောက်အရပ်တွင် မိုးပြင်း လေပြင်းများကျပြီး ချောင်းမြောင်းမြစ်ကြောတို့

www.burmeseclassic.com

www.burmeseclassic.com

တွင်ပါ လှိုင်းတံပိုးများ ပြင်းပြင်းထန်ထန်ကျပြီး မွန်တို့ တပ်ပျက်၍ အင်းဝမြို့ကို လက်လွှတ်ထွက်ပြေးကြရသည်။ အင်းဝမြို့တော်ကို လွယ်ကူစွာ သိမ်းပိုက်နိုင်လေသည်။

ပုဂံပြည်မင်းသည် အင်းဝမြို့ ငါးထပ်ကြီးဘုရား၏ ဒါယကာမင်းဖြစ်ပြီး တရုတ်တို့၏ ဖမ်းဆီးခြင်းကိုခံရပြီး အချုပ်အနှောင်နှင့်ထားရာ ညည့်နက်ချိန် လူခြေတိတ်သည်တွင် နဝဂုဏ်တော်ကို သုံးထောင်ပြည့်အောင် ရွတ်ပွားပြီး အိပ်လေသည်။

'မင်းကြီး..စိတ်တော်မပူပါနှင့်။ ယနေ့အာရုံကျင်းသည်တွင် သားတော်၊ သမီးတော်တို့နှင့် အခြွေအရံတို့ပါ အပါ ရွှေမြို့တော်ကို ပြန်ကြွတော်မူရပါမည်ဘုရား' ဟု နံနက်လင်းအားကြီးအချိန်တွင် ပုဏ္ဏားတော်ကြီး တစ်ယောက်က ခရုသင်းနှင့် ရေစင်သွန်းဖျန်းပေးသည်ဟု အိပ်မက်နိမိတ် မြင်မက်လေသည်။

နံနက်တစ်ချက်တီး [စက်နာရီ (၉)နာရီခန့်]တွင် တရုတ်စစ်သူကြီးများ၊ တရုတ်ရဲမက်များ ရောက်လာပြီး-

'အဆွေမင်းကြီးသည် သူတော်ကောင်းဖြစ်သည့်အတွက် ကျွန်ုပ်တို့၏မင်းကြီးက ရွှေမြို့တော်သို့ ပြန်ခွင့်ပြုလိုက်ပါတယ်' ဟု ပြောဆိုပြီး သန်လျင်(ထမ်းစင်)နှင့် ထမ်း၍ အင်းဝမြို့တော်ကို အရောက်ပင် တရုတ်တို့က ပြန်ပို့ပေးကြသည်။

ခနဖြူမြို့ခံတပ်တွင် စစ်သူကြီး မဟာဗန္ဓုလသည် နယ်ချဲ့ကုလားဖြူများ(အင်္ဂလိပ်)ကို စစ်ပြိုင်တိုက်မည့်အချိန်တွင် အဓိဋ္ဌာန်တစ်ခုပြုလေသည်။ သက္ကရာဇ်(၁၁၈၆)ခုနှစ် ဖြစ်လေသည်။

'ငါတို့ကနိုင်မည်ဖြစ်လျှင် ကောင်းကင်၌ နိမိတ်ပြပါစေ။ ကုလားဖြူ(အင်္ဂလိပ်)တို့က နိုင်မည်ဖြစ်ဆိုလျှင် မြေကြီးက နိမိတ်ပြပါစေ' ဟု အဓိဋ္ဌာန်ပြု၍ ရဲမက်ဗိုလ်ပုံအလယ်တွင် ရွှေဖလားနှင့် ရေကို သွန်းလောင်းလေသည်။ မြေအပြင်သည် ငလျင်လှုပ်သလို တုန်ခါသွားလေသည်။

ထိုနိမိတ်ကြောင့် စစ်သူကြီးမဟာဗန္ဓုသည် အတန်ကြာထိအောင် မှိုင်ငေးတွေဝေသွားမိသည်။ နိမိတ်အလိုအရ သူတို့က နိုင်ချေမည်။ လက်နက်ကိရိယာလည်း သာချေ၏။ ငါတို့က အသက်အတွက်ပင် အလှန်ကြိုးစားနိုင်ပါမှ လွတ်ကြမည်ဟု ဗိုလ်ပါရဲမက်စစ်သည်တို့ကို မိန့်ဆိုလိုက်သည်။

နောက်ငါးရက်အကြာတွင် ခံတပ်အတွင်း၌ပင် ဖိုးဆန်ထိမှန်သဖြင့် စစ်သူကြီးမဟာဗန္ဓုလသည် ခနဖြူမြို့၌ပင် ကျဆုံးရလေသည်။ အတိတ်၊ နိမိတ်တို့၏ အကျိုးသက်ရောက်မှုများ၏ အဖြစ်အပျက်များပဲ ဖြစ်သည်။

ဂါထာတော်၊ ပရိတ်တော်၊ သုတ်တော်၊ ဂုဏ်တော်တို့၏ အကျိုးသက်ရောက်မှုများကိုလည်း မှတ်သားထိုက်၍ ရေးသားဖော်ပြလိုက်ပါသည်။

အနုဿတိ(၁၀)ပါးနှင့် အကျိုးသက်ရောက်မှုများမှာ-

(၁) ဗုဒ္ဓါနုဿတိ၊
(၂) ဓမ္မာနုဿတိ၊
(၃) သံဃာနုဿတိ၊
(၄) သီလာနုဿတိ၊
(၅) စာဂါနုဿတိ၊
(၆) ဒေဝတာနုဿတိ၊
(၇) ဥပသမာနုဿတိ၊
(၈) မရဏာနုဿတိ၊
(၉) ကာယဂတာနုဿတိ၊
(၁၀)အာနာပါနုဿတိ..တို့ ဖြစ်သည်။

ထိုနုဿတိ (၁၀)ပါးသည် ကွမ်းခေါ်ဆိုသည့် တောင်ယာသမားကို စောင်းခြမ်းပင်စောင့်နတ်က ကွမ်းခေါ်၏ တင်မြှောက်ပူဇော်မှုကြောင့် ကိုယ်ထင်ပြပြီး-

'သင် ကောင်းစားချင်လျှင် အနုဿတိဆယ်ပါးကို နေ့စဉ် အခေါက်ရေအကြိမ် နှစ်ထောင်ပြည့်အောင် စီးဖြန်းရွတ်ဆို ပွားများပါ' ဟု တိုက်တွန်းပြောဆိုလေသည်။

ကွမ်းခေါ်လည်း စောင်းခြမ်းပင်စောင့်နတ် ပြောသည့်အတိုင်း လိုက်နာဆောင်ရွက်ရာတွင် အချိန်ကာလ မကြာမီမှာပင် ပေါက်ကံရွှေပြည်၏ ထီးနန်းကို ပိုင်စိုးအုပ်ချုပ်၍ မင်းအဖြစ်ကို ရရှိလေသည်။

ဥဒေတယံနှင့် အပေတယံဂါထာတော်သည်လည်း အစွမ်းသတ္တိထူးရှိပါသည်။ ဥဒေါင်းမင်းပရိတ်ဟု သိထားကြပြီး မောရသုတ်လာ အဖိုးတန်ဂါထာတော် ဖြစ်ပါသည်။ အင်းဝရွှေနန်းတော် သိမ်းပိုက်စိုးစံရသော စည်သူကျော်ထင်မင်းသည် ဥဒေတယံဂါထာကို နံနက်ပိုင်းတွင် အခေါက်တစ်ထောင်၊ အပေတယံဂါထာကို ညစဉ်တိုင်း အခေါက်တစ်ထောင်စီ ရအောင် ရွတ်ဆိုခဲ့ခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

-င်းဝရွှေနန်းရှင် ဖြစ်ခဲ့ရသည်။

ဥဒေတယံ အပေတယံဂါထာတော်မှာ-

* ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။
* ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

ဥဒေတယံ အစဂါထာကို နံနက်ပိုင်းတွင် ရွတ်ပွား -ပြီး အပေတယံ အစဂါထာကို ညည့်နက်ပိုင်းတွင် -ရွတ်ပွားနိုင်သည်။

* အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။
* ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ မကပ္ပယိ။

ဥဒေတယံနှင့် အပေတယံဂါထာကို ရွတ်ပွားကြ၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ။ ရှေးစကားဟောင်းနှင့် ဂါထာ ပရိတ်၊ အတိတ်၊ နိမိတ်တို့၏ သိထိုက်မှတ်ရာကို ရေးဖွဲ့၍ မျှဝေလိုက်ရပါသည်။

**စိုးယဉ်ထွန်း**


*(အဘိုးလေး မော်ဘီဆရာဝိုင်းနှင့် အဘိုးလေး၏ ဆရာ မော်ဘီဆရာသိန်းကိုပါ ရှိသေဂါရဝပြုလျက်)*




သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး


- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အာဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၉၊ ၀၉ ၇၃၀ ၇၆၄၉၄

www.burmeseclassic.com



# သာမညဆရာတော်ဘုရား၏
# ဣစ္ဆာသယဂုဏ်တော်နှင့်အင်း

ပုရောဟိတ် ဆရာဦးမြတ်စံ

တစ်နေ့သ၌ ပန်းချီဆရာကြီး ဦးထွန်းလှ၏ မိတ်ဆက်ပေးမှုကြောင့် ဂမ္ဘီရပညာရှင်အမည်ခံ စောကျော်စိန် ဆိုသူနှင့် မိတ်ဆက်ခွင့်ရခဲ့ပါသည်။ ဂမ္ဘီရပညာရှင် အချင်းချင်း ပညာနှီးနှောဖလှယ်ရန် ရည်ရွယ်ရင်းဖြင့် ပန်းချီဆရာ ဦးထွန်းလှက မိတ်ဆက်ပေးခြင်း ဖြစ်ပါသည်။ သာမညဆရာတော်၏ တပည့်ရင်းဟု စောကျော်ဝင်း၏ အဆိုအရ သိရပါသည်။ ပယောဂကုခြင်း၊ ဓာတ်ဗိန္ဒောကုခြင်း၊ ဗေဒင်ဟောခြင်း၊ ဂမ္ဘီရပညာဖြင့် လမ်းညွှန်ခြင်းဖြင့် ဖြစ်ကြောင်း- သိရပါသည်။

အမှန်စင်စစ် နာမည်ရင်းမှာ ကိုကျော်ဝင်း ဖြစ်ပြီး ကရင်ရွာသူရွာသားတွေက ကရင်တိုင်းရင်းသားတွေနှင့် နီးစပ်ရန် ကရင်တိုင်းရင်းသား မဟုတ်ဘဲ စောကို ၄င်း၏ နာမည်ရှေ့ကခံ၍ စောကျော်ဝင်း ဟူသတတ်။ နောက်တစ်ချက်က ရပ်ကွက်ထဲတွင် နံနက်စောစော အိပ်ရာမှထလျှင် ထချင်း လက်ဖက်ရည်တိုက်မည့်သူကို လိုက်ရှာလေ့ရှိသဖြင့် စောကျော်ဝင်းဟု ခေါ်သတတ်။

တကယ်တော့ စောကျော်ဝင်းမှာ သာမညဆရာတော်ဘုရားကြီး အရှင်ဦးဝိနယ၏ တပည့်ရင်း မဟုတ်သလို အထက်၌ ပြောခဲ့သလို ဗေဒင်၊ ပယောဂ၊ ဂမ္ဘီရ၊ ဓာတ်၊

ဗိန္ဒောပညာ တစ်ခုမှ မတတ်ပါ။ ဒူးနာနေသူ ဝေဒနာရှင် တွေ့ပါက လမ်းထိပ်သီတာဆေးဆိုင်မှ ဆရာခိုဒဏ်ကြေ လိမ်းဆေးကို ပုလင်းပြောင်းထည့်ကာ သူဖော်သယောင် ဆရာတော်ကြီး၏ အမိန့်အရ ဖော်ထားသယောင်ပေးလေ့ ရှိပါသည်။ ရန်ကုန်မှ ဂမ္ဘီရဆန်ဆန် အရုပ်ကလေးများကို တစ်အိမ်တက်ဆင်း ရှာဖွေ၍ တောင်းယူပြီး ဘုရားတည် သည့် နေရာတွင် ဌာပနာရန်ဟု အကြောင်းပြကာ ကရင် ရွာတွင် သွားရောင်းလေ့ရှိသော ဂမ္ဘီရပစ္စည်း ကုန်ကူးသူ တစ်ယောက်သာ ဖြစ်ပါသည်။

နောင်ကြာသောအခါ ရပ်ကွက်တွင်းမှ လူအများက သူ့အကြောင်း သိသွားကြသောအခါ အိမ်သို့ အလာမခံကြ တော့ပေ။ လမ်းခွဆုံတွင်ရှိသော ရွာတော်ရှင်နတ်ကွန်း သွားထိုင်ပြီး အသံမပွင့်တပွင့်ဖြင့် ၄င်း၏ ဂန္ဓာရီ အကြောင်း ပြောပါတော့သည်။ ရပ်ကွက်တွင်းမှ လူမျာ က စောကျော်ဝင်းကို စောစိန်ခိုဟု အမည်သညာပြုကြ သည်။ အကြောင်းမှာ မန်ဒါလီနှင့်ဘဲ စပ်ကျသော သ ဝါကို စိန်ခိုဟုခေါ်လေ့ရှိပြီး အသံမထွက်သော ဘဲမန် လီ ဖြစ်ပါသည်။ ယခုလည်း လည်ချောင်းနာ အသံဝင် နေသာသူပမာ မပွင့်တပွင့်အသံကြောင့် စောစိန်ခိုဟု ခေါ်ကြပါသည်။

စာရေးသူနှင့် စတွေ့ခါစ သာမညဆရာတော်ဘုရား ကြီး နောက်ဆုံးအန္တိမစျာပန အခြေအနေရုပ်အလောင်း မည်သို့မည်ပုံ ထိန်းသိမ်းထားရှိကြောင်း၊ ပျောက်ဆုံးသွား ပုံကအစ ဖြစ်စဉ်များကို တစ်ခုချင်း ဇဟုသုတအလို့ စောစိန်ခိုအား မေးရာ ဘာတစ်ခုမှ ဂဃနဏ မဖြေ

www.burmeseclassic.com

[illegible] စာရေးသူ သဘောပေါက်သွားသည်မှာ ရန်ကုန်မှ [illegible]ဆန်ဆန် ပစ္စည်းများ ရောင်းဝယ်ကုန်ကူးသူ တစ်[illegible]တ်ဟု သိလိုက်ရပါသည်။ တောတောင်တွင်းမှ ရရှိ[illegible]သော ထူးဆန်းသည့် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ ဂမုန်း[illegible]ည်တို့ကို ရန်ကုန်သို့ သယ်ဆောင်ရောင်းချခြင်းဖြင့် [illegible]ရပ်တည်နေသူဟု သိလိုက်ရပါသည်။

သို့နှင့်ပင် ရက်ကို လစား၊ လကို နှစ်ချီလာသော [illegible] စာရေးသူသည် မိမိအလိုအပ်ဆုံးသော သာမည [ဆ]ရာတော်ဘုရား၏ ဂမ္ဘီရကျင့်စဉ်များ၊ ဂါထာမန္တန်များ [ကို] သိလိုသောကြောင့် ဆရာတော်ဘုရား၏ မွေးနေ့တိုင်း [ဆ]ရာတော်ဘုရားကြီးအား ရည်စူး၍ သက်သတ်လွတ် [ဆ]ဲ်သီးဆွမ်း ကပ်လေ့ရှိပါသည်။ ညတိုင်း ဆရာတော် [ကြီး]၏ မေတ္တာဓာတ်ကို ခံယူလေ့ရှိပါသည်။ သို့သော် [ထ]ူးခြားအကြောင်းမထူးလာခဲ့ပါ။ တန်ဆောင်မုန်းလပြည့်ည Super Moon ပေါ်မည်ဟု သိထားရသဖြင့် ထိုလပြည့်ည [တွ]င် သာမညဆရာတော်ဘုရားကြီးထံမှ ထူးဆန်းသော [အိ]ပ်မက်ကို တောင်းခံရင်း အိပ်ပျော်သွားပါသည်။ အိပ်[မက်]ထဲတွင် ဆရာတော်ဘုရားကြီး၏သဏ္ဌာန် ပေါ်လာ[ကာ] သားတပည့်အတွက် အလိုအပ်ဆုံးဟု ခံယူထားသော [ဂါ]ထာနှင့် အင်းကို ပေးအပ်ပါမည်။

ဗုဒ္ဓဟူးနေ့ ဆရာတော်ဘုရား၏ မွေးနေ့ရောက်တိုင်း [သ]က်သတ်လွတ်စားခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း ကပ်လှူခြင်းပြုရန် မှာကြားသွားပါသည်။ စာရေးသူလည်း Super Moon ကိုကြည့်ရင်း အိပ်မက်ထဲတွင် မထင်မရှားရခဲ့သော ဂါထာကို ကောက်ကာငင်ကာ မှတ်သားလိုက်ပါသည်။ ထို့နောက် မော်ဘီတွင် သီတင်းသုံးနေသော သာမညဆရာတော်ဘုရား၏ တပည့်ဆရာတော်အား ထိုဂါထာနှင့် အင်းကို သွား၍ပြသခဲ့ပါသည်။ ဆရာတော်မှ လိုအပ်သည်များကို ပြင်ဆင်တည်းဖြတ်၍ အောက်ပါအတိုင်း ဂါထာနှင့် အင်း အမှန်ကို ရရှိခဲ့ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဥုံ | သု | ပု | လော | ဘ | ပု | သု | ဝိ |
| သ | ပု | သော | လော | လော | သု | သ | ပု |
| သု | အ | သ | ပု | ပု | ဂ | သံ | ဝိ |
| သ | လော | လော | ဘ | ဝိ | ဗု | လော | ဝါ |
| ဟံ | ပု | သံ | သု | သ | လော | သံ | အ |
| ပု | ဗု | ဗု | သု | ဘ | ဝိ | ဣ | သု |
| လော | ဂု | သ | သု | ဝိ | ဝိ | အ | သံ |
| ဗု | လော | သု | အ | သံ | ဝိ | ဝိ | တိ |

သာမညဆရာတော် ဦးဝိနယ၏
ဣစ္ဆာသယဂုဏ်တော်အင်း

**ဣစ္ဆာသယဂုဏ်တော်အင်းဟိန်း**


ဥုံ··သောဘဂဝါ ဣတိပိအရဟံ
လောသု သုလောပု
ပုလောသု ဝိဝိ သုလောပုသ
သပုလောသုဝိ သံသံ ဝိသုလောပုသဗု
ဗုသပုလော သုဝိသံအ
အသံဝိသုလောပုသဗုဘ
ဘပုသပု လောသုဝိသံအ။

မော်ဘီဆရာတော်အား ဗုဒ္ဓဟူးနေ့မှစတင်၍ အဓိဋ္ဌာန်ကျင့်စဉ်ကို ဆောင်ကြဉ်းရခြင်းကို လျှောက်ထားခဲ့ပါသည်။


ဆရာတော်က 'ဒီလိုရှိတယ် ဒကာမြတ်စံရ။ ဗုဒ္ဓဟူးနေ့က သာမညဆရာတော်ဘုရားကြီး မွေးနေ့ဖြစ်သလို လောကဓာတ်ပညာမှာ ဗုဒ္ဓဟူးကို မာကျူရီ(Mercury) လို့ ခေါ်တယ်။ မာကျူရီဆိုတော့ ပြဒါးပေါ့ ဒကာမြတ်စံရယ်'ဟု ကွမ်းဝါးရင်း ကွမ်းသွေးကို ထွေးခံတွင်းသို့ထွေးကာ တစ်အောင့်နားလိုက်ပါသည်။

တစ်ဖန်ဆက်၍ ဆရာတော်က 'လောကီမှာ ရှေးဆံရာသခင်တွေက ပေါက္ခာရာမ ပုဂံမှာတုန်းက ရှင်အရှင်ဂေါဏ လက်ထက်မှာ စာဆိုရှိခဲ့တယ်လေ။ သံသေတစ်ဆွေဝ၊ ပြဒါးသေ တစ်ပြေ(ပြည်)ဝ အဆိုရှိခဲ့တာပဲ။ ဒါကြောင့် ဗုဒ္ဓဟူးနေ့ကိုစပြီး အဓိဋ္ဌာန်ဝင်ခိုင်းတာပေါ့။ နောက်တစ်ခု ရှိသေးတယ်။ ဒကာမြတ်စံတို့ ဗေဒင်ဆရာတွေ ဂြိုဟ်သက်သတ်မှတ်တာလည်း ဗုဒ္ဓဟူးဂြိုဟ် မာကျူရီကို အခြေပြုထားတာ အောက်ပါဂြိုဟ်ခွင်ပုံတွေကြည့်ရင် ရှင်းသွားပါလိမ့်မယ်'ဟု မိန့်ပါသည်။


www.burmeseclassic.com





တနင်္ဂနွေထောင့်မှစ၍ အရှေ့မြောက်ထောင့်မှ ဗုဒ္ဓဟူးထောင့်အရပ်ထိ ရေတွက်သော် (၆)ခုမြောက်ဖြစ်၍ တနင်္ဂနွေဂြိုဟ်သက်(၆)နှစ် ဖြစ်ပါသည်။




တနင်္လာထောင့်မှ စတင်၍ ဗုဒ္ဓဟူးထောင့်အထိ ရေတွက်သော် (၁၅)ကွက်မြောက် ဗုဒ္ဓဟူးပင်ရောက်၍ တနင်္လာဂြိုဟ်သက်(၁၅)နှစ် ဖြစ်ပါသည်။




အင်္ဂါထောင့်မှစ၍ ဗုဒ္ဓဟူးထောင့်အထိ ရေတွက်သော် (၈)ခုမြောက်ရ၍ အင်္ဂါဂြိုဟ်သက် (၈)နှစ်ဖြစ်ပါသည်။




ဗုဒ္ဓဟူးထောင့်မှစ၍ ရေတွက်သော် ဗုဒ္ဓဟူးထောင့်သို့ ရောက်သောအခါ (၁၇)ခုရ၍ ဗုဒ္ဓဟူးဂြိုဟ်သက်(၁၇) ဖြစ်ပါသည်။ ကျန်သော စနေ၊ ကြာသပတေး၊ ရာဟု သောကြာဂြိုဟ်များကို အထက်ကပြခဲ့သော ဥပလက္ခ နည်းအရ ရှာကြည့်လျှင် စနေဂြိုဟ်သက် (၁၀)နှစ်၊ ကြာ သပတေးဂြိုဟ်သက် (၁၉)နှစ်၊ ရာဟုဂြိုဟ်သက် (၁၂)နှစ် သောကြာဂြိုဟ်သက် (၂၁)နှစ် ရရှိမည်ဖြစ်ကြောင်း သိရ ပါသည်။

"ဒါကြောင့် ပြဒါးကို ဓာတ်လုံးအဖြစ် အဂ္ဂိရတ် သမားတွေ ပြဒါးဝိဇ္ဇာဖြစ်အောင် လုပ်ကြတာပေါ့။ ဝိဇ္ဇာ ထဲမှာ မန္တန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ ဖြစ်ရင်လည်း ပြဒါးဝိဇ္ဇာကဲ့သို့ ဣစ္ဆာသယ လိုတ,ရစေတာပေါ့ ဒကာမြတ်စံရဲ"ဟု ရှင်း ပြပါသည်။

စာရေးသူလည်း ဆရာတော်ရှင်းပြတော့မှ ဆရာ တော်အရှင်သံဝရက် ဝိတုန်းပြဒါး၊ ပုတီး၊ ပဒိုင်း၊ ပဒေါင်း အဆောင်ရုပ်သည် မာကျူရီပြဒါးကို မူလဘူတ အခြေခံ ကြောင်း နားလည်ပါတော့သည်။

ယခု သာမညဆရာတော်ဘုရား အရှင်ဦးဝိနယ ဣစ္ဆာသယဂုဏ်တော်အင်းမှာလည်း တစ်နေ့လျှင် ပုတီး (၉)ပတ်စိပ်၍ ရက်သတ္တ(၉)ပတ် (၆၃)ရက်ကြာအောင် အဓိဋ္ဌာန်ဝင်ပါက မိမိ၏ လိုအင်ဆန္ဒများ ပြည့်ဝကြောင်း တင်ပြလိုက်ပါသည်။

တစ်နေ့လျှင် တစ်အင်းနှုန်းဖြင့် ဖယောင်းတိုင်ထွန်း စီရင်ပြီး မိမိဖြစ်လိုသောဆန္ဒကို အဓိဋ္ဌာန်ပြု ပူဇော်ရ မည်။

မေတ္တာရည်
ပုရောဟိတ် ဆရာဦးမြတ်
ဖုန်း - ၀၉ ၅၁ ၇၆၆၄




www.burmeseclassic.com

www.burmeseclassic.com

သန့်လျင် အောင်ချမ်းသာရပ်ကွက်တွင်ရှိသော မြေ ကွက်သို့ သွား၍ကြည့်တိုင်း ပါဒကြီးရှိ ကျိုက္ကမော့တောင်သို့ ရောက်ပါသည်။ မိတ်ဆွေများ ပါသည်လည်းရှိသလို တစ်ကိုယ်တည်း သွားသည်လည်း ရှိပါသည်။ ကျိုက် ခေါက်ဘုရားသို့ ဖေဒင်မေးသူအတွက် ယတြာလိုက်လုပ် ပေးရင်လည်း ခရီးဆက်၍ ပါဒကြီးသို့ သွားလေ့ရှိပါ သည်။

ကျိုက္ကမော့တောင်သို့ ရောက်တိုင်း ဗားမဲ့ဂူကို အကြောင်းပြု၍ ကန်တော့ပွဲများ သွားရောက်လှူဒါန်းလေ့ ရှိပါသည်။ စာရေးသူ ရောက်ရှိပြီဆိုလျှင် စာရေးသူ၏ ဘုသိုလ်ဒါနအတွက် ပါရမီဖြည့်မည့်သူများက အဆင် သင့်ရှိနေပါသည်။ အုန်း၊ ငှက်ပျော ဝယ်ပေးမည့်သူ၊ ကန်တော့ပွဲပြင်ပေးမည့်သူ၊ ဘုရားပန်းအိုးရေဆေး၊ ဘုရား ပန်း လဲပေးမည့်သူတို့က စဉ်လာမပျက် ကူညီလျက် ရှိ ပါသည်။ နိမ္မိတတန်ဆောင်းတွင် ကန်တော့ပွဲလှူလေ့ရှိ


ဗားမဲ့ဆရာတော် တည်ထားကိုးကွယ်ခဲ့သော
သုမိတ္တာဘာဝရ ရာအောင်မြင်ည့်ဘုရား

ပုရောဟိတ်ဆရာဦးမြတ်စံ

# ဝ,မရှိဘဲ ဝိမလုပ်နဲ့ ဝိရှစ်ချက်ဂါထာ

သလို ဗားမဲ့ဆရာတော်ဘုရား အဓိဋ္ဌာန်ကျင့်စဉ်ဝင်ခဲ့သော ဗားမဲ့ဂူတွင်လည်း ဗားမဲ့ဆရာတော်ကို ရည်စူး၍ ကန်တော့ ပွဲ လှူလေ့ရှိပါသည်။ အိမ်က အသင့်စီရင်သွားသော ဗားမဲ့အင်း(ကုဏ္ဍာသယအင်း) ဖယောင်းတိုင်၊ နံ့သာတိုင် တို့ဖြင့် ထွန်းညှိပူဇော်ကာ အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိပါသည်။ ကျိုက္ကမော့ကျောင်းဆရာတော်အားလည်း သစ်သီးစားဖွယ် မုန့်တို့ဖြင့် ဝင်ရောက်ဝတ်ပြုနှုတ်ဆက်ခဲ့ပါသည်။

ထိုသို့ အဓိဋ္ဌာန်ပုတီး စိပ်နေစဉ်ကာလအတွင်း စာ ရေးသူကို အမြဲပါရမီဖြည့် ဆောင်ရွက်ပေးနေသော ဒေါ် ဆွေးရီ၊ ဒေါ်စံပယ်အေး၊ ဒေါ်စောနီတို့ကလည်း ကြိုတင် စီစဉ်ထားသည့်အတိုင်း စတုဒိသာ ကြက်သားဟင်း၊ ထမင်းတို့ဖြင့် ချက်ပြုတ်စီမံပေးလေ့ရှိပါသည်။

ပုပွားအတွက် ပွဲအပြန် ဂမ္ဘီရအဆောင်များကို ဘုရား ရင်ပြင်ပေါ်တွင်ရှိသော ဓမ္မမိတ်ဆွေအပေါင်းအား ဖြန့်ဝေ ပေးခြင်း ပြုလုပ်သလို ငွေပွားအဘ အဆောင်တို့ကိုလည်း ပေးအပ်ခဲ့ပါသည်။

စာရေးသူကတော့ မိမိအဓိဋ္ဌာန်ဝင်နေကျအတိုင်း (၂) နာရီနီးလာက်ကြာအောင် ပုတီးစိပ်၊ တရားထိုင်၊ ဂါထာ မန္တန်ရွတ်လေ့ရှိပါသည်။ ထိုအချိန်အတွင်း ထမင်းဟင်း က အဆင်သင့်ချက်ပြုတ်ပြီး လက်ဆေးစားရုံဖြစ်အောင် အသင့်ဖြစ်နေချေပြီ ဖြစ်ပါသည်။ ထိုနေ့ကျမှ စာရေးသူ ပုတီးစိပ်နေရင်းဘေးမှ ဖိုးသူတော်လိုလို လည်ပင်းပုတီး ဆွဲ တောင်ဝှေးတယမ်းယမ်းနှင့် ဝ,မရှိဘဲ ဝိမလုပ်ကြနဲ့ဟု အကြိမ်ကြိမ်အော်၍ ဗားမဲ့ဂူကိုပတ်၍ တောင်စဉ်ရေမရ

www.burmeseclassic.com

ရွတ်နေပါသည်။ ပထမတော့ ဖိုးသူတော်က သူ့ခါတ်နဲ့သူ ဝ,မရှိဘဲ ဝိမလုပ်ကြနဲ့ဟု အော်နေခြင်းဟု သည်းခံအာရုံသွင်း၍ ပုတီးတွင် စိတ်နှစ်၍သာ အဓိဋ္ဌာန်မပျက်အောင် တောင့်ခံနေပါတော့သည်။ တကယ်တော့ ဖိုးသူတော်၏အသံက စာရေးသူ၏ အဓိဋ္ဌာန်ကို အတော်လေးအနှောင့်အယှက်ပေးစပြုလာပါတော့သည်။

အဓိဋ္ဌာန်ကျင့်စဉ် မပျက်စေရန် စိတ်ကိုထိန်း၍ ဖိုးသူတော်အား သွားရောက်မေတ္တာရပ်ခံရပါတော့သည်.

စာရေးသူက 'ဖိုးသူတော်ကြီးခင်ဗျား..အခုန ရွတ်နေတဲ့ ဝ,မရှိဘဲ ဝိမလုပ်နဲ့ ဆိုတဲ့ဟာကို တခြားမှာ သွားရွတ်လို့ မရဘူးလား။ ကျွန်တော် အဓိဋ္ဌာန်ဝင်နေလို့ပါ။ မေတ္တာရပ်ခံပါတယ်' ဟု ညင်ညင်သာသာ ပြောလိုက်ပါသည်။

ဖိုးသူတော်ကြီးက 'အခုဟာက ပုရောဟိတ်ကြီးအတွက် လာသတိပေးတာ။ ဆရာတော်ကြီးက အမိန့်ပေးလိုက်လို့လာတာ။ ဆက်ပြောမှာပဲ။ ဆက်အော်နေမှာပဲ' ဟု ပြောပြောဆိုဆို အသံက ပို၍ကျယ်လာပါတော့သည်။

တောင်ဇေးကလည်း ပို၍ဖွေ့ယမ်းလာပါတော့သည်။ စာရေးသူ ဦးခေါင်းနား တဝဲလည်လည် ဖြစ်နေပါတော့သည်။

စာရေးသူလည်း မတတ်သာတော့ဘဲ 'ဘယ်က ဆရာတော်လဲ၊ ဘာလို့ ဒီလိုလုပ်ခိုင်းတာလဲ။ ကျုပ် အဓိဋ္ဌာန်ပျက်တယ်ဗျာ။ ထမင်းစားချင်ရင် နိမ္မိတတန်ဆောင်းရှေ့က သူတော်စင်ကြီးများ တန်ဆောင်းကိုသွား၊ ဒေါ်ထွေးရီကို ကျုပ်လွှတ်လိုက်တယ်ပြော။ အခုလောက်ဆို ထမင်းဟင်းတွေ ကျက်လောက်ပြီ။ သွားစားပေတော့' ဟု ခပ်ဆတ်ဆတ်ကလေး ပြောလိုက်ပါတော့သည်။

ထိုအခါ ဖိုးသူတော်ကြီးက 'ကျုပ်က ထမင်းမစားလည်း နေနိုင်တယ်။ ထမင်းစားတာက ဘယ်အချိန်စားစား တစ်သက်လုံး စားလာတာ။ ထမင်းက အရေးမကြီးပါဘူး။ အရေးကြီးတာက မင်းအတွက်ပဲ' ဟု ပြောပြောဆိုဆို စာရေးသူလက်ထဲသို့ စာရွက်ခေါက်ကလေး ပေးကာ ဗားမဲ့ဂူဘေးမှ တောတန်းလေးအတွင်း ပြေးဝင်သွားပါတော့သည်။

စာရေးသူလည်း ထိုစာရွက်ခေါက်ကို မကြည့်အားသေးဘဲ သူတော်စင်ကြီးများ၊ ဝိဇ္ဇာဓိုရ်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များပင့် ဖိတ်ထားသဖြင့် အဓိဋ္ဌာန်ပုတီးကိုပြီးအောင် စိတ်ချလက်ချ စိပ်နိုင်ပါတော့သည်။ မိမိပြုဖွယ်အဓိဋ္ဌာန်ကျင့်စဉ်များ ပြီးသွားသောအခါ နေမွန်းတည့်ရန် အနည်းငယ်သာ လိုပါတော့သည်။ အောင်သာနေမွန်းတည့်ဟု အသံကြားရာ လှည့်ကြည့်သောအခါ ဘယ်သူမျှ မတွေ့ရဘဲ နေမွန်းတည့်တည့်အချိန်ထိစောင့်ကာ စောစောက ဖိုးသူတော်ကြီး ပေးသွားသော စက္ကူစုတ်ကလေးကို ဖြန့်၍ကြည့်လိုက်မိပါတော့သည်။ စာရွက်ကလေးတွင်
ဝ,မရှိဘဲ ဝိမလုပ်နဲ့။

အရင်ဆုံး ဝရှိအောင်လုပ်ပါ။

ဒါကြောင့် **ဝလေးလုံးပိတ်မန္တန်တော်**ကို အရင်ရွတ်ပေးပါ။-

*ဝဏ္ဏာဓော ဝဏ္ဏာတော ဗဿဝရော ဝရုဓောနဝ*
*ဝဏ္ဏာတော ဝရုဋ္ဌာနေ ခေနတော*
*ဝရုံသဗ္ဗနဝ ဗမ္မဏာနိ နေဏ ဗဟိသဗ္ဗနဝ*
*ဝကပ္ပီတော နလိပ္ပန္တော ဝဏ္ဏ တဿနဝ..*ဟူ၍ ဖြစ်ပါသည်။

(၉)ခေါက်ရွတ်ရန်ဟု ရေးထားပါသည်။

ဆက်၍ ဖတ်ကြည့်သောအခါ-

**<u>ဝိရှစ်ချက်အောင်ဂါထာတော်</u>**

*ဝိဝိဒေဟိ အလက်ာရော ဓဇော သုပညာတော ဝိဝိ၊*
*ဝိဝိ ဓေဂဏ သမ္မန္တော ဗုဒ္ဓေါ သုပါလကော ဝိဝိ..*
ဟူ၍ ဖြစ်ပါသည်။

(၉)ခေါက်ရွတ်ရန်ဟု ရေးထားပါသည်။

အောက်တွင် အောက်ဖော်ပြပါ ဝိရှစ်ချက်အောင်ဂါထာကို **ဂူဠ္ဌာသယ လိုတရအင်း**ဟု အင်းစီရင်ထားကြောင်း တွေ့ရှိပါသည်။ အောက်တွင် ဗားမဲ့အကျိုးဆောင်ဆရာတော်ဟု ရေးထားပါသည်။

ထောင့်လေးထောင့်တွင် အမှတ်စဉ် (၁)မှ (၂၊ ၃၊ ၄)အစဉ်လိုက် မိမိဖြစ်လိုကြောင်းဆန္ဒကို ရေးသွင်းနိုင်ပါသည်။

ဥပမာ-အကြံအောင်စေ၊ ကျန်းမာပါစေ၊ ပညာတိုးစေ၊ ထီပေါက်ပါစေ၊ ရာထူးတိုးစေ စသည်ဖြင့် ရေးသွင်းနိုင်ပါသည်။

အင်း(၉)အင်းကိုစီရင်ပြီး ဖယောင်းတိုင်(၉)တိုင်တွင် တစ်တိုင်စီတွင်ပတ်၍ မီးပူဇော်ပါ။ မိမိမွေးနေ့မှစ၍ပူဇော်

www.burmeseclassic.com

ဝိရှစ်ချက်ဂူဏ္ဍာသယ လိုတရအင်း

| | | | | | |
|---|---|---|---|---|---|
| ၁ | ဝိ | ပါ | ဏာ | ဝိ | ၂ |
| သု | ဂု | ဝိ | ရော | လ | သ |
| တော | ကိ | ဝိ | ဗု | ဇော | ဒေ |
| ဓ | ဒွေါ | ဓ | စိ | မ္ဘ | ကော |
| လ | ညာ | န္တော | ဝိ | ဟိ | သု |
| ၄ | ဝိ | အ | ပ | ဝိ | ၃ |

ပါ။ တန်ခိုးကြီးဘုရားတွင် ပူဇော်ပါက မိမိမွေးနံ့ထောင့်မှ စ၍ ပူဇော်ပါ။ ဂြိုဟ်(၈)ခွင် (၈)တိုင် ကုန်သွားသောအခါ မိမိမွေးနံ့တွင် ကျန်သောတိုင်ကို ဆက်၍ပူဇော်ပါ။ နံ့သာ တိုင်၊ မိမိမွေးနံ့ပန်း ပါပါစေ။ ပူဇော်နေစဉ်အတွင်း ဝလေး လုံးပိတ်မန္တန် ရွတ်ဆိုပါ။ (၉)ခေါက်ရွတ်ဆိုရပါမည်။

ထိုသို့ရွတ်ဆိုပြီးသောအခါ ဝိရှစ်ချက်ဂါထာတော်ကို ဆက်၍ ရွတ်ဆိုရပါမည်။ ဝိရှစ်ချက်ဂါထာကိုလည်း (၉) ခေါက် ရွတ်ဆိုရပါမည်။ အကျိုးအသွားမှာ အကျဉ်းကျနေသူများ၊ ဂြိုဟ်စီးဂြိုဟ်နင်း ဒသာမကောင်းသူများ၊ စီးပွားရေး အခြေပျက်နေသူများအတွက် အကျိုးပြုပါသည်။

မိမိလက်ဝတ်ရတနာများ စတင်ဝတ်ဆင်တော့မည် ဆိုလျှင် ဝိရှစ်ချက်ဂါထာကိုရွတ်ပြီး ဝတ်ဆင်လျှင် ထူးခြားသော အကျိုးကို ရရှိစေပါသည်။ ဥပမာ-သင် နဝရတ်လက်စွပ် စတင်ဝတ်တော့မည်ဆိုလျှင် ၄င်းနဝရတ် လက်စွပ်ကို ဝိရှစ်ချက်ဂါထာဖြင့် (၉)ခေါက်ရွတ်ပြီးမှ ဝတ်ဆင်ပါ။ အလားတူ အမျိုးသမီးလည်ဆွဲရတနာ ဝတ်တော့မည် ဆိုလျှင်လည်း ဝိရှစ်ချက်ဂါထာကို (၉)ခေါက် ရွတ်ပြီးမှ ဝတ်ဆင်ပါလေ။ ထူးခြားသော အကျိုးစီးပွားကို ခံစားရမည် မလွဲပေ။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်
Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

ဗေဒမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အနောက်ဘက်မုခ်၊ မြသုံ့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇



# ဒေါက်တာယတြာဆေဒီ
Ph.D (India), M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်
ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်စျေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၁၀၇၃၅

www.burmeseclassic.com

ဂန္တီရ–ဆရာလှမျိုး(B.Sc)

# လူတိုင်းအတွက်

# ကန်တော့ပွဲအမျိုးမျိုး တင်လှူနည်းနှင့် အကျိုးကျေးဇူးများ

ကျွန်ုပ်စာရေးသူသည် လောကီပညာလေ့လာလိုက်စားသောအခါ လောကီပညာနှင့်ဆိုင်သော ယတြာအမျိုးမျိုး၊ ဓာတ်ရိုက်ဓာတ်ဆင်နည်းများကိုလည်း တစ်ဆက်တည်း လေ့လာရပါသည်။ ထို့အပြင် ပညာသင်ယူချိန်တွင် ဆရာကန်တော့ပွဲလှူရခြင်း၊ ဘုရားပွဲ၊ တရားပွဲများ၊ ဓာတ်ပွဲ နတ်ပွဲများတွင် ကန်တော့တင်လှူခြင်း၊ နဝင်းယတြာချေပြီး နဝင်းစီးပွဲယတြာလှူခြင်းတို့ကို လေ့လာရပါသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကို လက်အုပ်ချီကန်တော့သော အလေ့အထသည် ရှေးနှစ်



ဗုဒ္ဓပူဇနီယပွဲ

ပေါင်းများစွာကပင် ရှိခဲ့ပါသည်။ အုန်းသီး၊ ငှက်ပျောသီး ပွဲနှင့် ကန်တော့သောအခါ ကန်တော့ပွဲဟူ၍ ဖြစ်လာ သည်။ သို့သော် ထိုကန်တော့ပွဲထိုးလှူခြင်းသည် ရှေး ဘုရင်များ လက်ထက်ကပင် စတင်ခဲ့သည်ဟု ဆိုသော် လည်း မည်သည့်ခေတ်တွင် မည်သူစခဲ့သည်ဟူသော သမိုင်းအထောက်အထား အတိအကျ မတွေ့ရှိရပေ။

လောကီပညာ လေ့လာလိုက်စားသောအခါ ဆရာ ကြီး တစ်ဦးမှ အင်္ဂဝိဇ္ဇာတိုင် လူဟူသောဗုဒ္ဓဟူးတိုင် (ဗုဒ္ဓ တိုင်)၏ အထက်သုံးလုံးသည် အုန်း၊ ငှက်ပျောဖြစ်နေ ကြောင်း တိုင်နှင့်တကွ ရှင်းပြပါသည်။ အဆိုပါ ဗုဒ္ဓဟူး လူတိုင်ကို အကြောင်းပြု၍ ကန်တော့ပွဲ (အုန်း+ငှက်ပျော) (၁၂၅)၊ အပ်ချည်ပန်း(၁၂၅) ဖြစ်လာသည်ဟု ဆိုပါသည်။

၁ အုန်း
၅ ပျော
၂ ငှက်
၄ ဗုဒ္ဓဟူး
၀
၃
၆

ဗုဒ္ဓဟူး (လူ)တိုင်၏ အထက်ဆောင်ပန်း သုံးခုသည် အုန်း+ငှက်ပျော (၁၂၅)ဖြစ်နေသည်မှာ တိုက်ဆိုင်မှုလာ ထိုကိန်းကိုကြည့်ပြီး အုန်း၊ ငှက်ပျော လှူခဲ့တာလာ သေချာမပြောနိုင်ပေ။ သို့သော် လူတိုင်းအတွက် ဆော ပန်း ဖြစ်နေတာတော့ သေချာသည်။

ကန်တော့ပွဲပြင်ဆင်ရာတွင် ရှေးအခါကပင် ထ စရာ ပစ္စည်းအမျိုးမျိုးကို သုံးစွဲခဲ့ကြသည်။ ၎င်းတို့ ရတနာယွန်းအုပ်၊ ရွှေယွန်းအုပ်၊ ငွေယွန်းအုပ်၊ ကြေးယွ အုပ်၊ ဒန်ယွန်းအုပ်၊ မှန်စီရွှေချယွန်းအုပ်၊ ဝါးယွန်းအ ခါးပြတ်တောင်း၊ ဒေါင်းလန်ပွဲ ယနေ့ ဒန်ဇလုံ၊ ကြွေ

www.burmeseclassic.com

တီး၊ ပလတ်စတစ်ဇလုံ စသည်တို့ကို အသုံးပြုလာသည်။ ဒန်ကန်တော့ပွဲကို ရွှေမင်၊ ငွေမင်သုတ် ဆောင်ရွက်ကြသည်။ အုန်းသီးကိုလည်း ရွှေရောင်၊ ငွေရောင်၊ အစိမ်း၊ အနီတွေ ပြုလုပ်လာကြသည်။ ရှေးအခါက မြန်မာတို့သည် အယူအဆများပြီး ယဉ်ပူဇော်သော အလေ့အထလည်း ရှိခဲ့ဖူးသည်။ အနော်ရထာမင်း လက်ထက်တွင် အိမ်မှာပင် ပူဇော်ကန်တော့ရန် အိမ်တွင် အုန်းဆွဲထားပြီး အုန်းငှက်ပျောပွဲနှင့် ကန်တော့ရန် အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဆိုကြသည်။

အုန်း၊ ငှက်ပျောသီး ကန်တော့ပွဲတွင် ဓာတ်ကြီးလေးပါး အလှူတွေလည်း ပါဝင်နေပါသည်။

(၁) အုန်း၊ ငှက်ပျောသီးတို့၏ အသားသည် ပထဝီဓာတ်၊
(၂) ဖယောင်းတိုင်၊ မီးခြစ်တို့သည် တေဇောဓာတ်၊
(၃) အုန်းရည်သည် အာပေါဓာတ်၊
(၄) ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ ယပ်တို့သည် ဝါယောဓာတ်တို့ ဖြစ်ပါသည်။

အချို့က အမွှေးနံ့သာတိုင်ကို အာကာသဓာတ်တွင် သည့်ထားတာ တွေ့မြင်ရပါသည်။


အောင်စေတော်မူဘုရား ကန်တော့ပွဲကြီး
(ဆရာကြီးမင်းသိခ်နည်းဖြင့် လှူဒါန်းထားစဉ်)


ဘုရားကန်တော့ပွဲ ရိုးရိုးလှူထားစဉ်

ကန်တော့ပွဲအမျိုးအစားများကို လေ့လာသောအခါ-

(၁) ဗုဒ္ဓပူဇနီယကန်တော့ပွဲ၊
(၂) ဓမ္မပူဇနီယကန်တော့ပွဲ၊
(၃) သာသနာကန်တော့ပွဲ၊
(၄) အနေကဇာတင်ကန်တော့ပွဲ၊
(၅) ဝိဇ္ဇာဓိုရ်ကန်တော့ပွဲ၊
(၆) ဆေးကန်တော့ပွဲ၊
(၇) နက္ခတ်တာရာကန်တော့ပွဲ၊
(၈) မဟာဧယျှကန်တော့ပွဲ၊
(၉) ခင်ပွန်းကြီးဆယ်ပါးကန်တော့ပွဲ၊
(၁၀) မင်္ဂလာကန်တော့ပွဲ၊
(၁၁) ဘီလပ်ကန်တော့ပွဲ စသည်ဖြင့် အမျိုးမျိုးရှိပါသည်။

ဆရာကြီးမင်းသိခ်၏ မရမ်းတလင်းတွင် ပညာဒါနပြုစဉ်က အုန်းသီးတစ်လုံးတွင် ထီး၊ တံခွန်၊ ကုက္ကားများ ပတ်သည်စိုက် အလယ်တည့်တည့်တွင် ကနက္ကဒဏ် ထီးဖြူကြီးတစ်ချောင်းစိုက်ကာ ရွှေငှက်ပျောသီးဖီးနှင့် လှပစွာ ပြင်ဆင်တင်လှူထားပါသည်။ ထိုသင်တန်းတွင် အဘ

www.burmeseclassic.com




ကိုယ်စား ဆရာဇင်ယော်နီက သင်တန်းပေးပါသည်။

ခေါင်းစဉ်မှာ ပွဲအကြောင်းဖြစ်ပြီး ပွဲရှိမှ လူလာ၊ ပွဲရှိမှ ပွဲကြည့်လာဟူသော လောကီပညတ်ကိုယူကာ ဓာတ်ဆင်လှူခိုင်းပါသည်။ ဇေဒင်ဟောခန်း၊ ဓာတ်ခန်း၊ နတ်နန်း၊ စားသောက်ဆိုင်၊ စီးပွားရေးလုပ်ငန်း လူဝင်များအောင်၊ လူများများလာစေရန် ရည်ရွယ်၍ ငှက်ပျောသီးဆိုင် အုန်းတစ်လုံး ပွဲတော့ထိုးရမယ်။

ငှက် ပျော သီး ဆိုင် အုန်း တစ် လုံး

၂ ၅ ၆ ၃ ၁ ၇ ၄

(၁)အစ (၇)အဆုံး (၇)နေ့သားသမီး အားလုံးနှင့်ဆိုင်သောပွဲဟု ဆိုထားပါသည်။

အုန်း၊ ငှက်ပျောသီး ကန်တော့ပွဲ။

အခြားလောကီဓာတ် ယတြာကန်တော့ပွဲနှင့် ပတ်သက်၍-

(၁) သစ္စာပြုသောအခါမှာ ထိုးသော သစ္စာပွဲ(ပညာပွဲ) အဓိဋ္ဌာန်ပွဲ၊

(၂) အရေးကြီးသော ကိစ္စရပ်များ လုပ်ရန် ရှိသောအခါ ထိုးရသော အောင်တော်မူပွဲ၊

(မပြုလုပ်ခင်တစ်ပွဲ၊ ပြုလုပ်ပြီးတစ်ပွဲ အောင်မြင်ပြီး တစ်ပွဲလှူပါ။)

(၃) ပညာသင်ယူသောအခါ လှူရသော ပညာပွဲ၊

(၄) အကျော်လေးပါးပွဲ (ဘယာကြော်တစ်ပွဲ၊ ငှက်ပျော ကြော်တစ်ပွဲ၊ ကြက်သွန်ကြော်တစ်ပွဲ၊ ပဲကပ်ကြော်တစ်ပွဲ) အဆင်ပြေရာ အကြော်လေးပွဲ ကပ်လှူပါ။ အုန်း+ငှက် ပျောပွဲ မပါဘဲ အကြော်ချည်းသက်သက် လှူနိုင်ပါ သည်။ ရာထူးတက် အပြိုင်အဆိုင်ကိစ္စ အဆင်ပြေစေ သည်။ ပွဲနှင့်အတူ လှူ၍လည်း ရပါသည်။


(၅) တောင်းပန်လိုသောအခါ ထိုးရသော မျက်တော် ပြေပွဲ ထိုပွဲတွင် ဘယာကြော်၊ ကျောက်သင်ပုန်းတစ်ချပ် ထည့်ပေးပါ။ [မှတ်ချက်-ယခုအခါ ခင်ပွန်းကြီးဆယ်ပါး ကို ကန်တော့ပွဲ(၁၀)ပွဲ၊ ဆွမ်း(၁၀)ပွဲ၊ ရေတော်(၁၀)ခွက်၊ အလင်းတိုင်(၁၀)တိုင်၊ သစ်သီး(၁၀)မျိုး စသည်ဖြင့် ကန် တော့လာကြပါသည်။ ခင်ပွန်းကြီးဆယ်ပါးကို တောင်းပန် ကန်တော့ပွဲဖြစ်၍ အပြစ်ကျေစေပါသည်။]

(၆) ဘိလပ်ကန်တော့ပွဲ

လင်ဗန်းတစ်ချပ်တွင် ဆန်၊ ပေါင်မုန့်၊ နို့ဆီဘူး၊ ထောပတ်ဘူး၊ ယိုဘူး၊ အချိုရည်ပုလင်း၊ ဆပ်ပြာ၊ သွားတိုက်ဆေး စသည်တို့ ထည့်လှူသောပွဲဖြစ်သည်။ ပြည်ပနိုင်ငံတွင် အုန်း+ငှက်ပျောသီး ဝယ်မရသောအခါ ထိုပွဲပြင် ကန်တော့ရသောကြောင့် ဘိလပ်ကန်တော့ပွဲဟု အမည်ပေးထားသည်။

(၇) **အခက်အခဲ အကျပ်အတည်းနှင့် ကြုံသောအခါ သိုး သိကြားမင်းကို တိုင်တည်၍ ထိုးရသော သိကြားပွဲ**

ကြွေပန်းကန်ပြားတစ်ချပ်တွင် ငှက်ပျောသီး(၁၀)လုံး အခွံနွှာထည့်၊ သကြားဖြူး(များများဖြူး၊ မြုပ်သွားအောင်






www.burmeseclassic.com

www.burmeseclassic.com


ဖူးပါ)၊ ငှက်ပျောသီးအလယ်တည့်တည့်တွင် ဖယောင်းတိုင် နှစ်တိုင် ထည့်ထွန်းပါ။ ပန်းကန်အပေါ်မှာ ထီးဖြူတစ်လက် မိုးပေးပါ။ ဂျိုးဖြူသာသနာပြု အဖေကြီးသည် သတ်စတစ်တောင်းကလေးထဲမှာ သဘော်သီးတစ်လုံးထည့်၊ သဘော်သီးဘေးမှာ သံပွားသီး(၈)လုံး ပတ်ထည့်၊ သဘော်သီးပေါ်မှာ ထီးဖြူတစ်ချောင်းစိုက်ကာ သိကြားမင်းပွဲ လှူခိုင်းပါသည်။ ဂမ္ဘီရမဂ္ဂဇင်းတွင် တစ်ကြိမ်ရေးသားခဲ့ဖူးပါသည်။ သိကြာမင်းပွဲလှူဒါန်း မေတ္တာပို့ ဆုတောင်းမှုပြုခြင်းသည် အခက်အခဲဟူသမျှ ကျော်လွန်အောင်မြင်စေသည်။ ဖယောင်းတိုင်မီး ငြိမ်းလျှင် စွန့်နိုင်ပါသည်။

**(၈) ကျန်းမာရေးအတွက်ပွဲ**

သဘော်သီးကြက်လျှာကန်တော့ပွဲ

ဝါ၊ စိမ်း၊ နီ ကြက်လျှာသုံးလက်စီ ဝယ်ပါ။

ကြက်လျှာတိုင်းမှာ ၁နွေသမီး ဒေါ်အေး (…) ရောဂါ အမြန်ပျောက်စေ၊ ရောဂါနှင့်ဆေး တွေ့ပါစေ




စသည်ဖြင့် ရေးပြီး စိုက်ရမည်။ သဘော်သီးပေါ်မှာ ဖယောင်းတိုင် ထွန်းပါ။ သုံးရက်ဆက်ထွန်းပါ။

အိမ်ဘုရား (သို့မဟုတ်) မွေးနံ့ထောင့်မှာ လှူပါ။ အိမ်မှာလှူတာ ပိုကောင်းသည်။ ဖယောင်းတိုင် အဖြူအသေး တစ်နေ့တစ်တိုင် သုံးရက်ပူဇော်ပြီး ကြက်လျှာမှာ ရေးထားသည့်အတိုင်း ဆုတောင်းပါ။ သုံးရက်ပြည့်လျှင် ရေမျှောလိုက်ပါ။ ကျန်းမာရေးအတွက် အလွန်ကောင်းပါသည်။

**(၉) နဝင်းစီးပွဲ**

ဆန်(၉)လုံး၊ ရေ(၁)ခွက်၊ ကွမ်းယာ(၉)ယာ၊ လက်ဖက်(၉)ပုံ၊ ဖယောင်းတိုင်(၉)တိုင်၊ နံ့သာတိုင်(၉)တိုင်၊ ဆီ(၄၅)ကျပ်သား ပါဝင်ရမည်။ နဝင်းယတြာချေပြီး နဝင်းပွဲလှူတာ ပိုကောင်းသည်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အမှုပြဿနာ လိုရာကို ရည်ရွယ်လှူဒါန်း ဆုတောင်းမှုပြုရမည်။

မည်သည့်ပွဲလှူလှူ ပွဲတွင် အမည်ပေးပါ။ ကန်တော့ပွဲတွင် သာသနာပွဲ၊ အဓိဋ္ဌာန်အောင်ပွဲ၊ ပညာပွဲ၊ ဝိဇ္ဇာပွဲ၊ တောင်းပန်ကန်တော့ပွဲ၊ မယ်တော်ပွဲ စသည်ဖြင့် အမည်


(၁၀၈)ဝိုင်းဝိဇ္ဇာပွဲ

www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်မြနန်းနွယ်ကိုယ်တိုင်
ဘုရားလှူထားသော ကန်တော့ပွဲ

ပေးပါ။ စာရွက်ဖြင့်ရေးပြီး သိသာထင်ရှားအောင် ထည့်ထားပါ။ အချို့က ဆရာ ဘယ်လိုအုန်းသီး လှူရမလဲ၊ အုန်းသီးအညှာ ဘယ်ဘက်လှည့်ရမလဲ၊ ဘယ်ငှက်ပျောသီးကောင်းလဲဟု ဘယ်နှစ်ဖီးလှူရမှာလဲ စသည်ဖြင့် မကြာခဏ မေးလေ့ရှိသည်။

အုန်းသီးတစ်လုံး အညှာကောင်းကောင်း အလုံးသန့်သန့်၊ ငှက်ပျောသီး အနာအဆာမပါသော ငှက်ပျောသီးဆိုပါက မည်သည့်ငှက်ပျောသီးမဆို လှူ၍ရသည်။

ဘုရားပွဲ၊ ဗုဒ္ဓပူဇနီယပွဲ၊ သာသနာပွဲ၊ ဓမ္မပူဇနီယပွဲ စသည်ပွဲတို့ကို ဘုရားရှင်ရှိရာဘက်သို့ အုန်းညှာတံကို ထားရမည် ဖြစ်၏။ ဆန့်ကျင်ဘက် မဖြစ်စေရ။ ဝိဇ္ဇာကန်တော့ပွဲ၊ ဆေးကန်တော့ပွဲ၊ ဆရာကန်တော့ပွဲ၊ မယ်တော်ပွဲ၊ ဓာတ်ပွဲ နတ်ပွဲဆိုပါက အုန်းညှာတံ မိမိ၏ယာဘက်တွင်ထား၊ အိမ်အပြင် လှည့်ထားပါ။ အဓိဋ္ဌာန်အောင်ပွဲ၊ ပုတီးစိပ်၊ ဂါထာရွတ်ဆို အဓိဋ္ဌာန်ဝင်ရာတွင် လှူသော အဓိဋ္ဌာန်ပွဲ၊ နက္ခတ်တာရာကန်တော့ပွဲ၊ လာဘ် ဖွင့်ကန်တော့ပွဲ၊ ပညာပွဲ၊ နေ့နံသင့်ကန်တော့ပွဲ စသည် တို့ကို မိမိ၏ဝဲဘက်တွင် ထားရမည်။ မနသိဒ္ဓိ၊ ကာယ သိဒ္ဓိ၊ ပီယသိဒ္ဓိ ဆိုင်ရာပွဲဆိုပါက အုန်းညှာတံကို မိမိ ဘက်သို့ လှည့်ထားပါ။

အုန်း+ငှက်ပျောသီး လှူရာတွင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အာရုံပြု၍ အုန်းသီး တစ်လုံး၊ ငှက်ပျောသုံးဖီးနှင့် ထီး၊ တံခွန်၊ ကုက္ကား လှူ နိုင်ပါသည်။ သာသနာပွဲ၊ အနန္တငါးပါးပွဲကို ငှက်ပျော (၅)ဖီးဖြင့်လှူ၍ ရပါသည်။ ဗုဒ္ဓပူဇနီယပူဇော်ပွဲ၊ ဘုရားပွဲ စေတီတည်ပွဲ၊ ထီးတော်တင်လှူပွဲ၊ ဘုရားနှင့်ဆိုင်ရာ ပွဲအမျိုးမျိုး ကိုးဖီးပွဲ လှူဒါန်းနိုင်သည်။

ဘုရားကန်တော့ပွဲ၊ သာသနာပွဲ၊ ဗုဒ္ဓပူဇနီယပွဲ ပဋ္ဌာန်းပွဲ၊ စေတီတည်ကန်တော့ပွဲ၊ ရတနာသုံးပါးပွဲ၊ ဆရာ ကန်တော့ပွဲ စသည်တို့တွင် ငှက်ပျောသီး၊ အုန်းသီး ကန် တော့ပွဲ လှူဒါန်းရာတွင် ပါဝင်ရမည်မှာ-

(၁) အုန်းသီးတစ်လုံး၊

(၂) ငှက်ပျောသီးသုံးဖီး၊ ငါးဖီး၊ ကိုးဖီး၊

(၃) တံခွန်၊ ကုက္ကား၊ မုလေးပွားသုံးစုံ(အချို့တစ်စုံ)၊

(၄) လက်ဖက်အသားတစ်ထုပ်၊

(၅) ကွမ်းယာသုံးယာ၊

(၆) ဖယောင်းတိုင်တစ်ထုပ်၊

(၇) မီးခြစ်တစ်လုံး၊

(၈) နံ့သာတိုင်တစ်ထုပ်၊

(၉) အောင်သပြေညွန့် စသည်ဖြင့် အနည်းဆုံး (၉)မျိုး ပါလျှင် ကန်တော့ပွဲကိစ္စ အောင်မြင်ပါသည်။

အချို့က ငှက်ပျောသုံးဖီး လှူလို့ရလား မေး သည်။ မည်သည့်ပွဲမဆို အနည်းဆုံး သုံးဖီးလှူဒါန်းနိုင် ပါသည်။

ငှက်ပျောသီး မှည့်သွားပါက စွန့်ပြီး မိမိလည်း စား ပတ်ဝန်းကျင်လည်း ဝေငှကျွေး ဒါနပြုပါ။ အုန်းသီး ရေဆေးပြီး ပြန်လှူနိုင်သည်။ ကျွန်ုပ်စွည်း အသစ်လဲ ယခုအခါ ဘုရားစေတီများ၊ ဘိုးဘိုးကြီး၊ မယ်တော်ကြီး ဝိဇ္ဇာ စသည့်ဓာတ်နန်းတွေမှာ အုန်း+ငှက်ပျောပွဲတွေ စဉ် လှူနေတာ တွေ့မြင်ရပါသည်။ ရန်ကုန်မြို့တွင် အ

www.burmeseclassic.com

တော်မြန်နန်းနွယ် ဗိုလ်တထောင်ဘုရား၊ ယက္ခညီနောင် (ကျိုက္ကဆံဘုရား)မှာ အများဆုံးဖြစ်သည်။ မိမိတို့ နေအိမ်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားကို အာရုံပြု ရည်ရွယ်ကာ သာသနာပွဲ လှူသင့်ပါသည်။

**သာသနာကန်တော့ပွဲတင်လှူခြင်း အကျိုးကျေးဇူးများ**

(၁) အသက်ရှည်ခြင်း၊
(၂) အနာမဲ့ခြင်း၊
(၃) အဆင်းလှခြင်း၊
(၄) ခနဉ်စွာကြွယ်ဝခြင်း၊
(၅) လောကီသံသရာ၌ ထင်ရှားကျော်စောခြင်း၊
(၆) လောကုတ္တရာပညာအရာ၌ အောင်မြင်ခြင်း၊
(၇) မျက်စိအကြည်ဓာတ် မပျက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

မည်သည့်ကန်တော့ပွဲမဆို နံနက်ပိုင်းအချိန် စောစောလှူတာ ပိုကောင်းပါသည်။ မိမိမွေးနေ့၊ လပြည့်နေ့ (၉) နာရီမှာ လှူသင့်သည်။ ယနေ့ခေတ်တွင် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များကို ရည်စူးပွဲလှူသူ၊ ထွက်ပွဲ၊ အောင်ပွဲ ကျင်းပလာကြသူတွေ များလာပါသည်။ အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီးကို အခြေခံ၍ အခြားပစ္စည်း လေးငါးမျိုးထည့်ကာ လှူဒါန်းခြင်းဖြစ်သည်။ လက်ဖက်အသားကို ကွမ်းရွက်နှင့် ထုပ်လှူပါ။ ကွမ်းယာ၊ ထုံး၊ ကွမ်းသီး ဆိုရသည်။ အဓိကမှာ ခန္ဓာကိုယ်၊ လက်၊ အဝတ်အစား သန့်ရှင်းစွာ ဆောင်ရွက်ပြီး ကန်တော့ပွဲကို စေတနာသဒ္ဓါနှင့် လှူပါက ကောင်းကျိုးသုခရရှိစေပါသည်။

ဝိဇ္ဇာပွဲ (ဘိုးတော်၊ မယ်တော်ပွဲ) လှူဒါန်းပါက-

(၁) ပညာထူးကို ရရှိတတ်ခြင်း၊
(၂) ဆရာစစ်ဆရာမှန်၊ ဆရာကောင်းတို့နှင့် တွေ့ရှိရတတ်ခြင်း၊
(၃) မြန်မာ့ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာခရု၊ လောကီအတတ်ပညာဟူသမျှကို သင်ယူတတ်မြောက်လွယ်ခြင်း၊
(၄) ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေး ကင်းပတတ်ခြင်း အကျိုးကျေးဇူး ရရှိစေပါသည်။

အလျဉ်းသင့်သလို ရေးသားဖော်ပြပေးပါဦးမည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ်ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဥာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် နောက်ဖြန့်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521

www.burmeseclassic.com

# သင့်နာမည်ကပြောသော သင့်အကြောင်း

သာထက်ဇော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းတိုက်နယ်အတွင်းရှိ အင်းနက်ကုန်းကျေးရွာမှ ဦးခင်စိုးဆိုသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ရောက်လာလေသည်။

ထိုဦးခင်စိုးသည် အသက်(၆၇)နှစ်ခန့်ရှိကာ ကျွန်တော့်အဖေနှင့် ညီအစ်ကိုအရင်းအချာ တော်စပ်သည်။ ထို့ကြောင့် ကျွန်တော့်ဦးလေး ဖြစ်လေ၏။ ကျွန်တော်တို့က သူ့ကို လေးလေးဟုလည်း မခေါ်၊ ဦးလေးဟုလည်း မခေါ်ကြ။ အညာအခေါ် ထွေးလေးဟုသာ ခေါ်ကြသည်။

ထွေးလေး ယခုကဲ့သို့ ကျွန်တော့်ဗေဒင်ဟောခန်းကို ရောက်လာခြင်းသည် အလည်သက်သက်မျှတော့ မဟုတ်နိုင်ချေ။ ထွေးလေးသည် အရေးကိစ္စမရှိဘဲ ဘယ်တော့မှ ကျွန်တော့်ဆီ လာလေ့လာထ မရှိ။ အခုလာခြင်းသည် အကြောင်းကိစ္စ တစ်ခုခုတော့ရှိရမယ်။ အင်္ဂဝိဇ္ဇာအခါတိုင်ကို ဖမ်းကြည့်လိုက်တော့ သူရဇ္ဇဟု ခေါ်ကြသည့် တနင်္ဂနွေ အခါတိုင်။ သည်တော့ မဟုတ်မှလွဲရော၊ တရားတဘောင် အမှုအခင်းအတွက်တော့ ရောက်လာခြင်း မဖြစ်နိုင်ချေ။ ထွေးလေးသည် သူ့ရွာမှာ အားကိုးလေးစားခံရသော လူပုဂ္ဂိုလ်ဖြစ်သဖြင့် ရပ်ရေးရွာရေးအမှုအခင်းများတွင် မြင်ကွန်းရဲစခန်း၌သာ သွားရောက်ဖြေရှင်းပေးလေ့ရှိသူတစ်ဦး ဖြစ်နေ၏။ ထို့ပြင် ထွေးလေးသည် ကျွန်တော်တို့ ဟောပြောနေသော ဗေဒင်ပညာရပ်များကို အယုံအကြည် နည်းပါးသည်။ ထို့ကြောင့် ထွေးလေး ကျွန်တော့်ဆီ ရောက်လာခြင်းသည် ပညာစမ်းလိုသောကြောင့်သာ ဖြစ်လိမ့်မည်ဟု ယူဆလိုက်သည်။

'ငါ့တူ၊ ဘယ့်နှယ်လဲဟေ့။ ဟောရ ပြောရရဲ့လား'

'ဟုတ်ကဲ့၊ တစ်နေ့ ဆယ်လေးငါးယောက်တော့ ဟောရပါတယ်'

'အင်း..မဆိုးပါဘူး။ တစ်ယောက် သုံးထောင်နှုန်းနဲ့ ဆယ်ယောက်ပဲဟော သုံးသောင်းရနေပြီ။ ဒါပေမဲ့ကွာ..'

'ဘာဒါပေမဲ့လည်း ထွေးလေး'

'ဘာရယ်မဟုတ်ပါဘူးကွာ။ မင်းတို့ ဟောကိန်းနည်းလမ်းတွေက နည်းနည်းလေးပဲရှိတယ် ဆိုလားလို့။ ဒါဆို လူများများ မင်းဆီ ရောက်လာလေလေ ဟောကွက်ဟောပေါက် ကျပ်လေလေ ဖြစ်နေတော့မှာပေါ့။ တခြားဟောကိန်းတွေနဲ့ကော မဟောဘူးလား'

'ဟုတ်ကဲ့၊ ဟောပါတယ် ထွေးလေး။ ကျွန်တော်တို့ အဘဆရာကြီး ဒေါက်တာမင်းသိန်းရဲ့ ဇော်ဂီသ ဗျာကရဏဗေဒင်၊ တားရော့၊ သန်းကျမ်း၊ ဂဏန်းဗေဒင်၊ ဇာတာဟောကိန်းတွေနဲ့ပေါ့'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဥပမာဆိုပါစို့ကွာ။ လူတစ်ယောက်ဟာ မွေးသက္ကရာဇ် လုံးဝမသိဘဲ မင်းဆီလာမေးရင်ရော'

'ဒါဆို အဲဒီသူ ရောက်လာတဲ့အချိန်ကို အင်္ဂဝိဇ္ဇာနဲ့ ဟောမှာပေါ့'

'အချိန်ကြည့်ဖို့ နာရီလည်း မရှိဘူးဆိုရင်ကောကွာ'

'ဒါဆိုရင်တော့ အဲဒီသူရဲ့အနေအထိုင်ပဲ ကြည့်ဟောရမှာပေါ့'

'အကျယ်တဝင့်တော့ ဟောမရဘူး မဟုတ်လား။ ဒါဆို ဘယ်လိုဟောမလဲ'

'အဲဒီလူရဲ့နာမည်ကို အက္ခရာအလိုက်ပေါင်းပြီး ဟောလိုက်မှာပေါ့။ ဥပမာ-ခင်စိုးဆိုပါစို့။ ဦးတို့၊ မောင်တို့၊ ကိုတို့၊ မတို့၊ ဒေါ်တို့ မပါရဘူး။ ဟောဒီလို-

ခင် = ၂

စိုး = ၃

ခွဲရေးပြီး ပေါင်းလိုက်တော့ (၂+၃=၅)ရမယ်လေ။ ဒီတော့ နာမည်ဗေဒင်ဟောကိန်းအရ (၅)ဂဏန်းသမားဟောကိန်းကို ဟောလိုက်ရုံပါပဲ ထွေးလေး'

'ဒီလိုကွာ'

'ခေါ်ရီးပါ ထွေးလေး။ နာမည်တော့ လူတိုင်းမှာရှိတာမို့ ဈေးမဆစ်တော့ပါနဲ့။ ဟုတ်၊မဟုတ်သာ ထွေးလေး ဖတ်ကြည့်လိုက်ပါတော့'

ကျွန်တော်ကမ်းပေးလိုက်သည့် ကွန်ပျူတာအသင့်

www.burmeseclassic.com

ားသော (၅)ဂဏန်းသမား ဟောကိန်းစာရွက်ကို ဖတ် ကြည့်ရင်း ထွေးလေး ခင်စိုးသည် ခေါင်းတညိတ်ညိတ် လုပ်နေရှာတော့သည်။

ဟူး··ဗေဒင်ဟောရတာ လွယ်လွယ်လေးနဲ့ ငွေရ ဘယ်လို့ ဘယ်သူတွေက ပြောရတာလဲဗျာ။

ကျွန်တော့်ထွေးလေး ခင်စိုးလိုလူမျိုးနဲ့ တွေ့ခဲ့ရင်-

(၁)ဂဏန်းသမား

မိတ်ဆွေဟာ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦး ဖြစ်ပါ တယ်။ ရည်မှန်းချက်၊ ရည်ရွယ်ချက် ပြင်းထန်သူ ဖြစ် ပါတယ်။ ပြတ်သားထက်မြက်တဲ့ စိတ်ဓာတ်ရှိသူလည်း ဖြစ်ပါတယ်။ လမ်းရိုးလမ်းဟောင်းကြီးကို မလိုက်တတ် ဘဲ ဆန်းသစ်တီထွင်တတ်သူ ဖြစ်ပါတယ်။ အယူအဆ ခိုင်မာပြီး ခေါင်းမာသူလည်း ဖြစ်ပါတယ်။ လက်တွေ့ဆန် စွာ အရာရာကို ပြုလုပ်တတ်ပါမယ်။ နောက်ပြီး ပျော်ပျော် ရွှင်ရွှင်နေထိုင်တတ်သူပါ။ ကျန်းမာပြီး ခံနိုင်ရည်ရှိတဲ့သူ ဖြစ်ပါတယ်။ မိတ်ဆွေဟာ သူတစ်ပါးအပေါ် စာနာ သနားတတ်ပြီး ကူညီတတ်သူလည်း ဖြစ်ပါတယ်။ ဒါ ပေမဲ့လည်း တစ်ဖက်သားရဲ့ တုံ့ပြန်မှု၊ ကျေးဇူးပြုမှုတို့ကို တော့ ပြန်လည်မရရှိတတ်ကြပါဘူး။ အထူးသဖြင့် မိတ် ဆွေ၊ သားချင်းတွေရဲ့ ဂရုပြုမှု၊ အလေးထားမှုများကို ခံစားရတာတ်ပါ။ တစ်စုံတစ်ယောက်အနေနဲ့ မိတ်ဆွေကို အတဲခတ် ဝေဖန်ရန် ခက်ခဲပါလိမ့်မယ်။ လူအများနဲ့လည်း ရောတွဲတွဲ မနေတတ်ပါ။ လွတ်လွတ်လပ်လပ် နေထိုင် ချင်တာဆိုကာ တွေးခေါ်တတ်သူလည်း ဖြစ်ပါတယ်။ ခေါင်း မာပေမယ့်လည်း သည်းခံစိတ် ရှိပါမယ်။ မိတ်ဆွေရဲ့ ဉာဏ်ကိုအရည်အချင်း တစ်ခုကို အများတကာက တွေ့မြင် သိအမှတ်ပြုကြပေလိမ့်မယ်။ ယုံကြည်ချက်ပြင်းထန်ပါ တယ်။ စိတ်စွမ်းအင်ကြီးမားတယ်။ မိမိရဲ့ စိတ်ခံစားမှုကို ပေါ်လွင်အောင် ထိန်းသိမ်းနိုင်စွမ်းရှိပါမယ်။ ပတ်ဝန်း ကျင်ရဲ့ အထင်မြင်လွဲမှားမှုကို မကြာခဏ ခံရတတ်ပါ တယ်။ မိမိဖြစ်ချင်တဲ့ အရာကို မဖြစ်ဖြစ်အောင် လုပ် တတ်တဲ့သူပါ။ သူတစ်ပါးကို အားမကိုးတတ်ပါဘူး။ မိတ် ဆွေဟာ အရည်အချင်းရှိတဲ့ သူတစ်ယောက်ပါပဲ။

(...)ဂဏန်း

မိတ်ဆွေဟာ စိတ်လှုပ်ရှားမှုများတဲ့သူ ဖြစ်ပါတယ်။ ဒေါသပါးနပ်သူလည်း ဖြစ်ပါမယ်။ အရာရာကို အများ မကျူးလွန်မိစေဖို့ သတိတရားနဲ့ နေထိုင်တတ်သူ ဖြစ်ပါ တယ်။ ပတ်ဝန်းကျင်ရဲ့ ချစ်ခင်လေးစားမှုကို ခံရသူဖြစ် ပါမယ်။ စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ မကြာခဏဖြစ်ပေါ်လေ့ရှိသူလည်း ဖြစ်ပါတယ်။ စိတ်ကူး အကြံဉာဏ်ကောင်းရှိသူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း မိတ်ဆွေဘဝမှာ ကောင်းကျိုးချမ်းသာ ရရှိပါလိမ့်မယ်။ စိတ်ခံစားချက်ရှိတာကြောင့် စာရေးဆရာ၊ ကဗျာဆရာ၊ သီချင်းရေးဆရာ ဖြစ်တတ်ပါတယ်။ မိတ်ဆွေဟာ စိတ်ပူ ပန်မှုလည်း အလွန်ကြီးမားပါမယ်။ သေးငယ်တဲ့ ကိစ္စရပ် များကိုတောင် ပူပန်တတ်ပါမယ်။ ဒီလိုစိတ်ဓာတ်မတည် ငြိမ်တာကြောင့် ဆုံးဖြတ်ချက်တွေ မှားယွင်းတတ်ပါတယ်။ ဒါ့ပြင် တုံ့ပြန်မှုမြန်ဆန်ခြင်းတွေကြောင့်လည်း အရာရာ မှာ အလွဲလွဲအချော်ချော် ကြုံတွေ့ရတတ်ပါတယ်။ မိတ် ဆွေဟာ မိမိလေးစားမိသူအပေါ်၊ ယုံကြည်မိသူအပေါ်ကို စွဲစွဲလမ်းလမ်းရှိပါမယ်။ ချစ်ခင်ကြင်နာမှု အားကြီးပါမယ်။ အရာရာကို သတိနဲ့ ပြုမူလုပ်ကိုင်တတ်ပါတယ်။ တစ်ဦး တစ်ယောက်တည်း ဦးဆောင်မလုပ်ကိုင်ဘဲ တစ်စုံတစ် ယောက်နဲ့ ပူးတွဲလုပ်ကိုင်ရမှ ကျေနပ်တတ်သူ ဖြစ်ပါ တယ်။ စကားပြောကောင်းပြီး စာပေအရေးအသားလည်း ကောင်းမွန်သူ ဖြစ်ပါတယ်။ မိတ်ဆွေဟာ အိမ်မှာနေထိုင် ရတာကို မနှစ်ခြိုက်ဘဲ ပြင်ပတွင် အချိန်ဖြုန်းရတာကို သဘောကျသူလည်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် မိတ်ဆွေ ဟာ ဘဝမှာ ကံဇာတာကောင်းသူတွေထဲ ပါဝင်နေသူ တစ်ဦးပါ။

(၃)ဂဏန်းသမား

မိတ်ဆွေဟာ အမြဲလိုလို အလုပ်ရှုပ်နေတတ်သူ ဖြစ် ပါတယ်။ မိမိရောက်ရှိနေသော အခြေအနေမှာ ပျော်ပျော် နေတတ်သူ ဖြစ်ပါတယ်။ အချိန်ကို အားလပ်ခွင့်မပေးဘဲ တစ်ခုမဟုတ်တစ်ခုကို လုပ်နေတတ်သူ ဖြစ်ပါမယ်။ မိမိ နဲ့ ဆနိုးကျင်ဘက်ဖြစ်တဲ့ ကိစ္စတွေမှာ စိတ်ဝင်စားတတ်ပါ မယ်။ ဥပမာ-အားကစားလိုက်စားရင် အရက်သေစာ သောက်စားခြင်းကို စိတ်မဝင်စားတတ်ပါ။ ဆက်ဆံရေး အလွန်ကောင်းမွန်ပါမယ်။ သူတစ်ပါး စိတ်ပါဝင်စားလာ အောင် ပြောပြနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ စိတ်ကူး အကြံဉာဏ် အလွန်ကောင်းပါမယ်။ အကင်းပါးသူ၊ လိမ္မာ ပါးနပ်သူ တစ်ယောက်ဖြစ်သဖြင့် တစ်ပါးသူရဲ့ ချောက်

www.burmeseclassic.com

www.burmeseclassic.com

တွန်းခြင်း၊ ကုန်းချောခြင်း၊ ခုတုံးလုပ်ခြင်းတွေကို ဘယ်အခါမျှ ခံရမှာ မဟုတ်ပါဘူး။ မိတ်ဆွေဟာ သူတစ်ပါးအပေါ် သစ္စာဖောက်ခြင်း၊ အခွင့်အရေးပိုယူခြင်းမျိုးတွေကို ဘယ်တော့မှ မလုပ်တတ်သူ ဖြစ်ပါတယ်။ လုံ့လ၊ ဝီရိယရှိသူလည်း ဖြစ်ပါတယ်။ မိတ်ဆွေဟာ ခပ်တည်တည်နေတတ်တာမို့ မိတ်ဆွေအပေါင်းအသင်း နည်းပါးပါမယ်။ ဒါပေမဲ့ နည်းပါးတဲ့ မိတ်ဆွေတွေက သစ္စာရှိကြပါတယ်။ မိတ်ဆွေဟာ မြင့်မားတဲ့ ရည်ရွယ်ချက်တွေလည်း ထားရှိတတ်သူ ဖြစ်ပါတယ်။ မိမိကိုယ်လည်း တန်ဖိုးထားတတ်သူ ဖြစ်ပါတယ်။ ဘာသာတရား ကိုင်းရှိုင်းပေမယ့်လည်း စူးစမ်းလေ့လာပြီးမှ ယုံကြည်ကိုးကွယ်တတ်ပါတယ်။ ယုံကြည်ပြီဆိုပါကလည်း စွဲစွဲမြဲမြဲရှိတတ်ပါတယ်။ မိတ်ဆွေဟာ အခက်အခဲကြုံတွေ့ခဲ့ရင် စိတ်ကူးယဉ်မနေဘဲ လက်တွေ့ကျကျ ဖြေရှင်းတတ်သူ ဖြစ်ပါတယ်။ ဘာပဲဖြစ်စေကာမူ မိတ်ဆွေဟာ လူတော်လူကောင်း တစ်ယောက်လို့ ခေါ်ဆိုရမှာပါ။

## (၄)ဂဏန်းသမား

မိတ်ဆွေရဲ့ မျက်နှာသွင်ပြင်ဟာ တခြားသူတွေနဲ့မတူညီဘဲ တစ်မူထူးခြားနေပါမယ်။ ထက်ထက်မြက်မြက်ရှိတဲ့ မျက်နှာအနေအထားမျိုးပါ။ တခြားသူတွေက မိတ်ဆွေကို လွယ်ကူစွာ မိတ်ဖွဲ့လို့ မရနိုင်ပါဘူး။ တစ်နည်းမဟုတ်တစ်နည်းနည်းနဲ့ အဆင်မပြေတာ တွေ့ကြုံရတတ်ပါတယ်။ မိတ်ဆွေဟာ လူအများနဲ့ အတွေးအခေါ် အယူအဆချင်း မတူညီဘဲ တစ်မျိုးတစ်ဖုံ ကွာဟနေတတ်ပါတယ်။ အမိန့်တွေ၊ စည်းကမ်းတွေကို မနာခံတတ်ပါဘူး။ ရတနာပုံဆိုက်သလို ကြီးပွားချမ်းသာတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းလည်း အများကြီး မရှိတတ်ပါဘူး။ အနည်းငယ်ပဲ ရှိလိမ့်မယ်။ အဲဒီမိတ်ဆွေအပေါင်းအသင်း အနည်းစုကလည်း မိတ်ဆွေအပေါ် သစ္စာရှိကြပါမယ်။ မိတ်ဆွေလို (၄)ဂဏန်းသမား အများစုဟာ ဓာတ်တို့၊ နတ်တို့၊ သိုက်တို့၊ ဘိုးတော်၊ မယ်တော်တွေကို ကိုးကွယ်ယုံကြည်တတ်ကြပါတယ်။

## (၅)ဂဏန်းသမား

မိတ်ဆွေဟာ သည်းခံစိတ်ရှိပြီး စိတ်ရှည်သူ ဖြစ်ပါတယ်။ တာဝန်နဲ့ ဝတ္တရားတိုလည်း နားလည်သူ ဖြစ်ပါတယ်။ အပေါင်းအသင်းပေါင်းရာမှာ စိတ်ကြိုက်ရွေးချယ်ပြီးမှ ပေါင်းတတ်သူ ဖြစ်ပါတယ်။ စိတ်ခံစားမှုလွယ်ကူပေမယ့်လည်း မျိုသိပ်ထားနိုင်သူလည်း ဖြစ်ပါတယ်။ သူတစ်ပါးကို ဆွဲဆောင်နိုင်တဲ့စွမ်းအား ရှိပါမယ်။ စိတ်ဆိုးခဲပြီး တကယ်ဆိုးခဲ့ရင်လည်း အချိန်အတော်ကြာ မပြေပျောက်နိုင်သူ ဖြစ်ပါတယ်။ မိတ်ဆွေဟာ မိသားစုနဲ့ သားသမီးအပေါ် သံယောဇဉ်ကြီးမားသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သားသမီးအကျိုးတော့ မခံစားရတတ်ပါဘူး။ သားသမီးအကျိုးမပေးဘူးပေါ့။ သိမ်သိမ်မွေ့မွေ့ နေထိုင်တတ်သူ ဖြစ်ပါတယ်။ အကြင်နာတရား ကြီးမားပါမယ်။ အပေးအကမ်း ရက်ရောမယ်။ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်တတ်ပါဘူး။ ဒါပေမဲ့ အကြီးအကျယ် ဒေါသဖြစ်ဖွယ် ကြုံခဲ့ရင်တော့ ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ လုပ်ချင်သလို လုပ်ပစ်တတ်ပါမယ်။ အပျော်အပါးကို နှစ်ခြိုက်ပေမယ့်လည်း ကိုယ်လုပ်ရမယ့်အလုပ်နဲ့ စည်းခြားဟန့်တားထားလေ့ရှိပါတယ်။ တစ်ခါတစ်ရံမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတတ်ပါမယ်။ တစ်ခါတစ်ရံကျတော့လည်း မိမိအရည်အချင်းကို မိမိဘာသာလျှော့ပြီး အမှတ်ပေးတတ်ပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် မိတ်ဆွေဟာ ကောင်းမွန်တဲ့သူတစ်ဦး ဖြစ်ပါတယ်။

## (၆)ဂဏန်းသမား

မိတ်ဆွေဟာ အရာရာမှာ ခွင့်လွှတ်သည်းခံစိတ် ရှိပါတယ်။ ကိုယ်ရောက်ရှိ တာဝန်ယူရတဲ့ နေရာမှာလည်း အများအယှဉ်းကင်းအောင် လုပ်ဆောင်တတ်လေ့ ရှိပါတယ်။ ဟိုစပ်စပ် ဒီစပ်စပ်သမားတွေနဲ့ ပေးလားဝါးလားသမားတွေကို မပေါင်းသင်းတတ်ကြပါဘူး။ ဘဝမှာ အဆင့်အတန်းမြင့်မြင့် နေလိုသူတွေပါ။ မိတ်ဆွေဟာ အသံကောင်း စကားပြောကောင်းတတ်ပါတယ်။ ဒါ ကြောင့် စကားပြောရတဲ့အလုပ်၊ သီချင်းဆိုရတဲ့ အလုပ် တွေမှာ ထူးချွန်တတ်ပါမယ်။ စိတ်ခံစားမှု လွယ်တဲ့သူ ဖြစ်ပေမယ့် မျိုသိပ်ထားနိုင်စွမ်းလည်း ကြီးမားပါတယ်။ ညှို့ဓာတ်ရှိပါမယ်။ ခေါင်းမာပါမယ်။ လူချစ်လူခင် ပေါ များပါမယ်။ စိတ်ဆိုးခဲပေမယ့် စိတ်ဆိုးခဲ့ရင်လည်း တော် တော်ကြာကြာ မပြေပျောက်တတ်ပါဘူး။ မေတ္တာရားတ မလွှသည့်သူ၊ မိသားစုအပေါ်မှာ တွယ်တာစိတ် ကြီးမားသူ လည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သားသမီး အကျိုး မပေးတတ်ပါဘူး။ စိတ်ကူးယဉ်တတ်သလို စိတ်ကူးအ

www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်လည်း ကောင်းပါမယ်။ သိမ်မွေ့စွာ နေထိုင်တတ်ပြီး ကြင်နာသနားစိတ် ရှိသူရယ်ပါ။ သူတစ်ပါးကို ပေးချင် ကျွေးချင်စိတ် ရှိပါမယ်။ မိတ်ဆွေဟာ အလုပ်နဲ့ ပျော်ရွှင်မှုကို ခွဲခြားထားတတ်ပါတယ်။ ဘာမဆို သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ကိုင်တတ်ပါတယ်။ အလှအပကို နှစ်သက်ပါမယ်။ ငွေအသုံးကြမ်းတတ်ပါတယ်။

**(၇)ဂဏန်းသမား**

မိတ်ဆွေဟာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူ တစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အရာရာကို တော်တည့်မှန်ကန်စွာ ဆုံးဖြတ်တတ်ပါမယ်။ တစ်ယူသန် ခေါင်းမာတတ်ပါတယ်။ သူတစ်ပါးရဲ့ အတွေးအခေါ်၊ အမြင်ယူဆချက်တွေကို အရေးမစိုက်တတ်သူလည်း ဖြစ်ပါတယ်။ စိတ်ခံစားချက် မြန်ဆန်ပေမယ့် ခံစားမှုများများစားစား မရှိတတ်ပါ။ အတေးအမှတ် မထားတတ်သောလူမျိုး ဖြစ်ပါတယ်။ ဒါ့ပြင် မိတ်ဆွေမှာ ကောင်းတဲ့အရည်အချင်းတစ်ခု ရှိပါသေးတယ်။ အဲဒီအရည်အချင်းကတော့ အရာရာကို ဂရုစိုက်လေ့လာတတ်ခြင်းပါပဲ။ မိတ်ဆွေမှာ ထူးခြားဆန်းပြားတဲ့ ဟန်ပန်အမူအရာ၊ အသံနေအသံထားတွေ ပိုင်ဆိုင်ပါမယ်။ ဒေါသဖြစ်လွယ်ပေမယ့် ပြေပျောက်မှု မြန်ဆန်ပါတယ်။ မိတ်ဆွေဟာ သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေကို သဘောမကျတတ်ကြပါဘူး။ မိတ်ဆွေဟာ မိတ်ဆွေလုပ်နေတဲ့ အလုပ်ကို အနှောင့်အယှက်ပေးလာခဲ့ရင် အလွန်ပဲ မုန်းတီးတတ်ပါတယ်။ မိသားစုအပေါ် သံယောဇဉ်ကြီးမားတတ်ပါမယ်။ မိတ်ဆွေမှာ ထူးခြားတဲ့ သံလိုက်ဓာတ်၊ ညှို့ဓာတ်တွေ၊ သမထစွမ်းအင်တွေ ရှိနေတတ်ပါတယ်။ နောက်ပြီး မိတ်ဆွေဟာ တီထွင်ဖန်တီးတတ်တဲ့ ဉာဏ်စွမ်းရည်လည်းရှိတယ်။ မိတ်ဆွေနဲ့ တွေ့ကြုံဆုံစည်းသူတွေက မိတ်ဆွေမှာ တစ်စုံတစ်ရာ ထူးခြားနေတယ်လို့ ထင်မှတ်သွားတတ်ကြလေ့ ရှိပါတယ်။

**(၈)ဂဏန်းသမား**

မိတ်ဆွေဟာ လက်တွေ့ကျကျ တွေးခေါ်တတ်ပြီး လက်တွေ့ကျကျလည်း လုပ်ကိုင်တတ်သူ ဖြစ်ပါတယ်။ မိတ်ဆွေက တစ်ခုခုကို လိုချင်ပြီရင် တမ်းတမ်းစွဲဖြစ်တတ်တယ်။ စီးပွားရေးနဲ့ပတ်သက်ပြီး အောင်မြင်ထွန်းပေါက်အောင် လုပ်ကိုင်တတ်သူလည်း ဖြစ်ပါတယ်။ သူတစ်ပါးရဲ့ မကြာခဏ အထင်အမြင်လွဲမှားမှုကို ခံရတတ်လေ့ရှိပါတယ်။ မိတ်ဆွေဟာ အားနည်းသူဘက်ကပဲ အမြဲပါဝင်ကူညီဖြေရှင်းပေးတတ်သူ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း လွန်စွာအားကိုးယုံကြည်တတ်ပါတယ်။ တစ်ပါးသူကို အထင်မကြီးတတ်ကြပါဘူး။ ထက်မြက်ပါးနပ်ပါမယ်။ ဗဟုသုတ ကျယ်ပြန့်နှံ့စပ်ပါမယ်။ စာပေအရေးအသား ပြောင်မြောက်ကျွမ်းကျင်လိမ္မာတတ်ကြပါတယ်။ အချိုးကျနစွာ ဝတ်စားဆင်ယင်ပြီး အထက်တန်းကျကျ နေထိုင်တတ်သူလည်း ဖြစ်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ရက်သား ကျတတ်ပါတယ်။ သတိပြုနေထိုင်ပါ။ မိတ်ဆွေဟာ ဘယ်လိုပဲ ဒုက္ခတွေနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ ကြံ့ကြံ့ခံနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။

**(၉)ဂဏန်းသမား**

မိတ်ဆွေဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာသူတစ်ယောက် ဖြစ်ပါတယ်။ စိတ်ဆိုးလွယ်၊ ဒေါသဖြစ်လွယ်တတ်ပါတယ်။ စိတ်ကြီးသလောက် ဖွဲလည်းကြီးပါတယ်။ ချုပ်ချယ်မှုကို မနှစ်သက်တတ်ကြပါဘူး။ အရာရာကို စိတ်မြန်လက်မြန် လုပ်တတ်ပါမယ်။ ဆွေမျိုးတွေနဲ့ မိဘတွေနဲ့ မကြာခဏ အဆင်မပြေဖြစ်တတ်ပါမယ်။ မိတ်ဆွေရဲ့ စကားပြောဆိုဟန်ပန်ဟာ အမိန့်ပေးသလို၊ ညွှန်ကြားပေးသလို ရှိနေတတ်ပါတယ်။ သတိပြု ဆင်ခြင်နိုင်ပါစေ။ စကားအကြိတ်အနယ် မပြောဆိုတာတွေနဲ့ အတိုက်အခံလိုက် ငြင်းခုံပြောဆိုရတာမျိုးတွေကို သဘောကျ နှစ်သက်တတ်ပါတယ်။ လွတ်လပ်မှုကို မြတ်နိုးပေမယ့် မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်နိုင်သူတစ်ယောက် ဖြစ်ပါတယ်။ မိတ်ဆွေဟာ တခြားသူတွေရဲ့ တားမြစ်ကန့်ကွက်မှုတွေကို ဆန့်ကျင်ချိုးဖောက်တတ်လေ့ရှိပါမယ်။ မိမိဘာသာ အသိတရားနဲ့ မလုပ်သင့်တာကို ရှောင်ကြဉ်တတ်ပါတယ်။ နောက်ပြီး စိတ်စွမ်းအင်ကြီးမားသူလည်း ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မြန်ဆန်ကာ မှန်ကန်စွာ သုံးသပ်နိုင်သူ တစ်ယောက်လည်း ဖြစ်ပါတယ်။ မိမိဖြစ်ချင်တဲ့ဘဝကို မိမိဘာသာ ကြိုးစားအားထုတ်ပြီး မဖြစ်ဖြစ်အောင် လုပ်ဆောင်နိုင်သူ ဖြစ်ပါတယ်။

ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ
သာထက်ဇော်(မကွေး)

www.burmeseclassic.com

www.burmeseclassic.com

တစ်ရုံရောအခါက ဖြစ်ပါတယ်။

တိတိကျကျပြောရရင်တော့ (၁၉၉၅)ခုနှစ်ဝန်းကျင်ကပဲပေါ့။ အဲဒီကာလက ဗေဒင်ဆရာကြီး တစ်ဦးထံမှာ နာမည်ပေးနည်း၊ နာမည်ရွေးနည်း သင်ကြားနေရာမှတစ်ဆင့် နာမည်ဗေဒင်ဟောနည်းနဲ့ အခြားဗေဒင်ဟောနည်းတွေပါ သင်ယူနေချိန် ဖြစ်ပါတယ်။

ကျွန်တော်က ပြည်သူ့ဝန်ထမ်း (မူလတန်းကျောင်းအုပ်)တစ်ယောက် ဖြစ်နေတဲ့အားလျော်စွာ အလုပ်နားရက်၊ ပိတ်ရက်တွေမှာ ဗေဒင်ဆရာကြီး ဗေဒင်ဟော နယ်ထွက်တာနဲ့ ကြုံရင်ကြုံသလို လိုက်ပါပြီး လက်တွေ့ပညာယူရပါတယ်။

မှတ်မှတ်ရရ ရေဦးမြို့ရဲ့တောင်ဘက်မှာရှိတဲ့ ကုက္ကိုစုဆိုတဲ့ ရွာလေးကို ရောက်ခဲ့ကြစဉ်ကပေါ့။ အိမ်တစ်အိမ်မှာ ဆရာကြီးက ဗေဒင်ဟောပါတယ်။ သူဟောတဲ့ ဗေဒင်တွက်ခွင်က သက်ရောက်တိုင်ခွင်လို့ခေါ်တဲ့ ဆန်းဗေဒင်ပညာရပ်ပါ။

ဆရာကြီး ဗေဒင်ခွင် တစ်ခွင်ချရင် ကျွန်တော်ကလည်း ဆရာကြီးနည်းတူ ဗေဒင်ခွင်ကိုလိုက်ပြီး ချရပါတယ်။ ဆရာကြီး ဟောနေ ပြောနေတဲ့အခါ အဲဒီချထားတဲ့ ဗေဒင်ကို လိုက်ပြီးကြည့်ရင်း နားထောင်နည်းယူ မှတ်သားရပါတယ်။ ဘယ်နေရာ ဘယ်ဂြိုဟ်နံကို ဘယ်ရှိယူဆပြီး ဟောတယ်၊ ပြောတယ်ပေါ့။ နားမလည်တဲ့နေရာ မှတ်ထားပြီး နှစ်ယောက်သား ဗေဒင်ဟော အပြန်ခရီးမှာ မေးမြန်းယူရတယ်ပေါ့။

ဒီတစ်ခါ ဆရာကြီး ဟောတာက–

'ဟဲ့··ညည်းတို့အိမ်ရဲ့ အရှေ့တောင်ဘက် ခုနစ်အိမ်ကြားမှာ မနေ့တစ်နေ့က မင်္ဂလာဆောင်တစ်ခုလား၊ မြင်းတစ်ကောင် ဝယ်လာတာလား ရှိတယ် မဟုတ်လား'

'မင်္ဂလာဆောင်ပါ ဆရာကြီး၊ ကျုပ်တို့ရွာက မောင်အေးနဲ့ ဟိုပိန္နကတ်ကျက ကောင်မလေး အဲ··မိသီတာဆိုတဲ့ ကောင်မလေး မင်္ဂလာဆောင်ကြတာ။ မြင်းဝယ်တယ် ဆိုတာတော့ မကြားမိဘူး ဆရာကြီး'

'အေးပါ၊ မင်္ဂလာဆောင်ရှိခဲ့တယ်။ တခြားရွာက မိန်းကလေးတစ်ယောက် ကိုယ့်ရွာသူအဖြစ် ဝင်ရောက်လာတယ်ပေါ့။ ဒါဆို မှန်နေပြီလေ။ ဟယ်··ညည်းတို့အိမ် အရှေ့ဘက် ခုနစ်အိမ်အကြားက အိမ်မှာလည်း ရွှေပျောက်သွားတယ် ဆိုပါကလား'

'ဟုတ်သတော့ ဆရာကြီး။ ဟို··ဒေါ်ချစ်ရဲ့သမီး မိတွတ်မ ဆွဲကြိုးဘယ်ကျပျောက်မှန်းမသိဘူးလို့ ပြောသံကြားတယ်။ ရွာထဲက နတ်ကတော် မမိစပ်ပြောတာ သူ့ဆီ နတ်လာမေးသတဲ့။ ပြန်မရပါဘူး ဆရာကြီးရယ်၊ သူဟာက လမ်းသလားတာ များတော့ ဘယ်သွားလို့ ဘယ်မှာ ကျတယ်မှ မသိဘဲဥစ္စာ'

'ဟိုအရှေ့မြောက်ထောင့်က အိမ်တစ်အိမ်ကရော ဘာစက်ပစ္စည်းဝယ်သံ ကြားလဲ။ ဆိုင်ကယ်လား၊ လယ်ထွန်စက်လား၊ အဲ··အပ်ချုပ်စက်လား'



# မင်းနေထွန်း (ကန်ဘလူ)

# မာတတ်မသိလျှင် နတ်မျက်စိအသွင်

www.burmeseclassic.com

www.burmeseclassic.com

'ကိုနီ ဆိုင်ကယ်ဝယ်လာတာ၊ အဟီး··တဖွတ်ဖွတ်နဲ့ သူဟာက သွားလိုက် ရပ်လိုက်နဲ့ပါ ဆရာကြီးရယ်။ ဝယ်ပြီး မကောင်းလှပါဘူး။ ဈေးကလည်း ပေါချောင်ကောင်းနဲ့ ဝယ်လာတာဆိုတော့ ရှေ့ဦး ခဏ,ခဏသွားပြင် ပြင်နေရတယ်'

'ဟဲ့··သူ့ဆိုင်ကယ်က အမျိုးအစားကောင်း ဖြစ်မှာပါဟဲ့။ ဘယ့်နှယ် ခဏ,ခဏပြင်ရတယ်လို့၊ ဟုတ်သေးပါဘူး'

အဲဒီအချိန်မှာ အိမ်ထဲက ရေနွေးကြမ်းလင်ပန်းကို ကိုင်ပြီး ထွက်လာတဲ့ သူ့အမေက-

'ဒီကောင်မလေး တောင်ပြော မြောက်ပြောနဲ့ ငနီက ဆိုင်ကယ်စီး သိပ်မကျွမ်းသေးလို့ ဖွတ်ချက်,ဖွတ်ချက်နဲ့ ဖြစ်နေတာတဲ့ဟဲ့။ ရှေ့ဦးသွားတာလည်း ပြင်ဖို့မဟုတ်ဘူး။ ရွာမှာက ကွင်းကျယ် လမ်းကျယ် မရှိတော့ ရှေ့ဦးနဲ့ရွာ အသွားအပြန် စီးနေတာတဲ့ဟဲ့'လို့ ဝင်ပြောပါတယ်။

ဟုတ်တယ်။ ဆရာကြီး ပြောသလိုပဲ ဝင်လာတဲ့ စက်ပစ္စည်းက ပစ္စည်းကောင်း၊ အမျိုးစားကောင်း၊ အဝင်ကောင်း ဖြစ်ရမှာပေါ့။ ကလေးမ အသက်(၁၉၊ ၂၀)ပြောတဲ့ ဖွတ်ချက်,ဖွတ်ချက် ဆိုင်ကယ်ဆိုတော့ ဘယ်လိုပါလိမ့်လို့တောင်မှ ကျွန်တော့်စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားသေးတယ်။ တန်းစီးဆိုတာ အဝင်ကောင်းလေ။

'ဒေါ်ကြီးတို့ အိမ်နားတစ်ဝိုက်မှာ မီးလန့်ပြီးပြီနော်' လို့ ဗေဒင်ဟောတဲ့နေရာမှာ လာထိုင်တဲ့ အဒေါ်ကြီး (ကလေးမ အမေ)ကို ဆရာကြီးက လှမ်းပြီးမေးပါတယ်။

အဒေါ်ကြီးကလည်း 'ကို··ကိုဘမောင်ရဲ့ ကောက်ရိုးပုံ မီးလောင်ခဲ့တာ'ဆိုပြီး အနောက်တောင်ထောင့်ရှိ နှစ်အိမ်ကျော်အိမ်ကို လက်ညှိုးထိုးပြီး ထောက်ခံလာပါတယ်။

ဒီဟောချက်အထိ ကာယကံရှင်တွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အချက်အလက်တွေ ဘာတစ်ခုမှ ဝေါသေးတဲ့ ဟောချက်တွေဆိုတာ စာဖတ်သူ သတိထားမိပါလိမ့်မယ်။ ဒါဟာ ကာယကံရှင်တွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေကို တိတိကျကျ ခိုင်ခိုင်မာမာ ဟောနိုင် ပြောနိုင်အောင်လို့ ခင်းကျင်းစူးစမ်းလိုက်တဲ့ နိမိတ်၊ အတိတ်၊ ဟိတ်တွေပါပဲ။

အဒေါ်ကြီးက ဦးဘမောင်ရဲ့ ကောက်ရိုးပုံ မီးလောင် (မီးလန့်)တာ မှန်ကြောင်း ထောက်ခံမှုပေးတာနဲ့ တစ်ပြိုင်တည်း-

'ဟဲ့··ကလေးမ၊ ညည်း ဒီကရှေ့ ကောင်းစားပြီသာ အောက်မေ့ပေတော့။ မကြာခင် စက်ဘီးဖြစ်ဖြစ်၊ ငွေရောင် ကလစ်ပဲဖြစ်ဖြစ် ဝင်တာနဲ့ ညည်း အိမ်ထောင်ကျကိန်းမြင်တယ်။ ပျက်နေတဲ့ သားရေအိတ်တစ်လုံး ညည်းတို့အိမ်မှာ ရှိနေတယ်။ အဲဒါ စွန့်ပစ်လိုက်ပေတော့။ အဲဒါ မစွန့်ပစ်ရင် ညည်း လေဖြတ်သွားနိုင်တယ်။ ဒါမှမဟုတ် ဗိုက်ခွဲရတတ်တယ်။ ဆေးရုံ,ဆေးခန်း ရောက်ရတတ်တယ်။ ကြားလား။ အိမ်မှာ လူအို၊ သူအို ရှိရင်လည်း သတိထား' စသဖြင့် ကာယကံရှင်အတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ဟောပါတော့တယ်။

ဗေဒင်ရဲ့အခင်းအကျင်း နိမိတ်၊ အတိတ်၊ ဟိတ်တွေ မှန်ပြီဆိုရင် ကာယကံရှင်ရဲ့ ကံကြမ္မာ အကောင်း,အဆိုးကို အကြောင်းအကျိုး မှန်ကန်စွာ ဖတ်ကြားလမ်းညွှန်နိုင်တာ ဗေဒင်ပညာပါပဲ။ ဒီနိမိတ်၊ ဟိတ်၊ အတိတ်တွေကို ကွက်တိဖော်ထုတ်ပေးတာလည်း ဗေဒင်ပညာပါပဲ။ တင်ပြခဲ့တဲ့ ဟောချက်အထောက်တွေကို ဖြေရှင်းပြရရင်တော့

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

အဠ္ဌလာဂ် - ဂြိုဟ်နေ

| | | |
|---|---|---|
| ရှေ့/မြောက် | အရှေ့ | ရှေ့/တောင် |
| မြောက် | | တောင် |
| နောက်/မြောက် | အနောက် | နောက်/တောင် |

အရပ်ဒေသနှင့်ထောင့်

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်နေအရပ်တွေသိဖို့ ပထမလိုပါတယ်။

ဟောချက်ထဲမှာ အရပ်ဒေသ အတိအကျညွှန်းတာမို့ ဂြိုဟ်နံနေ အရပ်ဒေသတွေကို ပထမတင်ပြရခြင်း ဖြစ်ပါတယ်။ နောက် ဒုတိယသိရမှာကတော့ ဗေဒင်တွက်ခွင်ပါပဲ။ အင်္ဂါသမီးလေးတစ်ယောက်ရဲ့ ကြာသပတေးသက်ရောက် ဗေဒင်ခွင်လေးပါ။

စက်ဘီး → ၃ ၅ ← အရှေ့တောင်ထောင့် မင်္ဂလာ၊ မိန်းမ
ငွေကလစ် → ၂* ၄ ← အရှေ့ဘက်အိမ်၊ ရွှေပျောက်
၁ ၃ ← အရှေ့မြောက်ထောင့် စက်ပစ္စည်းဝင်
၀ ၂ ← အနောက်တောင် မီးလန့်
သားရေအိတ် → ၆ ၁ ← သူအို(လူအို) ဂရုစိုက်

လေဖြတ် [ ၅* ၀ / ၄ ၆ ] နိစ် = ၅ + ပြ = ၂
ဗိုက်ခွဲ

တိုင်ထိပ်မှာ အင်္ဂါ၊ အရှေ့တောင်ထောင့် အရပ်မှာ ကြာသပတေး။ မင်္ဂလာသော်လည်းကောင်း၊ မိန်းမသော်လည်းကောင်း ဝင်လို့ ယူဆခြင်း ဖြစ်ပါတယ်။

ပြခွင်မှာ တနင်္လာ၊ အရှေ့ဘက်အရပ်မှာ ဗုဒ္ဓဟူး။ ရွှေပျောက်ခြင်းလို့ ကောက်ယူခြင်း ဖြစ်ပါတယ်။

တန်းစီး တနင်္ဂနွေ၊ အရှေ့မြောက်ထောင့်အရပ်မှာ အင်္ဂါ။ စက်ပစ္စည်း၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ အပ်ချုပ်စက် တစ်မျိုးမျိုးလို့ ကောက်ချက်ဆွဲခြင်း ဖြစ်ပါတယ်။

တန်းကပ် စနေ၊ အနောက်တောင်ထောင့်မှာ တနင်္လာ။ ခြေနှစ်ချောင်းထွက်တဲ့ အသုဘ၊ မီး (သို့မဟုတ်) မီးလောင်၊ မီးလန့်အနက် အသုဘ၊ မီးအစား ရှိုးရှိုးမီးလောင်၊ မလောင်၊ လန့်၊မလန့် မေးခြင်းပါ။ အကယ်၍ မီးလန့်မှု၊ မီးလောင်မှု မရှိဆိုရင် အသုဘ၊ မီး၊ ခြေနှစ်ချောင်းထွက်ခြင်းကို ပြောရမှာဖြစ်ပါတယ်။ အနိဋ္ဌချင်းအတူတူ ပေါ်တန်တဲ့ အနိဋ္ဌကို ပထမဦးစွာ စဉ်းစားခြင်းဖြစ်ပြီး ထိုအနိဋ္ဌ မှားယွင်းနေပါမှ ကြီးလေးသောအနိဋ္ဌ လူသေမီးကို ပြောရခြင်းပါ။

ဒီနိမိတ်၊ ဒီအတိတ်၊ ဒီဟိတ်တွေကို နတ်မျက်စိရသူသဖွယ် ထောက်ပြတွက်ဆပြီးမှ ကာယကံရှင် ကောင်းစားမည်ဟု ရဲရဲဝံ့ဝံ့ဟောပြောတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်တွင်းမှာ နိစ်အနိဋ္ဌ သောကြာ+တနင်္ဂနွေ-သားရေအိတ်

ပျက် တစ်လုံးကို စွန့်ပစ်ထုတ်ပယ်လိုက်မှသာ လေဖြတ်ခံရခြင်း၊ ဗိုက်ခွဲခံရခြင်း၊ သူအို(လူအို)အတွက် စိုးရိမ်ပူပန်ရခြင်းတို့ ကင်းလွတ်မှာဖြစ်ကြောင်း ဆောင်ရန်ရှောင်ရန်တို့ကို ညွှန်းခြင်း ဖြစ်ပါတယ်။

ဗေဒင်မေးသူတစ်ယောက်ဟာ ရှေ့က အတိတ်ဟောချက်၊ နိမိတ်ဟောချက်၊ ကိတ်ဟောချက်တွေကို နတ်မျက်စိရထားသူပမာ ကွက်တိဟောပြလိုက်ရင် ဗေဒင်အပေါ် သက်ဝင်ယုံကြည်မှု ရှိသွားတတ်တာ မမွှတာပါပဲ။ နောက်ဆက်တွဲဟောပြောလာတဲ့ မိမိအဖို့ ကံကြမ္မာအဆိုး၊အကောင်းတွေလည်း မှန်မှာပဲလို့ စွဲမှတ်သွားကြလေ့ရှိတာ မမွှတာပါပဲ။

အဲဒီလို စွဲမှတ်ယုံကြည်သွားတဲ့အတိုင်းလည်း ဖြစ်ဖြစ်လာတတ်ပါတယ်။ ကောင်းကျိုးရမယ် ဟောရင်လည်း ရသလို ဆိုးကျိုးကြုံမယ် ဟောရင်လည်း ကြုံရတတ်ပါတယ်။ အဲဒီလိုကွက်တိဒက်ထိ မှန်ကန်တာဟာ ဗေဒင်ဆရာ နတ်မျက်စိရလို့မဟုတ်ဘဲ စစ်မှန်တဲ့ ဘိုးဘွားအမွေအနှစ် မြန်မာ့ဗေဒင်ပညာရဲ့ စွမ်းအားကြောင့်ပဲ ဖြစ်ပါတယ်။ ဆိုလိုချင်တာက ဒီကနေ့ ဗေဒင်လောကမှာ ရေပန်းစားနေတဲ့ အကြားအမြင်တို့၊ နတ်မျက်စိတို့ဆိုတာ တကယ်မရှိကြောင်းပါ။ ဓာတ်မသိရင်တော့ နတ်မျက်စိ ရသလိုလိုအကြားအမြင် ပေါက်သလိုလို ထင်စရာပါပဲ။ ဒီနေရာမှာတစ်ခုပဲ ပြောစရာရှိပါတယ်။ အဲဒါက နာနာဘာဝမွေးပြီးဟောတဲ့သူ၊ ရက္ခစိုးမော်သွင်းပြီး ဟောတဲ့သူ မရှိဘူးလားလို့ မေးရင် ရှိပါတယ် ဆိုတာပါပဲ။ အဲဒီလူတွေကို မဆိုလိုပါဘူး။ သူတို့ကတော့ တစ်လမ်းသွား ပညာရှင်တွေလို့ပဲ မှတ်ယူရမှာပါ။ ဒါပေမဲ့ သူတို့ကိုယ်တိုင်လည်း နိုင်ငံတော်အစိုးရက တရားဝင် ဖွင့်လှစ်ပေးနေတဲ့ သိန်းထီရဲ့ အမြင့်ဆုံးဆုအပါအဝင် အခြားဆုဝင်မယ့် ထီအကွရာ၊ ထီဂဏန်းကို တိတိကျကျ မဟောပေးနိုင်ကြပါဘူး။

ဒါလောက်ဆိုရင် သဘောပေါက်သွားကြလောက်ပြီလို့ ယုံကြည်ကြောင်းပါခင်ဗျာ။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်
မင်းနေထွန်း(ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com




# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်မြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂




# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၁






# ဇော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အနှံကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

# (၂၀၁၇)ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာ ကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင် မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူးညံ့ရှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချို့ကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာ ချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင် စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်း ပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြစ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက် ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေ ဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
နွှံလ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible]၂၅ - ၇:၂၅ | ပြိဿ |
| [illegible]၂၅ - ၉:၂၅ | မေထုန် |
| [illegible]၂၅ - ၁၁:၂၅ | ကရကဋ် |
| [illegible]၂၅ - ၁၃:၂၅ | သိဟ် |
| [illegible]၂၅ - ၁၅:၂၅ | ကန် |
| [illegible]၂၅ - ၁၇:၂၅ | တူ |
| [illegible]၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| [illegible]၂၅ - ၂၁:၂၅ | ဓနု |
| [illegible]၂၅ - ၂၃:၂၅ | မကာရ |
| [illegible]၂၅ - ၁:၂၅ | ကုမ် |
| [illegible]၂၅ - ၃:၂၅ | မိန် |
| [illegible]၂၅ - ၅:၂၅ | မိဿ |

နွှံလ (၁၅)ရက်မှ
စုလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

စုလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
[illegible]တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible]၅၀ - ၇:၅၀ | ကန် |
| [illegible]၅၀ - ၉:၅၀ | တူ |
| [illegible]၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| [illegible]၅၀ - ၁၃:၅၀ | ဓနု |
| [illegible]၅၀ - ၁၅:၅၀ | မကာရ |
| [illegible]၅၀ - ၁၇:၅၀ | ကုမ် |
| [illegible]၅၀ - ၁၉:၅၀ | မိန် |
| [illegible]၅၀ - ၂၁:၅၀ | မိဿ |
| [illegible]၅၀ - ၂၃:၅၀ | ပြိဿ |
| [illegible]၅၀ - ၁:၅၀ | မေထုန် |
| [illegible]၅၀ - ၃:၅၀ | ကရကဋ် |
| [illegible]၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ် မေလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### [illegible]သလဂ် (Aries)



ကျန်းမာရေး ကောင်းနေမည်။ ငွေကြေး အဆင်ပြေနေမည်။ သို့သော် လက်ထဲ မတင်ဘဲ ပြန်ထွက်သွားတတ်၏။ အကြီးအကဲထံမှ အကူအညီရလိမ့်မည်။ လကုန်[illegible]တ်တွင် ထိခိုက်ဒဏ်ရာ ရတတ်ပါသည်။ ငွေကြေးကုန်[illegible]မှုလည်း များနေမည်။ စိတ်ဓာတ်ကျဆင်းပြီး မလုပ်ချင်[illegible]ကိုင်ချင် ဖြစ်နေတတ်ပါသည်။ အစစအရာရာ က[illegible][illegible]ကောင်းချင်တဲ့ ကာလပါ။ (၄၊ ၅၊ ၆)ရက်များတွင် နေအိမ်နှင့် ပတ်သက်ပြီး စိတ်ဆင်းရဲရတတ်၏။ ဘာပဲဖြစ်ဖြစ် ရှက်ကုန်တက်ကုန် လှော်ခတ်ပါ။ ဒုတိယပတ်လောက်တွင် အဆင်နည်းပြေလာလိမ့်မည်။ စုငွေကိစ္စကြောင့် လင်နှင့်မယား စကားများရတတ်၏။ ပညာရေးဆို လုံးဝစိတ်မဝင်စား ဖြစ်နေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ခေါင်းထဲ ထည့်မနေပါနှင့်။ အလုပ်ရှာဖွေနေသူများ တတိယပတ်အတွင်းမှာ အဆင်တပြေ ရသွားမည်။ အလုပြင်သူများ မထင်မှတ်ဘဲ ဆေးရုံရောက်ရတတ်ပါသည်။ ဘဝရဲ့ အခြေခံလုပ်ငန်း လုပ်ကိုင်သူများ

www.burmeseclassic.com

ဝင်ငွေကောင်းနေမည်။ (၉၊ ၁၀)နှင့် (၁၉၊ ၂၈)ရက်များကိုဆောင်၊ (၄၊ ၅၊ ၆)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၁၊ ၃၊ ၈၊ ၄၊ ၉)ပါ။

ယတြာ

မွေးနေ့တွင် ပိတောက်သား ပုတီးဖြင့် အရဟံဂုဏ်တော်ကို ကိုးပတ်စိပ်ပါ။ အဆင်မပြေနိုင်သည်များ ပြေလည်သွားလိမ့်မည်။

## ပြိဿလက် (Taurus)



ကိုယ်ပိုင်စည်းကမ်း ကောင်းနေပြီး လာဘ်လာဘလည်း ကောင်းနေမည်။ အတိုက်အခံကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်၏။ သို့သော် တင်းထားပါ။ နောက်ဆုံး ကျော်လွှားနိုင်လိမ့်မည်။ ငွေကြေးကသိကအောက် ဖြစ်နေတတ်၏။ ချစ်လိုလိုက် ဝေးနေရမည့် ကာလမို့ အချစ်ကို ခဏရှောင်ထားပါ။ ညီအစ်ကိုမောင်နှမ ကိစ္စများ လုံးဝ ဝင်မပြောပါနှင့်။ ကာမကို အရောင်းအဝယ်ပြုသူများ၊ ဇိမ်ခံလုပ်ငန်းရှင်များ နေရင်းထိုင်ရင်း ပြဿနာတက်လာတတ်ပါသည်။ ရေသန့်လုပ်ငန်းရှင်များ အဆင်မပြေနိုင်ပါ။ ရွှေဈေးကျပြီး ရွှေလုပ်ငန်းများ နှေးကွေးနေမည်။ စာပေကိစ္စများ အဆင်မပြေတဲ့ကြားက ဂုဏ်သိက္ခာရှိဖြင့် အောင်မြင်သွားမည်။ မိမိဝန်းကျင်တွင် အကြော၊ အရိုး ဝေဒနာရှင်ရှိပါက တတ်နိုင်သလောက် ကူညီလိုက်ပါ။ သင့်လုပ်ငန်းတစ်ခု အောင်မြင်သွားလိမ့်မည်။ အနုပညာရပ်ဝန်းက သရုပ်ဆောင်များ အောင်မြင်ပြီး အဆိုတော်များ အဆင်မပြေ ဖြစ်နေမည်။ ဘာပဲလုပ်လုပ် (၇၊ ၈)နှင့် (၁၉၊ ၂၀)ရက်များကိုဆောင်၊ (၉၊ ၁၀၊ ၁၁)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၂၊ ၅၊ ၉)ပါ။

ယတြာ

အမွေးတိုင် တတ်နိုင်သလောက်ဝယ်ပြီး သီလရှင်များကို ဆွမ်းခြောက်လောင်းလှူပါ။ အညှို၊ အဆိုးများ ကင်းစင်သွားလိမ့်မည်။

## မေထုန်လက် (Gemini)

ကိုယ်ရေးကိုယ်တာကိစ္စများ စိတ်တိုင်းကျ မဖြစ်နိုင်



ပါ။ နေအိမ်၊ နေရာဒေသနှင့်ပတ်သက်ပြီး ဆောင်ရွက်စရာ ရှိသည်များ ယခုလတွင် မဆောင်ရွက်ပါနှင့်။ အလုပ်သစ် မရှာပါနှင့်။ လက်ရှိအလုပ်ကိုသာ ကြိုးစားပါ။ ပညာရေး၊ အချစ်ရေး၊ ငွေကြေးကိစ္စများ အားလုံး အဆင်ပြေ အောင်မြင်မည်။ သစ်လုပ်ငန်းရှင်များ၊ သစ်တောရေးရာ ဝန်ထမ်းများ မျှော်လင့်မထားတဲ့ အရာများ အထူးအဆန်း အောင်မြင်လာ၍ ဝမ်းသာရမည်။ အလုပ်ပြောင်း၊ နယ်ပြောင်း လျှောက်ထားသူများ အဆင်ပြေသွားမည်။ မီဒီယာလုပ်ငန်းရှင်များ ဂုဏ်သတင်း အရှိအဝါ မဲ့နေမည်။ အကြင်နာသံယောဇဉ်ဆိုင်ရာ ကိစ္စများ အားလုံး ရှေ့တိုးနောက်ဆုတ် ဖြစ်နေမည်။ သံတမန်ဆက်ဆံရေး ဝန်ထမ်းများ အသက်ရှူမဝလောက်အောင် စိတ်ဒုက္ခဖြစ်နေရတတ်၏။ ဘာပဲလုပ်လုပ် (၂၁၊ ၂၂၊ ၂၃) ရက်များကို ဆောင်ပြီး (၁၂၊ ၁၃)ရက်များကို ရှောင်ပါ။

ယတြာ

မွေးနေ့တွင် ဘုရားသွားပြီး ရွှေသင်္ကန်းအတွက် အလှူငွေ စေတနာရှိသလောက် လှူလိုက်ပါ။

## ကရကဋ်လက် (Cancer)



ပိုက်ဆံစုမရနိုင်လို့ စိတ်ညစ်နေရတတ်၏။ ပညာသင် လူငယ်များ ဆိုပါက မှတ်ဉာဏ်အားနည်းပြီး ကျက်မေ့ဖြစ်နေတတ်ပါသည်။ ကြွေးမြီကိစ္စကြောင့် ခိုက်ရန်စကား ပြောရတတ်၏။ သင့်ရည်ရွယ်ချက်များ နှောင့်နှေးခက်ခဲနေမည်။ ကျန်းမာရေး မသိမသာ ညံ့နေတတ်၏။ မတ်တတ်သွားရင်း ဖျားနေတတ်ပါသည်။ ရေ များများ သောက်ပေးပါ။ ချစ်သူ မရှိသူများ ဒုတိယပတ်တွင် ချစ်သူတွေ့လိမ့်မည်။ ရှိနေသူများ စိတ်ချမ်းသာရမည်။ ဘာသာရေးဆိုင်ရာ ဝန်ထမ်းများ မမျှော်လင့်ဘဲ ပြဿနာတိုးလာတတ်၏။ ဘဏ်အစုရှယ်ယာ ဝယ်ထားသူများ အကျိုးအမြတ် ခံစားရမည်။ စုငွေကို ရင်းနှီးငွေအဖြစ် ပြောင်းလဲလုပ်ကိုင်ဝံ့သူများ တိုးပွားအောင်မြင်မည်။ အလုပ်မရှိသူများ စိတ်မပျက်ပါနှင့်။ တစ်လတာမှာ ပေါ ပင်သစ်သီးများကိုသာ ဝယ်ရောင်းနေလိုက်ပါ။ လတ လျှင် လက်ထဲ ငွေမြင်ရလိမ့်မည်။ ဘာပဲလုပ်လုပ် (၁၂

www.burmeseclassic.com

www.burmeseclassic.com

၁)နှင့် (၂၄၊ ၂၅)ရက်များကိုဆောင်၊ (၁၄၊ ၁၅၊ ၁၉) ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၁၊ ၆၊ ၅၊ ၈)ပါ။

ယတြာ

မွေးနေ့မှာ စစဦးတွေ့တဲ့ အလှူခံပုဂ္ဂိုလ်အား တတ်နိုင်သလောက် လှူလိုက်ပါ။ မထင်မှတ်ထားတဲ့ အရာများ အောင်မြင်သွားလိမ့်မည်။

## သိဟ်လဂ် (Leo)



ကျန်းမာရေး ဂရုစိုက်ပေးပါ။ ရည်ရွယ်ချက် ကြီးကြီးမားမား မထားပါနှင့်။ ထားမိလျှင် မအောင်မြင်နိုင်၍ စိတ်ဆင်းရဲနေရလိမ့်မည်။ ဘယ်ကိစ္စမဆို မိသားစုနှင့် တစ်ခုတည်းဖြင့် မဆုံးဖြတ်ပါနှင့်။ အဖေ၊ အစ်ကို၊ အကြီးအကဲ တစ်ဦးဦးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ အောင်မြင်လိမ့်မည်။ ငွေကြေးကို စဉ်းစားလိုက်တိုင်း အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်ဆိုတဲ့ လွမ်းမိုးသီချင်း စာသားကို ဆိုညည်းနေမိလိမ့်မည်။ အချစ်ရေးမှာ သူက ရှေ့ကို တိုးလာလိုက်၊ ကိုယ်က နောက်ဆုတ်နေလိုက်၊ ကိုယ်က ရှေ့တိုးလိုက်၊ သူက နောက်ဆုတ်သွားလိုက်နှင့် ရှေ့တိုး နောက်ဆုတ်ဖြစ်ကာ ဟန်ချက်မညီဖြစ်နေတတ်ပါသည်။ စိတ်မပျက်ပါနှင့်။ ပုံမှန်အတိုင်း ရှေ့တိုးမြဲ တိုးပါလေ။ အဆင်ပြေသွားလိမ့်မည်။ တပည့်ကောင်း ဆရာခေါင်း၊ သားသမီးမကောင်း မိဘခေါင်း ဆိုတဲ့အတိုင်း တပည့်တပန်း၊ သားသမီးကိစ္စများကြောင့် ချက်နှာပူရတတ်၏။ သင့်အိမ်ထောင်ရေးမှာ အဖြေရှာမရနိုင်တဲ့ ပြဿနာများ ရှုပ်ထွေးနေတတ်၏။ အရှုပ်ထဲမှာ ရှင်းအောင်နေနိုင်ဖို့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ နေပေးလိုက်ပါ။ ဘာပဲဖြစ်ဖြစ် (၁၄၊ ၁၅၊ ၁၆) နှင့် (၂၆၊ ၂၇)ရက်များကိုဆောင်၊ (၁၇၊ ၁၈)နှင့် (၂၁၊ ၂၂)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၁၊ ၅၊ ၃၊ ၄)ပါ။

ယတြာ

မွေးနေ့တိုင်း မြတ်ဘုရားအား ဆီမီးပူဇော်ပါလေ။ အမှောင်ခွင်း အလင်းဆောင်နိုင်လိမ့်မည်။

## ကန်လဂ် (Virgo)




ယခင်လက အဆင်ပြေနေသည်များ ယခုလတွင် အနည်းငယ် ကသိကအောက် ဖြစ်နေမည်။ အရင်းအနှီး တစ်အားကြီး မတိုးမြှင့်သင့်ပါ။ မူလရည်ရွယ်ချက်ကို မဖျက်ပါနှင့်။ ဖြစ်တဲ့နည်းနှင့် ဆက်ပြီးလျှောက်ပါ။ ပန်းတိုင်ရောက်သွားလိမ့်မည်။ စားဝတ်နေရေးလို့ ဆိုသည့်တိုင် စားရေး၊ ဝတ်ရေးအတွက်သာ အာရုံပြုပြီး ငွေရှာပါ။ နေရေးအတွက် အာရုံစိုက်လျှင် တစ်ခုမဟုတ်တစ်ခု အဆင်မပြေ ဖြစ်လာမည်။ သားရေး၊ သမီးရေး စိတ်တိုင်းကျ မဖြစ်နိုင်ပါ။ တပည့်ရှာ ဆရာတွေ့ ဆိုသကဲ့သို့ ကိုယ့်ကို သားသမီးက ဆရာလုပ်နေတတ်၏။ ဆေးဝါး၊ စတိုး၊ စားသုံးကုန် ရောင်းဝယ်သူများ လက်ထဲ ငွေသီးနေမည်။ ရွှေလုပ်ငန်းရှင်များကတော့ စနိုးစနောင့်ဖြစ်ကာ ရပ်တန့်ရတတ်ပါသည်။ သောကြာနံသင့် ပစ္စည်း ရောင်းဝယ်သူများအားလုံး အဆင်ပြေမည်။ သရုပ်ဆောင် ပညာရှင်များအားလုံး အလွန်အဆင်ပြေနေမည်။ ဘာပဲပြောပြော (၁၇၊ ၁၈)နှင့် (၂၈၊ ၂၉)ရက်များကို ဆောင်၊ (၁၉၊ ၂၀)ရက်များကို ရှောင်ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၃၊ ၁၊ ၆၊ ၂)ပါ။

ယတြာ

မေမြို့ပန်း(၅)ပွင့် ဘုရားကို လှူပါ။ သောကကင်းဝေး အေးချမ်းရလိမ့်မည်။

## တူလဂ် (Libra)



အတိုက်အခံတွေ များလွန်းလို့ အရာရာ တွန့်ဆုတ်နေတတ်ပါသည်။ မှားနေပြီဟု ဆိုချင်ပါသည်။ အတိုက်အခံကို ကျော်ဖြတ်ရမည့် မှတ်တိုင်ဟု သဘောထားကာ ကြိုးစားလိုက်ပါ။ မခံချင်စိတ် ပြင်းထန်လွန်းနေရင်တော့ ကျန်းမာရေးထိခိုက်လာပြီး စိတ်ဆင်းရဲလာရလိမ့်မည်။ မူကြိုကျောင်းများ၊ မူကြိုဆရာ,ဆရာများ အထူးအောင်မြင်နေမည်။ အုတ်၊ သဲ၊ ဘိလပ်မြေ ရောင်းဝယ်သူများ အထူးရောင်းအားကောင်းမည်။ မုန့်လုပ်ငန်းရှင်များကတော့ အရင်းအနှီး လျှော့ထားသင့်ပါသည်။ မလျှော့လျှင် အရှုံးလည်း မပေါ်နိုင်ပါ။ အိမ်ထောင်ဖက်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်ကျနေတတ်၏။ နှစ်သိမ့်အားပေးစကား ပြော ပေးလိုက်ပါ။ လကုန်ခါနီး သူ အဆင်ပြေသွားသည်ကို အံ့ဩစွာ တွေ့ရလိမ့်မည်။ လုပ်ငန်းအသစ် စတင်လိုသူများ (၂၊ ၃)နှင့် (၃၀၊ ၃၁) (၄)ရက် တစ်ရက်ရက် စတင်ပါ။ အလုပ်ရှာနေသူများလည်း ထိုနေ့ရက်များတွင် အလုပ်ရသွားတတ်ပါသည်။ ဘာပဲလုပ်လုပ် (၂၁၊ ၂၂)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၉၊ ၃၊ ၄၊ ၁)ပါ။

ယတြာ

စေတနာသဒ္ဓါတရားဖြင့် မေတ္တာသုတ်ကို တစ်နေ့ (၃)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

## ဗြိစ္ဆာလဂ် (Scorpio)



ဘာပဲပြောပြော ယခင်လထက် ဒုက္ခတွေ နည်းပါးသက်သာမည်။ ကိုယ်ရောစိတ်ပါ ပေါ့ပါးနေလိမ့်မည်။ အကြံအစည်ကောင်းများ ရလာလိမ့်မည်။ ယခင်က မအောင်မြင်ခဲ့တဲ့ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ ပြန်လည်အကောင်အထည် ဖော်လိုက်ပါ။ အောင်မြင်သွားလိမ့်မည်။ အတန်းပညာ၊ အတတ်ပညာ၊ အသိပညာ တစ်ခုခု သင်ယူရတတ်၏။ အလုပ်တွင် အထက်အကြီးအကဲများနှင့် အဆင်မပြေချင် ဖြစ်လာတတ်ပါသည်။ သည်းခံနေလိုက်ပါ။ (၁၄)ရက်နောက်ပိုင်း အဆင်ပြေသွားလိမ့်မည်။ အလုပ်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် များ ယွင်းသွားအောင် ဖြားယောင်းသွေးဆောင်လာတတ်၍ အထူးသတိထားပါလေ။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်ပြီး ရှိပြီးသူများ အိမ်ထောင်ရေးသာယာမည်။ ကုမ္ပဏီဝန်ထမ်းများ၊ ဖက်စပ်လုပ်ငန်းရှင်များ အဆင်ပြေနေမည်။ အချစ်ရေး အဆင်ပြေနေမည်။ မိမိအောက် ငယ်ရွယ်သူအတွက် ရတက်မအေး ဖြစ်နေမည်။ ပိုက်ဆံစုဖို့ မကြိုးစားပါနှင့်။ စုမရလို့လည်း စိတ်ညစ်မနေပါနှင့်။ အလုပ်ကိုသာ ပုံမှန်ကြိုးစားပါ။ ရွှေဝယ်လိုစိတ် ဖြစ်နေတတ်၏။ မဝယ်ပါနှင့်လို့ အကြံပေးပါရစေ။ အင်္ကျီနံ့သင့်ပစ္စည်း ရောင်းဝယ်သူများ၊ အထူးအားဖြင့် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး ရောင်းဝယ်သူများ အထူးအကျိုးပေးမည်။ ဘာပဲလုပ်လုပ် (၂၊ ၃)နှင့် (၂၅၊ ၂၃)ရက်များကိုဆောင်၊ (၉၊ ၁၀၊ ၁၁)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၈၊ ၁၊ ၃၊ ၆)ပါ။

ယတြာ

မွေးနေ့တွင် ဘုရားသွားပြီး စနေထောင့်ဂြိုဟ်တိုင် ဘုရားတွင် ထီးဖြူ(၁၀)လက် လှူပါ။

## ဓနုလဂ် (Sagittarius)



ကျန်းမာရေး မသိမသာနှင့် သိသိသာသာ ညံ့နေတတ်ပါသည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များလည်း မသိမသာ ချွတ်ချော်နေတတ်ပါသည်။ အတွေးသစ်များ မပေါ်နိုင်ပါ။ အလုပ်အကိုင်သစ်ကို စိတ်မဝင်စားသင့်ပါ။ မူလအလုပ်ကိုသာ စိတ်ဝင်တစား လုပ်ဆောင်သင့်ပါသည်။ အိမ်ထောင်ရေး မသိမသာလေး စိတ်ဆင်းရဲနေရမည်။ ငယ်ရွယ်သူများ ကွဲသွားတတ်၏။ ဘဝနှောင်ရေး အတွေးကြီး မတွေးဘဲ လက်ရှိအတိုင်း ပျော်ရွှင်စွာ နေလိုစိတ်ရှိလာအောင် စည်းရုံးနိုင်ပါမှ အိမ်ထောင်ရေးသာယာမည်။ ဖက်စပ်လုပ်ငန်းဟူသမျှ လက်ရှောင်ထားပါ။ ဘဏ်အစုရှယ်ယာ သွားမဝယ်ပါနှင့်။ ဝယ်မိပါက မရှုံးနိုင် မရှိက်နိုင် ဖြစ်ရတတ်ပါသည်။ လုပ်ချင်ကိုင်ချင်စိတ် လျော့ပါးနေတတ်၏။ မိမိကိုယ်ကို သတိပေးပြီး ရွက်ကုန်ဖွင့်က ကြိုးစားပါ။ ထိခိုက်ဒဏ်ရာ အန္တရာယ်ဖြစ်တတ်၍ စိတ်လိုက်မာန်ပါ လုပ်ဆောင်ခြင်း မပြုမိအောင် ဆင်ခြင်ပါ။ ဘာပဲလုပ်လုပ် (၂၄၊ ၂၅)ကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၇၊ ၀၊ ၅၊ ၁၊ ၄)ပါ။

ယတြာ

ဒိန်ချဉ်(၅)ခွက်ဝယ်ပြီး မိသားစုနှင့် တပျော်တပါး စားသောက်လိုက်ပါ။ ထူးခြားမှု ရှိလာလိမ့်မည်။

## မကာရလဂ် (Capricon)



ဆေးရုံ၊ ဆေးခန်း ခဏ,ခဏ သွားနေရတတ်ပါသည်။ နယ်စပ်ဒေသ နိုင်ငံခြား သွားလိုစိတ် ဖြစ်နေတတ်ပါသည်။ သွားရတတ်ပါသည်။ အပြ

www.burmeseclassic.com

အစည်းများ အောင်မြင်ခါနီး ပျက်စီးတတ်၏။ ဂုဏ်သိက္ခာနှင့် ရင်းနှီးလုပ်ကိုင်ရသူများ အသင့်အတင့် အောင်မြင်မည်။ အချစ်ရေး၊ ငွေကြေး၊ ပညာရေးတွင် ဖွဲ့ကောင်းနေမည်။ ဘယ်သူက ဘာပဲပြောပြော လုပ်ချင်တာ လုပ်မည်ဆိုပြီး ဇွတ်တရွတ်ဆန်နေတတ်၏။ မဆင်ခြင်နိုင်ပါက အထိနာတတ်ပါသည်။ သတိကို အမြဲလက်ကိုင်ထားပါလေ။ သားသမီးဇော အားသန်လွန်း၍ မိမိဆုံးဖြတ်ချက်များသွားတတ်ပါသည်။ အားလုံး ငါ့တာဝန်ဆိုတဲ့ ခံယူချက်ကို ခဏဖယ်ထားပြီး အပူထဲမှာ အေးအေးဆောင် နေလိုက်ပါ။ တကယ်အေးသွားပေလိမ့်မည်။ အလှကုန်၊ အမွှေးနံ့သာ၊ အမွှေးတိုင် လုပ်ငန်းရှင်များ အထူးအောင်မြင်နေမည်။ ငွေတိုး ငွေချေးပေးသူများ၊ အပေါင်ဆိုင်များ၊ ငွေဖြင့် တိုက်ရိုက်လုပ်ဆောင်သူများ အောင်မြင်နေမည်။ အိမ်ထောင်ရေးကတော့ သာယာမြဲ သာယာနေမည်။ (၇၊ ၈)နှင့် (၂၆၊ ၂၇)ရက်များကိုဆောင်၊ (၄၊ ၅)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၂၊ ၄၊ ၁၊ ၅၊ ၆)ပါ။

ယတြာ

ဘုရားထီးတော်တင်ရန် အလှူခံလျှင် မိမိနိုင်သလောက် သဒ္ဓါပေါက်လိုက်ပါ။

## ကုမ်လဂ် (Aquarius)



အိမ်ထောင်ရေးဖောက်ပြန်လိုတဲ့ အတွေးများ ဖြစ်ပေါ်နေတတ်၏။ ငါ့ဟာက ငါ့ဟာပဲ၊ သူ့ဟာက သူ့ဟာပဲလို့ အမြဲနှလုံးသွင်းပေးပါ။ သို့မဟုတ် အိမ်ထောင်ရေး ပြဿနာဟောင်းများကြောင့် စိတ်ရှုပ်ထွေးနေရတတ်ပါသည်။ ကုမ္ပဏီဝန်ထမ်းများ ပြဿနာမျိုးစုံကြုံတွေ့ရတတ်ပါသည်။ ငွေကြေးရလိုလျှက် လုံ့လ၊ ဝီရိယလျှော့ရဲနေတတ်၏။ ကံကိုယုံ၍ မျှော်နေမိတတ်ပါသည်။ သို့သော် ဘယ်ကရလို့ ရမှန်းမသိ နည်းနည်းတော့ စုဆောင်းမိနေတတ်၏။ သင့်ကိုယ်သင် ကျရှုံးနေသည်ဟု အင်မှတ်နေသော်လည်း သင့်ဝန်းကျင်တွင် သင့်ဂုဏ်သတင်း ပျံ့နှံ့နေမည်။ ရတနာသုံးပါး ဦးထိပ်ထားပြီး မီးလုံး၊ မီးချောင်း စတဲ့ အလင်းပစ္စည်းများ တတ်နိုင်သလောက် လှူပေးပါ။ ယောဇတမ်းများ မှားသွားလောက်အောင် သင့်ကံကြမ္မာ အပြောင်းအလဲ ဖြစ်သွားလိမ့်မည်။ အချစ်ရေး စိတ်မစောပါနှင့်။ ချွေမျိုးသားချင်းများ ဝင်နှောင့်လို့ ခဏတာ ရှောင့်တက်နေတာပါ။ မကြာမီ အဆင်ပြေသွားလိမ့်မည်။ ပညာရေးက နောက်ပြန်ဆုတ်နေမည်။ ဘာပဲလုပ်လုပ် (၁၂၊ ၁၃)နှင့် (၁၉၊ ၂၀)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၉၊-၃၊ ၃၊ ၆၊ ၄)ပါ။

ယတြာ

မွေးနေ့တွင် ဆွမ်းခံရှင်ရဟန်း(၇)ပါးအား ငါးပိကြော် လှူဒါန်းလိုက်ပါ။ အိုကေသွားလိမ့်မည်။

## မိန်လဂ် (Pisces)



ကျန်းမာရေး အနည်းငယ်ညံ့နေမည်။ မှန်းတိုင်းမပေါက် ဖြစ်နေမည်။ ဖက်စပ်လုပ်ငန်း အကျိုးပေးနေမည်။ အိမ်ထောင်ရေး အနည်းငယ်ပြဿနာတက်တတ်ပါသည်။ အစာအိမ်ဆန်တဲ့ လေနာရောဂါလည်း မကြာခဏဆိုသလို ခံစားနေရတတ်၏။ အကြင်နာသံယောဇဉ်များကြောင့် စိတ်ဆင်းရဲရတတ်ပါသည်။ အထူးသတိပြုပါ။ ပညာရေး၊ ငွေကြေး ကိစ္စများ အဆင်ပြေနေမည်။ သားရေး,သမီးရေး စိတ်အေးရမည်။ အလုပ်အကိုင် အဆင်မပြေချင်ပါ။ သို့သော် အခိုးကြီးလည်း မဟုတ်ပါ။ အလုပ်ပြောင်းလဲလုပ်ကိုင်လိုပါက ပြောင်းလဲလိုက်ပါ။ စာပေနှင့်ပတ်သက်တဲ့ လုပ်ငန်းရှင်များ သိပ်ပြီးတော့ အဆင်မပြေနိုင်ပါ။ အနုပညာနှင့်ပတ်သက်တဲ့ လုပ်ငန်းရှင်များ အောင်မြင်မည်။ ဘာသာရေးကျင့်စဉ်တစ်ခု ကျင့်ဖြစ်နေတတ်ပါသည်။ စည်းရုံးရေးမှူးများတော့ အခြေအနေ မကောင်းနိုင်သေးပါ။ ဘာပဲဖြစ်ဖြစ် အောင်ဘာလေထီတော့ နည်းနည်းထိုးထားလိုက်ပါ။ ဘာပဲလုပ်လုပ် (၂၁၊ ၂၂)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၆၊ ၂၊ ၇၊ ၃)ပါ။

ယတြာ

မွေးနေ့တိုင်း ပေါင်မုန့်ဆွမ်း ကပ်လှူပါလေ။ အဆင်ပြေသွားလိမ့်မည်။

ရှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၇၃

www.burmeseclassic.com



မင်းမဟော်ညွန့်

# နက္ခတ်ဗေဒ


# ရက်မြတ်ကောင်းအချိန်ခါ

## (၂၀၁၇)ခုနှစ်၊ မေလအတွက် ဈေးကွက်ခန့်မှန်းချက်

မိဿရာသီ၌ ၄ဟူးဖြို့ဟ် တည်ရှိသဖြင့် ခြေလေးချောင်းသတ္တဝါ ရှားအံ့။ ရွှေဈေး မပေါမရှား ရှိအံ့။ ၄င်း မိဿရာသီ၌ ၆ကြာဖြို့ဟ် ရောက်လာချိန်တွင် မိုးကောင်း၍ ဆန်စပါးရှားအံ့။ ပြိဿရာသီ၌ ၃ဂါဖြို့ဟ်ရှိချိန်တွင် အထည်အလိပ်၊ အဝတ်အစား ရှားအံ့။ ၄င်းအင်္ဂါဖြို့ဟ် မေထုန်ရောက်ချိန်တွင် မိုးကောင်းတတ်၏။ ကန်ရာသီ၌ ၅တေးဖြို့ဟ် ရှိခိုက်တွင် ဆန်စပါးပေါများ၍ လူသားတို့ ရောဂါထင်းစင်ကုန်အံ့။

### ၂-၅-၂၀၁၇ (အင်္ဂါနေ့)

### (၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်




အဆောက်အအုံ တည်ရသောယုဂ် ရှိ သဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာ တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်, ဆံသပြုရန်၊ အလှုပြင်ရန်၊ အိမ်,ခြံ,မြေ, ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာ အုပ်စာပေ ဖြန့်ချီရန်၊ အောင်ဘာလေထီထိုးရန်၊ ရေတွင်း, ရေကန် တူးဖော်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆိုင်သစ်ဖွင့် ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စက်ပစ္စည်း ဝယ်ယူ ရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေး ဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ် သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင် မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်ဇော်ဝင်းထွန်း၊ မဆွေဆွေလွင်..,ဟု ပေးနိုင် သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

### ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

### (၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်


မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရှိ သဖြင့် ယနေ့



ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ရဟန်းခံ,ရှင် ပြုရန်၊ ထီးတော်တင်ရန်၊ ရတနာရောင်း ဝယ်,ဝတ်ဆင်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ အဝတ်အထည် ရက်လုပ် ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ် ရန်၊ အစုရှယ်ယာဝင်ရန်၊ ကျောက်သွေးလောင်း၊ တိုင်ထူ ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံ ရိတ်သိမ်း ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေး မှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့် (၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမောင်ထွန်း၊ မယမင်းထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အပြာနုရောင် ဖြစ်သည်။

### ၄-၅-၂၀၁၇ (ကြာသပတေးနေ့)

### (၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ အောင်ဘာလေထီ ကံ စမ်းရန်၊ နာမည်တင်ပွန်းတပ်ရန်၊ အာမခံ လုပ်ငန်း ဆောင်ရွက်ရန်၊ ကုမ္ပဏီထူထောင်

www.burmeseclassic.com

www.burmeseclassic.com

အသင်းအဖွဲ့အစည်း ထူထောင်ရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ ဓာတ်သတ္တု ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ သီးနှံပင်များ ရိတ်သိမ်းရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀) နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြသန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

## ၉-၅-၂၀၁၇ (တနင်္ဂနွေနေ့)

## (၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ရာထူးခံ၊ ရှင်ပြုရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက် တိုင်ထူရန်၊ ငွေကြေးချေးငှား အပ်နှံရန်၊ ကျောက်မျက်ရတနာနှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ရောင်းကုန်ပစ္စည်းများအား မီဒီယာတွင် ထည့်သွင်းကြော်ငြာရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ ကျင်းပရန်၊ ပန်းချီ၊ပန်းပုလုပ်ငန်း စတင်ရန်၊ သီးနှံဆွတ်ခူး ရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သည့် ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထူး၊ မအေးချမ်းထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

## ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၁)ရက်



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာနှင့် သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်ရန်၊ ပညာစသင်ရန်၊ တီထွင်မှုလုပ်ငန်း စတင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဘဏ်လုပ်ငန်း စတင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကျန်းမာရေးစစ်ဆေးရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ထွန်ချစိုက်ပျိုးရန်၊ အသီးဆွတ်ခူးရန်၊ မြေသန့်မင်္ဂလာ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း၊ ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြသန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

## ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့)

## (၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၄)ရက်



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်းနှင့် ဂီတ၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ နာမည်ပေး ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်၊ ကျင်းတူး၊ အုတ်မြစ်ချရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကျန်းမာရေးစစ်ဆေးရန်၊ သီးနှံဆွတ်ခူးရန်၊ ထွန်ချစိုက်ပျိုးရန်၊ ကုမ္ပဏီထူထောင်ရန်၊ အချစ်ရေး စကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထွန်း၊ မခင်အေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။


## ၁၆-၅-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၆)ရက်

ဘွန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့

www.burmeseclassic.com


www.burmeseclassic.com



ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်၊ကျင်းတူးရန်၊ အိမ်တိုင်ထူရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ အသင်းအဖွဲ့ ထူထောင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကုမ္ပဏီ ထူထောင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ အစုရှယ်ယာဝင်ရန်၊ ပျိုးကြဲ ကောက်နုတ်ရန်၊ အချစ်ရေးစကားဆိုရန်၊ အိမ်၊ခြံ၊မြေ၊အဆောက်အအုံ ဝယ်ယူရန်၊ ဆိုင်သစ်ဖွင့်ရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀) နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်ထွန်း၊ မစန္ဒာထွန်း…ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။

**၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၇)ရက်**



မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ၊ကျောက်စီရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်၊လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်မြင့်၊ မစိုးစန္ဒာထွန်း…ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အညိုရောင် ဖြစ်သည်။

**၁၈-၅-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၈)ရက်**


ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့



အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ် တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ အတွက် အုတ်မြစ်ချရန်၊ အုတ်စီ၊ ကျောက် သွေးလောင်း၊ တိုင်ထူရန်၊ အိမ်တက် လှေကားထောင်ရန် မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီး သွားရန်တို့ အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤ ကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက် မမြတ်သန္တာထွန်း…ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့ အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၁၉-၅-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၉)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊အုတ် စီရန်၊ ကျောက်သွေးလောင်းရန်၊ အိမ်တိုင် ထူရန်၊ အိမ်တက် လှေကားထောင်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ သာသနာ့အလံထူရန်၊ လေကြောင်းခရီးသွား ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ မော်တော်ယာဉ် ကားနှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ငွေကြေးချေး အပ်နှံရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည် ပေးလိုပါက မောင်ဟိန်းထက်၊ မဟန်နီထွန်း…ဟု ပေးနိုင် ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အပြာနုရောင် ဖြစ်သည်။

**၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၁၁)ရက်**

အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဘုရားတည် ထီးတော်တင်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးကုသမှု ခံယူရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ဂီတ၊အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ယာဉ်ယာမြေ ရောင်းဝယ်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀)မျိုး လုပ်ငန်း စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထွန်း၊ မဒေအးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၂၂-၅-၂၀၁၇ (တနင်္လာနေ့)

(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၁၂)ရက်




မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ လက်ထပ်ပွဲ ကျင်းပရန်၊ အလှပြင်ဆိုင် ဖွင့်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ ယာဉ်စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ထုတ်ဝေရန်၊ အောင်ဘာလထီ ထိုးရန်၊ ကုမ္ပဏီထူထောင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်းရွှေ့ရန်၊ အိမ်တိုင်ထူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်စိုး၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

၂၃-၅-၂၀၁၇ (အင်္ဂါနေ့)

(၁၃၇၉)ခုနှစ်၊ ကဆုန်လဆုတ် (၁၃)ရက်


အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဂါထာ၊ မန္တန် သိဒ္ဓိတင်ရန်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသပြုရန်၊ ရဟန်းခံ၊



ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ ဂီတ၊အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ အလုပ်သစ် လျှောက်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အချစ်ရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်ထွန်း၊ မစန္ဒာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

၂၆-၅-၂၀၁၇ (သောကြာနေ့)

(၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၁)ရက်



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊အုတ်စီ၊ကျောက်သွေးလောင်း၊တိုင်ထူရန်၊ အိမ်သစ်တက်ရန် (သို့မဟုတ်) အိမ်ပြောင်းရွှေ့ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံများ ခွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်၊ ကျန်းမာရေးအတွက် ဆေးစစ်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်ထုတ်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းထက်၊ မမြတ်သန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၃)ရက်




အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊အုတ်

စီ,ကျောက်သွေးလောင်းရန်၊ အိမ်တက် လှေကားထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ လယ်ယာသီးနှံ ခွတ်ခူးရိတ်သိမ်းရန်၊ ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အလုပ်သစ် လျှောက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထွန်း၊ မအေးချမ်းမေ‥ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ကြက်သွေးရောင် ဖြစ်သည်။

**၃၀-၅-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၅)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသော်ယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အုတ်မြစ်ချ,အုတ်စီရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လယ်ယာသီးနှံများ ခွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်၊ အိမ်ပြောင်း,အိမ်တက်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကုမ္ပဏီထူထောင်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်ထွန်း၊ မစန္ဒာထွန်း‥ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

မင်းမပေါ်ညွှန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



စန်းသော်တာ

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



အကိုက်အခဲပျောက်လိမ်းဆေး။

ရင်လှူးဆေး။

အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေတိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မသောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

မင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ... ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉...

www.burmeseclassic.com

ကြော်ငြာအဆောင်ပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၁၈၊ တဆဆလ (တိုင်း)-၁၃၀၂




အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောဂါတစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဆတ(ဓာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောဂါတစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာသား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောဂါတစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းသာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောဂါတစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**မုံတုံမြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးရိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**


ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

ဒီ-ချ/၁၅၆၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၀၇၊ ၀၉-၅၁-၈၀၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၀ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## [၂၀၁၇]ခုနှစ်၊ မေလအတွင်း

# နေသိဒ္ဓိနက္ခတ်၏နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျိုး ဖြတ်ကျော်ချိန်များ

(၂၀၁၇)ခုနှစ်၊ မေလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျိုး ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများတွင် မဟာဝေဒဗ္ဗမန္တန်၊ ရူဋ္ဌဝေဒဗ္ဗမန္တန်၊ ရှင်သီဝလိ(၁၀)ဂါထာကဲ့သို့ လာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပေးခြင်းဖြင့် အကျိုးထူးများစွာ ခံစားကြရပါလိမ့်မည်။

အထူးမှာ (၁၈-၅-၂၀၁၇) နံနက်(၁၀း၀၈း၅၃)နာရီမှ (၁၉-၅-၂၀၁၇) နံနက်(၁၁း၃၀း၀၁)နာရီအထိ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၁၈-၅-၂၀၁၇) ည(၁၁း၅၇း၂၂)နာရီမှ သန်းခေါင်ကျော် (၀း၄၇း၁၉)နာရီ အတွင်းနှင့် မွန်းတည့်မျိုးဖြတ်ကျော်ခြင်းအတွက် (၁၉-၅-၂၀၁၇) နံနက်(၅း၃၇း၀၃)နာရီမှ (၆း၂၈း၄၁)နာရီအတွင်းတို့တွင် လာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားကြရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ မေလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁:၀၈:၀၈ | ၁:၅၄:၀၉ |
| ၂ | ၁:၀၄:၁၂ | ၁:၅၀:၁၃ |
| ၃ | ၁:၀၀:၁၆ | ၁:၄၆:၁၇ |
| ၄ | ၀:၅၆:၂၀ | ၁:၄၂:၂၁ |
| ၅ | ၀:၅၂:၂၄ | ၁:၃၈:၂၅ |
| ၆ | ၀:၄၈:၂၈ | ၁:၃၄:၃၀ |
| ၇ | ၀:၄၄:၃၃ | ၁:၃၀:၃၄ |
| ၈ | ၀:၄၀:၃၇ | ၁:၂၆:၃၈ |
| ၉ | ၀:၃၆:၄၁ | ၁:၂၂:၄၂ |
| ၁၀ | ၀:၃၂:၄၅ | ၁:၁၈:၄၆ |
| ၁၁ | ၀:၂၈:၄၉ | ၁:၁၄:၅၀ |
| ၁၂ | ၀:၂၄:၅၃ | ၁:၁၀:၅၄ |
| ၁၃ | ၀:၂၀:၅၇ | ၁:၀၆:၅၈ |
| ၁၄ | ၀:၁၇:၀၁ | ၁:၀၃:၀၂ |
| ၁၅ | ၀:၁၃:၀၅ | ၀:၅၉:၀၆ |
| ၁၆ | ၀:၀၉:၀၉ | ၀:၅၅:၁၁ |
| ၁၇ | ၀:၀၅:၁၄ | ၀:၅၁:၁၅ |
| ၁၈ | ၂၃:၅၇:၂၂ | ၀:၄၇:၁၉ |
| ၁၉ | ၂၃:၅၃:၂၆ | ၀:၄၃:၂၃ |
| ၂၀ | ၂၃:၄၉:၃၀ | ၀:၃၉:၂၇ |
| ၂၁ | ၂၃:၄၅:၃၄ | ၀:၃၅:၃၁ |
| ၂၂ | ၂၃:၄၁:၃၈ | ၀:၃၁:၃၅ |
| ၂၃ | ၂၃:၃၇:၄၂ | ၀:၂၇:၃၉ |
| ၂၄ | ၂၃:၃၃:၄၆ | ၀:၂၃:၄၃ |
| ၂၅ | ၂၃:၂၉:၅၀ | ၀:၁၉:၄၇ |
| ၂၆ | ၂၃:၂၅:၅၅ | ၀:၁၅:၅၁ |
| ၂၇ | ၂၃:၂၁:၅၉ | ၀:၁၁:၅၆ |
| ၂၈ | ၂၃:၁၈:၀၃ | ၀:၀၈:၀၀ |
| ၂၉ | ၂၃:၁၄:၀၇ | ၀:၀၄:၀၈ |
| ၃၀ | ၂၃:၁၀:၁၁ | ၂၃:၅၆:၁၂ |
| ၃၁ | ၂၃:၀၆:၁၅ | ၂၃:၅၂:၁၆ |


## (၂၀၁၇)ခုနှစ်၊ မေလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၆:၄၇:၄၉ | ၇:၃၉:၂၇ |
| ၂ | ၆:၄၃:၅၃ | ၇:၃၅:၃၁ |
| ၃ | ၆:၃၉:၅၇ | ၇:၃၁:၃၅ |
| ၄ | ၆:၃၆:၀၁ | ၇:၂၇:၄၀ |
| ၅ | ၆:၃၂:၀၅ | ၇:၂၃:၄၄ |
| ၆ | ၆:၂၈:၁၀ | ၇:၁၉:၄၈ |
| ၇ | ၆:၂၄:၁၄ | ၇:၁၅:၅၂ |
| ၈ | ၆:၂၀:၁၈ | ၇:၁၁:၅၆ |
| ၉ | ၆:၁၆:၂၂ | ၇:၀၇:၀၀ |
| ၁၀ | ၆:၁၂:၂၆ | ၇:၀၄:၀၄ |
| ၁၁ | ၆:၀၈:၃၀ | ၇:၀၀:၀၈ |
| ၁၂ | ၆:၀၄:၃၄ | ၆:၅၆:၁၂ |
| ၁၃ | ၆:၀၀:၃၈ | ၆:၅၂:၁၆ |
| ၁၄ | ၅:၅၆:၄၂ | ၆:၄၈:၂၁ |
| ၁၅ | ၅:၅၂:၄၆ | ၆:၄၄:၂၅ |
| ၁၆ | ၅:၄၈:၅၁ | ၆:၄၀:၂၉ |
| ၁၇ | ၅:၄၄:၅၅ | ၆:၃၆:၃၃ |
| ၁၈ | ၅:၄၀:၅၉ | ၆:၃၂:၃၇ |
| ၁၉ | ၅:၃၇:၀၃ | ၆:၂၈:၄၁ |
| ၂၀ | ၅:၃၃:၀၇ | ၆:၂၄:၄၅ |
| ၂၁ | ၅:၂၉:၁၁ | ၆:၂၀:၄၉ |
| ၂၂ | ၅:၂၅:၁၅ | ၆:၁၆:၅၃ |
| ၂၃ | ၅:၂၁:၁၉ | ၆:၁၂:၅၇ |
| ၂၄ | ၅:၁၇:၂၃ | ၆:၀၉:၀၂ |
| ၂၅ | ၅:၁၃:၂၇ | ၆:၀၅:၀၆ |
| ၂၆ | ၅:၀၉:၃၂ | ၆:၀၁:၁၀ |
| ၂၇ | ၅:၀၅:၃၆ | ၅:၅၇:၁၄ |
| ၂၈ | ၅:၀၁:၄၀ | ၅:၅၃:၁၈ |
| ၂၉ | ၄:၅၇:၄၄ | ၅:၄၉:၂၂ |
| ၃၀ | ၄:၅၃:၄၈ | ၅:၄၅:၂၆ |
| ၃၁ | ၄:၄၉:၅၂ | ၅:၄၁:၃၀ |

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ပတ်ိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက- မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------



www.burmeseclassic.com


www.burmeseclassic.com

## ဂြိုဟ်ရှိသက်မေးရာ

# ဆရာကိုအောင်မိုး ဖြေသည်

**K.M.O**

(၃၀-၇-၁၉၇၉၊ ၆း၀၀ နာရီ၊ ကန္နီမြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး)




၁။ *ဘဝတွင် နေထိုင်ရမည့် အဆင့်အတန်း။*

လဂ်သခင်ဂြိုဟ် ၂လုံး ကန်ရာသီ (၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ မေထုန်ရာသီ (၁၁)တန့်ဘာဝတွင် ရပ်တည်၍ ဘဝအဆင့် မြင့်မားစွာ နေရမည့်ကံ ပါသည်။ သက်လတ်ပိုင်းရောက်ပြီး အသက် (၄၆)နှစ်နောက်ပိုင်းတွင် ဘဝအဆင့် တိုးမြင့်လာပါမည်။

၂။ *နိုင်ငံခြားခရီးကိန်း၊ ကာလ။*


(၁၂)တန့်သခင် ၄ဟူးဂြိုဟ် ကရကဋ်လဂ်နှင့် ပူးကာ ရပ်တည်၍ (၉)တန့်သခင် ၅ကြာသပတေးဂြိုဟ်နှင့်ပါ ပူးသော ကြောင့် ဘဝတွင် နိုင်ငံခြားကံ ရှိသည်။ (၂၀၂၀)ပြည့် နှစ်တစ်ဝိုက်တွင် နိုင်ငံခြားခရီး ရှိသည်။

၃။ *အိမ်ထောင် ကောင်း/မကောင်း။*

အသက်(၄၆)နှစ်နောက်ပိုင်း ဘဝကံ ပိုမိုမြင့်မားလာ မည်ဖြစ်၍ အိမ်ထောင် ကောင်းပါသည်။

မကြည်ပြာ

(၈-၈-၁၉၈၀၊ ၂၀း၀၈ နာရီ၊ တောင်ကြီးမြို့)




၁။ *ချမ်းသာမည့်ကံ။*

(၂)တန့်သခင်ဂြိုဟ် အင်္ဂါ (၇)တန့်ဘာဝတွင် (၁၁၊ ၁၂)သခင် စနေဂြိုဟ်နှင့်ပူးကာ (၂)တန့်ဘာဝ မိမိပိုင် အိမ်အား (၈)တန့်အထူးမြင် ပြန်ကြည့်နေခြင်း၊ အင်္ဂါသည် (၉)တန့်သခင်လည်းဖြစ်ခြင်း၊ အင်္ဂါနှင့်ပူးသော စနေဂြိုဟ် (၉)တန့်အိမ်အား (၃)တန့်အထူးမြင် ကြည့်နေခြင်းကြောင့် ဘဝတွင် ချမ်းသာမည့်ကံ ပါသည်။ သက်လတ်ပိုင်းဝင် ပြီးမှ ချမ်းသာပြည့်စုံမှု အားကောင်းမည်။

၂။ *ဘဝအဆင့်အတန်း မြင့်မားစွာ နေရမလား။*

လဂ်သခင်နှင့် (၁၀)တန့်သခင် ၅တေးဖြစ်ပြီး (၆)တန့် သိဟ်ရာသီတွင် ရပ်တည်ကာ (၁၀)တန့်ဘာဝအား (၅)တန့်အထူးမြင်နှင့် (၂)တန့်ဘာဝအား (၉)တန့်အထူး မြင် ကြည့်နေ၍ ဘဝအဆင့် မြင့်မားစွာ နေရမည့်ကံ ပါ သည်။


၃။ *သားသမီးပြုနိုင်မည်လား။*

www.burmeseclassic.com

(၉)တန့်သခင် အင်္ဂါ (၇)တန့်ရပ်တည်ခြင်း၊ (၁၀)တန့်သခင် ၅တေး (၆)တန့်တွင် ရပ်တည်ခြင်းက သာသနာကို ထောက်ပံ့လှူဒါန်းခြင်းတော့ ပြုနိုင်ပါလိမ့်မည်။

**မစန္ဒာအေး**

**(၂၄-၉-၁၉၉၁၊ ၁၄း၁၅ နာရီ၊ မန္တလေးမြို့သစ်)**



၁။ *ထီဆုကြီးပေါက်ကိန်း ရှိပါသလား။*

(၃)တန့်သခင် ၅တေးကြိုပ် (၈)တန့်တွင် (၆၊ ၉) သခင် ၄ဟူးကြိုပ်နှင့် ပူးယှဉ်ရပ်တည်ကာ (၂)တန့်ဘာဝအား (၇)တန့်အမြင် ကြုံ၍ ထီပေါက်ကိန်း ရှိပါသည်။ စပ်တူထိုးမှ ပေါက်ကိန်း ပိုအားကောင်းပါမည်။ ညီအစ်ကိုမောင်နှမ ရှိက စပ်ထိုးကြည့်ပါလေ။ (၂၀၁၉)ခုနှစ်အတွင်း ထီပေါက်ကိန်း အားကောင်းနေပါမည်။

၂။ *ဘဝမှာ ချမ်းချမ်းသာသာ နေရမည်လား။*

(၂)တန့်သခင် စနေ လဂ်ဘာဝ မိမိပိုင်ရာသီတွင် ရပ်တည်ခြင်း၊ (၂)တန့်ဘာဝကို (၃၊ ၁၀)တန့်သခင် ဓနကာရကကြိုပ် ၅တေး မိတ်အိမ်မှ ပြန်မြင်ခြင်းကြောင့် ဘဝတွင် ချမ်းသာစွာ နေရမည့်ကံ ရှိပါသည်။


၃။ *အိမ်ထောင်ရေးကံ၊ ဖူးစာရှင်၏ ပုံသဏ္ဌာန်။*

(၇)တန့်သခင် ၂လီ မိန်ရာသီ (၂)တန့်ဘာဝတွင် ရပ်တည်ခြင်း၊ (၇)တန့်ဘာဝတွင် ၆ကြာကြိုပ် (၅၊ ၁၀) သခင် ကံကြိုပ်နှင့် ပူးယှဉ်ရပ်တည်ခြင်းကြောင့် အိမ်ထောင်ကျကိန်းရှိပြီး အိမ်ထောင်ကံလည်း ကောင်းပါသည်။ အိမ်ထောင်ဖက်သည် အရပ်၊ ခန္ဓာကိုယ် အလတ်စား၊ အသားလတ်ကာ မျက်နှာဝိုင်းမည်။

**မမြမြဝင်း**

**(၁၄-၁၁-၁၉၉၁၊ ၂၂း၀၀ နာရီ၊ မော်လမြိုင်မြို့)**

၁။ *ဖူးစာရှင်၏ အဆင့်အတန်း၊ ဘာသာ။*



(၇)တန့်သခင် စနေ (၇)တန့်တွင်ပင် လဂ်သခင်နှင့် ပူး၍ ရပ်တည်ခြင်းကြောင့် မိမိနှင့် ဘဝအဆင့် မကွာ လွန်းတတ်ပါ။ ဘာသာ၊ လူမျိုး မကွဲတတ်ပါ။

၂။ *ဘဝတွင် ကြီးပွားချမ်းသာနိုင်မည်လား။*

(၂)တန့်သခင် ၁နွေကြိုပ် (၄)တန့်တွင် နိစ်မူ လဂ်၊ စန်းမှ ကိန်းအိမ်များတွင် ရပ်တည်ပြီး ဥစ်သခင် နှင့် ပူးသောကြောင့် နိစ္စဘင်္ဂယုဂ် (၃)ထပ်ကွမ်း ရရှိ သည်။ ထို့ကြောင့် ဘဝရှေ့ပိုင်းတွင် အဆင်မပြေတတ် သော်လည်း ဘဝနောက်ပိုင်းတွင် ကြီးပွားချမ်းသာလာ ရှိသည်။


၃။ *ဘဝမှာ အေးချမ်းမည်လား။*

လဂ်သခင် (၇)တန့်တွင် စနေကြိုပ်နှင့် ပူးသည် (၄)တန့်မှ (၅၊ ၁၀)တန့်သခင် အင်္ဂါက (၄)တန့်အ မြင် ကြုံထားသည်။ ဘဝအေးချမ်းမှုတော့ မရတတ်ပါ အမြဲဆိုသလို ပူပန်မှုများ ကြုံနေရတတ်မည်။

**မောင်မျိုးအောင်**

**(၁၄-၅-၁၉၉၂၊ ၁၅း၀၃ နာရီ၊ ရန်ကုန်မြို့)**

၁။ *မည်သည့်အသက်မွေးလုပ်ငန်းမျိုးနှင့် အကျိုး မလဲ။*





www.burmeseclassic.com

www.burmeseclassic.com

(၁၀)တန့်သခင် ၄ဟူး (၈)တန့် မိဿရာသီတွင် ဖြဲကြာနှင့် ပူးသည်ကို တူရာသီမှ ၂လ်ာဂြိုဟ်ဖြင့် အမြင်ကြုံနေသည်။ ရေ၊အရည်နှင့် ပတ်သက်သောလုပ်ငန်း၊ စားသောက်ကုန်၊ အလှကုန်၊ အိမ်သုတ်ဆေး၊ ကိုယ်စားလှယ်၊ အရောင်းကိုယ်စားလှယ်၊ အကျိုးဆောင်လုပ်ငန်းတို့ထဲမှ လုပ်ရတတ်သည်။


၂။ *မည်သည့်ဘဝအဆင့်အတန်းမျိုးတွင် နေရမလဲ။*

လဂ်သခင် ၄ဟူး မိဿရာသီ (၇)တန့်တွင် (၈)တန့်ရပ် (၂၊ ၉)သခင် ဖြဲကြာဂြိုဟ်က ပူးယှဉ်၍ (၁၁)တန့်သခင် ၂လ်ာက လဂ်ဘာဝ (တူရာသီ)တွင် ရပ်တည်ကာ အပြန်အလှန် အမြင်ကြုံနေသည်။ (၁၀)တန့်သခင်သည်လည်း ၄ဟူးဂြိုဟ်ပင် ဖြစ်နေသည်။ (၁၀)တန့်တွင် ကိတ်ရပ်တည်နေသည်။ ဘဝက အလတ်စား ကြီးပွားမည်။

၃။ *မိဘကို လုပ်ကျွေးနိုင်မည်လား။*

(၄)တန့်သခင် ၅တေး သိဟ်ရာသီ (၁၁)တန့်ဘာဝတွင် ရပ်တည်ခြင်း၊ (၉)တန့်သခင် ဖြဲကြာ (၈)တန့်ဘာဝ မိဿရာသီတွင် ရပ်တည်ခြင်းကြောင့် မိခင်ကြီးအား ရေရှည်ထောက်ပံ့ လုပ်ကျွေးနိုင်ပေမည်။

**W.M.S**




**(၁၂-၆-၁၉၈၅၊ ၁း၀၀ နာရီ၊ ရန်ကုန်မြို့)**

၁။ *နိုင်ငံခြားသို့ အလုပ်ဖြင့် သွားရောက်ရပါမည်လား။*

(၁၀)တန့်သခင်ဂြိုဟ် ၅တေး (၁၁)တန့်ဘာဝတွင် ရပ်တည်ခြင်း၊ (၁၂)တန့်ဘာဝသခင်ဂြိုဟ်၊ စနေဂြိုဟ် (၈)တန့်ဘာဝတွင် ရပ်တည်ခြင်း၊ စနေသည် (၃)တန့်သခင် မိဿရာသီ လဂ်ဘာဝရပ် ဖြဲကြာနှင့် အပြန်အလှန် အမြင်ကြုံခြင်းက နိုင်ငံခြားသို့ အခက်အခဲများကြားမှ ကြိုးပမ်းလုပ်ဆောင်ကာ အလုပ်သွားလုပ်ရတတ်သည်။ ကာလတိုတတ်ခြင်း၊ အဆင်မပြေမှုများ ကြုံရတတ်ခြင်းတို့ကိုကား သတိပြုရမည်။

၂။ *ချမ်းသာစွာ နေရမည့် အချိန်။*


(၂)တန့်သခင် အင်္ဂါဂြိုဟ် မေထုန်ရာသီ (၃)တန့်ဘာဝတွင် (၄၊ ၇)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်ခြင်းကြောင့် ငွေကြေးကံ အလတ်စားသာ ကောင်းသည်။ အလတ်စား ကြွယ်ဝမည်။ သက်လတ်ပိုင်းရောက်အပြီး အသက်(၅၀)ကျော်ပိုင်းတွင် သင့်တင့်သော အလတ်စားဘဝမျိုးဖြင့် နေသွားရပါမည်။

၃။ *ကျန်းမာရေး သတိထားသင့်သောကာလ။*

(၂၀၁၄)ခုနှစ်၊ စက်တင်ဘာလကျော်ကတည်းက ကျန်းမာရေးညံ့ခြင်းနှင့် ထိခိုက်မှု အသေးစားလေးများ ကြုံနေရတတ်သည်။ (၂၀၁၈)ခုနှစ်အတွင်း အထူးသတိထားပါ။

**မထက်ထက်အောင်**

**(၁၁-၁၂-၁၉၇၂၊ ၅း၀၀ နာရီ၊ ရမည်းသင်းမြို့)**




၁။ *ဘဝတွင် ဆင်းရဲ၊ ပင်ပန်းမှုမှ ပြေလည်မှု ရနိုင်မည်လား။*

လဂ်သခင် အင်္ဂါဂြိုဟ်သည် (၆)တန့်သခင်လည်း ဖြစ်ကာ (၁၂)တန့်တွင် (၁၂)တန့်သခင်နှင့် ပူးယှဉ်ရပ်တည်ခြင်းက ဆင်းရဲပင်ပန်းမှုကို ဘဝတစ်လျှောက်လုံးလို ကြုံရစေတတ်သည်။ အသက်ကြီးပိုင်း (၆၀)နှစ်ကျော်တွင် အထိုက်အလျောက် ပြေလျော့သက်သာမှု ကြုံပါမည်။

၂။ *ဘာသာရေးဘက် လိုက်စားလျှင် တိုးတက် အဆင်ပြေပါမည်လား။*

(၅)တန့်သခင် ၅တေး (၂)တန့်ဘာဝတွင် ရပ်တည်ခြင်းကြောင့် ဂါထာ၊ မန္တန်၊ ပရိတ်တော်များ အဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com


ဝင် လုပ်ဆောင်ပါက သက်သာပြေလျော့ခြင်းနှင့် ဘဝ တိုးတက်မှုများ ရပါမည်။ ပဋ္ဌာန်းနှင့် ပရိတ်ကြီး(၁၁) သုတ် တွဲ၍ အမိဋ္ဌာန်တင် ရွတ်ပွားကြည့်ပါလေ။

၃။ *ထီပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် စနေ (၇)တန့်တွင် ရပ်၍ (၂၊ ၆၊ ၁၁)တန့်ဘာဝများနှင့် မဆက်စပ်သောကြောင့် ထီပေါက်ကံ မမြင်ပါ။

**M.P.T**

**(၁၁-၁၀-၁၉၈၃၊ ၂၂:၂၅ နာရီ၊ မန္တလေးမြို့)**




၁။ *တိုးတက်ကြီးပွားမည့် အသက်ပိုင်း။*

(၂)တန့်သခင် ၂လ်ာဂြိုဟ် (၆)တန့်တွင် (၇၊ ၁၀) သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်၍ ဘဝတွင် တိုးတက်ကြီးပွားမည့်ကံ ပါသည်။ ကိတ်၊ ရာဟု ပတ်သက်ပါဝင်နေခြင်းက ဘဝတိုးတက်မှုတွင် နှောင့်နှေးထစ်ငေါ့မှုများ ကြုံရစေတတ်သည်။ (၁၁-၁၁-၂၀၁၆)မှ (၁၁-၁၁-၂၀၂၆)ထိ ၂လ်ာထူလဒသာ စားဝင်မည်ဖြစ်ပေရာ ဘဝတိုးတက်မှု အထိုက်အလျောက် ဖြစ်ပေါ်လာမည်။

၂။ *စီးပွားရေးလုပ်ငန်း၊ မည်သည့်လုပ်ငန်းနှင့် အဆင်ပြေမလဲ။*


(၁၀)တန့်သခင် ၅တေးဂြိုဟ် (၆)တန့် ဗြိစ္ဆာရာသီတွင် (၂)တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်၍ ရေ၊အရည်နှင့် ပတ်သက်သောလုပ်ငန်း (အအေး၊ အချိုရည်၊ ရေသန့် စသည်)၊ ပညာရေးလုပ်ငန်း (ကျူရှင်၊ ပညာသင်ကြားပေးခြင်း)၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (ယခုခေတ် ငွေကြေးထုတ်ပေးခြင်း (ဥပမာ- Wave Money ကဲ့သို့) ထဲမှ လုပ်ရတတ်သည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၅၃)နှစ်နောက်ပိုင်း စားဝင်မည့် ဒသာသခင်များ မည့်၍ အိုဇာတာကောင်းပါမည်။

**S.M.D.K**

**(၁၅-၈-၁၉၇၉၊ ၁:၃၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိုးပိုင်အိမ်ပိုင်နှင့် နေရကိန်း၊ ကာလ။*

(၄)တန့်သခင် ၁နွေဂြိုဟ် (၃)တန့်ဘာဝတွင် (၁၊ ၆)သခင် ၆ကြာဂြိုဟ်၊ (၈၊ ၁၁)သခင် ၅တေးဂြိုဟ်၊ (၂၊ ၅)သခင် ၄ဗျာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ဘဝတွင် အိုးအိမ်ပိုင်ဆိုင်နိုင်ကိန်း အားနည်းပါသည်။ သို့သော် နေထိုင်ရမှုအတွက်ကား ဒုက္ခမရောက်တတ်ပါ။

၂။ *မိဘကို အဆင်ပြေစွာ လုပ်ကျွေးနိုင်မည်လား။*

(၄)တန့်သခင်အကြောင်း အထက်တွင် ဆိုခဲ့ပြီ။ (၉) တန့်သခင် စနေဂြိုဟ်ဖြစ်ပြီး (၄)တန့်ဘာဝတွင် ရပ်တည်သည်။ မိဘကို သင့်တင့်လျောက်ပတ်စွာ လုပ်ကျွေးနိုင် ပေမည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၂၀၂၀)ပြည့်နှစ်နောက်ပိုင်း စားဝင်မည့် ဒသာ ကာလများ အသက်(၇၆)နှစ်ထိ မည့်ပါ၍ အိုဇာတာ ကောင်းပါမည်။

ဆရာရန်အောင်ဟိန်း(B.Sc

(ခရစ်ရှနားမူဇာတ်ပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃

www.burmeseclassic.com

နက္ခတ်ဗေဒင်ပညာနှင့် ပတ်သက်၍ ထူးခြားသော၊ သိရခက်သော အယူအဆများကို ကိုယ်တိုင်လည်း ဝါသနာအရ ရှာမှီးလေ့လာလေ့ရှိတတ်ပြီး ဝါသနာရှင်များအားလည်း ပြန်လည်ဝေမျှလိုသောကြောင့် ဤပညာပေးဆောင်းပါးကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ဆရာကြီး ခရစ်ရှနားမူတီး သက်ရှိထင်ရှား ရှိစဉ်ကာလ ကိုယ်တိုင်ကြီးကြပ် ထုတ်ဝေခဲ့သော (၁၉၇၀) ပြည့်နှစ်၊ ဇွန်လထုတ် 'နက္ခတ်ဗေဒင်ဇညာနှင့် အဲတြို့ဋ္ဌ' (Astrology & Athrishta) မဂ္ဂဇင်းမှ ပညာပေးဆောင်းပါး တစ်ပုဒ်အား ဖတ်ရှုခွင့် ရခဲ့ရာမှ ဆီလျော်အောင် ပြန်လည်တင်ပြပေးထားခြင်း ဖြစ်သည်။ ဟူးရားဇာတာကို ကွန်ပျူတာဖြင့် ပြန်လည်တွက်ချက် တင်ပြပေးထားပါသည်။

(၁၃-၈-၁၉၆၉) ညနေပိုင်း(၅း၁၅)နာရီတွင် ကျွန်ုပ်၏ ရုံးခန်းသို့ လူရည်သန့်တစ်ဦး ရောက်ရှိလာခဲ့သည်။ သူက သူ ဆောက်လုပ်ပြီးစီးထားသော အိမ်ဂေဟာအသစ်တွင် မကောင်းဆိုးဝါးများ ခြောက်လှန့်မည်ကို ကြောက်လန့်နေ၍ နက္ခတ်ဗေဒင်ပညာအရ အတည်ပြု ဟောပြောပေးပါရန် ပန်ကြားလာခဲ့ပါသည်။

သူက အိမ်သစ်သို့ ဝင်ရောက်နေထိုင်ခဲ့သည်မှာ တစ်ပတ်ခန့် ရှိပြီဖြစ်ကြောင်း၊ အိမ်အတွင်း ပရိဘောဂပစ္စည်းများ မကြာခဏ အလိုလို နေရာရွှေ့ပြောင်းနေတတ်ကြောင်း၊ အိမ်တွင်းသို့ ဝင်ရောက်ပါက အလိုလို ကျောစိမ့်လာကာ ကြောက်ရွံ့ချောက်ချားလာတတ်ကြောင်း၊ ယင်းအတွက် သံသယစိတ် ဝင်လာ၍ နက္ခတ်ဗေဒင်ပညာအရ ဤတွင် သူရဲခြောက်ခြင်း ရှိ/မရှိ သိလို၍ လာရောက်မေးမြန်းရကြောင်း ပြောပြခဲ့ပါသည်။

ထိုသူအား (၁)မှ (၂၄၉)အတွင်း ကြိုက်ဂဏန်းတစ်ခု စဉ်းစား၍ ပြောပြရန် တိုက်တွန်းလိုက်ရာ (၁၆၁) ဂဏန်းကို ပြောပြခဲ့ပါသည်။ (၁၃-၈-၁၉၆၉) ညနေ (၅း၁၅)နာရီ၊ မြောက်လတ္တီတွဒ်(၁၆° ၃၁')၊ အရှေ့လောင်ဂျီတွဒ်(၈၀° ၃၉')အတွက် ပေးဂဏန်း(၁၆၁)အရ တွက်ချက်၍ ရရှိသော ဟူးရားဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သရဲခြောက်ခံရခြင်းအတွက် စဉ်းစားရန် နက္ခတ်ဗေဒင်ပညာအရ ဥပဒေသမှာ တစ်ဖက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

သရဲခြောက်ခံရခြင်းမျိုးမှာ စိတ်ပိုင်းဆိုင်ရာ ခံစား



**ဆရာရန်ဒေအာင်ထိန်း(B.Sc)**

**သရဲခြောက်ခံရသော အိမ်ဂေဟာနှင့်**

**ဇော့ပီ နက္ခတ်ဗေဒင်ပညာအမြင်**

www.burmeseclassic.com

www.burmeseclassic.com


# KP Horary Horoscope

Saya Yan Aung Hein

| | | | | |
|---|---|---|---|---|
| Name | : | | Longitude | : 88D 39M 0S (East) |
| Date of Birth | : 13 Aug 1969 AD | | Latitude | : 16D 31M 0S (North) |
| Local Time | : 17:15:00 | | Time Zone | : 05:30 |
| KP Ayana | : 23Deg 19Min 50Sec | | Given Number | : 161 |
| Birth Day | : Wed | | Town Name | : aaa |

| P | DD | MM | SS | No | R | N | B | V | Significators |
|---|---|---|---|---|---|---|---|---|---|
| ☉ | 117 | 12 | 30 | 058 | ☽ | ☿ | ♃ | ♀ | IX IX VIII XI X |
| ☽ | 120 | 12 | 12 | 729 | ☉ | ☋ | ☋ | ☉ | X IX IX |
| ♂ | 226 | 23 | 27 | 024 | ♂ | ♄ | ♃ | ♂ | V XII III IV I VI |
| ☿ | 137 | 12 | 55 | 095 | ☉ | ♀ | ☽ | ♀ | VII IX VII XII VIII XI |
| ♃ | 161 | 18 | 57 | 011 | ☿ | ☽ | ♂ | ♃ | IX X IX II V |
| ♀ | 078 | 24 | 57 | 069 | ☿ | ☊ | ☽ | ☊ | IV VII VII XII |
| ♄ | 015 | 33 | 53 | 001 | ♂ | ♀ | ☉ | ☉ | VII V VII XII III IV |
| ☊ | 329 | 23 | 41 | -003 | ♄ | ♃ | ☉ | ♀ | X IV II V |
| ☋ | 149 | 23 | 41 | -003 | ☉ | ☉ | ☊ | ☊ | IX X X |
| ♅ | 158 | 24 | 15 | 003 | ☿ | ☉ | ♀ | ☽ | IX X X |
| ♆ | 212 | 37 | 05 | 000 | ♂ | ♃ | ☊ | ♀ | X XII II V |
| ⊕ | 279 | 53 | 02 | | ♄ | ☉ | ♀ | ☋ | IX II X |

| H | DD | MM | SS | R | N | B | V | Significators |
|---|---|---|---|---|---|---|---|---|
| ASC | 231 | 33 | 20 | ♂ | ☿ | ☉ | ☉ | ♂ |
| II | 261 | 22 | 21 | ♃ | ♀ | ♃ | ☽ | ⊕ ☊ ♆ ♃ |
| III | 293 | 17 | 20 | ♄ | ☽ | ☉ | ♀ | ♂ ♄ |
| IV | 326 | 31 | 53 | ♄ | ♃ | ☉ | ☿ | ♀ ☊ ♂ ♄ |
| V | 358 | 08 | 53 | ♃ | ☿ | ♄ | ♄ | ♂ ♄ ☊ ♆ ♃ |
| VI | 026 | 12 | 23 | ♂ | ♀ | ☋ | ♂ | ♂ |
| DSC | 051 | 33 | 20 | ♀ | ☽ | ♀ | ☊ | ☿ ♄ ♀ ☿ ♄ ♀ |
| VIII | 081 | 22 | 21 | ☿ | ♃ | ♃ | ☽ | ☉ ☿ |
| IX | 113 | 17 | 20 | ☽ | ☿ | ☽ | ☉ | ☋ ♅ ⊕ ♃ ☉ ☉ ☽ ☿ ♃ ☽ |
| MC | 146 | 31 | 53 | ☉ | ♀ | ☋ | ♄ | ☊ ♆ ☽ ♃ ☋ ♅ ☋ ♅ ⊕ ☉ |
| XI | 178 | 08 | 53 | ☿ | ♂ | ♄ | ♄ | ☉ ☿ |
| XII | 206 | 12 | 23 | ♀ | ♃ | ☋ | ☊ | ♂ ♆ ☿ ♄ ♀ |




Planet <= Planet Aspect...

☉144☊ ☉150☊ ☽045♀ ☽150☊
♂090☿ ♂144♀ ♂150♀ ☿060♀
☿120♄ ♃045☉ ♃045☽ ♃144♄
♀060♄ ♄150♂ ♄045☊ ☊180☋
☊120♆ ☋030☉ ☋030☽ ☋072♀
☋135♄ ☋180☊ ♅045☉ ♅144♄
♆090☽ ♆072☿ ♆135♀ ♆060☋
♆060♅ ⊕144☿ ⊕120♃ ⊕120♅

House <= Planet Aspect...

I 072♃ I 150♀ I 072♅ II 144☉
II 144☽ II 180♀ II 045♆ III 180☉
III 135♃ III 144☋ III 135♅ IV 180☋
IV 045⊕ V 135♂ V 030☊ V 144♆
VI 060☊ VII 135⊕ IX 144☊ X 030☉
X 030☽ X 072♀ X 180☊ XI 060☉
XI 060☽ XI 030☋ XII 090☉ XII 090☽
XII 072☿ XII 045♃ XII 060☋ XII 045

ASC 276 53 20 ♄ ☉ ☿ ♄

* ရာဟု၊ စနေကို ကိုယ်စားပြုထားသည်။

* ကိတ်၊ ဝဋ္ဋေကို ကိုယ်စားပြုထားသည်။

ချက်တစ်မျိုး ဖြစ်သည်။ ယင်းမှာ ရုပ်နယ်လွန်ကိစ္စဖြစ်၍ မသိ,မမြင်နိုင်သော အရင်းခံ အကြောင်းတရားတစ်ရပ်ပေါ် အခြေခံ၍ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ယင်းကိစ္စတွင် ကျောစိမ့်အောင် စိတ်တွင်းမှ ကြောက်လန့် ချောက်ချားရသော၊ အန္တရာယ်ရှိသည်ဟု ခံစားရသော စိတ်အခြေအနေမျိုး ဖြစ်ပေါ်ရလေ့ ရှိတတ်ပါသည်။ မည်သည့်ဇာတာတွင်မဆို (၆)တန့်၊ (၁၂)တန့် ဘာ၀အိမ်များက ယင်းသို့သော ကိစ္စမျိုးကို ဖြစ်ပေါ်စေတတ်သည်။ (ယင်းဘာ၀အိမ်များတွင် ယူရေးနပ်စ်နှင့် နက်ပကျွန်းဂြိုဟ်များ ရပ်တည်နေပါက ထူးခြားဆန်းပြားသော အတွေ့အကြုံများ၊ အောက်လမ်းတိုက်မျိုးဖြင့် အတိုက်ခိုက်ခံရခြင်းမျိုးများ၊ စုန်းကဝေအတတ်ဖြင့် ပြုစားတိုက်ခိုက်ခံရခြင်းမျိုးများ စသည့် ဖြစ်ရပ်မျိုးများဖြင့် ကြုံတွေ့ရတတ်သည်)

ယခု မေးမြန်းသော ကိစ္စမှာ နေအိမ်တစ်ခုတွင် သရဲခြောက်ခံရခြင်းမျိုးဖြစ်၍ (၄)တန့်မှထောက်၍ ရေ[illegible] သော (၆)တန့်နှင့် (၁၂)တန့်ဘာ၀များကို စဉ်းစားသုံးသ[illegible] ရမည်။ ယင်းဘာ၀များမှာ (၉)တန့်နှင့် (၃)တန့်ဘာ၀များ ဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

ယခု ပြုစ်ရေးဇာတာတွင် (၄)တန့်ဘာ၀ သန္ဓိဘုတ်[illegible] နက္ခတ်သခင်ဂြိုဟ်သည် ကိတ်ဂြိုဟ်ဖြစ်ပါသည်။ ကိတ်ဂြိုဟ်သည် ဝဋ္ဋေဂြိုဟ်ပိုင် သိဟ်ရာသီတွင် ရပ်တည်[illegible] ဝဋ္ဋေပိုင် နက္ခတ်ကိုပင် စီးထားသည်။ ဝဋ္ဋေဂြိုဟ်သည် (၁၀)တန့်သခင်အဖြစ် (၉)တန့်ဘာ၀တွင် ရပ်တည်နေပါ သည်။ ထို့ပြင် ကိတ်ဂြိုဟ်သည် (၈၊ ၁၁)တန့်သခင် ၄ဟူးဂြိုဟ်၊ (၉)တန့်သခင် ၂လာဂြိုဟ်တို့နှင့် ပူးယှဉ်ထား[illegible]

www.burmeseclassic.com

ပါသည်။

ကိတ်ဂြိုဟ်သည် ရာဟုပိုင် ဘုတ္တိနက္ခတ်ကို စီးထားသော ရာဟု၏ အမြင်ကို ခံထားရသည်။ ရာဟုသည် စနေပိုင် ကုမ်ရာသီ (၄)တန့်ဘာဝတွင် ရပ်တည်သည်။ ရာဟုက ကိုယ်စားပြုထားသော စနေဂြိုဟ်သည် (၃၊ ၄)သခင်အဖြစ် (၅)တန့်ဘာဝတွင် ရပ်တည်နေသည်။

သို့ဖြစ်၍ ထိုသူ၏ နေအိမ်တွင် သရဲခြောက်ခြင်းကိစ္စ ကြုံရခြင်းမှာ မှန်ကန်ပေသည်။ နက်ပကျွန်းဂြိုဟ် (၁၂)တန့်ဘာဝတွင် ရပ်တည်ခြင်းကလည်း သရဲခြောက်ခြင်းကိစ္စကို ထပ်မံထောက်ခံပေးနေသကဲ့သို့ ရှိနေသည်။

လာရောက်မေးမြန်းသော ကာလမှာ ကိတ် ထူလ၊ ကိတ် ဘုတ္တိ၊ ဝနေ့ အန္တရဒသာ စားဝင်နေသည်။ ယင်းအချက်က အထက်က ရှင်းပြခဲ့သည့်အတိုင်း (၉)တန့်၊ (၃)တန့် ဘာဝများနှင့်ပင် ဆက်သွယ်နေကြောင်း တွေ့ရပါမည်။

ဤအချက်ကို မည်သို့ ဖြေရှင်းရမည်နည်း။ (၉) တန့်သခင်သည်လည်းကောင်း၊ ၅တေးဂြိုဟ်သည်လည်းကောင်း သက်ဆိုင်ရာ ဘာဝများနှင့် ဒသာသခင်ဂြိုဟ်များကို အမြင်ကြံ့နေပါက ကုစားဖြေဖျောက်ခြင်း (ဝါ) သုန္တိယတြာ ပြုလုပ်၍ ရပါသည်။

အထက်ပါ ဇာတာတွင် (၉)တန့်သခင်ဂြိုဟ် ၂လ်ာသည် (၈၊ ၁၁)တန့်သခင်ဂြိုဟ် ၄ဟူးနှင့် ပူးယှဉ်ကာ (၉)တန့်ဘာဝတွင် ရပ်တည်ခြင်း၊ ၅တေးဂြိုဟ် ကန်ရာသီ (၁၀)တန့်ဘာဝတွင် ရပ်တည်ကာ (၃)တန့်ဘာဝအား (၅) တန့်အထူးမြင်ခြင်းတို့ကြောင့် သုန္တိယတြာ ပြုလုပ်၍ ရနိုင်ပေသည်။

၅တေးဂြိုဟ်၏ သဘောအရ ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးခေါင်းဆောင်၊ ဘာသာရေးဆရာများကို ပင့်ဖိတ်ကာ ဆိုင်ရာတရားစာများ ရွတ်ပွားပူဇော်ခြင်း ပြုပေးရန်ဖြစ်သည်။ အောင်မြင်ပေါက်ရောက်ပြီး သူတော်စင် ပုဂ္ဂိုလ်တစ်ပါးကို ပင့်ဖိတ်ကာ သက်ဆိုင်ရာ တရားစာများ ရွတ်ပွား မေတ္တာပို့ရန် အကြံအညီ တောင်းနိုင်ပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**


အဘဆရာကြီး **မင်းသိမ်** ၏ တပည့်ရင်း

ဆရာ **မိုးသစ်ခိုင်**

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)



ခိတ်ခေါ်
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

တဲရော	ဗေဒ	လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ စေတီ ဘုရားအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉

www.burmeseclassic.com


# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘ၀တွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မွှခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့တလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့တသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁၃၄၉၀၅

www.burmeseclassic.com

# ခန္ဓာကိုယ်ဝဖြိုးခြင်း၊ ကိုယ်အလေးချိန်များခြင်းနှင့် ကျန်းမာရေးပြဿနာများ(၁)

ဟိန်း(ဘူမိ)

ယနေ့ ကမ္ဘာတွင် လူနေမှုပုံစံနှင့် အစားအစာများပေါ် အဓိက အကြောင်းခံ၍ ကျန်းမာရေး ပြဿနာများစွာ ပေါ်ပေါက်နေရပေသည်။ ယင်းအတွက် ဝခြင်း(obesity)၊ ကိုယ်အလေးချိန် များခြင်း(overweight) ဟူသော ဝေါဟာရများကို နားလည်ရန်နှင့် ယင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေး ပြဿနာများကို အဖြေရှာရန် ဤဆောင်းပါးစဉ်ကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ယင်းဆောင်းပါးစဉ် အပြီးတွင် ဝခြင်း၊ ကိုယ်အလေးချိန် များခြင်းအတွက် အခြား သိစရာ၊ လိုက်နာစရာများ၊ အစားအစာနှင့် လူနေမှုပုံစံတို့အရ အဖြေရှာ ကုစားရန်များကို ဆက်လက် ဖော်ပြပေးသွားပါမည်။

## ဝခြင်းနှင့် ကိုယ်အလေးချိန် များခြင်း (Obesity and Overweight)

ဝခြင်း(obesity) နှင့် ကိုယ်အလေးချိန်များခြင်း (overweight) ဟူသော ဝေါဟာရ နှစ်ခုကို အတူတူဟု ထင်တတ်ကြသည်။ အမှန်တကယ်တွင် မတူပါချေ။ ကိုယ်အလေးချိန် များခြင်းမှာ ရှိသင့်သည့် စံနှုန်းထက် ကိုယ်ပေါင်ချိန် အနည်းငယ် ပိုများနေခြင်းမျိုးဖြစ်ပြီး ကိုယ်အလေးချိန်နှင့် ဆက်စပ်သော ကျန်းမာရေးပြဿနာများ ကြုံတွေ့ရလုဆဲဆဲ အခြေအနေမျိုးတွင် ရှိနေခြင်းမျိုး ဖြစ်သည်။ ဝခြင်းမှာမူ ရှိသင့်သည့် စံနှုန်းထက် ကိုယ်အလေးချိန်များစွာ ပိုနေသည့်အပြင် ခန္ဓာကိုယ်အဆီ(body fat) အလွန်များပြားစွာ ပိုနေခြင်းကို ခေါ်သည်။

ကိုယ်အလေးချိန် များသူအတွက် ကိုယ်အလေးချိန် ပေါင်အနည်းငယ်မျှ လျှော့ချနိုင်လျှင်ပင် အကျိုးကျေးဇူးများလှပေသည်။ ဝခြင်းတွင်မူ ကိုယ်ပေါင်ချိန်များစွာ လျှော့ချနိုင်သည့်တိုင် ပြင်းထန်သည့် ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ရမည့် အန္တရာယ်မျိုး ရှိတတ်ပေသည်။

ကိုယ်အလေးချိန် များခြင်းနှင့် ဝခြင်းတို့ကို သီးခြား စီ အကျယ်တဝင့် ဖော်ပြမှသာ ပြည့်စုံစွာ သိနိုင်ပေမည်။ ထို့ကြောင့် သီးခြားစီ ဖော်ပြပေးသွားပါမည်။

## ကိုယ်အလေးချိန် များခြင်း (Overweight)

ကိုယ်အလေးချိန် များခြင်းကား ရှိသင့်သည့် စံနှုန်း ထက် ကိုယ်ပေါင်ချိန် အနည်းငယ် ပိုများခြင်းဟု အထက် တွင် ဆိုခဲ့ပါပြီ။ ယင်းမှာ ခန္ဓာကိုယ်က လောင်ကျွမ်း သုံးစွဲပစ်နိုင်သည်ထက် ကယ်လိုရီများကို ပိုမိုစားသုံးမိ သောကြောင့် ဖြစ်ရပါသည်။ ယင်းသို့ ကယ်လိုရီများ ပိုမိုစုဆောင်းမိမှု တဖြည်းဖြည်း များပြားလာသောအခါ တွင် ဝခြင်း(obesity) သို့ ကူးပြောင်းသွားရပေတော့ သည်။

ကိုယ်အလေးချိန် များခြင်းမှာ များစွာသော ကျန်း မာရေးပြဿနာများကို ဖြစ်ပေါ်စေသည်သာမကဘဲ မိမိ ကိုယ်ကို စိတ်ပျက်ရကာ စိတ်ချမ်းသာမှုမရှိ ဖြစ်ရတတ် သည်။ အနောက်တိုင်း နိုင်ငံများတွင် များစွာသော လူ များ၏ အသင့်စား အစာများ စားသောက်ခြင်း စသည့် လူနေမှုပုံစံသည် ကိုယ်အလေးချိန် များစေသော အန္တရာယ် တစ်ရပ် ဖြစ်နေချေပြီ။ များစွာသော ယိုယိုစာတာစာ (yo-yo diets) နှင့် ကိုယ်အလေးချိန် အမြန်ချသော နည်းများ ကလည်း အန္တရာယ်များကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်စေ သည်။

ထို့ပြင် ယင်းကိုယ်အလေးချိန် ချနည်းများ(weight loss techniques) သည် လူ့ဇီဝကမ္မဖြစ်စဉ်ကို ရှုပ်ထွေး စေပြီး ကာလကြာ တိုင်းမှိုင်းစေခြင်းနှင့် ထိရောက်မှု နည်း ခြင်း(less effective)တို့ ဖြစ်စေတတ်လေသည်။ ကိုယ် အလေးချိန် အမြန်ချခြင်း(fluctuatio in weight) ကိုယ်အလေးချိန်ချရန် ကြိုးစားနေသူများအတွက်

www.burmeseclassic.com

www.burmeseclassic.com

ကျင်ဘက် အကျိုးယုတ်စေ၍ ရှောင်ရှားသင့်ပေသည်။ ကိုယ်အလေးချိန် ချခြင်းကို ဖြည်းဖြည်းမှန်မှန်နှင့် ကျန်းမာရေးကို မထိခိုက်စေဘဲ လုပ်ဆောင်ရပေမည်။ သင့်တွင် ကိုယ်အလေးချိန် များနေပါက အကောင်းဆုံး နည်းလမ်းမှာ မကောင်းသော ဘဝနေမှုပုံစံကို ပြောင်းလဲပစ်၍ ပြဿနာကို ဖြေရှင်းရန်ပင် ဖြစ်ပါသည်။

**ကိုယ်အလေးချိန် များရခြင်း၏ အကျိုးဆက်ကား အဘယ်နည်း။**

ကျန်းမာရေး ပညာရှင်များအနေနှင့် ကိုယ်အလေးချိန် များသူများတွင် ကျန်းမာရေးအရ အန္တရာယ်ကြီးပုံကို တညီတညွတ်တည်း လက်ခံထားပေသည်။ ကိုယ်အလေးချိန် များခြင်းကို ဘီအမ်အိုင်(BMI) အချိုးကိန်းအရ သတ်မှတ်ထားချက်များ ရှိပါသည်။ ယင်းကိန်းအရ လူဦးရေ၏ (၂၀)မှ (၄၀)ရာခိုင်နှုန်းထိသည် ကိုယ်အလေးချိန် များသည့်ထဲတွင် ပါဝင်နေပေသည်။

သင်သည် ကိုယ်အလေးချိန် များသည့်ထဲတွင် ပါဝင်ပါက အောက်ပါ ကျန်းမာရေးပြဿနာများကို သတိပြုရပေတော့မည်။

နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အမျိုးအစား(၂) ဆီးချိုရောဂါ၊ ကော်လက်စထရောပမာဏ မြင့်တက်ခြင်း၊ ကင်ဆာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အိပ်စက်ရာတွင် ဟောက်ခြင်း၊ အိပ်စက်မရဖြစ်ခြင်း (အိပ်မပျော်ခြင်း)၊ ကာမစိတ် ကင်းမဲ့ခြင်း(loss of libido)၊ ကိုယ်ဝန်ဆောင်၍ ကလေးမီးဖွားရာတွင် ရှုပ်ထွေးမှုများ ကြုံရခြင်း၊ စိတ်ကျရောဂါ ခံစားရခြင်း၊ အသည်းရောဂါ၊ ကိုယ်တွင်းခုခံအား လျော့ကျခြင်း၊ အရိုး၊အဆစ် ရောင်ခြင်း၊ ဆီးသွားနိုင်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ဂေါက်(Gout) ရောဂါများကို ခံစားရဖို့ အန္တရာယ်ရှိပေသည်။

ထို့ပြင် စိတ်ပိုင်းဆိုင်ရာ နေမထိ ထိုင်မသာ ခံစားရတတ်ပြီး မိမိကိုယ်ကို စိတ်ပျက်ခြင်းမျိုး ဖြစ်ရတတ်ပေသည်။ သင့်တွင် ကိုယ်အလေးချိန် များခြင်းနှင့် ဆက်စပ်သော ကျန်းမာရေးပြဿနာများ ကြုံနေရပါက စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်မှု များရခြင်း၊ မကောင်းမှု ပြုမိခြင်းနှင့် မိမိကိုယ်ကို အထင်သေးခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများပါ ပေါ်ပေါက်ခံစားရတတ်ပေသည်။

**သင့်ကိုယ်အလေးချိန် များနေပါသလား။**

ကိုယ်အလေးချိန် အနည်း၊အများကို ခန္ဓာကိုယ်အညွှန်းကိန်း(body mass index) ဟု ခေါ်သည်။ ဘီအမ်အိုင်(BMI) ဖြင့် တိုင်းတာရသည်။ ယင်းကို ခန္ဓာကိုယ်အလေးချိန်နှင့် အရပ်အမြင့်တို့ဖြင့် အချိုးချ၍ တွက်ချက်ရသည်။ ဆေးခန်းတွင် ခွဲခြားသက်မှတ်ထားခြင်းအရ ကိုယ်အလေးချိန်နည်းခြင်း၊ ကျန်းမာခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ ဝခြင်း ဟူ၍ (၄)မျိုး ခွဲခြားထားသည်။

**ခန္ဓာကိုယ် အညွှန်းကိန်း၏ ဆန်းစစ်လုပ်ဆောင်ပုံကား အဘယ်နည်း။**

ခန္ဓာကိုယ် အညွှန်းကိန်းမှာ ခန္ဓာကိုယ်အလေးချိန် ကီလိုဂရမ်ကို အရပ်အမြင့် မီတာနှစ်ထပ်ကိန်းဖြင့် စား၍ (၁၀၀)ဖြင့် မြှောက်ခြင်းဖြင့် ရရှိသည်။ ယင်းတွင် ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်အလေးချိန် ပေါင်ကို အရပ်အမြင့် လက်မ၏ နှစ်ထပ်ကိန်းရင်းနှင့် စားပြီး (၇၀၅)ဖြင့် မြှောက်ခြင်းအားဖြင့်လည်း ရရှိနိုင်ပေသည်။

ခန္ဓာကိုယ် အညွှန်းကိန်း(BMI) ကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားသည်။

| | |
|---|---|
| ကိုယ်အလေးချိန်နည်း | - ဘီအမ်အိုင် ၁၈.၅ အောက် |
| ကျန်းမာခြင်း | - ဘီအမ်အိုင် ၁၈.၅ မှ ၂၄.၉ ကြား |
| ကိုယ်အလေးချိန်များ | - ဘီအမ်အိုင် ၂၅ မှ ၂၉.၉ ကြား |
| ဝခြင်း | - ဘီအမ်အိုင် ၃၀ နှင့် အထက် |

ဘီအမ်အိုင် အမှတ်(၂၅)ကျော်လျှင် ကိုယ်အလေးချိန်များသည်ဟု သတ်မှတ်ပြီး ယင်းနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများကို သတိပြုရပါမည်။

**သင့်ကိုယ်အလေးချိန် များရခြင်း အကြောင်းရင်းများမှာ အဘယ်နည်း။**

လူအများ ကိုယ်အလေးချိန် များရခြင်း အကြောင်းရင်း များစွာရှိသော်လည်း အများဆုံး ဖြစ်ရသည့် အချက်မှာ နေ့စဉ် ကယ်လိုရီစားသုံးမှုမှာ စွမ်းအင်အဖြစ် အသွင်ပြောင်းနိုင်သည်ထက် ပိုများ၍ ဖြစ်ရပါသည်။ ကယ်လိုရီအပိုများကို အဆီများအဖြစ် သိုလှောင်ထားကာ ယင်း၏အကျိုးဆက်အဖြစ် ကိုယ်အလေးချိန် မြင့်တက်လာရပေသည်။

**ကိုယ်အလေးချိန် မြင့်တက်ရခြင်း အကြောင်းရင်းများနှင့် အချက်အလက်များ**

**မျိုးဗီဇ**

အချို့သူများတွင် မျိုးဗီဇအရ အခြားသူများထက် ကိုယ်အလေးချိန် မြင့်တက်ရန် လွယ်ကူတတ်ပါသည်။ ဝခြင်းနှင့် ကိုယ်အလေးချိန် တက်ခြင်းမှာ မိသားစုလိုက်ဖြစ်ရတတ်ပြီး မိသားစုတွင်း စားသောက်ပုံစနစ် ချို့ယွင်းခြင်းနှင့် မျိုးဗီဇတို့ ဆက်စပ်မှုအရ ဖြစ်ရတတ်ပေသည်။

**ဇီဝကမ္မဖြစ်စဉ်**

အချို့သူများသည် အခြားသူများထက် ဇီဝကမ္မဖြစ်စဉ် ပိုမြန်တတ်ပါသည်။ စားသောက်ပုံ ချို့ယွင်းသောအကျင့်ရှိပြီး လေ့ကျင့်ခန်း မလုပ်သလောက် ဖြစ်ခြင်းနှင့် ပျက်ယွင်းသော စားသောက်ပုံအရ ဇီဝကမ္မဖြစ်စဉ် နှေးကွေးဆုတ်ယုတ်ကာ ကိုယ်အလေးချိန် လျှော့ကျရန် ခက်ခဲလာရတတ်ပါသည်။

**ပျက်ယွင်းသော စားသောက်ပုံ**

ဓာတ်စာစားခြင်း(diet) (သို့မဟုတ်) အစာလျှော့စားခြင်း ပြုသောအခါ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ကျွန်ုပ်တို့၏ အစာစားခြင်းမှာ ငတ်မွတ်ခေါင်းပါးခြင်း (ဝါ) အစားအစာ နည်းနည်းသာ လိုအပ်ခြင်းဟု တွေးထင်သွားတတ်သည်။ ယင်းအတွက် ခန္ဓာကိုယ်မှာ အခက်အခဲ ကြီးမားစွာ ကြုံတွေ့ရပြီး ဇီဝကမ္မဖြစ်စဉ် နှေးကွေးကျဆင်းသွားကာ အစားအစာ နည်းနည်းဖြင့် ရှင်သန်ရပ်တည်နိုင်အောင် ပြုလုပ်ပေးပါတော့သည်။ အစာအငတ်ခံခြင်း (ဝါ) လျှော့စားခြင်း ကြာရှည်လေ ဇီဝကမ္မဖြစ်စဉ် နှေးကွေးသွားလေ ဖြစ်သည်။ မကြာခင်တွင် [ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရများ (nutrients) ချို့တဲ့မှုကြောင့်] အလွန်အမင်း စားစေခြင်း (ဝါ) ဓာတ်စာစားခြင်းကို ရပ်ဆိုင်းရန် စိတ်တွင်း ဖိအားပေးခြင်းကို ခံစားလာရပေတော့သည်။ ယင်းအခါတွင် ခန္ဓာကိုယ်တွင်ရှိသော အဆီများအားလုံး ကာဘိုဟိုက်ဒရိတ်(carbohydrate) (သို့မဟုတ်) သိုလှောင်ထားသော အစာအာဟာရများမှ ထုတ်ယူသုံးစွဲခြင်း ဖြစ်လာတော့သည်။ ဇီဝကမ္မဖြစ်စဉ် နှေးကွေးဆဲဖြစ်ပြီး နောင်ငတ်မွတ်သော ကာလမျိုးတွင် သုံးစွဲရန် သိုလှောင်ထားသော အစာအာဟာရများကို ယင်းကိစ္စမျိုးတွင် မှီခိုလာရတော့သည်။ (ကိုယ်တွင်း သိုလှောင်ထားသော အာဟာရများကို အလိုအလျောက် သုံးစွဲလာခြင်းကို ဆိုလိုသည်။) စားသောက်ပုံ ပျက်ယွင်းလေ ထောက်ပံ့အာဟာရများ ပိုလိုလာလေ ဖြစ်ကာ သိုလှောင်ထားသော အဆီများကို ပိုသုံးလာရသည်။ ယင်းအတွက် ကျွန်ုပ်တို့သည် ပုံမှန်စားသောက်ရင်း ကျန်းမာစေမည့် ဓာတ်စာစားခြင်းဖြင့်သာလျှင် ခန္ဓာကိုယ် အလေးချိန်ကို ချရာ၏။

**စိတ္တဗေဒသဘော**

စားကောင်းသောက်ဖွယ်များကို စားသောက်ခြင်းသည် ကိုယ်အလေးချိန် မြင့်တက်ရခြင်း၏ အဓိက အတွေ့များသော ပြဿနာဖြစ်သည်။ ယင်းက တစ်ခါတစ်ရံတွင် ငြီးငွေ့ခြင်းနှင့် မလှုပ်ရှားလိုခြင်းကို ဖြစ်စေတတ်သည်။ ထို့ပြင် စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကို မလေးစားခြင်းတို့နှင့်လည်း ဆက်စပ်နေ၏။ အဘယ့်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com

စားစရာများသည် ဆုလာဘ် (ဝါ) စိတ်ကျေနပ် နှစ်သိမ့်ခံစားခြင်းနှင့် ဆက်စပ်နေ၍ ဖြစ်သည်။ ကောင်းသော စိတ်ခံစားချက်များမှာ များမကြာမီတွင် စိတ်ခံစားချက်တွင် ပေါင်းဖြည့်စေခြင်း ဖြစ်လာစေပါသည်။ စားရလေ စားချင်လေ သဘောဖြစ်သည်။

**လူမှုဓလေ့ထုံးတမ်းရှုထောင့်**

ခေတ်သစ် လူနေမှုစနစ်တွင် အသင့်စား အစားအစာများကို အစားများလာခြင်းနှင့် စွမ်းအင်အမြန်လိုအပ်မှုများ ရှိလာခဲ့သည်။ ယင်းက ကိုယ်အလေးချိန် မြင့်တက်စေပြီး လူများစွာမှာ မကြာမီ ကိုယ်အလေးချိန် များလာကာ မလှုပ်ရှားချင်ခြင်း ဖြစ်လာတော့သည်။ နှစ်ပေါင်းများစွာ အစားအစာများ စားသောက်ပုံ လွဲမှားခဲ့ခြင်းကြောင့် ဖြစ်သည်။

**အထိုင်များသော ဘဝနေမှုပုံစံ**


အထိုင်များပြီး လေ့ကျင့်ခန်း မလုပ်လိုမှုသည် ကိုယ်အလေးချိန် မြင့်တက်ခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်သည်။ ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ တီဗွီဂိမ်းများ စွဲခြင်းနှင့် အခြားနည်းပညာ တိုးတက်မှုများက ဘဝကို ပို၍ ငြိမ်ကျစေသည်။ သို့ဖြစ်၍ ကာယလေ့ကျင့်ခန်းများ မလုပ်နိုင်ခြင်း၊ လုပ်ခွင့်ကြုံသည့်တိုင် မလုပ်လိုခြင်းတို့ ဖြစ်လာခဲ့သည်။

**ရောဂါခံစားရမှုအခြေအနေ**

အချို့သော ဆေးကုသခံယူရသည့် ရောဂါများ ဥပမာ-သိုင်းရွိုက် လွန်ကဲဖောက်ပြန်ခြင်း၊ ဦးနှောက်ရှိ ဟိုက်ပိုသာလမတ်စ်(hypothalamus) နေရာ ဖောက်ပြန်ခြင်း (ဝါ) ဒဏ်ရာရခြင်း၊ အမျိုးသမီးများတွင် ဟိုမုန်းဓာတ် ဖောက်ပြန်၍ ဖြစ်ရသော ပေါ်လီစိုက်စတစ် အိုဗာရီယမ် ဆင်ဒရုန်း(polycystic ovarian syndrome) တို့သည် လူကို ကိုယ်အလေးချိန် တက်၍ ဝဖြိုးစေတတ်သည်။

**ဆေးကုသမှု ခံယူခြင်း၏ ဘေးထွက်ဆိုးကျိုးများ**

အချို့ ဆေးကုသမှု ခံယူရခြင်းတွင် ဆေးဝါးများသည် ကိုယ်အလေးချိန် မြင့်တက်စေနိုင်သည်။ ဥပမာ-ကော်တီကော့စတီးရွိုက်များ(corticosteriods)၊ အမျိုးသမီး ဟိုမုန်းအတွက် သောက်ဆေးအချို့၊ စိတ်ကျရောဂါအတွက် ပေးသော ဆေးအချို့နှင့် အခြား စိတ်တက်ကြွ



စေသော ဆေးများ၊ စိတ်ရောဂါကု ဆေးအချို့၊ လီသီယမ် (lithium)၊ ဝက်ရူးပြန်ရောဂါ (ဝါ) လေသင်တုန်းဖြတ်ခြင်းအတွက် ပေးသော ဆေးများသည် ကိုယ်အလေးချိန် မြင့်တက်စေတတ်သည်။ ဆေးကုသမှုခံယူစဉ် ကိုယ်အလေးချိန် မြင့်တက်ခြင်းမှာ များသောအားဖြင့် ယာယီမျှသာ ဖြစ်တတ်ပြီး ဝဖြိုးခြင်းထိ ဖြစ်ခြင်းမျိုး မရှိတတ်ပါချေ။

**ကိုယ်ဝန်ဆောင်ခြင်း**

ကိုယ်ဝန်ဆောင်စဉ် ကျန်းမာပြည့်ဖြိုးသော သားသမီးအလိုရှိ၍ ကိုယ်အလေးချိန်တက်အောင် မိခင်လောင်းများ လုပ်ဆောင်တတ်ကြသည်။ သားသမီး ဖွားမြင်ပြီးနောက်တွင်မှ ကိုယ်အလေးချိန်ချရန် ခက်ခဲမှုနှင့် ကြုံရတော့သည်။ ယင်းကို 'ကိုယ်ဝန်ဆောင်ချိန် ကိုယ်အလေးချိန် မြင့်တက်ခြင်း' (pregnancy weight) ဟု ခေါ်သည်။

**ကိုယ်အလေးချိန် များသူများအတွက် ကူညီရန် အချက်များ**

စာနယ်ဇင်းများ၊ သတင်းမီဒီယာများတွင် ဓာတ်စာစားနည်း အသစ်များ ပေါ်ထွက်လာလေ့ ရှိတတ်သည်။ သို့သော် များသောအားဖြင့် ကုန်ကျစရိတ် မြင့်မားတတ်ပြီး ကံကောင်းထောက်မှုရမှသာ ကိုယ်အလေးချိန် အလျင်အမြန် ကျသွားတတ်သည်။ သို့သော် အောင်မြင်မှု အနည်းငယ်မျှသာ ရှိတတ်ပြီး တဖြည်းဖြည်း ကိုယ်အလေးချိန်ချယူသည့် သဘာဝနည်းလမ်းမျိုးကိုသာ အသုံးပြုသင့်ပါသည်။

ဟိန်း(ဘူမိ)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊
အိုးတွင်နှိပ်ခတ်၊ တံဆိပ်မှတ်ကား၊
မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊
အမြဲတစေ၊ တည်ရှိနေသို့၊
အထွေထွေသွေးသား၊ ကလေးများ၌၊
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို၊
ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်၊
ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်၊
ကိုယ်စီခတ်နှိပ်၊ နိုင်စေသတည်း။

(အရှင်ဇနကာဘိဝံသ)

ကျွန်ုပ် အလွန်ကြည်ညိုလေးစားသော မဟာဂန္ဓာရုံ ဆရာတော်ကြီး ရေးသားတော်မူခဲ့သည့် ကဗျာကလေးဖြစ် ပါသည်။

ကျွန်ုပ်တို့မွေးဖွား သွေးသားဖြစ်သည့် ကလေးများ စိတ်၌ ငယ်စဉ်ကပင် ဗုဒ္ဓဝါဒကို စွဲ၍တည်စေရန် ဆောင် ရွက်ကြဖို့ နှိုးဆော်ထားပါသည်။ အိုးလုပ်ရာတွင် အိုး မဖုတ်ခင်ကတည်းက တံဆိပ်တစ်ခုခု ခတ်နှိပ်လိုက်ပါက အိုးကျက်သွားသည့်အခါ ထိုအိုး ကွဲပင်ကွဲငြားသော်လည်း အိုးတွင် မှတ်သားနိုင်သော တံဆိပ်မှာ အမြဲတစေ တည် ရှိနေသကဲ့သို့ ဥပမာပေးထားလေသည်။

# မင်းသန့်ကျော် (ဗိုးကုန်း)

# ဘုရားတံဆိပ် ဘာသာစိတ်



www.burmeseclassic.com

www.burmeseclassic.com

အမှန်ဝန်ခံရလျှင် ကျွန်ုပ်သည် ငယ်စဉ်ကပင် ဘာသာရေး၌ စိတ်ဝင်စားမှု နည်းပါးခဲ့ပါသည်။ မိဘများ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးများကလည်း သူတို့အလုပ်နှင့်သူတို့ဖြစ်၍ ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းများကို ကလေးများ နားလည်အောင် အခြေခံမှစ၍ ပြောမပြနိုင်ကြချေ။ ဘာသာရေးကိစ္စသည် လူကြီးများနှင့်သာ သက်ဆိုင်သည်၊ ကလေးများနှင့် သက်ဆိုင်ဟု ကျွန်ုပ်ကိုယ်တိုင်က ထင်မြင်ခဲ့ပါသည်။

(၂)

ထိုကဲ့သို့ ဗုဒ္ဓဘာသာအပေါ် ထိတွေ့ဆက်ဆံမှု နည်းပါး၍ ဗုဒ္ဓဘာသာအကြောင်းကို မသိသော ကျွန်ုပ်ထံသို့ အခြားဘာသာကြီးတစ်ခုမှ စိတ်ဝင်စားဖွယ် အကြောင်းများဖြင့် ဆက်သွယ်လာ၍ ထိုဘာသာအပေါ်၌ စိတ်ဝင်စားသွားပါတော့သည်။

ကျွန်ုပ် မှတ်မိပါသေးသည်။

ကျွန်ုပ် အဋ္ဌမတန်းစာမေးပွဲဖြေပြီး နွေရာသီကျောင်းပိတ်သည့်အချိန်တွင် ကျွန်ုပ်အိမ်လိပ်စာဖြင့် စာတိုက်မှ စာတစ်စောင် ရောက်ရှိလာပါသည်။ စာတိုက်တံဆိပ်ကို ကြည့်လိုက်သောအခါ ရန်ကုန်မှဖြစ်ကြောင်း တွေ့ရပါသည်။ ကျွန်ုပ်ထံသို့ ရပ်ဝေးမှ စာလာရန် အကြောင်းမရှိသဖြင့် ဇဝေဇဝါနှင့်ပင် စာအိတ်ကိုဖွင့်ဖောက်၍ အထဲမှစာကို ဖတ်လိုက်ပါသည်။

စာပို့သည့်နေရာမှာ ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာမဟုတ်သည့် အခြားဘာသာကြီးတစ်ခု ဖြစ်ပါသည်။ စာပါအကြောင်းအရာမှာ ကျွန်ုပ်မှတ်မိသမျှ အောက်ပါအတိုင်း ဖြစ်ပါသည်။

'သူတို့ဘာသာကို သေချာစွာသိရန် လေ့လာစေလိုကြောင်း၊ လေ့လာလိုသော ဆန္ဒရှိပါက သင်ခန်းစာများကို စာပေးစာယူစနစ်ဖြင့် ပေးပို့မည်ဖြစ်ကြောင်း၊ ပေးပို့သော သင်ခန်းစာများကိုဖတ်ရှုပြီး မေးထားသော မေးခွန်းများကို အောက်ကွက်လပ်တွင် ဖြေကြားရန်ဖြစ်ကြောင်း၊ ဖြေကြားပြီး သင်ခန်းစာများကို ပြန်လည်ပေးပို့ရန်ဖြစ်ကြောင်း၊ ဤကဲ့သို့ စာပေးစာယူစနစ်ဖြင့် သင်ခန်းစာများကို ပို့ချသွားမည်ဖြစ်ကြောင်း၊ စာရွက်ဖိုး၊ တံဆိပ်ခေါင်းဖိုး ကုန်ကျခံရန် မလိုကြောင်း' စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ကျွန်ုပ်ကလည်း ကျောင်းပိတ်ရက်တွင် မိဘများအလုပ်ကို ကူညီလုပ်ကိုင်ခြင်းမှလွဲ၍ အခြားလုပ်စရာမရှိသဖြင့် ဗဟုသုတရစေခြင်းအလို့ငှာ သင်ခန်းစာများကို လေ့လာပါမည်ဟု စာပြန်လိုက်လေ၏။

တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ်ထံသို့ စာတိုက်မှ သင်ခန်းစာများ ရောက်ရှိလာပါသည်။ ထိုသင်ခန်းစာများမှာ သူတို့ဘာသာနှင့်သက်ဆိုင်သော ကျမ်းစာအုပ်မှ ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်က သင်ခန်းစာများကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေလိုက်ပါသည်။ ဖြေဆိုပြီး စာကိုပြန်ခေါက်ကာ ပိတ်လိုက်ပြီး သူတို့လိပ်စာအတိုင်း စာတိုက်မှ ပြန်ပို့လိုက်ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် စာရွက်လည်း မကုန်ပါ၊ တံဆိပ်ခေါင်းလည်း မကပ်ရပါ။ တံဆိပ်ခေါင်းဖိုးကို အသွားအပြန်ပေးဆောင်ပြီး ဖြစ်ပါသည်။

တစ်ပတ်ခန့်ကြာသောအခါ နောက်ထပ်သင်ခန်းစာများ ရောက်ရှိလာပါသည်။ ကျွန်ုပ်က ဖတ်ရှုပြီး ရှေးနည်းအတိုင်း မေးခွန်းများဖြေကာ ပြန်ပို့လိုက်ပါသည်။

ဤနည်းဖြင့် သင်ခန်းစာများကို (၇)ကြိမ်၊ (၈)ကြိမ်ခန့်ပို့ပြီး ဖြေကြားပြီးသောအခါ များမကြာမီ အောင်လက်မှတ် ရောက်ရှိလာပါသည်။

အောင်လက်မှတ်တွင် ကျွန်ုပ်သည် ပေးပို့လိုက်သော သင်ခန်းစာများကို အားလုံး မှန်ကန်စွာ ဖြေဆိုအောင်မြင်ပြီးဖြစ်၍ အောင်လက်မှတ်ကို ပေးပို့ကြောင်း ဖော်ပြထားပါသည်။

ကျွန်ုပ်သည် အောင်လက်မှတ်ကလေးကို သေတ္တာတွင်း၌ တရိုတသေ သိမ်းထားပြီး မကြာခဏ ထုတ်ယူကြည့်ရှုကာ ကျေနပ်နေပါတော့သည်။

တစ်ပတ်ခန့် ကြာသောအခါ ကျွန်ုပ်ထံသို့ စာတစ်စောင် ထပ်မံရောက်ရှိလာပါသည်။ ထိုစာတွင် သူတို့ဘာသာကို မြန်မာဘာသာဖြင့် ဖြေဆိုအောင်မြင်ပြီးဖြစ်၍ ထပ်မံ၍ သင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုစေလိုကြောင်း ဖြေဆိုမည်ဆိုပါက Junior English ဖြင့် သင်ခန်းစာများကို ပေးပို့မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကျွန်ုပ်က ဖြေဆိုပါမည်ဟု စာပြန်ကြားလိုသောအခါ Junior English ဖြင့် သင်ခန်းစာများ ရောက်ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေးနည်းအတိုင်း သင်ခန်းစာများကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆို၍ ပြန်ပို့လိုက်ပါသည်။ (၇)ကြိမ်၊ (၈)ကြိမ်ခန့် သင်ခန်းစာများကို ပေးပို့လိုက်၊ ကျွန်ုပ်က ဖြေဆိုပြီး ပြန်ပို့လိုက်ဖြင့် သင်ခန်းစာများ ပြီးဆုံးသွားသောအခါ ရှေးနည်းအတိုင်း အောင်လက်မှတ် ရောက်ရှိလာပါသည်။

အောင်လက်မှတ်တွင် ကျွန်ုပ်သည် Junior English ဖြင့် သင်ခန်းစာများကို ဖြေဆိုအောင်မြင်ကြောင်း ဖော်ပြပါရှိပါသည်။

ကျွန်ုပ်ထံတွင် အောင်လက်မှတ်(၂)ခု ရရှိထားပြီးဖြစ်ရာ အခြားဘာသာကြီးတစ်ခုမှ ပေးပို့ထားသော အောင်လက်မှတ်များဖြစ်၍ ကျွန်ုပ်သည် သူခိုးရွှေရ တပြပြဆိုသည့်အတိုင်း အောင်လက်မှတ်များကို သူငယ်ချင်းများအားထုတ်ပြလိုက်၊ ကိုယ်တိုင်လည်း မကြာခဏထုတ်ယူကြည့်ရှုလိုက်ဖြင့် ပီတိဖြစ်နေပါသည်။

သိပ်မကြာပါ၊ နောက်စာတစ်စောင် ရောက်ရှိလာပါသည်။ ထိုစာတွင် သင်ခန်းစာများကို မြန်မာဘာသာ Junior English ဘာသာများဖြင့် ဖြေဆိုအောင်မြင်ပြီးဖြစ်၍ ယခု နောက်ဆုံး Senior English ဖြင့် သင်ခန်းစာများကို ပေးပို့မည်ဖြစ်ကြောင်း ဖြေဆိုလိုခြင်း ရှိ၊မရှိ မေးမြန်းရာ ကျွန်ုပ်က ဖြေဆိုပါမည်ဟု အကြောင်းပြန်ကြားလိုက်ပါသည်။

မကြာမီ သင်ခန်းစာများ ရောက်ရှိလာရာ Senior English ဖြင့် ရေးသားထားကြောင်း တွေ့ရှိရပါသည်။ ထိုသင်ခန်းစာများကို ကျွန်ုပ်က ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုကာ ပြန်ပို့လိုက်ပါသည်။

သင်ခန်းစာများ ပြီးဆုံးသွားသောအခါ ရှေးနည်းအတိုင်း အောင်လက်မှတ် ရောက်ရှိလာပါသည်။

အခြားစာတိုက်ရှိသော ဒေသများမှ ကျောင်းသား၊ ကျောင်းသူအချို့လည်း ကျွန်ုပ်ကဲ့သို့ပင် စာပေးစာယူနည်းဖြင့် သင်ခန်းစာများကို ရယူဖြေဆိုကြလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ သင်ခန်းစာများ ပြီးဆုံးသောအခါ ကျွန်ုပ်ကဲ့သို့ပင် အောင်လက်မှတ်များ ရရှိကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုအခါ ကျွန်ုပ်လက်ဝယ်တွင် မြန်မာဘာသာဖြင့် အောင်လက်မှတ်တစ်ခု၊ Junior English ဖြင့် အောင်လက်မှတ်တစ်ခု၊ Senior English ဖြင့် အောင်လက်မှတ်တစ်ခု စုစုပေါင်း(၃)ခု ရရှိထားပြီး ဖြစ်ပါသည်။ ထိုအောင်လက်မှတ်များကို သူငယ်ချင်းများကို ပြသ၍လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်လည်း သေတ္တာတွင်းမှ မကြာခဏ ထုတ်ယူကြည့်ရှုခြင်းဖြင့်လည်းကောင်း ကျေနပ်ပျော်ရွှင်နေပါသည်။

(၃)

တစ်နေ့သ၌ ထိုအောင်လက်မှတ်များကို သေတ္တာတွင်းမှ ထုတ်ယူကြည့်ရှုနေခိုက် ကျွန်ုပ်၏ ဘကြီးတော်စပ်သူ ဦးကြွက် ရောက်ရှိလာပါသည်။ ဘကြီးဦးကြွက်သည် အဖေ၏အစ်ကိုကြီးဖြစ်ပြီး မန္တလေးတွင် နေထိုင်ပါသည်။ ယခု ရွာသို့ အလည်လာရာမှ ကျွန်ုပ်တို့အိမ်သို့ရောက်ရှိလာခြင်း ဖြစ်ပါသည်။ သူသည် ရွာတောင်ပိုင်းရှိ သူညီမ ဒေါ်လေးညိုတို့အိမ်တွင် တည်းလေသည်။

'ဩော်··လက်စသတ်တော့ တို့ဗုဒ္ဓဘာသာ မဟုတ်တဲ့ တခြားဘာသာကြီးတစ်ခုက ပေးထားတဲ့ အောင်လက်မှတ်တွေပဲ။ (၃)ခုတောင်ဆိုတော့ အဲဒီဘာသာနဲ့ပတ်သက်လို့ တော်တော်လေး တီးမိခေါက်မိရှိပြီ ဆိုပါတော့'

ဘကြီးဦးကြွက်က ကျွန်ုပ်လက်ထဲမှ အောင်လက်မှတ်များကို တောင်းယူကြည့်ရှုပြီး ပြောလိုက်ခြင်းဖြစ်ပါသည်။

ဘကြီး ပြောလိုက်သောအခါ ကျွန်ုပ်က ဂုဏ်ယူ...ကြွားစွာဖြင့်-

'ဟုတ်ကဲ့၊ တော်တော်လေးသိပါပြီခင်ဗျာ'

'ဖေအး··ဒါဆို ငါမေးမယ်၊ လူဘာလို့ဖြစ်လာတာ...

'ထာဝရဘုရားသခင် ဖန်ဆင်းလိုက်လို့ပါ ဘကြီး...'

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ ဘကြီး ဦးကြွက်သည် ကျွန်ုပ်အား မျက်ထောင့်နီကြီးများဖြင့် ကြ...လိုက်ကာ-

'ဟိုဘာသာကို လေ့လာတယ်ဆိုလို့ ဗဟုသုတအ...လေ့...ပါစေတော့လို့ ငါက ဘာမှမပြောတာ။ ခု...မင်းက တို့ဗုဒ္ဓဘာသာကိုပါ မေ့ပစ်လိုက်တာကိုး'

ကျွန်ုပ်မှာ ဘာမှပြန်မပြောနိုင်တော့ပါ။

ထိုအချိန်တွင် ကျွန်ုပ်၏ ဖခင်နှင့် မိခင်တို့မှာ ...ထံမှ ပြန်လာကြရာ ဦးကြွက်မှ-

'ဟေ့··မင်းတို့သား ဘာဖြစ်နေသလဲ သိလာ...

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာကို ဘာမှမသိတော့ဘူးကွ။ တခြားဘာသာကို စိတ်ဝင်စားနေတယ်။ မင်းတို့လည်း ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဘာမှ သင်ကြားမထားဘူးလား'

ကျွန်ုပ်၏ဖခင်သည် လက်ထဲမှ ပေါက်တူးကိုချရင်း-

'ကျွန်တော်တို့လည်း ကိုယ့်အလုပ်နဲ့ကိုယ် မအားသပ်လို့ သားကို ဘာမှမည်မည်ရရပြောပြထားတာ မရှိပါဘူး အစ်ကိုကြီး'

ဘကြီးဦးကြွက်သည် အဖေ့ကို မကျေမနပ်နှင့်ကြည့်ကာ-

'အေး··အဲဒါ ခက်တာပဲ။ တခြားဘာသာတွေဆိုရင် သူတို့ကိုးကွယ်တဲ့ ဘာသာနဲ့ပတ်သက်လို့ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို သူတို့ရဲ့ ကလေးတွေခေါင်းထဲကို ရိုက်ထည့်ထားတာ။ တို့ဗုဒ္ဓဘာသာကျတော့ ဒီအချက်လိုနေတယ်။ ဒီတော့ ဒီကွက်လပ်ကို ငါဖြည့်မယ်။ အခုဆိုရင် ကျောင်းရက်ရှည်လည်း ပိတ်ထားတယ်။ ငါ နေ့တိုင်း ဒီကိုလာပြီး ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းတွေကိုလည်း ပြောပြမယ်။ တို့ဗုဒ္ဓဘာသာမှာ အဓိကကျတဲ့ အချက်တွေကိုလည်း ပြောပြမယ်။ ဟုတ်ပြီလား'

နောက်နေ့မှစ၍ ဘကြီးဦးကြွက်သည် သူပြောထားသည့်အတိုင်း ကျွန်ုပ်တို့အိမ်သို့ ရောက်လာပြီး ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းများကို အခြေခံမှစ၍ သူတတ်နိုင်သလောက် ပြောပြပါသည်။

ကျွန်ုပ်က ဗလာစာအုပ်နှင့် ခဲတံကို အသင့်ဆောင်ထားကာ ဘကြီးပြောသော အကြောင်းအရာများကို လိုက်လံမှတ်သားရပါသည်။

ကျွန်ုပ်၏ သူငယ်ချင်းများလည်း ဘကြီးဦးကြွက် ဗုဒ္ဓဘာသာအကြောင်း သင်ကြားနေသည်ဆို၍ စာအုပ်နှင့် ခဲတံကို ယူလာကာ ကျွန်ုပ်ကဲ့သို့ လိုက်လံမှတ်သားကြပါသည်။

ဘကြီးပြောပြသည့်အထဲတွင် ကျွန်ုပ်တို့ ကိုးကွယ်နေသည့် မြတ်ဗုဒ္ဓအကြောင်းကို ဖြစ်တော်စဉ်မှစ၍ ပြောပြပါသည်။ တရားတော်မြတ်အကြောင်းကိုလည်း ပြောပြပါသည်။ သံဃာတော်များအကြောင်းကိုလည်း ပြောပြပါသည်။

ကျွန်ုပ်သည် ဘကြီးပြောပြသည့် အကြောင်းအရာ



များကို လိုက်လံမှတ်သား၍ မကုန်နိုင်ပါ။ မကောင်းမှုနှင့် ကောင်းမှုတို့ကို ခွဲခြား၍ ပြပါသည်။ မကောင်းမှုကိုရှောင်၍ ကောင်းမှုကို ဆောင်ရမည့်အကြောင်း၊ စိတ်ကို ဖြူစင်အောင်ထားရမည့် အကြောင်းတို့ကို ပြောပြပါသည်။ ထို့နောက် ကံအကြောင်း၊ ကံနှင့် ကံ၏အကျိုးကိုလည်း ပြောပြပါသည်။

ကျွန်ုပ်သည် ယခင်က ဤအကြောင်းများကို လူကြီးများ ပြောဆိုနေကြ၍ ကြားဖူးပါသည်။ ယခု ဘကြီးပြောသကဲ့သို့ ထဲထဲဝင်ဝင်မသိပါ။ ယခုကဲ့သို့ အခြေခံသဘောတရားများကို သိလာသည့်အချိန်တွင် ကျွန်ုပ် အလွန်ဝမ်းသာမိပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဘကြီး နေ့ခင်းကပြော၍ လိုက်လံမှတ်သားထားသောစာအုပ်ကို ညဘက်တွင် ပြန်လည်ဖတ်ရှုကာ ကြည်နူးနေမိပါသည်။ ကျွန်ုပ်၏ သူငယ်ချင်းများလည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် နွေရာသီကျောင်းပိတ်ရက်များ ကုန်ဆုံး၍ ကျောင်းများ ပြန်ဖွင့်သောအခါ ကျွန်ုပ်သည် အဋ္ဌမတန်း အောင်မြင်၍ နဝမတန်းသို့ အတန်းတက်ရပါသည်။ ကျောင်းပိတ်ရက်တွင် ကျွန်ုပ်ရရှိသောအမြတ်မှာ ဘကြီးဦးကြွက်၏ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာကို အခြေခံမှစ၍ သိခွင့်ရခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

(၄)

ကျွန်ုပ်၏ မိဘ၊ ဘိုးဘွားများ လက်ထက်ကစ၍

www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်လာခဲ့သော ဗုဒ္ဓဘာသာအကြောင်းကို ဤမျှ သိရုံဖြင့် မကျေနပ်နိုင်သေးပါ၊ ပြီးပြည့်စုံပြီဟူ၍လည်း မယူဆသေးပါ။ ထို့ကြောင့် ဥပုသ်နေ့များတွင် လူကြီး မိဘများနှင့်အတူ ဘုန်းကြီးကျောင်းသို့ လိုက်သွားကာ ဥပုသ်စောင့်ခြင်း၊ ဆရာတော် ဟောဖော်ညွှန်ပြသော တရားတော်များကို နာယူမှတ်သားခြင်းတို့ကို ပြုလုပ်ပါ သည်။ ထို့ပြင် ရသမျှ တရားစာအုပ်များကို ရှာဖွေဖတ် ရှုခြင်း၊ တရားပွဲများရှိပါက သွားရောက်နာယူခြင်းများ ပြုလုပ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အသင့်အတင့်သိရှိလာပြီဟု သတ်မှတ်ပါသည်။ မိမိကိုယ် မိမိလည်း အတိုင်းအတာတစ်ခုထိ ကျေနပ်နေပါသည်။ အတိုင်းအတာဟုဆိုရခြင်းမှာ ထိုစဉ်က ကျွန်ုပ်၏ အသက် သည် (၁၆)နှစ်မျှသာ ရှိပါသေးသည်။

ကျွန်ုပ်ရရှိထားသော အခြားဘာသာမှ အောင်လက် မှတ်များကိုလည်း ထုတ်ယူကြည့်ရှုခြင်း မပြုတော့ဘဲ အတွေ့အကြုံတစ်ခုအဖြစ် သေတ္တာထဲတွင်သာ သိမ်းထား လိုက်ပါသည်။

ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်အပါအဝင် ညီအစ် ကို (၅)ယောက် မွေးထားရာ ကျွန်ုပ် အကြီးဆုံးဖြစ်ပါ သည်။ မိဘများ မအားလပ်၍ ဗုဒ္ဓဘာသာနှင့်ပတ်သက် ၍ ကလေးများ သိရှိနားလည်အောင် မပြောပြနိုင်သော် လည်း ညီငယ်များအား သူတို့အရွယ်နှင့် လိုက်အောင် ဘာသာရေး အသိတရားများ ပေးအပ်ရန် ကျွန်ုပ်တွင် တာဝန်ရှိသည်ဟုလည်း ခံယူမိပါသည်။

ထို့ကြောင့် ညီငယ်များ သိတတ်စ အရွယ်မှစ၍ ဗုဒ္ဓဘာသာကို တစ်စ,တစ်စ သိရှိလာစေရန် အိုးမဖုတ်ခင် အိုးလုပ်စဉ်ကတည်းက သူတို့ခေါင်းထဲသို့ ဘာသာတံဆိပ် ခတ်နှိပ်ထားမှ တော်ကာကျမည်ဟု တွေးတောရင်း နောင်တွင် ဖြစ်ပေါ်လာမည့် ဘာသာတံဆိပ် ခတ်နှိပ်ပြီး အိုးကောင်းအိုးသန့် လူတော်လူကောင်းကလေးများ ဖြစ် ပေါ်လာမည့်အရေးကို မျှော်တွေးရင်း ကြည်နူးနေမိပါတော့ သည်။

မင်းသန့်ကျော်(ဇီးကုန်း)

Dictionary for All

THALUN Bookstore Yangon

သာလွန် အင်္ဂလိပ်–မြန်မာ အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၂၄၃၈၊ ၂၄၉၂

အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၀၀၅၃၊ ၂၄၂၀၃၈၊ ၃၈၂

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၉၉၂၂၈


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဖခင်ဟာ လောကဓာတ်ကျောင်းများ ဖွင့်ခဲ့အခါက ပညာအုပ် ဖြစ်ပါတယ်။ ယခုခေတ်အခါမှာတော့ ပညာရေးမှူးလို့ ခေါ်နိုင်ပါတယ်။ ဟင်္သာတမြို့နဲ့ နီးမဝေးမှာရှိနေတဲ့ တောလက်ကျေးရွာ စာသင်ကျောင်းများကို လှည့်လည်စစ်ဆေးရပါတယ်။

အဖေဟာ ရတနာသုံးပါးကို အလွန်ကြည်ညိုသူဖြစ်ပြီး တိုင်းရင်းဆေးဝါသနာရှင် တစ်ဦးလည်း ဖြစ်ပါတယ်။ အဖေ ပြောပြောနေတဲ့ စကားတစ်ခွန်း ရှိပါတယ်။

ဟော့··ဆရာဝန်(ဒေါက်တာ)ဆိုတာက ကိုယ့်ဆေးကိုယ်ဖော်ပြီး လူနာကောင်းအောင် ကုသပေးနိုင်သူ ရှားပါတယ်။ သူများထုတ်လုပ်တဲ့ ဆေးနာမည်ကိုဖတ်ပြီး ဒီဆေးနဲ့ ဒီရောဂါ သင့်လျော်တယ်၊ မသင့်လျော်ဘူးဆိုပြီး ကုသနေကြတာ။ ထုတ်လုပ်တဲ့ ဆေးဝါး



# ကြည်ဝင်း
(ဟင်္သာတ)

## ဝိဇ္ဇာသုံးပါး ဂါထာတော်

www.burmeseclassic.com

www.burmeseclassic.com

တွေ မရှိရင် လူနာတစ်ယောက်ရဲ့ ရောဂါဝေဒနာကို ကုသပေးနိုင်တဲ့ ဆရာဝန် အရှားသားပဲ။ တို့တိုင်းရင်းဆေးဝါးဆရာတွေ ဆိုတာက ဆေးပင်၊ ဆေးမြစ်၊ သစ်ဥ၊ သစ်ဖုတွေကို ကိုယ့်ဘာသာ ရှာဖွေတူးဖော် စုဆောင်းပြီး ရောဂါဝေဒနာကို ကုသပေးတာကွယ့်။ ဒီဆေးဟာ လူနာတစ်ယောက်ကို ကုသလို့ ပျောက်ပေမယ့် အခြားရောဂါ လူနာတစ်ယောက်ကို ကုသလို့ ပျောက်ချင်မှ ပျောက်တာ။ ရောဂါတွေမှာ အပူနာ၊ အအေးနာ၊ ဝင်္ဂနာ၊ ကံနာဆိုပြီး အမျိုးမျိုးရှိတယ်။ လူနာတစ်ယောက်ကို ကြည့်ရှုစစ်ဆေးပြီးမှသာ ဘယ်လိုဆေးဝါးမျိုးနဲ့ ကုသရမယ်ဆိုလို့ ဆုံးဖြတ်ချက်ချပြီး ကုသပေးရတာ။ တိုင်းရင်းဆေးဆရာတွေကို အထင်မသေးကြနဲ့ကွယ့်။ တော်ရုံဗဟုသုတ တတ်ကျွမ်းမှုနဲ့ ဆေးဆရာ မဖြစ်နိုင်ဘူး။ အတုအယောင်တွေကြောင့် တို့တိုင်းရင်းဆေးဆရာတွေ နာမည်ပျက်နေကြရတာကွယ့်'

အဖေဟာ တောလက်ကျေးရွာများကို အနှံ့အပြား လှည့်လည်သွားလာနေသူ ဖြစ်တဲ့အတွက် သူဝါသနာပါတဲ့ ဆေးဝါးများသာမက ဂါထာ၊ မန္တန်များကိုလည်း ရှာဖွေ စုဆောင်း ဆည်းပူးလေ့ရှိပါတယ်။

အဖေဟာ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၊ တရားဘာဝနာကို အမြဲမပြတ် ပွားများအားထုတ်ပါတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်များ၊ ဂါထာမန္တန်များကို သူကိုယ်တိုင် ရွတ်ဆိုသလို သားသမီးများကိုလည်း ကျက်မှတ်ရွတ်ဆိုစေပါတယ်။

ကျွန်တော်တို့အိမ်မှာ ဆေးရွက်၊ ဆေးမြစ်များကို ဖော်စပ်ရောင်းချရုံမျှမက အိမ်အတွင်းအပြင်မှာ လူတစ်ရပ်ကျော်မြင့်တဲ့ ဆေးဗီရိုကြီးတွေ၊ စင်ကြီးတွေနဲ့ ဆေးဝါးများကို ခင်းကျင်းပြသထားပါတယ်။

ထူးခြားတဲ့ ဂါထာတစ်ခုခု ရလာရင်လည်း ဆေးဗီရိုကြီးများ၊ ဆေးဝါးတင်တဲ့ စင်ကြီးများပေါ်မှာ ထင်ထင်ရှားရှား မြေဖြူနဲ့ရေးထားပြီး ကျွန်တော်တို့ကို ကျက်မှတ်စေပါတယ်။

ဂါထာများကို သင်ကြားပေးတဲ့အခါမှာလည်း ဂါထာများရဲ့ ထူးခြားထက်မြက်တဲ့ တန်ခိုးတော်များ၊ အကျိုးအာနိသင်များနဲ့ အနက်အဓိပ္ပာယ်များ၊ အသံထွက်များ၊ ရွတ်ဆိုပုံနည်းစနစ်များကို ရှင်းလင်းပြောပြ သင်ကြားပေးပါတယ်။

ယခုတင်ပြမယ့် ဝိဇ္ဇာသုံးပါးဂါထာတော်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်သုံးပါးကို အတိုကောက်ရွတ်ဆိုထားတာ ဖြစ်ပါတယ်။

(၁) <u>**ပုဗ္ဗေနိဝါသဉာဏ်တော်**</u>

ရှေးလွန်လေပြီးသော အတိတ်ဘဝအကြောင်းများကို ပြန်လည်သိမြင်နိုင်ခြင်း၊

(၂) <u>**ဒိဗ္ဗစက္ခုဉာဏ်တော်**</u>

နတ်မျက်စိကဲ့သို့ အရာရာကို ထိုးထွင်းသိမြင်တော်မူခြင်း၊

(၃) <u>**အာသဝက္ခယဉာဏ်တော်**</u>

ကိလေသာတို့ အာသဝေါတို့ ကုန်ခန်းငြိမ်းချမ်းခြင်းစတဲ့ ဉာဏ်တော်သုံးပါးရဲ့ အစစာလုံးတွေကိုယူပြီး ပု၊ ဒိ၊ အာလို့ ရွတ်ဆိုရတာ ဖြစ်ပါတယ်။

ဒီဂါထာကို အာစေးပိတ်ဂါထာ (သို့မဟုတ်) နှုတ်ပိတ်ဂါထာလို့လည်း ခေါ်ပါတယ်။ ပု၊ ဒိ၊ အာ ဂါထာကို အမြဲတစေ မရွတ်ဆိုရပါဘူး။ တောလမ်းခရီးသွားတဲ့အခါ ဒါမှမဟုတ် အဆိပ်ရှိတဲ့သတ္တဝါ မြွေ၊ ခွေးရူး စသည်တို့နှင့် ရင်ဆိုင်တွေ့ရတဲ့အခါ အရေးအကြောင်းရှိလို့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ အချေအတင် ရင်ဆိုင်ပြောဆိုရတဲ့ အခါတွေမှာ ရွတ်ဆိုရပါတယ်။

တောတောင်ခရီးများ ဖြတ်သန်းသွားမယ်ဆိုရင် သွားလိုတဲ့ခရီးကို မျက်နှာမူ၊ အသက်အောင့်ပြီး (၇)ခေါက်ရွတ်ဆိုပါ။ မိမိသွားလိုတဲ့ လမ်းခရီးအဆုံးကို ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ရောက်ပြီးတဲ့အခါမှာလည်း နောက်ပြန်လှည့် အသက်အောင့်ပြီး အာ၊ ဒိ၊ ပုလို့ (၇)ခေါက်ရွတ်ရပါမယ်။ အာစေးပိတ်အဖြေဂါထာ ဖြစ်ပါတယ်။

အကယ်၍ အာစေးပိတ်အဖြေဂါထာကို မရွတ်ဆိုမိပါက တောတောင်အတွင်းမှာရှိတဲ့ သားရဲတိရစ္ဆာန်များ အစာရှာဖွေ စားသောက်မရတော့တဲ့အတွက် ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခရောက်စေတတ်ပါတယ်။ ဒါကြောင့် အပိတ်ဂါထာကို ရွတ်ဖတ်ပြီးလျှင် အဖြေဂါထာကို ရွတ်ဖတ်ဖို့ရန် မမေ့စေလိုပါဘူး။

ပု၊ ဒိ၊ အာ ဂါထာကို အားကိုးရွတ်ဆိုသူတို့ဟာ သတ္တဝါတွေရဲ့ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရတယ်။ အချို့သူများကတော့ ရှေ့က ဥုံ··ခံပြီး ဥုံ

www.burmeseclassic.com

ဒီ၊ အာ၊ ဥုံ··အာ၊ ဒီ၊ ပု စသည်ဖြင့် ရွတ်ဆိုပြပါတယ်။

အဖေဟာ နယ်လှည့်ပြီး ကျောင်းတွေကို စစ်ဆေးရတဲ့ ပညာအုပ်ဆိုတာကို ဖော်ပြခဲ့ပြီးပါပြီ။ တစ်နေ့ အဖေ နယ်လှည့်ခရီးထွက်စဉ်မှာ တောလမ်းတစ်နေရာအရောက် တောကြီးမြွေဟောက်ကြီး တစ်ကောင်နဲ့ ရင်ဆိုင်တွေ့ပါလေရော။ တောကြီးမြွေဟောက်ရဲ့ကိုယ်လုံးဟာ လူကြီးပေါင်လုံးခန့်ရှိပြီး အရှည်ဆယ်လံလောက် ရှိပါတယ်။

တောကြီးမြွေဟောက်ဟာ အဖေနဲ့ မျက်နှာချင်းဆိုင်ပြီး လူတစ်ရပ်ကျော်ခန့် ပါးပျဉ်းကြီးထောင် တားဆီးနေပါတယ်။ အဖေက အသက်အောင့်၊ တောကြီးမြွေဟောက်ကြီးကို သေသေချာချာစိုက်ကြည့်ပြီး ပု၊ ဒီ၊ အာ (၇) ခေါက်ရွတ်ဆိုလိုက်ပါတယ်။ မြွေကြီးအပေါ်မှာလည်း မေတ္တာပွားများလိုက်ပါတယ်။ အဲဒီအခါမှာ မြွေကြီးဟာ တဖြည်းဖြည်းချင်း ပါးပျဉ်းကိုချပြီး တောထဲကို နောက်ပြန်လှည့်ပြန်ဝင်သွားပါတယ်။

အဖေဟာ ခရီးဆက်လာခဲ့ပါတယ်။ တော်တော်ကလေး သွားမိတဲ့အခါမှာ လမ်းခွဆုံတစ်ခုကို ရောက်လာပါတယ်။ သူ တစ်ခါမှ မသွားဘူးတဲ့လမ်း ဖြစ်တဲ့အတွက် ဘယ်လမ်းက သွားရမယ်ဆိုတာ အဖေ့စိတ်ထဲမှာ ဒွိဟဖြစ်နေပါတယ်။

မထူးဘူးဆိုပြီးတော့ လမ်းတစ်လမ်းကို ရွေးပြီး



လျှောက်လာခဲ့တဲ့အခါမှာတော့ စောစောက တွေ့ခဲ့တဲ့ တောကြီးမြွေဟောက်ကြီး ပါးပျဉ်းထောင် မားမားကြီးရပ်နေတာကို တွေ့လိုက်ရပါတယ်။

အဖေဟာ မြွေဟောက်ကြီးကို တွေ့နေပေမယ့် ကြောက်စိတ်လုံးဝမရှိပါဘူး။ မေတ္တာသာလျှင် ပွားများနေလိုက်ပါတယ်။ သူ့စိတ်ထဲမှာ ဒီမြွေဟောက်ကြီးကို တွေ့ရတာဟာ တစ်ခုခုထူးခြားမှုရှိလို့သာဖြစ်မယ်လို့ တွေးထင်လိုက်မိပါတယ်။

ဒါကြောင့် မြွေဟောက်ကြီး တားဆီးနေတဲ့လမ်းက မသွားတော့ဘဲ အခြားလမ်းကနေ ပြောင်းပြီးသွားခဲ့ပါတယ်။ အဖေသွားလိုတဲ့ရွာ အရောက်မှာ အမောအပန်းဖြေ၊ ထမင်းစား၊ ကျောင်းစစ်ဆေးရေးကိစ္စတွေ ပြုလုပ်နေစဉ်မှာ သတင်းတစ်ခုကို ကြားသိရပါတယ်။ တောကြီးမြွေဟောက်ကြီး တားဆီးနေတဲ့လမ်းက လာမိတဲ့လူအချို့ကို လမ်းက လူဆိုး၊ ဓားပြများ စောင့်ပြီး ဓားပြတိုက်၊ လူသတ်၊ ပစ္စည်းတွေ လုယူသွားတဲ့ သတင်းပါပဲ။

အဖေ အခြားလမ်းက လာခဲ့မိတာ ကံအလွန်ကောင်းကြောင်း ရွာသားများက တအံ့တဩ ပြောဆိုနေကြပါတယ်။

ဘုရားရှင်တော်မြတ်ကြီးရဲ့ ဂုဏ်တော်တွေ ရွတ်ဆိုထုံမွမ်းထားခြင်း၊ မေတ္တာဘာဝနာပွားများ အားထုတ်ထားခြင်းတို့ဟာ အလွန်အင်မတန်မှ အကျိုးကျေးဇူးကြီးမားလှပါတယ်။ အဆိပ်ရှိတဲ့ တောကြီးမြွေဟောက်လို သတ္တဝါများသော်မှ ရန်မမူဘဲ ကူညီဆောင်မ,တတ်ကြောင်း အဖေ့အတွေ့အကြုံက သက်သေပြနေပါတယ်။

ကျွန်တော်ဟာ အဖေပြန်လည်ပြောပြခဲ့တဲ့ သူ့ကိုယ်တွေ့ဖြစ်ရပ်ကို ကြားသိပြီးတဲ့နေ့ကစပြီး ပု၊ ဒီ၊ အာ ဂါထာကို ယုံကြည်စွာ ရွတ်ဆိုခဲ့ပါတယ်။ အဖေမှာကြားထားခဲ့တဲ့အတိုင်း မြွေ၊ ကင်း စတဲ့အဆိပ်ရှိသတ္တဝါများကို သတ်ဖြတ်ခြင်း မပြုစုပါဘူး။ မြွေသားကို မစားပါဘူး။ ယုတ်စွအဆုံး မြွေနဲ့တူတဲ့ အကောင်ရှည်သတ္တဝါတွေ၊ ပဲလှင်းမြွေသီး စတာတွေကို မစားပါဘူး။

စာရှုသူတို့လည်း ကျွန်တော့်အဖေရဲ့ဖြစ်ရပ်ကို ဖတ်မိပြီး ပု၊ ဒီ၊ အာ ဂုဏ်တော်ကို လေးနက်ယုံကြည်စွာ ရွတ်ဆိုကြရန် တင်ပြအပ်ပါတယ်။

ကြည်ဝင်း(ဟသ်ာတ)

www.burmeseclassic.com

www.burmeseclassic.com



# မင်းခယောက်ျား ဝင်းဆောင် (ရမည်းသင်း)

'ဒေါ်လေး··ဒါတော့ လွန်ပြီဗျာ'

'မလွန်ပါဘူး ကောင်လေး ရယ်။ တောင်ပြုံးပွဲ လာမယ် ဆိုကတည်းက နှင့်အမေ ငါ့အစ်မကို မမရေ··ကျွန်မတို့ တူဝရီး တောင်ပြုံးပွဲတော်ကနေ သခင်မတောင်ကို ဆက်သွားမယ်။ အဲဒီကတစ်ဆင့် မန္တလေးစောင်တော် ဘိုးဘိုးကို ဝတ်လဲတော်ဘန်ကောက်မှုဆိုးနဲ့ ပဝါတစ်ပိုင်း ဆက်ဖို့သွားမယ်။ ပြီးရင် မန္တလေးက မမလေးတို့အိမ်မှာ သုံး,လေးရက်လောက် ဝင်နားပြီး ဘုရားစုံဖူးကြမယ်။ ဘုရားတွေ ဖူးပြီးရင် အမရပူရက မယ်တော်ပွဲ ဆက်မယ်။ အဲဒီကပြီးမှ ရမည်းသင်း ပြန်ခဲ့မယ်လို့ ပြောခဲ့တယ်'

အဒေါ်ဖြစ်သူ ဒေါ်လေး မသန်းတင်၏ ပြောစကား အရ သွားရမယ့် နေရာတွေက များလှပြီး အိမ်ပြန်ဖို့ တစ်ပတ်၊ ဆယ်ရက်ဆိုတာလို ကြာဦးမယ်ဆိုတာ တွက်မိတဲ့ ကျွန်တော်က ဒါတော့ လွန်ပြီဗျာ။ အဖေဆူလိမ့်မယ် ဟု ပြောလိုက်ရာ ဒေါ်လေးက အမေ့ကို ပြောခဲ့ပြီးသားဟု ပြောလိုက်သည်။

'နှင့်အဖေ ငါ့ခဲအို အစ်ကိုအေးက နှင့်အမေ ငါ့အ ပြီးရင် ပြီးပါတယ်။ ဘာပြဿနာမှ မဖြစ်စေရဘူး ဒေါ်လေး အာမခံပါတယ် ကောင်လေးရယ်။ ယော ဒေါ်လေး အိတ်ထဲမှာ ငွေတွေ ဘယ်လောက်ရှိလဲဆို မင်း သိသားပဲ။ သွားရင်းလာရင်း မင်း ဝယ်ချင်တာ လည်းဝယ်၊ စားချင်တာလည်း ဝယ်စားပေါ့။ ဒီနှ ဒေါ်လေးအတွက် သိပ်အရေးကြီးတယ်ကွယ့်။ ဒါကြေ စော်ဘင်ပြုံးမင်းနှစ်ပါးနဲ့ ပုပ္ပားမယ်တော်အပါအဝင် အ တော်တွေ အားလုံးကို မချက်မကွက် ကန်တော့ ကောင်လေး။ ဒါကြောင့် ဒေါ်လေး ဆန္ဒပြည့် အောင် ကူညီပါကွယ်'

'ကျွန်တော် သိချင်တာလေး မေးစမ်းပါရစေ လေး'

'အေး··မေးပေါ့၊ ဒေါ်လေးလည်း မင်းကို

www.burmeseclassic.com



ရောတွေ ရှိတယ်'

'ဒေါ်လေးနဲ့ ကျွန်တော်တို့ တောင်ပြုံးမှာ ဝင်ပူဇော်ခဲ့၊ ကန်တော့ခဲ့တဲ့ နတ်နန်းတွေဆိုတာ မင်းကြီး မင်းလေး မင်းနှစ်ပါး အပါအဝင် ဆယ်နန်းလောက်ရှိမယ် ထင်တယ်။ ဟော·· သခင်မတောင်တော်ပေါ်မှာလည်း မမဥနန်း အပါအဝင် နှစ်နေရာ၊ ပြီး မန္တလေးတောင်က ဘိုးဘိုး။ မကြာခင် အမရပူရကိုကူးပြီး ပုပ္ပားမယ်တော်ပွဲလည်း ဆက်ဦးမှာဆိုတော့ ဒီလောက်ပူဇော်ရမယ့် ပုဂ္ဂိုလ်တွေ ဒေါ်လေးမှာ များနေတာ ဘာကြောင့်လဲဗျာ'

'ဟဲ့··ဟဲ့··ကောင်လေး၊ မဦးမချွတ် မပြောနဲ့။ မင်းသိချင်တာ ငါပြောပြမယ်'

ဒေါ်လေး မသန်းတင်သည် သူ့ အလွှန်ယုံကြည်ကိုးကွယ်ခဲ့ရသည့် နတ်မင်းများ၊ ပုဂ္ဂိုလ်များအကြောင်း မဦးမချွတ် ကျွန်တော်ပြောလိုက်မည်စိုး၍ အရင်ဟန့်တားလိုက်သည်။

'မင်းတို့မှာ အလွှန်အလေးထား ချစ်ခင်ရတဲ့ အဘွား (၄)ဦးရှိတာ သိတယ်မဟုတ်လား။ ကြီးစဉ်ငယ်လိုက်ပြောရရင် အဘွား ဒေါ်ရွှေတုတ်၊ အဘွား ဒေါ်ငွေသောင်း၊ အဘွား ဒေါ်ငွေအောင်၊ အဘွား ဒေါ်ရွှေဖောင်။ အဲဒီ အဘွား လေးဦးဟာ ညီမအရင်းတွေ ဖြစ်တယ်။ အကြီးဆုံး အစ်မဖြစ်တဲ့ အဘွား ဒေါ်ရွှေတုတ်နဲ့ အဘိုး ဦးချစ်ရတို့က မအေးခင်၊ မအေးရင်၊ ကိုအုန်း၊ ကိုမြခင်၊ မသန်းတင်ဆိုတဲ့ သားသမီး(၅)ယောက် မွေးတယ်။ တို့အမေမွေးချင်းထဲမှာ မမ မအေးခင် မင်းအမေက အကြီးဆုံး၊ မသန်းတင်ဆိုတဲ့ ဒေါ်လေးက အငယ်ဆုံး။ ငါတို့ ဘိုးဘွား

www.burmeseclassic.com

မိဘတွေက ဘယ်လိုမှာခဲ့သလဲဆို မိသားစုတစ်စုရဲ့ အငယ်ဆုံး သားသမီးတွေက မိဘဘိုးဘွားများ သက်ဝင်ယုံကြည်ခဲ့တဲ့ ပုပ္ပားမယ်တော်နဲ့ မင်းကြီး မင်းလေး မင်းနှစ်ပါး၊ မိဆိုင်ဖဆိုင် နတ်များဖြစ်တဲ့ အိမ်တွင်း မင်းမဟာဂီရိ၊ ရှင်ဖြူ ရှင်လှ နတ်မောင်နှမများ၊ မြင်းဖြူရှင်နတ်၊ ပခန်း ကိုကြီးကျော်နတ်များကို ရိုးရာအစဉ်အလာမပျက် ပူဇော်ပ,သကြရမယ်လို့ လက်ဆင့်ကမ်းမှာခဲ့ကြတယ်ကွယ့်'

'ဘယ်သူက မှာခဲ့တာလဲ။ ဘယ်နေရာမှာလဲ။ ဘယ်တုန်းကလဲ။ သက်သေအထောက်အထားရှိလား ဒေါ်လေး'

'တယ်··ဒီကောင်လေး၊ မဦးမချွတ်တွေ မေးပြီ။ ငါလည်း မင်းအဘွား ငါ့အစ်မပြောခဲ့၊ မှာခဲ့သလောက်ပဲ သိတာ။ မယုံရင် မင်းအမေ ငါ့အစ်မကို မေးကြည့်'

'အမေလည်း တောင်ပြုံးပွဲကို နှစ်စဉ်သွားတာ ကျွန်တော် သိပါတယ်။ ကျွန်တော်လည်း အမေတို့ ဈေးအဖွဲ့နဲ့ အတူ အမြဲပါတာပါ။ ဒေါ်လေးလိုတော့ ခြေမရှည်ပါဘူး။ ခုတော့ ဒေါ်လေးက ခရီးကြော ရှည်လှတယ်ဗျာ'

'ဟဲ့·· ကောင်လေး၊ တစ်မိပေါက်ထဲမှာ ငါက အငယ်ဆုံးသမီး။ မိသားစုတစ်စုလုံးအတွက် ငါက တာဝန်ယူပြီး ပူဇော်ပ,သရမယ့်တာဝန် ငါ့မှာရှိတယ်။ အဲဒါကြောင့် တာဝန်ကျေအောင် ငါက လုပ်နေရတာ။ မင်းလည်း မင်းအလှည့်ရောက်ရင် သိလိမ့်မယ်'

'ကျွန်တော်က ဘာကြောင့် ကျွန်တော့်အလှည့်ရောက်ရင် သိရမှာလဲ ဒေါ်လေးရာ။ ကျွန်တော့်ဆွဲမထည့်ပါနဲ့။ ကျွန်တော် အသက်ပြည့်တာနဲ့ တပ်ထဲဝင်မှာ။ ပြည်တွင်းရန်ရော ပြည်ပရန်ပါ တိုက်ခိုက်နှိမ်နင်းဖို့ ကျွန်တော်တို့ လူငယ်တွေမှာ တာဝန်ရှိတယ်။ နတ်ကရာ ကြည့်မောပြီး နေချိန်မရပါဘူး ဒေါ်လေးရာ'

(အဲဒီအချိန်က လွတ်လပ်ရေးရပြီးစအချိန် ပြည်ပရန်တရုတ်ဖြူနဲ့ ပြည်တွင်းရန်များ ရှိနေချိန် ဖြစ်ပါသည်။)

'ဒီမှာ ကောင်လေး၊ ရှေးထုံးမပယ်နဲ့ ဆိုတဲ့စကားမင်း ကြားဖူးသားပဲ။ ရှေးထုံးပယ်ကြလို့ ဒုက္ခပင်လယ်ဝေကြတဲ့သူတွေ ဒီလောကထဲမှာ အများကြီးပဲကွယ့်။ ရှေးထုံး မပယ်နဲ့ ငါ့တူ။ မင်းအမေ၊ ငါ့အစ်မ မအေးခင်နဲ့ အစ်ကိုအေးတို့ ပွားစည်းခဲ့တဲ့ မွေးချင်း မသန်းကြင်မသန်းညွန့်၊ မခင်စန်း၊ ကိုဝင်းမောင်၊ ကိုဝင်းသောင်ဆိုတဲ့ တစ်အူထုံ့ဆင်း မွေးချင်းများထဲမှာ မင်းက အငယ်ဆုံးဆိုတော့ တစ်မိသားစုလုံး တာဝန်ကို မင်းလည်း ငါယူခဲ့ရသလို မင်း အလှည့်ကျ မှင်း ယူရလိမ့်မယ်'

'မဆိုင်တဲ့အပေါက် ကာလိုင်နဲ့ မခေါက်စမ်းပါနဲ့ ဒေါ်လေးရာ။ ဒေါ်လေးလည်း ဒေါ်လေးဆန္ဒအတိုင်း၊ ယုံကြည်ချက်အတိုင်း ကြိုက်တာလုပ်။ ကျွန်တော်လည်း ကျွန်တော့်ဆန္ဒအတိုင်း လုပ်သွားမှာပါ။ ကဲ··ကဲ့··ထမင်းစားပြီး ဗိုက်လေးတာနဲ့ သခင်မတောင်ပေါ် မမဉနန်းမှာ တစ်ထောက်နားကြတာ အတော်တောင်အချိန်လင့်သွားပြီ ဒေါ်လေး။ မန္တလေးတောင် ဘိုးဘိုးကို ကန်တော့ဖို့ ခရီးဆက်စို့ ဒေါ်လေး'

'အေး··ဒေါ်လေး ဟောဒီ သရဖီပန်းကုံးလေးတွေ မမဉကို ဆက်ပြီး ကန်တော့လိုက်ဦးမယ် ကောင်လေး'

ဒေါ်လေး မသန်းတင်သည် မမဉရဲ့ နန်းရှေ့တွင် ပြားပြားဝပ် ထိုင်ကန်တော့လိုက်ပြီး လက်အုပ်ချီကာ သူ့လက်အုပ်နဲ့ သူ့နဖူး တဆတ်ဆတ်ရိုက်၍ တစ်ကိုယ်လုံး တသိမ့်သိမ့် တုန်လှုပ်လာပြီးနောက် နှုတ်ကလည်း အသံထွက်လာသည်။

ကျွန်တော် ဂရုစိုက် နားထောင်ကြည့်တော့–

'မမဉရှင့်၊ ညီမဟာ မမဉကို အလွန်ချစ်ခင်အားကိုးသူမို့ ညီမရဲ့ဦးထိပ်မှာ မမဉကို အမြဲထားပြီး လေးစားချစ်ခင်ခဲ့ပါတယ်။ တောင်ပြုံးဘုရားပွဲတော်နဲ့ နတ်သဘင်ပွဲ ကျင်းပတဲ့ကာလတိုင်း တစ်နှစ်မပျက် မမဉထံ အမြဲ အခစားဝင်ခဲ့ပါတယ်။ အဲသလို အခစားဝင်တိုင်း ဝတ်လဲတော်၊ ပဝါတစ်ပိုင်းနဲ့ မမဉ အလွန်မြတ်နိုးတဲ့ သရဖီပန်းတွေကို ညီမကိုယ်တိုင် သီကုံးပြီး ဆက်သခဲ့ပါတယ်။ ဒါပေမဲ့ နောက်နှစ်အတော်အတန်ကြာတဲ့အထိ မမဉ ရွှေတော်မှောက်ကို ညီမ အခစားဝင်ရန် အခက်အခဲရှိနေတာကြောင့် မရောက်နိုင်ပါ။ အကြောင်းမှာ ဝမ်းရေးအတွက် တစ်နယ်မပြောင်း သူကောင်းမဖြစ် ဆိုသလို ကျိုင်းတုံ တာချီလိတ် နယ်စပ်ဝေးရပ် ဒေသမြို့များသို့ပြောင်းကာ စီးပွားရှာရမည်ဖြစ်ပါ၍ နှစ်စဉ် ရောက်ဖြစ်မြဲ မမဉရွှေတော်မှောက် ခစားဝင်ရန် ပျက်ကွက်ရခြင်းအတွက် ခွင့်လွှတ်စေကြောင်း တောင်းပန်ပါတယ်ရှင့်။ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ညီမရဲ့စိတ်က အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com

မောင်နဲ့ အတူရှိနေပါတယ်ရှင့်။ ကျိုင်းတုံ၊ တာချီလိတ်မှာ ရှိနေမယ့် ညီမလေးကို အမြဲလာရောက်စောင့်ရှောက်ပေး ပါရှင့်။ ကောင်လေး..လာ..လာ..သွားကြစို့'

'ဒီမှာ ဒေါ်လေး၊ ခင်ဗျားတော့ ပြဿနာကို မီးခွက် ထွန်းရှာခဲ့ပြီ'

'ဟယ်..ဒီကောင်လေး၊ မဟုတ်တာတွေ ပြောတော့ မယ်။ မင်းပါးစပ် ပိတ်ထား'

'ကောင်းပြီ၊ ဒေါ်လေးက ပါးစပ်ပိတ်ထားဆိုတော့ လည်း ပိတ်ထားပါ့မယ်။ နောက်တော့သာ ကျွန်တော့်ကို အပြစ်မတင်နဲ့'

'ဒီကောင်လေးတော့ ငါ့ကို စိတ်စနိုးစနောင့်ဖြစ် အောင် လုပ်ပြီ။ ကဲ..ဘာလဲ၊ ငါက ဘာပြဿနာရှာခဲ့လို့ လဲ။ ပြော'

'ထိမ်ခုတ်ပွဲ ကျင်းပတဲ့နေ့က စောစောပိုင်းမှာ ကျွန် တော်နဲ့ ဒေါ်လေး မင်းနှစ်ပါးနန်းဝင်ပြီး ဆက်စရာရှိတဲ့ ဝတ်လဲတော်တွေနဲ့ ပဝါတွေ ဆက်ပြီးတော့ ဒေါ်လေးက မင်းနှစ်ပါးကို ပြောတဲ့စကားတွေ ကျွန်တော်မှတ်မိတယ်။ အဲဒါက ပြဿနာပဲ ဒေါ်လေး'

'ငါ့စကားထဲမှာ ပြဿနာဖြစ်စရာ စကားတစ်လုံး တစ်ပါဒမှ မပါပါဘူး ကောင်လေးရယ်။ နင်ကလည်း တကတည်း မလန့်သာ မထိတ်သာအောင် ငါ့ကိုပြောပြီ။ ငါက ဘာများပြောမိလို့လဲ'

'မင်းနှစ်ပါးကို ချစ်ကြောက်ရိုသေတဲ့ ညီမလေးနဲ့ အစ်ကိုတော်တို့ မလွဲမရှောင်သာ ခွဲခွာနေရမယ့်အကြောင်း ပေါ်လာပါတယ်။ အကြောင်းကတော့ ညီမလေးရဲ့မိသားစု စီးပွားရေးအတွက် တစ်နယ်တစ်ကျေးဖြစ်တဲ့ ဝေးလံခေါင် ဖျားတဲ့ နယ်စပ်ဒေသ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့စကားတိုင်း ပြောင်းရွှေ့နေထိုင် စီးပွားရှာရပါတော့မယ်ရှင့်။ ပြောင်း ရွှေ့ရမယ့် အရပ်ဒေသက အလွန်ဝေးလံလှတာကြောင့် နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ အစ်ကိုတော်တို့ပျော်တဲ့ တောင် ပြုံးပွဲတော်ကို နှစ်စဉ်မပျက်မကွက် နွှဲပျော်ခဲ့တဲ့ညီမ မလွဲ ရှောင်သာ ပျက်ကွက်ရပါတော့မယ်။ အစ်ကိုတော် မင်း နှစ်ပါးက ညီမလေးကို ချစ်ခင်သနားတဲ့စိတ်ထားနဲ့ ခွင့် လွှတ်တော်မူပါရှင့်။ မြန်မာပြည်တစ်နံတစ်လျား တန်ခိုး ထွားတဲ့ မင်းနှစ်ပါးမို့ မလာချင် ခရီးဝေးသော်လည်း လာချင်လျှင် ခရီးက နီးပါသောကြောင့် ချစ်ညီမ ပြောင်း ရာအရပ်သို့ မကြာခဏ လှမ်းကြွခဲ့ပါရှင့်လို့ ဒေါ်လေး လက်အုပ်ချီ တတွတ်တွတ် ရွတ်ခဲ့တယ်လေ'

'အေး..အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ။ တောင်တော်သခင်မ မမဥနန်းမှာ လည်း ဒေါ်လေးက သခင်မမဥကို ဒေါ်လေးပြောင်းရွှေ့ နေထိုင်မယ့် ကျိုင်းတုံနဲ့ တာချီလိတ်ကို အခါအားလျော် စွာ ကြွလာပြီး ဒေါ်လေးကို စောင့်ရှောက်ပါလို့ ဝတ်လဲ တော်၊ ပိုးပဝါတစ်ပိုင်းနဲ့ သရဖီပန်းကုံးတွေ ဆက်ပြီး တောင်းဆိုခဲ့တယ်'

'အေး..အဲဒါ ဘာဖြစ်လဲလို့'

'တို့ဒေါ်လေးကတော့ အသိခေါက်ခက်နဲ့ အဝင်နက် ဆိုတာလို ဖြစ်နေပြန်ပြီ။ ဒေါ်လေးရဲ့ တောင်းပန်တိုးလျှိုး လျှောက်ထားချက်ကြောင့် မင်းနှစ်ပါးကလည်း မြန်းခံနဲ့ ဒိုင်းခံနဲ့ ဒေါ်လေးအိမ်ရှိတဲ့ ကျိုင်းတုံ၊ တာချီလိတ်ကို ရောက်လာမယ်။ တောင်တော်သခင် မမဥကလည်း တစ် ချိန်တည်း တစ်ပြိုင်တည်း ရောက်လာမယ်ဆို ဘယ်လို လုပ်မလဲ။ သူတို့တွေက ရန်ဘက်တွေနော် ဒေါ်လေး။ ဒါကြောင့် ကျွန်တော်က ပြဿနာကို မီးခွက်ထွန်း မရှာနဲ့ လို့ သတိပေးတာဗျ'

(မင်းလေးက သူ့အချစ်ကို ငြင်းပယ်ခဲ့သော မရွှေဥ ကို စီးတော်ကျားနဲ့ တိုက်ခဲ့ဖူးသည်။)

'ငါလည်း မသိတော့ဘူး၊ ခေါင်းကိုက်တယ်။ လာ.. ကောင်လေး၊ မန္တလေးတောင်တော်ဘိုးဘိုးဆီ သွားစို့'

ကျွန်တော် ဒေါ်လေး မသန်းတင်ကို ဘာမှစောဒက မတက်တော့ဘဲ သူ့နောက်ကလိုက်ကာ မန္တလေးတောင် တော်သို့ ခရီးဆက်ခဲ့သည်။ ဒေါ်လေးကို ပြဿနာ မီး ခွက်ထွန်း မရှာနဲ့လို့ သတိပေးရခြင်းမှာ မနှစ်က တောင် ပြုံးပွဲကို ဈေးအဖွဲ့နဲ့လာစဉ် ဒီနေ့လို ထိမ်ခုတ်ပွဲ ကျင်းပ တဲ့နေ့မှာပဲ ကျွန်တော်တို့အဖွဲ့ ထိမ်ခုတ်ပွဲကျင်းပတဲ့နေရာ ကို ရောက်ဖြစ်ကြပါတယ်။ အဲဒီနေရာကို ရောက်ဖြစ်တဲ့ အကြောင်းက အသင့်ပြင်ထားတဲ့ ထိမ်ပင်ကို အများနည်း တူ ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်၊ သမမယ်ဆိုတဲ့ အတွေးနဲ့ ရောက်ဖြစ်ခဲ့တာပါ။ ဘိုးတော်အနော်ရထာမင်း အတွက် မဖြစ်မနေ ထိမ်ပင်စောင့်နတ်ကို ကလဲ့စားချေဖို့ မင်းနှစ်ပါးကိုချစ်တဲ့ ကျွန်တော်တို့တစ်တွေမှာ တာဝန်ရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်မဟုတ်လား။ အဲသလိုရောက်စဉ်က ထိမ်ခုတ်ပွဲသွား တဲ့လမ်းမှာ ထည်ထည်ဝါဝါရှိတဲ့ နတ်နန်းတစ်ဆောင်ဟာ တင်းထိမ်ကန့်လန့်ကာတွေ ပိတ်ကာထားတာ တွေ့ရ တယ်။

ပွဲတော်လာသူ လူအများ စိတ်ဓာတ်တက်တက်ကြွ ကြွနဲ့ ထိမ်ခုတ်ပွဲနဲ့ဖို့ပြင်ချိန် အခြားနတ်နန်းတွေ ဖွင့်ထား ပါလျက် ဒီနတ်နန်းက ဘာကြောင့်များ တင်းထိမ်ကန့်လန့် ကာတွေ ပိတ်ဆို့ကာဆီးထားပါလိမ့်လို့ တွေးမိတာနဲ့ မြို့ ကအတူလာတဲ့ ကန္တားစီးညွန့်ညွန့်ကို ကျွန်တော် အကျိုး အကြောင်း မေးဖြစ်ပါတယ်။

'ဟိုမှာကြည့်စမ်းပါဦး ညွန့်ညွန့်ရာ။ အများသူငါက ထိမ်ပင်ကို ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဟဲ့လို့ တက်ကြွစွာ လှုပ်ရှားနေချိန် ဟိုနန်းက ဘာကြောင့်ပိတ် ထားရတာလဲဟင်'

'ဟယ်··ဒီကောင်လေး တစ်လမ်းလုံး ငါ့ကို စကား မပြော မပြောနဲ့ အကဲခတ်လာတာ၊ ပြောမယ့်ပြောတော့ ပြဿနာပါလား ကောင်လေးရယ်။ ကဲ··ကဲ··လူတွေထဲ စွပ်တိုးမနေနဲ့။ လူနည်းနည်းရှင်းတဲ့ နေရာသွားပြီး ပြော ပြမယ်။ လာ'

ကန္တားစီးညွန့်ညွန့်သည် ကျွန်တော့်လက်ကိုဆွဲကာ လူရှင်းသောနေရာသို့ ခေါ်သွားပြီး နတ်နန်းတစ်ဆောင် ပိတ်ထားတဲ့အကြောင်း ပြောပြသည်။ ငိုရမလား၊ ရယ်ရ မလား ကျွန်တော် မဝေခွဲတတ်ပါ။ (နတ်ကတော်အသိုင်း အဝိုင်းတွင် ကိုသောင်းညွန့်သည် ကန္တားစီးညွန့်ညွန့်ဟု ထင်ရှားပါသည်။)

'တကယ်တော့ ကောင်လေးရယ်၊ ဒီအကြောင်း ပြော ရမှာ ညွန့်ညွန့် ရင်နာတယ်။ ဒါပေမဲ့ ညွန့်ညွန့်မောင်လေး က မေးလွန်းလို့သာ ပြောပြရမှာ။ ဒီအကြောင်းတွေ ပြော ရရင် ရင်နာလွန်းလို့ မပြောချင်ဘူး။ ဒီလိုကွယ့် ကောင် လေးရဲ့။ ပိတ်ထားတဲ့နန်းဟာ မမဥရဲ့ နန်းကွယ့်။ ဒီနေ့ ထိမ်ခုတ်ပွဲနဲ့ဖို့ ဒီလမ်းက မင်းနှစ်ပါး ကြွလာကြမှာလေ။ ထိမ်ခုတ်ပွဲဆိုတာ မင်းနှစ်ပါးရဲ့ဘိုးတော် အနော်ရထာမင်း ကံနိမ့်ပါးချိန် ပုဂံမင်းနေပြည်တော် သာရပါတံခါးမှ မြို့ ပြင်အထွက် ထိမ်ပင်ကိုစောင့်တဲ့ ထိမ်ပင်စောင့်နတ်က ကျွဲယောင်ဆောင် အလစ်အငိုက်တိုက်ခိုက်လို့ မင်းနှစ်ပါးရဲ့ ဘိုးတော် အနော်ရထာမင်း နတ်ရွာစံရတယ်လို့ သမိုင်း

အထောက်အထား ရှိထယ်မဟုတ်လား။ အဲဒါကြောင့် မင်းနှစ်ပါးက ထိမ်ပင်စောင့်နတ်ကို မကျေနပ်ကြဘူး။ မုန်းတယ်လေ။ မင်းနှစ်ပါးက မုန်းတော့ မင်းနှစ်ပါးကို ချစ်ခင်မြတ်နိုးကြသူတွေကလည်း မုန်းကြတာပေါ့။ ဒါ ကြောင့် တောင်ပြုံးပွဲတော် ကျင်းပတိုင်း ထိမ်ပင်တွေ အသင့်ပြင်ဆင်ထားပြီး ထိမ်ခုတ်ပွဲရယ်လို့ ရက်တစ်ရက် သတ်မှတ်ကာ ကျင်းပခဲ့တာ ဒီနေ့ထိပဲ။ အဲဒီပွဲတော်ကို မင်းနှစ်ပါးက ဦးစီးကျင်းပတဲ့ပွဲမို့ မင်းနှစ်ပါးက မပျက် မကွက် တက်ရောက်လေ့ရှိတယ်။ ပွဲတက်ဖို့ဆို မင်း နှစ်ပါးက ဒီလမ်းက မလာမဖြစ် လာဖြစ်အောင်ကို လာ ရမှာမဟုတ်လား။ မင်းနှစ်ပါး ကြွလာတဲ့အခါ မမဥက သူ့နတ်နန်း ဖွင့်ထားမယ်ဆို မင်းနှစ်ပါးကို မတွေ့လို မြင်လျက်သားဆိုတာလို ဖြစ်နေတာကြောင့် စောစော တည်းက မမဥဟာ သူ့နန်းကို ကြိုပိတ်ထားတာပဲ'

အဲဒီလို ကန္တားစီးညွန့်ညွန့်ရဲ့စကား ကြားဖူးထားတာ ကြောင့် မင်းနှစ်ပါးနဲ့ အထူးသဖြင့် ရွှေဖျဉ်းလေးလို့ အမည် ရတဲ့ မင်းလေးနဲ့ မမဥတို့ဟာ ကျောင်းတော်ကရန်စ ရှိခဲ့ ဖူးတာ သိထားတာကြောင့် ဒေါ်လေးမသံန်းတင်ကို ပြဿ နာ မီးခွက်ထွန်းမရှာပါနဲ့လို့ ကျွန်တော်သတိပေးခဲ့တာပါ။ (ရှေးက ဓာတ်အချို့တွင် မရွှေဥ ကျားချီတဲ့ဓာတ် ကပြခဲ့ ကြသဖြင့် အများအားဖြင့် ကြည့်ဖူးကြမည် ထင်ပါသည်)

ဘိုးတော်အနော်ရထာရဲ့မြေး တောင်ပြုံးမင်းညီနောင် ဆိုတာ သာမင်ညောင်ညမဟုတ် အနော်ရထာမင်းကြီး ကိုယ်တော်တိုင်က အပိုင်စားဖို့ ရွာပေါင်း(၂၄)ရွာ ပေး သနားခြင်းခံရတဲ့ နတ်မင်းသားတွေ။ ပြီးတော့ ဒီမင်းနှစ် ပါးကို ပူဇော်ပ,သရာမှာ သာမန်နတ်များကို ပူဇော်ပ,သ သကဲ့သို့မဟုတ်ဘဲ အချီတော်၊ အချေတော်ကအစ ရွှေ ထီးတော်မိုးအဆုံး နောက်လိုက်အဖွဲ့ပေါင်း (၃၇)ဖွဲ့နဲ့ ပူ ဇော်ရတယ်။ မင်းနှစ်ပါးရဲ့ အဓိကကျတဲ့ သိုးဆောင် မိဖုရားကြီး(၄)ပါးမှာတော့ ထိပ်ဆုံးက ပါရတာပေါ့။ (အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းနတ်တွေရဲ့ နန်းတွေပါ) တောင်ပြုံးမှာ လာဖွင့်ရတဲ့ နတ်သဘင်ပွဲတော်ကြီးပါ။

မင်းလေးနဲ့ မမဥတို့အကြောင်း ပြောရမှာ ရင်နာ တယ်လို့ အကြောင်းပြပြီး ချန်လှပ်ထားလို့လည်း မဖြစ် ဘူး။ နည်းနည်းတော့ ပြောပြထားမှ ဂိုပ်ပတ်လည်မှာ ပြောပြပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

'ဘိုးတော်မင်းမြတ် အနော်ရထာမင်းနဲ့ ပုဂံစစ်တပ်ကြီးဟာ တရုတ်ပြည်ကအပြန် တောင်ပြုံးရွာအနီးမှာ တပ်ချရပ်နားကြပါတယ်။ တောင်ပြုံးရွာပတ်ဝန်းကျင်က စစ်သည်တော်များအတွက် စားရေရိက္ခာပေါသလို ဆင်စာ၊ မြင်းစာတွေလည်း ပေါတာကြောင့် အနော်ရထာမင်းမြတ်က စစ်သည်တော်များနဲ့ စစ်ဆင်၊ စစ်မြင်းများကို အနားပေးချင်တာကြောင့် ဒီနေရာကို ရွေးချယ်ပြီး တပ်ချရပ်နားတာပါ'

'အဲဒီအချိန်မှာ မင်းမြတ်အနော်ရထာဟာ နယ်ပယ်စည်းရုံးရေးအသွင်ဆောင်တဲ့ကိစ္စ ဘာလုပ်ရင် ကောင်းမလဲ တွေးကြည့်တော့ ဘုရားသစ်တည်ဖို့ စိတ်ကူးရတယ်။ ဒါကြောင့် ဒေသခံရွာသူရွာသားများအပါအဝင် တပ်ချရပ်နားထားသော ပုဂံစစ်သည် တစ်အိုးစား၊ နှစ်အိုးစား အကြပ်၊ ဗိုလ်၊ အကြီးအမှူးအားလုံး လူတစ်ဦးလျှင် အုတ်တစ်ချပ် သဲတစ်ဆုပ် ရေတစ်မှုတ် မပျက်မကွက် ပါဝင်လှူဒါန်းရမယ်လို့ တစ်ချက်လွှတ်အမိန့်ထုတ်လိုက်တယ်။ ဒီကုသိုလ်မျိုးက မပင်ပန်းတဲ့ ကုသိုလ်မျိုးလေ။ လှည်းနေလှေအောင်း မြင်းဓောင်းမကျန် လူတန်းစားအသီးသီး လှူနိုင်တဲ့ အလှူမျိုးမို့ အနော်ရထာမင်းမြတ်ကလည်း တစ်ချက်လွှတ်အမိန့် ထုတ်ခဲ့တာပါ။

'ဒီလိုနဲ့ သတ်မှတ်ရက်ရောက်တော့ ဘုရားတည်ပြီးတယ်။ တာဝန်ရှိ မှူးကြီးမတ်ကြီးတွေက ဘုရားတည်ပြီးကြောင်း လျှောက်ထားလာတော့ မင်းမြတ်အနော်ရထာကိုယ်တိုင် အဲဒီဘုရားကြီးကို ဆုတောင်းပြည့်ဘုရားကြီးရယ်လို့ ဘွဲ့တော်ကပ်မယ်။ ဒေသခံကျေးရွာတွေက ရှိရှိသမျှ ကျောင်းထိုင်ဆရာတော်နဲ့ ရဟန်းသံဃာအားလုံးကို ဆွမ်းတော်ကြီးလောင်းလှူမယ်၊ ဆွမ်းကျွေး အမှျဝေမယ်လို့ စီစဉ်ဆောင်ရွက်ကြပါတယ်'

'မင်းမြတ်အနော်ရထာ ဘုရားကြီးကို ဦးနှိမ်ချဝတ်ပြုပြီး ဦးခေါင်းတော် မော်ဖူးလိုက်တယ်ဆိုရင်ပဲ ရုတ်ခြည်းရွှေမျက်နှာတော် ညှိုးလျှသွားတယ်။ အကြောင်းက ချက်ကောင်း နေရာကောင်းမှာမှ အုတ်နှစ်ချပ်စာ လပ်နေတာကို မြင်လိုက်တာကိုး'

'မင်းမြတ်နော်ရထာက အချိန်မဆိုင်းဘဲ ဒါ ဘယ်သူ့တာဝန်လဲလို့ အမိန့်ရှိတော်မူတယ်။ တာဝန်ရှိသူများကလည်း အရှင်မင်းကြီးရဲ့ မြေးတော်များဖြစ်တဲ့ မင်းနှစ်ပါးရဲ့ တာဝန်များ ဖြစ်ပါတယ်လို့ လျှောက်ထားကြတယ်။ တကယ်ဆို ဒီအုတ်နှစ်ချပ် လပ်တာကို ဖြည့်စွက်လုပ်လိုက်လည်း ဘာမှအပန်းမကြီးပါဘူးလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ လူစွမ်းကောင်းတွေ ဖြစ်နေတာ ကြည့်မရဘူး ထင်ပါရဲ့။ သက်ဆိုင်ရာ မှူးကြီးမတ်ကြီးတွေကို လိုအပ်သလို ဆုံးမလိုက်ပါလို့ဆိုပြီး မင်းကြီးက မျက်နှာလွှဲခဲ့တာ သတ်ပစ်တဲ့အထိ ဖြစ်တော့တာပဲ' (အကွက်ဆင် ချောက်ချ၊ ချောက်တွန်းတာမျိုး ဟိုးရှေးကတည်းက ရှိခဲ့တာပဲနော်။)

မန္တလေးတောင်တော်ဘိုးဘိုးကြီး နတ်ကွန်းက ဆင်းတော့ ကျွန်တော့်အတွေးများ ရပ်သွားပြီး ဒေါ်လေး မသန်းတင်ကို ရှေ့ခရီးဆက်မယ့်ကိစ္စ သတိပေးဖို့ သတိရတယ်။ ဒါကြောင့် တောင်ခြေမှာရှိတဲ့ မန္တလေးမုန့်တီဆိုင် ဝင်ထိုင်ပြီး မုန့်တီစားရင်း စကားပြောဖြစ်ကြပါသည်။

'ဒေါ်လေး...ကျွန်တော်တို့ မမလေးတို့အိမ်မှာ တစ်ညအိပ် နှစ်ရက်လောက်ပဲတည်းပြီး အမရပူရ ဖယ်တော်ပွဲကို ဆက်ကြမယ်။ အဲဒီက ပြီးတာနဲ့ အိမ်ပြန်ကြမယ်။ ကျွန်တော် ပြန်ချင်ပြီဗျာ'

'အေး...အဲလိုပဲလုပ်ကြတာပေါ့။ ငါလည်း ပြောင်းဖို့ရွှေ့ဖို့ကိစ္စ စီစဉ်ရဦးမယ်။ ပြန်ကြတာပေါ့ကွယ်'

'ဒါနဲ့ အမရပူရ ဖယ်တော်ပွဲမှာ ဒေါ်လေး ဘယ်လောက်ကြာမှာလဲဟင်'

'မကြာဘူး ကောင်လေး။ ဖယ်တော်နန်းမှာ ထုံးစံအတိုင်း ဝတ်လဲတော်နဲ့ ပဝါတစ်ပိုင်း ခါးစည်းပိုးကြိုးတွေဆက်ပြီး ကန်တော့ရုံပဲ။ ဒါပေမဲ့ ဒေါ်လေး ပြောင်းခါနီး ဆန္ဒပြင်းပြနေတာက ဖယ်တော်လူးအိုင်၊ မြေလူးနန်းနဲ့ သက်ပျော်နန်းတွေကို အရောက်သွားပြီး ဖယ်တော့ခင် ပွန်းသည် သူရဲကောင်း ဘဘဖျတ္တနဲ့ သားတော်မင်းနှစ်ပါးတို့အတွက် ဆုတောင်းမယ်။ ပြီးတော့ အမျှအတန်းဝေချင်တယ် ကောင်လေးရယ်။ အားလုံး တစ်ရက်ဆို အချိန်လုံလောက်ပါတယ်'

'ဒါနဲ့ ဖယ်တော်လူးအိုင်၊ မြေလူးနန်းနဲ့ သက်ပျော်နန်း ဆိုတာတွေက ဘာတွေလဲဟင်'

'သားတော်မင်းနှစ်ပါး တောင်ပြုံးဆုတောင်းပြည့်ဘုရား တည်ရာမှာ တာဝန်ပျက်ကွက်တာကြောင့် အုတ်နှစ်ချပ်လပ်တယ် မဟုတ်လား။ အဲဒါ မင်းမိန့်ဖီဆန်တယ်ဆိုပြီး မင်းပြစ်မင်းဒဏ် ခံခဲ့ရတယ်။ ဒီကိစ္စမတိုင်ခင်က

www.burmeseclassic.com

လည်း မယ်တော်ရဲ့ ခင်ပွန်းဖြစ်တဲ့ သူရဲကောင်း ဗျတ္တဟာ ပန်းတော်ဆက်တာဝန် နောက်ကျလို့ မင်းပြစ်မင်းဒဏ် ခံခဲ့ရပြန်တယ်။ မယ်တော်ဟာ သားတော်များ တရုတ်ပြည်က ပြန်ရောက်တယ်လို့ ကြားသိရပြီး တွေ့ချင်လွန်းတာကြောင့် ပုပ္ပားက လိုက်လာခဲ့တယ်။ အမရပူရရောက်တော့ သားတော်များရဲ့ သံတင်းဆိုး ကြားလိုက်ရလို့ တစ်ကိုယ်လုံး ထူပူပြီး ရင်တွေပူလွန်းလို့ အနီးမှာရှိတဲ့ ရေအိုင်ထဲဆင်း၊ အပူငြိမ်းရာငြိမ်းကြောင်း လူးလိမ့်ရင်း ငိုကြွေးခဲ့တဲ့ ရေစပ်စပ်ကလေးရှိနေတဲ့အိုင်ပေါ့။ အဲဒီအိုင်အတွင်း မယ်တော်ဟာ လူးလိမ့်လို့ ငိုကြွေးတဲ့အထိ အပူမီးတောက်လောင်ခဲ့ရှာတယ်။ အဲဒီလို မယ်တော်ရဲ့ဖြစ်အင်ကို ဒေသခံတွေရော မင်းနှစ်ပါးကို ချစ်ကြသူတွေ အားလုံးကပါ ဒီနေ့အထိ မမေ့နိုင်ကြဘူး။ ဒါကြောင့် မယ်တော် မယ်ဝဏ္ဏ သားတော်များဓာကြောင့် အပူလုံးဆို့ ရင်ကွဲနာကျ သေပွဲဝင်ရတဲ့ အဲဒီနေရာမှာ မယ်တော်လူးအိုင်၊ မြေလူးနန်းနဲ့ သက်ပျောက်နန်းတွေဆောက်ပြီး ဒီနေ့အထိ မြန်မာပြည်တစ်နံတစ်လျားက မင်းညီနောင်ကို ချစ်ကြသူများက ကောင်းမှုကုသိုလ်ပြုကြပြီး ကုသိုလ်အဖို့ကို ကံတူအကျိုးပေး မိသားစုတွေကို အမျှအတန်း ဝေကြတာ လွမ်းမောဖွယ် ကောင်းလှပါတယ်။

တချို့ အပျော်ကြိုက်ကြတဲ့သူတွေကြတော့ ထဲထဲဝင်ဝင် ဘာမှမတွေးကြပါဘူး။ အဲဒီကာလ အဲဒီအချိန် မတ္တရာ၊ မန္တလေးနဲ့ အမရပူရတစ်ဝိုက် မြစ်ရေကလည်းတက် မိုးကလည်းရွာမို့ မိုးရေတက်ရေတဖွေးဖွေးဆိုသလို မြင်ကွင်းတွေက လှပလွန်းပါတယ်။ အနယ်နယ်အရပ်ရပ်က မင်းနှစ်ပါးကို ချစ်ကြသူများ မန္တလေးရွှေမြို့တော်က ပရိသတ်များဟာ ငှက်လှိုင်ခေါ်တဲ့ လှေသမ္ဗန်များကိုစီးကာ အမရပူရက မယ်တော်ပွဲကို နွဲကြတာ ကြက်ပျံမကျအောင် စည်ကားလှပါတယ်။

မင်းနှစ်ပါး မိသားစုများကို ကံတူအကျိုးပေးမိသားစုလို့ ဆိုရတာကို ရှင်းပြလိုပါတယ်။ အခြေခံကျကျပြောဖို့ဆို ဘင်္ဂလားပြည်က ကုလားညီအစ်ကိုဟာ သင်္ဘောပျက်ပြီး မြန်မာနိုင်ငံ မွန်ပြည်နယ်ကို ရောက်ခဲ့သတဲ့။ မွန်ပြည်နယ် သုဝဏ္ဏဘုမ္မိသထုံက ကျောင်းထိုင်ဆရာတော်ကြီး သနားတာကြောင့် သူ့ကျောင်းကို ခေါ်ထားပြီး စောင့်ရှောက်ခဲ့တယ်။ ပြီးတော့ သူတို့နှစ်ယောက်ကို ဆရာတော်ကြီးက အကြီးကို ဗျတ်ဝိ၊ အငယ်ကို ဗျတ္တရယ်လို့ အမည်များ ပေးထားသတဲ့။

တစ်နေ့မှာ ဆရာတော်ကြီး ကင်ထားတဲ့ ဇော်ဂျီဖိုလ်ဝင်သားကို ဆရာတော်ကြီး ကျောင်းပြင်ကြွသခိုက် ကုလားညီအစ်ကိုက စားပစ်လိုက်ကြသတဲ့။ ဇော်ဂျီဖိုလ်ဝင်သားဆိုတာ သာမန်မှမဟုတ်တာ။ အဲဒီတော့ ကုလားညီအစ်ကိုလည်း သာမန်လူတွေ မဟုတ်တော့ဘဲ အလွန်အစွမ်းအစ ရှိတဲ့ သူရဲကောင်းတွေ ဖြစ်သွားသတဲ့။

အဲဒီတော့မှ ဒီညီအစ်ကိုတွေရန်က မသေးဘူးဆိုပြီး ဆရာတော်ကြီးဟာ မနူဟာမင်းကြီး နားတော်ပေါက်အောင် ပြောကြားလိုက်တော့ အစ်ကိုကြီး ဗျတ်ဝိကိုသာ ဖမ်းဆီးရမိ သုတ်သင်နိုင်ပြီး ညီငယ်ဗျတ္တကတော့ ပုဂံမင်းအနော်ရထာထံ ခိုဝင်သွားလို့ အသက်ဘေးက လွတ်မြောက်သွားပြီး သူကောင်းပြုခံရတယ်။ ဒီသမိုင်းကြောင်းက လူတိုင်းလိုလို သိပြီးသားဆိုတော့ တိုတိုပဲပြောပါမယ်။

အနော်ရထာမင်းက ခိုးဝင်လာတဲ့ ဗျတ္တကို ပန်းတော်ဆက် ရာထူးပေးပြီး ပုပ္ပားကပန်းတွေကို ပုဂံမြို့တော်အရောက် ဆက်သစေတယ်။ ဗျတ္တဆိုတဲ့ လူစွမ်းကောင်းကလည်း ပုဂံနဲ့ ပုပ္ပား တစ်နေ့သုံးကြိမ်သွားပြီး ပန်းကို မပျက်မကွက် ဆက်သပါတယ်။ အဲဒီလမ်းကို ခုအချိန်ထိ ဗျတ္တပန်းဆက်လမ်းရယ်လို့ လူအများ သိကြပါတယ်။ အဲဒီလိုနဲ့ ဗျတ္တဟာ ပုပ္ပားကိုအရောက်အပေါက်များတော့ ပုပ္ပားရွာသူ မိန်းမချော မယ်ဝဏ္ဏနဲ့တွေ့ပြီး ငြိကြရာက သားအမွှာနှစ်ယောက်ကို မွေးဖွားပါတယ်။ အဲဒီသားတော်အမွှာ မွေးဖွားပြီးကာလမှာပဲ ဗျတ္တဟာ ပန်းတော်ဆက်တာဝန် ပျက်ကွက်လို့ မင်းပြစ်မင်းဒဏ်သင့်သတဲ့။ ဗျတ်ဝိကို နောင်ရေးနောင်တာအတွက် မနူဟာမင်းကြီး အပြတ်ရှင်းသလို ဗျတ္တကိုလည်း အပြစ်မရှိ အပြစ်ရှာတဲ့သဘောလားတော့ မသိဘူး အပြတ်ရှင်းခဲ့ကြတယ်။

လူစွမ်းကောင်းဗျတ္တ မင်းပြစ်မင်းဒဏ်သင့် သေသွားတော့ ကျန်ခဲ့တဲ့ ဗျတ္တရဲ့ဇနီး မယ်ဝဏ္ဏနဲ့ သားနှစ်ယောက်ကို အနော်ရထာမင်းက သနားစိတ်ဝင်ပြီး နောင်တစ်ချိန်မှာ မင်းကြီးနဲ့ မင်းလေးလို့ ကျော်ကြားလာမယ့် အမွှာညီနောင်ကို မြေးတော်များအဖြစ် အသိအမှတ်ပြုမွေးစားပြီး အမွှာကလေးများအတွက် ရွှေပိန်းချ ဖျဉ်းအိုးနှစ်လုံးကို ပေးသနားတော်မူလိုက်တယ်။ မင်းသားနှစ်ပါးဟာ အရွယ်

www.burmeseclassic.com

ခွေး ညချင်းကြီးဆိုသလို ဘိုးတော်အနော်ရထာမင်းရဲ့ ခမြးတော်များအဖြစ် တစ်မှုဟုတ်ချင်း ကျော်ကြားလာတယ်။ ပြီးတော့ ဘိုးတော်အနော်ရထာမင်း ချီးမြှင့်တဲ့ ရွှေပိန်းချ ဖျဉ်းအိုးနှစ်လုံးကို အစွဲပြုပြီး ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး မင်းညီနောင်လို့လည်း တွင်ခဲ့ကြတယ်။ ရွှေဖျဉ်းညီနောင်ဟာ လူစွမ်းကောင်းဗျတ္တရဲ့သားများမို့ ဇော်ဂျီ ဒိုလ်ဝင်သား စားထားတဲ့ ဗျတ္တရဲ့သွေးဟာ သူတို့ရဲ့ ကိုယ်မှာ စီးဆင်းနေပြီး သူတို့လည်း ဗျတ်ဝိ၊ ဗျတ္တတို့လို သူရဲကောင်းများ၊ လူစွမ်းကောင်းများ ဖြစ်လာကြတယ်။ ညီနောင်နှစ်ပါးဟာ ဘိုးတော်အနော်ရထာမင်းရဲ့ မြေးတော်များ ဖြစ်တဲ့အပြင် သူတို့ကိုယ်တိုင်လည်း လူစွမ်းကောင်း ဗျတ္တရဲ့ သွေးသားတွေမို့ ဘိုးတော်အနော်ရထာမင်းမှတစ်ပါး အခြားသူများဟာ သူတို့နဲ့ ယှဉ်ရမယ့်လူလို့ သူတို့ မထင်ကြဘူး။

ဒါကြောင့် ပုထုဇဉ်တွေပီပီ အောက်ခြေလွတ်သွားထင်ပါရဲ့။ ပုဂံနေပြည်တော်ကြီးမှာကလည်း သူတို့မမွေးခင်ကတည်းက လူစွမ်းကောင်းတွေရှိတာ သိတယ်မဟုတ်လား။ လေးဦးတောင် ရှိတယ်လေ။ သူတို့ တစ်ယောက်စီရဲ့ စွမ်းပကားဟာ စစ်သည်တစ်သိန်းအားနဲ့ ညီမျှသတဲ့။ လူစွမ်းကောင်း လေးယောက်ဆိုတော့ လေးသိန်းအားနဲ့ ညီမျှတာပေါ့။ ရှေးက အိမ်နီးချင်းနိုင်ငံက အင်အားပြ ခြိမ်းခြောက်ထိပါးလာတော့ အနော်ရထာမင်းထံကူညီဖို့ မွန်မင်းက အကူအညီတောင်းခံလာတယ်။ အနော်ရထာမင်းက စစ်သည်တော်လေးသိန်းနဲ့ ကူညီမယ်လို့ ကတိပြုတယ်။ တကယ်တော့ အဲဒီသရဲကောင်း လေးယောက် အပါအဝင် အခြားစစ်သည်နည်းနည်းပဲ ပါဝင်ပြီး ကူညီဖို့ လာတော့ မွန်မင်းက မပြောသာလို့သာ အလွန်စိတ်ပျက် အားလျော့သွားသတဲ့။ တကယ်တော့ ရန်သူတပ်များနဲ့ ထိတွေ့တိုက်ပွဲလည်းဖြစ်ရော အနော်ရထာမင်းရဲ့ လူစွမ်းကောင်းတွေရဲ့ စစ်ရေးစွမ်းရည်များက အံ့မခန်းတာတွေပြီး ကျူးကျော်လာတဲ့ ရန်သူတွေကို အနိုင်ရခဲ့တယ်။ ဒါကြောင့် မွန်မင်းက ကျေးဇူးတင်ပြီး အနော်ရထာအတွက် သမီးတော်မဏိ စန္ဒာမင်းသမီးကို ဆက်သတာ သမိုင်းအထောက်အထား ရှိတယ်လေ။ (ဦးကုလား မဟာရာဇဝင်ကြီးစာအုပ်နဲ့ ညိုမြရဲ့ ကုန်းဘောင်ရှာပုံတော်ဆိုတဲ့ စာအုပ်တွေမှာ ဖတ်ရှုရတဲ့အပြင် ဓာတ်၊ ရုပ်သေးနဲ့ မြန်မာ့ရုပ်ရှင်တွေမှာလည်း ကြည့်နိုင်ကြပါတယ်။)

အဲဒီလို လူစွမ်းကောင်းတွေ တောထအောင် ပေါလှတဲ့ ပုဂံမင်းနေပြည်တော်အသိုင်းအဝိုင်းမှာ နောက်မှပေါ်ကတဲ့ ရွှေကြာပင် မင်းသားလေးတွေက အထူးသဖြင့် မင်းလေးလို့ ထင်ပေါ်ကျော်ကြားတဲ့ မင်းသားလေးက ထီမထင်တဲ့အပေါက်နဲ့ စိတ်ထဲရှိတာ လုပ်နေတာကို အခြားသူတွေက ဘယ်လိုမှ ကျေနပ်နိုင်ကြမှာ မဟုတ်ဘူးလေ။

အဲဒါကြောင့် ဘိုးတော်အနော်ရထာမင်းမိန့်နဲ့ တည်ထားတော်မူတဲ့ ဆုတောင်းပြည့်စေတီကြီးမှာ မင်းမိန့်ဖီဆန်တဲ့သံဘော သက်ရောက်တဲ့ မပင်ပန်းတဲ့တာဝန်ကို ပျက်ကွက်လား ပျက်ကွက်ကြတယ်။ အင်ကျယ်ရှာသူ မရွှေဥ (တောင်တော်သခင်မ မမဥ)ကို ဆန္ဒမညီတာနဲ့ စီးတော်ကျားနဲ့ တိုက်သတ်လား တိုက်သတ်ရဲ့ဆိုတော့ တစ်ဖက်က မလိုလားသူတွေအတွက် ချောက်တွန်းဖို့ အကွက်ဝင်သွားပြီး မင်းပြစ်မင်းဒဏ်ခံသွားရတာ ဝမ်းနည်းစရာပဲ။

ဒါပေမဲ့ မင်းညီနောင်တို့ရဲ့ ဘုန်းကံက မသေးဘူး။ ဘိုးတော်အနော်ရထာမင်း ချီးမြှင့်ထားတဲ့ ရပ်ရွာဒေသ (၂၄)ရွာတွေက ဒေသခံတွေရော မြန်မာနိုင်ငံအဝှမ်းက မင်းနှစ်ပါးကို ချစ်ကြခင်ကြသူတွေအားလုံးက ဒီနေ့အထိ ပူဇော်ပ,သနေကြတာ တောင်ပြုံးပွဲတော်ကိုသွားကြည့် ကြောက်ခမန်းလိလိဆိုတာ သိကြပါလိမ့်မယ်။

ညွှန့်ညွှန့် အဆုံးသတ်ပြောတဲ့ စကားလေးကတော့ ရှေးရှေးကကိစ္စတွေအတွက် အမှတ်မထားပါဘူးတဲ့။ မင်းနှစ်ပါးကို ပူဇော်ပသသူမှန်သမျှ မင်းနှစ်ပါးက ပြန်မစကြမှာပါတဲ့။ အဲ··အဲ··တစ်ခုတော့ရှိတယ် ကောင်လေးတဲ့။ နတ်နဲ့နဂါး မလှည့်စားရဘူးတဲ့။ အဲ··အဲ··လှည့်စားမယ်၊ ဇော်ကားမယ်၊ မထီမဲ့မြင်ပြုကြမယ်ဆိုရင် ရွှေဖျဉ်းညီနောင်လို့ ထင်ပေါ်ကျော်ကြားတဲ့ မင်းနှစ်ပါးဟာလည်း ပုထုဇဉ်တွေမို့ ပုထုဇဉ်တွေမို့ ဘာလုပ်မလဲ မသိဘူးတဲ့။

**ဝင်းသောင်(ရမည်းသင်း)**

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်မှ ဦးအောင်မြင့်၊ ဒေါ်ခင်မြ (သက်န်းပရိက္ခရာ) မိသားစု၊ ကျော်ဇင်ရပ်မှ ဦးကိုကော၊ ဒေါ်နန်းကျင် (နဂါးနက်) မိသားစု၊ ပန်းတိမ်ရပ်မှ အငြိမ်းစား ကျောင်းဆရာကြီး ဦးအုန်းခေါင်၊ ဒေါ်အရွှေ မိသားစုတို့အား အမှတ်တရ။ (စာရေးသူ)

www.burmeseclassic.com



# ကောင်းသော်

## စတုတ္ထမြောက် ဥစ္စာစောင့်

'ဖော်ဖော်··တန်ဆောင်မုန်းလပြည့်ည ရွှေတိဂုံဘုရား ဝိဇ္ဇာတန်ဆောင်းမှာ အဘဝိဇ္ဇာအောင် ရှိနေမယ်။ မင်း သူ့ကို သွားတွေ့ရမယ်'

ဆရာတော် ရုတ်တရက် ပြောလိုက်သော စကား ကြောင့် ဖော်ဖော် လန့်သွားပါသည်။ ဆရာတော်၏ စကားကို နားမရှင်း၍ ပြန်မေးလိုက်ရသည်။

'ဘယ်က အဘဝိဇ္ဇာအောင်လဲဘုရား'

'မင်းတွေ့ချင်တယ်ဆိုတဲ့ ဝိဇ္ဇာကြီးပေါ့'

'ဒါဆို တပည့်တော်ကို ဒီခေါ်လာခဲ့တဲ့ အဘလား'

'ဟုတ်တယ်လေ။ အချိန်ကျရင် မင်းကို လာခေါ်မယ်ပြောတဲ့ အဘပေါ့'

'သူခေါ်ရင် တပည့်တော် လိုက်သွားရမှာလား'

'မင်းကို သူပိုင်တယ်။ မင်းမိဘတွေ မရှိတော့တဲ့ နောက် သူကပဲ စောင့်ရှောက်ခဲ့တာပဲ။ ကျုပ်ဆီကိုပို့ပေးပြီး မင်းအတွက် ပညာရေး၊ ကျန်းမာရေး အစစကုန်ကျစရိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူပဲ ထောက်ပံ့နေတာပဲ။ သူနဲ့သာ တွေ့လိုက်ပါ။ ရှေ့ဆက်ရမယ့် အစီအစဉ်ကို သူပြောပြမှာပေါ့'

ဇော်ထွေး အာဘဝိဇ္ဇာအောင်ကို တွေ့ချင်ပါသည်။ သူ ငါးနှစ်သားအရွယ် ရွာတွင် ဒုက္ခရောက်နေသဖြင့် ရန်ကုန်ကို ခေါ်လာပြီး သရက်တောကျောင်းတိုက် ဆရာတော် ဦးလာဘထံ အပ်နှံပြီး အာဘအောင် ပြန်သွားပါသည်။ အနှစ်နှစ်ဆယ်ကျော်သည်အထိ အာဘအောင် ပြန်ပေါ်မလာတော့ဘဲ ယခုမှ အာဘအောင် ပြန်ပေါ်လာခြင်းဖြစ်သည်။ သူ ငါးနှစ်မပြည့်ခင် အဖေကွယ်လွန်ခဲ့သည်။ အမေမရှိတော့သည့်နောက် မိထွေး၏ နှိပ်စက်မှုကို အလူးအလဲခံနေရသည်ကို မကြည့်ရက်၍ အာဘအောင်က ဇော်ဇော့်ကို ရန်ကုန်သို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

အာဘ၏ တာဝန်ပေးချက်အရ ဆရာတော် ဦးလာဘက ဇော်ဇော်ကို ကျောင်းထားပေးသည့်အပြင် ပညာထူးချွန်စေရန် အထူးကြပ်မတ်ပေးခဲ့သည်။ ဇော်ဇော့်အတွက် ကုန်ကျစရိတ်အားလုံးကို အာဘအောင်က ပို့ပေးသည်ဟု သိရသည်။ ဦးလာဘ၏ သွန်သင်မှု၊ ဇော်ဇော်၏ ကြိုးစားမှုကြောင့် အတန်းတိုင်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်က ဘွဲ့ရခဲ့ပြီး ရှေးဟောင်းသုတေသနတွင် လက်ထောက်မန်နေဂျာ အလုပ်ကို ရခဲ့သည်။

ဘုန်းကြီးကျောင်းတွင် နေရသည်ဆိုသော်လည်း ချို့ချို့ငဲ့ငဲ့ နေခဲ့ရခြင်းမျိုးမဟုတ်ဘဲ ပြည့်ပြည့်စုံစုံ နေခဲ့ရခြင်းဖြစ်ပါသည်။ သူ့ဘဝကို ပြည့်စုံအောင် ထောက်ပံ့ပေးနေသော အာဘဝိဇ္ဇာကို တွေ့လိုသော်လည်း ဆရာတော်က အချိန်ကျမှ တွေ့ရမည်ဟုသာ ပြောထားပါသည်။ ယခု အချိန်ကျပြီမို့ အာဘဝိဇ္ဇာနှင့် တွေ့ရတော့မည် ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ရုံးပိတ်ရက်ဖြစ်၍ ရုံးမသွားရသော်လည်း ထိုညတွင် အာဘဝိဇ္ဇာနှင့် တွေ့ရ

www.burmeseclassic.com

တော့မည်ဖြစ်၍ တစ်နေ့လုံး ရင်ခုန်နေခဲ့သည်။ အဘကို မည်သည့်ပုံစံနှင့် တွေ့ရမည်ကို ခန့်မှန်း၍မရနိုင်ပါ။ ညနေစောစော ဘုရားသို့ ရောက်ခဲ့သည်။ ရွှေတိဂုံဘုရားကိုရှိခိုးပြီး အဘနှင့် တွေ့ပါက အစစအဆင်ပြေစေရန် ဆုတောင်းပြီးမှ အဘရှိရာ ဝိဇ္ဇာတန်ဆောင်းသို့ သွားခဲ့သည်။ တန်ဆောင်းထဲတွင် မည်သူ့ကိုမှ မတွေ့ရသဖြင့် ဘုရားကို အာရုံပြုရင်း အဘကို စောင့်နေခဲ့သည်။

မကြာမီ ခြေသံကြား၍ ကြည့်လိုက်ရာ ယောဂီရောင် အထက်အောက် ဝတ်ဆင်လျက် မုတ်ဆိတ်ရှည်နှင့် အဘိုးကြီးတစ်ဦးကို တွေ့လိုက်ရသည်။ အဘဝိဇ္ဇာ ဖြစ်မှာပဲဟု တွေးတောကာ အဘကို ကန်တော့လိုက်ပါသည်။

'မောင်ဇော်..အဘကို မှတ်မိရဲ့လား'

'အသံကြားမှ မှတ်မိသလို ရှိပါတယ်။ အဘဝိဇ္ဇာ အောင် ဟုတ်ပါတယ်နော်'

'အဘက ဝိဇ္ဇာမဟုတ်တော့ဘူး။ ဥစ္စာစောင့် ဖြစ်နေပြီ။ ဥစ္စာစောင့်ဘဝက လွတ်မြောက်ချင်လို့ မောင်ဇော့်ကို ခေါ်လိုက်ရတာ'

အဘ၏ စကားကြောင့် ဇော်ဇော် ထိတ်လန့်သွားပါသည်။

'အဘက ဥစ္စာစောင့် ဟုတ်လား'

'ဟုတ်တယ်၊ နောက်ထပ် ဥစ္စာစောင့်တွေ ရှိသေးတယ်'

'အဘဝိဇ္ဇာကို သိပ်တွေ့ချင်နေတာပါ အဘ'

'အခု အချိန်ကျပြီဆိုတော့ တွေ့ရပြီပေါ့။ မင်း ဘွဲ့ရပြီဆိုတော့ နောက်ပိုင်း ဆက်လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို အကောင်အထည်ဖော်ရတော့မယ်'

'ဟုတ်ကဲ့၊ ပြောပါ အဘ'

'မင်း အလုပ်ဝင်နေပြီလို့ သိရတယ်။ မင်းရဲ့အလုပ်က ထွက်လိုက်ပါ။ အလုပ်က ထွက်ပြီးရင် မင်းရဲ့ ဇာတိရွာ သပြေတောရွာကို သွားရမယ်။ သပြေတောရွာကို ရောက်ရင် ခြံတစ်ခြံဝယ်ပြီး စီးပွားရေးလုပ်ရမယ်'

'ကျွန်တော့်မှာ ခြံဝယ်လောက်အောင် ငွေကြေးမပြည့်စုံသေးပါဘူး'

'မင်းအဖေ ထားခဲ့တဲ့ငွေ အလုံအလောက်ရှိပါတယ်။ ငွေကြေးအတွက် ဘာမှမပူနဲ့။ တစ်ပတ်အတွင်း သပြေတောရွာကို သွားနိုင်ဖို့ ပြင်ဆင်ပါ။ စနေနေ့ညအဝေးပြေး ကားနဲ့ လိုက်ရမယ်။ အဲဒီနေ့ ဒီကို ညနေပိုင်းရောက်အောင် လာခဲ့ပါ'

ဇော်တွေးသည် အဘဝိဇ္ဇာပြောသည့် စကားကို နားထောင်နေရသော်လည်း သူ ဘာမှနားမလည်ပါ။ အဘက သူ့ကိုယ်သူ ဥစ္စာစောင့်လို့ ပြောလိုပြော၊ ကျောင်းခိုင်းခဲ့ပြီးသော သပြေတောရွာသို့သွား၍ ခြံဝယ်ရမည်ဟု ပြောလိုပြောသဖြင့် ဇော်ဇော် နားမလည်နိုင်အောင် ရှိပါသည်။ အဘသည် သူ့ဘဝ ကောင်းကျိုးအတွက် ပွဲကိုင်ရှင်ဖြစ်သည့်အတွက် အဘညွှန်ကြားသည့်အတိုင်း လိုက်နာရမည်သာ ဖြစ်ပါသည်။ အလုပ်က ထွက်လိုက်ပြီး ခရီးထွက်ရန် ပြင်ဆင်ပြီး အဘချိန်းဆိုသည့်အချိန် ဘုရားသို့ ရောက်အောင် သွားခဲ့ရသည်။

'ဒီမှာ သပြေတောရွာ ရွှေမြင်တင်ဘုန်းကြီးကျောင်းက ကပ္ပိယကြီး ရောက်နေတယ်။ မင်း သူနဲ့ လိုက်သွားပါ။ ကပ္ပိယကြီးက လက်မှတ်ဝယ်ပြီးဖြစ်လို့ ဒီညနေ သွားကြပါ။ ဇော်ဇော် သပြေတောရောက်ရင် စံပယ်မြိုင်ခြံကို ဝယ်ရမယ်။ အဲဒီခြံမှာ စိတ်ကြိုက် တိုက်တစ်လုံး ဆောက်မယ်။ နောက် ဆီစက်တည်ဖို့ ပြင်ဆင်ရမယ်။ မင်း လက်ထပ်ပြီးရင် အဲဒီတိုက်မှာနေပြီး စီးပွားရေးကို အောင်မြင်အောင် လုပ်ရမယ်။ အဲဒီစီမံချက်တွေ အောင်မြင်ချင်တယ်။ ကံအကြောင်းတရားကလည်းရှိတော့ အခက်အခဲ ရှိကောင်းရှိနိုင်တယ်။ အဲဒီစီမံချက်တွေ အောင်မြင်မှ ဥစ္စာစောင့်တွေ ကျွတ်လွတ်ခွင့်ရကြမှာ။ အဘအောင်ရဲ့ ဆန္ဒကတော့ ဒီစီမံချက်တွေ အောင်မြင်ရမယ်လို့ ယုံကြည်ထားတယ်'

အဘဝိဇ္ဇာကို ပြန်မေးလျှင်လည်း မသင့်လျော်သဖြင့် မမေးတော့ပါ။ မိမိငယ်စဉ်က နေခဲ့သော ခြံကြီးကို ပြန်လည်သတိရ၍ လွမ်းဆွတ်မိပါသည်။ ထိုခြံတွင် အမေ... ခဲ့သည်။ မိထွေးလက်မှာ အနှိပ်စက်ခံခဲ့ရသည်။ အဖေ... မှ ပို၍အဖြစ်ဆိုးကြုံရသည်။ မိထွေး နောက်ယူသည့် ယောက်ျားက ပို၍ရက်စက်သည်။ သူက အရက်ဝယ်ခိုင်း... တတ်သည်။ မိထွေးက ပိုက်ဆံပေးစရာမရှိ၍ အရက် မဝယ်နိုင်ပါက အရိုက်အနှက်များကို အရွယ်နှင့်မမျှအော... ခံခဲ့ရသည်။ စံပယ်ခြံကို သတိရသည်နှင့် ငယ်စဉ်က... ရသည့် ဒဏ်ရာခရာကို မြင်ယောင်လာသည်။

အတိတ်အကြောင်းကို တွေးလိုက်ပါက ကော...

www.burmeseclassic.com

www.burmeseclassic.com

ကွက် တစ်ကွက်မှ မရှိပါ။ သူ့အတွက် မမေ့နိုင်စရာ အကြောင်းတစ်ခုတော့ ရှိပါသည်။ သူနှင့်ရွယ်တူ ကစားဖက် မြန်နန်းနွယ်ဖြစ်သည်။ ရွာတွင် ဇာတ်ပွဲကြည့်ခဲ့ရာ ဥစ္စာစောင့်မလေး မြန်နန်းနွယ်ကို မှတ်မိနေသည်။ မြန်နန်းနွယ်မှာ အလှနှင့်လှ အလွန်ချော အလွန်သဘောကောင်းပါသည်။ ဇာတ်ပွဲမှ ဥစ္စာစောင့်မလေး မြန်နန်းနွယ်နှင့် ယှဉ်၍ ကစားဖော် မြန်နန်းနွယ်ကို မှတ်မိသတိရနေပါသည်။ စံပယ်မြိုင်တွင် ဖြေသိမ့်စရာဆို၍ မြန်နန်းနွယ်နှင့် ဆုံခဲ့ရခြင်းပင် ဖြစ်ပါသည်။ ကြင်နာတတ်သော မြန်နန်းနွယ်နှင့် တွေ့ခဲ့သည့် ဘဝအပိုင်းအစကလေးကသာ ကြည်နူးစရာ ရှိခဲ့သည်။ သပြေတောရွာသည် အတိတ်တွင် ကျန်ခဲ့ပြီ ဖြစ်သကဲ့သို့ မြန်နန်းနွယ်မှာလည်း အတိတ်တွင်ကျန်ခဲ့ပါသည်။

အတိတ်က နာကြည်းစရာ အဖြစ်ဆိုးများကို မေ့နိုင်အောင် ကြိုးစားခဲ့သော်လည်း ထိုအထဲတွင် မြန်နန်းနွယ်ပါ။ အလွန်ကြင်နာတတ်သော မိန်းမချောလေး မြန်နန်းနွယ်ကို လွမ်းဆွတ်မိသေးသည်။

နောက်နေ့တွင် ဘဝိဇ္ဇာ မှာထားသည့်အတိုင်း ညနေ ရွှေတိဂုံဘုရားသို့ သွားခဲ့သည်။ သပြေတောမှ ကပ္ပိယကြီး အသင့်စောင့်နေသည်ကို တွေ့ရသည်။ ကပ္ပိယကြီးက ကားလက်မှတ် ဝယ်ထားပြီးဖြစ်၍ အဝေးပြေးကားဂိတ်သို့ ရောက်သည့်အခါ အားလုံးအဆင်ပြေပါသည်။ ကားရှေ့ဆုံးတန်း နေရာကောင်းတွင် နေရာရပါသည်။ မကြာမီ ကားထွက်ခဲ့ပါသည်။ ကားထွက်သည်နှင့် ကပ္ပိယကြီးက စကားစတင်ပါသည်။

'မောင်ရင်က ရွာကို ကျောခိုင်းသွားတာကြာလို့ မှတ်မိပါတော့မလား။ ရွာက အရင်လို မဟုတ်တော့ဘူး။ သိပ်တိုးတက်နေပြီ'

'ကျွန်တော်ကတော့ ရွာကို မေ့အောင်ကြိုးစားနေတာပါ။ သပြေတောရွာဟာ ကျွန်တော့်အတွက်တော့ ဒုက္ခဘုံ တစ်ခုပါ။ အထူးသဖြင့် စံပယ်မြိုင်ခြံကြီးမှာ ငရဲခံခဲ့ရပါတယ်'

'မောင်ရင်က စံပယ်မြိုင်ကို စိတ်နာတယ်လည်းပြောသေး ဟိုရောက်ရင် စံပယ်မြိုင်ခြံကို ဝယ်တော့မယ်ဆိုး။ ကျုပ်တော့ နားမလည်တော့ဘူး'

'ခြံကိုဝယ်ပြီး တိုက်ဆောက်ရမယ်။ စက်ရုံတည်ရမယ်ဆိုတာ လူကြီးတွေ စီစဉ်တာကို နာခံရတာပါ'

'စံပယ်မြိုင်ဟာ မောင်ရင် ခံစားခဲ့ရတဲ့ ငရဲခန်းထက် ဆိုးဝါးတဲ့အဖြစ်တွေ ရှိခဲ့သေးတယ်။ ဒါလောက်ဆိုးဆိုးဝါးဝါး နာမည်ကြီးတဲ့ ခြံကြီးကို ဝယ်တာကို ကျုပ်မယုံနိုင်အောင် ရှိနေခဲ့တာပါ'

'စံပယ်မြိုင်က ဘယ်လိုဆိုးဝါးခဲ့တာလဲ ကပ္ပိယကြီးရဲ့'

'မောင်ရင့်အဖေ ဦးဝဏ္ဏရှိစဉ်က စံပယ်မြိုင်ခြံကြီးဟာ သပြေတောရွာရဲ့ ကျက်သရေဆောင် စံပြခြံကြီးတစ်ခြံပေါ့ကွယ်။ ခြံက တစ်ဧကကျော် ကျယ်ဝန်းပြီး သစ်ပင်ပန်းပင်တွေနဲ့ သိပ်လှတာပဲ။ ခြံထဲဝင်မိရင် မပြန်ချင်လောက်အောင် ကြည်နူးစရာ ကောင်းခဲ့တာ။ ခြံတွင်းမှာ အုန်းပင်တစ်ရာကျော် ရှိတယ်။ သရက်ပင်၊ ပိန္နဲပင်တွေ အများကြီးပေါ့။ ရာသီပန်းတွေကလည်း အစုံအလင်ရှိတယ်။ ခြံကထွက်တဲ့ သီးနှံနဲ့ ပန်းတွေရောင်းရတဲ့ငွေက မနည်းပါဘူး။ ဦးဝဏ္ဏမှာ လယ်ကကလည်း ငါးဆယ်ကျော်ရှိတော့ ရွာမှာ အချမ်းသာဆုံးစာရင်းဝင် ပုဂ္ဂိုလ်ကြီးပေါ့။ မောင်ရင် အမေဆုံးပြီးကတည်းက ဦးဝဏ္ဏလည်း စိတ်ဓာတ်ကျပြီး စီးပွားကျဆင်းခဲ့တယ်။ ဦးဝဏ္ဏ ကွယ်လွန်ပြီး မင်းမိထွေးလက်ထက်မှာ စီးပွားရေးကျလို့ ရှိတာတွေ ရောင်းချလာခဲ့တာ အခု ခြံရောင်းတဲ့အဆင့် ရောက်ရပြီပေါ့'

'ဘယ်လိုဖြစ်ရတယ်ဆိုတာ ပြောပြပါဦး ကပ္ပိယကြီး'

'မောင်ရင်ရဲ့မိခင် ကွယ်လွန်တော့ သူဌေးဦးဝဏ္ဏကို လိုချင်တဲ့ အပျိုတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ ဦးဝဏ္ဏကလည်း အချောအလှဆုံး မအေးစိန်ကို ရွေးလိုက်တာကစပြီး မှားတော့တာပဲ။ မအေးစိန်က ဦးဝဏ္ဏကို ချစ်လို့မှ မဟုတ်တာ။ စည်းစိမ်ဥစ္စာတွေ အပိုင်စီးချင်လို့ မုဆိုးဖိုကြီးကို ယူလိုက်တာ နောက်မှသိရတယ်။ မအေးစိန်က သုံးလိုက်ဖြုန်းလိုက်၊ ဆွေမျိုးတွေကို ပေးလိုက်ကမ်းလိုက်နဲ့ တစ်စ၊ တစ်စ အလေအလွင့်တွေ များခဲ့တာပေါ့။

ဦးဝဏ္ဏက စီးပွားပျက်တာ ဒီလောက် အရေးမစိုက်ပေမယ့် မောင်ရင်လေးအပေါ် အမေလို မဆက်ဆံတာကို သိပ်စိတ်ဆိုးတာပေါ့။ ဒါထက် ဆိုးတာက ဦးဝဏ္ဏက အလုပ်အပေါ် အာရုံစိုက်နေချိန် မအေးစိန်က သူကြီးသား လူမော်နဲ့ ဖောက်ပြန်တဲ့ကိစ္စပဲ။ အဲဒီကိစ္စနဲ့ပဲ စိတ်ဓာတ်

www.burmeseclassic.com

ကျပြီး ဗုန်းဗုန်းလဲတော့တာပဲ။ ဒါပေမဲ့ စေ့စပ်သေချာတဲ့ ဦးဝဏ္ဏဟာ သားလေးရဲ့ နောင်ရေးအတွက် သူ မရှိရင် မျက်နှာမငယ်ရလေအောင် အတွင်းပစ္စည်းနဲ့ ငွေကြေးတွေကို အချိန်မီ ထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါကြောင့် သူ ကွယ်လွန်တဲ့အခါ ငွေကြေးနဲ့ အတွင်းပစ္စည်းတွေ မအေးစိန် မရခဲ့ဘူး။ နောက်ပြီး လူမော်နဲ့ ယူလိုက်ကြတော့ စီးပွားတွေ ကုန်တော့တာပေါ့။ အဲဒီနောက်ပိုင်းအဖြစ်တွေကို မင်းသိတာတွေချည်းပါပဲလေ'

'ကျွန်တော်မရှိတဲ့နောက်ပိုင်း ဘာတွေဖြစ်သေးသလဲ ကပ္ပိယကြီး။ ကျွန်တော်က ခြံကိစ္စကို မေ့အောင် ကြိုးစားခဲ့တာပါ။ ခြံဝယ်ရမယ်ဆိုမှ သိချင်လာတယ်'

'လူမောင်ကလည်း အရက်ဖိုးမရတော့ မိန်းမကို ရိုက်တော့တာပေါ့။ ဒေါ်အေးစိန်လည်း မင်းကို နှိပ်စက်ခဲ့တာ ဝဋ်လည်တာပေါ့။ ပိုက်ဆံမရှိတော့ နွားတွေရောင်း လယ်ယာတွေရောင်း၊ ရတဲ့ပိုက်ဆံကို လူမော်က လောင်းကစားဝိုင်းတွေမှာ ကုန်တာပေါ့။ သုံးနှစ်အတွင်း ရောင်းစရာ မကျန်အောင် ဖြစ်ခဲ့တယ်။ လူမော်လည်း သူများသတ်လို့ ကွယ်လွန်ခဲ့ရတယ်။ ဒေါ်အေးစိန်ကလည်း သူတစ်ယောက်တည်း မနေရဲလို့ သူ့ညီမမိသားစုကို ခေါ်ထားရတယ်။ ခြံကလွဲလို့ ရောင်းချစရာမရှိလို့ ဆင်းဆင်းရဲရဲ နေရတာပေါ့'

'ခြံထွက်ပစ္စည်းတွေ မရောင်းရဘူးလား'

'အဲဒါလည်း ပြောချင်တယ်။ အုန်းပင်တွေ၊ သရက်ပင်တွေက ပြုပြင်မယ့်လူမရှိတော့ အရင်လို အသီးမသီးတော့ဘူး။ သီးတဲ့ အသီးတွေကိုလည်း ဘယ်သူမှ မခူးရဲဘူး။ အုန်းပင်တက်လို့ လိမ့်ကျတဲ့လူကကျ၊ သရက်ပင်တက်လို့ သရက်ကိုင်းကျိုးကျပြီး ခြေတွေ၊ လက်တွေ ကျိုးတဲ့ လူတွေကြောင့် နောက်ထပ် ဘယ်သူမှ သစ်သီးမခူးရဲတော့ဘူး။ ညဘက်ဆိုရင် ခြံထဲမှာ မည်းမည်းအကောင်ကြီးတစ်ကောင် တွေ့ရတယ်လို့ ပြောကြတော့ ခြံနားတောင် ကပ်ရဲတဲ့လူ မရှိတော့ဘူး။ ဂိုဒေါင်ဆောက်ချင်တဲ့သူတွေက ခြံကို ငှားကြပါရဲ့။ မြေကျင်းတူးတာနဲ့ ထိခိုက်မှုတွေဖြစ်ပြီး ဆက်မလုပ်ကြတော့ဘူး။ အဲဒါ တစ်ကြိမ်မကဘူး၊ အကြိမ်ကြိမ်ဖြစ်နေတော့ နောက်ထပ် ခြံငှားမယ့်လူ မပေါ်တော့ဘူး။ ဒီခြံမှာ အနှောင့်အယှက်ရှိတယ်လို့ သတင်းကြီးပြီး ခြံဝယ်မယ့်လူ၊ ငှားတဲ့သူ မရှိတော့ပါဘူး'

'ကပ္ပိယကြီး ပြောသလိုဆို ဘဝိဇ္ဇာက ဘာရည်ရွ[illegible] ချက်နဲ့ ခြံဝယ်ဖို့ ပြောတာလည်း မသိဘူးနော်'

'ကျုပ်အထင်ပြောရရင် မင်းတို့ မျိုးဆက်ပိုင်ဆိုင်ခဲ့[illegible] ခြံသူများလက်ထဲ မရောက်စေချင်တာရယ်၊ အရင်က[illegible] ခြံကြီး ပိုစည်ပင်လာစေချင်တာ ဖြစ်မှာပေါ့။ အခုလည်း[illegible] ဒီခြံက ဦးကျော်ဇောထံမှာပေါင်ပြီး ငွေတွေ ယူထားတယ်[illegible] ခြံဝယ်ဖြစ်ရင်တောင် ငွေသိပ်ပေးစရာ လိုတော့မယ် မထ[illegible] ပါဘူး။ ကဲ..မင်းလည်း အိပ်လိုက်ပါဦး'

ကပ္ပိယကြီးက စကားပြောပြီး မကြာခင် အိပ်ပျော်[illegible] သွားပါသည်။ ဇော်ဇော်မှာ သပြေတောရွာအကြောင်း[illegible] အမျှင်မပြတ်အောင် တွေးနေမိသဖြင့် အိပ်၍မပျော်နိုင်[illegible] တော့ပါ။ ညဥ့်နက်၍ အေးလာမှ အိပ်ပျော်သွားခဲ့သည်[illegible] အိပ်ပျော်သည်နှင့် အိပ်မက်ထဲတွင် စံပယ်မြိုင်ခြံကြီး[illegible] ရောက်ခဲ့သည်။ ခြံထဲတွင် အလွန်လှပသော မိန်းမပျို[illegible] လေး တစ်ဦးကို တွေ့လိုက်ရသည်။ သူ၏တစ်သက်တာ[illegible] တွေ့ဖူးသမျှ မိန်းမပျိုများတွင် အလှဆုံးဖြစ်သည်။ မိ[illegible] ကလေးကိုတွေ့ရန် ခြံထဲသို့ အဝင်တွင် ကပ္ပိယကြီး[illegible] လှုပ်နှိုးသဖြင့် ရုတ်တရက် နိုးလိုက်ရသည်။

'မောင်ရင်..သပြေတောရွာကို ကားဝင်လာပြီ'

မျက်စိဖွင့်ကြည့်လိုက်ရာ သပြေတောရွာမှ ကြိုဆို[illegible] ၏ဟူသော ဆိုင်းဘုတ်က တွေ့လိုက်ရသည်။ ကားသည်[illegible] ရွာလမ်းအတိုင်း ဝင်လာခဲ့သည်။ မြင်ရသည့် မြင်ကွင်း[illegible] ဆန်းသစ်လှပနေသည်။ ယခင်က ကားလမ်းဝဲယာတွ[illegible] သစ်သားအိမ်များသာ ရှိသော်လည်း ယခုအခါ လမ်း[illegible] ဖက်တွင် တိုက်သစ်များက နေရာယူထားသည်ကို မြ[illegible] သည်။ ညောင်သုံးပင်ဆိုင်နေရာ ယခင် ကားဂိတ်နေ[illegible] တွင် ကားက ရပ်လိုက်သည်။ ကားရပ်လိုက်သည်[illegible] ခရီးသည်များနှင့်အတူ ကားပေါ်က ဆင်းခဲ့သည်။

ကားလမ်းကို ကျော်လိုက်သည်နှင့် တောင်ကုန်း[illegible] ကို တွေ့ရသည်။ တောင်ကုန်းပေါ်တွင် ရွှေမြင်တင်ကျေ[illegible] ရှိသည်ကို မှတ်မိလိုက်သည်။ ဘုန်းကြီးကျောင်းမှာ အ[illegible] အိုဟောင်းလျက်ရှိသည်ကို တွေ့ရသည်။ အဖေနှင့် [illegible] လေးကြိမ် ရောက်ခဲ့ဖူး၍ ကျောင်းအိုကြီးမှာ ယခင်[illegible] ထက် ပိုမိုအိုဟောင်းနေသည်ကို တွေ့မြင်ရခြင်းဖြစ်သ[illegible] ရွာအခြေအနေမှာ တိုးတက်ပြောင်းလဲခဲ့သော်လည်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကြီးမှာ အိုဟောင်းလျက်ရှိသဖြင့် စိတ်မကောင်းဖြစ်ရသည်။

ကျောင်းသို့ ရောက်သည်နှင့် ဆရာတော်ကိုဖူးပြီး ဆရာတော်ကျွေးသည့် နံနက်စာကို စားခွင့်ရပါသည်။ ထို့နောက် ရေချိုးပြီး ရွာထဲသွားရန် ပြင်ဆင်ရတော့သည်။

'ကဲ..မောင်ရင်၊ အသင့်ဖြစ်ရင် ဦးကျော်ဇောအိမ်ကို လိုက်ပို့ပေးမယ်'

ကပ္ပိယကြီးနှင့်အတူ လမ်းလျှောက်ခဲ့ကြသည်။ အတန်ငယ်လျှောက်ခဲ့သည်နှင့် ခြံကျယ်ကြီး တစ်ခုတွင် ခေတ်မီလှပသော တိုက်ကြီးကို မြင်ရသည်။ အိမ်ရှေ့တွင် မြက်ခင်းအလှရှိပြီး အိမ်ဘေးတွင် ပန်းခြံက တိုက်၏ အဆင့်အတန်းကို ဖော်ပြနေပါသည်။

'ဒါ ဦးကျော်ဇောရဲ့တိုက်ပဲ။ မောင်ရင်သွားပေတော့'

ကပ္ပိယကြီးက လမ်းညွှန်သဖြင့် ဇော်ထွေးက တိုက်ရှေ့သို့ လျှောက်ခဲ့သည်။ မသိကျွမ်းဖူးသူကို တွေ့ရမည်ဖြစ်၍ စိတ်အားတင်းကာ ခြံတံခါးကို ဆွဲလိုက်သည်။ ထိုစဉ် ခြံထဲက လုံချည်စိမ်းနှင့် မိန်းမပျိုတစ်ဦးက ဆွဲခြင်းကို ကိုင်လျက် ထွက်လာပါသည်။ ထိုမိန်းမပျိုကို မြင်လိုက်ရသည်နှင့် ဇော်ထွေး ကြက်သေ,သေကာ အံ့ဩတုန်လှုပ်သွားပါသည်။ မိန်းကလေးမှာ အလွန်လှပပြီး သူက အိပ်မက်တွင် တွေ့လိုက်ခဲ့ဖူးသော မိန်းကလေးဖြစ်နေပါသည်။ အိပ်မက်ထဲက မိန်းမပျိုနှင့် ခွဲမရအောင် တူနေပါသည်။

'ဦးကျော်ဇော ရှိပါသလားခင်ဗျာ'

'အထဲမှာ ဖေဖေရှိပါတယ်။ ဝင်သွားပါရှင့်'

ထိုမိန်းကလေးမှာ ကျောင်းသူအရွယ် မဟုတ်သဖြင့် ဦးကျော်ဇော၏သမီး ကျောင်းဆရာမ ဖြစ်ရမည်ဟု ခန့်မှန်းရပါသည်။ အိမ်နှင့်ခြံသာ လှပသည်မဟုတ် အိမ်ရှင်မိန်းကလေးမှာလည်း အလှပဂေးဖြစ်၍ ဇော်ထွေးရင်မှာ လှုပ်ရှားလျက်ရှိပါသည်။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် အသားဖြူဖြူဝဝ အသက်ခြောက်ဆယ်ကျော် လူကြီးတစ်ဦးကို ဧည့်ခန်းတွင် တွေ့လိုက်ရပါသည်။

'ဇော်ဇော် ရောက်လာပြီနော်။ လာပါ၊ ထိုင်ပါ ဇော်ဇော်။ ဦးကိုတော့ မောင်ရင် မှတ်မိပုံမရဘူး။ ဦးက ကိုဝဏ္ဏရဲ့ အခင်ဆုံး သူငယ်ချင်းပါ'

'ဟုတ်ကဲ့၊ ဦးကို မမှတ်မိပေမယ့် အဖေ့သူငယ်ချင်းဆိုတာတော့ သိပါတယ်'

'ရွှေမြင်တင်ကျောင်းမှာ နေရတာ အဆင်မပြေရင် ဒီမှာ လာနေပါလား'

'ဟိုမှာ အဆင်ပြေပါတယ် ဦး၊ ဟိုမှာပဲ နေပါရစေ'

'ညစာတော့ ဒီမှာစား။ နောက်နေ့တွေလည်း ဒီမှာ လာစားရမယ်'

ဇော်ဇော် ဘာမှပြန်မပြောမီ မိန်းကလေးတစ်ဦးက ကော်ဖီနှင့် မုန့်များ လာချသည်။

'ကဲ..ကော်ဖီသောက်ပါဦး၊ ခြံဝယ်တဲ့ကိစ္စ ဘာမှမလိုပါဘူး။ မောင်ရင်ရောက်လာရင် အားလုံးပြီးပါပြီ။ ဒေါ်အေးစိန်က သူ့ခြံကို ဦးဆီမှာ ပေါင်ပြီး လစဉ် ငွေလာလာယူထားတော့ မောင်ရင်နဲ့ စာချုပ်ရင် ငွေသိပ်ပေးစရာတောင် လိုမယ်မထင်တော့ပါဘူး။ ဩော်..ဒါနဲ့ မောင်ဇော် အလုပ်က ထွက်လာခဲ့တာလား'

'အဘဝိဇ္ဇာ ပြောတဲ့အတိုင်း အလုပ်က ထွက်ခဲ့ပါတယ်'

'အေးကွယ်၊ ဒီအစီအစဉ်တွေက ကိုဝဏ္ဏ မကွယ်လွန်ခင်က မင်းအတွက် စီမံခဲ့တဲ့ အစီအစဉ်တွေပါ။ သူပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေနဲ့ ငွေသားအားလုံးကို မအေးစိန် မရနိုင်အောင် ငွေသားတွေ ဦးဆီမှာအပ်ခဲ့ပါတယ်။ ဒါကြောင့် မောင်ဇော်အတွက် ကျောင်းစရိတ်နဲ့ ကုန်ကျစရိတ်တွေ ဦးတို့ စီစဉ်ပေးနိုင်တာပေါ့'

'ကျေးဇူးတင်ပါတယ် ဦး'

'ဦးတစ်ယောက်တည်းရဲ့ အစီအစဉ် မဟုတ်ပါဘူး။ ဦးတို့သုံးယောက် တိုင်ပင်ပြီး စီမံချက်နဲ့ ဆောင်ရွက်ခဲ့တာပါ။ သရက်တောကျောင်းတိုက်က ဘုန်းကြီးဦးလာဘက ကျုပ်ရဲ့ညီအရင်းပါ။ ဩော်..ဒါထက် မင်းရဲ့သူငယ်ချင်း မြနန်းနွယ်ကို မှတ်မိသေးရဲ့လား'


'မြနန်းနွယ်တစ်ယောက်ပဲ အမှတ်တရရှိခဲ့တာပါ ဦး။ သဖြေတောရွာကိုရော့ စပယ်မြိုင်ကိုရော သတိမရအောင် နေခဲ့တာပါ'

'မြနန်းနွယ်ဆိုတာ ဦးရဲ့သမီးပါ။ သူက ကျောင်းဆရာမ ဖြစ်နေပြီ။ အခုပဲ ကျောင်းကိုသွားတယ်'

'ဩော်..ကျွန်တော် ခြံဝမှာတွေ့ခဲ့တဲ့ ကျောင်းဆရာမလေး ထင်တယ်'

'ဟုတ်တယ်၊ အခုပဲ ထွက်သွားတာ။ ညနေလာရင်

www.burmeseclassic.com



တွေ့ရမှာပါ'

မြနန်းနွယ်ကို တွေ့ရတော့မည်။ ငယ်စဉ်ကနှင့်မတူ အထူးလှပနေသော မြနန်းနွယ်ကို တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာမိပါသည်။ မြနန်းနွယ်သည် ညက အိပ်မက်တွင် တွေ့ခဲ့ရသော အိပ်မက်ကေရီလေးဖြစ်၍ ပို၍စိတ်ဝင်စားမိနေပါသည်။ ဦးကျော်ဇောကို နှုတ်ဆက်ပြီး ကျောင်းသို့ ပြန်ခဲ့ရသော်လည်း ချစ်စရာကောင်းသော မြနန်းနွယ်က မျက်စိထဲက မထွက်နိုင် ရှိပါတော့သည်။

ညနေတွင် ကျောင်းမှ စောစောထွက်ခဲ့ပါသည်။ မြနန်းနွယ်နှင့် တွေ့ရပါစေဟု ဆုတောင်းရင်း လာခဲ့ရပါသည်။ သူ၏ဆုတောင်း ပြည့်ပါသည်။ ခြံဝတွင် မြနန်းနွယ်နှင့် အသင့်တွေ့လိုက်ရသည်။

'မြနန်းနွယ်··ဟုတ်ပါတယ်နော်'

ဇော်ထွေးက မြနန်းနွယ်ကိုကြည့်၍ မဝံ့မရဲမေးလိုက်ပါသည်။

'ဟုတ်ပါတယ် ဇော်ဇော်ရယ်၊ နင်ကတော့ ငယ်ရုပ်ကို လုံးလုံးမရှိတော့ဘူး။ ဖေဖေကသာ မပြောရင် ဇော်ဇော်မှန်း ဘယ်သိမှာလဲ'

'ဟိုတုန်းကတော့ မိထွေးလက်ထဲမှာ နေတိုင်းငိုနေပြီး လူရုပ်မပေါ်အောင် ဘဝနာခဲ့ရလို့လည်း ကြိုးစားခဲ့ရလို့ ဒီဘဝရောက်ရတာ။ အဲဒါကလည်း မြနန်းနွယ်အဖေ ထောက်ပံ့မှုက အဓိကနေရာက ပါခဲ့ပါတယ်။ ဦးက ကျေးဇူးရှင်ဖြစ်သလို မြနန်းနွယ်တို့ ကျေးဇူးတွေ များပါ တယ်'

'လာလေ၊ အိမ်ထဲ သွားရအောင်။ အိမ်ထဲမှာ ဖေဖေ စောင့်နေတယ်'

ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် မြနန်းနွယ်၏အဖေ နှင့် အမေကို အသင့်တွေ့ရပါသည်။ နေရာတွင် ထိုင်ပြီး သည်နှင့် ဦးကျော်ဇောက စကားစတင်ပြောပါသည်။

'သမီးနဲ့ မောင်ဇော်က ဆယ်တန်းအောင်တုန်းက လည်း တစ်နှစ်တည်း၊ ဘွဲ့ရတော့လည်း အတူတူပဲလေ။ မောင်ဇော်ကို စောင့်ရှောက်တဲ့ ဦးပဥ္စင်းဦးလာဘက ဦးရဲ့ ညီ အငယ်ဆုံးပါ။ သူ့ဆီက သတင်းတွေ အမြဲရနေတယ်။ မင်းရဲ့ ပညာရေးတိုးတက်မှုကို အမြဲမပြတ် သတင်း တွေရပါတယ်'

ထို့နောက် ညစာစားကြသည်။ ညစာစားအပြီးတွင် ဧည့်ခန်းထဲ၌ မောင်ဇော်နှင့် မြနန်းနွယ် နှစ်ယောက်သား လက်ဖက်ပွဲ ရေနွေးကြမ်းနှင့် စကားလက်ဆုံ ပြောမကုန် အောင် ရှိကြပါသည်။ ငယ်စဉ်က အကြောင်းများသည် ယခုအခါ ရယ်စရာသို့ ဖြစ်နေပါသည်။ မတွေ့ကြသည့် ကာလအဖြစ်အပျက်များ ပြောကြသည်။ ညဆယ်နာရီ ရောက်မှ မြနန်းနွယ်ကို နှုတ်ဆက်၍ ဘုန်းကြီးကျောင်းသို့ ပြန်ခဲ့သည်။

နောက်နေ့နံနက် ကိုးနာရီခန့်တွင် ဇော်ထွေး ဦးကျော် ဇော၏ အိမ်သို့ရောက်ချိန် အိမ်တွင် လူစုံနေကြောင်း တွေ့ ရသည်။ စံပယ်မြိုင်ခြံ ရောင်းဝယ်ရေးအတွက် ရောင်း ဒေါ်အေးစိန်နှင့် နှစ်ဖက်အသိသက်သေများနှင့် ရှေ့နေတ ဦးပါ ရောက်ရှိနေပါသည်။ ဇော်ဇော်ရောက်သည်နှင့် စာ ချုပ်တွင် လက်မှတ်ရေးထိုးရန်သာ ရှိတော့သည်။ စာချု ပြီးသည်နှင့် ပေးရန်ကျန်ငွေများကို ဦးကျော်ဇောက ဒေါ် အေးစိန်သို့ ပေးလိုက်ပြီး ဒေါ်အေးစိန်ကို ပြောလိုက်သည်

'ဒေါ်အေးစိန်··ခင်ဖျားရဲ့ခြံကို ဝယ်တဲ့သူကို ကြည့် ဦး။ ဘယ်သူလဲဆိုတာ သိရဲ့လား'

ဒေါ်အေးစိန်မှာ ဇော်ထွေးကို တစ်ခါမှ မမြင်ဖူး ဇဝေဇဝါ ဖြစ်နေပါသည်။

'အဲဒါ တစ်ခါက ခင်ဖျားရဲ့သား ဇော်ဇော်လေ

www.burmeseclassic.com

ဒေါ်အေးစိန်မှာ ဇော်ထွေးကို စူးစိုက်ကြည့်ရင်း မျက်ရည်များ စီးကျလျက်ရှိသည်။

'ဩော်..ဇော်ဇော်၊ မင်းက ခြံဝယ်နိုင်တဲ့အဆင့်ထိ အောင်မြင်နေပြီပဲ။ အဒေါ် တောင်းပန်ပါတယ်ကွယ်။ အဒေါ့်အပြစ်တွေကို အဒေါ်သိပြီး နောင်တရနေတာ ကြာပါပြီ။ အဒေါ့်ကို ခွင့်လွှတ်ပါကွာ'

ဒေါ်အေးစိန်သည် ဇော်ထွေး ပြန်ပြောမည့်စကားကို ဝင် နားမထောင်၊ မည်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ငွေထုပ်ကိုယူ၍ ထွက်ပြေးသွားပါတော့သည်။ ထိုနေ့က ခြံဝယ်ယူခြင်းကိစ္စ အဆင်ပြေပြေပြီးစီးသွားသဖြင့် အားလုံး ဝမ်းသာနေကြပါသည်။ ဦးကျော်ဇောက အားလုံးကို ပြောပြပါသည်။

'ဒီနေ့ ဒေါ်အေးစိန်တို့ ပြောင်းသွားတာနဲ့ ခြံထဲဝင်ပြီး အလုပ်လုပ်မယ့် အလုပ်သမားသုံးဖွဲ့ရှိတယ်။ အိမ်ဟောင်းဖျက်တဲ့အဖွဲ့၊ ခြံရှင်းတဲ့အဖွဲ့နဲ့ စည်းရိုးကာအဖွဲ့တွေ ဝင်ကြလိမ့်မယ်။ ရှင်းလင်းရေးတွေပြီးရင် တိုက်ဆောက်တဲ့ လုပ်ငန်းကို ဆက်လုပ်ကြတော့မယ်'

ဦးကျော်ဇော၏စကားကြောင့် အားလုံးကျေနပ်နေကြသည်။ အထူးသဖြင့် ဇော်ဇော်မှာ အပျော်ဆုံးဖြစ်သည်။ ထိုနေ့က ညစာစားပြီးသည်နှင့် ဇော်ဇော်နှင့် မြနန်းနွယ်တို့ စံပယ်မြိုင်ခြံသို့ လမ်းလျှောက်ကြသည်။ ခြံထဲသို့ ဝင်လိုက်သည်နှင့် အိမ်ဖျက်နေသူများက ခြံလယ်ရှိ ပိတောက်ပင်အောက်တွင် ထိုင်ခုံဖြစ်အောင် ပျဉ်ပြားများ ယူလာပြီး ခုံရိုက်ပေးသဖြင့် ဇော်ဇော်နှင့် မြနန်းနွယ်တို့ ထိုင်ခုံတွင် ထိုင်လိုက်ကြသည်။ အလုပ်သမားများမှ ခြံရှင်းသူကရှင်း၊ စည်းရိုးကာသူကကာနှင့် အလုပ်များနေကြသည်။ ပိတောက်ပင်တစ်ဝိုက်တွင် ရှင်းလင်းပြီးစမို့ သန့်ရှင်းနေပါသည်။

ဇော်ထွေး ငယ်စဉ်က ပြေးလွှားဆော့ကစားခဲ့သည့် နေရာဖြစ်၍ သစ်ပင်တိုင်းကို သူ့နေရာနှင့်သူ မှတ်မိနေပါသည်။ ယခု သူထိုင်နေသောခုံအနီးမှ ပိတောက်ပင်ကို ယခင်က မတွေ့ဖူးသဖြင့် ထူးဆန်းနေပါသည်။ တိတ်ဆိတ်နေစဉ် မြနန်းနွယ်က စကားစပါသည်။

'ဇော်ဇော်.အလုပ်က အပြီးထွက်ခဲ့တာလား'

'ဟုတ်တယ်လေ၊ ဘဝိန္ဒာက အလုပ်ထွက်ပြီး သပြေတောရွာကို သွားရမယ်ဆိုလို့ အပြီးပြန်လာခဲ့တာပေါ့'

'ဇော်ဇော်က အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား'

'ကျုပ်က ယောကျ်ားပါဗျာ။ တကယ်ဆိုရင် မြနန်းနွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီ။ ကျုပ်က မေးရမှာပါ။ မြနန်းနွယ်က အပျိုကြီး လုပ်တော့မှာလား'

'တစ်ချိန်တော့ အိမ်ထောင်ပြုမှာပါ'

'အိမ်ထောင်ကို တွေ့ထားပြီ ဆိုပါတော့'

'တွေ့တော့ တွေ့ပါပြီ။ လူကြီးတွေ စီစဉ်တဲ့ကိစ္စပါ။ သူ့ဘက်က သဘောထားကို စောင့်ကြည့်နေတုန်း ဆိုပါတော့'

'အဲဒီလူက ဘယ်သူလဲ'

'ဘဝိန္ဒာ စီစဉ်ပေးတဲ့လူပါ'

'ဗျာ..ဒါဆို ကျုပ်ကိုများ'

ဇော်ဇော်မှာ အံ့ဩလွန်း၍ စကားပင် ဆက်မပြောနိုင်တော့ပါ။ ဘဝိန္ဒာ စီစဉ်သည်ဆိုကတည်းက ရိပ်မိဖို့ကောင်းသော်လည်း မထင်မှတ်ဘဲ ရုတ်တရက် သိလိုက်ရ၍ ဝမ်းသာသွားပါသည်။

'ပြောပါဦး မြနန်းနွယ်ရဲ့။ အဲဒီလူဟာ ကျုပ်ပဲလား'

'ဟုတ်ပါတယ်။ ဒီတော့ ဇော်ဇော်ရဲ့ သဘောထားကို ပြောပါဦး'

'ကျုပ်က မြင်မြင်ချင်း စွဲလမ်းခဲ့တာပါ။ ကျုပ်ကို ငယ်စဉ်က ကြင်နာမှုအပြည့်နဲ့ အားပေးခဲ့တဲ့ မိန်းကလေးဟာ အနှစ်နှစ်ဆယ်ကျော်မှ ပြန်တွေ့ရတော့ အလွန်ချောမောလှပနေတော့ ကျုပ်မှာ စိတ်ကူးတွေယဉ်ပြီး မြနန်းနွယ်ကို ဘယ်လိုနည်းနဲ့ မေတ္တာစကားဆိုဖို့ စဉ်းစားနေတာပါ'

'အဲဒီကိစ္စက ဖေဖေရယ်၊ ဦးဝဏ္ဏရယ်၊ ဘဝိန္ဒာတို့ သုံးယောက်တိုင်ပင်ပြီး ဆုံးဖြတ်ခဲ့တဲ့ကိစ္စပါ။ ဒါတွေကို ဇော်ဇော် တကယ်မသိတာလား'

'မသိလို့ပေါ့။ သိများသိရင် သပြေတောရွာကို ချက်ချင်းပြေးလာမှာပေါ့'

'ဇော်ဇော့်အဖေက သူ မရှိရင် ဇော်ဇော့်ကို စောင့်ရှောက်ဖို့ အားလုံးစီစဉ်ခဲ့ပါတယ်။ သူ စုဆောင်းထားတဲ့ ငွေတွေအားလုံး ဖေဖေ့ကိုအပ်ပြီး ဇော်ဇော့်ကို ပညာတတ်ဖြစ်စေဖို့၊ စီပွားချမ်းသာပြီး ချမ်းမြေ့တဲ့ အိမ်ထောင်ရှင်တစ်

www.burmeseclassic.com

www.burmeseclassic.com

ဦးဖြစ်လာဖို့ သုံးယောက်စီစဉ်ခဲ့တာပါ။

သုံးယောက်သား' တိုင်ပင်ပြီး ဆုံးဖြတ်ခဲ့ပေမယ့် ဦးဝဏ္ဏ ဆုံးတာနဲ့ ဦးဝဏ္ဏအတွက် လုပ်ရမယ့် အစီအစဉ်ကို ဘဝိဇ္ဇာနဲ့ ဖေဖေက ဆက်လက်ဆုံးဖြတ်ထားတာ ရှိသေးတယ်'

'ဖေဖေ့အတွက် ဆိုတာက ဘာလဲ'

'သိရတော့မှာပါ ဇော်ဇော်ရယ်။ အရေးကြီးတာက ခုအချိန်မှာ ဇော်ဇော်ရဲ့ သဘောထားအမှန်ကို ထုတ်ဖော်ဖို့ပဲ'

'မြနန်းနွယ်ကို မမြင်ရမနေနိုင်အောင် ဖြစ်နေပါပြီလို့ ပြောတာနဲ့ မလုံလောက်သေးဘူးလား။ ဒါဆို အခုချက်ချင်း မြနန်းနွယ်ကို ခိုးပြေးရမှာလား'

'ဒါလောက်မလိုပါဘူး ဇော်ဇော်ရယ်။ ဇော်ဇော်ရဲ့ သဘောကို ဖေဖေ့ကို ပြောပြလိုက်ပါ့မယ်။ ဖေဖေတို့က ဆက်ပြီးစီစဉ်ပေးသွားမှာပါ'

ထိုနေ့က ဇော်ဇော်က ပျော်ရွှင်မြူးထူးစွာ ကျောင်းသို့ ပြန်ခဲ့သည်။ သူ့တစ်သက်တာတွင် အပျော်ဆုံးနေ့လည်း ဖြစ်သည်။ မြနန်းနွယ်၏မေတ္တာကို မမျှော်လင့်ဘဲ ရရှိခဲ့ရုံသာမက လူကြီးများ၏ သဘောထားကို သိလိုက်ရသဖြင့် မကြာမီ မြနန်းနွယ်ကို ပိုင်ဆိုင်ခွင့်ရတော့မည် ဖြစ်ပါသည်။ ချစ်သူဘဝသို့ ပွင့်လင်းစွာ ရောက်ခဲ့ကြပြီမို့ အိမ်မှာ လွတ်လပ်စွာ စကားပြောခွင့်ရသည်သာမက မြနန်းနွယ် ကျောင်းသွားလျှင် ကျောင်းလိုက်ပို့ပြီး ကျောင်းဆင်းချိန် သွားကြိုခွင့်ရခဲ့ပါသည်။ ညနေပိုင်းတွင် စံပယ်မြိုင်သို့ လမ်းလျှောက်လေ့ရှိကြပါသည်။ ကျောင်းပိတ်ရက်များတွင် စံပယ်မြိုင်ခြံသို့သွားကာ ရှေ့အစီအစဉ်များကို တိုင်ပင်ခဲ့ကြသည်။

ခြံတွင် ရှင်းလင်းရေးကိစ္စများ ပြီးသည်နှင့် တိုက်ဆောက်ရန် စီစဉ်ကြတော့သည်။ တိုက်အိမ်ပန္နက်ရိုက်သော နေ့တွင် ဘဝိဇ္ဇာရောက်လာပါသည်။ လူစုံချိန်တွင် ဘဝိဇ္ဇာက အားလုံးသိအောင် ပြောပြပါသည်။

'ဒီနေ့ ဥစ္စာစောင့်ကြီး သုံးယောက်အကြောင်း ပြောတော့မယ်။ ပထမဥစ္စာစောင့်က ကိုကျော်ဇောပဲ။ သူက ကိုဝဏ္ဏအပ်ခဲ့တဲ့ငွေတွေနဲ့ ဇော်ဇော်ရဲ့ ပညာရေးအောင်မြင်ပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ထောက်ပံ့ပေးခဲ့တယ်။ ဒုတိယဥစ္စာစောင့်က ကျူပ်ပဲ။ ကိုဝဏ္ဏ မကွယ်လွန်ခင် သူ့ကိုပေးခဲ့တဲ့ ကတိတည်အောင် ဇော်ဇော်အတွက်သာမက ကိုဝဏ္ဏအတွက်ပါ ဥစ္စာတွေ မပျောက်ပျက်ရအောင် စောင့်ခဲ့ရတဲ့ ဥစ္စာစောင့်ပါ။ တတိယဥစ္စာစောင့်က ကိုဝဏ္ဏပဲ။ သူ့ရဲ့အတွင်းပစ္စည်းဖြစ်တဲ့ ရတနာတွေကို ဒီခြံထဲမှာ မြှုပ်နှံထားပြီး ရတနာတွေကို စိတ်မချလို့ မကျွတ်လွတ်ဘဲရှိနေတဲ့ တတိယဥစ္စာစောင့်အစစ်ပဲ။ ရတနာတွေကြောင့် ခြံထဲကို လူစိမ်းမဝင်ရအောင်၊ ခြံထဲကပစ္စည်း သူများ မယူနိုင်အောင်၊ ခြံထဲကို အခြားသူများ လာမနေနိုင်အောင် ခြောက်လှန့်နေခဲ့တာပေါ့။ ရတနာမြှုပ်နှံတဲ့နေရာကို အမှတ်အသားအဖြစ် ဒီပိတောက်ပင်ကို စိုက်ခဲ့တာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ။ ကဲ‥ဒီနေ့တော့ ရတနာတွေဖော်မယ်။ ပိတောက်ပင်ရဲ့ အရှေ့ဘက် မြေနေရာမှာ တူးကြပေတော့'

ဘဝိဇ္ဇာ ပြသောနေရာတွင် အလုပ်သမားတစ်ဦးက တူးရာ မြေအနက်တစ်ပေခွဲခန့်တွင် ရှစ်လက်မပတ်လည် သံဘူးတစ်ဘူးကို ရရှိပါသည်။ သံဘူးထဲတွင် လက်ဝတ်ရတနာပစ္စည်းများနှင့် ရွှေဒင်္ဂါးများကို တွေ့ရှိရပါသည်။ ဘဝိဇ္ဇာက ဘူးအတွင်းပါသော ပစ္စည်းများကို အားလုံးကို ပြသပြီး ဦးကျော်ဇောကို ပြောလိုက်သည်။

'ဒီရတနာတွေထုခွဲပြီး ရွှေမြင်တင်ကျောင်းကြီးကို ဖျက်ပြီး သုံးထပ်တိုက်ကျောင်း ဆောက်မယ်။ ရတနာတွေ ထုခွဲပြီးရင် ငွေအားလုံးကို ဆရာတော်ထံ လှူလိုက်ကြမယ်။ ဒီအလှူ ရေစက်ချလိုက်မှ တတိယဥစ္စာစောင့်ဖြစ်တဲ့ ကိုဝဏ္ဏ ကျွတ်လွတ်နိုင်မှာ။ ဒီတော့ အမြန်ဆုံး အလှူဖြစ်မြောက်အောင် လုပ်ပါ'

ရက်သတ္တတစ်ပတ်အကြာတွင် အလှူတော်ရေစက်ချလိုက်သဖြင့် ဦးဝဏ္ဏ ကျွတ်လွတ်သွားကြောင်း ဘဝိဇ္ဇာက ပြောသဖြင့် အားလုံးဝမ်းသာကြရပါသည်။ မကြာမီလက်ထပ်တော့မည့် ဇော်ထွေးက သတို့သမီးလောင်း မြနန်းနွယ်ကို ပြောလိုက်သည်။

'တကယ်တော့ ဥစ္စာစောင့်က လေးယောက်ဖြစ်ရမယ်။ မြနန်းနွယ်က ကိုယ့်ကိုစောင့်နေတဲ့ စတုတ္ထမြောက် ဥစ္စာစောင့်လေးပေါ့နော်'

ဇော်ထွေး၏ စကားကြောင့် မြနန်းနွယ် သဘောကျသွားပါတော့သည်။

**ကောင်းသော်**

www.burmeseclassic.com

# ဝတ္ထုကျော် (ဟောပြောသည်)

## ဂျာပနာဖောက်
## လူပျောက်နိုင်း



သေတစ်နေ့ မွေးတစ်နေ့။ အသက်တစ်ချောင်း...
ပါလို့ တစ်ကြိမ်ပဲ သေမယ်၊ နှစ်ကြိမ် မသေဘူး အ...
အမိန့်တွေဟာ လူတိုင်း လက်ခံယုံကြည်ရမယ့် အ...
တရားတွေဖြစ်လို့ လူသားတစ်ယောက်ဖြစ်တဲ့ ...
တော်လည်း လက်ခံပါတယ်။ ဒါပေမဲ့ လုံးဝဥ...
ရာနှုန်းပြည့် မှန်တယ်လို့တော့ ထောက်ခံချက် ...
လိုပါဘူး။ ကိုယ်တွေ့ ကြုံဖူးတဲ့ ဖြစ်စဉ်တစ်ခု ...
ပါ။

(၁၉၆၃)ခုနှစ်ဆိုတော့ လက်ရှိ(၂၀၁၆)ခုနှစ်အ...
ဆိုရင် နှစ်ပေါင်း(၅၃)နှစ် ကြာမြင့်ခဲ့ပါပြီ။

တစ်လောကလုံး ဘယ်သူ့အပေါ်မှ မကောင်းခဲ့...
လူတစ်ယောက်ဟာ ကျွန်တော့်အပေါ်မှာတော့ ...
ထုံ့ခင်း ညီလေးအရင်းလို သဘောထားပြီး သံယော...
တွယ်ခဲ့ရတဲ့ လူတစ်ယောက်ဟာ ဘဝတစ်ခုတည်...

www.burmeseclassic.com

www.burmeseclassic.com

တင်ပဲ (၄)ကြိမ် (၄)ခါ အသေဆိုးနဲ့ သေရတာကြောင့် ရာနှုန်းပြည့် အမှန်ပါလို့ ထောက်ခံချက်မပေးရခြင်း ဖြစ်ပါတယ်။

ဒါလောက် အသေဆိုးနဲ့ သေရလောက်အောင် ဘယ်ဘဝက ဝဋ်ကြွေးလဲလို့ မေးလာရင်တော့ ပစ္စုပ္ပန်ကာလမှာပဲ သူဖြစ်ခဲ့တဲ့ မကောင်းမှုအကုသိုလ်တွေက သူ့အပေါ်ပြန်သက်ရောက်သွားလို့ ကျော်မကောင်း ကြားမကောင်း အမြင်အားဖြင့် အရုပ်ဆိုး အကျည်းတန်အောင်ကို နိဂုံးချုပ်သွားတာလို့ ဖြေကြားလိုက်ပါတယ်။

◆◆◆

(၁-၉-၁၉၆၁)ရက်နေ့မှာ ကျွန်တော် ခန့်စာကျပါတယ်။ ရဲတပ်ဖွဲ့ ခန့်စာမှာ အမှတ်လို့ ခေါ်ပါတယ်။ ရဲကိုယ်ပိုင်နံပါတ်လို့ မသုံးပါဘူး။ ကျွန်တော်တို့ရဲသားသစ်အင်အားသုံးရာကျော်ဟာ ပဲခူးမြို့နယ် ဘုရားကြီးရွာ ဖွံ့ဖြိုးရေးစခန်းမှာ သုံးလသင်တန်း တက်ရပါတယ်။

ရဲသင်တန်း ဆိုပေမယ့် ရဲအတတ်ပညာ၊ ဥပဒေအတတ်ပညာတွေ မသင်ရဘဲ စစ်ရေးပြ လက်နက်ငယ်ကျွမ်းကျင်မှု၊ ကိုယ်လက်ကြံ့ခိုင်ရေးတပ်စိတ်၊ တပ်စုတပ်ခွဲအဆင့် စစ်ဗျူဟာ စစ်ပညာတွေပဲ သင်ရပါတယ်။ တိုင်းပြည်အခြေအနေအရ ရောင်စုံသောင်းကျန်းသူတို့ ညီနောင် တပ်မတော်နဲ့ လက်တွဲပြီး နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လိုအပ်ရင် တိုက်ပွဲဝင်ဖို့ သင်ကြားပေးတဲ့ သင်တန်းပါ။

သင်တန်းပြီးဆုံးဖို့ နှစ်ပတ်အလို နိဝင်ဘာလကုန်ပိုင်းလောက်မှာ သင်တန်းအချိန်ဇယားမှာ ပါဝင်ခြင်းမရှိတဲ့ ကြားဖြတ်အစီအစဉ်တစ်ခု ဝင်လာပါတယ်။ ခန်းမထဲဝင် တစ်ဦးချင်း စစ်ဆေးခံရခြင်းပါ။

ကျွန်တော်တို့ သင်တန်းသား သုံးရာကျော်ကို ခန်းမထဲသွင်း တပ်ခွဲလိုက် တန်းစီ ထိုင်ခိုင်းပြီး ခန်းမဝင်ထွက်ပေါက် ခြောက်ပေါက်ကို လက်နက်ကိုင်အစောင့် ခြောက်ယောက် အစောင့်ချထားပြီး ထွက်ခွင့်ပိတ်ထားပါတယ်။

'ရှေ့ကြည့်'

'အေးစေ'

'ရှေ့ကြည့်၊ ငြိမ်'

ကျောင်းအုပ်ကြီး အမိန့်အရ ကျွန်တော်တို့ ငြိမ်နေစဉ်မှာ ကျွန်တော်တို့ မမြင်မတွေ့ဖူးတဲ့ ကျောင်းအုပ်ကြီးနဲ့ အဆင့်တူ ကြယ်နှစ်ပွင့်တပ် ရဲအရာရှိဟာ အလယ်လျှောက်လမ်းအတိုင်းလျှောက်ရင်း သင်တန်းသား မျက်နှာတွေကို စူးရှတဲ့မျက်လုံးနဲ့ ကြည့်ပါတယ်။ တချို့ဆို မတ်တတ်ရပ်၊ ဘယ်ညာလှည့်ခိုင်းပြီး စစ်ဆေးတာ အချိန်နှစ်နာရီကျော် ကြာမြင့်ပါတယ်။

ကျွန်တော် ခန့်မှန်းလို့ရပါပြီ။ ကျွန်တော်တို့ သင်တန်းသားတွေထဲက ရာဇဝတ်ပြစ်မှုကြီး ကျူးလွန်ပြီး တရားခံပြေးဘဝနဲ့ ရဲထဲ ဝင်လာသူ ရာဇဝင်လူဆိုးကို လက်ဗွေသက်သေအမှတ်နဲ့ လာရှာတာ ဖြစ်မယ်။ ရှာတဲ့ပုဂ္ဂိုလ်ဟာ အင်းစိန်စီအိုင်ဒီက လက်ဗွေအရာရှိပဲ ဖြစ်မှာပါလို့။

အင်းစိန်စီအိုင်ဒီအရာရှိ အလိုရှိသူကိုလည်း ကျွန်တော် အနီးဆုံးခန့်မှန်းလို့ ရနေပါတယ်။ အဲဒီလူဟာ တပ်ခွဲလိုက် တစ်ယောက်ချင်း တန်းစီဝင်စဉ်မှာ ဆီးအောင့်သလို ဗိုက်နာသလို တန်းထဲက ထွက်သွားတဲ့ ကိုစံမြကလွဲလို့ တခြားလူ မဖြစ်နိုင် ဆိုတာပါ။

'သန်းရွှေ ရှိလား'

'မရှိပါဘူး'

သင်တန်းသား သုံးရာကျော် တစ်ယောက်ချင်း စစ်ဆေးပြီးချိန်မှာ စီအိုင်ဒီအရာရှိ အမေးကို ကျွန်တော်တို့ ဖြေပါတယ်။ တကယ်လည်း သန်းရွှေဆိုတဲ့ သင်တန်းသား မရှိလို့ပါ။

'ညွန့်ခင် ရှိလား'

'မရှိပါဘူး'

'အေးမောင်'

'မရှိပါဘူး'

'အဲဒါ သုံးယောက် မဟုတ်ဘူး၊ တစ်ယောက်တည်းနာမည်။ နောက်တစ်မျိုး ထပ်ခေါ်မယ်။ စံမြရှိလား၊ စံမြ'

ကျွန်တော်တို့တွေ အချင်းချင်း ပြန်ကြည့်ပါတယ်။ စံမြ မတွေ့လို့ပါ။

'တပ်ခွဲတစ် တပ်စုနှစ်က စံမြကွာ'

စံမြ မတွေ့လို့ အဖြေမပေးနိုင်ပါ။

မေးမရတဲ့ အဆုံးမှာတော့-

'စံမြဟာ အိပ်ဆောင်ထဲမှာ အတူအိပ်တဲ့ နှစ်ယောက်ရပ်စစ်'

ကျွန်တော်နဲ့ မြသိန်း မတ်တတ်ရပ်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ စံမြ အိပ်တာကြောင့်ပါ။

www.burmeseclassic.com

'မင်းတို့နှစ်ယောက် အပြင်ထွက် ရုံးခန်းထဲကိုသွား'

စီအိုင်ဒီအရာရှိရဲ့ အမိန့်အရ ကျွန်တော်နဲ့ မြသိန်း ကျောင်းရုံးခန်း သွားနေစဉ်မှာပဲ ကျောင်းအုပ်ကြီးက နည်းပြချုပ်ကို ဆက်လုပ်လို့ အမိန့်ပေးသံ ကြားလိုက်ရပါတယ်။

◆◆◆

မြသိန်းကိုတော့ ကျောင်းအုပ်ကြီးကိုယ်တိုင် စစ်ကြောရေးဝင်ပြီး ကျွန်တော့်ကိုတော့ အင်းစိန်စီအိုင်ဒီအရာရှိ အိုင်ပီကိုယ်တိုင် စစ်မေးပါတယ်။ ထိတ်လန့်တုန်လှုပ်ပေမယ့် ငါ ဘာအပြစ်မှ ကျူးလွန်တာမှ မဟုတ်ဘဲ၊ ဘာကြောက်စရာရှိလဲ အသိနဲ့ သတ္တိမွေးပြီး အစစ်ခံပါတယ်။

'မင်းနာမည်'

'ဘိုကြီးပါ'

'အသက်'

'တစ်ဆယ့်ရှစ်နှစ်'

'မင်း ငါ့ကို မလိမ်နဲ့။ မှန်မှန်ပြောစမ်း'

တစ်ချက်ဟောက်လိုက်တာနဲ့ ကျွန်တော့်တစ်ကိုယ်လုံး ခြောက်တက်သွားသလို ထိတ်လန့်သွားပါတယ်။ ဟုတ်ပါတယ်။ (၁၈)နှစ်မပြည့်ရင် ရဲထဲ ဝင်လို့မရမှာကြောက်လို့ လိမ်လည်စာရင်းပေး ဝင်ခဲ့တာပါ။ ကျွန်တော့် အသက်အမှန်က တစ်ဆယ့်ခြောက်နှစ်ကျော်ပဲ ရှိပါတယ်။ ကျွန်တော် အမှန်အတိုင်းပဲ ဖြေလိုက်ပါတယ်။

'မင်း ဘယ်ဂါတ်က ဝင်တာလဲ'

'ဖောင်တော်သီဂါတ်ကပါ'

ကျွန်တော် ရဲအမှုထမ်းဘဝ စရောက်တဲ့ (၁၉၆၀) ပြည့်နှစ်ကျော် တော်လှန်ရေးကောင်စီ အာဏာမသိမ်းခင်အထိ ရဲစခန်းကို ဂါတ်တဲ၊ တစ်ပွင့်ကို ရာဇဝတ်အုပ်၊ တစ်ပွင့် တစ်ဘားကို ဌာနာအုပ်၊ မြို့နယ်မှူးအဆင့်ကို အိုင်ပီ(အင်စပက်တော်)၊ သုံးပွင့်နယ်မြေမှူးကို နယ်စီးရဲဝန်ထောက် ခရိုင်ရဲဝန်ကို ဒီအက်စပီ မင်းကြီးလို့လည်း ခေါ်ပါတယ်။

'စံမြ..ဘယ်ဂါတ်က ဝင်တာလဲ'

'ဒိုက်ဦးဂါတ်ကပါ'

'မင်းနဲ့ ဘယ်စခန်းကတည်းက သိကျွမ်းတာလဲ'

'သင်တန်းကျောင်း ရောက်မှပါ'

'မင်းနဲ့ တော်တော်ရင်းနှီးလား'

'ဟုတ်ကဲ့'

'သူ့အကြောင်း မင်းကို ပြောဖူးလား'

'ဇျက်ကြီးရွာသူနဲ့ အိမ်ထောင်ကျတယ်။ မိန်းမဘက်က လယ်သမားမျိုးရိုးဖြစ်တယ်။ ကိုစံမြက လယ်မလုပ်တတ်ဘူး။ ယောက္ခမတွေက ငြိုငြင်လို့ ရဲထဲ ဝင်တယ်လို့ ပြောဖူးပါတယ်'

'ဒါပဲလား'

'ဟုတ်ကဲ့'

'နောက်လေးငါးဆယ်နှစ် ဆိုပါတော့ကွာ။ စံမြကို ပြန်တွေ့ရင် မင်းမှတ်မိနိုင်ပါ့မလား'

'မှတ်မိပါတယ်'

'ရုပ်ပြောင်းရုပ်လွဲ လုပ်ထားရင်ရော'

'မှတ်မိပါတယ်'

'ဘာကြောင့်ဆိုတာ ပြောပါဦး'

'ကိုစံမြ လည်ပင်း ညာဘက်မှာ လက်တစ်ဝါး လောက် စာနီအမှတ်ကြီး ရှိပါတယ်။ သူ့ညာလက် လက်မတစ်ဆစ် တိုနေပါတယ်'

'တခြားမှတ်မိတာ ရှိသေးလား'

'မရှိပါဘူး'

◆◆◆

ရဲသင်တန်းသား သုံးရာကျော်မှာ ကျွန်တော် (၁၈) နှစ်သားပါလို့ပြောတာ ယုံကြည်သူ မရှိပါဘူး။ ငယ်ရွ မပျောက်သေးတဲ့ ကျွန်တော့်ခန္ဓာကိုယ် ဖွံ့စည်းမှုကြောင့် ပါပဲ။

အငယ်ဆုံးဖြစ်တဲ့ ကျွန်တော့်ကို သင်တန်းပြီးချိန် ရုံးပိတ်ရက်တွေပါ ကျောင်းအုပ်ကြီးက သူ့ရုံးခေါ်ပြီး ရုံး အကူအလုပ်တွေ၊ ရုံးသန့်ရှင်းရေးတွေအပြင် တောက်တို မည်ရ တာဝန်ပေးစေခိုင်းမှုတွေကြောင့် ကိုယ်ပိုင်အချိန် ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ဆုံးရှုံးတယ်ဆိုပေမယ့် ကျောင်း အုပ်ကြီးနဲ့ ရင်းနှီးမှု၊ ပစားပေးမှုရတာကြောင့် စီအိုင်ဒီက ကိုစံမြကို ဘာကြောင့်အလိုရှိနေတာလဲ၊ ကိုစံမြ ဘယ် ပြစ်မှုတွေ ကျူးလွန်ခဲ့လို့လဲ၊ မေးခွန်းတွေ မေးမြန်းခွင့် ရှိသလို ကိုစံမြ ကျူးလွန်ခဲ့တဲ့ နောက်ကြောင်းပြစ်မှုတွေ ကိုလည်း သိခွင့်ရခဲ့ပါတယ်။

'စံမြဟာ လူကောင်းမဟုတ်သလို လူဆိုးလည်း မဟုတ်ဘူး'

www.burmeseclassic.com

ပယောဂဦးဆန်တဲ့ စကားနဲ့ အစပျိုးပါတယ်။ လူဆိုး၊ လူကောင်း ဒီနှစ်မျိုးအပြင် ဘာရှိသေးလဲ ကျွန်တော် သိပါ။

'လူယုတ်မာကွ၊ လူယုတ်မာ'

ကျောင်းအုပ်ကြီး အရှိန်ရအောင် ကျွန်တော် စကား ဝင်မထောက်ပါ။

'သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်၊ အေး..သူပုန်ထက် သာလွန်တော့ လူယုတ်မာဖြစ်ရော။ ခိုးမှုနဲ့ ထောင်ကျတယ်။ ထောင်ကလွတ်တော့ ဓားပြတိုက်တယ်။ ဓားပြမှုနဲ့ထောင်ကျ၊ လွတ်လာတော့ သူပုန်ဖြစ်ရော။ သူပုန်ဆိုတာလည်း အဖွဲ့အစည်းတစ်ခုပဲ။ ခေါင်းဆောင်ရှိတယ်။ ခေါင်းဆောင်စကား နားထောင်ရတယ်။ စံမြက ဘယ်သူခေါင်းဆောင်တာကိုမှ လက်မခံတဲ့ကောင်ဆိုတော့ သူပုန်အဖွဲ့က ထွက်လိုက်တယ်။ လေးငါးနှစ်ကြာ အစပျောက်သွားတယ်။ ခြေရာခံ မရဘူး။ ဒါပေမဲ့ စီအိုင်ဒီမှာရှိတဲ့ စံမြအမှုတွဲတွေ စံမြလက်ဗွေရာတွေက မပျောက်ဘူး။

အမှန်ကတော့ကွာ ပျောက်တာမဟုတ်ဘူး။ သန်းခေါင် ညှန့်ခင် ခေါ် စံမြ အမည်အမျိုးမျိုးနဲ့ တစ်ကိုယ်တော် လှုပ်ရှားနေတာ။ မုတ္တမနဲ့ မုပ္ပလင်ကြား ကျိုက်ထီးရိုးတောင်တော်က စေတီ၊ ပုထိုး၊ ဘုရားတွေ အပါအဝင်ပေါ့ကွာ။ ဘုရားစိန်ဖူးတော်တွေခိုး၊ ဘုရားဌာပနာတွေဖောက်၊ အလှူခံပုံးက ပိုက်ဆံပါမကျန် ခိုးယူပြီး တစ်ဖက်နိုင်ငံမှာ သွားရောင်းတာ။ ဒါကြောင့် သဲလွန်စမရ၊ ခြေရာခံလို့မမိ ဖြစ်နေတာပေါ့။

အဲလို ဘုရားပစ္စည်းပါမကျန် မသမာမှုပြုလို့ လူယုတ်မာလို့ ပြောတာ။

တစ်ကြိမ်မှာတော့ လက်ပူးလက်ကြပ် မိလိုက်သေးတယ်ကွ။ ကင်ပွန်းစခန်းအနီးက စေတီတစ်ဆူ စိန်ဖူးတက်ခိုးရင်း လိမ့်ကျလို့ သတိမေ့မြောသွားတယ်။ အနီးအနားကျင်က ဗုန်းခနဲ ပြုတ်ကျသံ၊ ခွေးဟောင်သံတွေကြားလို့ သွားကြည့်တော့ စံမြ ဖြစ်နေတယ်'

ကျောင်းအုပ်ကြီး ပြောလက်စ စကားရပ်ပြီး ကျွန်တော့်ကို အတန်ကြာစိုက်ကြည့်ပြီး မေးခွန်းထုတ်ပါတယ်။

'ဆေးမင်ကြောင်ထိုးထားတဲ့အရုပ် ဘယ်နှစ်ရုပ် မြင်ခဲ့လဲ'

ကျွန်တော် လက်ချိုးရေတွက်ရင်း-

'အာဠာဝကဘီလူးရုပ်၊ ပေါ်ရိသာဒရုပ်၊ ကြောင်ဆင်းကြောင်တက်ရုပ်၊ အိမ်မြှောင်အတက်အဆင်းရုပ် လေးငါးမျိုးလောက် မြင်ဖူးပါတယ်'

'စံမြကျောကုန်းမှာ ဘာရုပ်ရှိလဲ'

'အင်းချထားတဲ့ ဝက်ရုပ်ကြီးရှိတယ်'

'အေး..အဲဒါ ဝက်ကုန်းလို့ခေါ်တယ်။ ဘယ်အရုပ်ပဲဖြစ်ဖြစ် ပွဲထိုးပြီး ဆေးပေါက်ချိန်မှာ နက္ခတ်မိပြီဆိုရင် အဲဒီအရုပ်ဟာ အစွမ်းထက်တယ်။ စံမြ ကျောကုန်းက ဝက်ကုန်းရုပ်ဟာ နက္ခတ်မိထားတဲ့ အရုပ်ဖြစ်လို့ အစွမ်းထက်တယ်။

သူ့သဘောက သေစေချင် ချက်ကောင်းကို ရွေးပြီး တစ်ချက်တည်း ပိုင်အောင်ရိုက်။ ဒေါသနဲ့ အငြိုးအတေးနဲ့ ထပ်မရိုက်နဲ့။ ထပ်ရိုက်ရင် ဝက်ကုန်းဆေးစွမ်းပြပြီး ကုန်းထပြီး ပြန်ဆော်တတ်တဲ့ သဘောရှိတယ်။

စံမြအဖြစ်ကလည်း အဲလိုပေါ့။ ဘုရားပေါ်က ပြုတ်ကျလို့ ခေါင်းကိုထိပြီး မေ့မြောနေတာပဲ။ လက်ပြန်ကြိုးတုပ်ပြီး သတိရတဲ့အချိန် ဖမ်းခေါ်လာရမှာ။ စိန်ဖူးသူခိုး၊ ဌာပနာတိုက်ဖောက်တဲ့ စံမြမှန်းသိလို့ ရွာသားတွေက တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ လှံနဲ့ထိုးကြတာ စံမြ ဘာမှမဖြစ်ဘဲ ဝိုင်းရိုက်တဲ့လူတွေပဲ ထွက်ပြေးရတာ။ စံမြ အဲဒီကတည်းက ပျောက်သွားလိုက်တာ ခုမှပြန်ပေါ်လို့ စီအိုင်ဒီက လက်ဗွေနဲ့ ပြန်လိုက်တာပဲ ဖြစ်တယ်။

ခုတစ်ကြိမ် လက်မတင်လေး လွတ်သွားပြန်ပြီ။ သိပ်အကင်းပါးတဲ့ကောင်၊ သိပ်လျင်တဲ့ကောင်။ ဒါပေမဲ့ ဘယ်လောက်ပဲပြေးပြေး တို့ရဲလက်က လွတ်အောင်မပြေးနိုင်ပါဘူး'

'ဒီလောက်သိရရင် တော်ရောပေါ့ကွာ'

ဟုတ်ပါတယ်၊ တော်လောက်ပါပြီ။ ဆက်ပြီး နားထောင်နေဆဲမှာပဲ အိပ်ရာချင်းယှဉ်ပြီး နှစ်လကျော်ကြာ အတူအိပ်စက်ခဲ့တာ မျက်စိထဲ ပြန်မြင်ပြီး ထိတ်လန့်တုန်လှုပ်မိလို့ပါ။

◆◆◆

(၁၂-၁၂-၁၉၆၁)ရက်နေ့မှာ ကျွန်တော်တို့ ဘုရားကြီး ရဲသင်တန်းကျောင်းဆင်းတပ်စု ဝေါမြို့နယ် သရဲသမိန်ရွာ ရောက်ရှိပြီး စခန်းထိုင်နဲ့ နယ်မြေစိုးမိုးရေး

www.burmeseclassic.com

လှုပ်ရှားမှု တာဝန်ယူရပါတယ်။

(၁၉၆၃)ခုနှစ် သကြန်လွန်ကာလမှာ အဆင့်တိုးမြင့်ရေးစာမေးပွဲဖြေဖို့ မြစ်ကျိုးဂါတ်မှာ နှစ်လကြာ တွဲဖက်ရပါတယ်။ ဥပဒေပညာရပ်ခေါင်းဆောင်မှုနဲ့ ရဲအတတ်ပညာတွေ သင်ယူဖို့ပါ။

တစ်ရက် ညနေ ငါးနာရီလောက်မှာ မြစ်ကျိုးရွာတောင်ဖျား ရာအိမ်မှူးကို ဆင့်ခေါ်စာကို ဌာနအုပ်ကပေးခိုင်းလို့ သွားပေးစဉ်မှာ လယ်တောကအပြန် လယ်သမားကြီးတစ်ယောက် ပေါက်တူးထမ်းပြန်လာတာ မြင်တွေ့ရပါတယ်။ သမားရိုးကျ အမြင်ဆိုပေမယ့် ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲလိုက်လို့ စက်ဘီးရပ်ပြီး လှမ်းခေါ်လိုက်ပါတယ်။

လယ်သမားကြီးရဲ့ ဆံပင်ဟာ ကုပ်ထောက်အောင် ရှည်လျားနေပါတယ်။ မျက်နှာက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေက ပါးစပ်ပေါက်တောင် မမြင်ရအောင် ဖုံးအုပ်လို့ပါ။ ယောင်းနွမ်းပြီး အဆင်မပေါ်တဲ့ ဝတ်စုံက လယ်သမားရုပ် ပီပြင်လှပါတယ်။ ဒါပေမဲ့ လယ်သမားကြီးရဲ့ ညာဘက်လည်ပင်းက လက်တစ်ဝါးအရွယ် စာနီကြီးနဲ့ ညာလက်မတစ်ဆစ် တိုနေတာကိုတော့ လယ်သမားကြီး ဖုံးကွယ်ဟန်ဆောင်လို့ မရပါဘူး။

'အစ်ကိုစံမြ'

ကျွန်တော်ခေါ်တာ ပြန်မထူးဘဲ ကြောင်ကြည့်နေပါတယ်။

'ဟေ့လူ၊ အစ်ကိုစံမြ'

'ခင်ဗျား လူမှားနေပြီ ထင်တယ်'

'အကြောင်မရိုက်ပါနဲ့ဗျာ။ အစ်ကို ဘယ်လိုပဲပုံဖျက်ဖျက် ဖျက်လို့မရတဲ့နေရာ ကျွန်တော်မှတ်မိပါတယ်။ အစ်ကို့ကို ကျွန်တော်မဖမ်းပါဘူး။ အစ်ကိုကြီးလို သံယောဇဉ်ရှိလို့ နှုတ်ဆက်တာပါ'

'ညီလေးဘိုကြီး'

'အဲလို လုပ်စမ်းပါ'

ကိုစံမြဟာ ဘယ်လိုမှ ငြင်းဆန်လို့မရတဲ့အဆုံး ကျွန်တော့်လက်ကိုဆွဲ၊ ကျွန်တော့်ကို အချိန်ကြာ ပွေ့ဖက်ထားပါတယ်။ သင်တန်းကျောင်းမှာတုန်းက ကျွန်တော့်အပေါ် ညီအရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့ပါတယ်။ ဆုံးမသွန်သင်ခဲ့ပါတယ်။ ကျွန်တော် ဘာလုပ်လုပ် သည့်ခံခွင့် လွှတ်ခဲ့ပါတယ်။ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာကြောင့် ကျွန်တော်ကလည်း အစ်ကိုကြီးတစ်ယောက်လို သံယောဇဉ် တွယ်မိပါတယ်။

ကျွန်တော်တို့နှစ်ယောက် မြစ်ကျိုး-တာဝ တူးမြောင်း ရေကာတာပေါင်ပေါ်မှာ အချိန်ကြာမြင့်စွာ စကားပြော ဖြစ်ကြပါတယ်။ အစ်ကိုစံမြ မြစ်ကျိုးသူနဲ့ အိမ်ထောင်ကျ နေပါတယ်။ ရောက်လေရာ အိမ်ထောင်ကျရပါစေရဲ့ဆု ပြည့်စုံသူပါပဲ။ ကျွန်တော် အိမ်လိုက်လည်မယ်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်နဲ့ ခပ်လှမ်းလှမ်း တာပေါင်ဘက် မျက်နှာမူထားတဲ့အိမ်ကို ထိုးပြပါတယ်။ အိမ်ကိုသွား တော့ မခေါ်ပါဘူး။ အစ်ကိုစံမြအိမ်ဟာ ကျွန်တော်ဆင့် စာပေးရမယ့် ရာအိမ်မှူးအိမ်ရဲ့မြောက်ဘက် နှစ်လုံးကျော် ပါ။

'ညီလေးဘိုကြီး'

'ပြော အစ်ကို'

'မင်းအပေါ် ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိတယ်နော်'

'အသွားအပြန်ပေါ့ အစ်ကိုရာ။ အစ်ကို ဘာပြောချင် လို့လဲ'

'မင်း ငါ့ကို ဖမ်းလို့ရနေပြီ'

'ဟုတ်တယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် မဖမ်း ရက်ဘူး။ အစ်ကိုကိုယ်တိုင် ဂါတ်တဲမှာ လာအဖမ်းခံလိုက် ပါ'

'ခက်တယ် ဘိုကြီး၊ ငါ့မိန်းမ မပေါ့မပါးကြီးနဲ့ကွာ'

'အစ်ကို့အကြောင်းတွေ ကျွန်တော် အကုန်သိ တယ်။ ကျွန်တော့်ကို ကျောင်းအုပ်ကြီးကပြောလို့ သိ ပါ။ အစ်ကို ဒုက္ခပေးခဲ့တဲ့ ကိုယ်ဝန်ဆောင် မိန်းမ အများကြီးပါ။ ကိုယ့်အလှည့်ကျတော့ နွံနေတာ သူ့မိဘအိမ် ပြန်အပ်ခဲ့ပေါ့။ ရာဇဝတ်ဘေးဆိုတာ မလွတ်ပါဘူး အစ်ကိုရာ။ အစ်ကို့နောက်မှာ အရိပ် ကြီးလို ကပ်နေတာပါ။ တရားဥပဒေကပေးတဲ့ အပြစ် ခံယူပြီး ခွာထုတ်လိုက်ပါ'

'အေးကွာ၊ ငါ့မိန်းမကို ဖွင့်ပြောပြီး တိုင်ပင်ပါ'

'ဘယ်မိန်းမက ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြု အစ်ကို'

'မကြည်ဖြူလည်း ရင်ဆိုင်တော့မှာပါ'

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို တကယ်ပြောနေတာလား'

'အေးကွာ၊ ငါပြုတဲ့ကံ ငါခံနေရပြီ။ ငါ သေဘေး အမျိုးမျိုးနဲ့ကြုံတာ လက်ချိုးရေလို့တောင် မရတော့ဘူး'

'အစ်ကို လာမလား၊ ကျွန်တော် လာရမလား'

'ငါကိုယ်တိုင် လာအဖမ်းခံပါ့မယ်။ မနက်ဖြန် ဆယ် နာရီ ရေတံခါးထိပ်မှာ မင်း လာစောင့်၊ လက်ထိတ်ပါ ယူခဲ့။ မင်း နာမည်ရတာပေါ့'

♦ ♦ ♦

မိုးဦးဆိုသော်ငြား သူကြိန်မိုး မရွာဖြစ်လို့လားတော့ မသိ၊ မြစ်ကျိုးဂါတ်က စထွက်ပြီဆိုကတည်းက ဝုန်းဒိုင်း ကြဲပြီး မိုးရော လေရော သဲကြီးမဲကြီး ရွာနေတာပါ။

ကိုစံမြ ကတိမတည်ဘဲ ကျွန်တော် ရေတံခါးထိပ် မှာ စောင့်နေတာ ပေါ်မလာလို့ ဌာနာအုပ်ကို တိုက်ရိုက်ဝင် တွေ့ သတင်းပို့ပြီး ဌာနာအုပ်အစီအစဉ်နဲ့ပဲ အမှောင်ထု စိုးမိုးချိန်ကိုစောင့်ရင်း ကိုစံမြကို ဖမ်းဖို့ ရဲတပ်ကြပ်ကြီး ကျော်ရွှေနဲ့ ရဲတပ်ကြပ်ကြီးစိုးမောင်တို့ နှစ်ဦးကို တရားခံပြ အဖြစ် လိုက်ပါခဲ့ပါတယ်။

ကျွန်တော်တို့မှာ လက်နှိပ်ဓာတ်မီး ကိုယ်စီပါရှိပေ မယ့် ကိုစံမြကို အလစ်အငိုက် ဖမ်းချင်လို့ မသုံးဖြစ်ပါ ဘူး။

'ဆရာကြီးကျော်ရွှေ..ရှေ့မှာ အလောင်းစင်ကြီးဗျ'

'အေးဟ၊ ဘာလဲ မင်းက ကြောက်လို့လား'

'ရဲဗျာ..ကြောက်ရမလား။ အဲဒါ ကိုစံမြအိမ်ရှေ့တည့် တည့်ပဲ။ ဒါပေမဲ့ ဒီမှာတော့ မျိုးညွှန့် ဖြစ်သွားပြီ'

'ဒါဆို ခဏရပ်ကွာ။ တွေ့တဲ့လူကို စုံစမ်းမယ်'

ကျွန်တော်တို့သုံးယောက် အလောင်းစင်နဲ့ ဆယ် ကိုက်အကွာ တာပေါင်ပေါ်က ဆီးပင်အောက် မှောင်ရိပ် ခိုလိုက်ပါတယ်။ မိုးက စဲမလိုလိုနဲ့ သည်းလာပါတယ်။ လေကြမ်းပါ တိုက်နေပါပြီ။

ဆယ်မိနစ်လောက် အကြာမှာတော့ အသုဘအိမ် (ကိုစံမြအိမ်)ထဲက လူတစ်ယောက် မီးအုပ်ဆောင်းနဲ့ ထွက် လာလို့ ရပ်တန့်စစ်ဆေးပါတယ်။

'သေသူဟာ ကိုမျိုးညွှန့်ပါ'

'ဗျာ'

ကျွန်တော် အံ့ဩလွန်းလို့ လွှတ်ခနဲ ထွက်သွားတာ ပါ။ မနေ့က ဒီနေရာမှာ ကျွန်တော်နဲ့ ရပ်စကားပြောနေ စဉ်က သေလောက်တဲ့ ရောဂါလက္ခဏာ ဘာတစ်ခုမှ မမြင်ရပါဘူး။ ဒါကြောင့်ပါ'

'ဘာရောဂါနဲ့ သေတာလဲ'

တပ်ကြပ်ကြီးကျော်ရွှေ အမေးကို ပြန်ဖြေတာက တော့-

'အင်း..ပြောရရင်တော့ သေပုံက ခပ်ဆန်းဆန်းပဲ။ ဒီနေ့မနက် သူ့လယ်ကိုအသွား ပိုးထိတယ်။ မြွေပွေးမှ လက်မောင်းလုံးလောက်ကြီး။ အဆိပ်မွှန်ပြီး ယိုင်တိယိုင် ထိုးနဲ့အပြန် မိုးကြိုးတိုက်ရိုက်ပစ်ချလိုက်တာ သေပါလေ ရော။ တစ်ကိုယ်လုံး မည်းတူးလို့'

သတင်းအစရပြီဖြစ်လို့ မီးအုပ်ဆောင်းနဲ့လူကို သွား ခွင့်ပြုလိုက်ပြီး ကျွန်တော်တို့သုံးယောက် အလောင်းစင်ကို သွား၊ ခေါင်းတလားဖွင့်ပြီး တပ်ကြပ်ကြီးကျော်ရွှေက သေသူမျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးထားပါတယ်။

'ဘိုကြီး..မင်းပြောတဲ့ စံမြ (ခေါ်) မျိုးညွှန့် ဟုတ်၊ မဟုတ် သေချာကြည့်စမ်း'

မျက်နှာကို မိုးကြိုးတိုက်ရိုက်ထိမှန်ထားပုံရပါတယ်။ ပေါက်ပြဲပွန်းပဲ့ရာတွေ နှံပါနေပါတယ်။ ရုပ်ပျက်နေပါ တယ်။ ဆံပင်ကတော့ မနေ့က ပုံစံအတိုင်းပါ။ ကျွန်တော် တပ်ကြပ်ကြီးကျော်ရွှေ လက်ထဲက လက်နှိပ်ဓာတ်မီးယူ ပြီး လည်ပင်းကို စစ်ဆေးပါတယ်။

စာနီအမှတ်ကြီးဟာ စာမည်းအမှတ်ကြီး အကွက် လိုက် ကျန်နေပါတယ်။ ဗိုက်ပေါ် လက်မချင်းပူးပြီး ကြိုး နဲ့ ချည်ထားပါတယ်။ ညာလက်မတစ်ဆစ် မရှိတာကြောင့် သေသူဟာ စံမြ (ခေါ်) မျိုးညွှန့် ဖြစ်ကြောင်း သတင်း ပို့လိုက်ပါတယ်။

မိုးရော လေရော အားကောင်းမောင်းသန်စွာ ရွာနေ ဆဲဖြစ်လို့ အသုဘအိမ်တောင်ဘက် နှစ်အိမ်ကျော် ရာအိမ် မှူးအိမ် သွားပြီး မိုးခိုကြပါတယ်။

မိုးက တဖော်ဖော်၊ လေပြင်းက တဝုန်းဝုန်း၊ လျှပ်စီး က တဝင်းဝင်း၊ မိုးကြိုးက တဂျိမ်းဂျိမ်းနဲ့ သည်းထိတ်ရင်ဖို ရတဲ့ ညပါပဲ။ ခြောက်ပတ်လည် ပျဉ်းကတိုးတိုင်ကြီးနဲ့ အခိုင်အမာ ဆောက်လုပ်ထားတဲ့ ရာအိမ်မှူးအိမ်ကြီးဟာ ပြိုလဲသွားတော့မလို၊ တိုင်ခြေကကျွတ်ပြီး လေထဲ လွင့်ပါ တော့မလို ယိမ်းခါနေပါတယ်။

'ဦးစိန်မောင်..ဦးစိန်မောင်'

www.burmeseclassic.com

'လိုက်ကြည့်ပါဦး ရာအိမ်မှူးရယ်'

'ဘာဖြစ်လို့လဲဟ'

'ဟိုရောက်တော့ သိရမှာပါ။ ရဲတွေ ရှိသေးရင် ခေါ်ခဲ့ပါ'

ဖားရိုက်မီးအုပ်ဆောင်း လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ ရွာသားဆယ်ယောက်ခန့် ရောက်ရှိလာပြီး အရေးပေါ် အခြေအနေ ရှိတယ်ဆိုလို့ ကျွန်တော်တို့ ရဲသုံးယောက်ပါ လိုက်ပါသွားပါတယ်။

ကျွန်တော်တို့ကို လာခေါ်တဲ့အုပ်စု အပြေးသွားလို့ ကျွန်တော်တို့လည်း ခြေလှမ်းကျဲကြီးတွေနဲ့ အမီလိုက်ပါတယ်။ အရေးပေါ် အခြေအနေမှန်း သိလို့ပါ။

'ဟာ..တစ်ခါမှ မကြုံဖူးတဲ့ အတွေ့အကြုံပဲဟေ့'

တစ်လမ်းလုံး နှုတ်ပိတ်လာတဲ့ ရဲတပ်ကြပ်ကြီးရဲ့ စကားသံပါ။

ဟုတ်ပါတယ်။ နောင်လည်း ဘယ်တော့မှ ကြုံတွေ့ရမှာ မဟုတ်တဲ့ အဆန်းတကြယ် မြင်ကွင်းပါ။

တစ်ယောက်စ နှစ်ယောက်စနဲ့ ရောက်လာတဲ့လူအုပ်ကြီးဟာ တူးမြောင်းရေကာတာ တာပေါင်ပေါ်မှာ ပြည့်လျှံနေပြီး တူးမြောင်းအတွင်း ပေါလောပေါ်နေတဲ့အရာကို လက်နှိပ်ဓာတ်မီးတွေနဲ့ ဝိုင်းထိုးရင်း ထိတ်လန့်တုန်လှုပ်စွာနဲ့ကြည့်ရင်း တီးတိုးစကားတွေ ပြောဆိုနေကြပါတယ်။

ပိုးထိလို့ အိမ်အပြန် လမ်းခုလတ် မိုးကြိုးပစ်ခံရ၊

တာပေါင်ပေါ် တင်ထားတဲ့အလောင်း လေပြင်းမိ၊

တူးမြောင်းထဲ ရောက်သွားတဲ့ သေပြီးသားအလောင်း ရေနစ်။

သန်းရွှေ (ခေါ်) ညွှန့်ခင် (ခေါ်) စံမြ (ခေါ်) မျိုးညွှန့် ရာဇဝင်လူဆိုး၊ လူမိုက်၊ လူယုတ်မာကြီးရဲ့ နောက်ကြောင်းတွေသာသိရင် ဒီအလောင်းကောင်ကြီး တူးမြောင်းထဲက ဆယ်မယ့်လူ ခေါင်းသွင်း၊ သုသာန်ပို့၊ ကိုင်တွယ် မြေမြှုပ်ပေးမယ့်လူတောင် ရှိမှာမဟုတ်လို့ ကျွန်တော်တို့ ရဲဝန်ထမ်း သုံးယောက် မိုးသည်းသည်းမှာ နှုတ်ပိတ်ပြန်ခဲ့ကြပါတယ်။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)

ကြယ်ဖြူမင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုသောက်ဆေး
ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးရိုခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။



မှတ်ပုံတင် - TMR ၀၀၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တာဆာထလ၊(၂၃၈၅)

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပင်ရင်း
ကြယ်ဖြူမင်း ဆေးတိုက်
အမှတ်(၄၅၀)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄၊ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅
မြန်ရှိရေး
တိုဝင်းမြင့်ခင်ဆေးဆီ (ဆေးမျိုးစုံဆိုင်) (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

တစ်ညတည်းမက်သော အိပ်မက်မျိုး ကောင်းကောင်းဆိုးဆိုး စိတ်ထဲမထား မောင်းထုတ်လိုက်ပြီးသား။ အခုဟာက ညပေါင်းများစွာ စီဒီခွေကို ခဏ ခဏ ပြန်ကြည့်နေရသလိုမျိုး ကိုဖိုးဒါန်း ခဏထိုင်စဉ်းစားသည်။ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ အကျိုးရှိမလား၊ အဆိုးထိမလား။ ဒါပေမဲ့ အကြောင်းကြောင့် အကျိုးဖြစ်လို့ ဆိုသည်မဟုတ်ပါလား။

ဦးဖိုးဒါန်း အသက်(၆၀)အတွင်း ဝင်လာပေပြီ ငယ်စဉ်က ကျန်းမာရေး လိုက်စားခြင်း၊ အရက်သေ မသောက်၊ ဆေးလိပ်မသောက်ခဲ့ခြင်းကြောင့် ယနေ့ ကျန်းမာရေး လွန်စွာကောင်းလှသည်။ အရပ်(၅)ပေ (၈ လက်မရှိ၏။ ထောင်ထောင်မောင်းမောင်း၊ အသားညိုညို ငယ်စဉ်က ဒုလ္လဘဝတ်ရင်း ရဟန်း(၇)ဝါအထိ နာမည် ကြီး စာသင်တိုက်ကြီးတစ်ခုတွင် ပထမကြီးတန်းထိ အောင်



ဂမ္ဘီရငှက်ပျောသီးနှင့်
ပုတီးမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com

မြင့်စွာ သင်ကြားခဲ့ရလေသည်။ အခြားပြင်ပဝိနယ စာမေးပွဲများကား ဖြေဆိုအောင်မြင်မှု များလှ၏။

တက္ကသိုလ်ဝင်တန်းအထိလည်း ခေတ်ပညာ သင်ဖူးပြီးသား ဌာနဆိုင်ရာနှင့် ကိုယ်ပိုင်လုပ်ငန်းများ ကြိုးစားလုပ်ဆောင်ခဲ့သဖြင့်လည်း ယနေ့ တိုက်နှင့် ကားနှင့် မဟုတ်သော်လည်း လူတန်းစေ့နေနိုင်သည်ဟူ၍ ဆိုရပေမည်။

အသက်(၅၀) ရောက်ခါနီးတုန်းက ကိုဖိုးဒါန်းအား အဘိုးကြီးတစ်ဦးက ဆိုက်ဆိုက်မြိုက်မြိုက် မိမိဆိုင်ခန်းကို ရောက်ရှိလာပြီး–

'မောင်ဖိုးဒါန်း လက်ရှိအလုပ်က'

'ကျွန်တော် လှိုင်သာယာမြို့ဦး အောင်မြေသာယာစေတီတော်ကြီးမှာ အခုလို ဗေဒင်ဆိုင်ခန်းဖွင့်ပြီး ဟောပြောအခါပေး ဓာတ်ဖွဲ့ကိစ္စတွေ ဆောင်ရွက်ပါတယ် အဘ'

'အေး··မင်းအသက်အရွယ်နဲ့ရော အလုပ်နဲ့ပါ ကိုက်ညီတဲ့ သီလဆောက်တည်မှုလေး လုပ်နိုင်မယ်ဆိုရင် ပိုကောင်းမယ်ကွယ့်'

'ဟုတ်ကဲ့ အဘ၊ အမိန့်ရှိပါဦးခင်ဗျ'

'အာဇီဝဋ္ဌမက သီလပဲကွယ့်။ မောင်ရင်တော့ သိပြီးသား ဖြစ်မယ်ထင်တယ်'

'ဩော်··ဟိုတုန်းက ရသေ့တွေ ဆရာတွေစောင့်တဲ့ သီလပဲ အဘ။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပါဝါစာ၊ မိစ္ဆာဇီဝါ ဆိုပြီး ရှစ်ပါးမဟုတ်လား အဘ'

'ဟုတ်ပါ့ဗျာ။ မောင်ဒါန်းက စာတတ်ပေတတ်ဆိုတော့ တယ်ဟန်ကျတာပဲ။ အဲဒီ အာဇီဝဋ္ဌမသီလက မောင်ရင့် အခုအလုပ်နဲ့လည်း အကိုက်ဆုံးပဲ။ ဘယ့်နှယ်လဲ'

'ဟုတ်ကဲ့၊ စောင့်နိုင်ပါတယ် အဘ။ ရာသက်ပန်စောင့်ပါ့မယ်ခင်ဗျ။ အခုလို တန်ဖိုးရှိတဲ့ လမ်းညွှန်မှုပေးတာကိုလည်း ကျေးဇူးတင်ပါတယ် အဘ'

'သာဓု··သာဓု··သာဓုဗျာ။ ကဲ··အဘလည်း သွားဦးမယ် မောင်ဒါန်းရေ'

'ဟုတ်ကဲ့ အဘ၊ ဖြည်းဖြည်းသွား အဘ'

◆◆◆

အဟဲဘန္တေ တိသရဏေနသဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ ဟူ၍ ပြောင်းလဲရွတ်ဆို သီလဆောက်တည်လာခဲ့သည်မှာ ဆယ်နှစ်ပင် ကျော်လေပြီ။

ထိုသီလပြောင်းလဲဆောက်တည်ပြီးမှ ဟောလိုက်ရသည့် ဗေဒင်များ သောက်သောက်လဲ လူဝင်လှသည်။ သို့သော် လောဘသတ်သော အာဇီဝဋ္ဌမကသီလကြောင့် သူဋ္ဌေးဖြစ်အောင် လောဘကြီး၍ မရတော့ပေ။ စေတနာထား ဆောင်ရွက်ပေးတတ်သဖြင့် အိတ်စိုက်ဆောင်ရွက်မှုများကြောင့်လည်း အယုတ်အလတ် အမြတ်မရွေး ဦးဒါန်းဗေဒင်ဟောခန်းတွင် လူဝင် မစဲပါပေ။ တပည့်များနှင့် တုံ့ကင်ပေးရလောက်အောင် လူစည်လှလေသည်။

ဦးဒါန်းကား လှိုင်သာယာမြို့၊ ကျုံစုရွာတွင် အိမ်ခြံမြေဝယ်၍ အေးချမ်းစွာနေရလေသည်။ ဇနီးသည်က အိမ်တွင် မူကြိုကလေးများ စာပြပေးသည်။ ကျောင်းသားများ စာတတ်လှသဖြင့် နာမည်ရလှလေသည်။ ထိုအမျိုးသမီးကား ကျောင်းသားများ ကျူရှင်ပြသည့်ကြားမှ တစ်နေ့လျှင် ပုတီး(၄)မျိုးစိပ်သည်။ တရားထိုင်သည်။ ငယ်စဉ်ကတည်းက ဘာသာရေးလွန်စွာလေးစားလုပ်ကိုင်သည့် ကျောင်းဆရာမကြီး (ပင်စင်ယူပြီး)လည်း ဖြစ်လေသည်။

အားလုံး အတိုချုံး၍ ရေးရလျှင် ဦးဒါန်းတို့အိမ်ကား ဘာသာရေးဦးဆောင်ကျင့်သုံးဖြစ်အောင်လည်း ကြိုးစားကြသော မိသားစုဖြစ်ကြောင်း ကျုံစုတစ်ရွာလုံး သိကြပြီးလည်း ဖြစ်လေသည်။ ဦးဒါန်း ညက အိပ်မက်အား နံနက် ရေနွေးဝိုင်းတွင် စကားစလေတော့သည်။

'အမေကြီးရေ··အင်း၊ ဘဝတစ်ဆစ်ချိုးတော့ ပြောင်းတော့မယ် ထင်တယ်ဟေ့'

'ဘာပြုလို့လဲ အဖေကြီးရဲ့'

'ပြီးခဲ့တဲ့လဆန်းပြီးကတည်းက မျက်စိထဲက မထွက်အောင် ကွင်းကွင်းကွက်ကွက် တစ်ထပ်တည်း မက်နေတဲ့ အိပ်မက် ဒီည မက်ပြန်ပဟ။ ငါတော့ လေ့လာအကောင်အထည်ဖော်ကြည့်မှထင်တယ်။ အကြောင်းတစ်ခုခုတော့ ရှိမယ်နဲ့တူတယ်'

'အဖေကြီးအို တစ်ခါပြောတဲ့ အိပ်မက်လား။ ဘာတဲ့၊ ကောင်းမှာ ယပ်တောင်စုတ်ကြီး ထိုးထားတဲ့ အသက်(၄၀) လောက်၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်၊ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com

အိတ်တွေ တွဲလို့တွဲလောင်းနဲ့ ဘေးမှာလည်း လွယ်အိတ် အထုပ်ကြီးနဲ့ အစုတ်အပြတ်တွေ ဝတ်ထားတဲ့ အရူးကြီး က အဖေကြီး နာမည်ခေါ်ပြီး တစ်နေရာကို ခေါ်သွား တယ်။ အဲဒီ အရူးကြီးမတွေ့ခင် ရေကြည်ဘူတာဆိုတဲ့ ဆိုင်းဘုတ် မှာတ်တယ် မဟုတ်လား'

'အင်း..ဟုတ်ပါ့။ မင်းတောင် ငါ့အိပ်မက် အလွတ် ရနေပြီပဲဟော့။ ကိုင်း..ငါတော့ သွားကြည့်လိုက်ချင်တယ် ကွာ'

'အင်း..စဉ်းစားတော့ စဉ်းစားစရာပဲ။ အဖေကြီး အစ်မနဲ့ ညီမတွေဆီ သွားရင်း ကြုံတော့ကြုံသွားပဲနော်'

'အေးဟ၊ ကဲ..ကြာသကွာ၊ ငါ့ကို ခရီးသွားဖို့ ပြင် ပေးပေတော့ဟေ့။ မနက်ဖြန် မိဘမေတ္တာ လေးမျက်နှာ ကားနဲ့ သွားလိုက်မယ်။ ကဲ'

'သိပ်တော့မကြာစေနဲ့။ ဒီမှာလည်း ဖေဒင်မေးတွေ က နေ့တိုင်း လာနေကြတာ ဆိုတော့လေ'

'အေးပါ..အေးပါ။ သိပါတယ်။ လုပ်စမ်းပါဟယ်'

မကြာမီတွင်တော့ ခရီးသိပ်မထွက်တတ်သော ဦး ဒါန်း ကားပေါ်တွင် တစ်စုံတစ်ရာ ဖြစ်မည်စိုးသောကြောင့် ရေလည်းမသောက်၊ အစာလည်း များများမစားပေ။ လှိုင် သာယာမြို့ (ဒဂုံဧရာ)အဝေးပြေးဂိတ်မှ သုံးနာရီခွဲ စတင် ထွက်ခွာသောကား အကွာအဝေး ကြားဖူးနားဝဖြင့် ခရီး အရ လေးနာရီထပ်ပေါင်းရမည် ဆိုသည်။ ဒါဆို (၇း၃၀) နာရီမှသာ ရေကြည်မြို့ကို ရောက်ပေမည်။ ငါးသိုင်း ချောင်းမြို့ကို ဖြတ်မည်။ ပြီးလျှင် လေးမျက်နှာသို့ မိုး တော်တော်ချုပ်မည့် ညနက်မှ ရောက်မည်ဟု ဆုံးဖြတ်မိ လေသည်။

ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်မုခ်ဝအနီးရှေ့ ငါး သိုင်းချောင်းမြို့၊ လောကမာရဇိန်စေတီတော်ကြီး မုခ်ဦး နှင့်လည်း မျက်စောင်းထိုး ဝါးခနိုဆိုင် အစ်မကြီးများအိမ် သို့ မိုးတော်တော်ချုပ်မှ ရောက်နိုင်သည်။

အမှန်က ဦးဒါန်း ရထားစီးသွားလိုသည်။ သို့သော် လှိုင်သာယာမှသွားလျှင် ရထားလမ်းနှင့် မပတ်သက်တော့ ပေ။ မတတ်နိုင် နောက်တစ်နေ့မှ ရေကြည်နှင့် ငါးသိုင်း ချောင်း ပြေးဆွဲနေသော ညီမမစောမြင့်၊ ကိုစောထွေးတို့ ကားစီးပြီး သွားရပေတော့မည်ဟု စဉ်းစားရလေသည်။ မောမောနှင့် ထမင်းပင် မစားတော့ဘဲ ခေါက်ဆွဲပြုတ်

အနည်းငယ်စား၍ အိပ်လိုက်၏။ နံနက်တွင် မောင်စော ထွေး ကားနှင့်ပင် ရေကြည်မြို့သို့ လိုက်ရလေသည်။

မောင်စောထွေးက မေးလာသေးသည်။

'အစ်ကို..ရေကြည်မှာ အမျိုးသားချင်းတွေ ရှိသေး လို့လား'

ဦးဒါန်းလည်း တစ်စုံတစ်ရာကို စဉ်းစားမိသဖြင့် ရယ်မိလေတော့သည်။

'ဟား..ဟား..ဟား..မဟုတ်ဘူး၊ မရှိပါဘူး။ ဒီပြင် ကိစ္စလေးရှိလို့ပါ'

'သြော်..ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကားက နှစ်နာရီ ရထားဆိုက်ပြီး ပြန်ထွက်မှာနော်။ အစ်ကို အချိန်သိ အောင်လို့'

'သြော်..ဟုတ်ပြီ၊ ဟုတ်ပြီ။ သိပါပြီ။ အေး..အေး.. ကဲ..ဒါဆို သွားပြီ'

ကိုစောထွေးတို့က ရေကြည်ဘူတာနောက်တွင်ပင် ကားဂိတ်ထိုးထားလေသည်။ မောင်စောထွေးအား နှုတ် ဆက်၍ ဘူတာပလက်ဖောင်းထိပ်ဘက်သို့ အိပ်မက်ထဲက အတိုင်း အမြင်အာရုံအား ပြန်လည်အာရုံပြု၍ လျှောက် လာခဲ့လေသည်။ ယခုအချိန် ဟုတ်,မဟုတ် အတိအကျ မသိသော်လည်း လွန်စွာခိုင်မာသော စွမ်းအားတစ်ခုက တွန်းပို့နေသည်မှာ ထင်ရှားသကဲ့သို့ ရှိသော်လည်း သူ့ အဖြစ်သူ တွေးမိ၍ ရယ်ချင်စိတ်ပင် ပေါက်သွားလေ သည်။

ရေကြည်ဟူသော စကြိုလမ်းထိပ် ဆိုင်းဘုတ်အား မမိုတ်မသုန်ကြည့်သည်။ မျက်စိကို တစ်ချက်ပိတ်၍ အာ ရုံပြန်ဖော်ကြည့်သည်။ ဘယ်ညာ မမှား၊ ပုသိမ်ဘက်မှ ဟင်္သာတမြို့ဘက်သို့ အသွားဖြစ်ရမည်။ ဆိုင်းဘုတ်အမြင် အရ ပုသိမ်ဘက်ကလာ၍ မြင်ရပုံဖြစ်ရမည်။ ထို့နောက် ဦးဒါန်း အလယ်မှ ရထားလမ်းအတိုင်း ကွမ်းတစ်ယာ ပါးစပ်အတွင်းသို့ ထည့်ဝါးလျက် ဆက်၍ လျှောက်လေ သည်။

ခပ်လှမ်းလှမ်း ရထားလမ်းဘေးတစ်နေရာ ကုက္ကိုပင် ကြီး အရိပ်အောက်တွင် လူကြီးလူငယ် ကျားမများ ဝိုင်း နေသော လူစုလူဝိုင်း တစ်စုအား မြင်လိုက်ရလေသည်။ ကြာခဲ့တော့ရှိသည်။ ရထားမလာသေး၍ ဘူတာတွင် လူရှင်းနေသည်။ မျက်လှည့်ဝိုင်းဟု ထင်ရသော ထိုလူ



www.burmeseclassic.com

www.burmeseclassic.com

ရှိရာ အရိပ်လည်း အလွန်ကောင်းသော ထိုဘုတာရှေ့ စောင်းစောင်း ထိုနေရာသို့ ဦးဒါန်း အလိုလို ခြေဦးလှည့်ဖြစ်သွားရလေတော့သည်။ အနီးသို့ ရောက်သောအခါ အနည်းငယ်အရိပ်နိမ့်သော လူများအနီးကပ်၍ အတွင်းသို့ အနည်းငယ် အကဲခတ်ကြည့်လိုက်လေရာ လူတစ်ယောက်သည် ရေတွေ ခွက်ချင်ဖြင့် သောက်လိုက်၊ ခွက်ချင်ဖြင့် အန်ပြလိုက်၊ ဆယ်ခွက်သောက်-ဆယ်ခွက်ပြန်၍ အန်ပြနေသည်ကို တွေ့ရ၏။ လွန်စွာထူးဆန်းလှသော ပြကွက်ဆန်း ဖြစ်လေသည်ဟု မှတ်ချက်ချမိ၏။

'အလို..ဟာ'

ဦးဒါန်း ရှိန်းခနဲ ဦးခေါင်းကြီးသွားသည်။ စွမ်းရည်များ ပြသနေသူသည် ဦးခေါင်း၏ ခေါင်းစီးပဝါတွင် ယပ်တောင်စုတ်တစ်ချောင်း ထိုးထားသော မျက်လုံးပြူးပြူး၊ အသားလတ်လတ်၊ အသက်(၄၀)ခန့်၊ လွယ်ပိုးထားသော အထုပ်ကြီး အထုပ်ငယ်များနှင့် ထပ်တလဲလဲ မက်နေသော အိပ်မက်ထဲက အရူးကြီးပင် ဖြစ်နေသောကြောင့် ဦးဒါန်း ကြက်သီးထ ခေါင်းကြီးသွားလေတော့သည်။

'နိတတ်တန်တု-သည်းခံ၍သာ ပြန်ကြပေတော့။ မှန်စွာမနေ ဟော့..ပြန်ပါလေတော့ အားလုံးပြန်ကြစေကုန်ရာသတည်း'

အရူးကြီးကား တင်ပျဉ်ခွေထိုင်၍ မျက်စိမှိတ်ပြီး ကြာနီကန်ဆရာတော်၏ လေသံအတိုင်း မေတ္တာပို့ အဆုံးသတ်နှင့် ပရိသတ်အား နှင်၍နေလေပြီ။ ရပ်ကြည့်နေသူများကား အရူးကြီးရှေ့မှ ချထားသော ငွေဖလားကြီးထဲသို့ ငွေအကြွေများ အသီးသီးထည့်ကြလျက် ပြုံးပြုံးရွှင်ရွှင် အော်ဟစ်ဩဘာပေး နှုတ်ဆက်ကြသည်ကို ကြည့်ရသည်မှာ ဤနေရာတွင် ထိုပုဂ္ဂိုလ်ကား ပတ်ဝန်းကျင်နှင့်ပင် ရင်းနှီး၍ နေလေပြီဟု ဦးဒါန်း မှတ်ချက်ချမိလေတော့သည်။ ခဏအကြာတွင်ကား လူကြီးရော လူငယ်များပါ တစ်ယောက်မှ မရှိကြတော့ပါပေ။

ထိုအရူးကြီးကား မှိတ်ထားသော မျက်စိကိုဖွင့်၍ ၎င်း၏ အလှူခံငွေဖလားအား လွယ်အိတ်ကြီးတစ်ခုအတွင်းသို့ တရိုတသေထည့်၍ လွယ်လိုက်ပြီးလျှင် ဘေးဝဲယာ ပတ်ဝန်းကျင်အား ကြည့်လေသည်။ မနီးမဝေးတွင် အံ့ဩခြင်း၊ မှင်တက်ခြင်းတို့ ပါဝင်စုပေါင်းလျက် ကျောက်ရုပ်ပမာ ရပ်နေသော ဦးဒါန်းကို မြင်လျှင် မျက်နှာတစ်ခြမ်း ဖျတ်ခနဲ တစ်ချက်ပြုံးလျက် ပစ်ခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး ဦးဒါန်းအနီးသို့ ခပ်ဖြည်းဖြည်း လျှောက်လာလျက် ပြီးနောက် မျက်နှာကိုလည်း သေသေချာချာကြည့်လျက် တစ်ချက်မဲ့လိုက်ပြီးလျှင် လွန်စွာအသံမြည်လှသော တောက်တစ်ချက်အား အလျင်ခေါက်လိုက်လေသည်။

'တောက်..မောင်ဒါန်း၊ နင့်စောင့်ရတာ ကမ္ဘာတစ်သိန်းလောက် ကြာသလား မှတ်ရတယ်ကွာ။ တယ်ခက်တဲ့ကောင်ပဲကွ။ အင်း..အေးလေ၊ အတွေ့အကြုံက 'စကားပြောတာပေါ့ကွာ။ ကဲ..ကဲ..ငါ့နောက် လိုက်ခဲ့'

ဦးဒါန်း ဒီဒိုင်ယာလော့နှင့် ဇာတ်ဝင်ခန်းကား အကြိမ်များစွာ ကပြီးနေပေပြီ။ ညက်၍ပင်နေလေပြီ။ ပြုံးမိ၏။

အရူးကြီးနောက်မှ လိုက်သွားသည်။ ရေကြည် ဘုတာနှင့် အတန်ငယ်ဝေးသော ဟသ်ာတဘက်သို့ သွားသော ရထားလမ်းအတိုင်းလျှောက်၍ ညာဘက်ချိုးသောအခါ ကွမ်းတစ်ယာညက်ခန့်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ရောက်လေတော့သည်။ ကျောင်းအမကြီး၏ နောက်ဘက် ဆွမ်းစားဆောင်အနီး အဇီအဆောင် လုပ်ထားသောအောက်၌ ကွပ်ပျစ်များ၊ မီးသွေးအိတ်များ၊ ဖားဖိုနှင့်လုံများ၊ တိုလီမိုလီပစ္စည်းများ ရှုပ်နေသော အခန်းသို့ ရောက်လေသောအခါ အရူးကြီးက ကွပ်ပျစ်ပေါ် အထုပ်များချ၍ အပန်းဖြေ ချွေးသုတ်၏။

ဦးဒါန်းက သောက်ရေအိုးစင်မှ ရေတစ်ခွက်ခပ်၍ သောက်မည်ပြုရာ-

'မောင်ဒါန်း..ရေမသောက်နဲ့ဦး။ ဒီကို လာဦးဟ'

သူထိုင်နေသောအနီးသို့ခေါ်သဖြင့် ဦးဒါန်း ရေခွက်ကို ပြန်ချထားခဲ့၍ သူ့အနားသို့သွား၍ ရပ်ရလေသည်။ အရူးကြီးသည် သူ၏ ကြီးမားသော လွယ်အိတ်ကြီးအတွင်းမှ သူငယ်စာ ငှက်ပျောသီးမှည့်တစ်လုံးကို ထုတ်ယူ၍ အခွံနွှာသည်။ ပြီး ဦးဒါန်းသို့ပေး၏။ ပြီးလျှင်ကား ပုလင်းကလေး တစ်လုံးထဲမှ မွဲပြာပြာအမှုန့်များ မန်ကျည်းစေ့ သုံးစေ့ခန့်ကို ဦးဒါန်း၏ ဘယ်လက်ဝါးကိုဖြန့်စေ၍ ထည့်ပေးလိုက်လေသည်။

'ကဲ..ငှက်ပျောသီးနဲ့ အဲဒီဓာတ်ပြာ တို့ပြီးစားလိုက်၊ မြန်မြန်။ ဒါ အရူး အမဲသားကျွေးတာ မဟုတ်ဘူး။ ငှက်ပျောသီးကျွေးတာ၊ စား။ အာဟာရအတွက်ကတော့ ခုနစ်

www.burmeseclassic.com

ရက်လောက်ကတော့ အသာလေးပဲ။ အေးဆေးပေါ့'

ဗိုက်ဆာလောင်နေသော ဦးဒါန်း ငှက်ပျောသီးတစ်လုံးနှင့်တော့ မဝ။ မရနိုင်ဟု စဉ်းစားလျက် လက်ဝါးထဲထည့်ပေးသော အမှုန့်များနှင့် တို့စားရလေသည်။ ကောင်းလိုက်တဲ့အရသာ အေးချိမ့်ပြီး ခန္ဓာကိုယ်တစ်ခုလုံး စိမ့်ခနဲ ခံစားလိုက်ရလေသည်။ ရေခဲရေ သောက်ရသည့်နှယ် ခပ်ဆင်ဆင် မွှေးပျံ့သော ငှက်ပျောသီးအား စားပြီး ရေသောက်လိုက်လေရာ ဗိုက်ဝသွားပြီဟု သိလိုက်ရလေတော့သည်။

'ကဲ‥မောင်ဒါန်း၊ အမောလည်းပြေ ဗိုက်လည်းဝသွားပြီမဟုတ်လား။ မင်းကို စောင့်နေတာ ဒီရေကြည်ဘူတာမှာ နှစ်လရှိပြီကွ။ မင်းတို့ ဉာဏ်အတော်ထုံတဲ့အကောင်တွေပဲကွာ။ သဘောပေါက်က တယ်ဝေးသကိုးကွ။ တစ်ခါ၊ နှစ်ခါဆိုတာ တိုက်ဆိုင်တာကွ။ သုံးလေးငါးခါမကဆိုတော့ တိကျတဲ့အကြောင်းရင်း ရှိလို့ဆိုတာမှတ်ကွ။ ဉာဏ်ထုံရင် ပင်ပန်းမယ်၊ သတိထား။ မင်းကအခုမှ စမှာ'

'ကျွန်တော်လည်း မကြုံဖူးတော့ ချက်ချင်းလိုက်နာဆောင်ရွက်မှု နှေးသွားတာ ခွင့်လွှတ်ပါ။ အကြောင်းသိပါပြီ'

'အေး‥အဲဒီလို လုပ်စမ်းပါ။ အကြောင်းသိရင် မင်းတပေါင်းအထိ ကောင်းမယ်။ အဲ‥တပေါင်း၊ တန်ခူးမှာအကြောင်းထူးမယ်။ မျက်စိလည်း ရှင်ရှင်ထား၊ နားလည်းပါးပါးထား။ အကြောင်းကင်းပြီး လောကမှာ ဘာမှမဖြစ်ဘူးကွ။ ဟောဒီ လွယ်အိတ်ထဲမယ် မင်းကို စောင့်ရင်းအလှူခံရထားတဲ့ ငွေလေးသောင်းတိတိရှိတယ်။ ယူသွား။ ရော့‥မင်းကိုယ်ရေးကိုယ်တာသုံးဖို့ ပေးတယ် မထင်နဲ့။ သုံးတတ်အောင် သုံးဖို့ဟေ့။ မောင်ဒါန်းရဲ့ တစ်ပြားမှမဖြုန်းမိစေနဲ့။ ကြားတယ်နော် မောင်ဒါန်း'

'ဟုတ်ကဲ့၊ ကြားပါတယ်'

'မင်း ဒီကပြန်တာနဲ့ သုဂတောငါးချက်၊ အဓိဋ္ဌာန်ဝင်၊ ပထမတစ်ထောင် စိပ်ပြီးရင် နေ့စဉ် တစ်နေ့(၉၀)ပတ်ရအောင်စိပ်။ ကြားလား'

'ဟုတ်ကဲ့ပါခင်ဗျ'

'ရအောင်လုပ်။ ထူးမှရှူး၊ ရှူးမှ ထူးတယ်။ ထူးမှစွမ်းမယ်။ စွမ်းမှ ခရီးရောက်မယ်။ ခရီးရောက်မှ အောင်မြင်မယ်။ ဒါ မင်းတာဝန်ပဲ။ နောက်ကိစ္စ နောက်လာလိမ့်မယ်။ ကဲ‥ဒါပဲ၊ မင်း ပြန်တော့။ နှစ်နာရီထိုးဖို့ မိနစ်(၃၀) လိုသေးတယ်'

ဦးဒါန်း လွယ်အိတ်အား ကောက်လွယ်၍ ဦးခေါင်းညွှတ် အလေးဂရုပြုလိုက်၏။ ဦးညွှတ်၍ ပြန်အမော့တွင် လှမ်းပေးသောပစ္စည်းအား ယူလိုက်ရလေသည်။ ငွေရောင်စမများ၊ ပုတီးလုံးတချို့တွင် ရေးထားသော ပုတီးမည်းမည်းကြီးတစ်ကုံး။ ဦးဒါန်း လွယ်အိတ်ထဲထည့်၍ ရေကြည်ဘူတာသို့ ရထားလမ်းအတိုင်း ပြန်လာခဲ့လေတော့သည်။

'ကောင်းသူကို ကယ်တင်မည်××× မကောင်းသူကို ဖယ်ရှားနှင်ခဲ့မည်××× ကောင်းတဲ့သူကို ကယ်တင်မည်××မကောင်းတဲ့သူကို ဖယ်ရှားနှင်ခဲ့သည်××× ဘုရား တရားတော်နဲ့အညီ××× ပြော်××× ကောင်းတဲ့သူကို ကယ်တင်မည်××× မကောင်းတဲ့သူကို ဖယ်ရှားနှင်ခဲ့သည်×××မသူတော်များ ဟား ဟား××× တော်ရာက ရှားဟဟား'

ထိုပုဂ္ဂိုလ်၏ လေးနက်သော အသံဝါကြီးနှင့် ဆိုလိုက်သော ဓမ္မတေးက မောင်ဒါန်းနှင့် ဝေး၍ဝေး၍ ကျန်ခဲ့လေတော့သည်။ ဦးဒါန်း၏ စိတ်အစဉ်တွင် ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ခံစားနေရသည်။ လောကီဂန္ဓာရီပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေ ထက်ထက်မြက်မြက် ရှိပါလျက် အရူးကဲ့သို့ ဟန်ဆောင်၍ နေကြသည်။ အန္တရာယ်မရှိအောင် ပတ်ဝန်းကျင်က ဂရုမစိုက်အောင် ရန်ရှာမည့်သူ မရှိတော့ အရူးနှင့်ဖက်၍ ဘယ်သူမှစကား မပြောချင်ကြ။ ထို့ကြောင့် လွတ်လပ်သော သွားလာနေထိုင် ဆောင်ရွက်မှုများ အောင်မြင်သည်ဟု ဦးဒါန်း ထင်မြင်မိလေသည်။

မည်သို့ပင်ဆိုစေ ထူးဆန်းသောခရီးကို ဆောင်နှင်လျက်ရှိသော ဂမ္ဘီရရထားကြီးအား ဦးဒါန်း လက်မှတ်မဝယ်ဘဲ စီးမိလျက်သား ဖြစ်နေသောကြောင့် ကိုယ့်ဟာကိုယ်တစ်ချက် ဟက်ခနဲ ပြုံးလိုက်မိသေး၏။ သူတို့ လုပ်ပြီးလျှင် ကွက်တိ အပိုတွေ အလိုတွေ မရှိ။ တစ်ကစသည်မိမိအား အစကပင် အတွေ့အကြုံ ခပ်ဆန်းဆန်းနှင့် စပေးပြီး ဦးဒါန်း လွယ်အိတ်တွင်းမှ ပေးလိုက်သော ပုတီးကြီးအား စမ်းကြည့်မိ၏။ အမျိုးအမည် မဖော်ပြတတ်သော ပီတိလှိုင်းတစ်ခု ခန္ဓာကိုယ်တစ်လျှောက် စီးမျောသွား

www.burmeseclassic.com

ကြောင်း သိရှိခံစားလိုက်ရသည်။ ပြီးတော့ အမှုကိစ္စအတွက် ငွေလေးသောင်းက တာဝန်သဖွယ် ပါလာသေး၏။

သချာတစ်ပုဒ်ကို ၄င်းတွက်နည်း မသိပါက မည်သည့် အခြားနည်းနှင့်မျှ အဖြေထုတ်၍ မရနိုင်ပေ။ တွက်နည်းသိပြီ ဆိုလျှင်တော့လည်း လွယ်လွန်းလှလေသည်။ ခက်ခဲသော၊ လျှို့ဝှက်သော၊ ပဟေဠိဆန်လှသော ဂမ္ဘီရသဘောများ ပြည့်နှက်နေသော ဤဂန္ဓာရီနယ်ထဲသို့ အဘယ်ကြောင့် ရောက်မှန်းမသိ ရောက်သွားလေသနည်း။ ဦးဒါန်းဆက် စဉ်းစားဖို့မလို။ ကံ,ကံ၏အကျိုး၊ လောကီဝိဇ္ဇာများသည် လောကအတွက် များစွာပင် အလုပ်လုပ်နေကြသည် မဟုတ်ပါလား။ သည်လိုဆိုလျှင် ငါလည်းပဲ...။

'ဟာ...အစ်ကို၊ အချိန်ကွက်တိပဲ။ ကားထွက်တော့မယ်။ လာ...လာ...အစ်ကိုကိစ္စသွားတာ အဆင်ပြေရောပြေခဲ့ရဲ့လား'

'အေး...အေး...မောင်စောထွေး၊ အဆင်ပြေပါတယ်ကွာ'

'ဟုတ်ကဲ့၊ ကောင်းတာပေါ့။ ကဲဟော့...လူပြည့်ပြီဆိုတော့ ထွက်ကြရအောင်ဟေ့'

ပြီးခဲ့သော မိနစ်အနည်းငယ်အတွင်းက ဟသ်ာတမှလာသော ပုသိမ်သို့သွားသော ရထားသည်ပင် ဘူတာမှ ထွက်ခွာသွားပေပြီ။

'တွီး...တွီး...တွီး'

ဘူတာရုံဂိတ် ကားဂိတ်မှူး၏ ဝီစီသံကား စူး၍ထွက်သွားပြီးနောက် ကိုစောထွေး မောင်းသော ငါးသိုင်းချောင်း-ရေကြည် ကားသည်လည်း ထွက်လေတော့သည်။

ရေကြည်ဘူတာမှ ကားထွက်လာခဲ့သော်လည်း ဦးဒါန်း၏ စိတ်အစဉ်ကား ယပ်တောင်စုတ်တစ်ချောင်း ဦးခေါင်းပဝါတွင် ထိုးထားသော မိမိအား ငှက်ပျောသီးနှင့် ပြဒါးပြာများ ကျွေးလိုက်သော ကျောင်းကြီး၏ အဖီဆောင် ဖိုရုံထဲမှာပဲ ရှိပါသေးကလားဟု...။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဆန်းဝင်း(အောင်မြေ)




စိတ်မနော အာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စိစစ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်စိတ် နှစ်ပါး ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

တောမျောက်က ကြိုးခွေ။
စိမ့်ကြီးမြိုင်ချောင်က၊
ရွှေဖိုးခေါင် သံချိုညောင်း၊ ခေါင်းကအိုးဝေ။
တောင်တံပြက်၊ ကျောက်စက်ကျစမ်းရေ၊
တွေတွေစိမ့်ကြည်အေး။
အိုနောင့်တည်းဟာမို့၊
ရွှေသည်းမှာ ကြွေကြွေဆူလှတယ်၊
နှမ်းသူ့ကြော့ငှဲ့လေး။

သာချိုတစ်ယောက် နွားစားကျက်ကုန်းရှိ ကုက္ကိုပင်အောက်၌ ထိုင်ရင်း ညည်းချင်းတေးကို ဖြည်းဖြည်းနှင့် တိုးတိုးလေး သီဆိုနေမိသည်။ ဒီတေးညည်းချင်းက သာချို၏ဖခင် လယ်ထဲဆင်း၍ အလုပ်လုပ်တိုင်း သီဆိုနေခဲ့သော တေးသွားလေး ဖြစ်သည်။ သူ၏ဖခင် မကြာခဏ သီဆိုလေ့ရှိခဲ့သော ကြောင့် သူ့နားမှာ



ယဉ်ဝါးနေခဲ့ပြီး ထိုညည်းချင်းလေးကို သူ အလွတ်ရနေခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ထိုတေးညည်းချင်းကို နှုတ်မှ သီဆိုပြီးနောက် ပလွေထုတ်ကာ မှုတ်တတ်ခဲ့သည့် ဖခင်၏ သင်ပေးခဲ့မှုကြောင့် သာချိုတစ်ယောက် ပလွေကိုလည်း ကောင်းကောင်းမှုတ်တတ်လာခဲ့သည်။

ယခုတော့ သာချိုဖခင်တစ်ယောက် ဤလောကကြီး၌ မရှိတော့။ သာချိုမိခင်က သာချိုကို မွေးပေးခဲ့ပြီးသည်နှင့် ဤလောကမှ စွန့်ခွာသွားသကဲ့သို့ သာချို ဆယ်နှစ်သား အရောက်တွင် သူ၏ဖခင်က သူ့ကို တစ်ယောက်တည်း ထားခဲ့ကာ ဤလောကမှ စွန့်ခွာသွားခဲ့ပြန်သည်။ ထိုအခါ ဖခင်၏အစ်ကိုက သာချိုကို ခေါ်ယူမွေးစားခဲ့ပြီး သူ၏ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်စေခဲ့သည်။ အဓိကအားဖြင့် သာချို လုပ်ကိုင်ရသည်မှာ သူပိုင် နွားတစ်ရှဉ်းနှင့် ဘကြီးပိုင် နွားနှစ်ရှဉ်းအပါအဝင် ဘကြီး၏ သားအရင်း သူနှင့်ညီအစ်ကိုဝမ်းကွဲတော်သူ အောင်ကြီးပိုင် နွားတစ်ရှဉ်းတို့ကို နေ့စဉ် ထိန်းကျောင်းရခြင်းပင် ဖြစ်သည်။

အောင်ကြီးက သူနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်မှန်သော်လည်း သာချိုထက် အောင်ကြီး ဆယ်နှစ်ခန့်ကြီးပြီး အိမ်ထောင်သည်တစ်ဦးဖြစ်ကာ ဖခင်နှင့် စီးပွားကွဲ ဖြစ်သည်။ ဖခင် အမွေခွဲပေးထားသ ကိုယ်ပိုင် လယ်ယာတွင် ကိုယ်တိုင် အားကြိုးမာန်တ လုပ်ကိုင်ရသည်ဖြစ်ကာ ကိုယ်ခွဲမရှိ၍ ပင်ပန်းစွာလုပ် ရရှာသည်။ သူပိုင် နွားတစ်ရှဉ်းကို လယ်ထွန်ကာ စပါးတိုက် ကာလတို့တွင်သာ အသုံးပြုပြီး ကျန်အချိ



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မင်းသူ ချစ်သူပေးသော လက်ဆောင်



[illegible] <ရှမ်း>

တွင် နွားများကို အနားပေးကာ အစာကျွေးပြုစုကာ အား ဖွေးပေးရ၏။ ဤသို့ နွားများကို အနားပေး အစာကျွေးရန် အတွက် ညီဝမ်းကွဲတော်သူ သာချိုကို ခိုင်းစေရခြင်း ဖြစ်သည်။ သာချို၏ ဘကြီးမှာလည်း ကိုယ်ခွဲမရှိဖြစ်လေ ရာ သူပိုင် နွားနှစ်ရှဉ်းကို အနားပေး၊ အစာကျွေးရန် သာချိုကိုသာ ခိုင်းစေသောကြောင့် သာချိုမှာ နွားများကို ထိန်းကျောင်း၍ ကောင်းသော စားကျက်များ၌ အစာကျွေး ခဲ့ရသည်။

သာချို့အနေဖြင့် နွားများကို ထိန်းကျောင်း၍ အစာ ကျွေးရခြင်း အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ကိုင်ရသောကြောင့် ဘကြီးဖြစ်သူက နွားစားကျက် ကောင်းများရှိသော ရွာမြောက်ဘက်အစပ်၌ သာချို နေ ထိုင် စားသောက်ဖို့အတွက် တဲအိမ်တစ်လုံးနှင့် နွားတင်း ကုပ်တို့ကို ဖန်တီးပေးခဲ့သည်။ သာချို စားဖို့သောက်ဖို့

www.burmeseclassic.com

အတွက်လည်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ငါးခြောက်ငါးခြမ်းတို့ကို အမြဲပုံပိုးထောက်ပံ့ပေးခဲ့၍ သာချိုအတွက် စားဖို့သောက်ဖို့ နေထိုင်ဖို့မှာ ပူစရာမရှိပေ။ နွားစားကျက်နှင့် သူနေထိုင်သည့်တဲမှာလည်း တစ်ခေါ် သာသာလောက်သာ ရှိလေရာ စားသောက်ချိန်ကျလျှင် တဲသို့ပြန်၍ အမြန်ချက်ပြုတ်စားသောက်လေ့ရှိသည်။

ညနေစောင်းလျှင် နွားများကို စားကျက်မှပြန်၍ ထိန်းကျောင်းခေါ်လာပြီး ဘကြီးနှင့် အစ်ကိုတို့ကိုစွ မရှိပါက သူ၏ နွားတင်းကုပ်တွင်သာ နွားများကို ချည်ထားပြီး ညနေ ထမင်းဟင်းကို ကိုယ်တိုင်ချက်ပြုတ် စားသောက်ပြီး အိပ်ရာဝင်လေ့ရှိသည်။

တစ်ခါတစ်ရံ ဘကြီးနှင့် အစ်ကိုဖြစ်သူတို့က နွားတို့ကို အသုံးပြုရန်ရှိပါက သူတို့အိမ်အသီးသီးသို့ နွားများကို သွားပို့ပေးရ၏။ ဤအလုပ်တို့မှာ သာချို လုပ်နေကျအလုပ်များ ဖြစ်သည်။

သည်လိုနှင့် သာချို လူပျိုပေါက်ဖြစ်ကာ အသက် (၁၈)နှစ်သို့ပင် ရောက်လာခဲ့သည်။ သာချိုအနေဖြင့် လူပျိုပေါက် အသက်(၁၈)နှစ် ရောက်ခဲ့သည့်တိုင် ရှင်မပြုရသေး။ ရဟန်းမခံရသေးပေ။ သို့အတွက်ကြောင့် ဘကြီးဖြစ်သူက လာမည့်နွေရောက်ပါက သာချိုကို ရှင်ပြုရဟန်းခံပေးရန် ပြောကြားထားသဖြင့် သာချို ဝမ်းသာနေလေသည်။

'ဘွတ်··အဲ'

နွားများက မြက်ခင်းစိမ်းစိမ်းများနှင့် ပြည့်နေသောစားကျက်တွင် အစာရထားသဖြင့် မြူးပျော်နေပုံရသည်။ သာချိုသည်လည်း ထိုစိမ်းမြမြ မြက်ခင်းစိမ်းတို့နှင့် တောသဘာဝ နွားအလုတို့ကိုကြည့်ရင်းမှ လွမ်းသလိုလိုဖြစ်လာ၍ ခါးကြားမှ ပလွေကိုထုတ်ကာ တေးတစ်ပုဒ်မှုတ်လိုက်သည်။ ချိုနှံ့သော ပလွေသံက အနီးအပါး မြက်ခင်းစိမ်းကွင်းပြင်ကြားတွင် သွဲ့သွဲ့လေးနှင့် လေယူရာ ပြေးဆော့နေသည်။

မြက်ခင်စိမ်းကွင်းပြင်များ၏ အရှေ့ဘက်ရှိ အနောက်ယွန်းယွန်းမှ တောအုပ်ထဲဆီသို့ ဝင်းဖန့်ဖန့်နေမင်းက ပြေးဆင်းသွားရန် တာဆူနေသည်။ ညနေချမ်း နေရောင်ဖျန်းချိန်က မြင်ရသူများအဖို့ အလွမ်းပိုစေသကဲ့သို့ သာချိုကိုလည်း အလွမ်းပိုခဲ့လေသည်ထင့်။

သာချို အလွမ်းစိတ်နှင့် ပလွေကိုကြူနေရာ နေရောင်က အနောက်ဘက်သို့ တဖြည်းဖြည်း ဝင်ရောက်သွားသည်။ ဒီတော့မှ သာချို သတိပြန်ရကာ နွားများကို ပြန်ထိန်းကျောင်းခေါ်ခဲ့ပြီး ချည်တိုင်မှာထားပြီး ညနေစာ ချက်ပြုတ်ရန် အမြန်စီစဉ်ရသည်။ သူ ထမင်းစားရန် အဆင်သင့်ဖြစ်နေချိန်တွင်တော့ မိုးက စွတ်စွတ်ချုပ်ကာ အမှောင် လွှမ်းသွားခဲ့လေပြီ။

◆◆◆

နံနက်စောစော သာချို အိပ်ရာမှထကာ နွားတင်းကုပ်မှ နွားများကို စားကျက်သို့ ခေါ်သွားရန် ပြုလုပ်နေ စဉ်မှာပင် ဘကြီးသိန်းလှ ရောက်ချလာသည်။

'သာချိုရေ··ဒီနေ့ ငါ မြို့ပေါ် သွားစရာရှိလို့ နွားတစ် ရှဉ်း ယူသွားတယ်။ ပြီးတော့ ဟောဒီမှာ မင်းစားဖို့ ရိက္ခာ မြေပဲ၊ ကုလားပဲနဲ့ ငါးခြောက်တချို့ ပါလာတယ်။ ဆန်ကုန်ရင်တော့ မင်းဟာမင်း အိမ်မှာ လာသယ်ချေကွာ ကြားလား။ ဪ··ဒါနဲ့ နွားတွေကို အရမ်း,အရမ်း လွှတ်မထားနဲ့နော်။ ခုတလော နွားခိုးမှုတွေ မကြာ,မကြာ ကြားနေရတယ်ကွ'

'စိတ်ချပါ ဘကြီးရာ။ ကျွန်တော်က နွားတွေကို စားကျက်လွှတ်ပြီး ကိုယ်လုပ်ချင်ရာ လုပ်နေတာ မဟုတ်ပါဘူး။ သူတို့နဲ့ အတူရှိနေတာပါ။ ဘာမှမဖြစ်စေရပါဘူး။ အဲဒီအတွက် ဘကြီး စိတ်ချနေပါ'

'အေး··အေး··အဲဒါဆို ငါသွားပြီပေါ့'

'ဟုတ်ကဲ့ပါ ဘကြီး'

ဘကြီးသိန်းလှက ပြောပြောဆိုဆို သူ့နွားတစ်ရှဉ်းကိုဆွဲကာ သာချိုတဲမှ ထွက်သွားသည်။ ဒီတော့မှ သာချိုက ကျန်နွားများကို စားကျက်သို့ခေါ်လာလိုက်သည်။ နွားတွေကလည်း စားနေကျစားကျက်မှာ လွတ်လွတ်လပ်လပ်အစာစားခွင့်ရကြပြီမို့ ပျော်နေကြသလို သာချိုကလည်း နွားတွေမှ တေးတစ်ပုဒ်ညည်းလိုက်ကာ ခါးကြားမှပလွေကိုထုတ်၍ တေးတစ်ပုဒ်မှုတ်လိုက်ဖြင့် အပန်းဖြေနေသည်။

အချိန်အတော်ကြာသွားသည်။ သာချို ဗိုက်ဆာလာသလို ဖြစ်လာသည်။ ဒီတော့မှ ပတ်ဝန်းကျင်ကို သာချို အကဲခတ်ကြည့်မိတော့ နေက မွန်းတည့်ချိန်ရောက်ဖို့ အနည်းငယ်အလိုမှာဖြစ်နေမှန်း သတိထားမိသည်။ မ

www.burmeseclassic.com

စားစားရန်အတွက် ထမင်းချက်ရန်ကို သတိရသွားပြီး နွားများကို စားကျက်၌ ချန်ထားခဲ့ပြီး မလှမ်းမကမ်းရှိ သူနေထိုင်ရာ တဲဆီသို့ ပြန်ခဲ့သည်။ တဲရောက်သည်နှင့် ထမင်းဟင်းများချက်ရန် ကိုယ်တိုင်ပြင်ဆင်လိုက်သည်။ ထိုစဉ် အဆင်သင့် ချက်ပြုတ်ပြီးသား ထမင်းဟင်းများကို မြင်တွေ့လိုက်ရလေရာ သာချို အလန့်တကြား အံ့အားသင့်သွားရသည်။

'ဟာ..ဘယ်လိုဖြစ်တာပါလိမ့်။ မနက်ကလည်း အိပ်ရာက စောစောထပြီး ငါ ထမင်းဟင်း မချက်ခဲ့မိပါဘူး။ ခု ဘယ်လိုဖြစ်ပြီး ထမင်းဟင်းချက်ပြီးသားတွေက အဆင်သင့် ဒီမှာ ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ။ ကောင်းကင်က တစ်ယောက်ကချက်ပြီး ငါစားဖို့ လာထားသွားတာများလား။ အတော်ပဲ။ ဘာပဲဖြစ်ဖြစ် ငါကံကောင်းတာပေါ့။ အဆင်သင့် ဒူးခပ်စားလိုက်ရုံပဲ'

မွှေးကြိုင်နေသော ဟင်းနံ့က သာချိုဗိုက်ကို ပို၍ ဆာလောင်မှုဖြစ်စေရာ သာချိုမှာ ဟန်ဆောင်မနေတော့ဘဲ အသင့်ချက်ပြုတ်ပြီးသား ထမင်းဟင်းတို့ကို မြန်ဆန်စွာ ဒူးခပ်စားသောက်လိုက်သည်။ ထမင်းဟင်းတို့မှာ နံနက်စာဝင်မက ညနေစာအတွက်ပါ လုံလောက်နိုင်စေရာ သာချို ဝမ်းအသာကြီး ဝမ်းသာသွားမိသည်။ ထမင်းစားပြီးသည်နှင့် သာချို၏မျက်လုံးများ မှေးစင်းလာပြီး အိပ်ချင်လာသဖြင့် သာချို ခေတ္တလဲလျောင်းလိုက်ရာ ခဏအတွင်းမှာပင် အိပ်ပျော်သွားတော့သည်။

'ကျွန်မက ဟိုနားကရွာမှာ နေပါတယ်။ အမည်က စောမာလာပါ။ ကျွန်မ ရှင့်ကို ဒီနားမှာ စတွေ့ကတည်းက စိတ်ဝင်စားမိပါတယ်။ ရှင်ဟာ တစ်ကိုယ်ရေတစ်ကာယ သမားဆိုတာလည်း ကျွန်မရိပ်မိပါတယ်။ အဲဒါကြောင့် ကျွန်မ ရှင့်ဆီလာပြီး ထမင်းဟင်းချက်ပြုတ်ပေးခဲ့တာပါ။ နောင်လည်း ကျွန်မ အခုလိုပဲ ရှင့်ဆီလာပြီး ရှင့်အခက်အခဲတွေကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးပါ့မယ်ရှင်။ အရေးကြီးတာက ရှင့်ဆီကို ကျွန်မ လာတာကို ရှင်က ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ပေးဖို့ပါပဲ။ ဒီနေ့တော့ အချိန်မရသေးလို့ နောက်နေ့မှ ထပ်လာခဲ့မယ်နော်'

'နေပါဦး၊ နေပါဦး၊ ကျုပ် ခင်ဗျားကို ပြောစရာရှိတယ်။ ခဏနေပါဦး'

သာချိုတစ်ယောက် အိပ်ပျော်နေရင်းမှ ယောင်ယမ်းထအော်လိုက်ပြီး ဘေးဘီသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ ပြီးနောက် သူ၏ မျက်လုံးနှစ်လုံးကို လက်ဖြင့် သေချာပွတ်၍ ဘေးဘီအနှံ့ လိုက်ကြည့်သည်။ သူ့ပတ်ဝန်းကျင်၌ ဘာကိုမျှ မတွေ့ရသောအခါ သက်ပြင်းချပြီး ထိုင်နေရာမှ ထကာ နွားစားကျက်သို့ လာလိုက်သည်။ နွားစားကျက် အနီးရှိ ကုက္ကိုပင်အောက်၌ထိုင်ပြီး စောစောက အကြောင်းကို သေချာပြန်စဉ်းစားကြည့်မိသည်။

ဒီတော့မှ စောစောက သူ ရုတ်တရက်အိပ်ပျော်သွားချိန်တွင် အိပ်မက်,မက်ခဲ့ပြီး လန့်နိုးလာခဲ့ပုံကို သတိရမိသွားသည်။ သို့ရာတွင် အိပ်မက်ထဲကမိန်းကလေး စောမာလာ ပြောသွားသည်များက အပြင်လက်တွေ့တွင် တစ်ပုံစံတည်း ဖြစ်နေသည်ကိုကြည့်၍ သာချို ကြက်သီးဖြန်းခနဲဖြစ်သွားသည်။ ထိုခဏအတွင်းမှာပင် အမွှေးနံ့တစ်ခုက ဝင်ရောက်ပျံ့နှံ့လာသည်။ ထိုအမွှေးနံ့မှာ သနပ်ခါးရေမွှေးနံ့နှင့် စံပယ်ပန်းရနံ့များ ဖြစ်နေသဖြင့် သာချို ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဝေ့ဝဲကြည့်သော်လည်း မည်သို့သော အရိပ်အယောင်ကိုမျှ မတွေ့ရချေ။ ထိုနေ့က နွားများကို စားကျက်မှ စောစောပြန်ခေါ်လာခဲ့ပြီးနောက် သာချိုတစ်ယောက် သူ့တဲအတွင်း၌သာနေ၍ အချိန်ကုန်စေခဲ့တော့သည်။

နောက်တစ်နေ့နံနက်တွင်လည်း သာချိုမှာ သူလုပ်စရာ နွားကျောင်းခြင်းအလုပ်ကို ပုံမှန်အတိုင်း လုပ်ဆောင်ခဲ့သည်။ နွားစားကျက်တွင် နွားများကို နေရာပေးပြီးနောက် သာချိုဦးနှောက်ထဲတွင် အတွေးတစ်ခု ရသွားသည်။ ထို့ကြောင့် မကြာမီ နွားစားကျက်၌ နွားများကို ထားခဲ့ပြီး သူ့တဲရှိရာသို့ ပြန်လာခဲ့လိုက်သည်။ ခြေသံကို မမြည်အောင်နင်းရင်း တဲအပြင်မှ တဲအတွင်းသို့ အကွယ်အကာမှ သေချာစွာ ချောင်းမြောင်းကြည့်ရှုလိုက်သည်။ ထိုစဉ် တဲအတွင်း၌ လှုပ်လှုပ်ရှားရှား ပြုနေသော အရာတစ်ခုကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။

'သူက ဘယ်သူလဲ။ သူနဲ့ငါနဲ့ ဘယ်တုန်းက ခင်ခဲ့ဖူးလို့လဲ။ သူက ဒီမှာ ဘာလာလုပ်နေတာပါလိမ့်'

သာချို ခေါင်းထဲမှာ စဉ်းစားရကျပ်သွားသည်။ စဉ်းစားမရ၍ ရင်ထဲမှာ မွန်းကျပ်လာသည်။ မြင်ကွင်းထဲတွင် လှပကြော့ရှင်းသော မိန်းမပျိုလေးတစ်ဦးက ထမင်းဟင်းများ ချက်ပြုတ်ပေးနေခြင်းဖြစ်သည်။ မိန်းမပျိုလေးက

www.burmeseclassic.com

www.burmeseclassic.com

သာချို ချောင်းမြောင်းကြည့်ရှုနေသည်ကို မသိ။ သူမ လုပ်စရာရှိတာကိုသာလျှင် အာရုံပြုလုပ်ကိုင်နေရှာသည်။ သာချို ထိုမိန်းမပျိုလေးကို ဂရုတစိုက် သေချာထပ်ကြည့်လိုက်သည်။

'ဟုတ်ပြီ၊ ခုမှသတိရတယ်။ ဒီအမျိုးသမီးက ဟိုနေ့က ငါ အိပ်မက်,မက်လို့ အိပ်မက်ထဲမှာ ငါ့ကိုလာပြောတဲ့ မိန်းကလေး။ ဟုတ်တယ်၊ ဘာတဲ့၊ သူ့နာမည်က စောမာလာတဲ့။ ဟုတ်တယ်။ သူမှ သူအစစ်ပဲ'

သာချိုနှုတ်မှ ဖြည်းညင်းစွာ ရေရွတ်ရင်း ချောင်းမြောင်းကြည့်ရှုနေရာ အကွယ်မှထွက်ကာ မိန်းမပျိုလေးရှိရာသို့ ခြေသံကို ဖွဖွနင်းကာ အနောက်ဘက်သို့ လျှောက်သွားလိုက်သည်။

မိန်းမပျိုနှင့် မလှမ်းမကမ်း ရောက်သည်တွင်-

'စောမာလာ၊ စောမာလာ'

သာချို၏ခေါ်သံကြောင့် စောမာလာက နောက်သို့ သမင်လည်ပြန်ကြည့်ကာ အံ့အားသင့်နေသည်။

'မင်းက စောမာလာ ဟုတ်ပါတယ်နော်။ တို့ကို အမှန်အတိုင်း ပြောပါနော်'

သာချိုက ပြောပြောဆိုဆိုဖြင့် စောမာလာအနီးသို့ တိုးကပ်သွားလိုက်ပြီး ထပ်မေးလိုက်သည်။ စောမာလာက ထူးဆန်းအံ့သြဖွယ် မျက်လုံးအစုံဖြင့် သာချိုကို ငေးကြည့်နေရှာသည်။

'ကဲပါ၊ မင်းသာ စောမာလာ တကယ်ဆိုရင် ငါ ဘာမှမပြောတော့ပါဘူး။ မင်းလုပ်စရာရှိတာကိုသာ လုပ်ပါ။ ငါ အားလုံးကို ခွင့်ပြုပါတယ်။ ဒါဆိုရင် မင်းသဘောပေါက်ပါတယ်နော်'

'ဝမ်းသာလိုက်တာ မောင်ကြီးရယ်၊ မောင်ကြီးရဲ့ဆန္ဒကို ခုလိုသိရတဲ့အတွက် စောမာလာ အရမ်းပဲ ပျော်ရွှင်ဝမ်းသာမိပါတယ်ရှင်။ ခဏလေးစောင့်နော်။ တော်ကြာဆို မောင်ကြီးစားဖို့ ထမင်းဟင်းတွေ ကျက်ပါပြီ'

စောမာလာက ထမင်းဟင်းများကို အမြန်ချက်ပြုတ်ပေးပြီးနောက် မကြာမီတွင် သာချို ထမင်းစားသုံးရန် အသင့်ပြင်ဆင်ပြီး ဖြစ်သွားသည်။

သာချိုကို ထမင်းဝိုင်းရှိရာ ဖိတ်ခေါ်ပြီးနောက်-

'ကဲ··မောင်ကြီး၊ ထမင်းစားသုံးလို့ ရပါပြီ။ စိတ်တိုင်းကျ စားသုံးပါနော်'

စောမာလာက ထမင်းဝိုင်းဘေးမှထိုင်ကာ ထမင်း ဟင်းများကို ခူးခပ်ပေးလိုက်သည်။

သာချိုကလည်း ထမင်းဝိုင်း၌ ဝင်ထိုင်ပြီး ထမင်း စားသုံးရန် ပြင်ဆင်ပြီးမှ-

'ဩော်··ဒါနဲ့ ဟောဒီက စောမာလာလည်း ကျွ တော်နဲ့အတူ တစ်ခါတည်း ဝင်စားပါလား။ ပြီးတော့ ဒီ ထမင်းဟင်းတွေက စောမာလာကိုယ်တိုင် ချက်ပေးထား တာဆိုတော့ အတူတူစားကြတာပေါ့။ လာပါ'

သာချိုက စောမာလာကိုပါ သူနှင့် ထမင်းအတူ စားသုံးရန် ခေါ်လိုက်သည်။ ပထမတော့ စောမာလာ ငြင်းမည့်ဟန်ပြုပြီးမှ နောက်ဆုံး ငြင်းမရမှာကို သိပြီးဖြ ၍ သာချိုနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ ထမင်းဝင်စား လိုက်သည်။ ထမင်းစားနေရင်းမှ တစ်ချက်,တစ်ချက်တွင် သာချိုနှင့် စောမာလာတို့ အကြည့်ချင်း ဆုံမိကြသည်။ ထိုအခါတိုင်း မျက်လွှာချသွားရသူမှာ သာချို ဖြစ်သည်။ စောမာလာကမူ သာချိုကို စူးစိုက်သောအကြည့်ဖြင့် ငေး မောစွာ ကြည့်ရှုနေမြဲဖြစ်ရာ သာချိုတစ်ယောက် စော မာလာ၏ အကြည့်များကြောင့် ကိုယ်တစ်ခုလုံး သိမ့်သိမ့် တုန်ကာ ကြက်သီးတဖြန်းဖြန်းထသွားရသည်။

သူတို့၏ အကြည့်များကို သူတို့နှစ်ဦးလုံး နားလည် သဘောပေါက်ကြသည်။ နားလည်သဘောပေါက်ကြ သည်ဆိုရာ၌လည်း ပါလာသော အထုံရေစက်နှင့် မေ ပါရမီတို့အားကြောင့် တစ်ဦးကိုတစ်ဦး မြင်မြင်ချင်း ခင်မြတ်နိုးသွားမိခဲ့ကြခြင်းပင် ဖြစ်သည်။ နှုတ်မှ ဖွင့် မပြောခဲ့ကြသော်လည်း နှစ်ဦးသား၏ ရင်ထဲတွင် အချ စိတ်က ရစ်ပတ်ချည်နှောင်သွားပြီ ဆိုသည်ကို သာချို စောမာလာပါ လက်ခံယုံကြည်ခဲ့ကြခြင်း ဖြစ်သည်။ ယောက်သား ထမင်းစားပြီးတော့ စောမာလာက သူ ပြန်ခွင့်ပြုရန် သာချိုထံ ခွင့်ပန်သည်။

'မောင်ကြီးအတွက် စားသောက်ဖွယ်ရာတွေကို ချ ပြုတ်ပေးပြီး မောင်ကြီးနဲ့အတူ နေ့လယ်စာ စားခဲ့ပြီး နှမကို ခွင့်ပြုပါနော်။ နောက်နေ့တွေကျမှ ထပ်လာ မယ်'

'ကောင်းပါပြီ စောမာလာ။ ကောင်းပါပြီ။ နောက် တွေမှာသာ မပျက်မကွက် ဆက်ဆက်လာခဲ့ဖို့ ဖိတ်ခေါ် ရစေနော်'

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ချပါ မောင်ကြီး'

စောမာလာ နှုတ်ဆက်ထွက်သွားပြီးနောက် သာချို ရင်ထဲမှာ ဟာတာတာဖြစ်၍ ကျန်ခဲ့သည်။ သာချို့မျက်လုံး ထဲတွင် စောမာလာ၏ ရုပ်ဆင်းသဏ္ဌာန်က ပျောက် သွား။ အချိန်တိုင်း စွဲမြဲစွာမြင်ယောင်မိနေသည်။ ထိုညက စောမာလာ၏ ရုပ်ပုံလွှာကို မြင်နေရ၍လည်းကောင်း စော မာလာ အကြောင်းများကို တွေးတောနေရ၍ ညဉ့်သန်း ခေါင်ကျော်ပြီးမှ သာချိုတစ်ယောက် အိပ်ပျော်ခဲ့ရရှာသည်။

နောက်တစ်နေ့ ရောက်သည်နှင့် သာချိုက ထုံးစံ အတိုင်း နွားများကို နွားတင်းကုပ်မှ ဆွဲယူကာ နွားစား ကျက်သို့ ပို့ပေးခဲ့သည်။ ပြီးနောက် သူ့တဲသို့ ပြန်လာချိန် တွင် စောမာလာက ရောက်နှင့်နေကာ ထမင်းဟင်းများ ချက်ပြုတ်ပေးနေသည်။ သာချိုက စောမာလာ ချက်ပြုတ် လုပ်ကိုင်ပေးနေသည်ကို ငေးကြည့်ရင်း ပီတိဖြစ်နေရှာ သည်။ သည်လိုနှင့် သာချိုနှင့် စောမာလာတို့၏ ချစ်ခင် မှုက တစ်နေ့ထက်တစ်နေ့ ကြီးမားကြံ့ခိုင်ခဲ့လေပြီ။

'စောမာလာ‥တို့တော့ မင်းကို အရမ်းချစ်မိသွားပြီ ကွယ်'

'ဟုတ်ရဲ့လား မောင်ကြီးရယ်၊ တစ်နေ့ကျရင် စော မာလာကို စွန့်သွားမှာ စိုးရိမ်မိပါတယ်။ တကယ်တော့ စောမာလာကလည်း မောင်ကြီးကို မြင်မိကတည်းက ချစ် ခင်စွဲလမ်းခဲ့ရသူပါ။ စောမာလာကို ခွဲမသွားခဲ့ပါနဲ့နော် မောင်ကြီး'

'စိတ်ချစမ်းပါ စောမာလာရယ်၊ ဟောဒီ မောင်ကြီး အသည်းနှင့်အောင်ချစ်ရတဲ့ စောမာလာကို ဘယ်တော့မှ ထားမသွားပါဘူးလို့ ကတိပေးပါတယ်ကွယ်'

'ဝမ်းသာလိုက်တာ မောင်ကြီးရယ်'

သာချိုနှင့် စောမာလာတို့၏အချစ်က တစ်နေ့တခြား တိုးပွားလာခဲ့လေရာ နှစ်ယောက်သား တစ်နေ့ မမြင်ရရင် မနေနိုင်လောက်သည်ထိ ဖြစ်ခဲ့ကြသည်။ တစ်လကြာ သောအခါ အချိန်ခဏလေးမျှပင် မခွဲနိုင်မခွာရက် ဖြစ်လာ ကြသည်။

'စောမာလာ‥ တို့တော့ မင်းကို မခွဲနိုင်တော့ဘူး ကွယ်။ မင်းရဲ့ မိဘညီအစ်ကိုမောင်နှမတွေဆီကို လိုက်ပြီး တောင်းရမ်းပါဆိုလည်း တို့ လိုက်ပြီး တောင်းရမ်းပါ့မယ် ကွယ်။ ဒီနေ့ကစပြီး တို့နဲ့ပဲ အတူနေရစ်ပါတော့နော်။ မောင်ကြီး တောင်းပန်ပါတယ်'

'မောင်ကြီးရယ်၊ စောမာလာက မိ,မရှိ ဖ,မရှိ တစ် ကောင်ကြွက် တစ်မျက်နှာသမားပါ။ ဘယ်သူ့ဆီကိုမှ လည်း မောင်ကြီး လိုက်ပါတောင်းရမ်းစရာ မလိုပါဘူး။ အရေးကြီးတာက ဟောဒီက စောမာလာဆိုတဲ့ နှမလေးကို မောင်ကြီးက မခွဲမခွာ ချစ်ခင်ပေါင်းသင်း နေထိုင်မယ်ဆို စောမာလာကလည်း မောင်ကြီးနားက တစ်ဖဝါးမှမခွာဘဲ နေထိုင်ပြီး မောင်ကြီးအလိုကျ ပြုစုပေးပါမယ် မောင်ကြီး ရယ်'

'ဝမ်းသာလိုက်တာ စောမာလာရယ်၊ ဒါဆို ဒီနေ့က စပြီး မောင်ကြီးတို့ ဒီအိမ်မှာ အတူတကွ ပေါင်းသင်းနေ ထိုင်သွားကြရအောင်နော်'

'မောင်ကြီးသဘောအတိုင်းပါတဲ့ရှင်'

ထိုနေ့မှစ၍ သာချိုနှင့် စောမာလာတို့နှစ်ဦး လင် မယားအဖြစ် ချစ်ခင်ကြင်နာစွာ ပေါင်းသင်းနေထိုင်ခဲ့ကြ သည်။ သာချို၏ ဘကြီးနှင့် အစ်ကိုကြီးတို့မှာ သာချိုထံ သို့ အလာကျဲကြလေရာ ထိုအကြောင်းကို အသေးစိတ် မသိရှာကြပေ။

တစ်နေ့ သာချို့ဘကြီး ခိုင်းစေလိုက်သော ရွာသား တစ်ယောက် သာချို တဲအတွင်းသို့ ဝင်ရောက်လာခဲ့ရာမှ သာချိုနှင့် စောမာလာတို့ နှစ်ဦးကို တွေ့သွားသည်။ ထို သတင်းက ဘကြီးထံ ရောက်သွားသည်။ မကြာမီ ဘကြီး သိန်းလှ ရောက်လာပြီး သာချိုကို ဆူပူကြိမ်းမောင်းတော့ သည်။

'သာချို‥မင်းက မိန်းမယူထားပြီးတာတောင် ငါ့ကို ဘာဖြစ်လို့ လာမပြောပြရတာလဲ။ ဘာလဲ၊ မင်းက ငါ့ကို ဂရုမစိုက်တာလား။ ပြီးတော့ မိန်းကလေးဘက်ကိုလည်း မင်း ငဲ့ကွက်ရမှာ မဟုတ်ဘူးလား။ တို့အမျိုးမှာ အဲဒီလို မကောင်းတဲ့အကျင့် မရှိဘူးကွ။ မင်း နားလည်လား'

'ဟုတ်ပါတယ် ဘကြီးရယ်၊ ကျွန်တော် အကျိုး အကြောင်း လာပြောမလို့ပါပဲ။ ပြီးတော့ သူကလည်း မိဘ ဆွေမျိုးမရှိတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာဆိုတော့ ကျွန်တော့်ကိုပဲ အားကိုးပြီး နေပါရစေလို့ပြောလို့ ကျွန် တော် ဒီအတိုင်း နေလိုက်တာပါ။ မကြာခင် ဘကြီးတို့ကို လာပြောဖို့ ကျွန်တော် စဉ်းစားထားပြီးသားပါ'

'ဟုတ်‥ဟုတ်ပါတယ် ဘကြီးရယ်၊ ကျွန်မ တောင်း

www.burmeseclassic.com

ပန်ပါတယ်။ ကျွန်မတို့နှစ်ယောက်ကို မခွဲပါနဲ့နော်။ ကျွန်မ ရှိကြီးခိုး တောင်းပန်ပါတယ်ရှင်'

စောမာလာက ဘကြီးကို ငိုယိုပြီး ရှင်းပြတောင်းပန် လိုက်မှ ဘကြီးသိန်းလှ သနားသွားကာ သာချိုနှင့် စော မာလာကို အတူတကွ ပေါင်းသင်းနေထိုင်ကြရန် ခွင့်ပြု ပေးခဲ့သည်။ ထိုနေ့မှစ၍ သာချိုနေထိုင်သည့် ပန်းပင်စု ရွာတစ်ရွာလုံး သာချို အိမ်ထောင်ကျသည့်အကြောင်း ပိုးလေးတကျော်ကျော် သိသွားကြတော့သည်။

ပန်းပင်စုရွာတစ်ရွာလုံး သာချို အိမ်ထောင်ပြုသည့် အကြောင်း သိသွားကြ၍ သာချိုနှင့် ငယ်ပေါင်းရွယ်တူ ယောက်ျားအပေါင်းအသင်းတချို့က သာချိုတို့ နေထိုင်ရာ တဲသို့ အရောက်လာကာ သာချို၏အမျိုးသမီး စောမာလာ ကို အကဲခတ်ကြည့်ရှုကြသည်။ သာချိုက ဂုဏ်ယူဝံ့ကြွား စွာဖြင့် ပျော်မဆုံး တပြုံးပြုံး ဖြစ်နေသော်လည်း စောမာ လာကမူ လူများနှင့် တွေ့ဆုံရမှာကို ကြောက်ရွံ့နေခဲ့ရရှာ သည်။ သို့ဖြစ်ရာ သာချိုထံသို့ လူစိမ်းများ လာရောက် တွေ့ဆုံတိုင်း စောမာလာတစ်ယောက် အိမ်တွင်းဝင်ပုန်း နေလေ့ရှိသည်။

တစ်နေ့ သာချိုတို့တဲဆီသို့ ပန်းပင်စုရွာသား မဟုတ် သည့် လူစိမ်းတစ်ဦး ရောက်ချလာသည်။ လူစိမ်းမှာ သာချို၏ ဦးလေးအရွယ်ဖြစ်ကာ ဆေးဆရာတစ်ဦးဟု သိရသည်။ ထိုဆေးဆရာက သာချိုနှင့် စကားပြောဆိုပြီး နောက် စောမာလာကို အကဲခတ်ကာ လှည့်ပြန်သွားသည်။

ထိုဆေးဆရာကို မြင်တွေ့ရသည့် စောမာလာမှာ အကြောက်ကြီး ကြောက်နေမှန်း သာချို သိလိုက်ရသည်။

'မောင်ကြီး အဲဒီလူကြီးက မောင်ကြီးကို ဘာတွေ မေးသွားလဲဟင်။ ပြီးတော့ နှမကိုရော ဘာတွေပြောသွား သေးလဲဟင်။ နှမ ကြောက်လိုက်တာ မောင်ကြီးရယ်'

'ဘာကြောက်စရာရှိလဲ စောမာလာရယ်၊ သူက မောင် ကြီးနဲ့ စောမာလာတို့ ဘယ်လိုဖူးစာဆုံခဲ့တာလဲဆိုတာကို ပဲ မေးတာပါ။ ပြီးတော့ အဲဒီလူကြီးက ဆေးဆရာကြီးလို့ ပြောတယ်။ မောင်ကြီးတို့ကို အန္တရာယ်ပြုမယ့်သူ မဟုတ် လောက်ပါဘူးကွယ်။ စိတ်မပူစမ်းပါနဲ့'

'မဟုတ်ဘူး မောင်ကြီး၊ နှမစိတ်ထဲမှာ ထင်နေတယ်။ အဲဒီလူကြီးက မောင်ကြီးနဲ့နှမကို ခွဲမယ့်သူ ဖြစ်လိမ့်မယ် ထင်တယ်။ တကယ်လို့ မောင်ကြီးနဲ့ နှမကို သူ တကယ် ခွဲမယ်ဆိုရင် မောင်ကြီး နှမကို မခွဲပါနဲ့နော်။ နှမ... ပစ်မသွားပါနဲ့နော်။ ဒါမှမဟုတ် မောင်ကြီးနဲ့ နှမတို့ ဒီ... နေ ဘယ်သူမှမသိအောင် ထွက်သွားကြရင် မကောင်းဘူး လားဟင် မောင်ကြီး'

'စောမာလာရယ်၊ မင်းချစ်တဲ့ မောင်ကြီးတစ်ယောက် လုံး မင်းအနားမှာ ရှိနေတာပဲ။ ဘာအားငယ်စရာ ရှိရမှာ လဲ။ မောင်ကြီးလေ၊ ဟောဒီနှမလေးကို ဘယ်တော့မှ ခွဲမသွားဘူးဆိုတာ ယုံစမ်းပါကွယ်နော်'

စောမာလာ၏ စိုးရိမ်စိတ်ကို သာချို ဖျောင်းဖျနှစ်သိမ့် ပါမှ စောမာလာ အကြောက်ပြေသွားသည်။ သို့သော် ထို ညက တစ်ညလုံး စောမာလာတစ်ယောက် သာချိုတို့ ထွေးပွေ့ငိုရှိုက်ရင်းတစ်ဖုံ၊ ထွေးပွေ့ယုယ နမ်းရှုံ့ရင်း တစ် သွယ်ဖြင့် ကြင်နာမှုအပြည့် နေလာခဲ့ကြရာ နံနက်အရုဏ် တက်ချိန်ကျမှပင် နှစ်ယောက်သား အိပ်ပျော်သွားကြ သည်။ သာချို မည်မျှအိပ်ပျော်သွားသည်မသိ တဲရှေ့ရှိ ဘကြီးသိန်းလှ အသံကြားမှ အိပ်ရာက နိုးလာခဲ့သည်။ ဒီတော့မှ နေအတော်မြင့်နေမှန်း သာချို သိသွားသည်။

'ဟကောင် သာချို၊ ဘယ့်လိုဖြစ်ပြီး ဒီအချိန်ထိ အိပ်ရတာတုန်း။ နေပါဦး၊ မင်းမိန်းမရော ဘယ်သွားလဲ'

ဘကြီးသိန်းလှမေးမှ စောမာလာကို ချက်ချင်းသတိရ သွားသည်။ တဲအတွင်းမှာ ချက်ချင်းလိုက်ရှာလိုက်သည်။ မတွေ့။ တဲထဲကထွက်ပြီး နွားစားကျက်သို့ အပြေးသွား ကာ ရှာကြည့်လိုက်သည်၊ မတွေ့။ သာချိုစိတ်တွေ ဘာ ရယ်မသိ စောမာလာအတွက် စိုးရိမ်ပူပန်မှုတွေဖြစ်ကာ ရင်မှာ တဒိတ်ဒိတ်ခုန်လာသည်။ နွားစားကျက်မှ ဘကြီး သိန်းလှရှိရာ တဲရှေ့ပြန်လာလိုက်သည်။

ထိုစဉ် မနေ့က သာချို့ဆီ လာသွားသည့် ဆေးဆရာ ကြီး ဆိုသူပါ ထပ်ရောက်လာသည်။ ဆေးဆရာကြီး... သူက သာချိုကို သေချာစွာ အကဲခတ်ကြည့်ပြီးနောက် မေးလိုက်သည်။

'မင်းမိန်းမ မရှိတော့ဘူး မဟုတ်လား' -

'ဗျာ'

'မျာနဲ့ မောင်ရင်၊ မောင်ရင့်မိန်းမက လူမှ မဟုတ် တာ'

ဆေးဆရာကြီး စကားကြောင့် သာချို မျက်လုံးပြူး မတတ် အံ့ဩသွားကာ ဆေးဆရာကြီးကို စူးစူးစိုက်စိုက်

www.burmeseclassic.com

ပြန်ကြည့်လိုက်သည်။ ပြီးမှ-

'ကျွန်တော့်မိန်းမက လူမဟုတ်ဘူး ဆိုတာတော့ မဖြစ်နိုင်ဘူး။ ကျွန်တော်ကိုယ်တိုင် ပေါင်းသင်းနေထိုင်လာခဲ့တာ ကျွန်တော် အသိဆုံးပါ။ နေပါဦး၊ ဆရာကြီးက ဘာဖြစ်ချင်လို့ ခုလိုတွေ လာပြောနေရတာလဲ'

သာချိုက မခံမရပ်နိုင်ဖြစ်ကာ ဆေးဆရာကြီးကို အသံမာမာဖြင့် ပြန်မေးလိုက်သည်။ အခြေအနေကို ကြည့်နေသည့် ဘကြီးသိန်းလှက သူတို့နှစ်ဦးအနီးသို့ သွားရပ်ပြီး ဝင်ပြောလိုက်သည်။

'ဒီမှာ သာချို၊ ဒီဆေးဆရာကြီးက အထက်ဂိုဏ်းက ဆရာတစ်ဦးလည်း ဖြစ်တယ်။ မနေ့က မင်းမိန်းမကို မြင်တွေ့ကတည်းက မင်းမိန်းမ လူမဟုတ်ဘူးဆိုတာ သူက သိသွားတယ်။ အဲဒီအကြောင်းကို မနေ့ကတည်းက ငါ့ကို ဝင်ပြောပြသွားတယ်။ ဆရာကြီး ပြောတဲ့အထဲမှာ ဆရာကြီးကို တွေ့သွားတဲ့ မင်းမိန်းမဟာ မကြာခင်မှာ မင်းဆီက ထွက်သွားလိမ့်မယ်ဆိုတာ ပါတယ်။ ဒါကြောင့် အခု ငါတို့ မင်းအခြေအနေကို လာကြည့်တာ။ ဆရာကြီးပြောတဲ့အတိုင်း မှန်နေပြီပဲ'

'ဟာ..ဘကြီးကလည်း မဖြစ်နိုင်တာ။ ဒါဆိုရင် ကျွန်တော့်မိန်းမက လူမဟုတ်ဘူးဆိုရင် ဘာလဲ'

သာချို့စကားကြောင့် သာချိုကိုကြည့်၍ ဆေးဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ ဖြည်းလေးစွာ ရှင်းပြလိုက်သည်။

'အင်း..လူလေး ယုံတာ မယုံတာကတော့ မတတ်နိုင်ဘူး။ မင်းမိန်းမက လူယောင်ဆောင်ထားတဲ့ ဥစ္စာစောင့်ပဲ။ သူနဲ့ မင်းနဲ့က ဘဝ,ဘဝက အကြောင်းအဆက်တွေ ပါလာလို့ သူက ခုလို လူယောင်ဆောင်ပြီး မင်းနဲ့ ခေတ္တ ပေါင်းသင်းနေထိုင်သွားနိုင်တာပဲ။ အကြာကြီး သူ နေလို့ မရဘူး။ သူ့ဌာနကလည်း သူ့ကို အကြာကြီး ပေးလွှတ်မထားဘူး။ ဒါကြောင့် သူပြန်သွားတာ'

'ဒါဆို သူ ပြန်မလာတော့ဘူးပေါ့နော်'

'ကျိန်းသေတယ် လူလေး။ သူ့ကို မင်း သံယောဇဉ်ဖြတ်လိုက်ပါတော့။ မင်း ကံကောင်းတာက မင်းကို သူနဲ့ တစ်ပါတည်းလိုက်ဖို့ ခေါ်မသွားတာ မင်း ကံကောင်းတယ်မှတ်။ ဒါ့ကလည်း ငါ့ကို သူမြင်သွားလို့ လက်လျှော့သွားပြီး သူတစ်ယောက်တည်း ထွက်သွားတာ ဖြစ်လိမ့်မယ်။ အကောင်းဆုံးကတော့ သူ့ကို သတိရတဲ့အခါ ကောင်းမှုတစ်ခုခုပြုပြီး အမျှအတန်း ပေးဝေလိုက်ပေါ့ကွယ်။ ကဲ..ကိစ္စလေးတွေရှိသေးလို့ ငါသွားလိုက်ဦးမယ်'

'သာချို..ဘာမှမစဉ်းစားဘဲ ကိုယ်လုပ်စရာရှိတာကိုသာ လုပ်ပေတော့။ နောက်ပိုင်း ဘာသံမှ ငါ မကြားချင်ဘူးနော်။ ငါလည်း သွားပြီ'

ဘကြီးသိန်းလှက ပြောပြောဆိုဆို ဆေးဆရာကြီးနှင့်အတူ သာချို့အနီးမှ ထွက်သွားသည်။ သာချို ငေးငိုင်ပြီး ကျန်ရစ်ခဲ့သည်။ သာချို့ရင်ထဲမှာ လောလောဆယ် 'စောမာလာကို မေ့၍ မရနိုင်သေး။ စောမာလာတစ်ယောက် ဥစ္စာစောင့်မဟု ဆိုသော်လည်း သူဆက်ဆံပေါင်းသင်းခဲ့ရသည့် အထိအတွေ့များက သာမန်လူသားနှင့် မခြားမို့ သာချို့စိတ်ထဲ မယုံနိုင်အောင် ဖြစ်နေခဲ့သည်၊ ရက်ပေါင်းများစွာ နှစ်ယောက်သား အတူတူနေထိုင် စားသောက်ခဲ့ကြသည်များကို သာချို့ရင်ကို ဝမ်းနည်းကြေကွဲစေသည်။ သည်စိတ်ကြောင့် သာချိုတစ်ယောက် အလုပ်မလုပ်ချင်၊ အစာမစားချင်ဖြစ်ကာ တဲအတွင်းမှာ တစ်ယောက်တည်း လူးလိမ့်နေမိသည်။

မည်မျှကြာအောင် လူးလိမ့်ရင်းမှ အိပ်ပျော်သွားခဲ့သည်မသိ အိပ်ပျော်သွားရင်းမှ အိပ်မက်တစ်ခုကို သူ အထင်းသား မြင်မက်လိုက်ရသည်။ ထိုအိပ်မက်ထဲမှာ စောမာလာက သူ့ထံလာပြီး တောင်းပန်စကားများ ဆိုသည်။ သူဖြစ်စေလိုသော ဆန္ဒတစ်ခုကို ပြောသည်။ သူပြောသည့်အတိုင်း လုပ်ဆောင်ရန် သာချိုကို တောင်းဆိုသည်။ သာချို ခေါင်းညိတ်လိုက်ချိန်မှာပင် စောမာလာ သူ့အနီးက ပျောက်ကွယ်သွားသည်။ သည်အိပ်မက်ဆုံးတော့ သာချို ဗြုန်းဒိုင်း အိပ်ရာမှ နိုးထလာခဲ့သည်။ သူ အိပ်မက်ထဲက စကားများကို သေသေချာချာ မှတ်မိနေသည်။ ပြန်စဉ်းစားကြည့်လိုက်တိုင်း စောမာလာအသံဖြင့် အတိုင်းသား ကြားနေရသည်။

'မောင်ကြီး..ကျွန်မက မောင်ကြီး ထင်သလို လူ မဟုတ်ပါဘူး၊ ဥစ္စာစောင့်ပါ။ ဒါပေမဲ့ ဘဝ,ဘဝက အကြောင်းဆက်တွေကြောင့် မောင်ကြီးကို မြင်မြင်ချင်း မေတ္တာမျှမိခဲ့ပါတယ်။ အဲဒါကြောင့် မောင်ကြီးနဲ့ မခွဲနိုင်လို့ လူယောင်ဆောင်ပြီး မောင်ကြီးအနားမှာ နေခဲ့တာပါ။ သူတွေ ဘယ်သူမှ မသိတဲ့အချိန်ထိ မောင်ကြီးနားမှာနေလို့

www.burmeseclassic.com

ရခဲ့ပေမယ့် သိုက်တူးမယ့် ဆေးဆရာကို တွေ့တဲ့အခါမှာတော့ နှမ နေလို့ မရတော့ပါဘူး။ နေခဲ့ရင်လည်း အဲဒီဆရာက မောင်ကြီးနဲ့နှမကို ခွဲမှာ ကျိန်းသေပါတယ်။ ဒီအချိန်မှာပဲ နှမရဲ့ သိုက်နန်းကလည်း နှမကို ပြန်ခေါ်နေတဲ့အတွက် နှမ ပြန်လာခဲ့ရပါတယ်။ နှမကို ခွင့်လွှတ်ပါ။ မောင်ကြီးတစ်ယောက်တည်း ခံစားကျန်ရစ်နေမယ်ဆိုတာ နှမ သိပါတယ်။ အဲဒီကြောင့် မောင်ကြီး နှမပြောတဲ့စကားကို သေချာနားထောင်ပါ။ လာမယ့်လပြည့်ည သန်းခေါင်ယံမှာ နှမတို့ သိုက်ပြောင်းရွှေ့ရပါမယ်။ အဲဒါ မောင်ကြီးဟာ နွားစားကျက်ကွင်းထဲမှာရှိတဲ့ ကုက္ကိုပင်ကြီးအောက်က စောင့်နေပြီး အရင်ဆုံးတွေ့တဲ့အရာကို ဓားနဲ့ခုတ်လိုက်ပါ။ ဘယ်သူ့ကိုမှ မပြောပါနဲ့။ နှမ ပြောတဲ့အတိုင်းလုပ်ပါနော်။ နှမ မောင်ကြီးကို နှုတ်ဆက်ခဲ့ပါတယ်"

သာချို ထပ်ကာ,ထပ်ကာတွေးတိုင်း အိပ်မက်ထဲမှာပြောသွားသည့် စောမာလာအသံက ရှင်းလင်းပြတ်သားစွာ ကြားနေရသည်။ သာချို ယုံရခက် မယုံရခက်ဖြင့် ဘာလုပ်ရမှန်းမသိ စဉ်းစားရကျပ်နေမိသည်။

သည်လိုနှင့် လပြည့်ညကို ရောက်လာသည်။ စောမာလာ ပြောခဲ့သည့် နွားစားကျက်ကွင်းသို့ သွားရကောင်းမည်လား၊ မသွားရကောင်းမည်လား ချီတုံချတုံဖြစ်နေရင်း ညဦးအတော်နက်လာသည်။ နောက်ဆုံး စောမာလာ ပြောခဲ့သည့်အတိုင်း ဟုတ်,မဟုတ် လက်တွေ့သိနိုင်ရန် နွားစားကျက်ကွင်းဆီသို့ ဓားတစ်ချောင်းကိုင်ကာ အရဲစွန့် ထွက်လာခဲ့သည်။

လပြည့်ညဖြစ်၍ နွားစားကျက်ကွင်းအတွင်း လရောင်ဖြန့်ကာ အရာရာကို သဲသဲကွဲကွဲ မြင်နေရသည်။ တစ်ခါတစ်ရံ မုတ်သုံလေတိုက်ခတ်လာမှုကြောင့် ကုက္ကိုပင်ကိုင်းတို့ လှုပ်ခတ်သံက တိတ်ဆိတ်သောညကို ချောက်ချားစေသည်။ အထီးကျန်မှဲ့ တစ်ကိုယ်ရေဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ညဦးယံအခါသမယကြောင့်လည်းကောင်း ချိန်းဆိုထားသည့် စကားအရ တွေ့ဆုံရမည့်အရာကို တွေးဆရင်း သာချိုရင်မှာ တထိတ်ထိတ်ခုန်နေမိသည်။

ထိုစဉ် သာချို ကြည့်နေသည့် မြင်ကွင်းအတွင်း မနီးမဝေးမှ ဆင်နှစ်ကောင် လျှောက်လာနေသည်ကို တွေ့ရသည်။ ရုတ်တရက် ကြောက်လန့်ကာ ကုက္ကိုပင်၏ကွယ်ကာ ရပ်နေလိုက်သည်။

ဆင်နှစ်ကောင်က ကုက္ကိုပင်ကို မကြာမီမှာပင် ဖြတ်ကျော်သွားသည်။ အဝေးကို သာချို လှမ်းကြည့်လိုက်ပြန်သည်။ မြင်းသုံးကောင် လာနေသည်ကို တွေ့ရသည်။ ဓားကို လက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မြင်းများကို ပြေးခုတ်ရန် စိတ်ကူးကြံစည်မိသည်။ သို့သော် နေရာက မရွေ့။ ထိုစဉ် မြင်းများက ဖြတ်ကျော်သွားကြပြန်သည်။ မကြာမီ မြင်းများနောက်မှ နွားသုံးလေးကောင် လိုက်လာသည်ကို တွေ့ရသည်။ လိုက်ခုတ်ဖို့ စိတ်ကူးကြည့်သည်။ ကြောက်စိတ်က စိုးမိုးနေ၍ နေရာမရွေ့။ ခဏအကြာတွင် နွားများက ဖြတ်ကျော်သွားကြပြန်သည်။ နွားများနောက်က ဆိတ်လေးငါးကောင် လိုက်လာသည်။ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဆိတ်များကို ဝင်ခုတ်ရန် တာဆူလိုက်စဉ်မှာပင် ဆိတ်များက အသားကုန်ပြေးသွားကြသဖြင့် သာချို မမီဘဲ ကျန်ရစ်ခဲ့သည်။ ထိုစဉ် မြွေကြီးတစ်ကောင် တရွေ့ရွေ့ လာနေသည်ကို သာချို လရောင်ဖြင့် အထင်းသား မြင်နေရသည်။

သာချို စိတ်ကိုတင်းကာ ကုက္ကိုပင်ရှေ့မှနေ၍ ထိုမြွေကို ခုတ်ပိုင်းရန် ဓားကိုမ,၍ အသင့်ပြင်ထားလိုက်သည်။ မြွေကြီးက အမြန်ရွေ့လျားနှုန်းဖြင့် သာချိုရှေ့က ဖြတ်ကျော်သွားသည်။ သာချို မျက်စိကိုမှိတ်၍ ဓားဖြင့် အလျင်အမြန်ခုတ်ပိုင်းလိုက်သည်။

"ချွင်"

ဓားနှင့် ထိသောအသံကြောင့် သာချို မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မြွေကြီးကို မတွေ့ရတော့။ မနီးမဝေးတွင် လရောင်ကြောင့် လင်းလက်နေသော အပိုင်းအစ တစ်ခုကို တွေ့လိုက်ရသည်။ သာချို အပြေးကောက်ယူကြည့်လိုက်ရာ လက်နှစ်သစ်ခန့်ရှိ ရွှေတုံးလေးတစ်ခုကို တွေ့ရသည်။ သာချို ယခုမှ သဘောပေါက်သွားသည်။ သို့ရာတွင် ညဦးက တဖြည်းဖြည်း နက်လာပြီမို့ သာချို တဲရှိရာသို့ ပြန်လာခဲ့လိုက်သည်။

ထိုညက သာချို အိပ်တော့ အိပ်မက်ထဲမှာ စောမာလာက သာချိုကို အပြီးအပိုင် နှုတ်ဆက်ပြီး ထွက်သွားခဲ့သည်ကို သာချို မှတ်မှတ်ရရ ရှိနေသည်။

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းဆီမှ ကြားနေရသည့် တပ်ရင်းဗီဒီယိုရုံမှ အသံအနည်းငယ်မှအပ ဝန်းကျင်တစ်ခိုတွင် တိတ်ဆိတ်လျက် လျှပ်စစ်မီးရောင်များ လင်းနေသော ထိုနေရာသည် မထွေးညို၏ တပ်တွင်း သက်သာဆိုင်ကလေးနှင့် ဘေးချင်းယှဉ်လျက် စည်စည်ကားကား ရှိနေပေလိမ့်မည်။ ဗီဒီယိုရုံကလေးတွင် တပ်တွင်းမိသားစုများနှင့် နီးစပ်ရာရွာအချို့မှ ဇာတ်ကားတစ်ကားကို ကြည့်နေကြမည် ဖြစ်သကဲ့သို့ မထွေးညို၏ ဆိုင်ကလေးတွင်တော့ ဘီယာ၊ အရက် စသည် သောက်နေသူများ ရှိနိုင်သည်။ ခရမ်းချဉ်သီး ခပ်များများဖြင့် သုပ်ထားတတ်သည့် မထွေးညို၏ လက်ဖက်သုပ်ကလည်း ရောင်းကောင်းနေမည့်အချိန် ဖြစ်သည်။ ကုန်မျိုးစုံအရောင်းဆိုင် ဖြစ်သဖြင့် ဝင်တိုးထွက်ဖြစ်နေမည့် ဈေးဝယ်များကလည်း မထွေးညို၏ ဝင်ငွေကို သရုပ်ဖော် တင်ဆက်နေပေရော့မည်။

လူစည်ကားလှသည့် ထိုဗီဒီယိုရုံနှင့် သက်သာဆိုင်ကလေးမှ အတော်အတန် ဝေးကွာလျက် တစ်ခေါ်သာသာ အရှေ့ဘက်တွင် သူ၏ရုံးကလေး တည်ရှိသည်။ ရုံးခန်းကလေးသည် ဘက်ထရီမီးမျှသာ ရှိသည်ဖြစ်၍ အလင်းရောင်က အားကောင်းမောင်းသန် မရှိလှ။ ရုံးခန်းဟုဆိုသော်လည်း သစ်ကြမ်းထည်ဖြင့် ရိုက်ထားသော ထိုင်ခုံနှင့် ထမင်းစား စားပွဲရှည်တစ်ခုသာရှိ၍ အခြားသော ပရိဘောဂ အသုံးအဆောင်က မရှိ။ ရုံးခန်း၏ မြောက်ဘက်ထိပ်တွင် အခန်းငယ်တစ်ခုကန့်လျက် သူ၏ အိပ်ခန်းရှိသည်။ ကျန်သည့် လေးပုံသုံးပုံမျှရှိသော အခန်းဧရိယာသည် ရုံးခန်းအဖြစ် သုံးထားသည်။ အောက်ခြေဒူးပိတ်နှင့် အပေါ်ဘက်တွင် နဖူးစည်းဆွဲထားရုံ အကာအရံရှိသော ရုံးခန်း၏ ဟာလာဟင်းလင်း အနေအထားကြောင့် ဝါးရုံများ အကြိုအကြားမှ ဖြတ်ဝင်နေသော လေညင်းသည်




ပွဲနောက်က
ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com

နေသာထိုင်သာ ဖြစ်နေစေ၏။

ရုံးခန်းအတွင်းရှိ ထမင်းစား စားပွဲရှည်ပေါ်တွင် ရေနွေးကြမ်းပန်းကန် နှစ်လုံးသာရှိ၍ ထိုအနီးတွင် သူနှင့် ဦးလေးသောင်း နှစ်ဦးသာရှိသည်။ ဦးလေးသောင်း၏အနီး စားပွဲအောက်ရှိ ကျောက်စရစ်နှင့် သဲကြမ်းများ ခင်းထားသည့် ကြမ်းပြင်တွင် ပလတ်စတစ်ပုံးကလေး ချထားသည်။ ထိုပလတ်စတစ်ပုံးကလေးသည် ဦးလေးသောင်း၏ နေ့စဉ် မှီဝဲရာ အရက်ပုံးကလေးသာ ဖြစ်ပေ၏။ တစ်ဦးတည်း အဖော်မဲ့နေသည်မှာ ကြာခဲ့ပြီဖြစ်သော ဦးလေးသောင်းအတွက် သူသည် မိတ်ဆွေသစ် သောက်ဖော်သောက်ဖက်ဖြစ်ကာ ဤနေရာကလေးသို့ ရောက်လာခဲ့သူ ဖြစ်သည်။ သူ ရောက်မလာမီက ဦးလေးသောင်းသည် တစ်ဦးတည်းသာ လုပ်ငန်းများကိုလည်း တာဝန်ယူထားသူ ဖြစ်၏။ ဤရုံးကလေးသည် တပ်ရင်းနှစ်ခုကို တည်ဆောက်ပေးရမည့် ယာယီရုံးခန်းလည်း ဖြစ်၍ သူ၏ စတည်းချရာ နေအိမ်လည်း ဖြစ်နေခဲ့တော့သည်။

ရုံးခန်း၏ နောက်ကျောဘက်တွင် ဆောက်လုပ်ရေး လုပ်သားတို့၏ တဲအိမ်ကလေးများသည် ဝါးရုံများ၏ အကြိုအကြားတွင် ဟိုတစ်လုံး သည်တစ်လုံးဖြင့် ရွာကလေးတစ်ရွာ ဖြစ်လျက်နေသည်။ ရုံးခန်း၏ တောင်ဘက်တွင်ကပ်လျက် အရှေ့-အနောက် ကတ္တရာလမ်းကလေး ရှိသည်။ ထိုလမ်းအတိုင်း တစ်ခေါ်မျှ အနောက်ဘက်သို့ လမ်းလျှောက်သွားလျှင် ယာယီတည်ဆောက်ထားသော တပ်ရင်းတစ်ခုရှိ၍ ဗိုလ်ပိုရုံနှင့် တပ်တွင်းသက်သာဆိုင်သည့် ထိုနေရာတွင် ဖြစ်ပေ၏။ ထိုယာယီတပ်ရင်းအလွန်တွင် ကင်းတားဆည်၏ လက်ဝဲလက်ယာမြောင်းမကြီးသည် တသွင်သွင်စီးလျက် ရှိနေပေလိမ့်မည်။ ထိုမီးအလင်းရောင်ရှိသည့် နေရာကလေးတွင် ဆောက်လုပ်ရေး လုပ်သားအချို့နှင့် တပ်မိသားစုများ စုစည်းမိရာအဖြစ် ညစဉ် မြင်တွေ့နိုင်ပေသည်။

သူရောက်နေသည့်နေရာသည် တစ်ချိန်က တောကြီးမျက်မည်းဖြစ်ခဲ့သည့် နေရာတစ်ခု။ လူသူအသိနည်းသော သမိုင်းတွင်ခဲ့သည့် မြို့ဟောင်းတစ်ခု တည်ရှိရာအရပ်၊ ရာဇဝင်လာ အဖြစ်အပျက်မြောက်မြားစွာတို့ ကိန်းအောင်းထားလေရာ ဘူမိနက်သန် ထိုအချက်များကို သက်သေဖြစ်စေမည်က မဝေးလှသည့် တောင်ဘက်တွင် မြင်နေရသည့် မည်းမည်းမှောင်မှောင် ပြကွဲရှေတောင်၊ ကန်စွယ်ရွာနှင့် အုန်းဘုတ်ရွာတို့ အကြားရှိ မြေစာပုံတစ်ဖြစ်လဲမိုင်းမောမြို့ရိုး တစ်ပိုင်းတစ်စ၊ ညောင်ကျုပ်ဆည်အနီးရှိ နွားကူး၊ ထီးလှိုင်၊ မြနဒီ စသည့်ရွာများ ဖြစ်ကြပေ၏။

ထိုနေရာ၊ ထိုဒေသတွင် ရှိနေသည့် သူ၏ ရုံးခန်းလေးအတွင်းသို့ ဆောင်းဝင်စ ညတစ်ညတွင် ရောက်လာသည့် ကိုကြည်မောင်၏ အဖြစ်က သောက်ထားသည့် အရက်တန်ခိုးတို့ကို ပျက်ပြယ်သွားစေခဲ့တော့၏။

◆◆◆

တပ်မြေဖြစ်လာသည့် ဤနေရာတွင် ယာခင်းအနည်းအကျဉ်းမျှသာ ရှိသည်။ ဝါးရုံများ၊ တောတန်းများ ထူထပ်လှစွာသော နွားကျောင်း၊ ဆိတ်ကျောင်း စားကျက်မြေတစ်ခုသာ ဖြစ်ခဲ့ဟန်ရှိပေ၏။ ဆောက်လုပ်ရေး တဲ ယာယီအချို့ တည်ရှိရာ၏။ နောက်ဘက်တွင် မုန်တောင်က အနားသတ်ထားကာ လျှိုမြောင်များ၊ ချုံနွယ်ပိတ်ပေါင်းများဝန်းရံလျက် စိမ့်စမ်းဂနိုင်အဖြစ် တည်ရှိခဲ့လေသော ကာလများကို ညွှန်းဆိုနေဆဲ။ မဝေးလှသော ပြကွဲရှေတောင်ကြီး၏ ထီးတည်းမားမား တည်ရှိနေမှုကလည်း သားသမင်တို့ ယနေ့တိုင် ခိုအောင်းနိုင်ဆဲပင်ဖြစ်သည်။ ဤနေရာအဝန်းအပိုင်းကလေးသို့ ရောက်လာသည်၌ စိတ်ဝင်စားဖွယ်များက သူ့ကို ဆီးကြိုနေတော့သည်။

ကတ္တရာလမ်းကလေးသည် ကင်းတားဆည် တည်ရှိရာသို့ ဖောက်လုပ်ထားသည့် လမ်းတစ်လမ်းဖြစ်ပြီး ရွာငံနှင့် မြစ်သားမြို့နယ်တို့ကို ဆက်သွယ်ပေးလေသည်။ အနောက်ဘက်သို့ ခုနစ်မိုင်ခန့်သွားလျှင် ကူမဲမြို့ကလေးတွင် ရန်ကုန်-မန္တလေး လမ်းမသို့ ရောက်သည်။ အရှေ့ဘက်သို့ သုံးမိုင်ခန့်တွင် နွားကူးရွာကလေးအနီး၌ တစ်ချိန်က အနော်ရထာမင်းစော၏ ညောင်ကျုပ်ဆည်ကို တွေ့နိုင်သည်။ ထိုမှဆက်၍ ရှင်နယ်ဘက်သို့ ရှမ်းရိုးမအတိုင်း တက်သွားလျှင် ကွင်းတားဘက်စုံတမံကို ရောက်နိုင်သည်။ ထိုလမ်းကလေးကို အသုံးပြုလျက်ရှိသော မော်တော်ကားများက များများစားစားမရှိ။ ကင်းတားဆည်မှ ဝန်ထမ်းများ၏ ဈေးကား၊ ကျောင်းကားတစ်စီး၊ တပ်ရင်းနှစ်ခုမှ ဈေးကား၊ ကျောင်းကား နှစ်စီးသာလျှင် ပုံမှန်ရှိသည်။ တစ်ခါတစ်ရံ၌သာလျှင် ထုံးဖိုများမှ ထုံးကား၊ ထင်းမီးသွေးကားများ ရှိကြသည်။ ကူမဲမြို့ကလေးသို့

www.burmeseclassic.com

နေ့စဉ် သွားလာနိုင်သည်မှာ ကျေးရွာများမှ မြင်းလှည်းများ ဖြစ်ပေ၏။

တပ်ရင်းအသစ်များကို တည်ဆောက်နေခြင်းဖြစ်၍ အဆောက်အအုံ တစ်လုံးစ နှစ်လုံးစတို့သည် တစ်နေရာမှ တစ်နေရာ အလွန်ကွာလှမ်းလျက် မျက်ကွယ်များစွာရှိသည်။ ထိုအခါ ကြီးကြပ်ရေးအခက်အခဲသည်လည်း ရှိနေရပြန်ပေ၏။ ညဘက်များတွင် ပြန်လှည့်သိမ်းဆည်းနိုင်ခြင်း မရှိသော ဘိလပ်မြေ၊ သစ် စသည်တို့ ပျောက်ရှမှုမှာ နေ့စဉ်နှင့်အမျှ ကြုံနေရတော့သည်။ လက်ကျန်ပစ္စည်း ရှိနေသူ ပန်းရန်လက်သမားတို့ကို ညအိပ်၍ စောင့်ရှောက်စေရပြန်၏။ ထိုအခါတွင်လည်း ညခင်းဘက်တွင် နားနားနေနေ အရက်သောက်လေ့ရှိသော ဦးလေးသောင်းကို ဒုက္ခပေးတတ်သည်များက ရှိလာပြန်သည်။

'ဦးလေးသောင်းရေ..ကျုပ်တို့တော့ မနေရဲဘူး။ အဲဒီနေရာက ညည်းသံတစ်ခု ကြားနေရတယ်။ ပြီးတော့ သဲတွေနဲ့လည်း ပက်သေးတယ်'

လုပ်သားတို့က ထိုသို့ဖြစ်လာလျှင် ဦးလေးသောင်းသည် သောက်ရေတစ်ခွက်ကို ခပ်လျက် ရေမန်းတိုက်ရသည်။ ဦးလေးသောင်းသည် အရက်ခွက်ကို ချထားကာ သောက်ရေခွက်ကိုကိုင်လျက် ရုံးခန်းအတွင်းတွင်ပင် တစ်စုံတစ်ခုကို ရွတ်ဖတ်သည်။ ထို့နောက် ထိုရေကိုတိုက်ကာ ပြောတော့သည်။

'ရေးတုန်းက မြို့ဟောင်းနေရာဆိုတော့ ရှိချင်လည်း ရှိနေမှာပေါ့ကွာ။ ကဲပါ၊ မင်းတို့တွေ ကိုယ့်အိမ်မှာကိုယ် ပြန်အိပ်လိုက်ကြတော့'

ထိုနည်းဖြင့်ပင် ညအိပ်စောင့်ရှောက်ရန် ရှိလေတိုင်း ဦးလေးသောင်းမှာ ရေမန်းတိုက်နေရတော့သည်။

လုပ်ငန်းများ စတင်ချိန်ကတည်းက ရေအခက်အခဲကြောင့် ရေစည်လှည်းများကို ငှားရမ်းခဲ့ရသည်။ ထိုရေစည်လှည်းများဖြင့် ကင်းတားမြောင်းမှရေကို တိုက်ယူကာ အဆောက်အအုံလုပ်ငန်းအတွက် သုံးရသည်။ လူတို့အသုံးအဆောင်အတွက် သုံးရသည်။ နောက်ပိုင်းတွင် ရေစုပ်စက်ကို အထိုင်ချ၍ ထားခဲ့ရသည်။ ထိုရေစက်သည်လည်း စောင့်ရှောက်သူ မရှိ၊ မည်သည့်လုပ်သားကမျှ ရေစက်အနီးတွင် မအိပ်ဝံ့ကြ။

တကယ်တမ်းတော့ မမြင်နိုင်သော ထိုအရာများသည် တာဝန်ယူလိုစိတ် မရှိသော လုပ်သားတို့အတွက် အကောင်းဆုံးသော အကြောင်းပြချက်တစ်ခုသာ ဖြစ်နေခဲ့တော့သည်။ ထိုက်တန်သော တန်ဖိုးတစ်ခု သတ်မှတ်ပေးလိုက်သည့်အခါ ထိုအရာများကို မတွေ့မကြုံရတော့ပါချေ။ ထိုသို့ အခြေတကျဖြစ်လာသော အခြေအနေသည် ထုံးဖိုပိုင်ရှင်ဖြစ်သူ ကိုကြည်မောင်တစ်ယောက် သူ၏ရုံးခန်းကလေးအတွင်းသို့ ပြုံးတုံးကြောင်တက် စကားမေးမရ ရောက်လာခြင်းနှင့်အတူ ပျောက်ဆုံးသွားခဲ့ရပြန်သည်။

◆◆◆

ကိုကြည်မောင် ဆိုသည်က ဤတော ဤတောင် ရေမြေသဘာဝတို့ကို နှံ့စပ်လှသော လူတစ်ဦးပင်။ လုပ်သားဘဝမှ လုပ်ငန်းပိုင်ရှင် ဖြစ်လာသူပီပီ မရောက်ဖူးသည့် တောင်စွယ်ဟူ၍မရှိ။ ထုံးကျောက်ရှာခဲ့သူ ထင်းရှားခဲ့သူ လုပ်သားတစ်ဦးသည် ထိုတောတောင်ရေမြေတို့၏ သဘာဝနှင့် အကျွမ်းတဝင် ရှိနှင့်ပြီးသားပင်။

တပ်ရင်းသစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ထုံးများ တင်သွင်းပေးနေသူ ကိုကြည်မောင်သည် အနီးအပါးရွာများတွင် မသိသူ မရှိသလောက် ဖြစ်ပေသည်။ ထုံးကား၊ ထင်းကားများဖြင့် လုပ်သားအများအပြားကို ထိန်းကျောင်းရင်း နေ့စဉ်နီးပါး ဖြတ်သန်းသွားလာနေသူ၊ သူ၏ရုံးခန်းကလေးသို့ မကြာခဏ ဝင်ရောက်နားခိုနေတတ်သူ တစ်ခါတစ်ရံ ညဘက်တွင် အပန်းဖြေရင်း ဦးလေးသောင်း၏ အရက်ပုံးကလေးတွင် ကူညီအားဖြည့်တတ်သူ၊ ထိုသို့သော ကိုကြည်မောင်သည် ဆောင်းဝင်စ ညတစ်ည ရုံးခန်းကလေးသို့ ရောက်လာခဲ့ပြီး အရက်အစား ဦးလေးသောင်း၏ ရေမန်းကို တိုက်လိုက်ရတော့သည်။

သူ၏ရုံးခန်းမှ အရှေ့ဘက်သို့ ကတ္တရာလမ်းအတိုင်း သုံးဖာလုံခန့်တွင် လမ်း၏မြောက်ဘက်၌ မုန်တော အစွန်အဖျားက လမ်းဘေးအစပ်အထိရှိသည်။ ထိုနေရာ၏ လမ်းတောင်ဘက်အခြမ်းတွင် တပ်ရင်းသစ်၏ လု ဆောင်များ တည်ဆောက်နေသည်။ ထိုအနီးတွင် တဲအိ ငယ်တစ်လုံးရှိပြီး မြင်းလှည်းသမားမိသားစု နေထိုင် ၏။ ထိုမှ အရှေ့ဘက်သို့ နှစ်မိုင်နီးပါးတွင် မြောက်ဘ သို့ လမ်းခွဲတစ်ခုရှိသည်။ ထိုလမ်းသည် မြနန်ဒီ သွားရာလမ်းဖြစ်၍ တောင်ဘက်အခြမ်းတွင်တော့

www.burmeseclassic.com

ကြည်မောင်၏ ထုံးဖိုသို့ သွားရာလမ်းခွဲရှိလေသည်။ လုပ်သားများ၏ တဲအိမ်ငယ်များဖြင့် ထုံးဖိုသည်လည်း ရွာတစ်ရွာကဲ့သို့ပင် ရှိပေ၏။

ထိုညက ကိုကြည်မောင်သည် သူ၏စီးနေကျ စက်ဘီးအိုကြီးကိုတွန်းလျက် ရုံးခန်းရှိရာသို့ လာသည်။ လာနေကျပုံအတိုင်းထင်၍ နှုတ်ဆက်သည့်အခါ ပြန်မပြောနိုင်။ တဲအိမ်တစ်လုံးဖြင့် နေထိုင်သော မြင်းလှည်းသမားက သူ့ကို ထိန်း၍ ခေါ်လာခြင်းဖြစ်သည်။

'ဆရာတို့ရုံးကို လိုက်ပို့ခိုင်းနေတာဗျ။ အိမ်ရှေ့ခယ်လာပြီး လဲနေတာ'

မြင်းလှည်းသမား ပြောသည့်အခါတွင်မှ သေချာကြည့်မိသည်။ ကိုကြည်မောင်သည် မျက်လုံးများက ပြူးနေသော်လည်း အနီးတွင် ရှိနေသူများကို မြင်ပုံမရ။ သူ၏ အကြည့်ကလည်း သာမန်လူတစ်ဦးနှင့်မတူ။ ထိုအခြေအနေကို တွေ့ရသည့်အခါ ထုံးစံအတိုင်း ဦးလေးသောင်းက ရေတစ်ခွက်ဖြင့် ရွှတ်ဖတ်နေတော့သည်။

'သတိရှိလို့သာ ကျုပ်ကို အားကိုးပြီး အိမ်ရှေ့ရောက်နေတာ တစ်ခုခုကို လန့်လာတဲ့ သဘောပဲဗျ'

မြင်းလှည်းသမား ပြောသည့်အခါတွင်မှ သတိထားမိသည်မှာ ဆောင်းဝင်စ အအေးသည် ဖောချွေးပြန်နေသည့် ကိုကြည်မောင်၏အပူကို မတိုးနိုင်ဖြစ်နေရသည်။ အရက်သောက်ထားသည့် လက္ခဏာကိုလည်း မတွေ့ရ။

အချိန်အနည်းငယ်ကြာသည့်အခါ ဝိုင်းဝန်းနှိပ်နယ်ပေးနေသူတို့၏ အစွမ်းလေလား၊ ဦးလေးသောင်း၏ ရေခန်းအစွမ်းလေလား မကွဲပြားသော်လည်း ကိုကြည်မောင်မှာ ပုံမှန်အနေအထားဖြစ်လာသည်။ ထိုအခါတွင်မှ စကားလုံးအချို့ကို ပြောတော့သည်။

'ထုံးဖိုမှာ ငွေရှင်းပြီး ပြန်လာတာဗျ။ မြနဒီလမ်းခွဲကျော်လာမှ စက်ဘီးပေါ် တစ်ယောက်ယောက် တက်စီးလိုက်သလို ငြိမ့်ခနဲဖြစ်သွားတယ်။ စိတ်ထင်လို့ နေမှာပါဆိုပြီး လှည့်မကြည့်မိဘူး'

ကိုကြည်မောင်သည် ပြောရင်း စဉ်းစားနေသေးသည်။ ရဲဆေးတင်သည့်အနေဖြင့် အရက်ခွက်ကိုလည်း သောက်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

'သိတဲ့အတိုင်းပဲဗျာ၊ လမ်းက အဆင်းဆိုတော့ စက်ဘီးတောင် နင်းစရာမလိုတဲ့နေရာ'

မှန်ပေသည်။ ထိုနေရာသည် တစ်လျှောက်လုံး အဆင်းလမ်း ဖြစ်ရုံမက လမ်းမှာလည်း ချိုင့်ခွက်မရှိ ကောင်းမွန်သည်။

'အံကြိတ်ပြီး အားကုန်နင်းတာတောင် စက်ဘီးက ရွေ့တယ်ဆိုရုံလိမ့်တာဗျ'

ကိုကြည်မောင် ပြောပြသည့်အခါ ကြက်သီးမွေးညင်းထစရာဖြစ်သည်။ တစ်ယောက်က မေးပြန်သည်။

'ခင်ဗျားက နောက်ကို လှည့်မကြည့်မိဘူးလား။ သရဲတက်စီးတာ ဖြစ်မှာပေါ့'

'ကျုပ်က ဒါမျိုး မကြောက်တတ်ဘူးဗျ။ ဒါပေမဲ့ နောက်လှည့်ကြည့်မိမှ တစ်ကိုယ်လုံး ကြက်သီးတွေထပြီး ဆံပင်တွေတောင် ထောင်သွားသလိုပဲ'

'ဒါဆို ဘာကောင်ကြီး တက်စီးနေတာတုံး'

'ကျုပ် ကြောက်သွားတာက အဲဒါပဲဗျ။ စက်ဘီးနောက်ကခုံမှာ ဘာမှမရှိဘူးလေ။ ဒီကောင့် အိမ်ရှေ့ကိုရောက်တော့ ခြေကုန်လက်ပန်းကျပြီး လဲသွားတာပဲ'

ကိုကြည်မောင်၏ စကားဆုံးသည့်အခါ နားထောင်နေသူအားလုံး သက်ပြင်းချကြသည်။ အရက်ဝိုင်းသိမ်းသည့်အခါ မပြန်ရဲဖြစ်နေသည့် မြင်းလှည်းသမားကို အချို့က လိုက်ပို့ကြသည်။ ထိုတစ်ညက ရုံးခန်း၏ လဟာပြင်တွင် ကိုကြည်မောင်တစ်ယောက် အိပ်ပျော်သွားခဲ့လေသည်။

ကိုကြည်မောင်၏ အဖြစ်အပျက်ကြောင့် လုပ်သားများ နေထိုင်ရာ တဲအိမ်ရွာကလေးတွင် ဝေဖန်ပြောဆိုစရာ အကြောင်းတစ်ခု ပေါ်လာရတော့သည်။ အချို့ကလည်း ထိုနေရာတွင် ဘယ်ရွာက ဘယ်သူကဖြင့် ဘယ်ကဲ့သို့ ခြောက်လှန့်ခြင်းခံရပုံ စသည့် ဇာတ်လမ်းစုံ ပေါ်ထွက်လာတော့၏။ အချို့ စဉ်းစားတတ်သူများကလည်း ထုံးဖိုတွင် ငွေရှင်းသည်ကို သိရသဖြင့် လုယက်လိုသူ တစ်ဦးဦးကြောင့် ထိတ်လန့်မှုဖြစ်နိုင်ကြောင်း သုံးသပ်ပြောဆိုနေကြပြန်သည်။ မည်သို့ပင်ဖြစ်စေ စက်ဘီးအိုကလေးဖြင့် အချိန်အခါမဲ့ သွားလာနေတတ်သည့် ကိုကြည်မောင်တစ်ယောက် ထိုရက်များမှစတင်ကာ စက်ဘီးဖြင့် ထိုလမ်းပေါ်တွင် ကျူးသန်းသွားလာနေသည်ကို မတွေ့ရတော့သည်မှာ အမှန်။


မောင်လှ

www.burmeseclassic.com

မောင်မင်းသူ ဘွဲ့ရတော့ အတယ် ဆုံးလေပြီ။ ထို့ကြောင့် မိသားစုအဲတွင် တာဝန်အရှိဆုံးဖြစ်သည့် သားကြီးဖြစ်သူ မောင်မင်းသူက အတယ်၏ နေရာသို့ဝင်ကာ စီးပွားရေးကို ဦးဆောင်ရသည်။ အတယ် တည်ထောင်ခဲ့သည့် စီးပွားရေးလုပ်ငန်းကား ထားဝယ်ဘက်မှ ထွက်သည့် ရေထွက်ပစ္စည်းများဖြစ်သော ငါးခြောက်၊ ပုစွန် ခြောက်၊ ပုစွန်ငါးပိ၊ ပုစွန်ငံပြာရည် စသည်တို့အား ကိုယ်ပိုင်စက်လှေကြီးနှင့် တင်ကာ ရန်ကုန်မှာ ဆက်သွယ်ထားသည့် ဖောက်သည်များထံသို့ တင်ပို့ကာ ရောင်းချရခြင်း ဖြစ်သည်။ အရောင်းသဘောကား ပင်ပန်းခက်ခဲလှသည် မဟုတ်ပါ။ ဤကုန်များကို ပြည့်စုံ လုံလောက်စွာ စုဆောင်းထားနိုင်ရန်အတွက် အဝယ်သဘောတွင် ကြိုးစားရသည်။

# တေဇအောင်

## ချစ်သူပေးသည့် မွှေးရနံ့



www.burmeseclassic.com



www.burmeseclassic.com

အခြေအနေကို ရာသီဥတု၏ အနေအထားကိုသာမက ယုံကြည်စိတ်ချရသော လူကိုလည်း မွေးရသည်။ ရေလုပ်သားများအား တစ်နှစ်စာအတွက် ကြိုတင်၍ ငွေပေးထား၊ ကုန်ကောင်းရရန်အတွက် ရင်းနှီးစွာ ပေါင်းသင်းထားရခြင်း၊ မိမိဘက်ကလည်း အနစ်နာခံသင့်သလောက် ခံယူရသည်။ အသာချည်း လိုချင်၍ မဖြစ်နိုင်ချေ။ ဤအလုပ်များကို အတယ်သည် ကောင်းစွာနိုင်နင်းခဲ့သည်။

ထို့ကြောင့်လည်း မောင်မင်းသူနှင့် သူ့အောက်မှယောကျ်ားကလေးသုံးယောက်၊ မိန်းကလေးတစ်ယောက်ရှိသည့် သားသမီးငါးယောက်လုံးကို ကျောင်းကောင်းကောင်း ထားနိုင်ခဲ့လေသည်။

ခုတော့ ဤတာဝန်များအားလုံး မောင်မင်းသူ ခေါင်းပေါ်သို့ ရောက်လာသည်။ ညီနှစ်ယောက်နှင့် ညီမလေးတစ်ယောက်ကို ဘွဲ့ရသည်အထိ ကျောင်းထားပေးရဦးမည်။ အမေကတော့ မောင်မင်းသူကို အလွန်အားထားသည်။ ချစ်သည်မှာလည်း အလွန်ပင်။ သားကြီး၊ သားကြီးနှင့် နှုတ်မှာ စီးနေသည်။ နာမည်ကိုပင် ခေါ်သည်ဟုမရှိခဲ့။ ထို့ကြောင့် အိမ်နီးချင်းများနှင့် အပေါင်းအသင်းမိတ်ဆွေများကလည်း မောင်မင်းသူကို သားကြီး၊ အဒေါ်နှင့် အစ်မများကလည်း သားကြီးဟုသာ ခေါ်နေကြ၍နာမည်ရင်းပင် ပျောက်နေပြီ။

သားကြီးကလည်း ဤသို့ ခေါ်နေကြသည်ကို နှစ်သက်ပါသည်။ သားကြီးအောက် ညီတစ်ယောက်ကလည်းဘွဲ့ရပြီးဖြစ်၍ ကျောင်းဆရာ လုပ်နေသည်။

အတယ် မရှိသည့်နောက် အမေသည် သားကြီးကိုအဖော်သဟဲပြုကာ အတယ့်လုပ်ငန်းများကို ဆက်လက်လုပ်ရှားရင်းဖြင့် သားကြီးကို မျက်စိဖွင့်ပေးသည်။ သားကြီး ကောင်းကောင်းနားလည်လာလျှင် အတယ့်ခြေရာကိုနင်းပြီး လုပ်ငန်းများ ဦးဆောင်ပါ။ မိသားစုကိုလည်းမခွဲမခွာစောင့်ရှောက်လိုသည်မှာ အမေ့ဆန္ဒဖြစ်လေသည်။

သားကြီးသည် အမေစိတ်ချမ်းသာစေလိုသည်ဖြစ်၍အမေလျှောက်စေလိုသော လမ်းအတိုင်း လျှောက်ခဲ့လေသည်။ ဤသို့ဖြင့် အတယ်ဆုံးပြီး သုံးနှစ်အကြာ သားကြီးအသက် နှစ်ဆယ့်ငါးနှစ်မှာ အမေသဘောကျသည့် မိန်းကလေးနှင့် သားကြီး လက်ထပ်ခဲ့ရ၏။

မိန်းကလေးကလည်း တရုတ်သွေး မကင်းသူလေးပင် ဖြစ်သည်။ အသားဖြူဖြူ၊ အရပ်အမောင်းပုပုပျပ်ပျပ်၊ မျက်လုံးဝိုင်းကလေးနှင့် ကြည့်ပျော်ရှုပျော်ရှိသည်။ အထူးသဖြင့် အမေသဘောကျသည်မှာ ဤမိန်းကလေး၏ အိမ်ထောင်နိုင်နင်းမှုနှင့် ရိုးသားယဉ်ကျေးမှု ရှိခြင်းကိုပဲ ဖြစ်သည်။

မိန်းကလေးအမည်ကို ကျင်ကျင်ဟုပဲ ဆိုပါစို့။

ကျင်ကျင်သည် ရန်ကုန်သူစစ်စစ်ဖြစ်သည်။ သူမှာ အိမ်ထောင်သည် အစ်ကိုကြီးတစ်ယောက်ပဲ ရှိသည်။ သူ့အမေသည်လည်း သားကြီးအမေလိုပင် မုဆိုးမတစ်ယောက်ဖြစ်လေသည်။ သားအမိနှစ်ယောက်သည် ရန်ကုန်မြို့ရှိ သိမ်ကြီးဈေး ပုစွန်ခြောက်၊ ငါးခြောက်များ ရောင်းချသည့်ဆိုင်တန်းတွင် ရေထွက်ကုန် အမျိုးမျိုးကို ရောင်းချသည်။ အမေက နံနက်ခင်းလောက်သာ သမီးနှင့် အတူလာပြီးကူညီရောင်းချသည်။ ဆယ်နာရီလောက်ဆိုလျှင် ဆိုင်နှင့်မဝေးသည့် ရွှေတောင်တန်းနေအိမ်သို့ပြန်ကာ နားတော့သည်။ ထိုအခါ အကူခေါ်ထားသည့် ကုလားမလေးလက်(ချ်)မီးနှင့် ကျင်ကျင်တို့သာ ဆိုင်မှာ ကျန်ခဲ့၏။

ညနေငါးနာရီ ဆိုင်သိမ်းပြီဆိုလျှင် ကျင်ကျင်သည်လက်(ချ်)မီးကို အဖော်ပြုကာ ရွှေတောင်တန်းအိမ်သို့ ပြန်သည်။ လက်(ချ်)မီးကို အသက်ရှစ်နှစ်လောက်ကတည်းက ခေါ်ယူထားခြင်းဖြစ်၍ ယခုဆိုလျှင် လက်(ချ်)မီးအသက်သည် ဆယ့်လေးနှစ်သို့ပင် ရောက်လာပြီ။ အလွန်လည်း အားကိုးရသည်။ ကျင်ကျင့်ကိုလည်း ခင်တွယ်သည်။

မြန်မာတို့၏ စကားပုံတွင် မြင်းအုန်းခွဲ၊ ကျွန်ကုလားမယားတောသူဟု ဆိုရိုးရှိလေသည်။ အုန်းခွဲရောင်အဆင်းရှိ မြင်းသည် အလွန်လည်း အပြေးကောင်းသည်။ ခိုင်းရာမှာလည်း သခင်၏ စကားကို အလွန်နာခံတတ်သောကြောင့် စာဆိုထားခြင်း ဖြစ်ပါလိမ့်မည်။ အိမ်၏ အမှုလုပ်အဖြစ် ခေါ်ယူစေခိုင်းထားသည့် အလုပ်သမားများမှာလည်း ကုလားလူမျိုးများသည် အနွံအတာခံသည်၊ သစ္စာရှိသည်ဟု ဆိုကြသည်။ သားမယား ယူရာမှာလည်း တောသူ မယားမှသာ အိမ်ထောင်မှုကို နိုင်နင်းကြသည်ဟု ပြောတတ်ကြပါသည်။

ထို့ကြောင့် ရန်ကုန်သူ ကျင်ကျင်နှင့် သားကြီးသည် အချင်းချင်း လုံးဝမတွေ့ဖူးပါလျက် မိဘများ စီစဉ်ချက်

www.burmeseclassic.com

ဖြင့် လက်ထပ်ရမည် ဆိုသောအခါ ထားဝယ်သားကလေး သားကြီးခမျာမှာ အတော်ပင် တွေးကြောက်ရပါသည်။ ကျင်ကျင်အတွက်တော့ မည်သို့ရှိမည် မပြောတတ်ပါ။

သားကြီးတို့ တရုတ်လူမျိုးထုံးစံတွင် အချင်းချင်း မတွေ့ဖူးကြသော်လည်း ကိစ္စမရှိပါ။ ကာယာဟု ခေါ်ဆိုသည့် သတ္တဘာဂ ဖူးစာရေးနတ်ခေါ် အောင်သွယ်တော်ကြီးသည် မည်သည့်ယောကျ်ားကလေးနှင့် မည်သည့်မိန်းကလေးကို ဖူးစာဆုံပေးရလျှင် အဆင်ပြေမည်၊ နှစ်ဖက်မိဘဆွေမျိုးများနှင့် ပြေလည်နိုင်သည်ဟု သူတို့၏ မှတ်တမ်းပြု သတ္တဘာဂဖိုင်တွဲကြီးတွင် အသင့်မှတ်တမ်းတင်ထားပြီးဖြစ်သည်။ ယောကျ်ားကလေးဘက်က သတို့သားမှာ ပညာက ဘယ်အဆင့်၊ အသက်က ဘယ်လောက်၊ မိသားစုက ဘယ်နှစ်ယောက် စသည်ဖြင့် ကိုယ်ရေးအကျဉ်းကို ကာယာထံမှာ အပ်ထားကြသကဲ့သို့ မိန်းကလေးဘက်ကလည်း ထိုနည်းတူစွာ ကာယာကို အပ်ထားလေ့ရှိကြလေသည်။ ကာယာ၏ ဆက်သွယ်ပေးမှုဖြင့် အိမ်ထောင်တစ်ခု တည်ဆောက်ကြပါသော်လည်း အချင်းချင်း သစ္စာရှိစွာ ပေါင်းသင်းကြပါသည်။ ကွဲခြင်း၊ ကွာခြင်း၊ ပစ်ထားခြင်း စသည့် လူမှုရေးဖောက်ပြန်မှုများလည်း မရှိသလောက်ပင် ရှားပါသည်။

သားကြီးသည် လက်ထပ်ပြီးသည်နှင့် ကျင်ကျင်နှင့်အတူ ရန်ကုန်မှာ နေရသည်။ ကျင်ကျင်တို့တိုက်က နှစ်ထပ်ဖြစ်၍ အောက်ထပ်မှာ ကျင်ကျင်၏ အစ်ကိုကြီးမိသားစုတို့က နေသည်။ ကျင်ကျင်တို့မှာ သူ့ အတယ်၏ ဘွားလေးနှင့် အဒေါ်အပျိုကြီးတို့ပါ အတူနေကြသည်။ ဘွားလေးနှင့် အဒေါ်အပျိုကြီးတို့က အိုးခွဲစားကြသည်ဖြစ်၍ ကျင်ကျင်တို့ သားအမိက တာဝန်မရှိလှ။ လက်(ချ်)မီးက ဈေးသွား၊ ချက်ပြုတ်၊ ခူးခပ်ကျွေး စသည်ဖြင့် အားလုံးလုပ်တတ်သည်။ သားကြီးနှင့် လက်ထပ်ပြီးသောအခါ သားကြီး၏ တာဝန်များကို ကျင်ကျင်ကိုယ်တိုင် လုပ်သည်။ လက်(ချ်)မီးနှင့် ပစ်မထား။

'အစ်ကို…စားတတ်ရဲ့လား။ ဒေသချင်းက မတူတော့ စားသောက်ပုံချင်း၊ အကြိုက်ချင်းကလည်း တူမှာမဟုတ်ဘူး။ စားမကောင်းရင် ပြောနော်။ အစ်ကို စားချင်တာရှိလည်း ပြောပါ။ ကျင် ချက်ကျွေးမယ်'ဟု ပျူပျူငှာငှာ ပြောတတ်သည်။

ကျင်ကျင်က (၂)နှစ်ကျော်ကျော်လောက် ငယ်သည်ဖြစ်၍ သားကြီးက ညီမလေးဟု ခေါ်သည်။

ဤသို့ဖြင့် သားကြီးက ထားဝယ်နှင့် ရန်ကုန်ကို စက်လှေနှင့် ကုန်ကူးမြဲ။ ကျင်ကျင်ကလည်း သိမ်ကြီးဈေးက ဆိုင်မှာ ထွက်ရောင်းရင်းဖြင့် အလွန်အေးချမ်း၍ သာယာသော အိမ်ထောင်သက် သုံးနှစ်အကြာတွင် သားကလေးတစ်ယောက် မွေးဖွားလာသည်။

သားလေးသည် ဖွံ့ဖွံ့ထွားထွားနှင့် လုံးလုံးခဲခဲကလေး။ မျက်လုံးမျက်ခုံးများက ကျင်ကျင်ဘက်သို့တူ၍ မျက်နှာဝိုင်းပုံ ပြားပုံတို့က သားကြီးဘက်သို့လိုက်သည်ဟု မိသားစုအားလုံးက ဆိုသည်။

မည်သူနှင့်ပဲတူတူ ကျင်ကျင်ကတော့ အရုပ်ကလေးကောက်ရသလို သားကို သိပ်ချစ်သည်။ လက်ကကို မချ။ ရင်ခွင်ထဲထည့်၍ နို့တိုက်ပြီဆိုလျှင်လည်း သားမျက်နှာကိုသာ မမောတမ်း စိုက်ကြည့်သည်။

'ဟဲ့…ကျင်ကျင်၊ ကလေးကို နို့တိုက်နေတုန်း ဒီလောက်ငုံ့ပြီး မကြည့်ရဘူး။ သွေးက နုသေးတယ်။ တော်ကြာ မျက်နှာလေးပြီး ရောင်လာလိမ့်မယ်'

'ဟုတ်ကဲ့၊ သားမျက်နှာလေးက အရုပ်လေးလိုပဲ။ သိပ်ချစ်စရာကောင်းလို့ ကြည့်နေတာပါ'ဟု ပြန်ပြောသည်။

ကလေးရပြီးကတည်းက ဆိုင်ကိုလည်း မထွက်နိုင်တော့။ ကျင်ကျင့်အမေက ဈေးအကူရောင်း တစ်ယောက်ခေါ်ပြီး ဆိုင်ထွက်သည်။

ဒီအတွင်းမှာပဲ ကျင်ကျင်သည် နေထိုင်မကောင်းဖြစ်လာသည်။ နေမကောင်းလျက်နှင့် သားတာဝန်ကိုရော သားကြီးတာဝန်ကိုပါ ကိုယ်တိုင်လုပ်ပေးချင်သောစိတ်က မလျှော့ချင်သေး။

သားကြီးက ဝင်ကူလျှင်တောင်

'အစ်ကို…ဒါ ယောကျ်ားအလုပ် မဟုတ်ဘူး။ အေးအေး ထိုင်နေပါ'ဟု ပြောတတ်သည်။

နောက်ဆုံးတွင်တော့ သားကြီးက ထားဝယ်ကိုလှမ်းပြီး သူ့အမေကို မှာရသည်။ ကျင်ကျင်၏ အတူနေ ဘွားလေးနှင့် အဒေါ်အပျိုကြီးတို့ကလည်း ကျင်ကျင် ဆေးရုံတက်ကုပါဟု တိုက်တွန်းသည်။ ထိုအချိန်အထိ ကျင်ကျင်က ခေါင်းခါတုန်းပင်။

www.burmeseclassic.com



'သားကို ဘယ်လိုလုပ်မလဲ။ ကျင်မရှိလို့ မဖြစ်ဘူး' ဟု ဇွတ်ပြောပြီး ဆေးရုံသို့ သွားမတက်ဘဲနေသည်။

သားကြီး၏အမေ ထားဝယ်မှ ရောက်လာသောအခါ ကျင်ကျင်ကို အသေအချာကြည့်ပြီး 'သားကြီး..မင်း မိန်းမကို ဆေးရုံတင်မှ ဖြစ်မယ်။ မင်းကိုယ်တိုင် ကျင်ကျင်ကို နားဝင်အောင် ချော့ပြောစမ်း' ဟု သားကြီးကို ပြောသည်။

ထိုအချိန်အထိ ကျင်ကျင်က ခေါင်းမာနေသေးသည်။

'ကျင် မရှိလို့ မဖြစ်ပါဘူး။ သားက ရှူးရှူးသိပ် ပေါက်တယ်။ အနီးမလဲပေးမိရင် အအေးမိပြီး ဖျားမယ်။ ဘယ့်နှယ်လုပ်မလဲ။ အစ်ကိုကလည်း သိပ်အအိပ်ကြီး တာ။ မဖြစ်ပါဘူး'

'ဩော်..ညီမလေးရယ်၊ သားအတွက် အစ်ကို အကုန် လုပ်ပေးပါ့မယ်။ စိတ်ချပါ။ ညီမလေး ဆေးရုံတက်ပြီး ဆေးကုသမှု ခံယူပါ။ သားအတွက် ဘာမှမပူနဲ့။ အစ်ကို့ အမေကလည်း သားကို ကြည့်ပေးဖို့ ရောက်လာတာ။ နော်..ညီမလေး၊ အစ်ကိုရော မိသားစုအားလုံးပါ စိတ် ချမ်းသာအောင် ဆေးရုံတက်လိုက်ပါ'

ဤသို့ဖြင့် ကျင်ကျင်သည် အားလုံးကို စိတ်မချစွာ ဖြင့် သူ့ရောဂါကို စမ်းသပ်စစ်ဆေးရန်အတွက် ဆေးရုံသို့ တက်သွားရှာသည်။ ဆေးရုံကို သူ နှစ်ကြိမ်တက်ရသည်။ ပထမတစ်ကြိမ်က ကိုးရက်နေခဲ့ရသည်။ အိမ်မှာ တစ်ပတ် အနားယူရပြီး ဒုတိယအကြိမ် ပြန်တက်သောအခါတွင် ဆယ့်တစ်ရက်အကြာ၌ ကျင်ကျင် ကွယ်လွန်သွားရှာ သည်။

သူ ကွယ်လွန်သွားသည်မှာ ညနေသုံးနာရီအချိန်ဖြစ် သည်။ ညနေငါးနာရီလောက်ကစပြီး ကျင်ကျင်တို့အိမ်မှာ သတင်းလာရောက်မေးမြန်းသူများဖြင့် စည်ကားနေလေ ပြီ။ သားကြီးမှာလည်း ကျင်ကျင့်အတွက် စိတ်မကောင်း ရသည်ကတစ်ဖက်၊ ဧည့်သည်များကို ယဉ်ကျေးမှုအရ အလိုက်အထိုက် ဧည့်ခံနေရသည်က တစ်ဖက်ကြောင့် စိတ်ညစ်နေရသည်။

ထိုစဉ် ကလေးထံမှ အဲ့ခနဲဆိုသော အသံကို ကြား လိုက်ရ၍ သားကြီးသည် သူတို့ အိပ်ခန်းထဲသို့ ဝင်လာ သည်။ အိပ်ခန်းဝမှာ ကာထားသည့် ခန်းဆီးကို ဖယ်လိုက် သည်နှင့် ပိုးတဝါးမြင်လိုက်ရသည့် အရိပ်တစ်ခုသည် သားကြီးရှေ့မှ ပျောက်ကွယ်သွားသည်။ ထိုအခါ တောင်နံ ကတိုးနံ့သည် သားကြီး၏ နှာခေါင်းထဲသို့ စူးစူးရှရှဝင် လာသည်။

'ဩော်..ကျင်ကျင်ရောက်လာတာကိုး'

စိတ်မချမ်းမြေ့စွာနှင့်ပဲ သားကြီးသည် ကလေးကို ချီပွေ့လိုက်လျှင် ရှူးရှူးတွေ ရွှဲနေအောင်ပေါက်ထားသည့် ကလေးမှာ အနီးသစ် လဲထားလျက်ရှိသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။ ကလေးကိုယ်မှာလည်း တောင်နံ့ကတိုး အနံ့က သင်းထုံလျက်ရှိနေ၏။

ကျင်ကျင်သည် တောင်နံ့ကတိုးအနံ့ကို နှစ်သက် သည်။ မည်သည့်ရေမွှေးနံ့သာကိုမျှမသုံး။ တောင်နံ့ကတိုး တစ်ခုကိုပဲ ပျစ်ခဲနေအောင်သွေးပြီး တစ်ကိုယ်လုံး လိမ်း သည်။

သားကြီးသည် ကလေးကိုပွေ့ကာ ဧည့်သည်များ ရှိရာသို့ ထွက်လာသည်။ ကျင်ကျင်၏ ဆိုင်ထွက်ဖက်ဖြ ဘ်ညဲ့ အပေါင်းအသင်းများသည် ကလေးကို သားကြီး လက်ထဲမှ လှမ်းယူချီကြကာ မျက်ရည်ဝဲသူဝဲ၊ ကျသူက ကျဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာသော မြင်ကွင်းတစ်ခု ဖြ နေလေသည်။

ကလေးသည် ဤသို့ လက်ပြောင်းရင်းဖြင့် တစ် အိပ်ပျော်သွားသောအခါ သားကြီးက ကလေးကို အိပ် ထဲ ပြန်သိပ်မည်ဟု အခန်းထဲသို့ ပွေ့ချီလာသည်။ က



www.burmeseclassic.com

www.burmeseclassic.com

မှာ လသားသာဖြစ်နေသောကြောင့် ပုခက်ဖြင့် မသိပ်သေးပါ။ အဖေနှင့် အမေကြားမှာပဲ ထားသိပ်ရသည်။

ခုတော့ အဖေ့အနားမှာပဲ အိပ်ရတော့မယ် သားရေဟု သားကြီးမှာ စိတ်မကောင်းစွာ တွေးလိုက်မိရင်းမှ ကလေးကို အိပ်ရာပေါ် ချသိပ်လိုက်၏။ ကလေး နှစ်ခြိုက်စွာအိပ်မောကျသွားလျှင် အိပ်ခန်းတံခါးကိုပိတ်ကာ အပြင်သို့ ထွက်လာရပြန်သည်။ ဧည့်သည်များက ပြန်သူပြန်၊ လာသူလာနှင့် အဆက်မပြတ်။

ထိုစဉ် လျှပ်စစ်မီးများ ဖျတ်ခနဲလင်းလာ၏။ ဩော်.. ဟုတ်သားပဲ။ မီးထွန်းချိန် ရောက်လာပြီပဲဟု ကျင်ကျင့်ကို သတိရလိုက်ပြန်၏။

ကျင်ကျင်သည် မီးထွန်းသည်နှင့် ခြင်ဆေးခွေကိုပါ ထွန်းညှိတတ်သည်။ ထိုအခါ သားကြီးက 'ခြင်ဆေးခွေက ဘာဖြစ်လို့ ညှိတာလဲ။ ခြင်မှမကိုက်တာ' ဟု ပြောသည်။

'ဩော်.. အစ်ကိုက သားအဖေလုပ်နေပြီး ဘာမှလည်း နားမလည်ဘူး။ အခန်းထဲမှာက ပစ္စည်းတွေ ချောင်ကြားမှာ ခြင်ခိုနိုင်တာပေါ့။ သားကို ခြင်ကိုက်မှာစိုးလို့ ခြင်ဆေးခွေ ထွန်းရတာရှင့်' ဟု ရှင်းပြသည်။

ဤအမှတ်တရစကားနှင့်အတူ သားကို ငါ သိပ်ခဲ့တာ ခြင်ထောင်မချခဲ့မိပါလား။ မတော်တဆ ခြင်တွေကိုက်မှဖြင့်ဟု တွေးမိကာ သားကြီးသည် ဧည့်သည်များနှင့် ထိုင်နေရာမှထကာ အိပ်ခန်းထဲသို့ ဝင်လာသည်။

ခြင်ထောင်သည်ကား သေချာစွာ ချထားလျက်ဖြစ်နေသည်။ သားကြီး အလွန်အံ့ဩသွားမိ၏။ ဤအခန်းတံခါးသည်လည်း သူထွက်လာခဲ့စဉ်က ပိတ်ထားခဲ့သည့်အတိုင်းပင် ဖြစ်ပါလျက် ခြင်ထောင်ကို မည်သူက ချသွားပေးပါသနည်း။ အံ့ဩစရာပါလားဟု တွေးမိ၏။ သို့သော် ဤအဖြစ်ကိုကား မည်သူ့အားမျှ မပြောခဲ့။

သို့သော် ကျင်ကျင်သည်ကား ရက်မလည်မချင်း အိမ်သားအားလုံး သိအောင်ပင် သူ၏ လှုပ်ရှားမှုများကို ထင်ထင်ရှားရှား ပြသည်။

အိပ်ခန်းထဲမှာ မည်သူမျှ မရှိပါဘဲနှင့် စောင်တွေကို ခါနေသည့်အသံ၊ တံမြက်စည်းလှည်းနေသည့်အသံ၊ သနပ်ခါးသွေးနေသည့်အသံ၊ ဗီရိုကို ဖွင့်သံ၊ပိတ်သံ၊ အိပ်ခန်းတံခါးကို တွန်းဖွင့်သည့်အသံ စသည်ဖြင့် မျိုးစုံအောင် ကြားရသည်။

သားကြီးမှာလည်း လုံးဝကြောက်တတ်သူ မဟုတ်သောကြောင့် ဤသို့သောအသံများကို ကြားရတိုင်း ကျင်ကျင့်ကို သနားသည်။ ဩော်.. သူ့ခမျာ အစွဲအလမ်းကြီးလွန်းလို့ ဘယ်ကိုမှ မသွားနိုင်ဘဲ ဒီအိမ်ထဲမှာလှည့်ပြီး နေရှာတာကိုးဟု အလွန်သနားမိသည်။

ညတိုင်း ဘုရားရှိခိုးပြီး 'ကျင်ကျင်ရေ.. အစ်ကို အမျှဝေလိုက်ပါတယ်။ ရောက်ရာ၊ ကြားရာ နေရာကနေ သာဓုခေါ်ပါ' ဟု အမျှဝေသည်။

ရက်လည်သောနေ့တွင် ကျင်ကျင် အလွန်ကြိုက်သည့် မြိတ်တင်တင်အေး မုန့်ဟင်းခါးဖြင့် အရုဏ်ဆွမ်း ကပ်လှူသည်။

သားကြီး၏အမေသည် အယူအဆရေးရာတွင် အလွန်ရှေးဆန်သည်။ ရှေးလူကြီးများ၏ အယူအဆ ဓလေ့ထုံးစံအတိုင်း မကျွတ်မလွတ်ဖြစ်နေသော ကျင်ကျင်ကို ကျွတ်လွတ်ပါစေဟု ရက်လည်မည့်နေ့မရောက်မီ ခြောက်ရက်မြောက် ညနေကတည်းကပင် ကြံတောသုသာန်သို့သွား၍ ကျင်ကျင်ကို မီးသင်္ဂြိုဟ်သော စက်ရှေ့တွင်ရပ်ကာ သူကိုယ်တိုင် တရားနာသွားဖိတ်သည်။ ကျင်ကျင်အတွက်ဟု တရားနာယူရန်နေရာကို ခင်းပေးသည်။

သို့သော် ကျင်ကျင်သည်ကား လုံးဝမကျွတ်လွတ်ပါ။ မကျွတ်လွတ်သည့်အပြင် ရက်လည်သောညမှာပဲ သားကြီး ခုတင်ကိုပတ်ကာ လမ်းလျှောက်သည်။ သူ့အဝတ်များ ထားသည့်နေရာမှ လုံချည်များ ဆွဲယူသံနှင့် လုံချည်များ ခေါက်နေသံ၊ ကြမ်းပြင်ပေါ် အဝတ်နှင့် သုတ်နေသည့် အသံမျိုးကို ကြားနေရ၏။ မိုးလင်း၍ ထကြည့်သောအခါ၌ သူ့လုံချည်များ အထပ်လိုက် ပုံထားသည့်နေရာတွင် လုံချည်များကို တစ်စုံတစ်ယောက်က တွန်းတိုက်ထားမိသကဲ့သို့ အထပ်လိုက် ပြန့်ကျဲလျက် ဖြစ်နေကြသည်။

ရက်လည်ပြီး နောက်တစ်နေ့မှစ၍ နို့ထိန်းတစ်ယောက်ကို အိမ်သို့ခေါ်ယူကာ ကလေးကို သူနှင့်ပဲထားပြီး အိပ်ခန်းတစ်ခန်းပေးကာ ထားလိုက်၏။ သားကြီးမှာလည်း စိတ်ပြေလက်ပျောက်ဟုဆိုကာ ထားဝယ်သို့ ခဏပြန်ချင်သည်။

'သားကြီးအမေ ပြန်သွားစဉ်ကတည်းက 'ထား

www.burmeseclassic.com

www.burmeseclassic.com

ဝယ်မှာ ခဏပြန်နေပါလား။ ထားဝယ်မှာလည်း ကျင်ကျင်အတွက် ဆွမ်းအလှူပြုကြရအောင်'ဟု မှာသွားလေသည်။

ထို့ကြောင့် ကျင်ကျင့်အမေထံမှာ ခဏပြန်ပါရစေဟု ခွင့်တောင်းရသည်။ ကျင်ကျင့်အမေက မျက်ရည်ကျသည်။ ကြာကြာမနေနှင့်ဟု မှာသည်။ ကျင်ကျင်မရှိတော့သော်လည်း သားတစ်ယောက်ဖြစ်တယ်လို့ မှတ်ထားပါသည်ဟု ဝမ်းနည်းစကား ပြောသည်။

ဩော်··အိမ်ထောင်ပြုလို့မှ သုံးနှစ်မပြည့်သေး။ သောကတောင်ထုနဲ့ မုဆိုးဖိုဘဝကို ရောက်လာရတာ အိပ်မက်ဆန်လှပါကလားဟု သံဝေဂရမိသည်။ ထိုအခါ ကျင်ကျင်ကွယ်လွန်သည်မှာ တစ်လနှင့် ဆယ့်ရှစ်ရက် ရှိသွားလေပြီ။

ရှေးလူကြီးများက ပြောသည်ကို သားကြီး ကြားဖူးခဲ့သည်။

မကောင်းဆိုးဝါး သရဲ တစ္ဆေ စသည့် ပရလောကသားများသည် မြစ်ခြား၊ ချောင်းခြားလျက် ရှိသည့်အရပ်သို့ လိုက်လို၍မရ။ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ် စသည့် နတ်များက ခွင့်မပြု။ ရိုက်နှက်၍ပင် လွှတ်သည်ဆို၏။

ယခု သားကြီးသည် စက်လှေဖြင့် ထားဝယ်သို့ သွားတော့မည်။ ကျင်ကျင် မလိုက်နိုင်ရှာတော့။ မနှောင့်ယှက်နိုင်တော့ဟု တွေးသည်။

မိမိချစ်ခင်နှစ်သက်စွာဖြင့် ပေါင်းသင်းလာသည့်ဇနီး၊ မိမိအပေါ်၌လည်း ဝတ္တရားကျေပွန်စွာဖြင့် ပြုစုစောင့်ရှောက်လာခဲ့သည့်ဇနီး၊ မိမိရင်သွေးကလေး၏ မိခင်ဖြစ်၍ ယခုကဲ့သို့ ထွက်ခွာလာခဲ့ရသည်ကို စိတ်မှာ မကောင်း။ ရင်ထဲမှာ နာကျင်ရသည်။ သို့ပါသော်လည်း မတတ်နိုင်ပါ။ ဘဝချင်းက မတူကြတော့ပြီဟု ဖြေရသည်။

စက်လှေထွက်ခွာလာသည်နှင့် သားကြီးရင်ထဲ တစ်မျိုးပင် ခံစားလိုက်ရသည်။ စိတ်ပဲ လွတ်လပ်သွားသလားဟုတော့ မဝေခွဲတတ်ပါ။ သို့သော် ရင်ထဲမှာတော့ လန်းဆန်းပေါ့ပါးသွားရသည်ကတော့ အမှန်ပင်။

လေညင်းညင်းသည် ဖြည်းဖြည်းသာသာဖြင့် တိုက်ခတ်လျက်ရှိသည်။ စက်လှေသည် စက်သံကိုပင် မကြားရအောင် ညက်လျက်ရှိသည်။ သားကြီးထိုင်နေသော နေရာအနီး၌ ကျောင်းနေဖက် ငယ်သူငယ်ချင်းမနှင့် သူမ၏အဖော်တစ်ယောက်လည်း ထိုင်နေကြသည်။

သူငယ်ချင်းမသည် သားကြီး၏ဇနီး နာရေးသို့ ... ရင်းဖြင့် ထားဝယ်ဈေးအတွင်းမှာ ဖွင့်ထားသည့် သူ... အထည်ဆိုင်အတွက် အထည်များလည်း ဝယ်ယူလာခဲ့သည်။

သူတို့နှစ်ယောက်သည် ငယ်ဘဝ ကျောင်းနေစဉ် ကာလတုန်းက ပျော်ရွှင်ရယ်မောစရာများကိုပြောရင်း ပြုံး... လျက်ရှိနေကြသည်။

ထမင်းစားချိန်သို့ရောက်လျှင် သူငယ်ချင်းမက–

'သားကြီးရေ··ဘာဟင်းစားမလဲ။ ငါတော့ ပုစွန်... တုပ်ဟင်း စားမယ်'ဟု စက်လှေပေါ်မှ ထမင်းဆိုင်တွင် ထမင်းဟင်းများ ယူပေးသည်။

ဝိုင်းထိုင်၍ စားသောက်ကြလျှင် သားကြီးနှာခေါ်... တောင်နံ့ကတိုးနံ့ သင်းလာသည်။ ဟယ်··ဒီအထိ သူ... လိုက်လာပါကလားဟု သားကြီးရင်၌ ထိတ်ခနဲ ဖိုလိုက်... သွားစဉ် အထိအတွေ့တစ်ခုသည် သူငယ်ချင်းမနှင့် သူ... ထိုင်နေသည့် အကြားသို့ နွေးခနဲ တိုးဝင်လာသကဲ့သို့ ဖြစ်သွားသည်။ သားကြီး ထမင်းဆက်မစားနိုင်တော့ပါ။ ငါ တော်ပြီ၊ ရင်ထဲက ဘာဖြစ်တာလဲ မသိဘူး။ စားလို့မ... တော့ဘူးဆိုကာ ထမင်းဝိုင်းမှ ထလာခဲ့လျှင် တောင်... ကတိုးနံ့သည် သူ့နှာဝ၌ ကပ်၍ ပါလာသည်။

'ဩော်··မြစ်ကူး ချောင်းကူးလည်း လိုက်လာနိုင်ပါ... လား ကျင်ကျင်ရယ်'

သားကြီး ရောက်လာသောအခါ မောင်နှမများ... ဝမ်းသာကြသည်။ အမေတော့ ဆိုဖွယ်ရာမရှိ။ ပြုံးပျော်... နေသည်။ ထိုစဉ် သားကြီးတို့နှင့် ဆွေမျိုးတော်စပ်သည့် အထွေးဆိုသောကောင်လေး ရောက်လာသည်။ အထွေးသည် မိန်းကလေးတစ်ယောက်လို ကနွဲ့ကလျပြောတတ်နေတ... သည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ သူကလည်း သားကြီး ရောက်လာသည်ကြား၍ လာနှုတ်ဆက်ခြင်း... ဖြစ်လေသည်။ သားကြီးက နှုတ်ဆက်သည်။

'အထွေးရေ··လာဟေ့။ သကြားလုံးတွေ ပါလာ... တယ်။ စား'

'မစားချင်ပါဘူး'

'ဟ··ဘယ်လိုဖြစ်တာလဲ။ အရင်က မင်း သကြား... လုံး သိပ်ကြိုက်တယ် မဟုတ်လား။ စားပါကွ'

'မစားချင်ပါဘူးဆို'



www.burmeseclassic.com

www.burmeseclassic.com

၄ ပြာရင်းဖြင့် အထွီးသည် ဟီးဟု ငိုချကာ-

'အစ်ကို မကောင်းဘူး။ အစ်ကို မကောင်းဘူး'ဟု ငိုရှိုက်ကာ ပြောသည်။

အထွီးသည် သားကြီးကို ဤသို့ပင် အစ်ကိုဟု ခေါ်ခဲ့သည်ဖြစ်၍ သားကြီးသည် မရိပ်မိဘဲ အထွီးဘာဖြစ်သွားတာလဲဟု အံ့သြလျက်ရှိစဉ် အမေက ဝင်ပြောသည်။

'ဟဲ့··အထွီး၊ အစ်ကိုက နင့်ကို ဘာလုပ်လို့လဲ'

'အစ်ကိုကလေ စက်လှေပေါ်မှာ သူ့ကောင်မတွေနဲ့ အတူတူထိုင်ပြီး ထမင်းတွေစားလို့။ ဟီး··ဟီး·· သူ့ကောင်မက ပုစွန်တုပ်ဟင်းတွေ ဝယ်ပြီးကျွေးတယ်'

သားကြီး မျက်လုံးပြူးသွားသည်။ အမေက ပါးစပ်ဟောင်းလောင်းဟလျက် ရင်ကိုဖိထားသည်။

ဩော်··အထွီးက စက်လှေပေါ်မှာ ပုစွန်ထုပ်ဟင်းနဲ့ ထမင်းစားကြတာကို လုပ်ကြံပြီး သူ ဘယ်လိုပြောတတ်မှာလဲ။ ကျင်ကျင် သူ့ကို ဝင်ပူးပြောတာ အမှန်ပဲဟု တွေးမိကာ အထွီးကို ဘုရားသောက်တော်ရေ ကပ်ထားသည့် ဖလားထဲမှရေနှင့် မျက်နှာကိုပက်ကာ နှိပ်နယ်ပေးကြလျှင် အထွီး နေကောင်းသွားသည်။

သူ ဘာဖြစ်သွားသည်ကို လုံးဝပင်မသိ။ ထိုအခါမှ သားကြီးသည် ကျင်ကျင် မကျွတ်လွတ်ပုံနှင့် ရန်ကုန်အိမ်မှ အိပ်ခန်းထဲ၌ ကျင်ကျင် လှုပ်ရှားသွားလာနေမှုများကို အမေ့အား ပြောပြရသည်။

ထားဝယ်အိမ်မှာလည်း ကျင်ကျင်အား ရည်စူး၍ ဆွမ်းနှင့် သင်္ကန်းများ ကပ်လှူသည်။ ပရိတ်တော်များကိုလည်း သံဃာတော်များက ရွတ်ဆိုသရဇ္ဈာယ်တော်မူပေးကြသည်။

ထိုအချိန်မှစ၍ ကျင်ကျင်သည် ပူးကပ်ခြင်း၊ အရိပ်အယောင်ပြခြင်း၊ အနှံ့အသက်ပေးခြင်း စသည်များကို လုံးဝပြုလုပ်ခြင်း မရှိတော့ပေ။

ဤသို့ဖြင့် ကျင်ကျင် ကွယ်လွန်ခဲ့သည်မှာ ခြောက်လကျော်ကျော်ရှိသွားလေပြီ။ သားကြီး ထားဝယ်သို့ ရောက်နေသည်မှာလည်း တစ်လပင် ပြည့်ပေတော့မည်။ နောက်ကျိနေသည့် စိတ်သည်လည်း ကြည်လင်စပြုလာလေပြီ။ နဂိုကတည်းက ဘာသာရေးကို ကိုင်းညွတ်ခဲ့သူဖြစ်သောကြောင့် သားကြီးသည် စိတ်ကို အေးချမ်းအောင် ပြုပြင်ပေးနိုင်သည့် ဗုဒ္ဓစာပေများကိုလည်း ရှာဖွေလေ့လာခြင်းဖြင့် သူ့စိတ်ကို ကုစားလျက်ရှိပေသည်။

ဆောင်းဦးရာသီဖြစ်၍ နှင်းမြူတို့ဝေဝဲလျက်ရှိသည်။ အချိန်က နံနက်ငါးနာရီကျော်ခါစဖြစ်၍ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်ကလေးများသည် ဈေးကြီးသို့ အမြန်ရောက်နိုင်ရန် ခြေကုန်သုတ်လျက် သွားနေကြ၏။ လမ်းလျှောက်သမားများ၏ ရာသီချိန်ဖြစ်လေသောကြောင့် လမ်းမကြီးပေါ်တွင် ဈေးသည်များ၊ လမ်းလျှောက်သူများဖြင့် လူဆက်မပြတ်လှပေ။ သားကြီးသည် လမ်းလျှောက်ထွက်လာရင်းဖြင့် မရောက်တာကြာပြီဖြစ်သော ဆုတောင်းပြည့်ဘုရားသို့လည်း ဝင်ရောက်ဖူးမြော်မည်ဟူသော စိတ်ကူးဖြင့် လမ်းမကြီးပေါ်တွင် အများနည်းတူ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာခဲ့၏။ လမ်းပေါ်တွင် မတွေ့တာကြာပြီဖြစ်သော အသိများနှင့် ဆုံကြလျှင် ခဏရပ်၍ စကားပြော၏။ ပြီးလျှင် လမ်းဆက်လျှောက်၏။

ထိုအခါ တောင်နံကတိုးနဲ့သည် သူ့နှာဝသို့ ရောက်လာသည်။ ခြေသံရှပ်ရှပ်သည်လည်း သူ့နောက်မှ ကပ်၍ပါလာသည်။ သားကြီးသည် အနားမှ ဖြတ်သွားသူများထံမှ ဝေ့ကျန်ခဲ့သည့် ရနံ့ပေလားဟု စောစောက ထင်သည်။ သို့သော် ခြေသံရှပ်ရှပ်ကပါ ပေါ်လာပြန်သောအခါ သေချာသွားသည်။

အင်း··ကျင်ကျင်တော့ လိုက်လာပြန်ပြီဟူသော အတွေးနှင့်အတူ ငါ ဘာလုပ်ရပါ့မလဲဟု စဉ်းစားလိုက်၏။

သားကြီး၏ စေတနာမှာ ချစ်ဇနီးကို ကျွတ်လွတ်စေချင်သည်။ ဘဝသစ်ကောင်းရာ တစ်ခုခုသို့ ရောက်စေချင်သည်။ သည်လိုသာ လင်အပေါ်၊ သားအပေါ် ကပ်ငြိတွယ်တာ၍ တစ်ကောက်ကောက်လိုက်နေလျှင် နစ်မွန်းရှာပေတော့မည်ဟု တွေးမိကာ ငါ ဘာလုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်သင့်သလဲဟု စဉ်းစားသည်။

ထို့နောက်မှ စိတ်ကူးတစ်ခုရကာ ဆုတောင်းပြည့်ဘုရားဝင်းသို့ သားကြီး ခြေဦးလှည့်လိုက်၏။ ခြေသံသည် သူ့နောက်မှ ကပ်ပါလာ၏။ လမ်းမှာ အသိနှင့်တွေ့၍ စကားရပ်ပြောနေလျှင် ခြေသံရှုပ်ရှုပ်ကို မကြားရ။ သူသည်လည်း ရပ်နေလိမ့်မည် ထင်သည်။

ဤသို့ဖြင့် ဘုရားဝင်းရှေ့သို့ရောက်လာလျှင် ဘုရားဖူးများအတွက် ဖွင့်လှစ်ရောင်းချနေသည့် ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် ဆိုင်ကလေးများပင် ဖွင့်လှစ်နေကြပြီ။ သို့သော် ဘုရားဖူးများကား တစ်ယောက်စ နှစ်ယောက်စလောက်သာ ရှိသေးသည်။ အလှူခံပုံးအနားမှာ ထိုင်နေသည့် ဥပါသကာကြီး၏ ကြေးစည်သံသာသာနှင့် ဆုတောင်းစာ ရွတ်နေသံများကား ဘုရားရင်ပြင်တော်တွင် ဝေ့ဝဲလျက်ရှိနေ၏။

သားကြီးသည် ပန်းဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဒေသ၏ ဓလေ့ထုံးစံအတိုင်း ကွယ်လွန်သူများ ရည်စူးဒါနပြုရာတွင် အဓိကပစ္စည်းဖြစ်သော ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ယပ်၊ ကြက်လျှာစွန်း အစရှိသည့် တစ်စုံစာနှင့်အတူ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်များကို ဝယ်ယူကာ ဘုရားဝင်းထဲ ဝင်လာခဲ့သည်။ ဘုရားဝင်း အုတ်တံတိုင်းများကား တောင်ဘက်နေရာတွင် အနည်းငယ် ပြိုပျက်နေလျက်ရှိသည်။ ထိုပြိုပျက်နေသည့်နေရာမှ အနည်းငယ် လျှောက်လိုက်လျှင် ရှေးဘုရားတစ်ဆူ ရှိသည်။ တင်ပျဉ်ခွေပုံတော်ဖြစ်၍ ဖြူဖွေးနေသော ကျောက်ဆင်းတုကြီး ဖြစ်ခဲ့ပါသော်လည်း တစ်ကြိမ်သောအခါက မီးခံထားရသောကြောင့် ကျောက်သားများသည် အကွက်လိုက် အကွက်လိုက် ညိုမည်းလျက်ရှိ၏။

ထိုနေရာတွင် သားကြီး ရပ်လိုက်၏။ သူ အံ့သြနေမိသည်မှာ ပရလောကသားများသည် ဘုရားဝင်း၊ ကျောင်းဝင်းများသို့ မဝင်ရောက်နိုင်ကြဟု ကြားဖူးထားပါလျက် ယခု ကျင်ကျင်၏ ခြေသံရှုပ်ရှုပ်သည်ကား သူနှင့်အတူ ရှိနေဆဲပါကလားဟူသော အချက်ပင် ဖြစ်လေ၏။

သားကြီးသည် ဝယ်ယူလာသော ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို နှစ်စုခွဲလိုက်ကာ တစ်စုကိုဖယ်၍ တစ်စုကိုယူကာ ထီး၊ တံခွန်၊ ကုက္ကား စသည်တို့နှင့်အတူ စုပေါင်း၍ ဆင်းတုတော်ကြီးကို ပူဇော်ကပ်လှူသည်။ ငါးပါးသီလကို ဘုရားကိုယ်တော်မြတ်ကြီးထံမှာ ခံယူသည်။

ဤကောင်းမှုအစုစုကြောင့် ကွယ်လွန်လေပြီးသော မကျင်ကျင်သည် ကောင်းမွန်ရာ ဘုံတစ်ခုခုသို့ ရောက်ပါစေသတည်း။ ဤကုသိုလ်၏ အဖို့ဘာဂကိုလည်း မကျင်ကျင်အား ပေးဝေပေ့ပါ၏။ အမျှ‥အမျှ‥အမျှယူပါဟု သားကြီးသည် ကြားသိစေလောက်အောင် သုံးကြိမ်တိုင်တိုင်အော်၍ အမျှဝေသည်။

ပြီးလျှင် စောစောက ဖယ်ထားသည့်ပန်းကို လက်မှာကိုင်လျက်-

"ကျင်ကျင်ရေ‥မင်းနဲ့ငါ ဘဝခြားနေပြီ။ ငါ့နောက်လိုက်မနေနဲ့။ ဟောဒီပန်းကိုယူပြီး ဘုရားမှာ ကပ်လှူပါ။ မင်းဘဝ လွတ်မြောက်အောင် ဆုတောင်းပါ။ ရောက်ရှိနေတဲ့ မင်းဘဝကို စိုမက်နှစ်သက်မနေဘဲ ကောင်းရာဘဝတစ်ခုကိုရောက်အောင် မင်းကြိုးစားပါ။ အစ်ကိုနဲ့မင်း ဘာမှမပတ်သက်တော့ဘူး။ သားနဲ့ မင်းဘဝနဲ့လည်း ဘာမှမပတ်သက်တော့ဘူး။ ခုချိန်ကစပြီး ဘဝသစ်တစ်ခုကို ဆုတောင်းပြီး မင်း ရောက်အောင်သွားပေတော့ ကျင်ကျင်ရေ"

စကားဆုံးသည်နှင့် ငိုရှိုက်သံတစ်ခုကို သားကြီး ကြားလိုက်ရသည်။

သားကြီးလက်မှ လွှတ်ချလိုက်သည့် ထီး၊ တံခွန်များနှင့် ပန်းများသည်လည်း လွှတ်ချလိုက်သည့်အခိုက်မှာပင် လေပွေတွေ့လိုက်သကဲ့သို့ ရုတ်တရက်လှုပ်ရှားကာ တစ်ခုစီနေရာရွှေ့လျက် ဖရိုဖရဲကျဲပြန့်သွားသည်ကို သားကြီးသည် ထူးဆန်းစွာ တွေ့လိုက်ရပေသည်။

ထိုအချိန်မှစ၍ ကျင်ကျင်သည် သားကြီး၏ ဘဝမှ တကယ်ပင် ပျောက်ကွယ်သွားရှာလေသည်။

ယခုဆိုလျှင် သားကြီးနှင့် ကျင်ကျင်တို့၏သားသည် ပင်လျှင် ဘွဲ့တစ်ခုရရှိကာ အလုပ်အကိုင်နှင့် တင့်တင့်တယ်တယ်ပင် နေထိုင်လျက်ရှိပေပြီ။

သားကြီးသည်လည်း ဘဝမှာ ဒီတစ်ခါသာ စိတ်ညစ်ညူးခြင်းကို ခံပါတော့မည်။ မုဆိုးဖိုဘဝဖြင့် သားကို စောင့်ရှောက်ကာ ဘဝမှာ နေပျော်အောင်နေမည်ဟု ဆုံးဖြတ်ကာ ရတနာသုံးပါး၏ အရိပ်အောက်မှာ ပျော်မွေ့နေပြီ ဖြစ်လေသည်။

**တေဇအောင်**

www.burmeseclassic.com

www.burmeseclassic.com

ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးကား ကျယ်ပြောလှလေ၏။ ညနေဆည်းဆာချိန်ရောက်လျှင် ပင်လယ်ပြင်နှင့် ကောင်းကင်ပြင်ကြီးတို့သည် တစ်သွေးတည်း တစ်ရောင်တည်းကျလျက် ပုစွန်ဆီနှစ်ရောင် သန်းနေတတ်ပေသည်။

ကိုဆန်နီသည် ပင်လယ်ပြင်ကြီးကိုလည်းကောင်း၊ ကောင်းကင်ပြင်ကြီးကိုလည်းကောင်း ကြည့်၍ လွမ်းချင်သလို ဆွေးချင်သလို ရင်ထဲမှာ ကြိတ်ခံစားနေရလေ၏။ အထူးသဖြင့်တော့ အိမ်မိသားစုကို လွမ်းသည်။ အမိက သမီးငယ် မိငြိမ်းလေးကို ပို၍သတိရသည်။

သင်္ဘောသားဘဝ၌ ကျင်လည်ခဲ့ရသည့် မိမိဘဝကို လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်း ရှိနေစေချင်သည်။ သို့သော် ဘဝပေးအကျိုးနဲ့ မိမိဆန္ဒဆိုသည်မှာလည်း ကိုယ်က ပုံစံချ၍ ရကောင်းသောအရာ မဟုတ်သောကြောင့် ဘဝပေးတာဝန်၏ ပုံစံချသည့်အတိုင်း သာ နေထိုင်လှုပ်ရှား ကျက်စားခဲ့ရသည်ချည်း ဖြစ်၏။ ဤသည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်လေ၏။

သည်တစ်ခေါက်တော့ သင်္ဘောသားအလုပ် အဆုံးသတ်ပြီဟု ကိုဆန်နီ ထင်သည်။ တကယ်လည်း ကိုဆန်နီသည် သင်္ဘောသားအလုပ်ကို ငြီးငွေ့ခဲ့ပြီ ဖြစ်၏။

သင်္ဘောသားလုပ်ငန်းနားလျှင် TAXI ကားထောင်မောင်းစားမည်။ မိသားစုနှင့်အတူ အေးအတူပူအမျှ နေထိုင်ပြီး ဘဝကို ငြိမ်းချမ်းစွာ တည်ဆောက်မည်။ ပျော်ရွှင်စွာ နေထိုင်ကြမည်ဟု ကိုဆန်နီ

## မောင်အောင်ဇော် (ပန်တော်ဝင်)

## ဆာဒူးကြီးတို့ ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေးထားလေ၏။

ကိုဆန့်နီ၏ ထိုအတွေး ထိုဆန္ဒတို့သည် အမှန်တကယ်ပင် အောင်မြင်ခဲ့လေ၏။ ထိုတစ်ခေါက် သင်္ဘောလိုက်ပြီးအပြန် မြန်မာပြည်သို့ ပြန်ရောက်တော့ စိတ်ကူးထားသည့်အတိုင်း ကိုဆန့်နီသည် HILUX (၄)ချိတ်အနီရောင်ကားတစ်စီး ဝယ်ဖြစ်ခဲ့လေ၏။ ထိုအချိန်က သင်္ဘောသားတို့၏ အကြိုက်မှာ HILUX ကားအမျိုးအစားများဖြစ်လေသည်။ ခေတ်မီသည်ဟုလည်း ယူဆကြ၏။

မှတ်မှတ်ရရပြောရလျှင် (၁၉၈၂)ခုနှစ်ဖြစ်သည်။ ရေကျော်ရပ်၊ ဗိုလ်ဇေယျာဗလလမ်းတွင် ကိုဆန့်နီတို့မိသားစု နေထိုင်ကြ၏။ သမီး မိငြိမ်းလေးမှာ တစ်နှစ်သမီးလေး အရွယ်သာ ရှိသေး၏။ သမီးလေးမိငြိမ်းကို မွေးဖွားစဉ်က အခက်အခဲရှိ၍ ကလေးကို ညှပ်ဖြင့် ဆွဲထုတ်ကာ ခဲရာခဲဆစ် မွေးဖွားခဲ့ရလေ၏။ မိခင်မှာ မွေးဖွားရခက်ခဲသလို သမီးလေး မိငြိမ်းမှာလည်း ခေါင်းကို ညှပ်ဖြင့်ဆွဲထုတ်၍ မွေးဖွားခဲ့ရသောကြောင့် ခေါင်းတွင် ဒဏ်ရာအနာတရ ရခဲ့လေ၏။ ၄င်းဒဏ်ရာမှာ တော်ရုံဖြင့် ကုသ၍ မပျောက်နိုင်ခဲ့ပေ။ ကလေးကို ဆေးရုံအမျိုးမျိုး၊ ဆေးခန်းအမျိုးမျိုးနှင့် ဆရာဝန်မျိုးစုံဖြင့် ကုသခဲ့ကြသော်လည်း ခေါင်းက ညှပ်နှင့်ဆွဲထုတ်ခဲ့သော ဒဏ်ရာက မပျောက်ခဲ့ပေ။ သမီးလေး မိငြိမ်း၏ ဝဋ်ကြွေးဟုပင် ကိုဆန့်နီ ထင်မိခဲ့လေ၏။

HILUX ကားအနီလေးဝယ်ပြီး ရွှေညောင်ပင်ဘိုးဘိုးကြီးထံ ဦးတိုက် ကားပြကာ ပဲခူးတွင်ရှိနေသော ကိုဆန့်နီ၏မိခင်ကို ကန်တော့ရန်အတွက် ယောက်ဖဖြစ်သူ ကိုအောင်မြင့်နှင့်အတူ ထွက်လာခဲ့ကြလေ၏။

မိခင်ကို ကန်တော့ပြီး ပဲခူးမှ ရန်ကုန်အပြန်ကျရော HILUX ကားအနီလေးက ဗွေဖောက်လာလေတော့၏။ ညနေစောင်း နေဝင်ဆည်းဆာအချိန် မိုးကလည်း ဖွဲဖွဲလေး ရွာနေသည်။ ကားသွားကားလာလည်း ရှင်း၏။ လမ်းကလည်း ဖြောင့်ဖြူး၍နေ၏။ ကားကို အရှိန်ဖြင့် မောင်းလာခိုက်ခင်း မြန်းဆို ရုတ်တရက် တုံ့ခနဲရပ်တန့်၍ သွားလေ၏။

ကားမောင်းနေသော ယောက်ဖဖြစ်သူ ကိုအောင်မြင့်က ကားကို ဘရိတ်အုပ်လိုက်သည်ဟုထင်၍ ဘေးမှ ထိုင်လိုက်လာသော ကိုဆန့်နီက 'ကိုအောင်မြင့်...ကားကို ဘာလို့ရပ်လိုက်တာလဲ။ ဘာဖြစ်လို့လဲ' ဟု မေးလိုက်၏။

ကိုအောင်မြင့်ကလည်း 'ကျွန်တော် ဘရိတ်အုပ် ရပ်လိုက်တာလည်း မဟုတ်ဘူး။ သူ့အလိုလို ရုတ်တရက် ရပ်သွားတာ' ဟု ပြန်၍ ဖြေကြားလေ၏။

ကိုဆန့်နီတို့ ရောက်ရှိနေသောနေရာမှာ ဆယ်မိုင်ကုန်းမရောက်ခင် လော်ကားဥယျာဉ်ခြံ ကျွန်းပင်အုပ်ကြီးများအနား ကားလမ်းဘေးတွင် ဖြစ်လေ၏။ ရုတ်တရက် ကားရပ်တန့်ပြီး အချိန်အနည်းငယ်(စက္ကန့်နှစ်ဆယ်ခန့်) အကြာတွင် နွားအကောင်သုံးဆယ်ခန့် နွားအုပ်ကြီး ဘွားခနဲပေါ်လာပြီး ကားရှေ့သို့ တဝုန်းဝုန်း ပြေးလွှားရောက်ရှိလာခြင်းဖြစ်လေသည်။

အကယ်၍သာ ကားသာ တုံ့ခနဲ ရပ်မသွားခဲ့လျှင် နွားအုပ်ကြီးနှင့် တန်းတိုး တန်းတိုက်ဖြစ်မှာ သေချာသည်။ ကိုဆန့်နီတို့ ကားလမ်းပေါ်၌ တဝုန်းဝုန်း ပြေးလွှားနေသော နွားအုပ်ကြီးကိုကြည့်၍ စောင့်ဆိုင်းနေကြရလေ၏။ နွားအုပ်ကြီးနောက်မှ အဝတ်ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသော လူတစ်ယောက်ကို ဘွားခနဲ မြင်တွေ့လိုက်ရလေ၏။ ထိုလူမှာ ယောက်ျားဆောင်း ထီးခေါက်အကြီးကို လက်တစ်ဖက်မှ ညှပ်ထားပြီး လက်တစ်ဖက်က တုတ်တစ်ချောင်းကို ကိုင်ထားလေ၏။ တစ်လံဝက်ခန့် ရှည်သည့် ဝါးဆစ်ပိတ်တစ်ချောင်း ဖြစ်လေ၏။

သေသေချာချာကြည့်လိုက်တော့ ထိုအဝတ်ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသူမှာ ဗမာလူမျိုး မဟုတ်ပေ။ ကုလားလူမျိုးတစ်ယောက် ဖြစ်လေ၏။ ဒိုတီဟုခေါ်သော ပိတ်ဖြူစကို ခါးတောင်းကျိုက်ထားလေ၏။ မျက်နှာတစ်ဝက်မှာမူ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့က နေရာယူထားကြ၏။ ခေါင်းပေါ်က ဆံပင်များကိုမူ နဖူးထိပ်တွင် စုစည်းချည်နှောင်၍ ထားလေ၏။

'ကလေးတို့က ဘာဖြစ်လို့လဲ' ဟု ထိုပုဂ္ဂိုလ်ကုလားကြီးက ကားရပ်ထားရာသို့ ရောက်လာပြီး မေးလေ၏။

'ကားစက်ရပ်သွားလို့' ဟု ကိုအောင်မြင့်က ဖြေသည်။

'စက်နှိုးကြည့်ပါဦး' ဟု ထိုပုဂ္ဂိုလ်က ဆိုလေ၏။

ကားစက်နှိုးသည်။ စက်က မနိုး။ စက်သံပင် မထွက်တော့။

'ကားက အခုမှဝယ်လာတာ အသစ်ကြီးဗျာ။ ဘယ်လိုဖြစ်လို့ ရပ်သွားတာလဲ မသိပါဘူးဗျာ' ဟု ကိုဆန့်နီက ညည်းညည်းတွားတွား ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ ကားကို ပြန်မောင်းရအောင် ငါ လုပ်ပေးမယ်။ လောလောဆယ် ငါနဲ့ လိုက်ခဲ့။ ဟိုရှေ့နားက ကျွန်းပင်အုပ်မှာ ဘုရားကျောင်းရှိတယ်။ အဲဒီမှာ ဆာဒူးဘာဘာကြီး နေတယ်။ မင်းတို့ အဲဒီကျောင်းရောက်ရင် ဆာဒူးဘာဘာကြီးကို ဝင်ကန်တော့ပြီးမှ ပြန်ကြ။ ခု ငါ နွားနှစ်ကောင်နဲ့ မင်းတို့ကားကို ကြိုးချည်ပြီး ဆွဲခဲ့မယ်' ဟု ပြောပြောဆိုဆိုပင် ကားကို ကြိုးချည်၍ ကျွန်းတောနားက ဘုရားကျောင်းရှိရာသို့ သွားလေ၏။

ကျွန်းတောကြီးအတွင်းသို့ ရောက်သောအခါ မိုးက စဲသွားပြီဖြစ်၏။ ကားကို ဘုရားကျောင်းမရောက်ခင် ရပ်ထားပြီး ကြိုးချည်ဆွဲသော နွားများကို လွှတ်လိုက်၏။ ကျွန်းတောကို ကျော်၍သွားသော် ဘေးပတ်ဝန်းကျင်တွင် မြေသားများဖြင့် မွမ်းမံဆောက်ထားသော မြေခံအိမ် လေးငါးလုံးခန့်ကို မြင်တွေ့ရပြီး ၎င်းကိုကျော်သွားလျှင် ဘုရားကျောင်းဝင်းကို တွေ့ရ၏။

ဘုရားကျောင်းဝင်းအတွင်းသို့ ခြေလှမ်းမိသည်နှင့် အေးမြသော ဆည်းဆာလေပြည်လေညင်းများနှင့်အတူ ဘုရားကျောင်းဝင်းအတွင်းမှ ဘည်းလည်းသံများ၊ ခေါင်းလောင်းသံများနှင့်အတူ သာယာနာပျော်ဖွယ် ကောင်းလှသည့် ဗုံသံနှင့် နဲသံတို့ကို ကြားရပြန်သည်။ စိတ်ထဲ ကြည်နူးလန်းဆန်း၍ အံ့သြမိပြန်သည်။

'ကလေးတို့ . . လာကြဟေ့။ မင်းတို့ကို နွားနို့တိုက်မယ်' ဟု ဘုရားကျောင်းအတွင်းမှ ဆာဒူးကြီးက ဆိုလေ၏။ ဆန်နီတို့လည်း ဆာဒူးကြီးကို အရိုအသေပြုပြီး ကန်တော့ကြလေ၏။

ဆာဒူးကြီးမှာ ခံ့ခံ့ရန့်ရန့် ဥပဓိရုပ်ကောင်း၏။ အသားဖြူ၍ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနှင့် ဆံကျစ်ကို ထုံး၍ထားလေ၏။ အသက်ကိုမူ ခန့်မှန်း၍ မရပေ။ ဆန်နီ့စိတ်ထဲ အသက်ငါးဆယ်ဝန်းကျင်ခန့်ဟု ထင်ရပေ၏။

'ဒီမယ် ကလေး၊ မင်းက ငါ့အသက်ကို ခန့်မှန်းနေတယ် မဟုတ်လား။ ငါ့အသက်က (၁၅၀)အတိပဲ။ မင်းသမီးလေးရဲ့ ခေါင်းမှာ အနာဖြစ်နေတာ မပျောက်ဘူး မဟုတ်လား။ မပူနဲ့၊ ငါ ဆေးမြစ်ပေးလိုက်မယ်။ အဲဒီဆေးမြစ်ကို သွေးပြီးလိမ်း။ နှစ်ရက်၊ သုံးရက်အတွင်း ပျောက်သွားလိမ့်မယ်' ဟု ဆာဒူးကြီးက ကိုဆန်နီကို ကြည့်၍ ပြောလေ၏။

ဆန်နီသည် ဆာဒူးကြီး၏စကားကြောင့် လွန်စွာထိတ်လန့်အံ့သြ၍ သွားလေ၏။ ဆန်နီရင်ထဲက စကားများကို ကြို၍ သိနေသကဲ့သို့၊ ဆာဒူးကြီးက ကြို၍ မြင်သိနေသကဲ့သို့ ပြောလိုက်သောကြောင့် ဖြစ်လေ၏။ သမီးလေး၏ ခေါင်းက အနာကိုလည်း ဘယ်လိုလုပ်ပြီး သိနေတာလဲဟု တွေး၍ ဆန်နီ အံ့သြခြင်း ဖြစ်ရလေ၏။

ခဏကြာတော့ ကုလားမလေးတစ်ယောက် နွားနို့နှစ်ခွက်ယူ၍ ရောက်လာ၏။ နွားနို့နှစ်ခွက်မှာ ကြေးခွက်များ ဖြစ်ကြလေ၏။ ကလေးမလေးက ဆာရီဝတ်ထားသည်။ အစိမ်းရောင်ဆာရီဖြစ်၍ သူမ၏ ဝါဝင်းသော အသားအရောင်နှင့် လွန်စွာလိုက်ဖက်လှလေ၏။

ဆန်နီသည် ကုလားမချောချောကလေးကို စိတ်ဝင်စားစွာ စိုက်၍ကြည့်နေမိလေ၏။

စိတ်ထဲမှာလည်း 'အပျိုမလေးဆိုရင်တော့ သူ့ကိုရတဲ့ယောက်ျားတော့ အတော့်ကို ကုသိုလ်အရမ်းထူးတာပဲ' ဟု စိတ်ထဲမှ တွေးပြီး ငေးနေမိလေ၏။

ဆာဒူးကြီးလည်း အဟမ်းဟု ချောင်း ဟပ်သံပေး၍—

'နွားနို့သောက်လိုက်ဦး ကလေးတို့။ ခုတွေ့တဲ့ ဆာရဒါးက မင်းထင်သလိုပဲ အပျိုစစ်စစ် တစ်ယောက်ပါ။ သူက ယောက်ျားယူမှာ မဟုတ်ဘူး။ မင်းတို့လူသားတွေလည်း မနီးစပ်ဘူး။ မတွေးနဲ့၊ မစဉ်းစားနဲ့။ နို့သောက်ပြီး မင်းတို့ကားလည်း ပြင်ပြီးသွားပြီ။ ကဲ . . ကဲ . . မင်းတို့ ပြန်လို့ရပြီ' ဟု ဆာဒူးကြီးက ပြောလေ၏။

ဆန်နီ ရှက်ရွံ့ရွံ့ဖြစ်သွား၏။ ဆန်နီ၏စိတ်ကို ဆာဒူးကြီး ကြို၍သိနေသောကြောင့် ဖြစ်လေ၏။

နို့သောက်၍ ပြီးသောအခါ ဆာဒူးကြီးကို ကန်တော့၍ ဆန်နီတို့ ကားဆီသို့ ထွက်သွားကြသည်။

ဒိုတီဝတ် ကုလားအဘိုးကြီးက 'မင်းတို့ ဆာဒူးကြီးကို ကန်တော့ပြီးပြီ မဟုတ်လား။ မင်းတို့ကားလည်း ကောင်းသွားပြီ။ မင်းတို့ ပြန်ကြတော့' ဟု ဆိုလေ၏။

ကားပေါ်တက်၍ စက်နှိုးကြည့်သည်။ ကားစက်က ပုံမှန်အတိုင်း နိုးလာ၏။ ဆန်နီက ကားထဲက ရေသန့်ဘူးကို လှမ်းယူ၍ သောက်လိုက်၏။ ရေကို တစ်ဝက်သာ သောက်၍ အကုန်သောက်ပြီး ကားအပြင်ဘက်သို့ ရေဘူးခွံကို လွှင့်ပစ်လိုက်၏။

ထို့နောက် ကျွန်းတောအတွင်းမှ ကားမောင်း၍



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့ကြလေ၏။ တစ်လမ်းလုံး ဆန်နီခေါင်းထဲ အတွေးတွေ ဝင်နေသည်။ အိမ်ရောက်တော့ ဖနီးနှင့် ယောက္ခမတို့ကိုလည်းကောင်း၊ ထိုဖြစ်ပျက်ခဲ့သော အကြောင်းတို့ကို ပြောပြရာ ၄င်းတို့က မယုံကြည်ကြပေ။ မောင်းသော ကိုအောင်မြင့်ပြောမှ သူတို့ ယုံကြည်သွားကြလေ၏။ ကိုအောင်မြင့်မှာ သူတို့၏သားဖြစ်၍ သားပြောတာကို သူတို့ ယုံကြည်ကြခြင်း ဖြစ်၏။

ထို့နောက် ကျွန်တော်တို့ တစ်အိမ်သားလုံး ၄င်း HILUX အနီကားဖြင့် ဆယ်မိုင်ကုန်းအကျော်သို့ ကျွန်တော်တို့ သွားရောက်ကြည့်ရှုရာ ဆာဒူးကြီးနေသော ဘုရားကုန်းနှင့် မြေ၊ အိမ်၊ နွားခြံများကို မတွေ့ရတော့ပေ။ နွားပတ်ဝန်းကျင်ကို အကဲခတ်ရှာဖွေရာတွင်လည်း ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည်ကို အံ့သြစွာ တွေ့မြင်ကြရလေ၏။

ထူးဆန်းသည်မှာ ဆာဒူးကြီးတို့ ဘုရားကျောင်းနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ပျောက်ကွယ်၍သွားကြသော်လည်း ဆန်နီလွင့်ပစ်ခဲ့သော ရေသန့်ဘူးခွံမှာမူ ကျွန်းပင်ကြီး တစ်ပင်ဘေး မြေပြင်တွင် လဲလျက် တွေ့မြင်လိုက်ရခြင်းပင် ဖြစ်လေ၏။

ထို့ထက်ပို၍ ထူးဆန်းသည်မှာ ဆာဒူးကြီးပေးလိုက်သော ဆေးမြစ်ဖြစ်သည်။ ထိုဆေးမြစ်ကိုသွေး၍ သမီးလေး မိငြိမ်း ခေါင်းမှာ ညှပ်ဆွဲထားသော အနာပေါ်သို့ လိမ်းပေးရာ နှစ်ရက်အတွင်း ယူပစ်သလို ပျောက်ကင်းသွားခြင်းပင် ဖြစ်လေသည်။

သမီးလေး မွေးစမှ တစ်နှစ်အတွင်း ဆေးကုသ၍ မပျောက်ကင်းခဲ့သော အနာသည် ထူးဆန်းစွာ ပျောက်ကင်း၍ ဦးခေါင်းမှာလည်း ပကတိအကောင်းအတိုင်း ဖြစ်သွားခြင်းပင် ဖြစ်လေ၏။

ဤဖြစ်စဉ်ဖြစ်ရပ်သည် သဘော်သား ကိုဆန်နီမှ ကျွန်ုပ်အား ပြောပြခဲ့သော ၄င်း၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဖြစ်လေ၏။ ဆာဒူးကြီးတို့ဘုရားကျောင်းဟူသော ခေါင်းစဉ်အမည်တပ်၍ ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပေတော့သတည်း။

မောင်အောင်ဇော်(ပန်တော်ဝင်)


နယ်လှည့်သာသနာပြု ဖိုးမွှေးသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☎ ၀၉ ၄၂၈ ၃၁၇၂၉၉



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်လှိုင်းခေါင်းဖြူများသည် အလိပ်လိုက်, အလိပ်လိုက်ဖြင့် အစီအစဉ်တကျ ကမ်းစပ်သို့ ရိုက်ခတ်လိုက်လေတိုင်း ကမ်းစပ်သဲသောင်ပြင်ပေါ်၌ ရေငန်ဆားမြှုပ်များက ပူစီဖောင်းငယ်များစွာသဏ္ဍာန်ဖြင့် တင်ကျန်ရစ်လေ့ရှိ၏။ သူတို့လည်း ကြာရှည်စွာ တည်မြဲမနေရပါချေ။ နောက်ထပ်လှိုင်းလုံးက ထပ်ဆင့်အုပ်မိုး ရိုက်ခတ်လိုက်သဖြင့် အသစ်,အသစ်သော ရေမြှုပ်များဖြင့် သောင်စပ်သံသရာလည်နေပါ၏။ လှိုင်းတို့နှင့်အတူ ပါလာတတ်သည့် ခရုခွံများ၊ ကမာခွံများနှင့် ကြယ်ငါးတို့သည်လည်း ပြန်ဆင်းသွားသော လှိုင်းရေနှင့်အတူ လိုက်ပါမသွားကြဘဲ ဆားရေမြှုပ်တို့နှင့် အဖော်ပြုကာ ကျန်ရစ်၏။

အနောက်ဘင်္ဂလားပင်လယ်အော်ကြီးသည် ဟိုးအနောက်မိုးကုပ်စက်ဝိုင်းသို့တိုင် ပင်လယ်ကို ခုံးဝန်းစွာတည်နေစေလျက် မိုးပြာရောင်ကောင်းကင်အောက်ဝယ် ခံ့ထည်စွာ မှိုင်းပြာနေလေသည်။ ရှည်လျားလှစွာသော သောင်ပြင်ကမ်းစပ်တို့နှင့် မလှမ်းမကမ်း ကုန်းမြေတွင်စော့ အုန်းပင်တန်းများ၊ ပင်လယ်ကဗွီးပင်ကြီးများနှင့် ပန်းတင့်စွာ ပင်လယ်လေကို ဆီးတားခံယူ၍ ယိမ်းကာနွဲ့ကာ ကမ်းခြေ၏အလှကို အားဖြည့်ပေးထား၏။ သောင်ပြင်ဆိုသော်လည်း သောင်ပြင်သက်သက်မဟုတ်ဘဲ ကမ်းခြေတစ်လျှောက်၌ သန္တာကျောက်တန်းများ၊ ကျောက်တုံးကြီးများနှင့် ဟိုးအဝေးဆီဝယ် ကျောင်တောင်ကြီးသက်သက် တည်ရှိနေသော ဘောလန်တောင်ကြီးကလည်း ပင်လယ်နှင့် တံတိုင်းခြားထားသည်ကဲ့သို့ မြင့်မားစွာ တည်နေပါ၏။

ပင်လယ်ပြင်ထဲ၌ သီးခြားတည်ရှိနေကြသော အနောက်ဘက်ကမ်းရိုးတန်းရှိ ကျွန်းစုများအနက် အကြီးဆုံးဖြစ်သော ရမ်းဗြဲကျွန်း၏မြို့တော် ကျောက်ဖြူနှင့် မိုင်(၃၀)ကျော်ခန့်အကွာ၌ ဇင်ချောင်း အမည်ရသည့် ကျေးရွာကြီးသည် ဘင်္ဂလားပင်လယ်ကမ်းစပ်ကို မေးတင်ကာ အထက်ပါ ရှုခင်းများကြောင့် နေချင်စဖွယ် တင့်တယ်လှပေ၏။



ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးသည် အဆိုပါ ဇင်ချောင်းကျေးရွာကြီးကို ဖြတ်သန်းသွားရပြီး ရွာနီးချုပ်စပ်တို့မှ ခရီးသည်များ ဆင်းရာ၊ တက်ရာ ဂိတ်စခန်းကြောင့် အတန်ငယ် စည်ကား၏။ ကျောက်ဖြူမှ ရန်ကုန်သို့ အသွားကားများသည် ဇင်ချောင်းတွင် တစ်ထောက်နား၍ ခရီးသည်များ တင်ဆောင်ခြင်းနှင့် ပင်လယ်ထွက်ကုန်ရေသယံဇာတများကိုလည်း ရေခဲပုံးသေတ္တာကြီးများဖြင့် ဈေးကွက်သို့ ရောက်အောင် သယ်ဆောင်

www.burmeseclassic.com



ခြင်းတို့ကို ပြုလုပ်ကြရ၏။ ထိုနည်းတူစွာ ရန်ကုန်မှလာသော ကားကြီးများသည်လည်း ဇင်ချောင်းသို့ရောက်ကာ ခရီးသည်များ ခြေဆန့်လက်ဆန့် အညောင်းအညာဖြေ၊ အဆာပြေစာစား၊ တပိုတပါးသွားကြ၊ ဆင်းမည့်ခရီးသည်များ ဆင်း၍ကျန်ကြသဖြင့် ကားများ ဇင်ချိန်ႇထွက်ချိန်တိုင်း မုန့်တီသောက်ကြသူ၊ လက်ဖက်ရည်သောက်ကြသူများကြောင့် ဆိုင်ကလေးများက လက်မလည်တမ်း ရောင်းကြဝယ်ကြ စည်ကားလှပါသည်။

ကားဂိတ်ရှိ ဈေးဆိုင်များနှင့် ဈေးတန်းကလေး အကြားရှိ လူသွားလမ်းကလေးမှ ဆင်း၍ သွားလိုက်ပါက ခြေလှမ်းတစ်ရာခန့် လျှောက်မိလျှင်ပင် သဲသောင်ပြင်ဖွေးဖွေးနှင့်တကွ လှိုင်းသံတံဝုန်းဝုန်း ကျောက်ဆောင် ကျောက်တုံးများဖြင့် အနားသတ်ထားသည့် ကမ်းစပ်သောင်ခြေကို မြင်ရပါပေပြီ။

ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးတစ်လျှောက် လမ်းတံတားစီမံကိန်း တာဝန်ကျနေသော အင်ဂျင်နီယာကလေး ကိုမြင့်မောင်သည် ကျောက်တုံးကြီးများကြားမှ သောင်စပ်သို့ ရောက်အောင်ဆင်းရင်း ဟိုအဝေး သောင်ခြေသို့ လှမ်းကြည့်လိုက်၏။ ကိုမြင့်မောင် မျက်နှာမူရာ ရှေ့တူရူတွင် ကမ်းစပ်တောက်လျှောက် ငါးဖမ်းလှေ အမြောက်အမြား သောင်ပြင်ကို ထိုးစိုက်ထားကြ၏။ ရောင်စုံ ကြက်လျှာအလံငယ်များကို တိုင်တစ်တိုင်စီတိုင်း အစီအရီ တပ်ဆင်ထားကြသဖြင့် လေအလာတွင် တဖျတ်ဖျတ် လူးကာလွင့်ကာ နေကြလေသည်မှာ ငါးလှေ၏ တင့်တယ်ခြင်းကို အားဖြည့်ပေးသကဲ့သို့ ရှိ၏။

[illegible]

တိုက်ကျိုမပြန်

ဘောလန်ဧည့်သည်

ထိုးဆိုက်ထားကြရာ လှေဦးတိုင်းနှင့် မလှမ်းမကမ်းတွင် ဖမ်းဆီးရမိလာသော ငါးများ၊ ပုစွန်များကို သောင်ပြင်တွင် ပုံချကာ ကိုတံငါတို့၏ အိမ်သူများ၊ သမီးများက ငါးသတ်သတ်၊ ပုစွန်သတ်သစ်ာ ဖြစ်သွားအောင် ရွေးနုတ်၍ သီးခြားစီခွဲကာ နေကြ၏။ ငါးလှေများ ကမ်းသို့ ဆိုက်လာကြသည်မှာ ကြာသေးဟန်မပေါ်။



အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနီးသို့ ကိုမြင့်မောင် ရောက်ချိန်တွင် ငါး၊ ပုစွန်ပုံကြီးများမှာ ရွေးခါစမို့ လှေက ချသည့်အတိုင်းသာ ရှိပါသေး၏။

ငါးပုံများမှာ သူ့လှေနှင့် သူ့အစုမို့ အဝန်းအဝိုင်း သီးခြားစီ အလုပ်များနေကြ၏။ လူစုများထဲမှ တောင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးနှင့် ပလတ်စတစ်ရေပုံးငယ် တစ်ပုံးကိုဆွဲ၍ အပြင်သို့ ထွက်လာသော လူတစ်ယောက်က ကိုမြင့်မောင်ကို မြင်သည်နှင့် လှမ်းကာ နှုတ်ဆက်၏။

'ဝေး . . ကိုချေ၊ မိုးထ အဆာပြေစားပြီးရာလား'

'ဟုတ်ကဲ့၊ အရီးချေစိန်နုတို့ဆိုင်မှာ မုန့်တီသောက်ပြီး မဦးခိုင်တို့ဆိုင်မှာ လက်ဖက်ရည်နဲ့မုန့် စားခဲ့ပြီးပါပြီဗျာ'

'ဒေမှာ ကိုချေစားဖို့ ကဏန်းတိုနန့် ကျောက်ပုစွန် ယူလာခရေ'

'ဟား . . ရောက်ကတည်းက စားချင်နေတာ ကိုထွန်းဖရေ၊ ရှယ်ပဲ။ ဒီနေ့တော့ ကျွန်တော့်ဗိုက်ကို ချွေးနှမ်းမယ့်နေ့ပဲဗျာ။ ကျေးဇူးတင်လိုက်တာ'

'ရာ . . ကျေးဇူးတန်စရာကော မလို။ ယင်းပိုင်စကား တိ မပြေဒပါကေ့။ ကိုချေရို့ ငရို့က ညီအိုက်ကိုတိ မဟောက်လားယေ'

'ဟုတ်ပါပြီ . . ဟုတ်ပါပြီ ကိုထွန်းဖရာ။ အိမ်မှာလည်း မနေ့က ငါးလိပ်ကျောက်ဟင်းတွေက မကုန်သေးဘူး။ ကဲ . . သွားကြစို့'

ကိုမြင့်မောင်နှင့် ကိုထွန်းဖတို့နှစ်ဦး စကားတပြောပြောနှင့် ကုန်းပေါ် ပြန်တက်ခဲ့ကြ၏။ ထိုလမ်းကြားက လေးတစ်ခုသာ ငါးဒိုင်များကို ဖြတ်သန်း၍ ဈေးသို့လည်းကောင်း၊ ကားဂိတ်သို့လည်းကောင်း၊ ရွာလယ်လမ်းမကြီးသို့လည်းကောင်း ရောက်သော ကမ်းစပ်နှင့်ဆက်သွယ်ရာ တစ်ခုသော လမ်းကလေးဖြစ်၏။ ငါးညှီနံ့စိုစိုကလေးနှင့် ဆားငန်ရေနံ့သင်းသင်းကလေးသည် ဤလမ်းကလေးတွင်သာ ထူးခြားစွာ ရရှိလေသည်မှာ ထူးတော့ မထူးပါပေ'

ပင်လယ်ပြင်ကြီးသည် လူသားတို့အတွက် အာဟာရ ဖြည့်စေရာ ရေသတ္တဝါအမျိုးမျိုးနှင့် သက်မဲ့စားစရာ သန္တာကျောက်ကြိုးမျှင်များ၊ ကျောက်ပွင့်များ စသည်တို့ဖြင့် စုံလင်ပေါများစွာ ပေးဝေလျက် ကမ္ဘာဦးအစမှ ယနေ့တိုင် တာဝန်ကျေစွလေ။

'ကိုချေ . . ဘောလန်တောင်ဘက် ရောက်ပြီးရာလား'

'မရောက်သေးပါဘူးဗျာ။ ကမ်းစပ်အတိုင်းတော့ ဟိုနားဒီနားပဲ သွားရသေးတာ။ အဲဒီဘောလန်တောင်ဘက်မှာ ဘာတွေရှိလို့တုံး'

'တောင်ကြီးရယ်၊ သစ်ပင်တွေရယ်အပြင် ဘာမှမရှိတော့ဘူးလို့ ထင်စရာတော့ ရှိသပေါ့'

'ဒါဖြင့် တစ်ခုခုရှိသေးတယ်လို့ ဆိုလိုတာလား'

'ဟုတ်တယ်၊ ရှိသေးတယ်ဗျ။ ဒါပေမဲ့ ဒါကို လူတိုင်း မြင်ရဖို့ မလွယ်ဘူး'

'ဒါဖြင့် ကိုထွန်းဖကရော မြင်ဖူးလို့လား'

'မြင်ဖူးတာပေါ့ဗျာ။ တကယ့်ကို သည်းထိတ်ရင်ဖိုကြီးပါပဲဗျာ'

'ဒီအကြောင်း ကျုပ်ကို ပြောပြပါလား'

'အင်း . . ပြောပြမယ်။ ဒါပေမဲ့ ခုတော့မဟုတ်ဘူး။ ညကျမှပေါ့'

'ကိုချေ . . ဒီည ငါးလှေ မထွက်ဘူးလား'

'ဒီနေ့ ကျွန်တော် နားမယ်လေ။ ဒါကြောင့် ညကျမှ သောက်ရင်းစားရင်း ပြောကြတာပေါ့ဗျာ'

'ကောင်းပါလေ့ဗျာ၊ ကျွန်တော့်အတွက် ဗဟုသုတ ကုန်ကြမ်းတွေ တိုးဦးမှာပေါ့။ ကဲ . . ညကျမှ ပြောကြ နားထောင်ကြတာပေါ့'

ကိုမြင့်မောင်နှင့် ကိုထွန်းဖတို့ ဆွေးနွေးခန်းကို မြန်မာအသံထွက်ဖြင့်သာ ဆက်လက်တင်ပြပါမည်။ (စကား ချုပ်)

◆◆◆

ညက ထုံးစံအတိုင်း ပုရစ်သံ၊ ပုစဉ်းရင်ကွဲမြည်သံတို့ ဟိုတစ်စ သည်တစ်စ ကြားနေရမြဲ။ ပင်လယ်ကမ်းနဖူး၏ ရွာငယ်ကလေးပီပီ ပင်လယ်လှိုင်းတို့ ကမ်းစပ်ကို လာရောက်ရိုက်ခတ်သံ တဝုန်းဝုန်းကို အဆက်မပြတ်ကြားနေရ၏။ လေပြင်းက တစ်ချက်,တစ်ချက် ခပ်ကြမ်းကြမ်း တိုက်လိုက်ပြီး မုတ်သုံနှုတ်ဆက်မိုး၏ မိုးရေမိုးပေါက်တို့ ကျဆင်းလာပြန်သဖြင့် အိမ်ခေါင်ရှိ သွပ်ပြားနှင့် မိုးပေါက်တို့ ထိမှန်သံကြားတွင် တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုမှုမှာ ပုံမှန်မဟုတ်တော့ဘဲ သာ ထက်ကျယ်ကျယ် ပြောနေကြရ၏။

'လွန်ခဲ့တဲ့သုံးနှစ်လောက်က ခုလိုမိုးတွင်းကြီးမှာပေါ့ ကိုချေရာ။ ဒီကနေ ကားလမ်းအတိုင်းသွားရင် ခြေကျင် ဆို နာရီဝက်လောက်သွားရတဲ့ အလယ်ရွာမှာ နာရေးတစ် ခုရှိလို့ ကျွန်တော်နဲ့ စိန်လှဦးရယ် မောင်ညွန့်ဖြူရယ် သုံးယောက်သွားကြတယ်'

'မနက်ခင်းလား'

'ဟုတ်တယ်၊ မနက်ခင်းပဲ။ ဟိုရောက်တော့ နာရေး

www.burmeseclassic.com

မှာ သူငယ်ချင်းတွေရော အမျိုးတွေရော ဆုံကြတော့ သောက်ကြစားကြတာပေါ့ဗျာ။ စားပြီးသောက်ပြီးတော့ အလယ်ရွာသစ်ကနေ အုန်းပုတ်ရွာကိုလိုက်ပြီး လည်ကြပတ်ကြရအောင် တိုင်ပင်ကြရော။ ဘာမှလည်း ဝေးတာမဟုတ်ပါဘူး။ နာရီဝက် လေးဆယ့်ငါးမိနစ်လောက်ကုန်းကြောင်းသွားကြရင် ရောက်တာပဲလေ'

'အုန်းပုတ်ရွာဆိုတာ ဟိုတောင်ကြီးရင်းကရွာလား။ အုန်းပုတ်တို့၊ သလုတောင်တို့ဆိုတာ'

'ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီမှာက အမျိုးတွေရှိသေးတာလေ'

'ဩော်··အင်း··ဆက်ပါဦး'

'အဲဒီနေ့က အုန်းပုတ်ရောက်တော့ ညီအစ်ကိုဝမ်းကွဲတွေ ဆုံကြတော့ သောက်ကြပြန်ရော။ သိတယ်မလား။ ကျွန်တော်တို့က အရက်ဆို ဘယ်လောက်သောက်သောက် မမူးတဲ့ကောင်တွေဆိုတော့ သောက်ရင်းစားရင်း စကားတပြောပြောနဲ့ မိုးချုပ်သွားပါရော'

'အင်း'

'ဒါနဲ့ပဲ ပြန်ကြစို့ဆိုပြီး မောင်ညွှန့်ဖြူက ရှေ့ကဦးဆောင်ပြီးထွက်တယ်။ ပြီးတော့ လမ်းရိုးက မပြန်တော့ဘဲ လယ်ကွက်တွေ အုန်းခင်း(ခနိတော)တွေဖြတ်ပြီး ဖြတ်လမ်းကနေ ပြန်မယ်ဆိုပြီး ထွက်လာလိုက်ကြတာ'

'မှောင်နေပြီလား'

'မှောင်ပြီလား ကိုချေရာ။ လ,ကလည်း လမိုက်ညမို့ ကြယ်ရောင်အလင်းလောက်ရှိတာ။ မှောင်မှောင်နဲ့ စကားတပြောပြော အရက်ကလေးတထွေထွေနဲ့ လျှောက်လာလိုက်ကြတာ မောင်ညွှန့်ဖြူက သူပဲ သွားနေကျမို့ လမ်းသိသလိုလိုနဲ့ ရှေ့က ဦးဆောင်သွားနေတော့ သူ့ကိုစိတ်ချပြီး နောက်ကနေ စိတ်အေးလက်အေးလိုက်လာတာ အဲဒီမှာ ဒုက္ခတွေ့တော့တာပါပဲဗျာ'

◆◆◆

မိုးသေးဖွဲကလေးများ ကျလာသဖြင့် သုံးဦးသားပုဆိုးကိုယ်စီကို ခေါင်းမြီးခြုံလိုက်ကြလျက် ဒေသအခေါ် အုန်းခင်း(ခနိတော)အခြေရှိ နွံများကို ဂရုတစိုက်နင်းကာ ဖြတ်သန်းရင်း ချောင်းရိုးငယ်အတွင်းသို့ ဆင်းကြ၏။ ဒီရေကျနေပြီဖြစ်သော်လည်း ရေက ဒူးလယ်၊ ပေါင်လယ်လောက်တော့ ရှိနေသေး၏။

ချောင်းရိုးငယ်မှတက်အပြီး လယ်ကွက်ငယ်ဟု ယူဆရသော မြေပြင်ပေါ်အရောက်တွင် စိန်လှဦးက မိမိတို့ လမ်းမှားနေပြီဖြစ်ကြောင်း သတိပေး၏၊ အဘယ်ကြောင့်ဆိုသော် အုန်းခင်ချောင်းရိုးငယ် မဖြတ်မီ လှမ်းမြင်နေရသောရွာမှ မီးရောင်ဖျပ်ဖျပ်ကို ယခု လုံးဝမမြင်ရတော့သဖြင့် ဖြစ်၏။ ဟုတ်သည်၊ မီးရောင်ဟူ၍ တစ်ခုမှ မမြင်ရတော့ချေ။

မောင်ညွှန့်ဖြူက လူတွေ အိပ်ကုန်ကြလို့ မီးမှိတ်လိုက်ကြတာနေမှာကွဟု စိတ်အထင်နှင့် ဆုံးဖြတ်ပြောပြော၏။ ပုံမှန်ဆိုလျှင် လမ်းပေါ် (သို့မဟုတ်) ရွာအနီး တစ်ခုခုသို့ ရောက်သင့်နေပြီသော်လည်း အချိန်သာကြာလာသည် ရွာလည်းမတွေ့၊ လမ်းလည်းမမြင်။ ခနိတော(အုန်းခင်း)များသာ တွေ့၍မပြီး၊ ဖြတ်၍လည်း မဆုံးနိုင်။

မောင်ညွှန့်ဖြူက ခဏနားကြစို့ဆိုပြီး ဖင်ထိုင်ချလိုက်ကာ စလွယ်သိုင်းလွယ်လာသော လွယ်အိတ်အတွင်းမှ အရက်ပုလင်းကို ထုတ်လိုက်ကာ တစ်မော့မော့လိုက်ပြီး ပုလင်းကို စိန်လှဦးသို့ ကမ်းလိုက်၏။ ထိုပုလင်းကား အုန်းပုတ်ရွာမှ သူငယ်ချင်းများက ထည့်ပေးလိုက်သော ခနိရည်ကို ချက်ထားသည့် ခနိအရက်များ ဖြစ်၏။

ထွန်းဇံက အင်္ကျီအိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ကာ မီးညှိရင်း ကောင်းကင်ကို မော့ကြည့်လျက် 'ကြယ်တွေလည်း မမြင်ရဘူးကွာ။ မိုးတွေအုံ့နေလိုက်တာများ စိတ်ညစ်စရာ' ဟု ဆိုလေ၏။

'ဟုတ်ပ၊ ထွန်းဇံရာ။ တို့ ရွာက ထွက်လာစတုန်းကတော့ ကြယ်လေးဘာလေး မြင်ရသေးတယ်' ဟု ထောက်ခံစကား ပြောလေသည်။

သူတို့ကား မူးမူး မှောင်မှောင်နှင့် လမ်းမှားနေကြပြီဖြစ်သည်။

ပြောမည်ဆိုကလည်း ပြောလောက်စရာ။ ကောင်းကင်တစ်ခုလုံး မည်းမှောင်အုံ့ဆိုင်းနေလေသည်။ အချို့နေရာများတွင် တိမ်ပါးသဖြင့် ကြယ်လင်းရောင် မှိတ်တုတ်မှိန်ပျပျကလေးတွေကို ခပ်ရေးရေးမြင်ရသော်လည်း အားမရှိလှ။

သူတို့အနေဖြင့် ပုံမှန်သွားရိုးသွားစဉ် လမ်းရိုးအတိုင်းသာ ပြန်ခဲ့ကြပါမူ ယခုလောက်ဆို ရွာကိုရောက် ထမင်းဘာညာစားပြီး အနားယူနေရလောက်ပြီ။ ယခုကား အချိန်

www.burmeseclassic.com

သာ သုံးနာရီကျော် လေးနာရီခန့်ကြာခဲ့သည် ဘယ်ရောက်၍ ဘယ်ပေါက်နေကြမှန်းမသိ။

အရက်တစ်ပုလင်းကို တစ်လှည့်စီ မော့လိုက်ကြပြီး ပုလင်းခွံကို ခနီတောဘက် လှမ်းပစ်လိုက်ကာ စိန်လှဦးက အလျင်ထပြီး သွားကြစို့ဟု လောဆော်၏။ သုံးယောက်စလုံး ထကာ ခရီးဆက်လာခဲ့ကြသော်လည်း လာလမ်း၊ သွားလမ်း ဟုတ်၏၊ မဟုတ်၏ မသေချာဘဲ ထင်ရာကို ရမ်းသန်း၍ သွားနေကြရမှန်း မသိစိတ်ကိုယ်စီတွင် သိကြပြီးသား ဖြစ်နေကြလေ၏။

အတန်ကြာလျှင် လှိုင်းပုတ်သံနှင့် ဒီတိုးသံကို ကြားရသဖြင့် မိမိတို့သွားလိုသောအရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ပင်လယ်ဘက်ကို ရောက်နေကြပြီကို သိလိုက်ကြသဖြင့် စိန်လှဦးက 'ဝေး..ပင်လယ်ဘက်ရောက်နေပြီရော'ဟု ပြောညည်းညည်း၏။

မောင်ညွန့်ဖြူကမူ 'ရောက်တော့လည်း ကောင်းတာပဲလေ။ ခုလို လမ်းမတွေ့တာထက်စာရင် ပင်လယ်ကမ်းစပ်က မြှောင်ပြီး လျှောက်သွားရင် ဇင်ချောင်းတော့ မရောက်မရှိပေါ့ကွ'ဟု ကျိန်းသေစကားဆို၏။

မိုးသဲသဲမဲမဲ မရွာသေးသည်ကတော့ ကံကောင်းနေကြသည်ဟု ဆိုနိုင်၏။

ဆက်လျှောက်လာကြရင်း မကြာမီတွင် ကမ်းခြေသို့ ရောက်လာကြပြီး ပင်လယ်ဘက်သို့ မျက်နှာမူလျှင် လက်ယာဘက်တူရူအရပ်တွင် မည်းမည်းမှိုင်းကြီးကို မြင်လိုက်ကြရသဖြင့် ဘောလန်တောင်ပဲကွဟု ပြိုင်တူဆိုမိကြ၏။ ဘောလန်တောင်မှ မိနစ်(၃၀)ခန့် လျှောက်လိုက်လျှင် ဇင်ချောင်းသို့ ရောက်နိုင်ကြပြီဖြစ်သည်။ သို့သော် ဘောလန်တောင်ကြီး၏ လက်ဝဲဘက်အရပ်သို့ ရောက်ရှိနေကြသော သူတို့တစ်သိုက်မှာ ကမ်းခြေအတိုင်း တောင်ကြီး၏ဟိုမှာဘက်ဆီသို့ ရောက်အောင်ကား နာရီဝက်နှင့် မရောက်နိုင်သေးချေ။

စိန်လှဦးက 'ဒီနေရာရောက်မှတော့ ရောက်ပြီလို့ သဘောထားလိုက်ပြီး ခဏထိုင်ကြဦးစို့'ဟုဆိုရင်း သဲသောင်ပြင်ပေါ် ထိုင်ချလိုက်၏။

ကျန်နှစ်ယောက်လည်း ပြိုင်တူလိုလို ထိုင်လိုက်ကြပြီး 'ထွန်းဖဲ၊ မင်းလွယ်အိတ်ထဲမှာ ပုလင်းပါသေးတယ် မဟုတ်လား။ ထုတ်ကွာ၊ ချကြရအောင်။ ဗိုက်တွေလည်း ဆာလှပြီ'ဟု စိန်လှဦးက တောင်းဆိုသဖြင့် ထွန်းဖဲက 'ငါ နှစ်လုံးတောင် ယူလာတာကွ။ ရော့..ချသာချ'ဟု ဆိုကာ ထုတ်ပေး၏။

သူတို့သုံးဦး တစ်ယောက်တစ်လှည့်စီမော့၍ မပြီးကြသေးမီ ဘောလန်တောင်ကြီးဘက်ဆီမှ မိမိတို့ဆီသို့ ဦးတည်လာနေသော မီးအိမ်ငယ်တစ်ခုကို တွေ့ရသဖြင့် မောင်ညွန့်ဖြူက 'တို့ရွာက ဘယ်သူတွေလဲတော့ မသိဘူး။ စားစရာလေးဘာလေးပါရင် တောင်းစားကြရအောင်'ဟု ဆိုကာ ထိုမီးရောင်လှဲ့လှဲ့ကို မျှော်လေ၏။ ကျန်နှစ်ဦးကလည်း ဝမ်းထဲမှ ကြိတ်ကြိတ်မြည်နေကြလေပြီ။

မီးရောင်သည် တဖြည်းဖြည်း မိမိတို့နှင့် နီးလာပြီး လူပုံသဏ္ဌာန်နှစ်ဦးကို မည်းမည်းရိပ်ရိပ်ဖြင့် မြင်တွေ့နေရ၏။ ထိုနှစ်ဦးမှာ အနီးရောက်သည်နှင့် မီးအိမ်ကို အထက်သို့ မြှောက်လိုက်ပြီး သူတို့ကို ဂူးဂူးဝါးဝါးနှင့် ပြောနေကြ၏။ ဘာတွေပြောနေကြမှန်းကို နားမလည်ကြ။ မှန်အိမ်အလင်းရောင်ဖြင့် သေချာကြည့်လေမှ မီးမှန်အိမ်ကိုင်မထားသော နောက်တစ်ယောက်၏လက်ဝယ် ပြောင်းရှည်သေနတ်တစ်လက်ကို ကိုင်ထားပြီး ထွန်းဖဲတို့သုံးဦးကို ကျကျနန ချိန်ရွယ်ထား၏။

ထိုသေနတ်ကိုင်ထားသူကပင် လက်ဟန်ခြေဟန်ဖြင့် မတ်တတ်ရပ်ရန် အချက်ပြ၏။ သူတို့နှစ်ဦးစလုံး ဝတ်ဆင်ထားပုံမှာ ဂျပန်ခေတ်က ဂျပန်တို့ ဝတ်ဆင်ပုံမျိုးနှင့် တစ်ထပ်တည်းဖြစ်ပြီး ပြောသောစကားများမှာလည်း ဂျပန်စကားပင် ဖြစ်ပုံရလေသည်။ အဘယ်ကြောင့်ဆိုသော် ခူးရကား၊ ဘတ်ကေးရိုး၊ ဘိရုမာဆိုသော စကားသံများကို သူတို့နှုတ်မှ တောက်လျှောက်နီးပါး ကြားနေကြရ၍ ဖြစ်သည်။ မိမိတို့ ရနိုင်လူမျိုး မဟုတ်သည်ကတော့ သေချာသွားလေပြီ။

ထွန်းဖဲတို့သုံးဦးသည် ထိုသူနှစ်ဦးကို ကြောက်၍တော့ မဟုတ်ချေ။ သူတို့လက်မှ သေနတ်ကို ကြောက်၍သာ မတ်တတ်ရပ်လိုက်ရသည်။ စိတ်တွင်းမှတော့ ကျင်ကိုင်သည့်ကဲ့သို့ ဖက်၍သာ နပန်းသတ်ပစ်လိုက်ချင်လှသည်။ သုံးယောက်နှင့်နှစ်ယောက်၊ မိမိတို့ကတောင် တစ်ယောက်ပိုနေသေးသည်။ အကယ်၍သာ တိုက်ခိုက်ရလျှင် မနိုင်စရာမရှိ။ သို့သော် ထိုသေနတ်နှင့် သေနတ်တွင်းမှ ကျည်ဆန်က နပန်းသတ်၍ နိုင်သည်ဟု တစ်ခါမျှမကြားဖူးကြသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အသာတကြည် အဖမ်းခံလိုက်ပြီး သူတို့ ညွှန်ကြားသည့်အတိုင်း လိုက်လုပ်ကြရန်သာ ရှိတော့သည်။

ပြီးနောက် မှန်အိမ်ကိုင်ထားသူက ရှေ့မှသွားနှင့်ကာ သေနတ်နှင့်လူက သွားဟု သေနတ်ကိုယမ်းကာ အချက်ပြသဖြင့် ထွန်းဖေတို့သုံးဦးသား မီးမှန်အိမ်ဆရာနောက်သို့ လိုက်ပါကြရ၏။ ထိုဆရာသည် သောင်ပြင်တွင် သွားနေရာမှ ပင်လယ်ကို ကျောခိုင်းကာ ဘောလန်တောင်ကြီးဘက်သို့ ဦးတည်လိုက်၏။

ဘောလန်တောင်ခြေရှိ ပင်လယ်ကဗ္ဗီးပင်များကိုဖြတ်လျက် တောင်ပေါ်သို့ တက်ခဲ့ကြပြီး တောတွင်းတောင်ပေါ်သို့ ရောက်လာကြ၏။ နာရီဝက်ခန့် တောတိုးဝင်ရောက်ခဲ့ကြရာ မကြာမီပင် လိုဏ်ဂူကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရပြီး မှန်အိမ်ဆရာကြီးကပင် ရှေ့မှဦးဆောင်လျက် လိုဏ်ဂူအတွင်းသို့ ဦးဆောင်ကာဝင်၏။ လိုဏ်ဂူအဝမှာ လူသုံးယောက်တန်းစီ၍ဝင်လျှင်ပင် ချောင်ချိစွာဝင်နိုင်၏။ ဂူအတွင်းတွင် မီးမှန်အိမ်နှစ်လုံးကို ထွန်းထားသဖြင့် လုံလောက်သော အလင်းရောင်ကို ရနေ၏။ အတွင်းတွင် လူသုံးယောက်ထိုင်နေကြသည်ကို တွေ့ရပြီး တစ်ယောက်မှာ အဝတ်ဝတ်မထားဘဲ ဘောင်းဘီတိုကလေးနှင့်ဖြစ်၏။ ထွန်းဖေတို့ သုံးဦးလည်း အူလည်လည်နှင့် သူတို့အနီးသို့ ဝင်ကာ ထိုင်လိုက်ကြသည်။

အတွင်းတွင် ကျည်ဆန်သေတ္တာဟု ယူဆရသော သစ်သားသေတ္တာကြီးများနှင့်တကွ ဂုန်နီအိတ်ခင်း ခေါက်ခုတင်သုံးလုံးနှင့် စစ်သုံးပန်းကန်မှအစ ခေါက်ဂေါ်ပြား၊ ရေနံဆီမီးဖို စသည်တို့ဖြင့် ပြည့်စုံစွာတွေ့မြင်ရ၏။ တစ်နေရာတွင် ဒေါက်ထောက်လျက်ချထားသော ဘရင်းဂန်းစက်သေနတ်တစ်လက်နှင့် နှစ်လက်မစိန်ပြောင်းတစ်လက်ကိုလည်း ထောင်လျက်သား တွေ့ရ၏။

သူတို့ကို ခေါ်လာသော မီးအိမ်ကိုင်ထားသူက မီးအိမ်ကို တိုင်ငုတ်တစ်ခုတွင် ချိတ်လိုက်ပြီး မြန်မာစကား မပီကလာပီကလာဖြင့် ဘဲကလာဒယ်ကား၊ ဆိုလိုသည်မှာ ဘယ်ကလာသလဲ ဖြစ်ပါလိမ့်မည်။ ထိုမှအစပြု၍ အမေးနှင့်အဖြေ အံကျ၊မကျတော့မသိ ထွန်းဖေတို့ သုံးဦးမှာ အရယ်တစ်ဝက် အပြုံးတစ်ဝက်ဖြင့် ဖြေကြရင်း သူတို့ကို အန္တရာယ်ပြုမည့်သူများ မဟုတ်တော့မှန်းသိပြီး မိတ်ဆွေဖြစ်ကုန်ကြရာ ဤတွင်မှ ထိုဂျပန်ကြီးများက ပေါင်မုန့်များ၊ စည်သွပ်ဘူးများ၊ သကြားနှင့် ထန်းလျက်ခဲကြီးများ ယူလာကာ ချကျွေး၏။

ထွန်းဖေတို့ကလည်း လွယ်အိတ်တွင်းမှ ပါလာသော အရက်ပုလင်းများကိုပြကာ သူတို့ကို သောက်စေ၏။ သူတို့ကလည်း သိမ်းထားသော ဝိုင်ပုလင်းများ၊ ဝီစကီပုလင်းများကိုထုတ်ကာ ဧည့်ခံပြန်၏။ ထိုမျှနှင့်မပြီးသေး၊ စားစရာ သောက်စရာများကို ယူဆောင်၍ အားလုံး ကမ်းခြေသို့ ပြန်ဆင်းခဲ့ကြရပြန်၏။ ကမ်းခြေသဲသောင်ပြင် ရောက်လျှင် ဝိုင်းဖွဲ့ကာ သောက်ကြစားကြဖြင့် ကိုဂျပန်ကြီးများက သီချင်းဆိုကာ ကကြ၏။ ထွန်းဖေတို့၊ စိန်လှဦးတို့၊ မောင်ညွန့်ဖြူတို့ သုံးဦးမှာလည်း ပုလင်းတွေ တစ်လုံးပြီး တစ်လုံး မော့ချရင်း ရေချိန်တွေ လွန်ကုန်ကြကာ သောင်ပြင်တွင် လဲကျပြီး နဂါးမင်းစည်းစိမ်ကို အပြည့်အဝခံစားကြလေကုန်၏။

ရာသီဥတုကလည်း မိုးသားတိမ်တိုက်တို့ မရှိကြတော့ဘဲ အာကာပြင်တစ်ခုလုံး ကြည်လင်လျက် ကြယ်ရောင်အလင်းနှင့် လခြမ်းကွေးကလေး၏ အလင်းတို့အောက်ဝယ် ထွန်းဖေတို့သုံးဦး ပုဆိုးလေးတွေ ကိုယ်စီခြုံလျက် အိပ်ပျော်နေကြသည်မှာ ကလေးတစ်သိုက်နှင့် ခွေးတစ်ကောင် ရောက်လာမှသာ နိုးကြလေကုန်၏။ နေပင် ထွက်စပြုနေပြီ။ ကလေးများမှာ ကျောက်တုံးများ၌ ကပ်ငြိနေကြသော ကရွှင်းခေါ် ကမာကောင် တစ်မျိုးကို ခွာယူစုဆောင်းရန် ရောက်လာကြခြင်းဖြစ်၏။

နိုးနိုးချင်းပင် ကပျာကယာ ပုဆိုးများကို ပြန်ဝတ်ပြီး လွယ်အိတ်တို့ကို ကောက်လွယ်ကြကာ ကမ်းခြေအတိုင်း



www.burmeseclassic.com

ရွာသို့ သုတ်သုတ်ပြန်လာခဲ့ကြ၏။ တစ်ယောက်နှင့်တစ်ယောက်လည်း စကားမပြောနိုင်ကြသေး။ ခေါင်းတွေလည်း ကိုက်ခဲနေကြပြီး ပင်ပန်းဆာလောင်မွတ်သိပ်မှု ဒဏ်ကြောင့် အိမ်သို့ မြန်မြန်ရောက်ရန်သာ စိတ်စောနေခဲ့ကြ၏။

ရွာသို့ပြန်ရောက်ကြပါပြီ။ နာရီဝက်ခန့်သာ လျှောက်ခဲ့ကြရ၏။ အိမ်သို့ရောက်ကြပြီး ရေမိုးချိုး အဆာပြေစားပြီးနောက် တစ်ရေးတစ်မော အိပ်ကြသေး၏။ အိပ်ရာက နိုးကြလျှင်ဖြင့် ညက ဂျပန်မိတ်ဆွေကြီးများထံ သွားလည်ကြရဦးမည်ဟု တေးမှတ်ထားလိုက်ကြသည်မှာ သူတို့သုံးဦးစလုံး တူညီနေတော့သည်တကား။

♦ ♦ ♦

'ဒါဖြင့် ကိုထွန်းဖံတို့ တစ်ရေးနိုးတော့ အမူးလည်းပြေ၊ အိပ်ရေးလည်းဝ၊ လန်းလန်းဆန်းဆန်းဖြစ်တော့ အဲဒီလူတွေဆီ ပြန်သွားကြသေးလား'

'သွားတာပေါ့ဗျာ။ ကျုပ်တို့သုံးယောက်တင် ဘယ်ကဦးမလဲ။ ရွာထဲက လူတွေကပါ ဒါ မဖြစ်နိုင်ဘူးဆိုပြီး သုံး‚လေးယောက် လိုက်လာကြသေးတာ'

'ကျွန်တော်ဆိုလည်း မဖြစ်နိုင်ဘူးလို့ပဲ တွေးမှာပဲ။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်(၅၀)ကျော် (၆၀)လောက်က ဒုတိယကမ္ဘာစစ်ဖြစ်တုန်း ရောက်လာတဲ့ ဂျပန်တွေဆိုတာ ခုချိန် ရှိမှမရှိတော့တာလေ။ ကိုင်း‥ဆက်ပါဦး။ ဟိုရောက်တော့ သူတို့နဲ့ ပြန်တွေ့ကြရောလား'

'တွေ့လား၊ မတွေ့လား ဆက်သာနားထောင်ပါတော့ဗျာ'

ကိုထွန်းဖံတို့ တစ်သိုက်သည် ဘောလန်တောင်ခြေရောက်သည်နှင့် သူတို့ ယမန်နေ့ညက တက်သွားခဲ့သည့် တောင်တက်လမ်းရိုးကို ပြန်ရှာကာ တောင်ပေါ်သို့တက်ရန် တောကို ခက်ခဲစွာတိုး၍ တက်ကြရ၏။ ထူထပ်လှသော ချုံနွယ်ပိတ်ပေါင်းများကြောင့် ဤနေရာမှ ဟုတ်ပါ၏လောဟု သံသယဖြစ်မိသေး၏။ သို့သော် လွဲစရာကား မရှိ။ ယမန်နေ့ညက တောင်ခြေမှ စတက်တက်ချင်း တွေ့ရသော ပင်လယ်ကဗွီးပင်ကြီးလေးပင်မှာ တောင်ခြေမှ သည် လေးပင်စလုံး ဟစ်တန်းတည်း အနေအထားဖြင့် ပေါက်ရောက်နေသည့် လေးပင်တန်းကို မမှတ်မိနိုင်စရာ မရှိ။ ပြီးလျှင် တောင်ခြေမှ လှမ်းကြည့်လျှင်ပင် မြင်နိုင်သော စင်ပြွမ်းပင်ကြီးတစ်ပင်ကလည်း ထင်ရှားသည့် အမှတ်အသားဖြစ်၍နေသည်မို့ သည်နေရာသာဖြစ်၏ဟု တစ်ထစ်ချဆုံးဖြတ်ကာ တောတိုးတက်လာကြခြင်း ဖြစ်၏။

လူသွားလမ်းဖုံဖုံကလေးသော်မှ မရှိသည့် ချုံတောများ၊ ကိုင်းပင်များ ထူထပ်သိပ်သည်းစွာ ပေါက်နေသည့် သည်တောလမ်းကို ညက မှောင်မှောင်ကြီးထဲ မီးအိမ်ငယ်လေးတစ်ခု အားကိုးဖြင့် မနေ့ညက ဖြောင့်တန်းစွာ တက်လာခဲ့ကြသည်မှာ ဆန်းသည်ဟု ဆိုရမည်လား။

သညာသိတစ်ခုတည်းဖြင့် တောတိုးတက်လာခဲ့ကြရင်း ညကရောက်ခဲ့သည့် လိုဏ်ဂူငယ်ရှိရာ တောင်စောင်းသို့အရောက်ဝယ် လင်းနို့အသံစူးစူးများကို တောင်နံရံဘက်ဆီမှ ကြားရသဖြင့် ရဲတင်းသော လူငယ်ကလေးများက တောတိုးတက်သွားကာ အသံကြားရာ နေရာဆီ၏ ရှေ့တွင်ရှိသည့် ချုံတောများကို ရှင်းလိုက်သည့်အခါ လိုဏ်ဂူအဝတစ်ခု ဘွားခနဲပေါ်လာလေ၏။ မရှေးမနှောင်းမှာပင် လင်းနို့တစ်ကောင် ဦးစွာထွက်လာပြီး ဆက်တိုက်ဆိုသလို လင်းနို့အမြောက်အမြား ပျံသန်းထွက်ပေါ်လာကြလေသည်။

လူငယ်များက ခဲလုံးများ၊ ကျောက်ခဲများကောက်၍ လိုဏ်ဂူအတွင်းသို့ ရမ်းသန်းပစ်ခတ် ခြောက်လှန့်ကြ၏။ ပြီးနောက်မှ လေးခွကိုင်ထားသော စံရွှေသာက ဦးစွာဝင်၏။ သူ့နောက်မှ မောင်ညွန့်ဖြူက ဖုန်းမှ ဓာတ်မီးကိုဖွင့်ကာ နောက်မှလိုက်ဝင်၏။ သူ့နောက်မှ ကျန်သူအားလုံးလိုက်ပါဝင်ကြ၏။

အတွင်းတွင် မြင်လိုက်ရသည့် မြင်ကွင်းကား-

(၁) မြေပြင်တွင်လည်းကောင်း၊ ဂူနံရံကိုမှီ၍လည်းကောင်း ရှိနေကြသော လူရိုးစုငါးစု။

(၂) ခြများ၊ ပုရွက်များ စား၍ ကျန်ကြွင်းသော သစ်သားအတိုအစများ၊ သံချေးများ အထပ်ထပ်တက်နေသည့် သေနတ်ဟု ယူဆရသည့် သေနတ်ပုံသဏ္ဌာန် သံတိုသံစများ။

(၃) ဘောင်လျက်သားရှိနေသည့် မီးမှန်အိမ်ကလေး တစ်ခုနှင့် ရှေးဟောင်းမှန့်ဘီလူးအပျဖ် တစ်လက်ကိုသာလျှင် တွေ့ကြရပါပေသတည်း။

သာတိုးချာလီခွေ

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပူဇော်ယ္ဘာယ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA).

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ခေတ်ရိုက်ခေတ်ဆင်ယတြာပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဝီယလာဘ်ဖွင့်

### ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်

ဘဝအောင်မြင်မှုကို ရယူပါ။

သား၊ သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာရိုးရာ နာမက္ခရာမင်္ဂလာနှင့်အညီ တလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ထား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် အထူးယတြာ စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုဆိုလျက်ပါ

www.burmeseclassic.com

www.burmeseclassic.com

# ကျော်မင်းညွန့် (လှည်းကူး)

# အစစ်အမှန်



ဝိဇ္ဇာဆိုသော စကားလုံးကို မန္တန်အတတ်၊ အင်းအတတ်၊ ဆေးအတတ်၊ သံအတတ်၊ ပြဒါးအတတ် စသည်တို့၌ ကျွမ်းကျင်၍ ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း၊ ကိုယ်ပျောက်ခြင်း စသည့်တန်ခိုးအမျိုးမျိုးရရှိသော ပုဂ္ဂိုလ်ဟု ဖွင့်ဆိုကြသည်။

ထွက်ရပ်လမ်း ဆိုသည်မှာလည်း ပြဒါး၊ သံ စသည်တို့ကို သေအောင့်လုပ်သော အဂ္ဂိရတ်နည်းလမ်း၊ ဝိဇ္ဇာ၊ ဝိဇ္ဇာဓိုရ်ဖြစ်အောင်လုပ်သောနည်းလမ်း၊ ဤနည်းလမ်းဖြင့် ပေါက်မြောက်အောင်မြင်သွားသူကို ဝိဇ္ဇာ၊ ဝိဇ္ဇာဓိုရ်ဟု ခေါ်ကြသည်။ တစ်နည်းအားဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ထူးဟုလည်း ခေါ်ကြသည်။

မြန်မာစာအဘိဓာန်ထဲတွင် တပသီကို ကိလေသာ ခန်းခြောက်သူ၊ မြိုးမြဲကျင့်ကြံသူ၊ ရသေ့ဟု ဖွင့်ဆိုထားပြီး ဇော်ဂျီကို မိုးပျံအတတ်၊ မြေလျှိုးအတတ်၊ ဆေးဝါးမန္တရား အတတ် စသည်တို့တွင် ကျွမ်းကျင်သူဟု အနက်ပေးထားသည်။

တပသီဆိုသည်က ရေငုပ်၊ မီးလှူ၊ ဇယ်ခတ် စသော အကျင့်များနှင့် သိဒ္ဓိမပေါက်မချင်း ခက်ခက်ထန်ထန် သည်းသည်းထန်ထန် ကျင့်ကြံအားထုတ်သူများ ဖြစ်ကြ သည်။ တပသီဆိုသည်က ဇော်ဂျီအပါအဝင်ဖြစ်သည်က များသည်။ တပသီတိုင်းသည် ဇော်ဂျီ မဟုတ်ကြသော် လည်း ဇော်ဂျီတိုင်းမှာ တပသီအဖြစ် များကြသည်။

ဇော်ဂျီတို့သည် ပုဏ္ဏားများနှယ် ဗေဒင်လက္ခဏာ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ မြေကြန်အတတ် စသည့် သျှူတ္တရအတတ်များကို တတ်ကျွမ်းကြသည် ဆို ၏။ အချို့ကလည်း ဇော်ဂျီဆိုသည်မှာ လောကီသိဒ္ဓိ ဆယ် ပါးလုံးကိုသော်လည်းကောင်း၊ အချို့အဝက်ကိုသော်လည်း ကောင်း ပေါက်မြောက်သူများဖြစ်ကြပြီး ထိုရရှိထားသော သိဒ္ဓိများသည် အချိန်မရွေး ပျောက်ပျက်ရန် လွယ်ကူသော ကြောင့် လူသူနှင့်ဝေးရာ တောတောင်များတွင် ခိုလှုံ တင်းနေထိုင်တတ်ကြသလို မြေလျှောက်ဝိဇ္ဇာများအဖြစ် လူများနှင့် ရောနှောနေထိုင်ကြကြောင်း၊ ဝိဇ္ဇာဓိုရ်များနှယ်

www.burmeseclassic.com

ဖိုလ်ဝင်ခြင်း၊ ပညာစဉ်တက်ခြင်း မပြုရသေးကြောင်း ဆိုကြသည်။

မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ သမန္တစက္ခုဒီပနီကျမ်းထဲတွင် ဇော်ဂျီတို့သည် သောရမည်သောမန္တန်၊ ဂန္ဓာရမည်သောမန္တန်တို့နှင့်လျော်သော ရဋ္ဌိကာမည်သောဆေး၊ ဤမန္တန်ဆေး နှစ်ပါးကိုတတ်မှ ဝိဇ္ဇာမိုရ်အဖြစ်ပြီးမြောက်ခြင်းကို ရောက်သည်ဟု ဖော်ပြထားပါသည်။ တပသီနှင့် ဇော်ဂျီတို့သည် ဝိဇ္ဇာအဆင့်ကို မရောက်သေးမီအဆင့်၊ ဇော်ဂျီတို့သည် သောရမန္တန်၊ ဂန္ဓာရီမန္တန်၊ ရဋ္ဌိကာဆေး စသည်တို့နှင့် ပြည့်စုံကျွမ်းကျင်မှ ဝိဇ္ဇာအဆင့်ရောက်သည်ဟု ဆိုလိုရင်းပင်။

ဝိဇ္ဇာတို့သည် ဇော်ဂျီထက် သာလွန်သော စွမ်းရည်၊ သိဒ္ဓိတန်ခိုးများရှိသည်။ ယင်းသိဒ္ဓိ(၁၀)မျိုးမှာ-

(၁) အာရောဂျသိဒ္ဓိ - ရောဂါကင်းခြင်း၊
(၂) ယောဗ္ဗနသိဒ္ဓိ - မအိုခြင်း၊
(၃) အာယုသိဒ္ဓိ - အသက်ရှည်ခြင်း၊
(၄) ကာယသိဒ္ဓိ - လက်နက်ဘေးမှ ကင်းခြင်း၊
(၅) ပီယသိဒ္ဓိ - အများချစ်ခင်ခြင်း၊
(၆) ဓနိသိဒ္ဓိ - ရွှေ၊ ငွေရတနာ ပေါခြင်း၊
(၇) ပထဝီသိဒ္ဓိ - မြေကြောရှုံ့ခြင်း၊
(၈) ဥဒကသိဒ္ဓိ - ရေပေါ်၌ သွားလာခြင်း၊
(၉) အာကာသိဒ္ဓိ - ကောင်းကင်၌ သွားလာနိုင်ခြင်း၊
(၁၀)ဣဒ္ဓိဝိဓသိဒ္ဓိ - တန်ခိုးမျိုးစုံ ပြနိုင်ခြင်း။

ဖော်ပြပါ သိဒ္ဓိစွမ်းရည်ကို ရရှိပိုင်ဆိုင်ကြသော ဝိဇ္ဇာမိုရ် အမျိုးမျိုးအထွေထွေရှိကြောင်း လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းထဲတွင် ပြဆိုထားပုံမှာ-

(၁) ဝေဒဝိဇ္ဇာမိုရ် - သာမ၊ ယဇု၊ ဣရုဗ္ဗေဒ၊ အာတပ္ပန ဗေဒင်လေးရပ် ကျွမ်းကျင်ပေါက်ရောက်သူ၊
(၂) ဝိဇ္ဇာမိုရ် - လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ဓာတ်ကျမ်း၊ သျှတ္တရကျမ်းတို့၌ ကျွမ်းကျင်ပေါက်မြောက်သူ၊
(၃) ဂန္ဓာရီဝိဇ္ဇာမိုရ် - ဆေး၊ အင်း၊ စမ၊ ပြဒါး၊ သံ စသည် ထွက်ရပ်လမ်းအတတ်တို့၌ ကျွမ်းကျင်ပေါက်မြောက်၍ နတ်တို့အလား ကျွမ်းကျင်ပေါက်မြောက်သူ၊
(၄) လောကီယဝိဇ္ဇာမိုရ် - ကသိုဏ်း၊ ပဋိဘောဂ၊ နိမိတ် စသည်တို့ ကျင့်ကြံအားထုတ်၍ရသော ဈာနဣဒ္ဓိဝိဓ အဘိညာဉ်တို့ ရအပ်သောပုဂ္ဂိုလ်၊
(၅) အရိယာဝိဇ္ဇာမိုရ် - ဗုဒ္ဓဒေသနာလာ မဂ်ရောက်၊ ဖိုလ်ပေါက် အရိယာသူတော်စင်ပုဂ္ဂိုလ်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သာမန်လူသားဘဝမှ နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်၍ ဇော်ဂျီ၊ ဇော်ဂျီအဖြစ်မှ ဝိဇ္ဇာမိုရ်အဆင့်သို့ ကူးပြောင်းနိုင်ခဲ့လျှင်မူ အချို့သော ကျမ်းဂန်တို့၌ ဝိဇ္ဇာမိုရ်အဖြစ် ရောက်သောသူ၏ ရူပနိကာယ် အဆင်းကား အသားအရေတို့သည် ရွှေအဆင်းနှင့်တူ၏။ ခြေသည်း၊ လက်သည်း၊ မျက်လုံးတို့ကား ပတ္တမြားကျောက်နီနှင့်တူ၏။ ဝိဇ္ဇာသုံးပါးအတတ်၊ ရက္ခစိုး၊ ဘုမ္မစိုးအတတ်တို့ကို အကုန်တတ်၏။ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံ အကုန်တတ်၏။ ရှေ့ခုနစ်ဆက်၊ နောက်ခုနစ်ဆက် ဘဝများကို သိမြင်နိုင်၏။

နတ်တို့၏ ပုညသမ္ဘာရ ကမ္မဝိပါကဇတ္တိတည်းဟူသော တန်ခိုးကိုပင် လွှမ်းမိုးချုပ်ချယ်နိုင်စွမ်းသော ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးကို ဖြစ်စေတတ်သဖြင့် အချို့နတ်တို့၏ မလိုမုန်းတီးမှုကြောင့် အသက်၊ ခန္ဓာ၊ ပညာတို့ကို နှောင့်ယှက်ဖျက်ဆီးတတ်သဖြင့် သီလ၊ စရဏ၊ ပညာ၊ သမာဓိ အရာတို့၌ ခိုင်မာပြည့်စုံစေပြီး နတ်တို့၏ ချစ်ခင်မြတ်နိုးမှုများရသူ မိတ်ဖွဲ့ဖော်ဆောင်မှုများ ပြုလုပ်သင့်ကြောင်း အထူးညွှန်ကြားထားသည်။

ထို့ကြောင့် ဤဝိဇ္ဇာမိုရ်အတတ်သည် စိန္တာမယသိဒ္ဓိ အစရှိသော သိဒ္ဓိများ ပေါက်ရောက်သဖြင့် နတ်တို့၏ ကမ္မဇိဒ္ဓိတန်ခိုး၊ အဘိညာဉ်တန်ခိုးနှင့် ပုညဣဒ္ဓိတန်ခိုးနှင့် တူစွမ်းသော အတတ်ပညာများပင် ဖြစ်သည်။

ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့တွင်လည်း ပြဒါးဝိဇ္ဇာသည် ခွန်အားဗလနှင့် ပြည့်စုံသည်။ သိဒ္ဓိငါးပါးကို ဆောင်နိုင်သည်။ နာနာရုပ်အတတ်၊ ဆေးဝါးအတတ်ကို ကျွမ်းကျင်သည်။ ဘဝဟောင်း ဘဝသစ်ကို သိ၍ သက်တမ်း(၁၀၀၀၀)ထိ နေနိုင်သည်။ အိုခြင်း၊ နာခြင်း ကင်း၍ အချိန်(၁၀၀၀)လေးသောဝန်ကိုဆောင်လျက် အမြင့်ခုနစ်ယူဇနာဆောင်သောတောင်ကို တက်နိုင်၏။ ခုနစ်ယူဇနာခရီးကို တစ်နာရီနှင့် ရောက်နိုင်သည်။ ကောင်းကင်အမြင့် ခုနစ်ယူဇနာခရီး ပျံတက်နိုင်သည်။

ဆေးဝိဇ္ဇာသည် အလုံးစုံသော ဆေးအတတ်ကို တတ်

www.burmeseclassic.com

မြောက်၏။ နာနာရုပ်အပါအဝင် ပညာရပ်ပေါင်း တစ်ထောင်ကို တတ်မြောက်သည်။ သက်တမ်း(၂၅၀၀၀)နေရသည်။ အိုနာကင်း၍ နုပျိုကျန်းမာသည်။ အချိန်(၁၀၀၀)ဝန်ကိုဆောင်လျက် ငါးယူဇနာအမြင့်ကို တက်နိုင်သည်။ ငါးယူဇနာခရီးကို တစ်နာရီနှင့် သွားနိုင်သည်။ ငါးယူဇနာအမြင့်ကို ပျံတက်နိုင်သည်။

မန္တန်ဝိဇ္ဇာသည် အထူးထူးသော မန္တန်၊ ဂါထာများစွာတတ်မြောက်သော ကာယသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ရှိန်းဆာယာအတတ် စသည်တို့၌ အထူးပြည့်စုံသည်။ သက်တမ်း(၁၅၀၀၀) နေရသည်။ ရှေ့ဖြစ် နောက်ဖြစ် သိသည်။ အချိန်(၁၀၀၀)လေးသောဝန်ကိုဆောင်လျက် နှစ်ယူဇနာအမြင့်ကို တက်နိုင်သည်။ နှစ်ယူဇနာခရီးကို တစ်နာရီနှင့် သွားနိုင်သည်။

သံဝိဇ္ဇာဓိုရ်သည် ခွန်အားဗလနှင့် ပြည့်စုံ၏။ ဝါယောသိဒ္ဓိ၊ အာကာသသိဒ္ဓိတွင် ထူးချွန်သည်။ ဗေဒင်လေးပုံတတ်ကျွမ်း၍ ရှေ့နောက်ခုနစ်ဘဝ သိမြင်သည်။ သက်တမ်း(၅၀၀၀) နေရသည်။ အိုခြင်းကို တားမြစ်နိုင်သည်။ အချိန်(၁၀၀၀)လေးသောဝန်နှင့် ခုနစ်ယူဇနာအမြင့်ကို တက်နိုင်၏။ ယူဇနာ(၁၀၀)ခရီးကို တစ်နာရီနှင့် ရောက်နိုင်၏။ အထက်အမြင့်ကို ယူဇနာအထိ ပျံတက်နိုင်၏။

ဝိဇ္ဇာများကို ခြုံငုံသုံးသပ်ရသော် လောကုတ္တရာဝိဇ္ဇာဟု ဆိုအပ်သော အရိယာဝိဇ္ဇာဓိုရ်နှင့် ဗုဒ္ဓဝိဇ္ဇာဓိုရ်တို့မှတစ်ပါး ကျန်ဝိဇ္ဇာဓိုရ်များသည် လောကီဝိဇ္ဇာဓိုရ်များ ဖြစ်ကြသည်။

ထိုလောကီဝိဇ္ဇာဓိုရ်များ၌ပင် အင်း၊ ဆေး၊ ပြဒါး၊ သံ၊ စမ၊ မှော်အဂ္ဂိရတ် အစရှိသော အတတ်ပညာများဖြင့် သိဒ္ဓိပေါက်ဝိဇ္ဇာများ။

ဂါထာ၊ မန္တန်၊ မန္တရား၊ သမထ၊ ယောဂ၊ ကသိုဏ်း၊ ဈာန်, အစရှိသော အကျင့်စရဏ အကျင့်ပညာအားဖြင့် သိဒ္ဓိပေါက်ဝိဇ္ဇာများဟု နှစ်မျိုးနှစ်စား ကွဲပြားပြန်သေးသည်။

အတတ်ပညာအားပြု ဝိဇ္ဇာဓိုရ်များကို လမိုင်းဝိဇ္ဇာဓိုရ်၊ အောက်ဝိဇ္ဇာဓိုရ်ဟု ခေါ်ဆိုကြလျက် အသိပညာအားပြု ဝိဇ္ဇာဓိုရ်များကို အထက်ဝိဇ္ဇာဓိုရ်၊ ပေါက်ဝိဇ္ဇာဓိုရ်များဟု ခေါ်ဆိုကြပါသည်။

◆ ◆ ◆

## အခန်း(တစ်)

မှတ်မှတ်ထင်ထင် (၁၉၇၀)ပြည့်နှစ်၊ မေလ (၁၀)ရက်၊ နံနက်(၁၀း၀၀)နာရီတိတိအချိန်။

လှည်းကူးမြို့နယ်၊ ငမိုးရိပ်ချောင်းကို ဖြတ်ကျော်ဆောက်လုပ်ထားသော ငမိုးရိပ်တံတားသစ်ကြီး၏ ထက်၊ အောက်၊ ဝဲယာ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့တွင် လူများ ဖွေးဖွေးလှုပ်လျက်။

စင်စစ် ဤငမိုးရိပ်ချောင်းတံတားကြီးမှာ ယခင်က တံတားဟောင်းကို ဖြိုဖျက်ဆောက်လုပ်ထားသော တံတားသစ်ကြီးပင်။

ဤတံတားသစ်ကြီးကို (၁၉၇၀)ပြည့်နှစ်၊ မေလ (၁)ရက် ကမ္ဘာ့အလုပ်သမားနေ့ကပင် ပျော်ပွဲရွှင်ပွဲများနှင့် တရားဝင် ဖွင့်လှစ်ပွဲကျင်းပခဲ့ပြီး ဖြစ်သည်။

ထိုစဉ်က စည်ကားလိုက်ခြင်း။

ယခုလည်း ကြက်ပျံမကျ လူများ ကြိတ်ကြိတ်တိုးနေပြန်ပြီ။ ကြောင်းလျှားဘယ်သို့ထူးပါလိမ့်။

ကမ်းနှစ်ဖက်နှင့် တံတားကြီးထက်အောက်တွင် ဤမျှအုံးအုံးကျွက်ကျွက်ဖြစ်နေပြီး ချောင်းထဲတွင်လည်း လှေများ၊ ဖောင်များဖြင့် စည်ကားနေရခြင်းမှာ အသက်အရွယ်အားဖြင့် (၆၀)ကျော်ခန့်ရှိပြီး ထက်အောက်ဝတ်စုံဖြူ တစ်ခေါင်းလုံး ဖွေးဖွေးဖြူလျက်ရှိသော ဖျင်းတောင်ဆံပင်များကို သျှောင်တစောင်းထုံးထားပြီး အဖြူရောင်ခေါင်းပေါင်းစလေးနှင့် ရစ်ပတ်ထားသော အရပ်မြင့်မြင့် အသားဖြူဖြူ ဥပဓိရုပ်ခန့်ညားတည်ကြည်သော လူကြီးတစ်ဦးက ငမိုးရိပ်ချောင်းအတွင်းသို့ ဣန္ဒြေရရ ဆင်းသွားကာ ရေပြင်ထက်တွင် တင်ပျဉ်ခွေထိုင်ပြီး ရေစုန် ရေဆန်ကို ရေပြင်ထက်မှ အခန့်သားထိုင်ကာ မျောပါနေခြင်းကို ဝိုင်းအုံကြည့်ရှုနေကြခြင်း။

တကယ့် တစ်သက်နှင့်တစ်ကိုယ် အံ့ဖွယ်မြင်ကွင်း။

အံ့သြစရာဆိုသည်ပင် ဤမျှလောက် အံ့ဖွယ်မဟုတ်ဟု ဆိုရခြိမ့်။

ရေပြင်ထက် မျောပါနေသော သူတော်စင်ကြီးမှာ တံတားဦးသိပ်မှ ချောင်းရေကျအတိုင်း အောက်ဘက်ရှိ ဝါးရုံတော ဘုန်းကြီးကျောင်းရှေ့ (ဈေးနောက်) မော်တော်ဆိပ်၊ ဝါးရုံတောကြီးကျောင်း ချောင်းကွေ့ရှိ ဧရာမညောင်ပင်ကြီး အနောက်တွင် ရေဆန်ပြန်တက် ရေစုန် ရေဆန်

www.burmeseclassic.com

www.burmeseclassic.com

ခရီးကို ရေပြင်ထက်တွင် ရေမစိုဘဲ မျက်စိနှစ်လုံးပိတ်ကာ ဈာန်ဝင်နေသည့်အလား တက်တုံသက်တုံ။

သူတော်စင်ကြီး ရေစုန် ရေဆန် ရေပြင်ထက် မျော ပါနေခြင်းမှာ ရေကို ဆန်၍ စုန်၍ ကူးခပ်နေခြင်းမဟုတ်။ ရေမျက်နှာပြင်ပေါ်တွင် ကုန်းမြေပေါ်၌ တင်ပျဉ်ခွေပြီး သက်သောင့်သက်သာ ထိုင်နေသည်ကဲ့သို့ ရေစီးနှင့် ပါ သွားလိုက်၊ ရေစီးကိုဆန်၍တက်လာလိုက် ဖြစ်နေခြင်းပင်။

လူများကြား ကျော်မင်း အတင်းတိုးဝှေ့ ချောင်းရေ ထဲ (ဖောင်ထက်မှ) အနီးကပ်ကြည့်ပါမှ သူတော်စင်ကြီး မှာ ဥပဓိရုပ် အလွန်ခံ့ညားတည်ငြိမ်ပြီး တစ်ခေါင်းလုံးရှိ ဆံပင်များသာမက မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများပင် ဖျိုင်းတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေပြီး ၄င်းအား ပတ်ဝန်း ကျင်မှ ဝိုင်း၍ အားပေးအော်ဟစ် ချီးကျူးပြောဆို ကန် တော့ရှိခိုးခြင်းတို့ကို ဥပေက္ခာပြုလျက် စက်ရုပ်တစ်ရုပ် ပမာ ဝန်းကျင်ကို ရှိသည်မထင် စကားလည်း လုံးဝမပြော မိမိပြုဖွယ်ကိုသာ ပြုနေသည့်အလား။

ထိုစဉ်က အနောက်ဘက်ကမ်း ဈေးနောက်၊ ချောင်း ကွေ့၊ ဝါးရုံတောဘုန်းတော်ကြီးကျောင်း ဂမ်းစပ်တွင် ရောမနှစ်ချို့ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ညောင်ပင် ကြီးမှာ အကိုင်းအခက် လွန်စွာထူထပ်ပြီး အလွန်မြင့်မား ၏။

ပင်စည်ကြီးမှာလည်း လူကြီးသုံး,လေးယောက် ဖက် ၍ပင် မီအံ့မထင်။

ဤညောင်ပင်ကြီးမှာ ချောင်းဘက်သို့ ကိုင်းကျနေပြီး ထူထပ်သိပ်သည်း မြင့်မားလှသော ကိုင်းများထက်တွင် ထောင်ပေါင်းများစွာသော ကျေးငှက်တို့ ညဉ့်အိပ်နားခိုရာ လည်းဖြစ်၏။

နံနက်စောစောနှင့် ညနေ ငှက်များ အိပ်တန်းတက် ချိန်တွင် ဘာသာဘာဝ အော်ဟစ်တွန်ကျူးကြသည်မှာ အနီးဝန်းကျင်အိမ်များရှိ လူများ စကားပြောမရသည်အထိ ကျွက်ကျွက်ညံနေလေ့ရှိသည်။

သူတော်စင်ကြီးမှာ မျက်စိမှိတ်အနေအထားနှင့် ရေ ပြင်ထက် စီးမျောပါလာသော်လည်း ဈေးအနောက်ဘက် ချောင်းကွေ့ဝါးရုံတော ဘုန်းတော်ကြီးကျောင်းရှိ ညောင် ပင်ကြီးနား ရောက်သွားလျှင် ပုံမှန်အားဖြင့် ဤအချိန်သည် ကျေးငှက်များ အနားယူသည့်အချိန် မဟုတ်သော်လည်း ယနေ့တွင်မူ အလွန်တရာ အံ့ဖွယ်သရဲ ထူးထူးကဲကဲ။ ဤသူတော်စင်ကြီး ကြွချီလာမည်ကို သိနေသည့်အလား ကျေးငှက်တို့က အစာရှာမထွက်ဘဲ ပြိုင်တူအော်ဟစ် အား ပေးကြသည့်အလား ဘာသာဘာဝ တွန်ကျူးနှုတ်ဆက် ကြကုန်၏။

ရေစုန် ရေဆန် ရေမျက်နှာပြင်ထက်မှ မျောပါလာ သည့် သူတော်စင်ကြီးကလည်း ငှက်တို့၏ မာဂဓဘာသာ ကို သိနားလည်သည့်အလား လက်ကို မြှောက်ပြလိုက် လျှင် ရေဆန်သို့ အလိုလိုပြန်ကွေ့၍တက်၏။

လှည်းကူးသား လူအထောင် အသောင်းရှေ့တွင် တကယ့်မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်။

ထိုစဉ်က ရေပြင်မှာ နွေရေဖြစ်သော်လည်း ချောင်း လယ်တွင် လူ့တစ်ရပ်ခန့် အနက်ရှိပြီး ရေပြင်ထက်တွင် ကသိုဏ်းကစားနေသည့် သူတော်စင်ကြီးမှာ ရေတစ် ပေါက်ပင် မစွတ်စိုသည်မှာလည်း တကယ့်ရှားပါးထူး ဆန်းမြင်ကွင်း။

ဤသို့ တစ်နာရီခန့် မျောပါနေပြီး နောက်ဆုံး စုန်ရေ နှင့်အတူ ဤတင်ပျဉ်ခွေထိုင်လျက် ပုံစံနှင့်ပင် ချောင်းရိုး တစ်လျှောက် ပါသွားပြီး ပြန်ဆန်တက်လာခြင်းကို မတွေ့ ရတော့။

'ဘိုးတော်အစစ်ကွ'

'ရေကသိုဏ်းရှုတယ် ဆိုတာများလား'

'မြေလျှိုး မိုးပျံသွားပြီနဲ့ တူတယ်ဗျ'

ချောင်းကမ်းစပ်နှစ်ဖက် ဖွေးဖွေးလှုပ်ကြည့်ရှုနေကြ သော လူအုပ်ကြီးများကြားထဲမှ တစ်ယောက်တစ်ပေါက် ပြောသံများ။

သူတော်စင်ကြီး ပြန်မပေါ်လာတော့သည့် အဆုံး ကျွက်စီ,ကျွက်စီဖြင့် လူအုပ်ကြီး လူစုကွဲသွားကြပြီ။

ငမိုးရိပ်ချောင်းရေကား သူနှင့် ဘာမှမဆိုင်၊ မပတ် သက်၏ တော်စောက အဖြစ်အပျက်ကို လုံးဝဥပေက္ခာ။

ငမိုးရိပ်ချောင်းရေကား တသွင်သွင် စီးဆင်းဆဲ။

◆ ◆ ◆

### အခန်း(နှစ်)

(၁၉၇၆)ခုနှစ်၊ ရှုလိုင်လ (၁၈)ရက်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည့်စကားအတိုင်း ငမိုးရိပ်ချောင်းရေက ဝါးလုံးထိုး တဝေါဝေါ။

www.burmeseclassic.com

ကမ်းနားအနိမ့်ပိုင်းတစ်လျှောက်ပင် ရေများ ဝင်လာကြပြီ။ သည်လိုသာ ချောင်းရေအတက်ကြမ်းနေလျှင် မြို့အတွက်ပင် စိတ်မချရ။ ထိုစဉ်က ယခု အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်သော မြေသားတမံဖြစ်သည့် ငမိုးရိပ်ဆည်ကြီး မရှိသေး။

လှည်းကူးမြို့ပေါ်တွင် လက်ရှိ မိုးမရွာသေးသော်လည်း ရိုးမဘက်တွင် ထိုစဉ်က မိုးမည်းနေလျှင် တောင်ကျရေနှင့်အတူ ငမိုးရိပ်ချောင်းအတွင်း စီးဝင် စီးဆင်းနေသဖြင့် စိုးရိမ်ရခြင်းပင် ဖြစ်သည်။

ဤရေအတိုင်းနှင့်ပင် လှည်းကူးမြို့ အောက်ဘက်ကွင်းရွာများ ရေမြုပ်ကုန်ကြပြီ။ ချောင်းရေထဲတွင် အမြစ်မှ ကျွတ်ပါလာသည့် သစ်ပင်ကြီးများ၊ အနှစ်နှစ်က သောင်တင်နေခဲ့ကြသော ကျွန်းသစ်လုံးကြီးများ၊ ဝါးလုံးများ၊ ဒိုက်ပုံများ၊ တိရစ္ဆာန်အသေကောင်များက ဝါးလုံးထိုး ချောင်းရေစီးနှင့်အတူ ဝေါခနဲ၊ ရိပ်ခနဲ။

ရေစီးသန်သော ငမိုးရိပ်ချောင်းရေကို ကြည့်၍ အောက်ကွင်းရွာများ ရေမြုပ်နေကြောင်း သိကြသည်။ ယခုကဲ့သို့ ငမိုးရိပ်ချောင်းရေကို ထိန်းချုပ်နိုင်သည့် ကာလီထော်ဆည်၊ မဟူရာဆည်၊ ငမိုးရိပ်ဆည်တို့ လုံးဝမရှိသေး။

တဝေါဝေါ တဝုန်းဝုန်း အတက်ကြမ်းလာသော ချောင်းရေကြောင့် ကမ်းနားအနိမ့်ပိုင်း နေသူများပင် ရွှေ့ပြောင်းကုန်ကြပြီ။

ရေကား တရိပ်ရိပ် တက်နေဆဲ။

ညဘက်ဖြစ်၍ အိပ်ရာဝင်ကြသော်လည်း စိုးရိမ်တတ်သော လူကြီးသူမများက ကမ်းနားလမ်းတစ်လျှောက် ရေကင်းများပင် ချထားစောင့်ကြည့်နေကြရပြီ။

ည(၁၁း၃၀)နာရီခန့်။

ချောင်းကမ်းနားတစ်လျှောက် နေထိုင်သူ အားလုံးပင် နိုးတစ်ဝက် အိပ်တစ်ဝက်ဖြင့် ညတာကို သတိနှင့် ကုန်ဆုံးနေရချိန်။

'ဝုန်း'

'ဝရော..ဝရော..ဖျော..ဖျော'

ချောင်းအော်သံဟု လူတိုင်း သိနေကြသည့် တဝေါဝေါ တဝုန်းဝုန်း ချောင်းရေစီးသံထက် အဆတစ်ရာ၊ တစ်ထောင် ကျယ်လောင်လှသော ဝုန်းခနဲအသံကြီးနှင့်အတူ တဝေါဝေါ ပွဲတင်ထပ်သံများက ချောင်းထဲမှ ပေါ်ထွက်လာပြီး ပွဲတင်ထပ်၍မဆုံး။

တဝုန်းဝုန်း ချောင်းရေပြင်ကို ကြီးမားလှသောဘီလူးကြီး တစ်ကောင်က လက်ဝါးနှစ်ဖက်နှင့် ရိုက်လိုက်သည့်နှယ် ဝုန်းခနဲ အသံကြီးနှင့်အတူ ဘောင်ဘင်ခတ်၍လာသော ချောင်းရေ၏ လှုပ်ရှားမှုဒဏ်ကြောင့် ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်များအောက်သို့ ချောင်းရေများက ဟူးဟူးရားရား ဝင်ဆောင့်လိုက်ကြ၍ အိမ်ကြီးရခိုင်များပင် တုန်လှုပ်သွားကြသည်။

အချို့၏ စူးစမ်းမေးမြန်းသံ၊ အချက်ပေးသံ၊ ကလေးငယ်များ၏ အော်ဟစ်ငိုယိုသံ၊ ခွေးဟောင်သံ ကျွက်စီ၊ ကျွက်စီ ခဏတာ ကြားရပြီး ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

ကျော်မင်း၊ တစ်အိမ်လုံး သိမ့်ခနဲထင်ရသည့် မမျှော်လင့်ထားသော လှုပ်ရှားမှု။ ဝုန်းခနဲ အသံကြီး၏ ပွဲတင်ထပ်သံ၊ တဝေါဝေါ တဖျောဖျော အသံများကြောင့် ဆတ်ခနဲ အိပ်ရာမှ ကုန်းထလိုက်သည်။

တစ်အိမ်သားလုံး နိုးလာပြီး လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုသည်သည် ထိုးကြည့်ကြသည်။ အိမ်ရှေ့လမ်းမကြီးပေါ်တွင် ရေလှိုင်းဂယက်ရိုက်ခတ်မှုကြောင့် ချောင်းရေများက တဝုန်းဝုန်း။

ကလေးသံ၊ ခွေးသံ၊ စူးစမ်းမေးမြန်းသံများဖြင့် တစ်ခဏ ဆူညံပွက်လောရိုက်သွားသည်။

သူတို့အိမ်က ဈေးကြီးရပ်ကွက် ကမ်းနားလမ်းတွင် တည်ရှိပြီး ချောင်းကို ကျောပေးထားကာ တည်ဆောက်ထားခြင်းပင်။

နောက်ဖေးဘက်မှ ငမိုးရိပ်ချောင်းကား ဒေါသမာန်ရသွန်ဖြင့် တဝုန်းဝုန်း။

ထိုစဉ် အနိမ့်ပိုင်းရှိ အိမ်အချို့မှ တဖြောင်းဖြောင်း တဝုန်းဝုန်း ကြမ်းပြင်ကို တုတ်နှင့် ရိုက်နက်သံများ ပေါ်လာပြန်သည်။

အားကောင်းလှသော ချောင်းရေစီးနှင့် အတူပါလာတတ်သော မြွေဆိုးတို့ အိမ်ပေါ် တက်မလာစေရန်နှင့် တက်လာလျှင်လည်း ဆင်းသွားစေရန် အချက်ပေးတီးခတ်သံ။

ကျော်မင်းတို့အိမ်နှင့် ဝါးရုံတော ဘုန်းတော်ကြီးကျောင်းကွေ့ရှိ ဇရာမသြော်ပင်ကြီးကို ဒေါမာန်ထ...



www.burmeseclassic.com

www.burmeseclassic.com

သော ငမိုးရိပ်ချောင်းနှင့် စည်းခြားထားသည်။

ဝုန်းခနဲ ဝေါခနဲ တဝေါဝေါ တဗျောဗျော အသံကြီးက တိတ်သွားသော်လည်း ဘေးဘီဝန်းကျင်နှင့် အိမ်ရှေ့ မျက်နှာချင်းဆိုင် အိမ်များပါ နိုးလာကြပြီး အမျိုးမျိုးသော ဝေဖန်သံများက မစဲသေး။

ငလျှင်လှုပ်တာ၊ တော်လဲတယ် ဆိုတာများလား။

ချောင်းက လူတောင်းတာလား။

ကောလာဟလများက ချောင်းရေထက်ပင် မြန်စွာ ပျံ့နှံ့သွားတော့သည်။

ရေတက်ကြမ်းလာသည်က အမှန်။

ညနေက အိမ်ရှေ့လမ်းမတစ်ဖက်ရှိ အိမ်များအောက်သို့ ရေမဝင်သေး။ ယခု လမ်းမထက်မှာပင် ရေက နှစ်ပေခန့် ကျော်နေပြီ။

ချောင်းရေတို့က ငြိမ်ပြီးစီးဆင်းနေခြင်းမဟုတ်။ စောစောက ရေမဘီလူးကြီး၏ ရိုက်ခတ်လိုက်သော ချောင်းရေက တဝေါဝေါ တဝုန်းဝုန်း အသံမျိုးစုံဖြင့် ကမ်းစပ်ကို ရိုက်ခတ်လာသံက မငြိမ်သေး။

ချောင်းအော်သံက တဖြည်းဖြည်း ဝေး၍ ဝေး၍။ တော်သေးသည်က မိုးမရွာခြင်း။

မိုးမရွာ လေမတိုက်သော်လည်း လျှပ်စစ်မီးက ပျက်နေပြန်သည်။

ကျော်မင်း တိုင်ကပ်နာရီကို တစ်ချက် မီးနှင့်ထိုး၍ ကြည့်လိုက်သည်။ ည(၁၂း၃၀)နာရီတိတိ။

သူ့အိပ်ခန်းက ချောင်းဘက် ကျောပေးထားသည့် ကျောဘက်အခြမ်း။ နောက်ကျောပြတင်းတံခါးပေါက်ကို ဖွင့်၍မရသေး။ ပြင်ပတွင် မှောင်မည်းနေသေးသည်။

'သြော် ..မနက်မိုးလင်းမှ ထင်ထင်ရှားရှား မြင်ရတွေ့ရမှာပဲလေ။ အဲဒီတော့မှ ဘာဖြစ်တာလဲဆိုတာ သိရမှာပဲ'

ပြတင်းတံခါးဖွင့်၊ လက်နှိပ်ဓာတ်မီးဖြင့် ချောင်းတစ်ဖက်ကမ်းဆီသို့ ထိုးကြည့်ရန် စိတ်ကူးပြီးမှ အကျိုးမရှိ မှောင်မည်းနေ၍ စိတ်လျှော့ကာ အိပ်ရာပြန်ဝင်လိုက်သည်။

အတွေးစုံကြောင့် တော်တော်နှင့် အိပ်မရ။

◆ ◆ ◆

နံနက်မိုးလင်းသွားပြီ။

ရောင်နီပျိုးစ အလင်းရောင်။

မျက်နှာသစ်ပြီး ပြုဖွယ်အကျင့်စရိုက်အတိုင်း ဘုရားသောက်တော်ရေနှင့် ဆီမီး၊ နံ့သာတိုင်ကပ်၊ ဘုရားရှိခိုး၊ သုစာ်ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်အပြီး ပြတင်းတံခါးကို အသာဖွင့်လိုက်သည်။

ရှင်းလင်းလှသည့် မြင်ကွင်း။

တစ်ဖက်ကမ်း ဟိုမှာဘက်ကမ်းကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်တွေ့နေရသည်။ ခါတိုင်းနေ့ရက်များထက် ယနေ့က ပို၍လင်းနေသယောင်။ မျက်စိထဲတွင် မြင်နေကျ အရာဝတ္ထုများက ပုံမှန်မဟုတ်။

တစ်ခုခုလိုနေသည်က အမှန်။

အသေအချာ ကြည့်လိုက်တော့မှ ဟိုမှာဘက်ကမ်းဝါး ရုံတောချောင်းကွေ့ရှိ ငှက်သတ္တဝါမျိုးစုံတို့ ခိုလှုံရာ ရေမညောင်ပင်ကြီး မရှိတော့။

ညောင်ပင်ကြီးက ချောင်းရေစီးနှင့် မျောပါမသွားဘဲ ဝဲလည်နေသော ရေဝဲကန်တော့ကြီးဖြစ်ကာ တဟီးဟီး တဟဲဟဲ အသံမျိုးစုံ ပေါ်ထွက်လျက်။

ချောင်းရေထဲ ဝဲလှည့်နေသော ရေမညောင်ပင်ကြီးကို ကျော်မင်း ကြည့်၍ သံဝေဂယူနေမိသည်။

ထိုစဉ်-

'ဟင် ..'

အံ့သြထိတ်လန့်ဖွယ် မြင်ကွင်းကြောင့် ကျော်မင်း နှုတ်မှ အသံထွက်သွားပြီး ပါးစပ်အဟောင်းသား။

တကယ့်ထူးဆန်းလှသည့် မြင်ကွင်း။

ရေထဲ ဝဲလှည့်နေသော ညောင်ပင်ကြီးနံဘေးမှ မျက်နှာကြီးတစ်ခုက ရေထဲမှ တဖြည်းဖြည်း တစ်ရစ်ချင်း ထွက်ပေါ်လာတော့သည်။

ထို့နောက် ပခုံးစွန်းနှစ်ဖက် တရွေ့ရွေ့ ခန္ဓာကိုယ်အထက်ပိုင်း။ ပို၍ထူးဆန်းနေသည်က ဤရေထဲမှ ထွက်ပေါ်လာသော မျက်နှာရှင်ကို ကျော်မင်း မြင်ဖူး တွေ့ဖူး သိကျွမ်းပြီးသယောင်။

ရေထဲမှ ပုဂ္ဂိုလ်ကြီးတစ်ကိုယ်လုံး တဟဲဟဲ တဝေါဝေါ ချောင်းရေထဲမှ ပေါ်ထွက်လာပြီ။

ကျော်မင်း ကောင်းကောင်းမှတ်မိသွားပြီ။

လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလခန့်က လှည်းကူး ငမိုးရိပ်ချောင်းအတွင်း စုန်ဆန်ရေကာသိုက်း၌ မျောပါနေသော အဘ။

www.burmeseclassic.com

ပုဂ္ဂိုလ်ကြီးက အပြောင်းအလဲမရှိ။

လည်ပင်းနှင့် လက်ဝဲဘက်ပခုံးအား လျှိုကာဆွဲထားသည့် ကွမ်းသီးလုံးခန့်ရှိ ပုတီးကြီးတစ်ကုံးအား စလွယ်သိုင်း ဆွဲထားသည်မှာအပ အခြားထူးထူးခြားခြား အပြောင်းအလဲမရှိ။

တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေသည့် ဆံပင်များကို သျှောင်တစောင်းထုံးထားပြီး အဖြူရောင်ပဝါပါးပါးလေးနှင့် ရစ်ပတ်ထားကာ အင်္ကျီလက်ရှည်အဖြူ၊ လုံခြည်အဖြူ ဝတ်ဆင်ထားပြီး လက်ယာလက်က တောင်ဝှေးတစ်ချောင်း စွဲကိုင်ထားလျက်။

ချောင်းရေထဲမှ တစ်ကန့်ချင်း ပီပီပြင်ပြင် ထွက်ပေါ်လာကာ ကျွန်တော်ရှိလှစွာနှင့် ဝဲလှည့်နေသော ညောင်ပင်ကြီးထက် ခေတ္တရပ်တန့်လိုက်ပြီးမှ ဝါးရုံတောဘုရားအား လက်အုပ်ချီကန်တော့ပြီး ကောင်းကင်ထက်သို့ တရွေ့ရွေ့တက်သွား ပျောက်ကွယ်သွားတော့သည်။

သည်အခါကျမှ ညက လျှင်လျှပ် တော်လဲသည့် နယ် အသံကြီးနှင့် ပြိုလဲခဲ့သော ညောင်ပင်ကြီးမှာ ငမိုးရိပ်ချောင်း၏နောက် ဤဝဲလည်နေသောရေထဲသို့ တဖြည်းဖြည်း နစ်မြုပ်သွားတော့သည်။

တွေ့ရ မြင်ရ ဆိုရခဲ ဖူးမြော်ရခဲလှသော အဘဝိဇ္ဇာကြီးအား ကျော်မင်းက လက်အုပ်ချီကန်တော့လျက်။

အစစ်တစ်ခု အတုတစ်ထောင် ဆိုသော စကား အတိုင်း သူဖူးမြော်ခဲ့ရသည့် အဘဝိဇ္ဇာကြီးကား ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အစစ်၊ အတုအယောင် မဖြစ်နိုင်။

သူ့မျက်ဝန်း တစ်ခုလုံးနှင့် ပါးပြင်အား မျက်ရည် စီးကြောင်းတစ်ခု ဖြတ်စီးလျက်။

ဩော်··ဝမ်းသာလျှင်လည်း မျက်ရည်ကျတတ်သည် ပဲလေ။

ငယ်သူငယ်ချင်း ကျော်မင်း၏ ပြောပြချက်များ။

မေတ္တာရည်လျက်

ကျော်မင်းညွန့်(လှည်းကူး)

**စာကိုး**

* ဝိဇ္ဇာတို့အကြောင်း တစေ့တစောင်း (မင်းရှိန်အောင်)။


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လေယာဉ်မင်္ဂ**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရှသင်း** **သမင်ဖြူ**

ခရှသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေယာဉ်မင်္ဂ** အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့နှုန်းဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

# ထာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်




ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာပြန်ပွဲ စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသားနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင် ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လှူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရစဒေသာပင်များကို သားစဉ် မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**
ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘုရားရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၅၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၃၇၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကာလကို ပြန်လည်ရေတွက်ကြည့်သော် နှစ်ကာလ အတော်ပင် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကျွန်တော်ပင် ဌာနဆိုင်ရာ ဝန်ထမ်းဘဝမှ အနားယူခဲ့ပြီး စာရေးသားခြင်း အလုပ်ကို လုပ်ကိုင်နေသည့် အသက်ငါးဆယ်ကျော် အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ငယ်သူငယ်ချင်းဖြစ်သူ သန်းဇော်ကလည်း ယခုအချိန်တွင် ကျွန်တော်ကဲ့သို့ပင် အသက်ငါးဆယ်ကျော် နေပြီဖြစ်သည့် တွဲဖက်အထက်တန်းကျောင်းကြီး တစ်ကျောင်း၏ ကျောင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်နေပြီ ဖြစ်ပါသည်။

တစ်ယောက် တစ်နေရာစီ နေထိုင်ခဲ့ကြသော်လည်း တစ်နှစ်တစ်ခါ နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော အာစရိယပူဇော်ပွဲတွင်တော့ သန်းဇော်နှင့် ကျွန်တော် မလွဲမသွေ တွေ့ဆုံရတတ်သည်။

ယခုနှစ် သီတင်းကျွတ်တွင်လည်း အာစရိယပူဇော်

www.burmeseclassic.com



# တစ္ဆေကို အလည်ခေါ်လာသူ

## တင်အေးကျော်(ဆောင်ထဲ)

ပွဲသို့ တက်ရောက်ပါရန် ဖိတ်စာရောက်လာသဖြင့် သန်းဇော်ရော ကျွန်တော်ပါ တက်ရောက်ခဲ့ကြသည်။

ယခင်နှစ်များက အမြဲဆုံတွေ့ပြီး ကန်တော့ခဲ့ရသည့် ငယ်ဆရာ၊ဆရာမတချို့လည်း ယခုနှစ်တွင် တက်ရောက်နိုင်ကြခြင်း မရှိကြတော့ဘဲ ကွယ်လွန်သူက ကွယ်လွန်၊ သက်ရှိထင်ရှား ရှိနေသူ တချို့ကလည်း ကျန်းမာရေး မကောင်းကြတော့ဘဲ ရှိခဲ့ကြသည်။

ထိုအထဲတွင် ထူးထူးခြားခြား ကျွန်တော်တို့ ငယ်ငယ် ငါးတန်းတက်ခါစက အတန်းပိုင်ဆရာဖြစ်ခဲ့သော ဆရာကြီးဦးကျော်ခင်ကတော့ ကျန်းမာရေးမကောင်းသဖြင့် နှစ်စဉ် မတက်ရောက်နိုင်ဘဲ ယခုနှစ်မှ ကျန်းမာရေး အနည်းငယ်ပြန်ကောင်းလာသဖြင့် တပည့်ဟောင်းများနှင့် ပြန်တွေ့နိုင်ရန် ကန်တော့ခံပွဲသို့ တက်ရောက်လာခဲ့သည်။

'ဟဲ့..မင်း အေးကျော် မဟုတ်လား။ အခု ဘယ်ရောက်နေပြီး ဘာတွေလုပ်နေတုံး'

'ဟုတ်ကဲ့၊ ကျွန်တော် အေးကျော်ပါ ဆရာကြီး။ ရန်ကုန်မှာ နေပါတယ်။ ဝန်ထမ်းဘဝက အနားယူပြီး အခု စာလေးဘာလေး ရေးနေပါတယ်'

'ဟုတ်လား၊ အေး..အေး..ကောင်းတယ်၊ ကောင်းတယ်။ ဒါနဲ့ မင်းရဲ့တွဲဖက် ဟိုကောင်၊ ဘယ်သူ..သန်းဇော်၊ အေး..ဟုတ်တယ်။ သန်းဇော်ဆိုတဲ့ကောင်ရော အခု ဘယ်ရောက်ပြီး ဘာတွေလုပ်နေလဲ။ ဒီနှစ် မလာဘူးလား'

'လာပါတယ် ဆရာကြီး၊ အပြင်ဘက်မှာ သူငယ်ချင်းတွေနဲ့ တွေ့နေတယ်ထင်ပါတယ်။ ကျွန်တော် ခေါ်ပေးပါ့မယ်'

အခန်းအပြင်ဘက်ထွက်ပြီး ကျွန်တော် သန်းဇော်ကို ထွက်ခေါ်ရသည်။ သန်းဇော်ကတော့ တစ်နှစ်မှတစ်ခါသာ

www.burmeseclassic.com

တွေ့ရသည့် ငယ်သူငယ်ချင်းတချို့နှင့် စကားပြောကောင်းနေဆဲပါ။

'ဟော့ကောင် သန်းဇော်၊ မင်းကို ဆရာကြီးဦးကျော်ခင် မေးနေတယ်ကွ။ ခဏလိုက်ခဲ့ဦး'

'အေး··အေး··လာမယ်၊ လာမယ်။ ကဲ··သူငယ်ချင်းတို့ရေ၊ စကားတော့ ပြောကောင်းတယ်။ ဒါပေမဲ့ ဆရာကြီးဦးကျော်ခင် ခေါ်တယ်ဆိုရင် မြန်မြန်သွားမှကွ။ ငယ်ငယ်တုန်းကလို လက်သံပြောင်သေးလား မသိဘူး။ တော်ကြာ အသက်ကြီးမှ အတီးခံနေရဦးမယ်'

သန်းဇော်က စကားအမြန်ဖြတ်ပြီး ကျွန်တော်နှင့် လိုက်လာသည်။ ဆရာကြီးရှေ့ရောက်တော့ ဆရာကြီးက ရုတ်တရက် သန်းဇော်ကို မှတ်မိပုံမပေါ်။

ငယ်ငယ်တုန်းကလို ပိန်ပိန်မည်းမည်း ဂျစ်ကန်ကန်ပုံစံ မဟုတ်တော့ဘဲ တည်ငြိမ်ရင့်ကျက်လာသော ဥပမိရုပ်နှင့် သားသားနားနား ဖြစ်နေသောကြောင့် မမှတ်မိခြင်းဖြစ်နိုင်သည်။ သန်းဇော်က စတင်နှုတ်ဆက်လိုက်သည်။

'ဆရာကြီး··ကျွန်တော် သန်းဇော်ပါခင်ဗျ'

'ဟေ··သန်းဇော်၊ ဟုတ်လား။ တည်တည်ငြိမ်ငြိမ် ခံ့ခံ့ညားညား ဖြစ်သွားပါလား။ ဒါကြောင့် ဆရာကြီး ရုတ်တရက်မမှတ်မိတာ ထင်တယ်။ အခု ဘာတွေလုပ်နေတုံး။ အရင်လိုပဲ နောက်တုန်းပြောင်တုန်းပဲလား'

သန်းဇော် မဖြေခင် ကျွန်တော် အရင်ဦးအောင် ဝင်ဖြေလိုက်သည်။

'သန်းဇော်က အခု အဲဒီလိုမဟုတ်တော့ပါဘူး ဆရာကြီး။ သရက်မြို့နယ်ထဲက အထက်တန်းကျောင်းကြီးတစ်ကျောင်းမှာ ကျောင်းအုပ်ဆရာကြီး ဖြစ်နေပါပြီ'

'ဟေ··ဟုတ်ရဲ့လားကွာ။ မင်းတို့ကိုယ်တိုင် ပြောနေလို့သာ ယုံလိုက်ရတာ၊ တခြားလူတစ်ယောက်က လာပြောရင်တော့ ဆရာကြီး ယုံမှာမဟုတ်ဘူး။ ငယ်ငယ်တုန်းက နောက်နောက်ပြောင်ပြောင်နဲ့ အလွန်ဆိုးတဲ့ကောင်၊ အခုလို ဖြစ်လာလိမ့်မယ်လို့ ထင်တောင် မထင်မိဘူး'

ထိုနေ့က အခါစရိယပူဇော်ပွဲပြီး၍ ဆရာကြီးဦးကျော်ခင်ကို သန်းဇော်နှင့် ကျွန်တော် အိမ်အထိ လိုက်ပို့ခဲ့ကြသည်။ ဘစ်လမ်းလုံး ဆရာကြီးက ကျွန်တော်တို့ နှစ်ယောက်ကို သုံးမခဲ့သည်။

'ငါ့တပည့်တွေ အခုလို လိမ်လိမ်မာမာနဲ့ လူတစ်လုံးသူတစ်လုံး ဖြစ်လာတာ မြင်ရတော့ ဆရာ ပြောမပြတတ်အောင် ဝမ်းသာပါတယ်ကွယ်။ နောင်ကိုလည်း လိမ်လိမ်မာမာနဲ့ ဆရာ နှစ်တိုင်း တွေ့ချင်ပါတယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး။ ဆရာကြီးလည်း ကျန်းမာရေးကို ဂရုစိုက်ပါခင်ဗျာ'

ဆရာကြီးဦးကျော်ခင် ပြောသလိုပင် ငယ်ငယ်က သန်းဇော်တစ်ယောက် အလွန်အနောက်အပြောင်သန်ကာ ဆိုးလှသည်။ တစ်တန်းလုံးနှင့် အဆင်ပြေအောင် နေသော်လည်း အနောက်သန်လှသော သန်းဇော်၏ဒဏ်ကို အားလုံး ခံကြရသည်။

ထိုအထဲတွင် ပြောစမှတ်တွင်သွားသည့် သန်းဇော်၏ နောက်ပြောင်မှုကတော့ တစ်ကျောင်းလုံး ပွက်လောရိုက်အောင် ဆူညံသွားခဲ့သည်။

မှတ်မှတ်ရရ ကျွန်တော်တို့ ငါးတန်းတက်ပြီး နှစ်လယ်လောက်မှာ ဖြစ်သည်။

◆◆◆

ကျွန်တော်တို့ ငယ်ငယ်က နေခဲ့ရသည့် ရွာထောင်ရွာကြီးက ရန်ကုန်-ပြည် ကားလမ်းမကြီးပေါ်တွင်ရှိပြီး အောင်လံမြို့နှင့် တစ်ဆက်တည်းလိုလိုပင်ရှိသည်။ သို့ရာတွင် မြို့နှင့် ရွာနယ်နိမိတ်အကြား ယာခင်းများနှင့် သချိုင်းကုန်းကြီးတစ်ခုက ရှိနေသောကြောင့် သီးခြားလို ဖြစ်နေခဲ့သည်။

လေးတန်းအထိ ရွာရှိ မူလတန်းကျောင်းလေးတွင် ပညာသင်ကြားခဲ့ရပြီး လေးတန်းအောင်၍ ငါးတန်းရောက်သည်နှင့် မြို့ပေါ်ရှိ အထက်တန်းကျောင်းကြီးသို့ ပြောင်းရွှေ့သင်ကြားကြရသည်။

ငါးတန်းတွင် အတန်းခွဲ(၆)ခန်းရှိသော်လည်း သန်းဇော်နှင့် ကျွန်တော်က ကံကောင်းစွာပင် တစ်ခန်းထဲ တစ်ခုံတည်း အတူတက်ကြရသည်။

ကျွန်တော်တို့ အတန်းပိုင်ဆရာက ဆရာဦးကျော်ခင်ဖြစ်ပြီး စာသင်ကြားရေးတွင် အလွန်စေတနာထား သင်သလောက် တပည့်များကိုလည်း ချစ်ပြီး စည်းကမ်းကြီး၍ အရိုက်လည်း ကြမ်းလှသည်။

ဤသို့ ဆရာကြီးက စည်းကမ်းကြီးပြီး အရိုက်ကြမ်းသော်လည်း သန်းဇော်ကတော့ ငယ်ငယ်ကတည်းက ဇွဲနေသည့် အစအနောက်သန်သည့် ဗီဇကို မဖျောက်နိုင်ခဲ့ပါ။

www.burmeseclassic.com

တစ်ညနေ ကျောင်းဆင်းချိန်တွင် ကျောင်းဆင်းခေါင်းလောင်းထိုးနေပြီဖြစ်သော်လည်း ကျောင်းသူလေး ငါးယောက်မှာ မပြန်နိုင်ကြသေးဘဲ တစ်ခန်းလုံးရှိ စားပွဲ၊ ကုလားထိုင်များ အောက်တွင် တစ်စုံတစ်ခုကို သဲကြီးမဲကြီး ရှာနေကြသည်။

ထိုအချိန်တွင် ဆရာကြီးဦးကျော်ခင်ကလည်း မီးရိုထဲတွင် စာအုပ်မေ့ကျန်ခဲ့သဖြင့် အခန်းထဲသို့ လာယူခိုက်တွေ့သွားပြီး အံ့ဩစွာမေးလိုက်သည်။

'ဟဲ့..ငါ့တပည့်တွေ၊ ဘာတွေသဲကြီးမဲကြီး ရှာနေတာတုံး။ ကျောင်းဆင်းသွားတာတောင် ဆယ်မိနစ်ကျော်လောက် ရှိနေပြီ'

ကျောင်းသူလေးတစ်ဦးက ငိုမဲ့မဲ့ဖြင့် ပြန်ဖြေသည်။

'ကျွန်မ ဖိနပ်တစ်ဖက် ပျောက်သွားလို့ပါ ဆရာကြီး။ ခုံအောက်မှာပဲ ချွတ်ထားတာပါ။ ညနေ ကျောင်းဆင်းလို့ စီးမယ်ကြည့်လိုက်ကာမှ ဖိနပ်တစ်ဖက် ပျောက်နေမှန်း သိတာပါ'

'ညည်းက ရှေ့ဆုံးခုံမှာထိုင်တာ မဟုတ်လား။ နောက်ဘက်က ခုံတွေအောက် ရှာကြည့်ပါလား'

'မတွေ့ဘူး ဆရာကြီး၊ တစ်ခန်းလုံးလည်း နှံ့နေပြီ'

'ကဲ..ဒါဆို အချိန်လည်း မရှိတော့ဘူး။ ညည်းတို့ အုပ်စုထဲက ကျောင်းနဲ့အနီးဆုံး ဘယ်သူ့အိမ်ရှိသလဲ'

'ကျွန်မ အိမ်ရှိပါတယ် ဆရာကြီး။ ကျောင်းရှေ့ ဘောလုံးကွင်းနားတင်ပါ'

ကျောင်းသူလေးတစ်ဦးက ပြန်ဖြေလိုက်သောကြောင့် ဆရာကြီးဦးကျော်ခင် ဆုံးဖြတ်လိုက်ပြီး ဖိနပ်ပျောက်သော ကျောင်းသူလေးအား ပြောလိုက်ရသည်။

'ကဲ..ဒါဆို သမီးက သူငယ်ချင်းအိမ်ကိုလိုက်သွား၊ အဲဒီက ဖိနပ်တစ်ရန် ခဏယူစီးပြီး အိမ်ကိုပြန်၊ မနက်ကျမှ ဆရာ သေချာစစ်ကြည့်ပြီး ပြန်ရှာပေးမယ်။ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'

နောက်တစ်နေ့မနက် ကျောင်းတက်သည်နှင့် ဆရာကြီး ဦးကျော်ခင်က တစ်ယောက်ချင်း သေချာစစ်ကြည့်လိုက်ရာ နောက်ဆုံး သန်းဇော် လက်ချက်မှန်း ပေါ်သွားတော့သည်။

'ဟော့ကောင် သန်းဇော်၊ မင်းကတော့ကွာ..သူများ ဒုက္ခရောက်အောင် တော်တော်လုပ်တာပဲ။ စတာ နောက်တာဆိုပေမယ့် သူများ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ရဘူးကွ။ နေပါဦး၊ မင်းထိုင်တာက နောက်ဆုံးခုံ၊ အခု ဖိနပ်ပျောက်တဲ့ ကျောင်းသူက ရှေ့ဆုံးခုံ၊ ဘယ်လိုလုပ်ရအောင် ယူတာလဲ။ ငါ့ကို သေချာရှင်းပြပါဦး'

'ဒီလိုပါ ဆရာကြီး၊ ရှေ့ခုံတွေက ထိုင်တဲ့သူငယ်ချင်းတွေကို တစ်ယောက်ချင်း လက်ဆင့်ကမ်းပြီး ကြိုးတစ်ချောင်းပေးပါတယ်။ ရှေ့ဆုံးခုံနောက်က သူငယ်ချင်းက ခုံအောက်ဆင်းပြီး ကြိုးချည်ပေးပါတယ်။ ပြီးမှ ကျွန်တော် ကြိုးကို ဖြည်းဖြည်းဆွဲယူပြီး အခန်းအပြင်ဘက်က အမှိုက်ပုံးထဲ ထည့်ထားခဲ့တာပါ။ ရှာတွေ့မယ်ထင်လို့ ကျွန်တော် မပြောခဲ့တာပါ'

'ကောင်းကွာ၊ ဒါဆို မင်းတစ်ယောက်တည်း မဟုတ်ဘူးပေါ့။ ကဲ..အခုကိစ္စမှာ ပါတဲ့ကောင်တွေ ကိုယ့်အသိနဲ့ကိုယ် ခုံပေါ်တက် မတ်တတ်ရပ်'

ဆရာကြီးအကြောင်း သိကြသည့် ကျောင်းသားများ ခုံပေါ်တက် မတ်တတ်ရပ်လိုက်ကြသည်။ ထိုနေ့က ဆရာကြီးလက်သံကို သန်းဇော်တို့အုပ်စု ကောင်းစွာခံလိုက်ကြရသည်။

သန်းဇော်ကတော့ ခဏသာ မျက်နှာပိုးသတ်ပြီး အချိန်ပြောင်း၍ ဆရာကြီးထွက်သွားသည်နှင့် စပ်ဖြဲဖြဲမျက်နှာက ထုံးစံအတိုင်း ပြန်ဖြစ်သွားသည်။

ထို့အပြင် သန်းဇော်က တစ်ခါတစ်ရံ သူငယ်ချင်းတချို့၏ စက်ဘီးများကို ပြားချပ်နေအောင် လေလျှော့ထားတတ်သလို အိမ်မှလူကြီးများ မသိအောင် ခွရှင်တစ်ချောင်းယူလာပြီး စက်ဘီးဝင်ရိုးနတ်များ လျှော့ထားတတ်သည်။

ကျောင်းအပြင်ဘက်တွင် စက်ဘီးများ ထားရသောကြောင့် သန်းဇော်၏ လက်ချက်မှန်း ရိပ်မိသော်လည်း လက်ဆုပ်လက်ကိုင် မပြနိုင်၍ ဆရာကြီးအား တိုင်မပြောရဲကြ။ သည်းခံရပေါင်း များလှပြီ ဖြစ်သည်။

တစ်ခါကလည်း သူ အမြင်ကပ်နေသော ကျောင်းသူလေး တချို့၏ ဖင်ထိုင်ခုံပေါ်တွင် ရှာရှာဖွေဖွေ ခွေးလှေးယားသီး အမှုန့်လေးများ စက္ကူနှင့် ထုပ်ယူလာပြီး သုတ်ထားသဖြင့် ကျွန်တော်တို့ တစ်ခန်းလုံး ပွက်လောရိုက်အောင် ဆူညံသွားခဲ့သည်။

လက်သည်တရားခံကို သန်းဇော်မှန်း ရိပ်မိသော်လည်း လက်ပူးလက်ကြပ် မပြနိုင်သဖြင့် ဆရာကြီး ဦး

www.burmeseclassic.com

ကျော်ခင် တစ်ယောက် တကာ်တခေါက်ခေါက်ဖြင့်သာ နေခဲ့ရသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ပထမအစမ်းစာမေးပွဲ ဖြေပြီး၍ သီတင်းကျွတ်ကျောင်းရက်ရှည် ပိတ်လိုက်သဖြင့် ကျွန်တော်နှင့် သန်းဇော်တို့ လွတ်လွတ်လပ်လပ် ကစားခွင့်ရသွားခဲ့သည်။

♦♦♦

သီတင်းကျွတ်ကျောင်းရက်ရှည်ပိတ်ပြီး ကျောင်းများ ပြန်ဖွင့်၍ တစ်ပတ်ခန့် အကြာတွင် ဖြစ်သည်။ ထိုနေ့က ညနေ ကျောင်းဆင်းသွားသော်လည်း လေ့ကျင့်ခန်းစာအုပ်များ စစ်နေရသဖြင့် ဆရာကြီးဦးကျော်ခင် အိမ်မပြန်သေးဘဲ အခန်းထဲမှာပင် မီးချောင်းဖွင့်၍ အလုပ်လုပ်နေခဲ့သည်။

ဆောင်းဦးပေါက်လာပြီ ဖြစ်သောကြောင့် နေ့တာတိုပြီး နေစောစောဝင်သဖြင့် သစ်ရိပ်ဝါးရိပ်များကောင်းသော ငါးတန်းကျောင်းဆောင်လေးမှာ ညနေစောစော ဖြစ်သော်လည်း မှောင်ရိပ်သန်းနေပြီ ဖြစ်သည်။

အလုပ်တွင် စိတ်ဝင်စားနေသောကြောင့် မှောင်စပြုနေသည်ကိုပင် ဆရာကြီး သတိမထားလိုက်မိ။ ထိုစဉ် လေမတိုက် မိုးမတိုက်ပါဘဲ ဖွင့်ထားသော တံခါးမကြီးနှင့် ပြတင်းပေါက်များ ရုတ်တရက် တဒိုင်းဒိုင်းဖြင့် ပိတ်သွားခဲ့သည်။

ထိုအခါကျမှ ဦးကျော်ခင် ပတ်ဝန်းကျင်ကို သတိထားမိလိုက်ပြီး တံခါးများ ပြန်ဖွင့်ရန် ထလိုက်သည်။ ချောက်ခနဲ မြည်သံနှင့်အတူ မီးချောင်းကလည်း ရုတ်တရက် ငြိမ်းသွားပြန်သည်။

တံခါးပေါက်များ ပြန်ဖွင့်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ လျှပ်စစ်မီးများ လင်းထိန်နေသည်ကို တွေ့လိုက်ရသောကြောင့် မီးခလုတ်ပျက်သွားသည်ဟု ထင်လိုက်ပြီး ပြန်ဖွင့်ကြည့်လိုက်ရာ ချောက်ခနဲ မြည်သံနှင့်အတူ မီးချောင်းပြန်လင်းလာသည်။

လက်မှနာရီကို ကြည့်လိုက်ရာ ခြောက်နာရီကျော်နေပြီဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် အိမ်ပြန်ရန် ပစ္စည်းများ သိမ်းလိုက်သည်။

ထိုစဉ်မှာပင် ချောက်ခနဲ မြည်သံနှင့်အတူ မီးချောင်း ပြန်ငြိမ်းသွားပြန်သဖြင့် ဦးကျော်ခင် စိတ်တိုသွားပြီး မီးချောင်းပြန်ဖွင့်ရန် မီးခလုတ်ရှိရာ ခြေလှမ်းလိုက်စဉ်မှာပင် မီးချောင်းက မဖွင့်ဘဲ အလိုလိုပြန်လင်းလာခဲ့သည်။

တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း ဆရာကြီး ဦးကျော်ခင် ရိပ်မိလိုက်သဖြင့် ခပ်မြန်မြန်ပင် တံခါးများ ပိတ်လိုက်ပြီး မီးချောင်းလည်းပိတ်လိုက်ကာ အခန်းတံခါးမကြီးကို သော့ခတ်နေစဉ်မှာပင် အေးခနဲ လေတိုးလိုက်သလို ခံစားလိုက်ရပြီး နောက်နားဆီမှ လူတစ်ယောက် ဖြတ်သွားသလို ရိပ်ခနဲမြင်လိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ဘာမှမတွေ့ရဘဲ ရှင်းလင်းနေသည်။

တံခါးမြန်မြန်ပိတ်ပြီး သုတ်ခြေတင်ကာ အိမ်သို့ ပြန်လာခဲ့သည်။ တစ်လမ်းလုံး စဉ်းစားကြည့်သော်လည်း အဖြေက ပေါ်မလာ။ ဤငါးတန်းကျောင်းဆောင်တွင် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ တစ်နှစ်၊ နှစ်နှစ်တည်း မဟုတ်၊ ကာလကြာမြင့်ခဲ့ပြီဖြစ်ပြီး ယနေ့လို တစ်ခါမှ မဖြစ်ဖူးခဲ့ပေ။

အိမ်သို့ရောက်ပြီး ရေမိုးချိုး၊ မိသားစုနှင့် ထမင်းစားကာ ပြောကြဆိုကြနှင့် ဆရာကြီးဦးကျော်ခင် ညနေက ကိစ္စအား မေ့သွားခဲ့သည်။

နောက်တစ်နေ့မနက် ကျောင်းရောက်တော့လည်း ကျောင်းကိစ္စများနှင့် အလုပ်ရှုပ်ကာ သတိမရနိုင်သေးဘဲ ကိစ္စတစ်ခုဖြင့် ကျောင်းအုပ်ကြီး ရုံးခန်းသို့ သွားခဲ့ရာ ကျောင်းစာရေးကြီး ကိုထွန်းဝေက ဦးကျော်ခင်ကို တွေ့သည်နှင့် ဆီးပြောသည်။

'ဆရာကြီး . . ဘာကိစ္စရှိလို့လဲ၊ ဒီနေ့ည ကျောင်းမှာ ဂျူတီကျတယ်နော်၊ ဆရာကြီး၊ မေ့နေမှာစိုးလို့'

'ဩော် . . ဟုတ်ကဲ့ ကိုထွန်းဝေရေ၊ ကိစ္စလေးတစ်ခု တင်ပြစရာရှိလို့ ကျောင်းအုပ်ကြီးကို လာတွေ့တာပါ။ ဒီနေ့ ညဂျူတီကို မမေ့ပါဘူးဗျာ။ အိမ်က ပြက္ခဒိန်မှာ တစ်လစာ မှတ်ထားပြီးသားပါ'

'လောလောဆယ် ကျောင်းအုပ်ကြီး အပြင်ကို ခဏသွားတယ်။ သိပ်အရေးမကြီးရင် မနက်ဖြန်ကျမှ လာခဲ့ပါလား။ ကျောင်းအုပ်ကြီးက ကျောင်းဆင်းမှ ပြန်ရောက်မှာ'

'ဟုတ်ကဲ့၊ သိပ်အရေးမကြီးပါဘူးဗျာ။ ဒါဆို မနက်ဖြန်ကျမှ လာခဲ့တော့မယ်'

ညနေ ရေစောစောချိုး ထမင်းစားပြီးသည်နှင့် အိပ်ရာလိပ်ယူကာ ကျောင်းသို့ ထွက်လာခဲ့သည်။ ရုံးခန်းတွင်

www.burmeseclassic.com

ညစောင့် ကိုသောင်းအား တွေ့ရသဖြင့် နှစ်ယောက်သား ခဏထိုင်ကာ ရေနွေးသောက်၊ စကားပြောကြရင်း နာရီကို ကြည့်လိုက်ရာ ညကိုးနာရီထိုးခါနီးနေပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။

'ကဲ..ကိုသောင်းရေ၊ ဓာတ်မီးယူဗျာ။ ကျောင်းကို တစ်ပတ်လောက် လှည့်ကြည့်ရအောင်'

ဆရာကြီးဦးကျော်ခင်နှင့် ကိုသောင်းတို့ နှစ်ယောက် ဓာတ်မီးကိုယ်စီဖြင့် ကျောင်းဝင်းကြီးကို တစ်ပတ်လှည့်၍ ကြည့်ကြရာ ဘာမှမထူးခြားဘဲ နောက်ဆုံး ရုံးခန်းသို့ ပြန်ရန် ငါးတန်းကျောင်းဆောင်ဘက်မှ လှည့်ခဲ့ကြသည်။

'ဆရာ..ဆရာဦးကျော်ခင်၊ ဆရာတို့ ငါးတန်း ကျောင်းဆောင်ဘက်ကို ကြည့်လိုက်ပါဦးဗျာ။ လူတစ်ယောက် ဆေးလိပ်ထိုင်သောက်နေတယ်'

ရုတ်တရက် ကပ်ပြောလိုက်သည့် ကိုသောင်း အသံကြောင့် ဆရာဦးကျော်ခင် ငါးတန်းကျောင်းဆောင်ဘက် လှမ်းကြည့်လိုက်ရာ ကိုသောင်း ပြောသလိုပင် ဆေးလိပ်မီးတရဲရဲဖြင့် လူတစ်ယောက် ဆေးလိပ်ထိုင်သောက်နေပုံကို မြင်လိုက်ရသဖြင့် ခြေလှမ်းကို ခပ်မြန်မြန်လှမ်းရင်း ပြောလိုက်သည်။

'လာဗျာ ကိုသောင်း၊ မြန်မြန်သွားပြောရအောင်။ ဒီအချိန်ကြီး ကျောင်းထဲ ဘာလာလုပ်နေတာလဲ မသိဘူး။ တော်ကြာ ဆေးလိပ်မီးအကြွင်းအကျန်ကြောင့် မီးထလောင်ရင် မလွယ်ဘူး'

သွက်သွက်လျှောက်လာကြပြီး ခပ်လှမ်းလှမ်း အရောက်တွင် ဓာတ်မီးနှင့် ပြိုင်တူထိုးကြည့်လိုက်ကြသည်။ စောစောက ဆေးလိပ်သောက်နေသောသူလည်း မတွေ့တော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။

ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို ဓာတ်မီးနှစ်လက်ဖြင့် ပြိုင်တူ ထိုးကြည့်သော်လည်း ဘာမှမတွေ့ရ။

'အခုလေးတင် မြင်လိုက်သေးတယ်။ ထွက်ပြေးတယ်ဆိုရင်လည်း ခြေသံတော့ ကြားရမှာဗျ။ ပြီးတော့ ဒီလောက်ရှင်းနေတာ၊ မြင်တာကလည်း ခင်ဗျားရော ကျွန်တော်ရော နှစ်ယောက်စလုံး မြင်လိုက်တာ မျက်စိမှားစရာ မရှိဘူး'

ဆရာဦးသောင်းခင်ရော ကိုသောင်းပါ မကျေမနပ်



နှင့် အဆောင်တစ်ခုလုံး ပတ်၍ ဓာတ်မီးထိုး ရှာကြည့်သော်လည်း ဘာမှမတွေ့ရပါ။

ရုတ်တရက် မနေ့ညနေက အဖြစ်အပျက်ကို ဆရာဦးကျော်ခင် စဉ်းစားမိသွားသောကြောင့် ကိုသောင်းကို နှစ်သိမ့်ပြီး ရုံးခန်းသို့ ခပ်မြန်မြန်ပြန်ခဲ့ကြသည်။

'လာပါဗျာ..မျက်စိမှားတာ ဖြစ်ပါလိမ့်မယ်။ ပြန်ကြရအောင်။ နည်းနည်းတောင် အေးလာပြီ'

◆◆◆

နောက်တစ်နေ့ နေ့လယ်တွင် စာသင်ချိန် တစ်ချိန် အားသောကြောင့် ဆရာကြီးဦးကျော်ခင် ဆရာ၊ဆရာမများ နားနေခန်းသို့ ခဏအနားယူရန် ဝင်လာခဲ့သည်။

အခန်းထဲရှိ စားပွဲတစ်လုံးတွင် ဆရာမနှစ်ယောက် ခေါင်းချင်းဆိုင်ကာ တိုးတိုးတိတ်တိတ် စကားပြောနေကြသဖြင့် ဆရာကြီးဦးသောင်းခင်က နောက်ပြီး မေးလိုက်သည်။

'ဆရာမတို့..တိုးတိုးတိတ်တိတ် ဘာတွေတိုင်ပင်နေကြတာလဲ။ ကောင်းတဲ့သတင်းလေးဆိုရင်လည်း ကျွန်တော့်ကို ပြောပါဦး'

'ဩော်..ဆရာကြီးပါလား။ သိပ်ကောင်းတဲ့သတင်းကို ပြောနေကြတာ မဟုတ်ပါဘူး။ ဒီနေ့မနက်ပိုင်း ကျွန်မတို့ ကျောင်းကိုလာတော့ ကျောင်းဝင်းဘေးက အိမ်မှာနေတဲ့ အဒေါ်ကြီးက လှမ်းခေါ်လို့ ကျွန်မတို့ ခဏဝင်သွားကြတယ်'

'ဘာတွေများ ပြောလိုက်သလဲ ဆရာမရဲ့။ ဆိုစမ်းပါဦး'

'အဒေါ်ကြီးက ပြောတယ်။ အခုရက်ပိုင်း မနက်စောစော ဆွမ်းထချက်ရင် ကျွန်မတို့ ငါးတန်းကျောင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာ လူကြီးတစ်ယောက်နဲ့ မိန်းမတစ်ယောက် လမ်းလျှောက်လျှောက်နေတာ မြင်တယ်တဲ့။ နှစ်ရက်၊ သုံးရက်ဆက်တိုက်မြင်နေရလို့ ကျွန်မတို့ကို ခေါ်ပြောတာတဲ့။ အဲဒါ ကျွန်မတို့လည်း ဘယ်လိုမှ မစဉ်းစားတတ်ကြလို့ ပြောနေကြတာ။ သရဲများ ခြောက်တာလားလို့'

'ဟုတ်လား။ တစ်ရက်၊ နှစ်ရက်လောက်တော့ စောင့်ကြည့်လိုက်ပါဦး။ ဒါမှမဟုတ် ဒီလိုပဲ နောက်ရက်တွေ ဆက်မြင်နေရတယ်ဆိုရင်တော့ ကျောင်းအုပ်ကြီးကို တင်ပြပြီး ကျွန်တော်တို့ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်လိုက်ကြတာပေါ့ဗျာ'

'ဟုတ်ကဲ့၊ ဒါဆိုရင် ကောင်းပါတယ် ဆရာ'

နောက်နှစ်ရက် ကြာသော်လည်း ဆက်မြင်နေရသည်ဟု ပြောလာကြသောကြောင့် ဆရာဦးကျော်ခင် ကျောင်းအုပ်ကြီးအား တင်ပြကာ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် သံဃာတော်များပင့်၍ ပရိတ်ရွတ်ရန် စီစဉ်ခဲ့သည်။

တစ်ဆင့်စကားဖြင့် ကြားကြပြီး ငါးတန်းကျောင်းဆောင်ဘက်တွင် သရဲခြောက်သည့် သတင်းက တစ်ကျောင်းလုံးလိုလို သိကုန်နေကြပြီ ဖြစ်သည်။

ညနေ ကျောင်းဆင်းသည်နှင့် အဆောင်တွင် မည်သည့်ကိစ္စရှိရှိ မသွားရဲကြတော့။

ဤသို့ဖြင့် တနင်္ဂနွေတွင် သံဃာငါးပါးပင့်၍ လှူဖွယ်ပစ္စည်းများ ကပ်လှူကာ ပရိတ်တရားတော် ရွတ်ဖတ်နာယူခဲ့ကြပြီး မကျွတ်မလွတ်သေးသောသူများအား အမျှပေးဝေခဲ့ပါသည်။

◆◆◆

တနင်္လာနေ့မနက်ပိုင်း ကျောင်းတက်၍ အချိန်တစ်ချိန်အားနေသဖြင့် ဆရာကြီးဦးကျော်ခင် ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့ ထွက်လာခဲ့သည်။ အခန်းထဲ ဝင်လိုက်သည်နှင့် ဆရာကြီးက ဆီးပြောလိုက်သည်။

'ဆရာကြီးကျော်ခင်၊ လာဗျာ။ အခုပဲ ခင်ဗျားကို ခေါ်ခိုင်းမယ့်ဆဲဆဲပဲ ခင်ဗျားလာတော့ အဆင်သင့်သွားတာပေါ့။ လာ··ထိုင်ပါဦး'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း ဆရာကြီးကို ပြောစရာရှိလို့ လာခဲ့တာပါ။ ဒါဆို ဆရာကြီး ခေါ်ခိုင်းတဲ့ကိစ္စကို အရင်ပြောပါခင်ဗျာ'

'ဒီလိုဗျ ဆရာဦးကျော်ခင်ရဲ့။ ညက ကျွန်တော် အိပ်မက်တစ်ခု ထူးထူးဆန်းဆန်းမက်တယ်။ အိပ်မက်ထဲမှာ ကျွန်တော်က ဒီရုံးခန်းထဲမှာ အလုပ်လုပ်နေတုန်း ရုတ်တရက် အခန်းဝမှာ လူရိပ်တွေ့လို့ ကြည့်လိုက်တော့ ဆံပင်တိုတို လူကြီးတစ်ယောက်နဲ့ မိန်းမခပ်ရွယ်ရွယ်တစ်ယောက် ရပ်နေကြတယ်။ ကျွန်တော်က အခန်းထဲ ဝင်လာဖို့ခေါ်တာ မဝင်ကြဘူးဗျ။ နှစ်ယောက်လုံးလည်း ကျွန်တော့်ကို တော်တော်စိတ်ဆိုးနေကြပုံရတယ်။ မျက်စောင်းနီကြီးတွေနဲ့ ကြည့်နေကြပြီး ခဏကြာမှ လူကြီးက ကျွန်တော့်ကို လက်ညှိုးနဲ့ထိုးပြီးပြောတယ်။ ဒီနေရာကို ခင်ဗျားတို့ ခေါ်လာလို့ လိုက်လာခဲ့ရတာ။ ကိုယ့်သဘောနဲ့ကိုယ်လာတာမဟုတ်ဘူး။ အခုမှ ကျုပ်တို့ကို ဟိုဟာရွတ် ဒီဟာရွတ်နဲ့ အခုလိုဒုက္ခပေးတာ ကောင်းသလားတဲ့။ မြန်မြန်ပြန်ပို့ပေးပါလို့ပြောပြီး ထွက်သွားကြတယ်။ ကျွန်တော်လည်း အိပ်ရာက လန့်နိုးလာကတည်းက စဉ်းစားကြည့်နေတာ အဖြေမပေါ်လို့ ခင်ဗျားကို တိုင်ပင်ရအောင် ခေါ်ခိုင်းမလို့'

'ဟုတ်ကဲ့ ဆရာကြီး၊ အံ့ဩစရာပဲခင်ဗျာ။ ကျွန်တော်လည်း ညက ဆရာကြီးမက်ခဲ့တဲ့ အိပ်မက်အတိုင်း မက်ခဲ့လို့ တစ်ခုခုထူးခြားနေတယ်ထင်ပြီး ဆရာကြီးဆီ လာခဲ့တာပါ'

'ကျွန်တော် စဉ်းစားကြည့်ရတာတော့ ဆရာ့တပည့်တွေထဲက တစ်ယောက်ယောက်များ နောက်နောက်ပြောင်ပြောင် ဘာတွေလုပ်ခဲ့သလဲ ဆိုတာပဲ'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီလိုပဲထင်လို့ ဆရာကြီးကို ပြောရအောင် လာတာပါ'

'ဒါဆို ဆရာ့ငါးတန်းကျောင်းသားတွေထဲက ဖြစ်နိုင်မယ့်လူကိုရွေးပြီး တစ်ယောက်ချင်း သေချာမေးကြည့်ပါ။ တစ်ခုတော့ရှိတယ်၊ အကြမ်းနည်းတော့ မသုံးနဲ့ဗျ။ ဒါမျိုးက ခြောက်မေးရင် အရိုက်ခံရမှာကြောက်လို့ ဘယ်သူမှ အမှန်ပြောမှာ မဟုတ်ဘူး'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီနေ့ နေလယ် ကျောင်းပြန်တက်ရင် သေချာမေးကြည့်ပါမယ်'

အခန်းထဲ ပြန်ရောက်သည်နှင့် ပထမဦးဆုံးဖြစ်နိုင်ခြေရှိသော ကျောင်းသားများကို အရင်လေ့လာရသည်။

www.burmeseclassic.com

အထူးသဖြင့် ကျောင်းလာသည့်လမ်းတွင် ထူးခြားသော နေရာများကို ဖြတ်လာရသည့် ကျောင်းသားများကို ရွေးထုတ်ရသည်။

တဖြည်းဖြည်းနှင့် ရွေးထုတ်လာခဲ့ရာ နောက်ဆုံး သချိုင်းကုန်းကြီးအား ဖြတ်ပြီး ကျောင်းလာတက်ရသော ကျောင်းသားငါးယောက်သာ ကျန်ခဲ့သည်။

ထိုအထဲတွင် စက်ဘီးနှင့်လာသူကသုံးယောက်၊ ခြေကျင်လျှောက်ပြီး လာရသူက နှစ်ယောက်။ ထိုနှစ်ယောက်ကလည်း ကျွန်တော်နှင့် သန်းဇော်တို့ ဖြစ်သည်။

စက်ဘီးနှင့် ကျောင်းတက်ကြသည့် ကျောင်းသားတွေကလည်း ခပ်အေးအေးသမားတွေ။ သူတို့ကို အံရင်မေးကြည့်သော်လည်း ဘာမှမထူးခြားသဖြင့် နောက်ဆုံး ကျွန်တော်နှင့် သန်းဇော်တို့ အလှည့်ရောက်လာခဲ့သည်။

'ကဲ..ငါ့တပည့်တို့၊ အခုရက်ပိုင်းအတွင်း ကျောင်းကိုလာရင်း လမ်းမှာ ဘာတွေထူးထူးခြားခြား တွေ့ခဲ့သလဲ။ ဘာတွေလုပ်ခဲ့သလဲဆိုတာ ဆရာ့ကို အမှန်အတိုင်းပြောပြကြကွာ။ ဆရာ မင်းတို့ကို ရိုက်လည်း မရိုက်ဘူး၊ အရေးလည်း မယူဘူး။ ကတိပေးတယ်'

ဆရာကြီးဦးကျော်ခင် အတန်တန်ပြောမှ ကျွန်တော် မနေသာတော့ဘဲ ပြန်ပြောပြခဲ့သည်။

'ဒီလိုရှိပါတယ် ဆရာကြီး၊ လွန်ခဲ့တဲ့ တစ်ပတ်ကျော် ကျောင်းပြန်ဖွင့်ပြီးတစ်ရက် သန်းဇော်နဲ့ ကျွန်တော် မနက်စောစော ကျောင်းတက်ဖို့အလာ သချိုင်းကုန်းကြီးနားက အဖြတ်မှာ လမ်းမပေါ်ကို ခွေးချီလာတဲ့ အရိုးတစ်ချောင်း တွေ့ပါတယ်။ အဲဒါကိုတွေ့တော့ သန်းဇော်က ကျောင်းရောက်ရင် သူငယ်ချင်းတွေကို စရ၊ နောက်ရအောင် ယူသွားမယ်ဆိုပြီး ပါးစပ်ကလည်း ဟော့ကောင်..ငါနဲ့ လိုက်ခဲ့လို့ပြောပြီး လွယ်အိတ်ထဲထည့်ပြီး ယူလာခဲ့ပါတယ်။ ကျွန်တော်က ယူမလာဖို့ အတန်တန်တားပါသေးတယ်။ ယူလာတဲ့အရိုးက နည်းနည်းကြီးနေတော့ ဆရာကြီးမြင်ရင် ဆူမှာကြောက်ပြီး ကျောင်းနောက်ဘက်က ချုံကြီးထဲ သွားပစ်လိုက်ပါတယ်'

'အေး..ဟုတ်ပြီ၊ နောက် ဘာတွေဆက်လုပ်သေးလဲ ပြောပါဦးကွာ'

'အဲဒါနဲ့ နောက်တစ်နေ့ မနက်ကျတော့ သန်းဇော်က အရိုးခပ်သေးသေးဆိုရင် ဆရာ မမြင်နိုင်ဘူး။ သူငယ်ချင်းတစ်ယောက်ရဲ့ လွယ်အိတ်ထဲထည့်ပြီး စရမယ်လို့ပြောပြီး သချိုင်းဝမှာတွေ့တဲ့ လက်ချောင်းအရိုးသေးသေးလေး တစ်ခုကို လွယ်အိတ်ထဲ ထည့်ယူလာခဲ့ပါတယ်'

'အေး..ဟုတ်ပြီ၊ သန်းဇော်..မင်း အဲဒီအရိုးကိုရော ဘယ်မှာထားသလဲ'

'ကျွန်တော်လည်း သူငယ်ချင်းတွေကို စရအောင် ကျောင်းကို ယူလာပြီး ကျွန်တော့်စာရေးစားပွဲထဲမှာ ထည့်ထားပါတယ်။ နောက်ပိုင်း စာသင်ရင်းမေ့သွားလို့ အခု ကျွန်တော့်စားပွဲထဲမှာ ရှိပါတယ် ဆရာကြီး'

'ဒီနှစ်ခုတည်းပဲလား။ နောက်ထပ်ယူလာတာ ရှိသေးလား။ စဉ်းစားဦးနော်'

'မရှိတော့ပါဘူး ဆရာကြီး၊ အဲဒီနှစ်ခုကလည်း ကျွန်တော်ယူလာတာပဲ ရှိပါတယ်။ ကျွန်တော် ဘယ်သူ့ကိုမှ မစ၊မနောက်ရသေးပါဘူး'

'အေး..ဒါဆိုရင် ဆရာ့ကို အခုလိုက်ရှာပေး။ ဆရာနောက်က လိုက်ခဲ့မယ်'

သန်းဇော်က ဆရာ့ကို ကြောက်ကြောက်နှင့် သူ၏စာရေးစားပွဲထဲမှ လူတစ်ယောက်၏ လက်ချောင်းလေးများဖြစ်နိုင်သည့် အရိုးစုတစ်ခုနှင့် ကျောင်းဆောင်နောက်ဘက်ချုံထဲမှ လက်ဖျံရိုးတစ်ချောင်းအား ရှာပေးခဲ့သည်။

'ကဲ..ဒါဆို မင်းတို့နှစ်ယောက် အဲဒီအရိုးနှစ်ခုယူပြီး ဆရာနဲ့လိုက်ခဲ့။ မင်းတို့ ယူလာတဲ့နေရာမှာ ပြန်ထားရမယ်။ ပါးစပ်လည်း ပြန်ထားခဲ့တဲ့အကြောင်း ပြောခဲ့ဦး။ ပြီးရင် ဆရာနဲ့ ကျောင်းကို ပြန်မလိုက်ခဲ့နဲ့တော့။ အိမ်ကို တစ်ခါတည်း ပြန်ကြ။ ကြားလား'

ဆရာကြီးနှင့် ကျွန်တော်တို့နှစ်ယောက် အရိုးများကို မူလယူလာခဲ့သည့် နေရာများတွင် ပြန်ထားခဲ့ကြသည်။ သန်းဇော်ကတော့ ပါးစပ်က တလှုပ်လှုပ်နှင့် ဘာတွေပြောနေမှန်း မသိပါ။

ထိုနေ့မှစ၍ ကျွန်တော်တို့ ငါးတန်းကျောင်းဆောင် ပတ်ဝန်းကျင်တွင် ဘာအသံမှ ထပ်မကြားရတော့ဘဲ အေးချမ်းငြိမ်သက်သွားသည်မှာ ယခုထက်တိုင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်အပါအဝင် ကျောင်းတစ်ကျောင်းလုံးကတော့ ဆောင်းည၏ ဧည့်သည်များကို ဘယ်တော့မှမေ့ရတော့မည် မဟုတ်ပါ။

**တင်အေးကျော်(အောင်လံ)**

www.burmeseclassic.com

www.burmeseclassic.com

# မသိသူများလေ ပိုကောင်းလေ

ကိုသက်က ဒေါ်မမမျိုးမင်း၏ တစ်ဦးတည်းသော မောင်အငယ်ဆုံး။

ကိုသက် ဆယ်တန်းအောင်မှ မန္တလေးသို့ရောက်လာသည်။ ဒေါ်မမမျိုးမင်းထံတွင် နေထိုင်သည်။ ကျောင်းတက်သည်။ လေးခင်နှင့် တွေ့ရသည်။

ကိုသက်နှင့် လေးခင်၏ ဇာတ်လမ်းတွင် လေးခင်က စတင်ချစ်ကျွမ်းခဲ့သည်။ ကိုသက်ကို အရိပ်တကြည့်ကြည့် လိုက်ကြည့်မိရာမှ ကိုသက်က သိသွားသည်။

'ဘာလို့ လိုက်ကြည့်နေတာလဲ'



'ချောလို့၊ ထွားကျိုင်းပြီး ယောကျ်ားပီသလို့'

'ဒါဆို ငါ့ကို ကြိုက်မလား'

သည်အထိတော့ မိန်းကလေးချေး အပျက်မခံနိုင်။ ထို့ကြောင့် သည်မေးခွန်းကို မဖြေ၊ ထွက်ပြေးသည်။ မကြာခဏ လူချင်းဆုံတိုင်း ကိုသက်က သည်မေးခွန်းကို မေးသည်။ မေးလွန်းမကာ မေးသည့်အခါ မည်သို့ဟန်ဆောင်နေနိုင်ပါတော့မည်နည်း။ ဝန်ခံလိုက်ရသည်။

ဒေါ်မမမျိုးမင်း၏ အလှပြင်ဆိုင်ကို လေးခင်က ဦးဆောင်သည်။ တစ်ပတ်တစ်ကြိမ် ပျဉ်းမနားသို့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်းမနားရှိ ဒေါ်လေး၏အိမ်တွင် နှစ်ရက်နားသည်။ ကျွန်ငါးရက်လုံး ဆိုင်အိပ် ဆိုင်စား။

ကိုသက်နှင့် ရည်းစားဖြစ်သည့်အခါ ဆိုင်တွင် မစားတော့၊ အပြင်ထွက်စားသည်။

ထို့ကြောင့်လည်း ဒေါ်မမမျိုးမင်းနှင့် တိုးသည်။ ထိုနေ့က ဒေါ်မမမျိုးမင်းက မမြင်ဟန်ဆောင်နေသည်။ သူ့မောင်ကို မည်သည့်စကားမျှ မပြော၊ ဆူဆူပူပူ မလုပ်။ ပြုံးပြုံးရွှင်ရွှင် နေမြဲအတိုင်း ဟန်မပျက်။

လေးခင်ကိုမူ သီးခြားတွေ့ဆုံသည်။

"ကိုသက်ရဲ့ ရှေ့ရေးနဲ့ဆိုင်တယ်။ ကိုသက်ကို ကောင်းစားစေချင်ရင် နင် ဒီလိုပဲလုပ်ရမယ်။ အချိန်တစ်ခုအတွင်းမှာ နင်ကြိုက်သလိုနေ သတ်မှတ်ထားတဲ့အချိန်မှာ နင်က စတင်လမ်းခွဲရမယ်။ နင့်ကို ကိုသက်က စိတ်နာမုန်းတီးကျန်ခဲ့ရမယ်"

သည်စကားဖြင့် အမိန့်ချသည်။

ဒေါ်မမမျိုးမင်းသည် လေးခင်၏ မိဘများအပေါ် ကျေးဇူးရှိသည်။ ပျဉ်းမနားမှ ဒေါ်လေးသည်ပင် ဒေါ်မမမျိုးမင်း၏ ကျေးဇူးနှင့် မကင်း။ လေးခင်အား အလှပြင်ပညာကို ရန်ကုန်တွင် သင်ယူစေသည်။ တတ်မြောက်သည့်အခါ လေးခင်အတွက် အလှပြင်ဆိုင်ကို မန္တလေးတွင် ဖွင့်ပေးသည်။ သည်လုပ်ငန်းသည် ဒေါ်မမမျိုးမင်းအတွက် အဓိကစီးပွားရေးလုပ်ငန်း မဟုတ်။

လေးခင်သည် ကိုသက်နှင့်အတူ သည်ဆိုင်ကလေးကိုပါ စွန့်ခွာရမည်။ တစ်နေရာတွင် ရင်းနှီးနိုင်ရန် ခိုင်ခိုင်မာမာ ငွေကြေးသီးခြားထောက်ပံ့မည်။ အသပြာနှင့် မေတ္တာကို လဲလှယ်ရမည့်ပွဲ။ ဖြစ်နိုင်လျှင် သည်အတိုင်းကလေး ထွက်ပြေးသွားလိုက်ချင်သည်။ သို့သော် ရှေ့ရေးအတွက်က ရှိသေးသည် မဟုတ်ပါလား။

◆◆◆

ကိုသက်က မိတ္ထီလာကောလိပ်မှ ဆရာတစ်ယောက်ထံတွင် ကျူရှင်ယူသည်။ တစ်ပတ်လျှင် သုံးရက်။ ထိုမှတစ်ဆင့် သာစည်သို့ကူးလျက် လေးခင်နှင့်အတူ ပျဉ်းမနားသို့ လိုက်နေကျ။ တနင်္လာနေ့တွင် မန္တလေးသို့ ဟန်မပျက် ပြန်ကြသည်။

ယနေ့လည်း ကိုသက် သာစည်ဘူတာတွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေတော့မည်။ သည်အတွေးကြောင့် စိတ်ထိခိုက်ရပါသည်။ ဖြစ်ချင်တော့ ဒေါ်လေးသဘောတူထားသည့် ကိုမြင့်အောင်က ယနေ့မှ ဆိုင်သို့ရောက်လာသည်။ သူက မော်လမြိုင်တွင် တာဝန်ကျနေသည်။ အလုပ်ကိစ္စဖြင့် မန္တလေးသို့ ရောက်လာသည်။ သူ့ရုံးကားလည်း ပါလာသည်။ သူက လေးခင်ကို သဘောကျနေသည်။ ဒေါ်လေးမှတစ်ဆင့် ကမ်းလှမ်းစကားဆိုသည်။ လေးခင် စိတ်မဝင်စားခဲ့။

ယနေ့မူ တိုက်တိုက်ဆိုင်ဆိုင် ကြုံတတ်သည်။ ယနေ့သည် ဒေါ်မမမျိုးမင်း သတ်မှတ်ထားသော နေ့ရက်ကလည်း စေ့ရောက်သည်။ ကိုမြင့်အောင်ကလည်း ရောက်လာသည်။ လေးခင် မျက်စိကို စုံမှိတ်လိုက်သည်။ ညနေကျလျှင် ကိုမြင့်အောင်၏ကားနှင့် ပျဉ်းမနားသို့ ပြန်လိုက်မည်ဟု ကတိပေးလိုက်သည်။

ကိုသက် သာစည်ဘူတာသို့ ရောက်နေသည့်အချိန်တွင် လေးခင်တစ်ယောက် ကိုမြင့်အောင်၏ ကားနှင့် မိတ္ထီလာသို့ ဖြတ်သည်။ ရွှေအုန်းပင်ထမင်းဆိုင်တွင် ကိုမြင့်အောင်က လောကွတ်ပျူငှာနေသည်။ ထမင်းစားနေရင်း ထွက်ပြေးချင်စိတ် ပေါက်လာသည်။ သာစည်ဘူတာသို့ ပြေးသွားချင်စိတ်ကို မနည်းချုပ်ထိန်းထားရသည်။ သနားလိုက်ပါဘိ ကိုသက်ရယ်။

◆◆◆

အစီအစဉ်များက မြန်ဆန်လွန်းသည်။ မည်သည့်အချိန်ကတည်းက စောင့်ဆိုင်းနေသည်မသိ။ လေးခင်က ခေါင်းကလေး တစ်ချက်ညိတ်လိုက်ရုံဖြင့် တရားရုံးတွင် ချက်ချင်း စီစဉ်တော့သည်။

"နင့်မျက်နှာက ဘယ်လိုဖြစ်နေတာလဲ။ သဘောတူပါတယ်ဆိုပြီး ခုမှ ဘာကိုအလိုမကျနေတာလဲ။ မျက်နှာကို ပြင်စမ်း"

ဒေါ်လေးက ကြိတ်၍သတိပေးသည်။ မည်သို့ပင်ဖြစ်စေ လေးခင် လက်ထပ်ရမည်က မလွဲမသွေ။ သည်အချိန်တွင် ကိုသက်သည်လည်း ပျဉ်းမနားတွင် ရောက်ရှိနေနိုင်သည်။ ရုပ်ရှင်ဇာတ်လမ်းများထဲကလို ကိုသက်က တရားရုံးတွင် လက်မှတ်မရေးထိုးမီ လေးခင်အား အတင်းအဓမ္မ လုယူထွက်ပြေးလျှင် မည်မျှကောင်းလိမ့်မည်နည်း။ အတွေးများက ရှုးသွပ်လှသည်။

မည်သို့ပင်ဖြစ်စေ ဘဝ၏ အလှည့်အပြောင်းက နေ့



www.burmeseclassic.com

www.burmeseclassic.com

ချင်း ညချင်း အိမ်ထောင်သည်ဘဝသို့ လေးခင် ရောက်ခဲ့ရသည်။ ကိုမြင့်အောင်နှင့်အတူ မော်လမြိုင်သို့ လိုက်ခဲ့သည်။ ထိုကာလများတွင် လေးခင် ကိုသက်ကို အမြဲတမ်း သတိရနေသည်။ မေ့ပျောက်၍မရ။

ရက်စက်ရာကျမှန်း သိသော်လည်း ကိုသက်ထံသို့ ဖိတ်စာတစ်စောင်ကို ပို့လိုက်သည်။ ဖိတ်စာကိုဖတ်၍ ကိုသက် စိတ်ဆိုးစေချင်သည်။ စိတ်နာစေချင်သည်။ မခံချင်စိတ်ကြောင့် အင်အားဖြစ်စေချင်သည်။

လေးခင်ထက်လှသော၊

လေးခင်ထက်ပညာတတ်သော၊

လေးခင်ထက် အဆင့်အတန်းမြင့်သော ချစ်သူတစ်ယောက်ကို ကိုသက် ရှာဖွေတွေ့ရှိနိုင်ပါစေ။

◆◆◆

ဖိတ်စာယူလာသူ မိန်းကလေးကို ကောင်းစွာသိသည်။ သူ၏အမည်က နွေးနွေးကလျာ။ သူ၏မိခင်က ဒေါ်ထားထား။ လေးခင်၏ ပျဉ်းမနားမှအဒေါ်နှင့် ညီအစ်မအရင်း။ တစ်နည်းအားဖြင့် လေးခင်၏ အဒေါ်အငယ်ဆုံး။ ထို့ကြောင့် နွေးနွေးကလျာက လေးခင်ခင်၏ ညီမဝမ်းကွဲ။

သူတို့အိမ်သို့ သုံးကြိမ်ထက်မနည်း ရောက်ဖူးသည်။ နွေးနွေးကလျာနှင့် လေးခင်က မတူညီ။ လေးခင်က သွက်သည်၊ ထက်မြက်သည်၊ ဖွတ်တရွတ်ဆန်သည်။ နွေးနွေးကလျာက လေးခင်နှင့် ဆန့်ကျင်ဘက်။ အေးဆေးသည်၊ တည်ငြိမ်သည်၊ ငြိမ်းချမ်းသည်၊ စိတ်ရှည်သည်။

အိမ်လည်ခဲ့သည့် တတိယအကြိမ်ကျမှ နွေးနွေးကလျာက ထွက်တွေ့သည်။ ဒုတိယအကြိမ်အထိ ကိုသက်ကို ရှက်နေသည်ဟု သိရသည်။ ယခုလည်း ဖိတ်စာကို လာပို့ရခြင်းကြောင့် အလွန်အမင်း အားနာနေပုံက အထင်အရှား။ မျက်နှာမထားတတ်။ သူ့ကိုပင် ပြန်လည်အားပေးရမည့်ပုံ။ အဘယ်ကြောင့်များ လေးခင်က ဖိတ်စာကို သည်ကလေးမအား ပို့လွှတ်စေရပါသနည်း။ စဉ်းစားမရ။

◆◆◆

မေ့မရသော်လည်း မတွေးမိအောင် ကြိုးစားရသည်။ လေးခင်က ထင်မထားနိုင်လောက်အောင် စိမ်းကားရက်စက်သည်။ သစ်စိမ်းချိုး ချိုးသည်။ သူ့မှာ ရည်မှန်းသူရှိနေပါလျက် မိမိအား ချစ်သည်။ သစ္စာတရားအပေါ် သူ မည်သို့နားလည်သည်ကို မစဉ်းစားတတ်။ ရှိပါစေ၊ လမ်းခွဲသည် ဆိုကတည်းက သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ် သွားရုံသာရှိသည်။

ကာလယန္တရားက ပုံမှန်လည်ပတ်သည်။ ငါးနှစ်ဟာ ကာလဆိုသည်က ခဏလေး။ သည်ကာလအတွင်း အပြောင်းအလွဲများစွာကြုံသည်။ မမျိုးမင်းတစ်ယောက် စွံသွားသည်။ ယောက်ဖကြီးက နိုင်ငံခြားတွင် အခြေချနေထိုင်သူ မြန်မာလူမျိုး။ သျှောင်နောက်သို့ ဆံထုံးပါသည်၊ လင်၏နောက်သို့ မမျိုးမင်း ကောက်ကောက်ပါအောင် လိုက်သွားသည်။ ခြံလေးမှ လုပ်ငန်းအားလုံး သက်ထွေးမောင်မောင် တစ်ကိုယ်တော် အပိုင်စားရသည်။ နေရင်းထိုင်ရင်း မပင်မပန်း သူဌေးဖြစ်ရသည်။

ထိုစဉ် အိမ်သူသက်ထားတစ်ယောက် ရွေးချယ်ရန် အကြောင်းဖန်လာသည်။ ကျောက်ဆည်မယ်တော်ကြီးထံမှ အမိန့်တော်မြတ် ရောက်လာသည်။ ကိုယ်တိုင်မစွမ်းဆောင်နိုင်လျှင် မိဘများက စီစဉ်ပေးမည်။ မျိုးရိုးသန့်ရမည်။ ကျက်သရေရှိရမည်။ အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးနှစ် မကျော်စေရ။ ပညာတတ်ရမည်။ အနည်းဆုံး ဘွဲ့တစ်လုံး ပါရမည်။ အစိုးရဝန်ထမ်း သားသမီးဖြစ်လျှင် ပိုကောင်း၏။ စသည် စသည် စည်းကမ်းနည်းလမ်းများဖြင့်။

မည်သို့ပင်ဖြစ်စေ ကိုယ်ထင်လျှင် ခုတင်ရွှေနန်းပေါ်၊ ရှေးလူကြီးများ ရယ်လည်း ရယ်ရ၏။ ထိုနေ့က ကုန်တိုက်သို့ ရောက်သည်။ မမျိုးမင်း စိတ်ဝင်စားလွန်းသော ကုန်တိုက်။ တယ်လီဖုန်းလာသည့်အခါတိုင်း ကုန်တိုက်သတင်းကို စုံစမ်းနေကျ။ ဤမျှသံယောဇဉ်ကြီးမားသည်၊ သို့ပါလျက် နိုင်ငံခြားသို့ လိုက်သွားသည်။ ကိုယ့်အဲကြီးကို သည်နိုင်ငံတွင် အခြေချဖို့ စည်းရုံးသင့်ပါလျက် ယခုမှ အလွှမ်းသည်သည်။

ကုန်တိုက်ခန်းမထဲသို့ ဝင်လာစဉ် သည်ကလေးမကို လှမ်းတွေ့လိုက်သည်။

မှန်ပါသည်၊ နွေးနွေးကလျာ။ မည်သည့်ကာလတများ အိမ်ထောင်ကျလိုက်သည်မသိ။ ကလေးတစ်ယောက်နှင့် တိုးလိုးတွဲလောင်း။ သက်ထွေးမောင်မောင် အပြေးကလေး နောက်မှလိုက်သည်။ သူမတို့ သားအမိရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com

ပိတ်ရပ်သည်။ လက်နှစ်ဖက်ထားရှ် နှုတ်ဆက်သည်။

'ဟော့..နွေးနွေး မဟုတ်လား။ ဒါလေးက ဘယ်သူ့ပစ္စည်းလေးလဲ'

စကားတွင် အမှားမပါ။ ခြိမ်းခြောက်မှု လုံးဝမသက်ရောက်။ သို့သော် နွေးနွေးတစ်ယောက် ထိတ်လန့်သွားပုံက တုန်တုန်လှုပ်လှုပ် သိသိသာသာ။ သက်ထွေးမောင်မောင် ရုတ်တရက် မည်သည့်စကားကို ဆက်ပြောရမည်မသိ။ ကလေးမထံမှ မည်သည့်စကားမျှ မပြန်။

'ဟဲ့..နင် အိမ်ထောင်ကျနေပြီကိုး။ သူများဖိတ်စာကျတော့ လာပေးတတ်ပြီး ကိုယ့်ကိစ္စကျတော့ ငါ့ကို ဘာလို့ မဖိတ်တာလဲ'

အနောက်အပြောင်စကားဆိုပေမယ့် စကားနာထိုးရာကျမှန်း သတိထားမိသည်။ ထို့ကြောင့် စကားကို ဖာထေးပြုပြင်ရန် ကြိုးစားရသည်။

'ကဲပါ၊ ထားပါတော့။ အခု ဘာလာလုပ်လဲ။ နင့် ချစ်ချစ်ရော မပါဘူးလား'

အရုက်သည်းသောမျက်နှာ။ ကြည့်ရသည်မှာ အိမ်ထောင်ကျသည်မှာ ကြာသေးဟန်မတူ။ ယခုတိုင် ရှက်နေဆဲ။ သို့သော် ကလေးက သုံး,လေးနှစ်သား။ စဉ်းစားရခက်သည်။

သွားဦးမယ်နော်ဟု ပျာပျာသလဲ နှုတ်ဆက်ထွက်သွားသည်။ သူတို့သားအမိကို နောက်မှ လိုက်ကြည့်နေစဉ် မန်နေဂျာက လာရောက်နှုတ်ဆက်သည်။

'ဘော့(စ်)..နွေးနွေးကို သိလို့လား'

မန်နေဂျာကို တွေ့ဆုံစပ်စုကြည့်မှ သိရသည်။ မိမိ၏ အထင်များ လွဲမှားနေသည့်အချက်။ သူမ ရှက်သွားရှာသည်။ နွေးနွေးက ကလေးအမေ မဟုတ်။ အမျိုးကြီး၊ ကျောင်းဆရာမ။ ကလေးက အစ်မဖြစ်သူ၏ ကလေး။ ယောကျ်ားလေး။

နွေးနွေးကို သိထားခဲ့သည်မှာ တစ်ဦးတည်းသောသမီး။ မည်သည့်အစ်မ၊ အစ်ကိုမျှ မရှိ။ သည်အချက်က ထူးခြားသည်။

'သူတို့ ဘယ်မှာနေကြသလဲ။ အရင်တုန်းက,အိမ်မှာပဲလား'

◆◆◆

သက်ထွေးမောင်မောင် ရောက်သွားသည့်အခါ နွေးသာမက အန်တီဒေါ်ထားထားပါ မျက်နှာပျက်နေသည်။ သူ့ကို လိုလိုလားလား မကြိုဆို။ ရှောင်ဖယ်ဖယ်ဆက်ဆံရေးကြောင့် စိတ်တွင် ကသိကအောက်။

'ဟိုနေ့က နွေးနွေးကို ကုန်တိုက်မှာ တွေ့လိုက်ရလို့ နောက်လိုက်မိတယ်။ ဒါကို လာတောင်းပန်တာပါ။ အခြားအကြောင်းမရှိပါဘူး' ဟု ပြောဆိုနှုတ်ဆက်ပြန်လာသည်။

မိမိအား မလိုလားသူတို့ထံ နောက်တစ်ကြိမ် မသွားတော့ရန် ဆုံးဖြတ်သည်။

တစ်ပတ်ခန့်ဟု ထင်သည်။ ထိုနေ့က ကုန်တိုက်၏ မန်နေဂျာရုံးခန်းသို့အရောက် မန်နေဂျာက ခရီးဦးကြိုသည်။

'တိုက်ဆိုင်လိုက်တာ ဘော့(စ်)ရယ်၊ အခုပဲ ဒေါ်ထားထား ရောက်လာတယ်။ ဘော့(စ်)နဲ့ တွေ့ပါရစေလို့ ပြောနေတုန်း ဘော့(စ်)ရောက်လာတယ်။ တွေ့ခွင့်ပေးနိုင်မှာလား'

သက်ထွေးမောင်မောင် ခေါင်းညိတ်လိုက်သည်။ ရုံးခန်းတွင် နှစ်ယောက်တည်း။

'ခွင့်လွှတ်ပါ မောင်သက်ရယ်၊ အန်တီတို့လည်း မနေတတ် မထိုင်တတ် အမှားတွေ အထပ်ထပ်ကျူးလွန်မိသွားတယ်'

'ခင်ဗျာ'

'အိမ်ကို လာတုန်းကလေ'

'ရပါတယ် အန်တီ၊ ကျွန်တော် မေ့လိုက်ပါပြီ'

'မောင်သက် မေ့လို့မရပါဘူးကွယ်။ အန်တီတို့မှာ တာဝန်ရှိနေပါတယ်။ ဒါပေမဲ့ သံယောဇဉ်ရှိနေကြတော့ ဒီကိစ္စကို မလုပ်ရဲကြဘူး ဖြစ်နေတာ'

'ကျွန်တော် နားမရှင်းဘူး'

ဒေါ်ထားထားက ဇာတ်လမ်းစုံခင်းပြသည်။ သည်ကလေးက လေးခင်၏သား။ လေးခင်က ကိုယ်ဝန်အရင့်အမာဖြင့် ရောက်လာသည်။ မောင်မြင့်အောင်နှင့် သဘောထား ကွဲလွဲသဖြင့် ကွာရှင်းလာသည်ဟု သိရသည်။ ဒေါ်ထားထားတို့ထံတွင် ကလေးမီးဖွားစဉ် လေးခင် အသက်ဆုံးရှုံးရှာသည်။ ကလေးနှင့်အတူ သေတ္တာတစ်လုံး ကျန်ခဲ့သည်။

လေးခင်က နွေးနွေးကို ပြောပြသည်။ ကလေးသည် သူနှင့် မပတ်သက်ကြောင်း ကိုမြင့်အောင် သိသွားရာမှ ပြဿနာစတင်သည်။ လေးခင်ကလည်း ဝန်ခံသည်။

www.burmeseclassic.com

ကလေး၏ ဖခင်အမှန် မည်သူဖြစ်သည်ကို ထုတ်ဖော်ဝန်ခံသည်။ သေတ္တာထဲတွင် ပေးလိုက်သောငွေများ မပျက်မယွင်းရှိနေကြောင်း ပြောပြသည်။ သည်ငွေဖြင့် သည်ကလေးကို ပြုစုမည်ဟု စိတ်ကူးထားသည်။ သို့သော် သူက သက်ဆိုးမရှည်။

'သည်ငွေတွေကို မောင်သက်ရဲ့ အစ်မကြီးက ပေးလိုက်တာ။ ကလေးရဲ့အဖေက အခြားသူ မဟုတ်ဘူး။ မောင်သက်ကိုယ်တိုင်ပဲ။ ဒါပေမဲ့ မောင်သက်ကို သိက္ခာချစွပ်စွဲအကျပ်ကိုင်နေတယ်လို့ မယူဆပါနဲ့။ မောင်သက်က လက်မခံနိုင်ဘူးဆိုရင် အန်တီတို့က ကလေးကို ဆက်လက်ကျွေးမွေး စောင့်ရှောက်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ငွေကိုတော့ ပြန်ယူဖို့ လာညှိနှိုင်းတာပါ။ အစစအရာရာ ရှင်းရှင်းလင်းလင်းကလေး ဖြစ်ချင်ပါတယ်ကွယ်'

ဒေါ်ထားထားသည် သည်စကားများကို ဒုတိယအကြိမ် ပြောဆိုနေမိခြင်း။

ပထမအကြိမ်ပြောစဉ်က သည်စကားများကို သက်ထွေးမောင်မောင်အား ထပ်မံပြောပြလိုက်ရန် ကျေးဇူးရှင်ကြီး၏ မှာကြားသည့်အတိုင်း မိမိက လိုက်နာနေမိသည်ဟုလည်း သတိထားမိသည်။

ယနေ့တစ်ရက်တည်း၌ အလားတူစကားကို နှစ်ကြိမ်နှစ်ခါ ထပ်၍ပြောခဲ့မိသည့်အဖြစ်။

ဒေါ်ထားထား၏ စကားများက ပြတ်သားသည်။ မှန်လည်း မှန်ကန်သည်။ လေးခင်က သူသေမည်မှန်းသိလျှင် တစ်ခုခု ပြတ်ပြတ်သားသား မှာခဲ့လိမ့်မည်။ ယခုအစီအစဉ်က လေးခင်၏ဆန္ဒမဟုတ်။ စိတ်ထားလေးနက်မာကျောလှသော လေးခင်၏ သဘောထားက ဤသို့ဖြစ်မည်မထင်။ သည်ဖြစ်စဉ်တွင် သက်ထွေးမောင်မောင်ငြင်းဆိုရန် မစဉ်းစား။ ဝန်ခံရန် သတ္တိအပြည့်။ ဂုဏ်သိက္ခာတော့ အနည်းအကျဉ်းထိခိုက်မည်။

◆◆◆

ပထမဆုံး စတင်လုပ်ဆောင်ရမည့် အစီအစဉ်။

ကျောက်ဆည်မယ်တော်ကြီးအား သည်ကိစ္စကို ဖွင့်ဟလိုက်သည်။ မယ်တော်ကြီး ပြုံးသည်။

'သည်စကားတွေက အမှန်တရားပါ မယ်မယ်။ သည်လိုကြီး ပြုံးတာမျိုးက ပြက်ရယ်ပြုရာကျပါတယ်။ သည်းခံတော်မူပါ၊ ခွင့်လွှတ်တော်မူပါ'

မယ်တော်ကြီးကို ဤသို့ ပြောဆိုဆက်ဆံမှ ကြိုက်သည်။ ယနေ့အချိန်အထိ မဟာဆန်တုန်း၊ နန်းဆန်တုန်း။

'သည်ဇာတ်လမ်းကို မမမျိုးမင်း မသွားခင်ကတည်းက မယ်မယ့်ကို လျှောက်ထားသွားပါတယ်။ မယ်မယ်သိထားပြီးသားပါ'

'ဟုတ်ပါတယ်။ မယ်မယ့်မျိုးဆက်ကလေးကိုစ္စ စဉ်းစားပေးစေချင်လို့ပါ'

'သားထွေးက ဘယ်လိုဆန္ဒရှိနေလို့တုံးကွယ့်'

◆◆◆

ဒုတိယအစီအစဉ်။ သက်ထွေးမောင်မောင်ကိုယ်တိုင် ဒေါ်ထားထားနှင့် တွေ့ဆုံသည်။ ထိုနေ့က ကလေးနှင့် နွေးနွေးကို မတွေ့ရ။ ဒေါ်ထားထားနှင့် တိုက်ရိုက်စကားပြောခွင့်ရသည်မှာ ကောင်းပါသည်။

'ကျွန်တော် နွေးနွေးကလျာကို လက်ထပ်ပါရစေ အန်တီ'

'ဟဲ့ ... ဘယ်လို'

'မှန်ပါတယ်။ အလွန်ဖြူစင်တဲ့ နွေးနွေးကလျာရဲ့ အစွမ်းအထင်းများတဲ့ ကျွန်တော်နဲ့ မသင့်လျော်ဘူးဆိုတာ ဝန်ခံပါတယ်။ ဒါပေမဲ့ သားလေးရဲ့ရှေ့ရေးကို ထည့်တွက်ရင် နွေးနွေးဟာ အသင့်လျော်ဆုံး မိခင်တစ်ယောက် ဖြစ်လာလိမ့်မယ် ထင်လို့ပါ။ ဒီအစဉ်အစဉ်ဟာ တစ်ဖက်သတ်ဆန်မှန်းလည်း သိပါတယ်။ တစ်ကိုယ်ကောင်းဆန်မှန်းလည်း သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း နွေးနွေးကို မေတ္တာရှိနေလို့ပါ အန်တီ'

ဒေါ်ထားထား ဖြေရခက်မည်။

'စဉ်းစားပါ အန်တီ၊ အချိန်ယူစဉ်းစားပါ။ အန်တီဖုန်းဆက်မှ ကျွန်တော်လာခဲ့ပါ့မယ်'

◆◆◆

တတိယအစီအစဉ်က ကုန်တိုက်မန်နေဂျာ၏အိမ်။

သည်အချိန်ရောက်ဆိုလျှင် လူစုံနေလောက်ပြီ။ သက်ထွေးမောင်မောင် မရောက်ခင် ပြောသင့်သည်တို့ကို ကြိုတင်ပြောပြထားပြီးကြပေလိမ့်မည်။ သူရောက်သည့်အခါ နွေးနွေးကလျာက ခေါင်းကိုငုံ့နေသည်။ ကလေးကို မန်နေဂျာကတော်က ပွေ့ချီကျီစယ်နေသည်။ မကြာခင် နှစ်ဦးတည်းသာ အခန်းထဲတွင် ကျန်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကိုကို ဖိတ်စာရိုက်လိုက်တော့မယ်နော်'

'ရှင်'

'နွေးနွေးကိုယ်တိုင် လိုက်ဖိတ်ပေးရမှာနော်'

ခေါင်းမဖော်သော မိန်းကလေး။ မေးဖျားကလေးကို အသာကလေး မ,တင်လိုက်သည့်အခါမှ နွေးနွေးကလျာ၏ ခေါင်းက အလိုက်သင့်မော့လာသည်။

'အို..ကလေးမ၊ မျက်ရည်တွေ ကျနေပါကလား။ ဝမ်းနည်းစရာမှမဟုတ်တာ၊ တိတ်ပါ ကလေးရယ်။ ဝမ်းနည်းလို့လည်း မျက်ရည်မကျရဘူး။ ဝမ်းသာလို့သာ ကျတဲ့ မျက်ရည်မျိုး ဖြစ်ရပါစေမယ်'

တတွတ်တွတ် ပြောစကားများတွင် နွေးနွေး ကြွေလောက်သည်။

◆◆◆

နောက်ဆုံးအစီအစဉ်က သားလေး လက်ခံဖို့။

သည်ကောင်က နွေးနွေးကို ကပ်လွန်းသည်။ နွေးနွေးကလည်း အလိုလိုက်လွန်းသည်။ သူ့အမေအနားသို့ သူကလွဲ၍ မည်သူ့ကိုမျှ အကပ်မခံသည်က ဆိုးလွန်းသည်။ တစ်ကိုယ်ကောင်းဆန်လွန်းသည်။

သူစိတ်ဝင်စားသည်က ကုန်တိုက်မှ ကလေးကစားစရာကောင်တာ။

ကောင်တာမှ ကလေးမများနှင့် သူက ရင်းနှီးသည်။ သူရောက်သွားလျှင် ဆိုင်က မမများအတွက် မုန့်ပါသွားသည်။ မမများသို့ မုန့်ဝေသည်။ အနမ်းလက်ဆောင်တစ်ပွင့်စီ ခြွေသည်။ ထို့နောက်မှ စိတ်တိုင်းကျ မွှေသည်။

'သားက အဖေနဲ့ တူသလား မသိဘူး'

'နွေးနွေး..ဘာလဲဟင်၊ ကိုကို မကြားလိုက်လို့'

မျက်စောင်းကလေး တစ်ချက်က နှလုံးသားသို့ ထိသည်။

မသိသူတို့က သူ့ဘေး သက်ထွေးမောင်မောင်က ကလေးတစ်ယောက်အမေ နွေးနွေးကလျာကို သဘောထားကြီးစွာ လက်ထပ်လိုက်သည်ဟု ထင်ကြသည်။ သိသူတို့က ဤသို့အထင်ကြီးကြမည်မဟုတ်။

စာဖတ်သူတို့ ဇာတ်ရည်လည်လိမ့်မည် ထင်ပါသည်။

**ရန်နိုင်**

ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## အောင်ကောင်းမြ (သာကေတ)

## ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ကြံတိုင်းအောင် စာပေနှင့် ဟောခန်း**

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျော်ဇော(စားကျ)

## ချစ်တီးပြုတ်ကွာပေးသည့် မြေကြက်ဥ




www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်ရှိ မြို့ငယ်ကလေး အစွန်တွင် ဖြစ်သည်။

ချစ်တီးတိုက်ဟောင်းတစ်လုံးက အထီးတည်း တည်ရှိနေခဲ့သည်။ သရဲခြောက်သည်ဟု နာမည်ကြီးလှသော နေရာလည်းဖြစ်သည်။ ထိုတိုက်သည် လူသူနေထိုင်နိုင်သေးသည့် အနေအထားအတိုင်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ သို့သော်ငြား သရဲအခြောက်ကြမ်းသည်ဟု နာမည်ဆိုးထွက်နေသဖြင့် မည်သူမျှ ဝင်ရောက်နေထိုင်ဝံ့ခြင်း မရှိပေ။ နွားကျောင်းသားများပင် ထိုတိုက်အတွင်းသို့ ဝင်မကြည့်ရဲကြချေ။

ကိုလိုနီခေတ် တစ်ချိန်က ထိုတိုက်ပိုင်ရှင်သည် ချစ်တီးကြီးတစ်ဦး ဖြစ်သည်။ လူကိုပါ သိမ်းပိုက်သည်အထိ ကုပ်သွေးစုပ်ခဲ့သည့် ထိုချစ်တီးကြီးသည် စစ်တကောင်းသို့ ပြည်တော်မပြန်နိုင်ခဲ့ရှာပေ။ မိုးသည်း ညတစ်ညတွင် ဓားဒဏ်ရာများဖြင့် ဇီဝိန်ချုပ်သွားခဲ့ရသည်။ ဓားပြလက်ချက်ဟု ပြောသူက ပြောခဲ့သည်။ ချစ်တီးပယောဂကြောင့် မိမိကိုယ်ကို အဆုံးစီရင်သွားသည့် ချစ်သူအတွက် လူငယ်တစ်ဦး၏ လက်တုံ့ပြန်မှုဟုလည်း အချို့က ဆိုခဲ့ကြသည်။ လက်သည်ကတော့ မပေါ်ခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ခေတ်ကာလတစ်ခု အရောက်တွင် ထိုမြို့ရှိ သမဝါယမဆိုင်က အနီးချစ်တီးတိုက်တွင် ယာယီပြောင်းရွှေ့ဖွင့်လှစ်ခဲ့လေသည်။ မူလဆိုင်ကို ပြင်ဆင်တည်ဆောက်နေသောကြောင့်ပင်ဖြစ်သည်။ ဤသို့ဖြင့် သမဝါယမဆိုင်၏ စာရင်းကိုင် လူငယ်သည် နာမည်ကျော် သရဲကြီးနှင့် ပက်ပင်းတိုးခဲ့ရတော့သည်။ နှစ်ပေါင်းများစွာ စွဲကပ်ခြောက်လှန့်နေသည့် ချစ်တီးသရဲနှင့် ကြုံခဲ့ရပုံကတော့ ထူးခြားဆန်းကြယ်လှပေတော့သည်။

◆◆◆

'မနေ့ညက ကျွန်တော် သရဲနဲ့ တွေ့ခဲ့တယ်ဗျ'

'ဟာ··အို··သွားပါပြီကွာ'

ညဂျူတီကျသည့် မောင်ညြက ဂုဏ်ယူဝံ့ကြွားသံဖြင့် ပြောလိုက်သဖြင့် စာရင်းကိုင် ကိုမန်းကျော်၏ လက်တွင်းက ဖောင်တိန်လွတ်ကျသွားလေသည်။ နှုတ်ကလည်း ယောင်ယမ်းအော်လိုက်မိသည်။ သူ၏ တိုက်ပုံအင်္ကျီ လက်များတွင် မင်နီများ စွန်းပေသွားခဲ့သည်။ ပို၍ဆိုးရွားသည်က ရေးလက်စ လယ်ဂျာစာအုပ်ပေါ်တွင်ပါ မင်စွန်းသွားခြင်းပင်တည်း။

'မင်းကို အဲဒီ သရဲက တစ်ခါတည်း ခေါ်သွားဖို့ကောင်းတယ်ကွ'

မန်းကျော်သည် လယ်ဂျာစာအုပ်ကို စိတ်ပျက်ဟန်ဖြင့်ကြည့်ရင်း ဒေါသတကြီး ပြောလိုက်သည်။ မောင်ညြက ရယ်ကြဲကြဲလုပ်နေသဖြင့် ဆက်အော်လိုက်မိသည်။

'စပ်ဖြဲဖြဲလုပ်မနေနဲ့။ မင်းကြောင့် ဒီမှာ ပျက်စီးသွားပြီ။ အဲဒီ သရဲရော မင်းပါ··'

'ငရဲရောက်သွားရင် ကောင်းမယ်လို့ ကျိန်မလို့မဟုတ်လား။ အဲဒီစာရင်းက ပြန်ကူးရေးရင် ရပါတယ်ဗျာ။ ဒီမှာ သရဲနဲ့ ဘယ်လိုတွေ့ခဲ့တယ်ဆိုတဲ့အကြောင်း မသိချင်ဘူးလားဗျ။ ဇာတ်လမ်းကောင်း တစ်ပုဒ်နော်'

မန်းကျော်၏ စာရေးဆရာပေါက်စဉာဉ်က ဒေါသများကို အငွေ့ပျံသွားစေတော့သည်။ သို့ဖြင့် မကျေမလည်သံဖြင့် ပြန်ပြောလိုက်မိသည်။

'ကဲ··ကဲ··ပြောချင်လည်း မြန်မြန်ပြောကွာ'

'ဒီလိုလုပ်စမ်းပါ အစ်ကိုရာ။ မနေ့ညက ဂျူတီကျတုန်း သူငယ်ချင်းနှစ်ယောက် စက်ဘီးကိုယ်စီနဲ့ ပေါက်ချလာကြတယ်ဗျ။ ဘသားချောတွေက မြို့လယ် အန်းကူဆိုင်ဝင်ပြီး ခေါက်ဆွဲကြော်တွေဘာတွေလည်း ဝယ်လာခဲ့ကြသေးတယ်။ သုံးယောက်သား စားကြသောက်ကြ ပေါက်တတ်ကရတွေ ပြောကြနဲ့ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိဘူး။ ဆယ့်တစ်နာရီ သံချောင်းခေါက်သံကြားမှ သူတို့ ထပြန်သွားတော့တယ်။ ကျွန်တော်လည်း ထုံးစံအတိုင်း ထိုင်ငိုက်လိုက်၊ လမ်းထလျှောက်လိုက်ပေါ့ဗျာ။ မနက်သုံးနာရီ သံချောင်းခေါက်သံ ကြားပြီးတဲ့နောက် ပြန်ထိုင်လိုက်တာ ဘယ်အချိန် ငုတ်တုတ်အိပ်ပျော်သွားမှန်း မသိဘူးဗျ။ သရဲလာနှိုးမှပဲ လန့်နိုးသွားရတယ်'

'ဟေ··ဘယ်လိုကွ၊ ပြန်ပြောစမ်းပါဦး'

'သရဲလာနှိုးတာလေ အာစရိရဲ့။ အေးစက်စက်လက်ကြီးနဲ့ မျက်နှာကို လာသပ်တာ၊ ညည်းသံကြီးကိုလည်း ကြားရတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ကြုံဖူးပါတယ်ဗျာ။ အစမှာတော့ ဘာမှန်းမသိပါဘူး။ အေးစက်နေတဲ့လက်ကြီးနဲ့ ကြက်သီးထစရာ ညည်းသံကြီးကြောင့် ချစ်တီးသရဲပဲဆိုတာ သိလိုက်တော့တယ်။ စကားမစပ်

www.burmeseclassic.com

မျက်နှာကို သရဲလက်နဲ့သပ်တဲ့ ခံစားမှုကို အာစရိ သိလား ဗျ"

"ဟာ..မင်းကတော့ကွာ၊ ဒီမှာ အဲဒီချစ်တီးရဲ့ အရိုး ပြာအိုးကို စစ်တကောင်း ပြန်သယ်သွားတယ်လို့ ကြားဖူး တယ်ကွ။ သူက ဒီကိုပြန်လာ၊ ငါတို့ဆိုင်ထဲဝင်၊ ပြီးတော့ မင်းမျက်နှာကို လက်နဲ့ သပ်ရသတဲ့လား"

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူးလေ။ ကြုံခဲ့ရတာတော့ အမှန်ပဲဗျ။ လုပ်ကြံပြောတာဆိုရင် သွား လေရာ ဘေးသင့်ရပါစေရဲ့။ ပြောရဦးမယ်။ အဲဒီအချိန် တုန်းက လန့်မအော်မိဘူးဗျ။ ကြောက်စိတ်လည်း လုံးဝ မဝင်မိဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြတယ်"

"မင်းက ဒီအတိုင်း ငုတ်တုတ်ထိုင်နေခဲ့တာပဲလား။ ဘာမှမလုပ်ဘူးပေါ့"

"ဟီး..ဟီး..ဘယ်နေပါ့မလဲဗျာ။ ထပြေးတာပေါ့။ ပြေးတယ်ဆိုတာထက် ဟိုစူပါမင်းလို လေထဲမှာ ပျံဝဲသွား တဲ့အတိုင်းပဲ။ အဲဒီအကောင်ကြီးကလည်း ဘေးကနေ ညည်းသံကြီးပေးပြီး တောက်လျှောက်လိုက်လာတာဗျ။ တံခါးဝနားရောက်မှ ပျောက်သွားတော့တာ။ ဒီတော့မှ ညက ဟိုကောင်တွေ ချန်ခဲ့တဲ့ လက်နှစ်လုံးလောက်ကို ကောက်မော့ပြီး ရဲဆေးတင်လိုက်ရတယ်။ ဘာပဲပြောပြော တကယ့်သည်းတုန်အူတုန် အဖြစ်ပါပဲ။ ဟုတ်တယ်နော်"

မန်းကျော်သည် မျက်မှောင်ကြုတ်ရင်း ပြန်မေးလိုက် သည်။

"နေပါဦး မောင်သြရ၊ မင်းမော့ခဲ့တာ လက်နှစ်လုံးပဲ ဟုတ်ရဲ့လား။ ပြီးတော့ ညဦးပိုင်းတုန်းကလည်း သူငယ် ချင်းတွေနဲ့ ဝင်ရောကြိတ်ခဲ့သေးတယ် မဟုတ်လား"

"သြော်..ကျွန်တော် ရူးကြောင်မူးကြောင် လျှောက် ပြောနေတာလို့ ထင်နေတာကိုး။ လုံးဝမဟုတ်ပါဘူးဗျာ။ အာစရိကို ပြောပြချင်လွန်းလို့ အိမ်တောင် မပြန်သေးဘဲ ထိုင်စောင့်နေခဲ့တာဗျ"

"အေးပါကွာ၊ အေးပါ။ ကဲ..မင်းလည်း အိပ်ရေး ပျက်မှာပေါ့။ ပြန်နားလိုက်တော့။ ဟုတ်ပြီနော်"

◆ ◆ ◆

မန်းကျော်သည် တစ္ဆေသရဲများကို ယုံကြည်သူ မဟုတ်ပေ။ မောင်သြ၏ ဇာတ်လမ်းက သူ့စိတ်အစဉ်တွင် စွဲမကျန်ခဲ့။ ပြီးပြီးပျောက်ပျောက် ဖြစ်သွားသည်။ လတ် တလော သူ၏အတွေးထဲတွင် အလုပ်တာဝန်ကသာ ကြီး စိုးနေခဲ့သည်။ သကြိန်ကျရန်ကလည်း တစ်ပတ်မျှသာ လိုတော့သည်။ စာရင်းဇယားများက ရေးသွင်း၍ မပြီး သေး။ တစ္ဆေသရဲအရေးကိုတွေးရန် အချိန်မပေးနိုင်တော့။ စာရင်းစာအုပ်များကြားတွင် တစ်နေကုန် ခေါင်းမဖော်နိုင် အောင် အလုပ်ရှုပ်ခဲ့ရတော့သည်။

ဤသို့ဖြင့် သကြိန်အကြိုနေ့မတိုင်မီ တစ်ရက်အလို တွင် ပြဿနာနှင့် ကြုံခဲ့ရလေသည်။ စာရင်းချုပ်ရေးဆွဲ ရာ၌ ငွေ(၁၃)ကျပ် (၈၉)ပြား ကွာဟနေသောကြောင့်ပင် ဖြစ်တော့သည်။ စာရင်းအစအဆုံး အသေးစိတ် ပြန်လိုက် စစ်ရပေတော့မည်။ ရုံးချိန်အတွင်း မည်သို့မျှ ပြီးပြတ်နိုင် မည်မဟုတ်။ စာရင်းကိုက်ရန် ညအချိန်ပိုဆင်းရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပေ။

◆ ◆ ◆

ည(၇)နာရီအချိန်ခန့်။

ရုံးခန်းအတွင်း၌ ရေနံဆီမီးအိမ်သုံးလုံး ထွန်းထား သည်။ စားပွဲပေါ်တွင် စာရင်းစာအုပ်များ၊ လယ်ဂျာများ၊ ဂျာနယ်စာအုပ်များနှင့် ပြေစာများ စုပုံထားသည်မှာ နှစ် ပေနီးပါးမျှ မြင့်သည်။ ထိုစာအုပ်ပုံကြီးကြားတွင် ခေါင်း မဖော်နိုင်အောင် ဖြစ်နေရသူက မန်းကျော်ပင် ဖြစ်သည်။

အထီးကျန်ဆန်လှသည်။ စိတ်ဓာတ်ကျဖွယ် ကောင်း လှသည်။ နာကြည်းမုန်းတီးဖွယ် ကောင်းလှသော (၁၃) ကျပ် (၈၉)ပြားဟုလည်း စိတ်တွင်းက ကျိန်ဆဲနေမိသည်။ ကံမကောင်း အကြောင်းမလှပါက ညလုံးပေါက် ထိုင်ရင်း မိုးလင်းသွားနိုင်သည် မဟုတ်လော။ ထို့ကြောင့် ည တာဝန်မှူး တာဝန်ကိုပါ ယူခဲ့လိုက်ခြင်း ဖြစ်သည်။

ညရေးညတာအတွက် ညစောင့် သီးသန့်ခန့်ထားပြီး ဖြစ်သည်။ သို့သော် ယာယီပြောင်းရွှေ့ခဲ့သော ချစ်တီး တိုက်သည် မြို့နှင့် အတန်ငယ်လှမ်းသဖြင့် ညတာဝန်မှူး များ ချထားခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ညစောင့် ဦးဘ တူး ဆိုသူက အိပ်ရေးမက်သူတစ်ယောက် ဖြစ်သည်။ သူ့အတွက် တဲလေးတစ်လုံးကို ချစ်တီးတိုက် အနောက် ဘက်တွင် ဆောက်ပေးထားခဲ့သည်။ သို့ရာတွင် ညအခါ နီးနီးကြားကြားဖြင့် လှည့်ပတ်ကြည့်ရှုချိန်ထက် အိပ်ပျော် နေချိန်က ပိုများနေလေ့ရှိသည်။

ထို့ကြောင့် မန်းကျော်သည် ပြတင်းပေါက်နှင့် တံခါး



www.burmeseclassic.com

www.burmeseclassic.com

များကို သေချာစွာလိုက်စစ်ပြီးမှ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် စာရင်းများကို အစမှပြန်၍ အသေးစိတ်စစ်ခဲ့တော့သည်။

◆◆◆

ညဆယ့်တစ်နာရီ သံချောင်းခေါက်သံ ထွက်ပေါ်လာခဲ့သည်။

မန်းကျော်လည်း ခါးကို ဆန့်လိုက်မိသည်။ စာရင်းကွာနေသည့် (၁၃)ကျပ်ကို ပြန်ရှာတွေ့ခဲ့သဖြင့် စိတ်အနည်းငယ် သက်သာသွားခဲ့သည်။ သို့တိုင်အောင် ဝဋ်ကတော့ မလွတ်သေးပေ။ သူ့အနေဖြင့် (၈၉)ကျပ်ကိုသာ လျှော့လိုက်ချင်သည်။ ယခုတော့ မဖြစ်စလောက် (၈၉) ပြားကို ဇက်ရော လက်ပါ အညောင်းခံ၍ ဆက်ရှာရဦးတော့မည် ဖြစ်သည်။

ခေါင်းပူလာကာ လက်များ ညောင်းလာပြီးနောက် ပြား(၈၀)ကို ထပ်မံရှာတွေ့လိုက်ပြန်သည်။ မန်းကျော်သည် အပျော်စိတ်ဖြင့် ထ၍ပင် အော်လိုက်ချင်မိလေသည်။ လက်က နာရီကို ကြည့်လိုက်ရာ ညသန်းခေါင်ထိုးရန် ဆယ်မိနစ်သာ လိုပေတော့သည်။ ညတစ်နာရီ မတိုင်မီ ကျန်နေသေးသည့် (၉)ပြားကို တွေ့ရမည်ဟုလည်း သူ့ကိုယ်သူ အားပေးလိုက်သည်။

နောက်ထပ် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အတွင်း ရှာတွေ့လိမ့်မည်ဟုလည်း တွေးထင်လိုက်မိသည်။ ဤသို့ဖြင့် ဆက်လက်စစ်ဆေးရင်း တစ်နေရာတွင် စာရင်းမှားသွင်းထားသည်ကို တွေ့လိုက်ရတော့သည်။ သို့ဖြင့် ပြေစာစာရွက်ကိုရှာ၍ တိုက်ဆိုင်စစ်လိုက်သည်။ သူ့ကို ပြဿနာပေးခဲ့သော အဖြေကို တွေ့လိုက်ရတော့သည်။ ဆယ့်တစ်ပြား၊ ဆယ်ပြား၊ ကိုးပြား စိတ်ထဲက ရေရွတ်၍မဆုံးမီတွင်ပင် ဖြစ်သည်။

'ဗြုံး'

လေပြင်းပြင်းမှုတ်လိုက်သံကို မျှော်လင့်ဘဲ ကြားလိုက်ရသည်။ ရေနံဆီမီးအိမ်သုံးလုံး တစ်ပြိုင်တည်း ငြိမ်းသွားကြသည်။ မန်းကျော်သည် မှောင်ထဲတွင် ငုတ်တုတ်ထိုင်ရင်း ကြက်သေ သေသွားခဲ့သည်။ ထို့နောက် ဒေါသလှိုင်းများ တလိမ့်လိမ့်တက်လာလေသည်။

ထိုအခိုက်တွင် မှောင်မည်းနေသည့် အခန်းတွင်း၌ ထူးဆန်းသောညည်းသံကြီး ထွက်ပေါ်လာခဲ့သည်။ နှလုံးတုန် ချောက်ချားဖွယ်ရာ လည်ချောင်းသံကြီးဖြစ်သည်။ မန်းကျော်သည် ကြက်သီးတဖြန်းဖြန်း ထသွားရသည်။ ကျောက်ဆစ်ရုပ်ကြီးကဲ့သို့လည်း တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ အသက်ရှူရန်ပင် ခေတ္တမေ့သွားလေသည်။

ယင်းကဲ့သို့ အခြေအနေကြားကပင် အတွေးများက လွင့်ထွက်သွားခဲ့သည်။ လူနောက်လူပြောင် မောင်ညိုတစ်ယောက် သူ့စကားနှင့်ညီစေရန် လာခြောက်နေခြင်း ဖြစ်မည်ဟုလည်း ထင်လိုက်မိသည်။ သို့ရာတွင် မန်းကျော်၏ အတွေးများက ထိုနေရာတွင်ပင် တန့်သွားရလေသည်။ အေးစက်စက် လက်ကြီးတစ်ဖက်က သူ၏မျက်နှာကို ညင်သာစွာ ပွတ်သပ်လာခဲ့သောကြောင့်ဖြစ်သည်။ မန်းကျော်သည် အစကနဦးတွင် မလှုပ်ရှားဝံ့ဘဲ ငြိမ်နေခဲ့သည်။ လက်အေးအေးကြီးဖြင့် ပွတ်သပ်နေသည်ကို ဆက်၍မခံစားနိုင်တော့သဖြင့် လက်နှစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်တော့သည်။

မန်းကျော်၏ နှလုံးခုန်သံများ မြန်ဆန်လာခဲ့သည်။ သေလုမြောပါးလည်း ကြောက်ဝံ့ရလာသည်။ လက်အေးအေးကြီးက သူ၏မျက်နှာကို ထပ်မံပွတ်သပ်လာပြန်သည်။ အေးစိမ့်နေသော လေများက သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းလာခဲ့သည်။ သွေးပျက်ဖွယ် ညည်းသံကြီးကိုလည်း အနီးကပ်ကြားလိုက်ရလေသည်။ သူသည် ကြောက်လန့်တကြား အော်ဟစ်လိုက်သော်လည်း အသံက ထွက်မလာခဲ့။ နောက်ဆုံးတွင် အကြောက်လွန်ကာ ကုလားထိုင်ပေါ်၌ ငုတ်တုတ်ကြီး သတိလစ်သွားလေတော့သည်။

◆◆◆

မန်းကျော်၏ မျက်လုံးများ ဖျတ်ခနဲ ပြန်ပွင့်လာကြသည်။

မှောင်မည်းနေသဖြင့် မည်သည့်အရာကိုမျှ မမြင်ရ။ မည်မျှကြာအောင် သတိလစ်သွားသည်ကိုလည်း မခန့်မှန်းတတ်။ သူ၏မျက်နှာကို လက်အေးကြီးက ယခုတိုင် ပွတ်သပ်နေဆဲ ဖြစ်သည်။

မန်းကျော်သည် စိတ်ကိုတင်းလိုက်သည်။ မောင်ညို ရူးကြောင်မူးကြောင် လျှောက်ပြောနေသည်ဟု ထင်မိသည်မှာ မှားသွားခဲ့သည်။ ယခု သူ့ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံနေရလေပြီ။ သို့သော် သရဲဖြစ်စေ၊ သဘက်ဖြစ်စေ

www.burmeseclassic.com

လုံးဝဂရုမထားနိုင်ပေ။ ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။ ထိုင်နေရာက ရုတ်တရက်ထရပ်ရင်း မှောင်ထဲသို့ လှမ်းပြောလိုက်တော့သည်။

'ဒီမှာ ကိုရွှေသရဲ။ ဘာလိုချင်လို့လဲ၊ ဘာလုပ်ပေးရမှာလဲ။ ဟိုခြောက်ဒီလှန့် လုပ်မနေနဲ့။ ဒီမှာ အရေးကြီးတဲ့ကိစ္စ ပေါ်နေတာ။ နားအေးပါးအေး ဆက်လုပ်ပါရစေ။ ငါပြောတာကို နားလည်တယ် မဟုတ်လား'

မည်သည့်တုံ့ပြန်ချက်မျှ ပေါ်မလာခဲ့။ သို့သော် ရင်တုန်ဖွယ်ရာ လည်ချောင်းသံကြီးနှင့်အတူ လက်အေးကြီးက လာထိတို့ပြန်လေသည်။ သနားစရာသတ္တဝါပါလားဟု မန်းကျော် တွေးလိုက်မိသည်။ လုံးဝလည်းမကြောက်တော့။ လာတို့နေသည့် လက်ကြီးအား ပုတ်ထုတ်ရင်း လှမ်းပြောလိုက်ပြန်သည်။

'ဒီမှာ မင်းကို ငါ လုံးဝမကြောက်ဘူးကွ။ ငါ့ဒေါသမပေါက်ကွဲခင် မြန်မြန်ပြန်ရင် ကောင်းလိမ့်မယ်'

သူ၏မျက်နှာကို တစမ်းစမ်းလုပ်နေသည့် လက်အေးကြီးက ပြန်ရုပ်သွားသည်။ ထို့နောက် စာရင်းစာအုပ်ပုံကြီးကို တွန်းလိုက်သဖြင့် ပြိုကျသွားသံ ကြားလိုက်ရသည်။ ပြီးလျှင် အေးစက်နေသည့်လက်ကြီးက မန်းကျော်၏ လက်မောင်းအား အသာဆုပ်ကိုင်ကာ ဆွဲခေါ်သွားတော့သည်။

အားတင်းထားသည့်ကြားက ကျော်မန်း၏ရင်များ တဒုန်းဒုန်းခုန်လာခဲ့သည်။ မှောင်ကြီးမည်းကြီးထဲတွင် လက်အေးအေးကြီးက ချစ်တီးတိုက် အနောက်ဘက်ပိုင်းသို့ ဆွဲခေါ်သွားသည်။ စားပွဲ၊ ကုလားထိုင်၊ မှန်ဗီရိုနှင့် ကုန်ပစ္စည်းများကြားက ဖြတ်သွားသော်လည်း မည်သည့်အရာနှင့်မျှ တိုက်မိခြင်း မရှိသည်က ထူးဆန်းအံ့သြဖွယ်ကောင်းလှသည်။

မန်းကျော်သည် မည်သည့်အရာကိုမျှ မမြင်ရပေ။ မှုန်ပျပျအလင်းရောင်ကလေးပင်မရှိ။ သူ၏ခြေသံမှလွဲ၍ အခြားအသံဟူ၍လည်း တစ်စွန်းတစ်စ မကြားရ။ ရှေ့က ဆွဲသွားနေသည့် ဘာမှန်းမသိသောအရာ၏ လှုပ်ရှားသံကလည်း တိုးတိတ်ညင်သာလွန်းလှသည်။ ကြောက်မက်ဖွယ် ညည်းသံကြီးကို မကြားရတော့သဖြင့် တော်ပေသေးသည်။ ဆက်တိုက်သာ ကြားနေရပါက သူသည် နောက်ထပ်တစ်ဖန် သတိလစ်သွားမည်မှာ သေချာလှပေသည်။

ဤသို့ဖြင့် မန်းကျော်နှင့် လက်အေးကြီးတစ်ဖက်တို့သည် ချစ်တီးတိုက် အနောက်ဘက်ပိုင်းသို့ တဖြည်းဖြည်း ရောက်သွားကြသည်။ မန်းကျော်သည် ညစောင့် ဦးပေတူးကို သတိရလိုက်မိသည်။ ၎င်းကို အော်ဟစ်ခေါ်ရန် ကြံလိုက်သည်။ သို့ရာတွင် အော်ရန်မဆိုထားဘိ၊ သူ၏လျှာကိုပင် လှုပ်၍မရကြောင်း ထူးဆန်းစွာ သိလိုက်ရလေသည်။

မန်းကျော်သည် လက်ရှိအခြေအနေကို အာရုံပြန်စိုက်လိုက်သည်။ ချစ်တီးတိုက် နောက်ပိုင်းရှိ မြုတ်စဗျင်းတောင်းများထားသည့်အခန်းသို့ ရောက်နေသည်ဟု ခန့်မှန်းမိလိုက်သည်။ ထိုနေရာတွင် စက္ကူပုံးခွံများ၊ အိတ်ခွံဟောင်းများနှင့် အသုံးမလိုသော ပစ္စည်းများသာရှိသည်။ သရဲစုတ်က ဒီနေရာကို ဘာရည်ရွယ်ချက်နဲ့ ဆွဲခေါ်လာရပါလိမ့်ဟု တွေးလိုက်မိသည်။

ထိုစဉ်တွင်ပင် သရဲက သူ့အား ဆက်မဆွဲတော့ဘဲ ရပ်သွားသည်။ ကျော်မန်းသည် ထိုနေရာမှ ထွက်ပြေးရန် ကြံလိုက်သည်။ သို့ရာတွင် သူ၏ခြေထောက်များက လုံးဝ ရွေ့မရ။ တုန်လှုပ်ချောက်ချားစွာ ဆက်ရပ်ရင်း နားစွင့်ထားလိုက်မိသည်။ မှောင်မည်းနေသည့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ခြေသံကို ကြားလိုက်ရသည်။

မကြာမီတွင် ခြေသံက သူ၏အနီးသို့ ရောက်လာသည်။ လက်အေးကြီး တစ်ဖက်ကလည်း သူ၏လက်ကို ဆုပ်ကိုင်လိုက်ပြန်သည်။ ထို့နောက် ရှေ့သို့ လေးငါးလှမ်းမျှ ဆွဲခေါ်သွားခဲ့သည်။ ပြီးလျှင် ကြမ်းခင်းပေါ်သို့ ဆောင့်ဆွဲနေသဖြင့် ဒူးထောက်ထိုင်ချလိုက်ရသည်။ သူ၏ရှေ့ဘက်ရှိ ဆန်အိတ်ခွံဟောင်းများနှင့် မီးသွေးခြင်းပျက်များကို တွန်းထိုးဖယ်ရှားလိုက်သံကိုလည်း ကြားလိုက်ရသည်။

ထို့နောက် ကြောင်တောင်တောင်ဖြစ်နေသည့် မန်းကျော်၏လက်ကိုဆွဲကာ ကြမ်းခင်းပေါ်တွင် လိုက်စမ်းခိုင်းလေသည်။ မကြာမီတွင်ပင် သံကွင်းငယ်ကလေးတစ်ခုကို ကိုင်မိလိုက်သည်။ သူသည် ထိုသံကွင်းကလေးအား ဆွဲကြည့်ရာ အလွယ်တကူ ကွမလာခဲ့ပေ။ ထိုစဉ်တွင်ပင် သက်ပြင်းချလိုက်သံကြီးကို အနီးကပ်ကြားလိုက်ရသည်။ ပြီးလျှင် လက်အေးကြီးက မန်းကျော်၏ ကျောပြင်ကို သုံး,လေးကြိမ်မျှ အသာအယာသပ်လာခဲ့သည်။ သူ၏

www.burmeseclassic.com

www.burmeseclassic.com

ကျောရိုးတစ်လျှောက် စိမ့်ခနဲဖြစ်သွားခဲ့သည်။ ထို့နောက် အနီးမှ ထွက်ခွာသွားသည့် ခြေသံကို ကြားလိုက်ရသည်။ ခြေသံက တဖြည်းဖြည်း ဝေးသွားရာက နောက်ဆုံးတွင် ပျောက်ကွယ်တိတ်ဆိတ်သွားတော့သည်။

'ဒီသရဲတော့ ငါ့ကို ဒီမှာထားခဲ့ပြီး ဘယ်ထွက်သွားတာလဲ မသိဘူး။ ဘာတွေလုပ်နေတာပါလိမ့်'

မန်းကျော်သည် မှောင်မည်းကြီးထဲတွင် ငုတ်တုတ်ထိုင်ရင်း အတွေးပွားနေခဲ့မိသည်။ ထို့နောက် ရုတ်တရက်ဆိုကာ တံခါးပေါက်ကို လိုက်ရှာခဲ့လေသည်။ မှောင်ထဲတွင် စက္ကူပုံးခွံများကို တိုက်မိလိုက်၊ ခြင်းတောင်းစုတ်များကို တိုးမိလိုက်ဖြင့် ချာချာလည်နေတော့သည်။ ထိုအခြေအနေကိုသာ မောင်ဩ မြင်ပါက လှောင်ပြောင်ရယ်မောနေပေတော့မည်ဟုလည်း တွေးလိုက်မိသေးသည်။

မန်းကျော်သည် စိတ်ရောလူပါ ပန်းနေလေပြီ။ မှောင်ထဲတွင် ထွက်ပေါက်ကလည်း ပျောက်နေပြန်သည်။ ကြာကြာရပ်နေရန်ပင် အားမရှိတော့။ စိတ်ပျက်အားငယ်စွာဖြင့် ကြမ်းခင်းပေါ် ထိုင်ချလိုက်သည်။ အိပ်ချင်စိတ်ကလည်း တားမရတော့။ နောက်ဆုံးတွင် လှဲချလိုက်ရာ စက္ကူနံ့စိုင်းအတွင်း အိပ်ပျော်သွားလေတော့သည်။

♦♦♦

နေမင်းကြီးခေါင်းပြူစပြုလာခဲ့ပေပြီ။

မန်းကျော်သည် ရုတ်တရက် လန့်နိုးသွားသည်။ အရုဏ်ဦးရောင်ခြည်များက ပြတင်းပေါက်မှတစ်ဆင့် ဖြာကျလျက်ရှိသည်။ သူသည် ငေါက်ခနဲ ထထိုင်လိုက်သည်။ ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

ဒီအမှိုက်ပုံကြားထဲ ငါ ဘာလာလုပ်ရတာလဲဟုလည်း တွေးလိုက်မိသည်။ ထိုတွင် ညက ဖြစ်စဉ်များကို လျှပ်ပြက်လိုက်သကဲ့သို့ ပြန်သတိရလာခဲ့သည်။ သို့ဖြင့် အိပ်ချင်စိတ် မပြေ့တပြေဖြင့် ကြမ်းပြင်ပေါ်ရှိ သံကွင်းကလေးကို အရှူးတစ်ယောက်ပမာ လှည့်ပတ်ရှာမိတော့သည်။

နံနက်ခင်း အလင်းရောင်ဖြင့် အခန်းထောင့် တစ်ထောင့်ရှိ သံကွင်းကလေးကို လှမ်းတွေ့လိုက်ရသည်။ မန်းကျော်သည် ထိုနေရာသို့ အပြေးအလွှားသွားကာ ဒူးထောက်ထိုင်ချလိုက်သည်။ ဖုန်အလိမ်းလိမ်းကပ်၍ သံချေးတက်နေသည့် သံကွင်းကလေးကို ဆွဲမ,လိုက်သည်။

တုတ်တုတ်မျှမလှုပ်ပေ။ သို့ဖြင့် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆွဲကြည့်လိုက်သည်။ အနည်းငယ်ကြွလာသဖြင့် အားထည့်၍ ထပ်မံဆွဲလိုက်သည်။ အံဝှက်တံခါးကလေးသည် ဂုန်းခနဲ ပွင့်ထွက်သွားခဲ့သည်။ မန်းကျော်သည်လည်း ဖင်ထိုင်လျက် လန်ကျသွားလေတော့သည်။

သူသည် လူးလဲထ၍ ငုံ့ကြည့်လိုက်မိသည်။ ကြမ်းခင်းအောက်တွင် အလျားသုံးပေနှင့် အနံနှစ်ပေခန့်ရှိသည့် လျှို့ဝှက်ကျင်းတစ်ခုကို တွေ့လိုက်ရသည်။ အနက်ကတော့ တစ်ပေခန့်ရှိပေမည်။ မန်းကျော်သည် ကျင်းဝကို ဖုံးထားသော ဂုန်နီဖျင်ပါးစအား ဆွဲဖယ်လိုက်သည်။ ဖုန်နံ့နှင့် မှိုနံ့များ ထောင်းခနဲ ထလာသဖြင့် နှာခေါင်းကို လက်ဖြင့် အုပ်လိုက်ရသည်။ ထို့နောက် ကျင်းအတွင်းသို့ ငုံ့ကြည့်လိုက်လေသည်။

ကျင်းတစ်ဖက်ထိပ်တွင် ဖျင်ပါးစ အထုပ်တစ်ထုပ်ကို တွေ့ရသဖြင့် အသာဆွဲထုတ်ကာ ဖြေလိုက်သည်။ သတင်းစာစက္ကူဟောင်းဖြင့် ပတ်ထားသည့် အိန္ဒိယနိုင်ငံသုံး ငွေစက္ကူဟောင်း အထပ်လိုက်ကို နံနက်ခင်းနေခြည်နုနုအောက်တွင် တွေ့လိုက်ရလေသည်။ သူသည် ငွေစက္ကူထုပ်ကြီးကို တွန်းဖယ်လိုက်သည်။ ထို့နောက် ကျင်းကလေးအတွင်းသို့ ထပ်မံစူးစမ်းလိုက်ပြန်သည်။

ထောင့်တစ်ထောင့်တွင် ဖုန်တက်နေသော ထန်းခေါက်ဖာငယ်ကလေးကို တွေ့လိုက်ရသည်။ အသာဆွဲယူကာ ဖွင့်ကြည့်လိုက်သည်။ အတွင်း၌ကား အဝတ်စဖြင့် ပတ်ထားသည့် စီးကရက်အလိပ်ငါးဆယ်ဝင် သံဘူးတစ်ဘူး။ သံချေးတက်နေသည့်အဖုံးကို ဖွင့်ကြည့်လိုက်ပြန်ရာ နီညိုရောင် ကတ္တီပါရှူအိတ်ကလေး တစ်လုံးကို တွေ့သဖြင့် ဆွဲထုတ်လိုက်သည်။ အိတ်ကလေးက သေးငယ်သော်လည်း အလေးချိန်က အတော်စီးကြောင်းတွေ့လိုက်ရသည်။ ကြိုးစကို ဆွဲဖွင့်လိုက်ရာ ငွမ်းအထပ်ထပ်ပတ်ထားသည့် အရာတစ်ခု ပေါ်လာခဲ့ပြန်သည်။

မန်းကျော်သည် ငွမ်းစများအား ကသောကမျော ဆွဲဖယ်လိုက်သည်။ ဤတွင် ကြက်မတာမ်းဥအရွယ် ရွှေတုံးတစ်တုံးကို မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မျက်လုံးအစုံကလည်း ပြူးကျယ်သွားလေသည်။ သူသည် ရွှေတုံးအား ဆကြည့်ရင်း ရင်များ တဒုန်းဒုန်း ခုန်လာခဲ့ရသည်။ ဤတစ်ကြိမ်တွင်တော့ ကြောက်

www.burmeseclassic.com

လန့်၍မဟုတ်။ အံ့သြဝမ်းသာမှု အရှိန်ကြောင့်ပင် ဖြစ်လေသည်။

◆◆◆

ကျေးငှက်များ အိပ်တန်းဆင်းခဲ့ကြလေပြီ။

မန်းကျော်သည် အလုပ်စားပွဲတွင် ပြန်ထိုင်ခဲ့သည်။ အိပ်ရေးပျက်ထားသော်လည်း စိတ်ဓာတ်တက်ကြွလျက်ရှိသည်။ စာရင်းကွာနေသေးသော ငွေ(၉)ပြားကို ခွဲနုပ်ဖြင့် ဆက်ရှာလေသည်။ နာရီဝက်ခန့်အကြာတွင် အဖြေကိုတွေ့သွားတော့သည်။ သာမန်အားဖြင့်ဆိုပါက ဝမ်းသာစွာ ထအော်မိမည်မှာ သေချာလှသည်။ ယခုတော့ တည်တံ့ငြိမ်ငြိမ် ဣန္ဒြေရရ ဖြစ်နေခဲ့သည်။

သူသည် စားပွဲပေါ်ရှိ စာအုပ်ပုံကြီးကို ညီညာစွာ ပြန်စီလိုက်သည်။ ပြီးလျှင် ကုလားထိုင် ကျောမှီပေါ်တွင် ခေါင်းမှေးတင်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ သို့သော် စိတ်အစဉ်ကိုတော့ အနားမပေးဘဲ အတွေးများ ပွားနေမိလေသည်။ သင်္ကြန်တွင် လည်ပတ်မည့်အစီအစဉ်ကိုဖျက်ရန် ဆုံးဖြတ်ပြီးဖြစ်သည်။ အညာဒေသရှိ မိခင်ကြီးက ရွာဦးကျောင်းကို ပြင်ဆင်၍ ကျောင်းအမအဲ့ ခံယူနေချင်ပေသည်။ ဆယ်တန်းအောင်ခဲ့သည့် အထက်တန်းကျောင်းတွင် လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်းပေးလိုသည်က သူ၏ဆန္ဒ။

ယခုတော့ သားအမိနှစ်ယောက်၏ ကိုယ်စီအာသီသများ ပြည့်ဝရပေတော့မည်။ မန်းကျော်သည် တိုက်ပုံအင်္ကျီအတွင်း အိတ်ကို အသာစမ်းရင်း ကျေနပ်စွာ ပြုံးလိုက်မိသည်။ စင်စစ်တွင် ချစ်တီးကြီးသည် သူ၏ ဥစ္စာပစ္စည်းများကို စွဲလမ်းကာ ပြိတ္တာကြီး ဖြစ်နေခြင်းပင်ဖြစ်သည်။ ယခုတော့ နှစ်ပေါင်းများစွာ ခံစားနေရသော ဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း သူ့နည်းသူ့ဟန်ဖြင့် ဖန်တီးသွားပုံရလေသည်။ မည်သို့ပင်ဖြစ်စေ ထိုအကြောင်းများကို ရင်နှုတ်ပိတ်နေရန် မန်းကျော် သန္နိဋ္ဌာန်ချလိုက်မိသည်။ အထူးသဖြင့် ပါးစပ်ပွာသော မောင်သြ သိ၍မဖြစ်။ အစအနပင် မရိပ်မိစေရန် နေသွားမည်ဟုလည်း ဆုံးဖြတ်လိုက်လေတော့သည်။

ကျော်ဇော(စားကုန်)



www.burmeseclassic.com

# ဖွားဖက်တော် ခုနစ်ပါး

ဘုရားလောင်း ဖွားသည်နှင့်တစ်ပြိုင်နက် ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်း အမိတာမိဖုရားတွင် ဘဒ္ဒကစ္စနာ မင်းသမီးကို ဖွားမြင်သည်။ ဘထွေးတော် အမိတောဒနတွင်လည်း အာနန္ဒာမင်းသားကို ဖွားမြင်သည်။ ဆန္နအမတ်၊ ကာဠုဒါယီ၊ ကဏ္ဍကမြင်းတို့လည်း ဖွားကုန်သည်။ မဇ္ဈိမဒေသမြေများအချာ၌လည်း မဟာဗောဓိပင် ပေါက်သည်။ ရွှေနန်းတော်အတွင်း၌ ရွှေအိုးကြီးလေးလုံး ပေါ်သည်။

ဆောင်ပုဒ် – ကာဠု,ယသော်၊ ညီတော်,ဆန္န၊ ကဏ္ဍက၊ သောဏ္ဏ,ဗုဒ္ဓဟော။

ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြမျိုးလေးထွေ။

**ရွှေအိုးကြီးလေးလုံး ရှင်းလင်းချက်**

ရွှေအိုးကြီးလေးလုံးတို့တွင် သင်္ခမည်သော ရွှေအိုးတစ်လုံးသည် တစ်ဂါဝုတ်ပမာဏရှိသည်။

ဧလမည်သော ရွှေအိုးတစ်လုံးသည် ယူဇနာဝက်ပမာဏရှိသည်။

ဥပ္ပလမည်သော ရွှေအိုးတစ်လုံးသည် သုံးဂါဝုတ်ပမာဏရှိသည်။

ပုဏ္ဍရိကမည်သော ရွှေအိုးတစ်လုံးသည် တစ်ယူဇနာပမာဏရှိသည်။

အစောက်ကား နှစ်သိန်းလေးသောင်း အထုရှိသောမြေနှင့် တစ်မျှတည်းဖြစ်ကုန်သည်။

(ဂိရိမေဃ္ဃပကာသနီကျမ်း-မှ)

# မြတ်ဗုဒ္ဓ၏ ဉာဏ်တော်(၁၀)ပါး

(၁) အကြောင်းဟုတ်,မဟုတ်ကို သိသောဉာဏ်တော် (ဌာနာဋ္ဌာနကောသလ္လဉာဏ်)။
(၂) ကောင်းကျိုး,မကောင်းကျိုးကို သိသောဉာဏ်တော် (ဝိပါကဉာဏ်)။
(၃) သတ္တဝါတို့ လားရာ,ရောက်ရာကို သိသောဉာဏ်တော် (သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်)။
(၄) အထူးထူးသော ဓာတ်သဘောတို့ကို သိသောဉာဏ်တော် (အနေကဓာတုနာနာဓာတုဉာဏ်)။
(၅) သတ္တဝါတို့၏ အလိုဆန္ဒအားလုံးကို သိသောဉာဏ်တော် (နာနာဓိမုတ္တိကဉာဏ်)။
(၆) သတ္တဝါတို့၏ ဣန္ဒြေအနု,အရင့်ကို သိသောဉာဏ်တော် (ဣန္ဒြိယပရောပရိယတ္တဉာဏ်)။
(၇) ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ် စသည်တို့၏ ညစ်ညူးကြောင်းကို သိသောဉာဏ်တော် (ဈာန ဝိမောက္ခသမာဓိ သမာပတ္တိဉာဏ်)။
(၈) ရှေးဖြစ်ဟောင်း ဘဝခန္ဓာအစဉ်ကို သိသောဉာဏ်တော် (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)။
(၉) သတ္တဝါတို့၏ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကို သိသောဉာဏ်တော် (စုတူပပါတ သို့မဟုတ် ဒိဗ္ဗစက္ခုဉာဏ်)။
(၁၀) အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော ဉာဏ်တော် (အာသဝက္ခယဉာဏ်)။

(ဗုဒ္ဓဘာသာကောင်းတစ်ယောက်-မှ)

www.burmeseclassic.com

www.burmeseclassic.com

**(ယခင်လမှအဆက်)**

အိမ်ကြီးနှင့် ကိုက်တစ်ရာလောက်အကွာသို့ ရောက်လာ၏။ ချောင်းလက်တက်နား တစ်နေရာတွင် ပသျှူး အဘိုးကြီး တစ်ယောက်ကို မြင်ရ၏။ ထိုအဘိုးကြီးသည် ဝါးလုံးတွေကိုဖြတ်ကာ ဝါးဖောင်လိုလို လုပ်နေသဖြင့် သူ့အနားကို ကောလီ လျှောက်လာ၏။

အဘိုးကြီးက သူ့ကို တစ်ချက်လှည့်ကြည့်၏။ ကောလီက အဘိုးကြီးအနားတွင် ရပ်လိုက်၏။

'ဘာလဲ အဘ၊ ဝါးဖောင်လုပ်နေတာလား။ ဝါးဖောင်နဲ့လည်း မတူပါလား။ ဘာပါလိမ့်'

'မိကျောင်းလှောင်ခြံ လုပ်နေတာကွ။ မင်း ဘယ်ကလဲ။ မိကျောင်းလာရောင်းတာလား'

'ဆိုပါတော့။ အဲ..ခု ပါမလာသေးပါဘူး။ လာစုံစမ်းတာပါ။ မိကျောင်းလှောင်အိမ်က ဝါးခြံတွေနဲ့ လုပ်ရတာကိုးနော်'

'အေးလကွာ၊ တို့လည်း အရင်က မမြင်ဖူးပါဘူး။ ခု ကျွန်းပိုင်လေး ရောက်လာမှ မိကျောင်းမွေးဘဲ မိကျောင်းလှောင်တာ မြင်ဖူးပါတယ်'

'သူက ဒီမိကျောင်းတွေ ဘာလုပ်မှာလဲ အဘ'

'ဟ..ဟိုဘက်ကမ်းမှာ သွားရောင်းရင် သိပ်ဈေးကောင်းရတယ်တဲ့'

'ဩော်..ဟုတ်လား၊ ဟိုဘက်ကမ်းက ရှမ်းကြီးတွေတော့ မိကျောင်းတွေကို ဘာလုပ်လဲ မသိဘူးလား။ အသားစားတာလား'

'အသားလည်း စားမှာပေါ့ကွာ။ တို့လည်း စားတာပဲ။ ဒါပေမဲ့ ကျွန်းပိုင်လေးကပြောတယ်။ လွယ်အိတ်တွေ၊ ဖိနပ်တွေဆို မိကျောင်းရေကိုလုပ်တာ သိပ်ဈေးကြီးဆိုပဲ'

'ကျွန်းပိုင်လေး ဒီက မိကျောင်းတွေကို တစ်ဆင့်ဝယ်ပြီး ဟိုဘက်ကမ်း သွားရောင်းမှာပေါ့နော်'

'ဒါပဲနေမှာပေါ့'

'သူ သွားရောင်းတာရော မတွေ့မိဘူးလား'

'သွားရောင်းတာတော့ ငါ ဘယ်သိမလဲ။ သူပြောတာကတော့ ဒီကောင်တွေကို ကြီးလာအောင် မွေးထားမယ်။ ဘာဆိုလဲကွာ၊ သုတေသနလုပ်မယ် ဆိုလား။ ငါ မခေါ်တတ်ပါဘူး။ ခု အဲဒါလုပ်မလို့ပဲ။ ငါ့ကို ခြံလှောင်အိမ် လုပ်ခိုင်းထားတယ်လေ'

'ဘယ်လိုလုပ်မယ် ဆိုတာရော အဘ မသိဘူးလား'

'ဘယ်သိမလဲဟ။ သူက တက္ကသိုလ်ကျောင်းထွက်




www.burmeseclassic.com

www.burmeseclassic.com

ညာတတ်ဆိုတော့ ပညာနဲ့ လုပ်မှာပေါ့'

'သူကလည်း ကျုပ်တို့ပုလဲငုပ်တဲ့ ဆလုံတွေ၊ ပသျှူးတွေလို ဘိန်းစားလား အဘ'

'သူက ဘယ်ဘိန်းစားမလဲကွ။ ပညာတတ်ပါတယ်ဆို'

'ကျုပ်ဆိုလိုတာက ဒီလိုပါ။ ကျုပ်တို့ဆီက ပုလဲအမာကောင်တွေ ငုပ်ကြတဲ့လူတွေလို ဘိန်းမဲကိုလုံးပြီး ချိုတာမျိုးမဟုတ်ဘဲ ဆေးလိပ်သောက်သလို အငွေ့ရှူတာတို့ ဘာတို့မျိုးလေ။ ကျွန်းပိုင်လေး လုပ်နေတာ အဘမြင်ဖူးမှာပေါ့'

'ဒါတော့ ငါ ဘယ်သိမလဲ။ သူ ဆေးလိပ်အဖြူတွေတော့ သောက်တတ်ပါတယ်။ တို့လို ဆေးရွက်ကြီး မင့်ဘူး'

'စီးကရက်အဖြူတွေသောက်ပြီး ကျွန်းပိုင်လေး မူးနေတာရော အဘ မြင်ဖူးမှာပေါ့'

'ဆေးလိပ်အဖြူသောက်လို့ ဘယ်ကလာမူးမှာလဲ။ ငါ့ကို တစ်ခါသောက်ကြည့်ပါ ပြောလို့ ငါသောက်ကြည့်တယ်။ မူးဖို့နေနေသာသာ ဘာအရသာမှ မတွေ့လို့ ငါ့မှာ ဆေးငုံတောင် ပျက်သေးတယ်။ ဟဲ..ဟဲ'

'ဟဲ..ဟဲ'

အဘိုးကြီး တဟဲဟဲရယ်လိုက်သည်ကို သဘောကျ၍ ကောလီကလည်း လိုက်ရယ်မိ၏။

'မင်းက အမေးအမြန်းထူသား၊ ဘယ်ကလဲ'

'ကျုပ် ကျောက်မောင်နှမဘက်ကပါ အဘ'

'လှမ်းသားပါလား။ ဒီနေ့ ရေလည်း မသင့်တော့ဘူး။ မင်း ဘယ်မှာအိပ်မလဲ'

'ဟုတ်ကဲ့၊ အဲဒါ ကျုပ်လည်း အဘကို ပြောမလို့။ အဘအိမ်မှာ ကျုပ် တစ်ညလောက် တည်းပါရစေ။ ညနေစာလည်း ကျွေးပါပေါ့နော်'

'ရပါတယ်ကွာ။ တို့ ဆလုံအချင်းချင်းပဲ'

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲ အဘ။ ဒါနဲ့ အဘကို ကျွန်းပိုင်လေးက ဒီမှာ လခနဲ့ ငှားထားတာလား အဘ'

'တောက်တီးတောက်တဲ့ တစ်ခါတလေ ငါ့မြေး တစ်ယောက်တည်း မနိုင်လို့ ခေါ်ခိုင်းတာပါ။ ကျွန်းပိုင်လေး လခပေးပြီး တောက်တိုမည်ရခိုင်းနေတာက ငါ့မြေးလေ'

'ခု အဘမြေးတော့ မမြင်ပါလား'

'အိမ်ခဏပြန်သွားတယ်။ ဘာဖြစ်လို့လဲ'

'ဘာမှမဟုတ်ပါဘူး အဘ။ ကျွန်းပိုင်လေးက လခနဲ့ ခေါ်ထားတယ်ဆိုတော့ မမြင်မိလို့ပါ'

'ညကျ အိမ်မှာ တွေ့မှာပေါ့'

'ဟုတ်ကဲ့၊ မိကျောင်းတွေ မွေးထားတယ် ဆိုတာ မမြင်ဖူးလို့ ဘယ်နားမှာလဲ အဘ'

'ဟိုမှာလေ၊ ချောင်းဖျားက အိုင်မှာလေ။ မမြင်ဖူး သွားကြည့်ပေါ့'

'ဟုတ်ကဲ့'

ညနေစာထမင်းနှင့် အိပ်စရာလည်း စိတ်ချရပြီဖြစ်သဖြင့် ကောလီအဘိုးကြီး ညွှန်ပြရာ မိကျောင်းအိုင်ဘက် ထွက်လာသည်။

◆ ◆ ◆

ချောင်းဖျားအဆုံးတွင် ရေငန်အိုင်ကြီးတစ်အိုင်ကို တွေ့ရ၏။ ပတ်ပတ်လည်၌ အုန်းပင်တွေရှိသည်။ ရေငန်အိုင်ကို ဝါးလုံးတိုင်တွေနှင့် ပတ်ချာလည် ကာရံထားသည်။ အိုင်အပေါ်ကို ကန့်လန့်ဖြတ် ဝါးတံတားတွေ ခင်းထား၏။ အိုင်ထဲရှိ သောင်ခုံသဲတန်းပေါ် မိကျောင်းကြီးတွေ အသေလို တုံးလုံးမှောက်လှန် အိပ်နေကြသည်။ အချို့ အကောင်တွေက ပါးစပ်ဟထားကြ၏။

ကောလီ သေသေချာချာ လှည့်ပတ်ကြည့်သည်။ မိကျောင်းအကြီး,အသေးများကို အကန့်လိုက်,အကန့်လိုက် ဝါးလုံးတိုင်စိပ်စိပ်တွေနှင့် သီးခြားစီ ကာရံထား၏။ ကောလီသည် အိုင်ကြီးပေါ် ဖြတ်ထိုးထားသော တံတားပေါ်က လျှောက်ပြီး မိကျောင်းတွေကို လိုက်ကြည့်၏။ အတော်စနစ်တကျ ပြုလုပ်ထားသော မိကျောင်းမွေးကန်ပင်။

စိန်ဝိတာသည် ခေတ်ပညာတတ်ပီပီ စနစ်တကျလုပ်ထားသည်ကိုကြည့်ကာ စခန်းမှူးပြောတာ ဟုတ်မှ ဟုတ်ပါရဲ့လားဟုပင် သံသယဝင်မိ၏။ ကျောက်မှောင်ခိုလုပ်သည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရာအကြောင်း မမြင်ပေ။ လုပ်ချင်းလုပ်လျှင် အဘိုးကြီးပြောသလို မိကျောင်းအရောင်းအဝယ်လုပ်ခြင်း၊ မိကျောင်းများကို တစ်ဖက်နိုင်ငံသို့ သွားရောင်းခြင်းသာ ဖြစ်နိုင်၏။ ကျောက်သံပတ္တမြား၊ ဘိန်းတို့နှင့် ပတ်သက်စရာအကြောင်း မမြင်မိပေ။



www.burmeseclassic.com

www.burmeseclassic.com

နေညိုသွားပြီဖြစ်သည်။ အုန်းပင်ရှည်အရိပ်များသည် ရေအိုင်ပေါ် ထိုးကျလာသည်။ တစ်ဖက်သဲသောင်ပေါ် တက်အိပ်နေကြသော မိကျောင်းများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်ကို မြင်လိုက်ရသဖြင့် စူးစိုက်ကြည့်နေမိ၏။

ပသျှူးဘောင်းဘီပွကို ဝတ်ထားသော ဆလုံအမျိုးသားကြီး တစ်ယောက်သည် တောင်းတစ်လုံးကို စလွယ်သိုင်းကာ ရေအိုင်နား လျှောက်လာနေ၏။ ကောလီ စောစောက ဖြတ်လျှောက်ကြည့်ခဲ့သော ဝါးတံတားအတိုင်း အလယ်သဲသောင်ပေါ် လျှောက်သွားသည်။ ကောလီကို မြင်သောအခါ ခေါ်လှမ်းရပ်၍ တံတားပေါ်က ကြည့်နေ၏။

ကောလီ ထိုသူနား လျှောက်လာသည်။ တံတားပေါ်တွင် မျက်နှာချင်းဆိုင် ရပ်မိကြ၏။ နာခေါင်းထဲ ညှီနံ့ရ၍ တောင်းထဲ ငုံ့ကြည့်လိုက်ရာ ငါးများကို မြင်ရသည်။

'ကျုပ် မိကျောင်းမွေးတာ မမြင်ဖူးလို့ လာကြည့်တာ'

'ဩော်··ဟုတ်၊ ဘယ်ကလဲ'

'မဟီဘက်က'

သူ့ထက် အသက်ကြီးသော ဆလုံကြီးက နောက်ထပ် ဘာစကားမှ မဆိုတော့။ သူ့တောင်းထဲ ပါလာသော ငါးများကို မိကျောင်းများရှိရာသို့ တစ်ကောင်ပြီး တစ်ကောင် ပစ်ချပေးနေသည်။

မိကျောင်းများ ငါးလုဟပ်နေကြသည်ကို တံတားပေါ်က ငုံ့ကြည့်ရင်း နောက်ထပ်ဘာတွေ မေးကြည့်ရကောင်းမည်နည်းဟု စဉ်းစားလိုက်သည်။

'မိကျောင်းတွေကို ငါးပဲ ကျွေးလားဗျ။ မူစွန်တို့၊ အသားတို့ရော မကျွေးဘူးလား'

'ကျွေးတဲ့အခါ ကျွေးပါတယ်။ နေ့တိုင်းတော့ ဘယ်ကျွေးနိုင်မလဲ'

'မိကျောင်းက ငါးထက် နွားသား၊ ကျွဲသား ပိုကြိုက်မှာပေါ့။ ကျုပ်တို့ဘက်တော့ မိကျောင်းရဲရန် ကျွဲတွေ၊ နွားတွေ ခဏ ခဏ အဆွဲခံရတယ်'

'ဟုတ်ပါတယ်။ ဒီမိကျောင်းတွေက ငယ်သေးလို့ ငါးပဲ ကျွေးတယ်။ အကုန်လုံး ဘယ်အသားကျွေးနိုင်မလဲ။ ဟိုဘက်အိုင်က အကောင်ကြီးတွေကိုတော့ တစ်ပတ်တစ်ခါ အသားကျွေးရတယ်'

သူက ဟိုဘက်အိုင်ဟုဆိုသော်လည်း တစ်အိုင်တည်းကို ဝါးလုံးတွေနှင့် ခွဲခြားထားသော နေရာသာ။

'ဟုတ်လား၊ အဲဒီအကောင်ကြီးဘက် သွားကြည့်ဦးမယ်ဗျာ'

'သွားကြည့်ပါ။ တံတားပေါ်ကပဲကြည့်၊ အောက်ကို မဆင်းနဲ့။ အဲဒီ အကောင်ကြီးတွေက ရန်လိုသလို လိမ်တော့ လိမ္မာကြတယ်။ ကျွန်းပိုင်လေးဆို သူတို့ သိပ်သိကြတာ။ အဲဒီအကောင်ကြီးတွေက ပင်လယ်ထဲ သွားလွှတ်တာတောင် ဘယ်မှထွက်မသွားကြဘူး။ ဒီကျွန်းပိုင်လေး ခြံထဲပဲ ချောင်းပေါက်ဝက ပြန်ဝင်လာကြတာ'

'ဟော··အံ့သြစရာပါလားဗျ။ ဟုတ်မှဟုတ်ရဲ့လားဗျာ'

'ကျုပ်ကလည်း အစကတော့ ဘယ်ယုံလိမ့်မလဲ။ ဘယ့်နှယ်ဗျာ··မြစ်ထဲ သွားလွှတ်တဲ့ မိကျောင်းတွေ လှောင်အိမ်ထဲ ပြန်ဝင်လာကြတယ်ဆိုတာ မယုံမရှိနဲ့ ကိုယ့်လူရယ်။ ကျုပ်ကလည်း ကျွန်းပိုင်လေးကိုယ်တိုင် ခေါ်ပြမှ တကယ်အမှန်ပဲဆိုတာ သိရတာဗျ'

ကောလီက သူ့စကားကို အံ့သြသွား၏။ ထို့ကြောင့် မြစ်ထဲ သွားလွှတ်သော်လည်း ဤခြံထဲသာ ပြန်ဝင်လာကြသည်ဆိုသော မိကျောင်းကြီးများကိုကြည့်ရန် ရေငန်အိုင်တစ်ဖက်နားသို့ ဝါးတံတားအတိုင်း လျှောက်လာသည်။ မိကျောင်းငယ်များကို အစာကျွေးပြီးသွားသူကလည်း သူ့နောက် လိုက်လာ၏။

'မြစ်ထဲ သွားလွှတ်တဲ့ မိကျောင်းတွေ ဒီခြံထဲ ပြန်ဝင်လာအောင် ကျွန်းပိုင်လေးက ဘယ်လိုများ လုပ်ထားသလဲဗျ'

'ဟိုချောင်းဝမှာ ဝင်ပေါက်လုပ်ပေးထားတယ်လေဗျာ'

'ကျုပ်ပြောတာက ဝင်ပေါက်လုပ်ပေးထားတာ ပြောတာမဟုတ်ဘူး။ မြစ်ထဲ သွားလွှတ်လိုက်တဲ့ မိကျောင်းတွေ ဒီကိုပဲ ဘာကြောင့်ပြန်ဝင်လာကြတာလဲ။ ပြီးတော့ သူတို့ ဘယ်လိုလုပ် လမ်းသိလဲဗျ'

'လမ်းသိတာကတော့ ကျွန်းပိုင်လေး ကျင့်ထားလို့လေဗျာ'

'ဘယ်လိုများ လေ့ကျင့်ထားပါလိမ့်နော်'

'ဟိုမှာလေဗျာ၊ ဝါးလှောင်အိမ်တွေ တွေ့လား'

ထိုသူ လှမ်းပြရာသို့ ကောလီအကြည့်က ချက်ချင်း

www.burmeseclassic.com

ရောက်သွား၏။ သောင်ပြင်တွင် ပိုးလိုးပက်လက် ချထားသော ဝါးလှောင်အိမ် သုံးလေးခုကို မြင်ရ၏။ အလျားက နှစ်လံကျော်ရှည်ပြီး အနံက လက်မောင်းတစ်ဆုံးလောက်သာ ကျယ်၏။ ခြေမသာသာလောက် ဝါးလုံးများနှင့် သုံးဖက်သုံးတန်ကို သံရိုက်ထားပုံရသည့်အပြင် ကြိမ်သတ်တွေနှင့်လည်း အခိုင်အခံ့ချည်နှောင်ထားသည်။ ရှေ့ဘက်တွင် မြှုံးလိုအသွားနှင့် အဖွင့်အပိတ် လုပ်ထားသည်ကို တွေ့ရသည်။

'အဲဒီ ဝါးလှောင်အိမ်ထဲက မိကျောင်းတွေကို ဒီပြန်လာအောင် ဘယ်လိုလုပ်လဲဗျ။ ပြောစမ်းပါဦး'

'အဲဒီဝါးလှောင်အိမ်ထဲ မိကျောင်းတစ်ကောင်စီကို ထည့်ပြီး ပဲ့ချိတ်နဲ့ ပင်လယ်ထဲ ဆွဲယူသွားတယ်ဗျ။ အဲဒီလို ပင်လယ်ထဲ ဆွဲခေါ်သွားလိုက် ပြန်ဆွဲခေါ်လာလိုက် လုပ်ရတယ်တဲ့။ နောက်တော့ ဝါးလှောင်အိမ်မပါဘဲ ဒီအတိုင်း အဲဒီမိကျောင်းတွေကို ပင်လယ်ထဲ သွားလွှတ်တယ်။ တစ်ကောင်မှ ဟိုဟိုဒီဒီ လမ်းမှားပြီး ပျောက်မသွားဘူး။ အားလုံး ချောင်းဝက ဒီခြံထဲပဲ ဝင်လာကြတယ်။ အံ့သြဖို့ မကောင်းဘူးလား'

'အံ့သြဖို့ကောင်းတာတော့ မပြောနဲ့ဗျို့။ ခင်ဗျား ခုပြောနေတာတောင် ယုံရမှာ ခပ်ခက်ခက်ပဲဗျ။ ကျုပ်ကတော့ ကိုယ်တိုင်မြင်ရမှ ယုံရမလို ဖြစ်နေပြီ'

'မယုံရင် လာကြည့်ပေါ့ဗျ'

သူတို့ ကျွန်းပိုင်လေး လုပ်ကိုင်ထားသည်နှင့် ပတ်သက်သော ကိစ္စကို သူကပါ ဂုဏ်ယူဝင့်ကြွားနေသံနှင့် ပြော၏။

'သိပ်ကြည့်ချင်တာပေါ့ဗျာ။ အထူးအဆန်းပဲလေ'

'ကြည့်ချင်လာကြည့်၊ အဲဒီလိုလုပ်မယ့်နေ့ကျရင် ကျုပ် လာပြောမယ်။ ခင်ဗျား ဘယ်မှာတည်းလဲ။ ဒီရွာကတော့ မဟုတ်ပါဘူး'

'ကျုပ် မဟီဘက်ကပါ'

'ဟာ..ဒါဆို နည်းနည်းလှမ်းတယ်။ ကျုပ် လာမခေါ်အားဘူး'

'ရပါတယ်။ ကျုပ် ဒီမှာပဲ စောင့်နေပါမယ်။ ခင်ဗျားတို့ ဘယ်နေ့လုပ်မှာလဲ'

'အဲဒါတော့ ကျုပ်မသိဘူး။ ကျွန်းပိုင်လေး မေးကြည့်ရဦးမယ်'

'မေးကြည့်စမ်းပါဗျာ။ ကျုပ်စောင့်နေပါ့မယ်'

'ခင်ဗျား ဘယ်က စောင့်မှာမို့လဲ'

'ဟိုမှာလေဗျာ၊ ကျွန်းပိုင်လေးက လှောင်အိမ်လုပ်ခိုင်းထားပါလား။ အဲဒီ အဘိုးကြီးအိမ်'

'ဩော်..ခင်ဗျားက ဦးရွှေဗန်ကြီး ဆွေမျိုးကိုး'

'ဟုတ်ပါတယ်။ သူ့မြေးလေးတောင် ကျွန်းပိုင်လေး လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ထားတယ် ပြောတာပဲ'

'ဟုတ်တယ်'

'ဒါနဲ့ မသိလို့ပါနော်။ ကျွန်းပိုင်လေးက ခင်ဗျားတို့ မိကျောင်းတွေမွေးနေတာ ဟိုဘက်ကမ်းကိုရောင်းဖို့ မွေးတာလား။ ကျုပ်တို့ မဟီဘက်မှာတော့ ဟိုဘက်ကမ်းက လူတွေ မိကျောင်းဆို အကြီး၊အသေး လာလာဝယ်နေကြလို့။ ခုဆို ဟိုတုန်းက သိပ်ပေါတဲ့ မိကျောင်းတွေ ကုန်သလောက် ဖြစ်သွားပြီ။ တစ်ခုတော့ ကောင်းပါတယ်။ ပုလဲယောက်သွားကမာကယု ငုပ်တဲ့လူတွေ မိကျောင်းကိုက်တော့ သက်သာသွားတယ်'

ကောလီက ခပ်တည်တည်နှင့် ယုတ္တိရှိအောင် မဟီဘက်က အကြောင်းတွေပါ နားစွန်နားဖျားအကြားနှင့် ရှည်ရှည်ဝေးဝေး လုပ်ပြောလိုက်၏။

'ဟုတ်ပါ့။ ဟိုတုန်းကဆို မိကျောင်းမြင်တာနဲ့ လိပ်ထိုး၊ ပိုက်တန်းတောင် မဆင်းရဲကြဘူး။ ခုတော့ ကလေးတွေကတောင် ချောင်းပေါက်မြောင်းပေါက်တွေမှာ မိကျောင်းသားပေါက်လေးတွေကို အတင်းလိုက်ဖမ်းနေတတ်ကြပြီကွ။ ဟဲ..ဟဲ'

'ရောင်းလို့ရတော့ ကလေးတွေလည်း ပိုက်ဆံရလို့ ပျော်နေကြမှာပေါ့'

'ဒါပေါ့'

'ဒါတဲ့ တစ်ခုမေးပါဦးမယ်။ မိကျောင်းတွေကို ဝယ်လှောင်ပြီး ဟိုဘက်ကမ်း သွားရောင်းတာတော့ ဟုတ်ပါပြီ။ လှောင်အိမ်နဲ့ ပင်လယ်ထဲ ဆွဲသွားလိုက်၊ ပြန်ဆွဲခေါ်လာလိုက် လုပ်နေတာက ဘာသဘောလဲ မသိဘူးနော်'

'ပြောပါပကော။ သုတေသနလုပ်တယ်တဲ့လေ'

'သုသုတေသနက ဘာအကျိုးအတွက် လုပ်တာလဲ'

'အဲဒါတော့ ကျုပ်လည်း မသိဘူး။ တစ်ခုခုအကျိုးမရှိဘဲနဲ့တော့ လုပ်မလား။ သူက ပညာတတ်တဲ့လူပဲ'

'ဟုတ်မှာပါ။ နေညိုမသွားခင် ကျုပ်ပြန်ဦးမယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းလော့ကျင့်တဲ့နေ့ကျတော့ မမေ့ပါနဲ့နော်။ ကျုပ်ကို လာခေါ်ပါဗျာ။ ကြည့်ချင်လို့ပါ။ ကျုပ်အဘိုးကြီးအိမ်မှာ ရှိနေပါတယ်'

'စိတ်ချ။ ကျွန်းပိုင်လေးကိုမေးပြီး ကျုပ်လာခေါ်မယ်။ ဩော်..ဒါနဲ့ သူစိမ်းဆိုရင် ကျွန်းပိုင်လေးက လိုက်ခိုင်းချင်မှ လိုက်ခိုင်းမယ်။ ကျုပ်နဲ့ ညီအစ်ကိုတော်လို့ ပြောထားမယ်။ မဟီဘက်က ငှက်သိုက်ကျွန်းမှာ မိန်းမသွားရနေတယ်ပေါ့ဗျာ။ မကောင်းဘူးလား'

'ဟာ..သိပ်ကောင်းတာပေါ့ဗျာ။ ကျေးဇူးပဲ'

'ဟုတ်ပြီ..ဟုတ်ပြီ။ စိတ်ချပါ။ ကျွန်းပိုင်လေး မိကျောင်းကျင့်တာ မင်း သေသေချာချာမြင်ရမှ ယုံမယ်ဆိုတဲ့ကောင်။ အဲဒီနေ့ကျရင် မြင်ရမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲ။ သွားမယ်နော်'

'အေး..အေး'

◆◆◆

ကျွန်းပိုင်လေး၏ မိကျောင်းအိုင်က အပြန်တွင် လမ်းမှာတွေ့သော ပသျှူးမလေးတစ်ယောက်ကို ဦးရွှေဇန်အိမ် ဘယ်အိမ်လဲ မေးရ၏။ မိကျောင်းစာ လာကျွေးသောသူနှင့် စကားကောင်းနေကြသဖြင့် အဘိုးကြီး ဘယ်အချိန်က ပြန်သွားမှန်း မသိလိုက်။ သူ အိမ်ထဲ ဝင်လာတော့ အဘိုးကြီးကို ထမင်းဟင်းချက်၍ တွေ့ရသည်။ ကောလီအတွက် ထပ်ချက်နေမှန်း သိသာ၏။

အဘိုးကြီးမှာ မိန်းမ,မရှိ၊ သားသမီးလည်းမရှိ။ မြေးအဘိုးနှစ်ယောက်တည်း နေကြသည်ဟုဆို၏။ ထို့ကြောင့် အဘိုးကြီးက သူ့အိမ်တွင် တစ်ရက်၊ တစ်ည မဟုတ်၊ နေချင်သလောက်နေဟု ပြော၏။

'ငါ့သားက ရက်ရဲဘက် ပုလဲသွားငုပ်တာ ပြန်မလာဘူး။ သူ့အရှင်နဲ့ ဟိုဘက်ကမ်း လိုက်သွားတာ။ ဟိုဘက်ကမ်းမှာ မိန်းမရနေတယ် ကြားတာပဲ။ အဲဒါကြားတာနဲ့ သူ့မိန်းမလည်း ဟိုဘက်ကမ်း လိုက်သွားတာ ပေါ်မလာပြန်ဘူး။ ငါ့ကို မြေးနဲ့ ထားခဲ့ကြတယ်။ ငါ့ချွေးမကလည်း ဟိုဘက်ကမ်းသူဆိုတော့ ဟိုမှာ သူ့ယောက်ျားနဲ့ တွေ့ကြလား မတွေ့ကြလားတော့ မသိဘူး။ ခု ငါ့မှာ သားမရှိတော့ မင်းက ငါ့သားပေါ့'ဟု ဆို၏။

အဘိုးကြီးက ထိုသို့ပြောသဖြင့် သားအဖပြုကြသည်။ မဟီက မိကျောင်းရောင်းလာတိုင်း အဖေ့အိမ်ရှိတော့ ပူစရာမလိုပြီဟု ကောလီက ပြောသည်ကို အဘိုးကြီးလည်း ထခုန်မတတ် ဝမ်းသာသွားပုံရ၏။ သူ့မြေး ကျွန်းပိုင်လေးဆီက ပြန်ရောက်မလာသေးသည်ကို ရွာသား တစ်ယောက်နှင့် စကားမှာပါး၍ အခေါ်လွှတ်၏။

'ခု မဟီမလီဘက်က ဦးလေးတစ်ယောက် ရောက်နေတယ်။ ခဏပဲဖြစ်ဖြစ် အိမ်ပြန်လာဦး ပြောလိုက်ပါကွာ'ဟု မှာလိုက်သည်။

မကြာမီ အဘိုးကြီးမြေးကောင်လေး ရောက်လာ၏။ ကောင်လေးမှာ အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိပြီ။ မည်းမည်းလုံးလုံးနှင့် သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပုံရသည်။ ထို့ကြောင့် ကျွန်းပိုင်လေးက သူ့ကို လူယုံခေါ်ထားပုံရ၏။

'ဒီမှာ မဟီဘက်က မင်းဦးလေးတစ်ယောက် ရောက်နေလို့ အဘိုး မှာတာ။ တစ်နေ့တစ်ခါလောက်တော့ မြေးလေး အဘိုးမျက်နှာ လာကြည့်ဖို့ ကောင်းတယ်။ မင်းလည်း မင်းအဖေလိုပဲ။ ငါ့အပေါ် မကောင်းကြဘူး'

သူ့မြေးကို အဘိုးကြီးက မာန်သလို ပြောသည်။

'အဘိုးပဲ အရှင်သခင်စကား နားထောင်ရမယ်ဆို။ ကျွန်းပိုင်လေးဆီမှာ မြိတ်ဘက်က အာဂန္တုတွေ ရောက်နေကြတယ်။ သူတို့ စားသောက်ဖို့ မနက်က ကျွန်းပိုင်လေး ပွဲချိတ်နဲ့ ရေသူမချိုင်ဘက်မှာ ကနုကမာ သွားဝယ်ပေးရသေးတယ်။ အပြန်မှာလည်း ချောင်းတိမ်မှာ ခနိရည်တစ်ပုံး ယူလာပေးရသေးတယ်။ အိမ်မပြန်ချင်လို့မှ မဟုတ်တာ'

ကောင်လေးက သူ့အဘိုးကိုပြောရင်း ကောလီဆီ လှမ်းကြည့်၏။

'ဦးက ငါ့တူလေးကို တွေ့ချင်လို့ပါ။ မဟီဘက် ရောက်ရင်လည်း ဦးအိမ်ဝင်နော်။ လိုတဲ့အကူအညီလည်း တောင်းလို့ရတာပေါ့'

အထူးအထွေ သူတို့မှာ မိတ်ဆက်ပေးလေ့ မရှိသဖြင့် သိပြီးကျွမ်းပြီးသား ဖြစ်သွားကြသည်။

'ငါ့တူ နာမည်က'

'မောင်သံတိုင်ပါ'

'ဟာ..တို့ဆလုံနာမည်လည်း မဟုတ်ပါလား။ မြိတ်ဘက်က လူတွေ နာမည်နဲ့ပဲ တူပါလား'

'အဲဒါပေါ့။ အဘမြေးလေးကို အဘပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

…ည်က အီဆာဖန်းပါ။ အဲဒါ ကျွန်းပိုင်လေးက သူ့ညီကို …နာမည်ပေးမယ်ဆိုပြီး သံတိုင်သံချောင်းလို့ မှာတယ်။ …ကိုးရတယ်ဆိုပြီး မောင်သံတိုင်လို့ နာမည်ပြောင်းပေး …တယ်လေ။ ခုတော့ အဘပေးထားတဲ့နာမည် ပျောက် …ပြီး တစ်ရွာလုံးက မောင်သံတိုင်ပဲ ခေါ်ကုန်ကြတော့တယ်။ …ဲ--ဟဲ'

'မောင်သံတိုင်ဆိုတဲ့ နာမည်လည်း ကောင်းသားပဲ …ရယ်။ ခု ဆလုံတွေ၊ ပသျှူးတွေတောင် မြိတ်သား …နာမည်တွေ လိုက်မှည့်နေကြတာပဲ'

'ကျွန်တော် ကျွန်းပိုင်လေးအိမ် ခဏပြန်ရဦးမယ် …ဦး ခွင့်ပြုပါနော်။ သိရတာ ဝမ်းသာပါတယ်။ ဒီမှာ …ကျွန်တော့်မှာ ဦးလေး ခေါ်စရာမရှိဘူး။ ဟိုမှာ မြိတ်က …ဆွေသည်တွေ ရှိနေလို့ပါ'

ကျွန်းပိုင်လေး စိန်ပီတာက တော်တော်သင်ကြားထား …ရသည်။ ကောင်လေးက ရည်ရည်မွန်မွန် ပြောတတ်ဆို …တတ်နေ၏။

'အေးကွယ်၊ ဦးလည်း ခြေဆန့်လက်ဆန့် အဲဒီဘက် လိုက်ဦးမယ်။ လမ်းလည်း သိထားရတာပေါ့။ မနက်က တော့ စမ်းတဝါးဝါးနဲ့ အဘအိမ်ကို မနည်းမေးလာရတယ်'

'ငါ့သား၊ ထမင်းမစားသေးဘူးလား။ အဘ အားလုံး ချက်ထားပြီးသားနော်'

ကောလီက မောင်သံတိုင်နှင့် လိုက်သွားဦးမည်ဆို သဖြင့် အဘိုးကြီးက ဝင်ပြောလိုက်၏။

'မနက် ကူးတို့ဆိပ်က မြိတ်ကိုက်ကြေးကိုက်တွေ အစားများလာလို့ မဆာသေးဘူးအဘ။ ပြန်လာမှ စားတော့မယ်'

'အေး..ငါလည်း မဆာသေးဘူး။ ငါ့သား ပြန်မှ အတူစားကြမယ်'

'ဟုတ်ကဲ့ပါ'

ပြောပြောဆိုဆိုနှင့်ပင် ကောလီက မောင်သံတိုင် နောက် ထွက်လိုက်လာ၏။

(ဆက်ရန်)

မိုးကျော့


# ဆရာရန်အောင်ဟိန်း (B.Sc)

## (ခရစ်ရှနားမူတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြတွဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)


**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း --၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၅ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၅၂၀ ၁၉၄


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




မနက်အရုဏ်တက်အချိန်တွင် ဖြစ်သည်။

မောင်လှသိန်းသည် သားလေးတစ်ယောက်ကို အဖော်ခေါ်ကာ အိမ်မှ ထွက်လာခဲ့သည်။ ဒေသိယအခေါ် ကပွလီသီး(မိုးမျှော်သီး) ဝယ်လို၍ဖြစ်၏။ မိုးမျှော်သီးပေါ်သည်မှာလည်း ရခိုင်ရိုးမကြီးထဲမှာသာ ဖြစ်၏။

ရိုးပျော် စိုင်ဘောင်ချင်းတိုင်းရင်းသားများက နှမ်းနှင့် ငရုတ်ကိုသာ စီးပွားရေးအဖြစ် စိုက်ပျိုးကြသည်။ ငရုတ်ထဲတွင် မိုးမျှော်သီးလည်း ပါဝင်သည်။

မိုးမျှော်သီးမှာ အလွန်စပ်သော ငရုတ်သီးတစ်မျိုးဖြစ်သည်။ ငရုတ်သီးတောင့် အရွယ်အစားခန့် ရှိသော်လည်း စုတိုတိုငှက်ပျောဖူးလေးနှင့်တူပြီး ငရုတ်သီးတောင့်၏ သုံးပုံတစ်ပုံခန့်သာ ရှည်၏။ မိုးပေါ်ထောင်သီးတတ်သဖြင့် မိုးမျှော်သီးဟု ခေါ်ကြဟန်ရှိသည်။

www.burmeseclassic.com

မောင်လှသိန်းတို့သားအဖ ခပ်သုတ်သုတ် လှမ်းကြသည်။ ရွာမှထွက်၍ လယ်လေးတစ်ကွင်း ဖြတ်သန်းပြီးနောက် တောစပ်ကို ရောက်သည်။ ထိုတောစပ်သည်ပင် ရခိုင်ရိုးမကြီး၏ တောင်စွယ်ဖြစ်သည်။

တောစပ်ကိုရောက်သည်နှင့် ဟိုတောင်သည်တောင်မှ တောကြက်ဖများတွန်သံကို ကြားရသည်။ ထို့နောက် လေအပင့်တွင် နှင်းကြွေသံများလည်း ဆူညံသွားသည်။ မိုးမလင်းသေးပေ။

မောင်လှသိန်း လက်ပတ်နာရီကို ဓာတ်မီးနှင့် ထိုးကြည့်သည်။ မနက်ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်အလို။

ဆောင်းနှောင်းရာသီ ဖြစ်သော်လည်း အအေးဓာတ်သည် ပြောလောက်အောင် မပေါ့သေးပေ။ ထို့ကြောင့် အေးစိမ့်နေသည်။ တောထဲကို ဝင်လိုက်သည်နှင့် အအေးဓာတ်က ပိုလာသည်။ အမှောင်သည်လည်း ကျနေဆဲဖြစ်သည်။ ထို့ကြောင့် နဖူးမှာ တပ်ဆင်ထားသော ဓာတ်မီးအရောင်ဖြင့်သာ တောလမ်းကလေးကိုကြည့်ပြီး သွားနေကြရသည်။

တောလမ်းဖြစ်၍ လမ်းဘက်ကို ငိုက်ကျနေသော သစ်ကိုင်းချုံနွယ်များကို တိုးသွားနေကြရလျှင် နှင်းရေများလည်း စိုရွှဲသည်။ ထို့ကြောင့် ပို၍အေးသည်။

မောင်လှသိန်းတို့သားအဖ သွားနေကြသည်မှာ မူလလမ်းဟောင်းအတိုင်း မဟုတ်ပေ။ ရိုးဖြတ်လမ်းအတိုင်းသာဖြစ်သည်။ မောင်လှသိန်းတို့သားအဖ ရာသီပေါ်သီးနှံများဝယ်ယူရန် ရခိုင်ရိုးမကြီးကို သွားလျှင်လည်း ဤလမ်းအတိုင်းသာဖြစ်သည်။ ထို့ကြောင့် မှားစရာ မရှိပေ။

မိုးလင်းချိန်တွင် ရခိုင်ရိုးမကြီး၏ တောင်လက်မောင်းဖြစ်သော ဒိုးတန်းရိုးစွယ်ထိပ်ကို ရောက်လာကြသည်။ သို့သော်လည်း နှင်းကြီးသော ရိုးမကြီး၏ သဘာဝအတိုင်း ပတ်ဝန်းကျင်များ လင်းရှင်းခြင်း မရှိသေးပေ။

ဒိုးတန်းရိုးစွယ်မှ နွားလားမို့ဘက်ကို ဖြတ်ကျော်ကြသည်။ နွားလားပို့ရိုးတန်းသို့ မနက်ကိုးနာရီအချိန်တွင်ရောက်သည်။ ဤနွားလားပို့ရိုးတန်း၏ ပတ်ဝန်းကျင် ချင်းရွာလေးများမှာပင် မိုးမျှော်သီး ရှာဝယ်၍ ရလိမ့်မည်ဟု ယူဆရသည်။

ထို့ကြောင့် နွားလားပို့ရွာလေးဘက်သို့ ဖြတ်ဆင်းကြသည်။ နွားလားပို့ရွာလေးတွင် အိမ်သုံးအိမ်မျှသာရှိသည်။ မောင်လှသိန်းနှင့် သိကျွမ်းသော စိုင်ဘောင်ချင်းကြီး ဦးဆင်သည်လည်း နွားလားပို့ရွာလေးမှာပင် နေထိုင်သည်။ ဦးဆင်မှာ နွားလားပို့ရွာ၏ အကြီးအကဲလည်းဖြစ်သည်။

ရခိုင်ရိုးမထဲ၌ ပြောက်ကျားများ ရှိနေစဉ်က ဦးဆင်သည် မောင်လှသိန်းတို့ တန်းတင်ရွာနှင့် ငါးမိုင်မျှလှမ်းသော အနေ[illegible]ဘက်တောထဲတွင် မိသားစုနှင့်အတူ တောင်ယာခုတ်လုပ်ပြီး နေထိုင်ခဲ့ဖူးသည်။ ထိုအချိန်ကပင် ဦးဆင်နှင့် မောင်လှသိန်း၏ဖခင်တို့ ရင်းနှီးကြ၍ မောင်လှသိန်းနှင့်လည်း သိကျွမ်းကြခြင်း ဖြစ်သည်။

ဦးဆင်မှာ ပြောက်ကျားများနှင့် အဆင်မပြေကြဟု သိရသည်။ ထို့ကြောင့်ပင် ရခိုင်ရိုးမကြီးထဲမှ တိမ်းရှောင်လာပြီး အနောက်ဘက်တောထဲတွင် တောင်ယာခုတ်လုပ်စားသောက်နေခဲ့ခြင်း ဖြစ်ပေမည်။

အနောက်ဘက်တောသည် ရခိုင်ရိုးမကြီးနှင့် ဆယ်မိုင်မျှလှမ်းသည်။ ချောင်ကျသည်။ ရဲစခန်းရှိသော တပ်တောင်ရွာကြီးနှင့်လည်း နီးသည်။ ထို့ကြောင့် ပြောက်ကျားဝရမ်းဖြစ်မည့် ဦးဆင်အဖို့ လုံခြုံမှုရှိသည်။

နွားလားပို့ရွာဦးက ကြည့်လိုက်သည်နှင့် ဦးဆင် သူ့အိမ်ကပြင်တွင် နီးထိုးနေသည်ကို လှမ်းမြင်ရသည်။ မောင်လှသိန်းတို့သားအဖ လာနေသည်ကိုမြင်လျှင် ဦးဆင် ပြုံးပြသည်။ ထို့နောက် ဦးဆင်သည် နီးစည်းနှင့် ဓားကို ကျစ်စင်ပေါ်တွင် တင်ထားလိုက်ပြီး မေးသည်။

'မောင်လှသိန်း..ဘယ်ကိုလဲ။ ငါ့ဆီ ကိစ္စများရှိလို့လာသလား'

'ဟုတ်တယ် ဦးဆင်၊ မိုးမျှော်သီးခြောက် ရရင်ရသလောက် လိုချင်လို့ ကျွန်တော်တို့သားအဖ လာကြတာပါ'

ဦးဆင် ဟိုဟိုသည်သည်ကြည့်ကာ စဉ်းစားလိုက်သည်။ ထို့နောက် ပြောသည်။

'ဒီရွာမှာ မိုးမျှော်သီးခြောက် မရှိဘူးနော်။ မိုးမျှော်သီးသာ မဟုတ်ဘူး၊ ငရုတ်သီးခြောက်လည်း မရှိဘူး။ ဒီနှစ်မြေကြီး ငရုတ်သီးပြီးမဖြစ်ဘူးလေ။ ဒါကြောင့် ငရုတ်နဲ့မိုးမျှော်ကို စားလောက်ရုံလေး စိုက်ပျိုးကြပြီး နှမ်း၊ ပဲ အစိကလုပ်ကြတယ်။ နှမ်းကတော့ တော်တော်ကောင်းပါတယ်။ ပဲကိုင်းလည်း နှမ်းရကြတယ်။ ဒီတော့ ဒီလိုလုပ်နှင့် မိုးမျှော်သီး လိုချင်ရင် မင်းရိုးကိုသွား'

'ဟာ..သေပြီ။ ဒီက မင်းရိုးကို ဘယ်လွယ်မလဲဗျ။ မိုးချုပ်လို့တောင် ရောက်ပါ့မလား'ဟု မောင်လှသိန်းက

www.burmeseclassic.com

စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

'ရောက်ပါတယ်။ ရိုးဖြတ်လမ်းအတိုင်းသာသွား။ ဟိုကို လေး၊ငါးနာရီလောက် ရောက်သွားမှာပ'

'ဟုတ်ပါ့မလား ဦးဆင်ရဲ့။ ကျွန်တော် ရိုးဖြတ်လမ်းထတော့ မသွားဖူးပါဘူး။ အမ်းမြို့ဘက်ကတော့ သွားဖူးတယ်။ တော်တော်ဝေးသလိုတွေ့တယ်။ မင်းရုံးရွာလေးက ရခိုင်ရိုးမကြီးအလယ် မြင်မတိန်(မြင်းကုဋ္ဌေ)တောင်ခြေမှာပဲ ရှိတာလေ'

'ရောက်ပါတယ်ဆိုမှ။ ဒီက ငါညွှန်ပေးတဲ့အတိုင်းပဲ သွား။ ဟိုကို လေး၊ငါးနာရီလောက်ရောက်တယ်။ အဲဒီမှာတော့ မိုးမျှော်သီးပေါတယ်။ လူတိုင်းနီးပါး ရကြတယ်။ ငါ တစ်နေ့ကပဲ မင်းရုံးက ပြန်လာတာ'

မောင်လှသိန်း သက်ပြင်းတစ်ချက်ချလိုက်၏။ ယခုပင်လျှင် သားအဖနှစ်ယောက် အတော်လေးမောပိုက်နေကြပြီ။

ဦးဆင်က ဆက်ပြောသည်။

'ငါ့အိမ်က မနက်စာ စားသွားကြ။ ဟိုကို လေး၊ငါးနာရီ ကျိန်းသေရောက်တယ်'

'ထမင်းထုပ်တော့ ပါတယ်ဗျ'

'ပါရင် အမောပြေတာနဲ့ ဖြည်းဖြည်းမှန်မှန် ဆက်သွားကြတော့။ ထမင်းထုပ်ကို လမ်းမှာ ဖြေစား။ ပြီးတော့ မှန်မှန်ဆက်လျှောက်။ ဟိုကို လေး၊ငါးနာရီရောက်တာပ'

မောင်လှသိန်းတို့သားအဖ အတော်လေးပင် အကျပ်ရိုက်သွားကြလေ၏။ လိုသလောက် မိုးမျှော်သီးကို သည်နွားလားပို့ရွာလေးမှာပင် ရလောက်သည်ဟု ယူဆခဲ့သည်။

မောင်လှသိန်းက ရိုးထွက်သစ်သီးဝလံများကို ဝယ်ယူရောင်းချလေ့ရှိသော်လည်း တစ်ကြိမ်တစ်ခါမျှ ဤနွားလားပို့ဘက်ကို မရောက်ကြသေးပေ။ အခြားရွာလေးများမှာသာ ရသလောက် ရိုးထွက်သစ်သီးဝလံများကို ဝယ်ယူရောင်းချလာခဲ့သည်။

ဦးဆင် သည်နွားလားပို့ရွာလေးကို လူစုတည်ထောင်သည်မှာလည်း ယခုမှ နှစ်နှစ်မျှသာ ရှိသေးသည်ဟုဆိုသည်။ သို့သော် သည်နွားလားပို့ပတ်ဝန်းကျင် တောတောင်များမှာ ငရုတ်၊ မိုးမျှော် မဖြစ်ထွန်းဘဲ နှမ်းသာ ကောင်းသတဲ့။

မတတ်နိုင်။ မင်းရုံးကို ရောက်အောင်သွားရပေတော့မည်။ မင်းရုံးသည်ကား ဆိုခဲ့သည့်အတိုင်း ရခိုင်ရိုးမကြီး၏အလယ် မြင်မတိန်တောင်ခြေမှာသာ ရှိသည်။

မောင်လှသိန်းလည်း ရခိုင်ရိုးမထဲက အခြားရွာလေးများမှာ ရိုးထွက်သီးနှံမရလျှင် ဝေးလံသော မင်းရုံးကို သွားသောအခါ သွားရသည်။ အနည်းဆုံး တစ်နှစ်တစ်ခေါက်၊ နှစ်နှစ်တစ်ခေါက် ရောက်ဖြစ်သည်။ မင်းရုံးက အိမ်ခြေနှစ်ဆယ်ကျော်ရှိပြီး ရွာတည်သည်မှာလည်း ကြာခဲ့ပြီဟု သိရသည်။ အတိုင်ကြာပြီဖြစ်သော ရွာဖြစ်၍ သစ်သီးဝလံများလည်း ပေါသည်။

မတတ်နိုင်။ မှန်းချက်နှင့် ပစ်မှတ်က တခြားစီဖြစ်သွားသောကြောင့် မိုးမချုပ်မီ မင်းရုံးကိုရောက်အောင် ခရီးပြင်းနှင်ရပေတော့မည်။

◆ ◆ ◆

တစ်ကုန်းကျော် တစ်တောင်တက်လျက် တောင်ကျစမ်းချောင်းကြီးများကို အတန်တန်ဖြတ်သန်းပြီး ညနေ လေးနာရီအချိန်တွင် မောင်လှသိန်းတို့သားအဖ မင်းရုံးရွာထိပ်က တောင်တန်းလေးကို ရောက်လာကြသည်။ တောင်တန်းလေးသည် နွားစာကျက်ကုန်း၏ အစပ်တစ်နေရာဖြစ်သည်။

တစ်ထောက်နားပြီး အမောအပန်း ဖြေကြသည်။ အပေါ်စီးကနေ ကြည့်နေရ၍ ရွာနှင့် ပတ်ဝန်းကျင်များကိုလည်း လင်းရှင်းစွာဖြင့်ပင် မြင်နေရသည်။ ရွာကြီးလေးဖြစ်လာခဲ့၍ထင်သည်။ သရက်၊ ပိန္နဲ၊ ကျွဲကော၊ မာလာကာစသော သီးပင်စားပင်လေးများ ဝေဝေဆာဆာရှိနေသည်ကို တွေ့ရသည်။ အိမ်ခြံထဲတွင် ငှက်ပျောပင်များ ရှိနေသလို ရွာမှလှမ်းသော တောင်ခြေများတွင်လည်း ငှက်ပျောခင်းလေးများ ဟိုတစ်ခင်း သည်တစ်ခင်း ရှိနေသည်ကို တွေ့နေရသည်။

ရွာတည်ထားသည်က တောင်တန်းငယ်လေးပေါ်တွင်ဖြစ်ပြီး ရွာခြေပတ်လည်တွင်လည်း လယ်ကွင်းလေးများ၊ ကိုင်းခင်းလေးများ စသည်ဖြင့် နွေဥယျာဉ်လေးများလည်း ရှိသည်။ ရွာတောင်ခြေတွင် ဆိတ်၊ နွား၊ ကြက်၊ ဘဲများ ဟိုတစ်စု သည်တစ်စု သွားလာလှုပ်ရှားနေကြသည်။

ယခင်က မောင်လှသိန်း သည်ရွာလေးကို ရောက်ဖူးသော်လည်း သည်မျှအထိ ဂရုလာပြီး မကြည့်ဖူးပေ။ ယခုအပေါ်စီးက ကြည့်နေရသဖြင့် ရွာလေး၏ သာယာလှပပုံများကို ကွင်းကွင်းကွက်ကွက် မြင်နေရသည်။ နေချင့်စဖွယ်လည်း ဖြစ်သည်။

ချွေးတိတ်ပြီးနောက် မောင်လှသိန်းတို့သားအဖ နွားစားကျက်ကုန်းမှဆင်းပြီး ရွာဝင်လမ်းအတိုင်း လျှောက်သွား

www.burmeseclassic.com

ကြသည်။ သဲချောင်းကြီးထဲတွင် လယ်ယက်တွင်းလေးများ ဟိုတစ်တွင်း သည်တစ်တွင်း ရှိနေသည်။

ရွာဦးမှာလည်း ကျောက်တွင်းတစ်တွင်းရှိသည်။ အုတ်ကန်နှင့် ဖွပ်လျှော်ရန် ကျောက်ပြားကြီးသုံး,လေးပြား ခင်းထားသည်။ ရွာဝင်လမ်းကိုလည်း ဖို့ညှိထား၍ အတော်လေးပင် သပ်သပ်ရပ်ရပ် ရှိနေလေသည်။

ယခင်က မောင်လှသိန်း သည်ရွာကို အကြိမ်ကြိမ် ရောက်ဖူးသော်လည်း ဤကဲ့သို့ သပ်သပ်ရပ်ရပ် မရှိပေ။ တောရွာများ၏ သဘောအတိုင်း ဖြစ်သလို နေထိုင်ကြသည်ကိုသာ တွေ့ဖူးသည်။ ယခု အတော်လေးပင် နေချင့်စဖွယ် ဖြစ်နေလေသည်။

မောင်လှသိန်းတို့သားအဖ ရွာထဲသို့ ရောက်သည်နှင့် မိုးမျှော်သီးရနိုင်မည့်အိမ်များကို လိုက်မေးကြသည်။ ဟုတ်သည်၊ မိုးမျှော်သီး အိမ်တိုင်းမှာပင် ရနိုင်ကြောင်းကို ပြောပြကြသည်။ မောင်လှသိန်းမှာလည်း တစ်နေရာတည်းတွင် များများရလို၍ မေးမြန်းရင်း နောက်ဆုံးတွင် အိမ်တစ်အိမ်မှာ တည်းသွားကြသည်။ ထို့နောက် အိမ်ရှင်လူကြီးနှင့် ဈေးစကားပြောဖြစ်ကြသည်။

'ဦးကြီး..ကျွန်တော်တို့သားအဖ မိုးမျှော်သီးကိုတော့ ရသလောက် လိုချင်ပါတယ်။ အခု ဘယ်လောက်ရနိုင်မှာလဲ။ နောက်ခေါက်တွေ လာရင်ရော ရနိုင်ဦးမှာလားဆိုတာလည်း သိချင်ပါတယ်'

'ရတယ်။ အခု ငါ့အိမ်မှာ 'ဆယ်ပိဿာလောက်ရှိတယ်။ နောက်လိုချင်လည်း အခြားအိမ်တွေက ရှာပေးမယ်။ တောင်ယာတဲတွေမှာလည်း ရှိကြပါသေးတယ်။ ဒါကြောင့် နောက်တစ်ခေါက် ပြန်လာရင်လည်း လိုချင်သလောက် ရနိုင်ပါတယ်'



မောင်လှသိန်း စဉ်းစားသည်။ ယခု သည်နေရာမှ သယ်ထုတ်မည့် ခရီးစရိတ်နှင့် ရွာမှာဖြန့်ဖြူးမည့် ဈေးကွက်စသည်ဖြင့် -

'ဒီတစ်ခေါက် ကျွန်တော် ပိဿာသုံးဆယ်လောက် လိုချင်ပါတယ်။ ဖြစ်နိုင်ရင် ဒီရွာထဲက အထမ်းသမားတစ်ယောက်လောက်လည်း ရချင်ပါတယ်။ အဆင်ပြေနိုင်ပါ့မလား'

'ပြေပါတယ်။ နင်ဖြစ်ချင်တာကိုပဲ ပြောပါ။ အားလုံး အဆင်ပြေအောင် လုပ်ပေးမှာပ'

'ဟုတ်ကဲ့၊ ကျွန်တော် ဒီတစ်ခေါက် မိုးမျှော်သီး ခြောက် ပိဿာသုံးဆယ်နဲ့ အထမ်းသမားတစ်ယောက် ရချင်ပါတယ်။ နောက်ခေါက်ဆိုရင်တော့ ဒီထက်တစ်ပြန် တိုးပြီး လိုချင်ပါတယ်'

'ရပါတယ်။ အားလုံးအဆင်ပြေတယ်လို့ပဲ မှတ်ယူထားလိုက်ပါ။ နေဦး၊ ဈေးစကားချည်း ပြောနေလို့ နင်တို့သားအဖကို ငါ တစ်ခုတောင် မကျွေးရသေးဘူး'ဟု ပြောထားခဲ့ပြီး ထိုလူကြီးသည် မီးဖိုခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွား၏။

ပြန်ထွက်လာရာ သခွါးမသီး၊ မုည့်ကွဲသီး၊ ကျွဲကောမာလာကာနှင့် ဒုဘော်သီးမှည့် စသည်များကို နှီးဗန်းကြီးဖြင့် ထည့်ယူလာ၏။

'ရော့..စားကြ၊ ဒီသခွါးမသီးက တောင်ယာထွက်မြို့ လို့ ပိုချိုတယ်။ ကြိုက်တာ ရွေးစားကြ။ အိမ်အပြန်မှာလည်း ထည့်ယူသွားကြ။ လမ်းမှာ ဗိုက်ဆာရင် စားလို့ရတာပ'

သည်လူကြီးသည် အတော်လေးပင် စိတ်ကောင်းရှိပုံ ရသည်။ သူ၏ မျက်နှာသည်လည်း ကြည်လင်ဝင်းပြီး အယောင်ဆောင်ခြင်း၊ သိုဝှက်ခြင်း ကင်းစင်သောလက္ခဏာများလည်း အပြည့်ရှိနေသည်ကို တွေ့ရသည်။ ရည်မွန်စွာဖြင့်လည်း ပြောဆိုတတ်သည်။

ထို့နောက် မောင်လှသိန်း စားသောက်ရင်း ဈေးစကားပြောကြရင်း တစ်ချိန်က သည်လူကြီး၏ အသံကို ကြားဖူးသလိုတွေ့လာ၏။ ထို့ကြောင့် သိလို၍ မေးမြန်းကြည့်လိုက်သည်။

'ဦးကြီးက ဒီရွာသားအစစ် ဟုတ်ပါသလား'

'ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

ထိုလူကြီးက မောင်လှသိန်း၏မျက်နှာကို စိုက်ကြည့်နေသည်။ ထို့ကြောင့် မောင်လှသိန်း ဘာပြောရမှန်းမသိဖြစ်သွားသည်။

'အရင်နှစ်တွေကလည်း ကျွန်တော် ဒီရွာကို လာဖူးပါတယ်။ အခုလိုပဲ အရောင်းအဝယ်လေးနဲ့ပေါ့။ အဲဒီအခါက်တွေက ဦးကြီးကို မတွေ့မိလို့ပါ'

'အဲဒီအချိန်က ငါ ရွာမှာ ရှိမနေလို့ပ။ ဒါကြောင့် မတွေ့တာပါ'

'ဒီတော့ ဦးကြီး အရင်နှစ်တွေက သရွက်ချောင်းနဲ့ သရွးချောင်း၊ စဉ်းကျော်မှာများ နေခဲ့ဖူးပါသလား'

'အင်း..နေဖူးတယ်'

ထိုလူကြီးက မိုးမျှော်သီးများကို ချိန်တွယ်ရင်းကပြောသည်။ ထို့နောက် မိုးမျှော်သီးများလာပို့ကြသော လူအတော်များများ ရောက်လာကြ၍ ဆက်မေးခွင့်မရတော့ပေ။

သည်လူကြီး သရွးချောင်းနှင့် သရွက်ချောင်း စဉ်းကျော်မှာ နေခဲ့ဖူးသည်ဟုဆို၍ မောင်လှသိန်း သိချင်နေသော အကြောင်းတစ်ခု ရှိနေသည်။ မောင်လှသိန်းနှင့် တွေ့ဖူးမကင်းသော လူကြီးပင် ဖြစ်နေလေသလားဟုလည်း ထင်နေမိသည်။ ထိုအချိန်က ပြောခဲ့ဆိုခဲ့ မှတ်သားခဲ့ဖူးသော အသံနှင့်လည်း အတော်လေး တူနေသည်။

မိုးမျှော်သီး လာပို့ကြသော လူအားလုံးကလည်း သည်လူကြီးကို အတော်လေးပင် ရိုရိုသေသေ လေးလေးစားစား ပြောဆိုဆက်ဆံနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤလူကြီးသည် သီလ၊ သမာဓိရှိ၍ တစ်ရွာလုံးက ရိုသေလေးစားအားကိုးကြသော ရွာမိရွာဖဟုဆိုရမည့် လူကြီးတစ်ယောက်ပင် ဖြစ်နိုင်လေသည်။

✦ ✦ ✦

နေ ခေါင်းပေါ်ရောက်နေပြီ။ ဗိုက်လည်း အရမ်းဆာနေပြီ။ မောင်လှသိန်း မြန်မြန်လျှောက်သည်။ မင်းရိုးရွာကို ရောက်မှ မနက်စာ ထမင်းတောင်းစားရပေမည်။

သည်အခေါက်တွင် မိုးမျှော်သီးရမလာသဖြင့် အထမ်းသမားများလည်း မပါပေ။ မောင်လှသိန်း သည်ဘက်ကို မလာဖြစ်ဘဲ မြောက်ဥယျောင်းတောင်ဘက်ကို သွားဝယ်နေ၍ သည်ဘက်နှင့် အဆက်ပြတ်သလို ဖြစ်သွားခဲ့သည်။

ဒိုးတန်းရိုးစွယ်နှင့် မြောက်ဥယျောင်းတောင်ဘက်တွင်လည်း မိုးမျှော်သီး ပေါသည်။ ထို့ကြောင့် မိုးမျှော်သီး အရောင်းအဝယ်ကိုသာ အဓိကလုပ်သော မောင်လှသိန်းအဖို့ သည်နှစ်တွင် ဒိုးတန်းနှင့် မြောက်ဥယျောင်းတောင်ရိုးစွယ်များကိုသာ စားကျက်ပြုနေခဲ့သည်။

ထို့ကြောင့်လည်း သည်ဘက်တခိုတွင် အဆက်ပြတ်သွား၍ ယခုမှ အပြေးအလွှား လိုက်လံစုံစမ်း မေးမြန်းပြီး စရန်ရိုက်နေရသောကြောင့် မိုးမျှော်သီး အရောင်းအဝယ် လုပ်ငန်း ခါးပြတ်သလို ဖြစ်ခဲ့ရသည်။

သည်နေ့လည်း မနက်စောစောကပင် မြင်မတိန်(မြင်းကုန္တေ)ချောင်ခြေတွင် ရှိနေကြသော အထက်သရော်တိုင်၊ အောက်သရော်တိုင် ရွာများကိုသွားပြီး စရန်ရိုက်ရင်း လင်းရုံရွာမှာလည်း မိုးမျှော်သီးရနိုင်သည့်အကြောင်းကို ပြောပြကြ၍ လင်းရုံရွာကို ဆက်သွားခဲ့သည်။

သို့သော် လင်းရုံရွာကို သွားသောအခါ မောင်လှသိန်းမှာ ငွေပြတ်နေပြီ။ သည်ဘက်အကြောနှင့်လည်း အလှမ်းဝေးနေ၍ မိုးမျှော်သီး ရနိုင်၊မရနိုင် မတိကျသောကြောင့် ငွေများများယူမလာခဲ့မိပေ။ ထို့ကြောင့် အထက်သရော်တိုင်နှင့် အောက်သရော်တိုင်ရွာများမှာ မိုးမျှော်သီးရနိုင်သောလူများကို လိုက်လံစရန်ပေးရင်း ပါလာသော ငွေကြေးများ ကုန်ခဲ့သည်။

ထို့ကြောင့် လင်းရုံရွာကို မိုးမျှော်သီး မည်မျှအထိ ရနိုင်၊မရနိုင် သိလို၍ စုံစမ်းရုံမျှသာ သွားခြင်းဖြစ်ပြီး လင်းရုံရွာသားများလည်း တောင်ယာအလုပ်ခွင် ဝင်နေကြသောကြောင့် ညနေမှ လူစုံမည်ဟု ပြောပြကြသည်။

ဤသို့ဆိုလျှင် ထူးမည်မဟုတ်တော့ပေ။ စရန်ပေးရန် ငွေကြေးလည်း ကုန်နေပြီ။ ထို့ကြောင့် မထူးတော့။ နောက်တစ်ခေါက်မှ လင်းရုံရွာကို ဝင်မည်ဟု ဆုံးဖြတ်ကာ ယခု မင်းရိုးရွာသို့သာ အပြင်းနှင်လာခဲ့သည်။

သရွက်ချောင်းနှင့် သရွးချောင်း၊ စဉ်းကျော်ကိုရောက်လျှင် ခရီးသွားများ နားနေရန် ဝါးတန်းလျားနှင့် ဝါးမဏ္ဍပ်လေးတစ်ခုကို တွေ့ရသည်။ ရေအိုးစင်လေးလည်း ရှိသည်။

ဝါးမဏ္ဍပ်ရှေ့တွင် စင်ဆောက်ပြီး ငှက်ပျော၊ နာနတ်၊ သဒ္ဓော၊ မာလကာ စသော သစ်သီးမှည့် အတော်များများကိုလည်း စုပုံထားသည်။ ထို့နောက် တစ်ဖက်၏ တောင်ကမ်းပါးယံတွင်လည်း ခပ်ယိုင်ယိုင် တဲအိုလေးတစ်လုံး။

မောင်လှသိန်း မဏ္ဍပ်ရှေ့မှာ ရပ်လိုက်သည်။ လူတစ်ယောက်မျှ မတွေ့ရပေ။ ထိုတဲအိုလေးထဲတွင် လူရှိနိုင်သည်။ ထိုလူကပင် ဤသီးမှည့်များကိုလည်း ရောင်းချရန် စုပုံထားခြင်း ဖြစ်ပေမည်။ ဗိုက်ကလည်း အရမ်းဆာနေပြီ။

www.burmeseclassic.com

'ဗျို့..တဲရှင်တို့'

မောင်လှသိန်း ခေါ်ကြည့်လိုက်သည်။ ထူးသံကိုမကြား ရပေ။ ထို့ကြောင့် ထပ်ခေါ်ကြည့်လိုက်ပြန်သည်။

'ဗျို့..တဲရှင်တို့'

'ဗူး..ဘယ်သူလဲ'

တဲထဲက လူသံကို ကြားလိုက်ရသည်။ ထို့ကြောင့် မောင်လှသိန်း ဝမ်းသာသွားသည်။

'ကျွန်တော် ခရီးသွားပါခင်ဗျ။ ဒါကြောင့် ဗိုက်ဆာလို့ ဒီသီးမှည့်တွေ ရောင်းတာလား။ ရောင်းတာဆိုရင် ဝယ်ချင်လို့ပါခင်ဗျ'

'ရောင်းတာ မဟုတ်ဘူး၊ လှူထားတာ၊ စေတနာဒါနာ။ ဘယ်သူပဲစားစား စားလို့ရပါတယ်။ စားပြီးရင်လည်း အကုန်သာ ထည့်ယူသွားပါ။ နောက်လည်း ကြုံရင် ဒီအတိုင်းပဲ စားသောက်ပြီး အကုန်ထည့်သွားနိုင်ပါတယ်'

'ဟုတ်ကဲ့..ဟုတ်ကဲ့'

မောင်လှသိန်းလည်း ဗိုက်ဆာဆာဖြင့် အလွယ်တကူ အခွံနွာ၍ရသော ငှက်ပျောသီးမှစ၍ စားလေသည်။ ထို့နောက် မာလာကာသီး၊ နာနတ်သီး စသည်ဖြင့် တစ်မျိုးပြီး တစ်မျိုး တစ်ဝစားလေသည်။ နာနတ်သီးများမှာ နွေသီးဖြစ်၍ အလွန်ချိုသည်။ အလွန်အမင်းဗိုက်ဆာနေသောကြောင့် အငမ်းမရစားနေမိသဖြင့် လည်ပင်းနင်မည်စိုး၍ သောက်ရေကို အားရွတ်လိုက် စားလိုက်နှင့် ဗိုက်ပြည့်အောင် စားချလိုက်လေသည်။

မည်သည့်ဆေးဝါးဓာတ်စာမျှ မကျွေး၊ သဘာဝတော သစ်သီးသဖွယ် ဖြစ်နေသောကြောင့် အလွန်ချိုမြိန်ပြီး အရသာလည်းရှိသည်။ စားသောက်ပြီးနောက် မောင်လှသိန်း မေတ္တာတုံ့ပြန်သည့်အနေဖြင့် ငွေကြေးအထိုက်အလျောက် ပေးကမ်းလှူဒါန်းလို၍ တဲရှင်(သစ်သီးရှင်)အား လှမ်းခေါ်လိုက်သည်။

'ဗျို့..တဲရှင်ဦးကြီး၊ ဒီလည်း လာခဲ့ဦးလေဗျာ'

'မလာဘူး၊ မလာဘူး။ ရတယ် မိတ်ဆွေ၊ စားသောက်ပြီးရင်သာ အဲဒီသစ်သီးတွေကို အကုန်သာ ထည့်ယူသွားပါ။ ကျွန်တော် ကုသိုလ်ရအောင်လို့ လှူဒါန်းထားတာပါ'

သစ်သီးရှင်က ထိုသို့ပြောလိုက်မှ မောင်လှသိန်းမှာ အလွန်အမင်း စေတနာတရားများ ဖြစ်ပေါ်လာမိသည်။ ဤကဲ့သို့ နက်ရှိုင်းသော တောနက်ထဲ၌ ဤမည်သော စေတနာရှင် သဒ္ဒါများသည်ကား ရှာမှရှားပေလိမ့်မည်။ ထို့ကြောင့် ဤစေတနာရှင်၊ သဒ္ဒါရှင်ကြီးအား မေတ္တာမတုံ့ပြန်ရ၍ မ... တော့ပေ။ တစ်လုတ်စားဖူး သူ့ကျေးဇူးဟူ၍လည်း ... တို့စကား ရှိလေသည် မဟုတ်ပါလား။

မောင်လှသိန်းသည် ငွေလေးဆယ့်ငါးကျပ်တန် ... ရွက်ကို ထုတ်ကိုင်ပြီး တဲအိုလေးဆီသို့ လျှောက်သွား...

'ဗျို့..တဲရှင်ဦးကြီး၊ ကျွန်တော့်ကို တဲသို့ လာခွင့်ပြု...' ဟုလည်း အော်ပြောလိုက်သည်။

'ဝေါ်..မလာနဲ့၊ မလာနဲ့။ ငါ မအားဘူး။ အလု... သေးတယ်။ ဒါကြောင့် သွားပြီ' ဟုဆိုကာ တဲထဲမှ ဒုန်း... ပြီး ပြေးထွက်သွားလေသည်။ ထို့နောက် ချုံကွယ်သော... တောင်ကမ်းပါးယံတွင် ရပ်နေသည်ကိုလည်း တွေ့လိုက်... သည်။

'ဟောဗျာ'

မောင်လှသိန်း အံ့သြသွားသည်။ မောင်လှသိန်းနှင့် အတွေ့မခံဘဲ ထွက်ပြေးသွားသဖြင့် စိတ်ထဲတွင်လည်း တစ်မျိုးတစ်ဖုံ ခံစားလိုက်ရသည်။ သူ့အကြောင်းကို မသိနိုင် သဖြင့် တစ်စုံတစ်ခု နားလည်ရန်လည်း ခက်သည်။ မည်သို့ ပင်ဆိုစေကာမူ တောသစ်သီးများကို စေတနာဒါနာလှူဒါန်း ထားသောကြောင့် ဤလူကြီးသည် သူတော်ကောင်းဖြစ် သည်မှာ သေချာသည်။

သို့သော် သူက အတွေ့မခံလိုဘဲ ထွက်ပြေးသွားသဖြင့် ဘာမျှမတတ်နိုင်ပေ။ ထို့ကြောင့် သူ့အား စေတနာတုံ့ပြန် ရန် ဆုံးဖြတ်ထားသည့်အတိုင်း အော်ပြောလိုက်သည်။

'ဒီလိုဆိုလည်း ဦးကြီး..ကျွန်တော် ခေါင်မိုးမှာ ငွေ လေးဆယ့်ငါးကျပ်တန် ညှပ်ထားခဲ့မယ်။ ဦးကြီး လိုရာသုံး ဖို့ပါ'

'မလိုဘူး မိတ်ဆွေ။ ကျွန်တော့်မှာ ငွေမလိုဘူး။ သုံး စရာလည်း မရှိဘူး။ အဲဒီသစ်သီးတွေကို ကုသိုလ်ဖြစ် လှူ ဒါန်းထားတာပါ။ ဒါကြောင့် မိတ်ဆွေငွေကို ပြန်ယူသွားပါ'

'ဒီလိုဆိုလည်း ဦးကြီး..ကျွန်တော် စေတနာတုံ့ပြန် တာလေးတော့ လက်ခံလိုက်ပါ။ သစ်သီးဖိုး ပေးတယ်လို့ သဘောမထားပါနဲ့'

ထိုသို့ပြောပြီး မောင်လှသိန်းသည် ငွေလေးဆယ့်ငါး ကျပ်ကို ခေါင်းမိုးမှာ ထိုးထားခဲ့ကာ တဲအိုလေးထဲမှ ပြန် ထွက်လာခဲ့သည်။ မောင်လှသိန်း လမ်းမကိုရောက်၍ လှည့် ကြည့်ရာ ထိုလူကြီးလည်း သူ့တဲအိုလေးထဲသို့ ပြန်ဝင်လာ သည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှသိန်း လမ်းစားရန် ငှက်ပျောသီးမှည့် တစ်ဖီး နှင့် သဘော်သီးမှည့် တစ်လုံးသာ ထည့်ယူလာခဲ့သည်။ အချောင်ရတိုင်း အကုန်မယူသင့်ပေ။ အချောင်ရတိုင်း အကုန်ယူခြင်းမှာ သူတော်ကောင်းတို့၏ လက္ခဏာလည်း မဟုတ်ပေ။

◆◆◆

ညနေစာ စားသောက်ပြီးနောက် အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်ကာ ရေနွေးသောက်ကြသည်။ တောသူတောင်သားများ က ညနေစာကို စောစောစားတတ်သောကြောင့် မိုးလည်း မချုပ်သေးပေ။

ထိုအချိန်မှာပင် တောလုပ်ခင်းမှ ရောက်လာကြသော လူများလည်း တစ်ယောက်ပြီးတစ်ယောက် တစ်သုတ်ပြီး တစ်သုတ် မိုးမျှော်သီးခြောက်များကို သယ်ယူလာကြပြီး အိမ်ရှေ့က ပုတ်ကြီးထဲသို့ သွန်ထည့်ကြလေသည်။

အိမ်ရှင်လူကြီးက လွှပကာမှာ မီးသွေးဖြင့် အကြောင်း ကြောင်းပြီး မှတ်သားသည်။ မိုးမျှော်သီး အရေအတွက်ကို ရေးမှတ်ခြင်းပင် ဖြစ်ပေမည်။

ထို့နောက် မိုးချုပ်လာ၍ လူပြတ်သွားသည်။ မိုးမျှော် သီးပို့သူများ ရောက်မလာကြတော့ပေ။

ထို့နောက် မီးဖိုပြီး လှုံကြသည်။

မီးလှုံရင်း မောင်လှသိန်းက—

'ဦးကြီး··နေ့ခင်းက ပြတ်သွားတဲ့ စကားကို ပြန်ဆက် ရအောင်'

ထိုလူကြီးက နားမလည်စွာဖြင့် မောင်လှသိန်းအား စိုက်ကြည့်နေသည်။

ထို့ကြောင့် မောင်လှသိန်းက—

'ဦးကြီး··သရက်ချောင်းနဲ့ သရွှေချောင်း စဉ်းကျော်မှာ နေခဲ့တုန်းက ကျွန်တော် လမ်းကြုံလို့ ဦးကြီးလှူထားတဲ့ သစ်သီးတွေကို စားခဲ့ရဖူးတယ်။ ကျွန်တော်က မေတ္တာ တုံ့ပြန်တဲ့အနေနဲ့ ငွေပေးမယ်လုပ်တော့ ဦးကြီးက လက်မခံ ဘဲ ထွက်ပြေးသွားတယ်လေ။ အဲဒါက··'

ထိုလူကြီး သက်မ,တစ်ချက်ကို ချလိုက်၏။

ထို့နောက်–

'အဲဒီအချိန်က ငါ နူနေတာ။ ဒါကြောင့် ရွာမှာ မသင့် လျော်လို့ အဲဒီနေရာ ပြောင်းနေပြီး ဥယျာဉ်စိုက်ရင်း သစ်သီး တွေကို လှူနေတာပ။ ထွက်ပြေးသွားတာက အခြားမဟုတ် ပါဘူး။ ငါ နူနေတာကို မြင်သွားရင် ငါကျွေးတဲ့ သစ်သီး



တွေကို မစားဘဲနေမှာစိုးလို့'

'ဩော်··ဩော်'

မောင်လှသိန်း အံ့ဩသွားရလေသည်။ သို့မှ ထိုလူကြီး ၏ လက်ခြေများကို ကြည့်မိသည်။ လက်ဖျား၊ ခြေဖျားလေး များ အနည်းငယ်တိုနေသည်။

'ဒီတော့ ဦးကြီး အခု ကောင်းသွားပြီလား'

'ကောင်းသွားပါပြီ။ ဆရာဝန်နဲ့ စစ်ကြည့်လည်း အနူ ပိုး လုံးဝမရှိတော့ဘူးလို့ ပြောတယ်။ ဒါကြောင့် ရွာထဲ ပြန်လာပြီး ရပ်ရွာကောင်းကျိုးတွေကို လုပ်နေတာပ'

နောက်လူတစ်ယောက်လည်း ရောက်လာပြန်သည်။ ထိုလူလည်း မီးဖိုနားမှာထိုင်ပြီး ဆေးတံကို မီးတို့ရင်းဖြင့် ဝင်ပြောသည်။

'အမှန်က ညီလေးရေ၊ ဒီလူဦးကြီးက သူကောင်းပ ဝေး။ အိမ်ထောင်လည်းမပြုဘဲ လူပျိုကြီးနေတယ်။ သီလ၊ မေတ္တာလည်း မြဲတယ်။ ဒီလိုနေရင်းက သူ့ကိုယ်မှာ နူနာ တွေ စွဲလာတယ်။ အကောင်းလုပ်နေရင်းက နူနာစွဲလာတော့ ဝဋ်နာကံနာလို့ပဲ ဆိုရမှာပ။ ဒါကြောင့် သူ သရွှေချောင်းနဲ့ သရက်ချောင်း စဉ်းကျော်ကိုရွှေ့သွားပြီး ဥယျာဉ်စိုက်ရင်း သစ်သီးအလှူ ကုသိုလ်လုပ်ရင်းနဲ့ နူနာတွေ ပြန်ကောင်း သွားလို့ ရွာသားတွေက ပြန်ခေါ်ကြတဲ့အတွက် အခု ရွာကို ပြန်လာပြီး ရပ်ရွာကောင်းကျိုးတွေကို လုပ်ကိုင်နေတာပါ'

မောင်လှသိန်းက ခေါင်းညိတ်၏။ ထိုလူကပင် ဆက် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီဦးကြီးက စာတတ်ပေတတ်၊ အမ်းမြို့ပြေဘျောင်း ဆရာတော်ကြီးရဲ့ တပည့်ရင်းပဲ။ ပါဠိစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဆေး၊ ဓာတ်၊ နက္ခတ်၊ ဗေဒင် အကုန်ကျွမ်းတယ်။ အခုလည်း ရွာမှာ ကလေးတွေကို အခမဲ့သင်ပေးနေတယ်။ ရွာသူရွာသားတွေကိုလည်း လုပ်ခင်းလယ်ယာတွေ ဖန်တီးပေးတယ်။ သူ တောင်ယာစိုက်လို့ ရလာတဲ့ ငွေကြေးနဲ့ တွင်းဖော်တယ်။ တံတားထိုးတယ်။ လမ်းလုပ်တယ်။ အရင်လည်း နင် ဒီရွာကို ရောက်ဖူးသားပဲ။ ဒီလို ပြောင်မြောင်ရောင်ရောင် မရှိပါဘူး။ အခု ဦးကြီးပြန်ရောက်လာမှ ရွာနဲ့ တူလာတာ မတွေ့ဘူးလား'

မောင်လှသိန်း အလာတုန်းက သဲချောင်းထဲတွင် လက်ယက်တွင်းကလေးများနှင့် ရွာထိပ်မှာ ကျောက်တွင်းကြီးကိုလည်း တွေ့ခဲ့သည်။ ရွာအဝင်လမ်းမသည်လည်း ဖြောင့်ဖြူးနေသည်။

ဟုတ်သည်။ ယခင်နှစ်များကလည်း မောင်လှသိန်း မိုးမျှော်သီးနှင့် အခြားတောထွက် သီးနှံများဝယ်ရင်း သည်ရွာကို အနည်းဆုံး တစ်နှစ်သုံး,လေးခေါက် ရောက်ဖြစ်သည်။ ဤကဲ့သို့ မတွေ့မိပေ။

ယခုမှ သည်ရွာလေး ထူးထူးခြားခြား ဖွံ့ဖြိုးသာယာနေသည်ကို တွေ့ရ၍ ဤလူကြီး (မိုးမျှော်သီး တာဝန်ယူပြီး ရောင်းပေးနေသောလူကြီး)၏ အကျိုးကျေးဇူးကြောင့်သာ ဖြစ်ပေလိမ့်မည်။

သို့သော် မောင်လှသိန်းက သူတော်ကောင်းတို့၏အလုပ်ကို စိတ်ပါဝင်စားသော်လည်း ယခု စိတ်အဝင်စားဆုံးမှာ သည်မိုးမျှော်သီးရောင်းသောလူကြီး နူနာများ ကင်းပျောက်သွားသည့် အကြောင်းကိုသာ ပိုမိုသိချင်နေသည်။ ထို့ကြောင့် မေးကြည့်လိုက်သည်။

'ဦးကြီးကိုတော့ ရှုကောင်းသူကောင်း တောထဲတောင်ထဲမှာ ရှားရှားပါးပါး ပညာရှိပညာတတ် သူတော်ကောင်းကြီး တစ်ယောက်ဆိုတာတော့ ကျွန်တော်ကိုယ်တိုင်လည်း သိခဲ့၊ ကြုံခဲ့ဖူးပါပြီ။ အခု ဒီအစ်ကိုကြီး ပြောပြလို့လည်း ထပ်ဆင့်သိလိုက်ရလို့ အထူးပဲဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒီအထဲမှာ ကျွန်တော်အသိချင်ဆုံးဟာ ဦးကြီးရဲ့ ကိုယ်က နူနာတွေ ကင်းပျောက်သွားတဲ့ အကြောင်းကိုပါ။ အဲဒါ ဘယ်လိုဆေးဝါးမန္တန်တွေကို သောက်လူးလို့ ပျောက်ကင်းသွားပါသလဲ။ ပြောနိုင်ရင် ပြောပြပါလား'

ထိုလူကြီးက ဆေးတံကို ဆေးဆီကော်ထုတ်ရင်းက ပြောသည်။

'ငါ အမြဲတမ်းသောက်လူးတာက ပိစပ်ရွက်ရည်ပါပဲ။ ပိစပ်ရွက်ကို အစိမ်းလည်း ရေနွေးစိမ်သောက်တယ်။ ကိုယ်မှာလည်း လူးတယ်။ တစ်ပင်လုံးကိုပြုတ်ပြီး သောက်လည်းသောက်၊ ချိုးလည်းချိုးတယ်။ သီလနဲ့ မေတ္တာကို အမြဲလက်ကိုင်ထားပြီး ဥယျာဉ်ထွက် တောသစ်သီးတွေကို စေတနာဖြူဖြူစင်စင်နဲ့ ပေးကမ်းလှူဒါန်းတယ်။ ကိုယ်မှာ စွဲကပ်နေတဲ့နူနာ ပျောက်ကင်းပါစေ၊ ရပ်ရွာကောင်းကျိုးနဲ့ တရားဘာဝနာတွေကို ပွားများရပါလို၏လို့လည်း ဆုတောင်းမေတ္တာပြုတယ်။ ဒါပါပဲ'

'ဟုတ်ကဲ့ ဦးကြီး၊ အခုလို ပြည့်ပြည့်စုံစုံ ပြောပြလို့ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်လည်း ဆေးကုစားဖို့ မေးတာတော့ မဟုတ်ပါဘူး။ ဦးကြီးလို လူနာမျိုးတွေနဲ့တွေ့ရင် ကုသိုလ်ဖြစ် ပြောပြချင်လို့ပါ'

'အေးပါ၊ ပြောပြရင် ကုသိုလ်ရတာပ'

မောင်လှသိန်း ခေါင်းတဆတ်ဆတ်ညိတ်၏။ သို့သော် ဤလူကြီး ပြောပြသည်မှာ ဆေးနည်းက တစ်မျိုးတည်း မဟုတ်ပေ။ ပိစပ်ရွက်အပြင် သူ၏ တစ်ပိုင်တစ်နိုင် ဒါန၊ သီလ၊ ဘာဝနာနဲ့ မေတ္တာတရားများလည်း ပါဝင်နေသေးသည်။

မည်သို့ပင်ဆိုစေကာမူ ဤဆေးနည်းကို စမ်းသပ်ကြည့်သင့်သည်။ ပိစပ်ပင်သက်သက်ဖြင့်လည်း နူနာကို ကင်းပျောက်နိုင်ဖွယ် ရှိပေသည်။

ပိစပ်ပင်သည် တောသူတောင်သားတို့၏ ဆေးဩသဓကြီးဖြစ်သည်။ ရောဂါအမျိုးမျိုးတို့ကို ကုသ၍လည်း ကင်းပျောက်ကြသည်ကို မြင်ဖူးသည်။

မြို့နေ ဆေးပညာရှင်များအနေဖြင့်လည်း ပိစပ်ပင် အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ပြီး ဆေးပေါင်းများကို ထုတ်ယူသင့်လှပေသည်။

မင်းဟိန်းထိုက်

စာကြွင်း

**ပိစပ်ပင်၏ ဒေသအခေါ်အဝေါ် အမည်ကွဲများ**

(၁) ပိစပ်ပင်၊
(၂) ဓာမနီပင်၊
(၃) ပေါက်နံ့ပင်၊
(၄) ဝုံဒလိုင်းပင်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ရခိုင်ပြည်နယ်အာကံတွင်ရှိသော တပ်ရင်းတစ်ရင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားသောအခါ ထိုတပ်ရင်းမှာ တပ်သစ် တည်ဆောက်ခါစ ဖြစ်နေသည်။

သို့ဖြစ်၍ တပ်ရင်းအတွက် လိုအပ်လျက်ရှိသော သစ်၊ ဝါး၊ ဓနိ၊ လမ်းခင်းကျောက်မှအစ အုတ်ဖုတ်ထင်းအဆုံး သတ်မှတ်ထား သော ကျေးရွာနယ်မြေများအတွင်းသို့ သွားရောက်ကာ ဝယ်ယူ စုဆောင်းကြရသည်။



# ချစ်ဆိုင်း

# သေနတ်ဂုဏ်တဲ့ နတ်စစ်သည်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံတွင်မူ မိမိတပ်ရင်းအတွက် သတ်မှတ်ထားသော နယ်မြေကို ကျော်လွန်ပြီး သွားဝယ်ရသည့်အခါလည်း ရှိ၏။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် တိုင်းမှူးသို့ တင်ပြရသည်။ တိုင်းမှူး ခွင့်ပြုချက်ဖြင့်သာ သွားရောက်ဝယ်ယူရသည်။

မည်သို့ဆိုစေ တစ်နေ့သောအခါ ကျွန်ုပ်တို့တပ်ရင်းက ဗိုလ်အောင်ကျော်မြင့် ဦးစီး၍သော အဖွဲ့တစ်ဖွဲ့ကို (...) ရွာသို့သွားပြီး အုတ်ဖုတ်ထင်း ဝယ်စေ၏။ တပ်ရင်းပိုင် မော်တော်တစ်စီးဖြင့် စေလွှတ်လိုက်ခြင်းဖြစ်သည်။ အုတ်ဖုတ်ထင်း အမြောက်အမြားရသောအခါ အခြားမော်တော်အကြီး တစ်စင်းငှားပြီး သွားရောက်တင်ယူကြရမည် ဖြစ်သည်။

ထိုကဲ့သို့ အရာရှိတစ်ယောက် ဦးစီးစေကာ အုတ်ဖုတ်ထင်း ဝယ်ရန် စေလွှတ်လိုက်သောအဖွဲ့မှာ နောက်တစ်နေ့ နေ့ခင်းလောက်တွင် မကြားလိုသော သတင်းတစ်ခုကို ကြားလိုက်ကြရတော့သည်။ ထိုသတင်းမှာ ဗိုလ်အောင်ကျော်မြင့်နှင့် အတူပါသွားသော ဆရာကြီးတင်အောင်မိုး၏ ဘီအေ(၉၄)သေနတ်တစ်လက် ပျောက်ဆုံးသွားကြောင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့ တပ်မတော်သားများမှာ လူသေသော်လည်း လက်နက်မဆုံးစေရဆိုသော မူဝါဒကလည်း ရှိနေသည်။ အမှန်စင်စစ် လူတစ်ယောက်၏ အသက်တစ်ချောင်းနှင့် သေနတ်တစ်လက်၏ တန်ဖိုးမှာ မည်သို့မျှ နှိုင်းယှဉ်၍မရပါ။ မရပင် မရသော်လည်း အဆိုပါ သေနတ်မဆုံးရှုံးအောင် အသက်ပေးပြီး အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြရသည်သာ ဖြစ်သည်။

ဖြစ်စဉ်အား မေးမြန်းကြည့်သောအခါ အုတ်ထင်း ဝယ်ရန်အတွက် သွားကြသော သူတို့အဖွဲ့သည် သတ်မှတ်ထားသောရွာတွင် ညနေ(၅)နာရီလောက် ရောက်သွားကြ၏။ မော်တော်ကို ကမ်းကပ်ရပ်နားထားပြီး ဗိုလ်အောင်ကျော်မြင့်နှင့် အဖွဲ့တစ်ဖွဲ့မှာတော့ ကျေးရွာဥက္ကဋ္ဌများနှင့် အုတ်ထင်းရရှိရေးကိစ္စ တိုင်ပင်ပြောဆိုဆွေးနွေးဖြစ်ကြ၏။

အဆိုပါရွာမှာ ရွာဟု ဆိုရသော်လည်း အိမ်ခြေအားဖြင့် (၆၀၀)ကျော်လောက် ရှိပါသည်။ မြို့ငယ်လေးတမျှ စည်ကားလှပါသည်။ မော်တော်ဆိပ်ရှိသလို အဆိုပါ မော်တော်ဆိပ်ကမ်း ကုန်းပေါ်တွင် စားသောက်ဆိုင်များက အစီအရီရှိသည်။ အခြားသော ဘေးပတ်ဝန်းကျင်ရွာများမှ လှေလမ်း၊ လှည်းလမ်းတို့ဖြင့် ဝင်ထွက်သွားလာ ရောင်းဝယ်ဖောက်ကားရာနေရာလည်း ဖြစ်သည်။

နေညိုချိန်ရောက်ပြီဆိုလျှင် ထိုဆိပ်ကမ်းတွင် ဒေသထွက် ချက်အရက်များအပြင် မြို့ပေါ်ကလာသော စက်ရုံထုတ် အရက်မျိုးစုံတို့ကလည်း ပေါများစွာ ရောင်းချနေပါသဖြင့် လူတွေက စည်ကားချင်တိုင်း စည်ကားနေတတ်ပါသည်။ ကြက်ကြော်၊ ကြက်ကင်တွေကလည်း ပေါသည်။

သို့ဖြစ်၍ စက်လှေပေါ်တွင် ကျန်ရစ်ခဲ့ကြသော စစ်သည်များအား ကုန်းပေါ်တက်၍ ဈေးဝယ်မည်ဆိုပါက သေနတ်ယူမသွားရ။ ပြီးတော့ ဆိုင်တွေမှာ အရက်သွားမသောက်ရ။ သောက်ချင်လျှင် စက်လှေပေါ်သို့ ပြန်ယူလာပြီး သောက်ရန် အစရှိသည်ဖြင့် အမိန့်ထုတ်ထားခဲ့ပြီးဖြစ်သည်။ စစ်သည်များကလည်း ဝယ်စရာရှိသည်များကို ဝယ်ပြီး မိမိတို့ စက်လှေပေါ်မှာသာ ချက်ပြုတ်ပြီး စားသောက်ကြကာ ညအိပ်ခဲ့ကြပါသည်။

နောက်တစ်နေ့ မိုးလင်းလာပြီး လူ၊ လက်နက်၊ ခဲယမ်းများကို စစ်ဆေးကြသောအခါမှသာ ဆရာကြီး တင်အောင်မိုး ကိုင်ဆောင်သောသေနတ် ပျောက်ဆုံးနေကြောင်း သိရှိရလေတော့သည်။

တာဝန်ရှိသော ဗိုလ်အောင်ကျော်မြင့်နှင့် ဆရာကြီးတင်အောင်မိုးတို့မှာ ခေါင်းမီးတောက်မတတ် စိတ်ဒုက္ခရောက်ကြရတော့သည်။ အတူပါလာသော စစ်သည်များကိုလည်း ဆူလိုက် ဆဲလိုက် ချော့လိုက်မော့လိုက်၊ ခြိမ်းခြောက်လိုက်နဲ့ အမျိုးမျိုးစစ်ဆေးမေးမြန်းစုံစမ်းသော်လည်း အဆိုပါသေနတ် ပျောက်ဆုံးသွားရမှုနဲ့ပတ်သက်ပြီး တရားခံကို ရှာမတွေ့နိုင်။ မဖော်ထုတ်နိုင်ဘဲ ဖြစ်နေရသည်။

သို့ဖြစ်၍ မော်တော်ဆိုက်ကပ်ထားရာတစ်လျှောက် ရေအောက်ကိုဆင်းပြီး ရေငုပ်ရှာဖွေကြရတော့သည်။ ရှာပင်ရှာသော်လည်း မတွေ့ဘဲ ဖြစ်နေရသည်။ ထိုအခါ တပ်ရင်းကိုလည်း သတင်းပို့ခဲ့ကြရခြင်း ဖြစ်သည်။

◆◆◆

ကျွန်ုပ်တို့ တပ်ရင်းမှူးမှာ အဆိုပါသေနတ် ပျောက်ဆုံးသွားရမှုကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရူးမတတ် ခံစားနေရတော့သည်။ အကြောင်းမှု ကျွန်ုပ်တို့၏

www.burmeseclassic.com

တပ်ရင်းမှူးမှာ ယာယီတပ်ရင်းမှူး (ဗိုလ်မှူး) အဆင့်တွင်သာ ရှိနေသေးသည်။ နောက်တစ်ဆင့်တက်ရမည့် ဒုတိယဗိုလ်မှူးကြီးအဆင့် ဆိုသည်မှာ တိုင်းမှူး၏ လက်ထဲတွင်သာ ရှိနေသည်ဟုဆိုက မမှားပါ။ တိုင်းမှူးက ထောက်ခံပေးမှ ရမည့်ရာထူး ဖြစ်နေသည်။

တိုင်းမှူးနှင့် သူသည် အဆင်ပြေနေကြသူတွေ မဟုတ်ကြပါ။ တိုင်းမှူး၏ အမြဲတမ်းရန်ရှာနေမှုကို ခံနေရသူဖြစ်သည်။ ဤသည်မှာလည်း ကျောင်းတော်က ရန်ငြိုးဟု ခေါ်ရမည်လား။ အတိတ်က အရိပ်ဆိုးကြောင့်ဟု ပြောရမည်လား မဆိုနိုင်ပါပေ။

သူတို့နှစ်ယောက်၏ အကြောင်းကို အနည်းငယ်မျှ တင်ပြလိုပါသည်။ ကျွန်ုပ်တို့ တပ်ရင်းမှူးသည် တစ်ချိန်သောအခါက မြို့တစ်မြို့တွင် မဝတဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရသည်ဆို၏။ ထိုစဉ်အခါက ယခု ကျွန်ုပ်တို့ တပ်ရင်းအား အုပ်ချုပ်နေသော တိုင်းမှူးမှာ စစ်ဦးစီး (ပထမတန်း) တာဝန်ဖြင့် တာဝန်ထမ်းဆောင်နေရသူဖြစ်သည်။

စစ်တိုင်းကြီးတစ်ခု၏ လက်အောက်တွင် အတူတကွ တာဝန်ထမ်းဆောင်နေရသူများ မဟုတ်သလို လက်ရှိအားဖြင့် တာဝန်ထမ်းဆောင်နေရမှုမှာလည်း မတူကြပြန်ပါ။ တစ်ယောက်က စစ်ဘက်အုပ်ချုပ်ရေးဖြစ်ပြီး တစ်ယောက်က နယ်ဘက်အုပ်ချုပ်ရေး ဖြစ်နေသည်။

မည်သို့ဆိုစေ တစ်နေ့သောအခါ အဆိုပါ စစ်ဦးစီး (ပထမတန်း)က တာဝန်တစ်ခုဖြင့် ခရီးထွက်လာရာ မဝတဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသောမြို့သို့ ဖြတ်လာရသည်ဆို၏။ ထိုကဲ့သို့ဖြတ်လာပြီး မဝတဥက္ကဋ္ဌရှိရာမြို့သို့ ရောက်ရှိလာသောအခါ မဝတဥက္ကဋ္ဌက နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည် ဆို၏။ ဧည့်ခံရာတွင် အခြားသော စစ်ဦးစီးမှူး၏ နောက်လိုက်နောက်ပါများကို စားပွဲဝိုင်းတစ်ဝိုင်းဖြင့် ဧည့်ခံပြီး စစ်ဦးစီးမှူးအတွက်ကိုတော့မှ သီးခြားစားပွဲဝိုင်းတစ်ခုဖြင့် ဧည့်ခံခဲ့သည် ဆို၏။

ဧည့်ခံရာတွင် အရက်ဆိုသောအရာက ပါ၏။ မဝတဥက္ကဋ္ဌသည် စစ်ဦးစီးအရာရှိထိုင်သော စားပွဲဝိုင်းတွင် သွားထိုင်ပြီး စစ်ဦးစီးအရာရှိနှင့်အတူ သူကပါ အရက်ကို သောက်၏။ ပြီးတော့ ထမင်းကို အတူစား၏။ စစ်ဦးစီးအရာရှိက ထိုကဲ့သို့ သူ၏စားပွဲဝိုင်းကိုလာပြီး အရက်အတူသောက်ရကောင်းလား၊ ထမင်းအတူလာပြီး စားရကောင်းလားဟု စိတ်ထဲက မကျေမနပ် ဖြစ်ခဲ့ရသည်ဆို၏။ စိတ်ထဲက မကျေမနပ် ဖြစ်ခဲ့ရသော်လည်း ပါးစပ်ကတော့မှ ထုတ်ဖော်ပြီး မပြောခဲ့။ နောင်သောအခါမှ ပြန်သိရသောကိစ္စသာ ဖြစ်တော့သည်။

ထိုကဲ့သို့ အငြိုးအတေး အထားခံခဲ့ရသော မဝတဥက္ကဋ္ဌမှာ ယခုအခါ ကျွန်ုပ်တို့၏တပ်ရင်းမှူး လာဖြစ်နေပြီး တစ်ချိန်သောအခါက စစ်ဦးစီးအရာရှိမှာ ယခုအခါတွင် ကျွန်ုပ်တို့ တပ်ရင်းမှူးကိုလာပြီး အုပ်ချုပ်ရသော တိုင်းမှူးဖြစ်လာကြရတော့သည်။ ထိုအခါ ကျွန်ုပ်တို့ တပ်ရင်းမှူးအား တိုင်းမှူးက တစေ့စေ့မျက်ချေး ဖြစ်ရတော့သည်။ ဘာပဲလုပ်လုပ် အကောင်းမမြင်။ အကောင်းကို မမြင်ဟန်ပြုပြီး မကောင်းကွက်ကို ရှာကြံကာ လူရှေ့သူရှေ့တွင် နှစ်ပြားမတန်အောင် ပြောတတ်ဆိုတတ် မာန်မဲတတ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် ငံသေနတ်တစ်လက် ပျောက်ဆုံးရမှုက ရှိလာခဲ့ရသောအခါ တပ်ရင်းမှူးမှာ ဘူးလေးရာ ဖရုံဆင့်ခြင်း ခံရသကဲ့သို့ ဖြစ်နေရတော့သည်။

ထိုနေ့အဖို့ တပ်ရင်းမှူးမှာ ခရီးသွားနေသော ဗိုလ်အောင်ကျော်မြင့်တို့အဖွဲ့အား ပျောက်ဆုံးသွားသော သေနတ်အား မရရအောင် ပြန်ရှာရန် ညွှန်ကြားရုံမှတစ်ပါး အခြားဘာမှမတတ်နိုင်တော့ပါ။

ဗိုလ်အောင်ကျော်မြင့်တို့ အဖွဲ့မှာလည်း တစ်နေကုန် ရေငုပ်ပြီး ရှာကြသည်။ သို့သော် ပြန်မရနိုင်ဘဲ ရှိနေရသည်။

◆◆◆

နောက်တစ်နေ့တွင် တပ်ရင်းမှူးက တိုင်းမှူးအား ဖြစ်စဉ်ကို တင်ပြလိုက်ရတော့သည်။ တိုင်းမှူးက ထိုနေရာသို့ တပ်ရင်းမှူးကိုယ်တိုင် လိုက်သွားပြီး သေနတ်ပြန်ရရှိရေးကို ဆောင်ရွက်ရန် ညွှန်ကြားလာပါတော့သည်။

သို့ဖြင့် တပ်ရင်းမှူးက နောက်လိုက်နောက်ပါအချို့ကို ဖွဲ့စည်းပြီး စက်လှေတစ်စင်းငှားကာ လိုက်သွားရသည်။ ထိုနေရာသို့ ညနေ(၄)နာရီလောက် ရောက်သွားသည်။ စစ်သည်များကတော့ ရေထဲငုပ်ပြီး သေနတ်ရှာနေကြဆဲ ဖြစ်သည်။ ဗိုလ်အောင်ကျော်မြင့်က တပ်ရင်းမှူး

www.burmeseclassic.com

အား ဖြစ်စဉ်အခြေအနေများကို တင်ပြသည်။ တင်ပြနေဆဲမှာပင် ကမ်းပေါ်ရေငုပ်ပြီး တက်ထိုင်နေသော တပ်သားမောင်စိန်က သူ၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်လာသည်။ တင်ပျဉ်ခွေထိုင်ပြီး လက်နှစ်ဖက်မှာ ခါးကို ထောက်ထားဟန်ပြု၍ ယိမ်းနွဲ့နေ၏။

အထူးအဆန်းဖြစ်လာ၍ ဝိုင်းကြည့်ကြသော်-

'ဒီမှာဟေ့၊ မင်းတို့သေနတ်ကို ဘယ်တော့မှ ပြန်မရစေရဘူးဟေ့။ ပြန်မရအောင် ငါကပဲ လုပ်ထားတာဟဲ့'

ဟု ပြောဆိုလာပါတော့သည်။

ထိုအခါ တပ်ရင်းမှူးအပါအဝင် အခြားစစ်သည်အချို့တို့ပါ မောင်စိန်အနား ကပ်လာကြသည်။

ဆရာကြီး တင်အောင်မိုးက-

အခု ဝင်ပူးလာတာ ဘယ်သူပါလဲခင်ဗျာဟု မေးသောအခါ-

'မင်းတို့သေနတ်ကို ပျောက်အောင်လုပ်ထားတဲ့သူပဲပေါ့'

'ဘာကြောင့် ပျောက်အောင်လုပ်ရတာလဲ'

ဟု ဗိုလ်အောင်ကျော်မြင့်က မေးသောအခါ-

'ပျောက်အောင်လုပ်တယ်ဆိုတာက မင်းတို့ ဒုက္ခရောက်အောင်လို့ပဲပေါ့။ ဘာကြောင့် ဒုက္ခရောက်အောင် လုပ်ရသလဲဆိုတော့ ငါ မနေ့ညက ဒီတစ်လျှောက်ကို ဆင်းလာတယ်။ အဲဒီအခါမှာ ဒီမော်တော်ပေါ်မှာ သောက်စားမူးရူးပြီး ပြောလိုက်ကြတဲ့ အယုတ္တအနတ္တပုံပြင်တွေ၊ မောင်နှင့်နှမ သားနှင့်အမိတွေရဲ့ ရှေ့မှာ ပြောပြလို့မကောင်းတဲ့ အဲဒီအပြောပုံပြင်တွေကို ပြောလိုက်ကြတာမှ မဆုံးနိုင်ဘူး။ တဝါးဝါး တဟားဟားနဲ့ကို ဖြစ်နေလိုက်ကြတာဗျာ။

ဒီမှာဟေ့၊ မင်းတို့ကို ငါပြောပြမယ်။ ဒီတစ်လျှောက်မှာ မင်းတို့တွေချည်းပဲ ရှိနေကြတယ် မအောက်မေ့နဲ့။ သူတော်ကောင်းသူမြတ်လောင်းတွေကလည်း အခါအားလျော်စွာ သွားလာလှုပ်ရှားနေကြတယ်ဆိုတာ သိထားစေစမ်းပါ'ဟု ဟန်ပါပါဖြင့် ပြောလေတော့သည်။

ထိုအခါ ဆရာကြီးတင်အောင်မိုးက-

'ဟုတ်ကဲ့ပါဗျာ။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ နောက်တစ်ခါ ထပ်မမှားရအောင် ကျွန်တော်တာဝန်ယူပါတယ်။ လောလောဆယ် ကျွန်တော်တို့ အမိုက်အမဲတွေကို တစ်ကြိမ်တစ်ခါလောက် ခွင့်လွှတ်ပြီး သေနတ်ကို ပြန်တွေ့အောင် လုပ်ပေးပါ'

ဟု ပြောလိုက်လျှင် နတ်ဝင်ပူးနေသော တပ်သားမောင်စိန်က-

'ဘုန်းကြီးထိပ် ခေါက်ပြီးမှ ကန်တော့ကန်တော့ဆိုလို့ကတော့ မရဘူးကွာ။ အစားအသောက်ကလေးနဲ့ ဆက်သပေးမယ်ဆိုရင်တော့ ပြန်ရရစေမယ်ပေါ့'

ထိုအခါ ဆရာကြီးတင်အောင်မိုးက အားတက်လာပြီး-

'ပြောပါ ပြောပါ၊ ဘာအလိုရှိပါသလဲ။ ကျွန်တော်မျိုး မရရအောင် စီစဉ်ပေးပါမယ်။ မြန်မြန်သာ ပြောပါတော့'

ဟု ပြောလိုက်ရာ-

'အရက်တစ်ပိုင်းနှင့် ကြက်ကြော်တစ်ပွဲ ဆက်ပါ'

ဟု ပြောလိုက်လျှင် ဆရာကြီးက သူကိုယ်တိုင် ဆိုင်သို့ပြေးပြီး သွားဝယ်လေတော့သည်။

ထိုကဲ့သို့ သွားဝယ်နေစဉ် နတ်ဝင်ပူးနေသော တပ်သားမောင်စိန်က မော်တော်ပေါ် တက်ထိုင်ပြီး သောက်မည်ဟုဆိုကာ မော်တော်ပေါ်ကို တက်စီးပြီးလျှင် အဝတ်အစားများကိုလဲကာ ဖျာတစ်ချပ်ပေါ် တက်ထိုင်ပြီး စောင့်နေ၏။

တပ်သားမောင်စိန်မှာ နတ်ကတော်လည်း မဟုတ်ပါ။ တစ်ခါမှ နတ်ဝင်ပူးခြင်းမျိုးလည်း မရှိခဲ့ပါ။ ယခင်သူနေခဲ့ဖူးသော တပ်ဟောင်းတွင်တော့ ရှိကောင်းရှိခဲ့နိုင်ပါမည်။ သို့သော် မသေချာပါ။ သူသည် အရက်ကိုကြိုက်တတ်သူဖြစ်သော်လည်း ရန်ဖြစ်ခြင်းပြုခြင်းတော့မရှိ။

မကြာခင် ဆရာကြီးတင်အောင်မိုးက အရက်ဖြူတစ်ပိုင်းနှင့် ကြက်ပေါင်ကြော် နှစ်ခုကိုယူပြီး ရောက်လာသည်။ ရောက်လာပြီး ဆက်သလိုက်သောအခါ တပ်သားမောင်စိန်က အရက်ကိုသောက်လိုက်၊ ကြက်ပေါင်ကြော်ကို ကိုက်ဖဲ့ပြီး စားလိုက်နဲ့ လုပ်နေတော့သည်။ စားပါ၊ စားပါ။ မောင်မင်းကြီးသား ကိုယ်တင်ရှင်ကြီးရယ်ဟု မုဒိတာပွားပေးနေရ၏။

တပ်ရင်းမှူးနဲ့ စစ်သည်အချို့ကတော့ သူ့ကိုကြည့်ပြီး ဝမ်းသာနေကြသည်။ အကြောင်းမှု သူပါလာခဲ့၍သာ ယခုကဲ့သို့ သေနတ်အား နတ်က ဝှက်ထားမှန်း သိကြ

www.burmeseclassic.com

www.burmeseclassic.com

၏။ သူ ပါမလာလျှင်ကား နတ်ဝှက်ထားမှန်း သိနိုင်ကြည်မဟုတ်။ ထိုအခါ သေနတ်အား ပြန်ရနိုင်စရာ လမ်းစပင် ပျောက်ဆုံးသွားနိုင်၏။ ယခုသော် ကယ်တင်ရှင် တပ်သားမောင်စိန်၏ ကျေးဇူးကြောင့် ပျောက်ဆုံးသွားသော သေနတ်မှာ မကြာခင် ပြန်ရတော့မည်ဟု ယုံကြည်ပြီး ဝမ်းသာနေရခြင်း ဖြစ်တော့သည်။

တပ်သားမောင်စိန်မှာ သောက်ရင်းစားရင်းဖြင့် အရက်နှင့် ကြက်ကြော်များ ကုန်သွားသောအခါ ပက်လက်လှန်ပြီး အိပ်ပျော်သွားပါတော့သည်။

အချိန်ကလည်း မရှိတော့ပြီမို့ ထိုနေ့အဖို့ သေနတ်ရှာဖွေခြင်းကိစ္စကိုလည်း အဆုံးသတ်ခဲ့ကြရတော့သည်။

တပ်ရင်းမှူးနှင့် အပေါင်းပါတစ်စုကိုတော့ဖြင့် ကုန်းပေါ်က ဗိုလ်တဲတွင် နေရာထိုင်ခင်းများ စီစဉ်ပေးလိုက်ကြသည်။

◆◆◆

နောက်တစ်နေ့ မိုးလင်းလာသောအခါ တပ်ရင်းမှူးက စစ်သည်အင်အားအပြင် ရွာထဲရှိ ရေငုပ်ကျွမ်းကျင်သူအချို့ကိုပါခေါ်ပြီး ရေငုပ်ကာ ရှာဖွေခိုင်းပါတော့သည်။ သေနတ်ကား ပြန်မရနိုင်သေး။ ဒီကြားထဲ ဆက်သွယ်ရေးစက်မှတစ်ဆင့် အဆိုပါသေနတ် ရှာဖွေရမှုနှင့်ပတ်သက်ပြီး တစ်နာရီ တစ်ကြိမ်ကျ တိုင်းစစ်ဌာနချုပ်သို့ တင်ပြနေရသည်။ မရသေးပါဘူးဟု တင်ပြလိုက်တိုင်း ပြန်လာသောစကားသံများက နားထဲသို့ သံရည်ပူလောင်းထည့်ခြင်းခံရသလို ဖြစ်နေရသည်။

မြန်မြန်လုပ်၊ မြန်မြန်ရှာ။ အဘ(တိုင်းမှူး)က ဒေါသန်နေတယ်။ ပြန်မရရင်တော့ ထုံးစံအတိုင်းမဲ။ တာဝန်ရှိသူ အဆင့်ဆင့်ကို ထိထိရောက်ရောက် အရေးယူဖို့ လုပ်နေတယ်။ ဒါပဲ ကြားနေရသည်။ ငှက်ဆိုးထိုးသံကမှ နားဝင်ပီယံဖြစ်ဦးမည်။ မကြားချင်သော်လည်း တစ်နာရီ တစ်ကြိမ်ကျ စက်ဖွင့်တိုင်း ကြားနေရသည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည့် အဖြစ်မျိုးများလေလား။ ကျောပူသည့်အပြင် နားပါ ပူနေရ၏။ တစ်နေကုန် ရှာဖွေရင်း ညနေပိုင်းသို့ ရောက်လာသောအခါ နားကြရတော့သည်။ တပ်ရင်းမှူးနှင့်အဖွဲ့ကတော့ဖြင့် ဗိုလ်တဲသို့ တော်တော်နဲ့ မပြန်သေး။ ချောင်းတစ်လျှောက်တွင် စုန်ချည်ဆန်ချည်ဖြင့် လိုက်ပြီး ကြည့်နေသည်။

ထိုစဉ် မော်တော်ပေါ် တက်ထိုင်နေသော တပ်သားမောင်စိန်က ကောက်ကာငင်ကာ နတ်ဝင်ပူးပြန်တော့၏။

'အဲဒီလိုလုပ်လို့ ဘယ်ရမှာလဲကွ။ ကိုယ့်ကိစ္စ ကိုယ်ရှင်းရမှာပေါ့ကွ။ မဆီမဆိုင် အရပ်သားတွေကိုလိုက်ပြီး ဒုက္ခပေးနေပြန်ပြီ။ ဒါကြောင့် ငါ စောက်မြင်ကတ်ကတ်နဲ့ မပြတော့ဘူး။ ပြီးတော့ မနေ့က တိုက်တဲ့အရက်က စေတနာ မပါဘူး။ ငါသောက်ချင်တာက အာမီရမ်ကွ။ ပြီးတော့ ကြက်ဆိုလည်း အကောင်လိုက် ကြော်ထားတာကိုမှ စားချင်တာ'ဟု တုန်တုန်ယင်ယင်ဖြင့် ပြောလေတော့သည်။

ထိုအခါ ဗိုလ်အောင်ကျော်မြင့်က-

'ရတယ်..ရတယ်။ နောက်နေ့ အရပ်သားတွေကို မခေါ်တော့ဘူး။ ကိုယ့်ရဲဘော်နဲ့ကိုယ်ပဲရှာမယ်။ ပြီးတော့ အခု သောက်ချင်တဲ့ အရက်နှင့် ကြက်ကြော်ကိုလည်း ဆက်သပါ့မယ်။ သေနတ်ကိုသာ ပြန်ရအောင် လုပ်ပေးပါ'ဟု ပျာပျာသလဲပြောရင်း စစ်သည်တစ်ဦးအား အရက်နှင့် ကြက်ကောင်လုံးကြော်ကို သွားဝယ်စေ၏။

သွားဝယ်ပြီး ပြန်ရောက်လာသော် ဆက်သကြ၏။ ထိုအခါ နတ်ဝင်ပူးနေသော တပ်သားမောင်စိန်က သောက်လိုက်တဲ့ အရက်၊ စားလိုက်တဲ့ ကြက်ကြော် မည်သည့်ခေတ် မည်သည့်အခါကနေ အရက်နှင့် ကြက်ကြော်ကို အငတ်ကြီးကျ၍ သေခဲ့သည် မသိရသော အဆိုပါ နတ်ကြီးမှာ အငမ်းမရ စားပြနေ၏။ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ဟိုကြည့်ဒီကြည့် ကြည့်သေး၏။ မည်သူ့ကိုမှ လာသောက်ပါဦးလား၊ စားပါဦးလားဟုလည်း ဖိတ်ခေါ်ခြင်း မရှိ။

ပြောတော့ အယုတ္တအနတ္တ အပြောပုံပြင်တွေ၊ ရှန့်ရှင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေကို မကြိုက်ဘူးတဲ့။ သူကတော့ဖြင့် သောက်လိုက်တဲ့အရက်။ ခွေးပါးစပ်က နတ်စကား ပြောရက်သူဟု ပြောရမလို ဖြစ်နေသည်။ တပ်ရင်းမှူးကတော့ ခပ်ရှမ်းလှမ်းကနေပြီး အကဲခတ်လို့ ကြည့်နေသည်။ ဘာမှတော့ ဝင်ပြီးမပြော။ သူ့ဟာနဲ့သူ ဘာကြီးပဲဖြစ်နေပါစေ ကိုယ်နဲ့မဆိုင်။ လောလောဆယ် ကိုယ်နဲ့ဆိုင်နေတာက ပျောက်ဆုံးသွားသောသေနတ် ပြန်ရရှိမှုပင် ဖြစ်နေသည်။ သို့ဖြစ်၍ အဆိုပါနတ်အား မချစ်သော်လည်း ဟန်ဆောင်ပန်ဆောင်ဖြင့် အောင့်ကာ နမ်းရပေတော့သည်။

www.burmeseclassic.com

အလိုလိုက် အကြိုက်ဆောင်ရပေတော့မည်။

မောင်စိန်တစ်ယောက် စားသောက်ပြီး ပက်လက်လှန်လဲကျသွားသောအခါ တပ်ရင်းမှူးကလည်း သူ့တည်းခိုနေသော ဗိုလ်တဲရှိရာဆီသို့ ပြန်သွားပါတော့သည်။

◆◆◆

နောက်တစ်နေ့ မိုးလင်းလာသောအခါ ရွာသားများ၏အကူအညီမပါဘဲ မိမိတို့၏ စစ်သည်တွေချည်းပဲ ရှာကြသည်။ ကုန်းပေါ်မှာရော ရေထဲမှာပါ ရှာကြသည်။ တပ်ရင်းမှူးနဲ့အဖွဲ့ကလည်း ဗိုလ်တဲတွင် ထိုင်ပြီးမနေကြ။ သေနတ်ပျောက် ရှာဖွေရာနေရာသို့ အချိန်ပြည့်လာပြီး ကြည့်နေသည်။ လိုအပ်သည်များကို ညွှန်ကြားနေသည်။ ထိုကဲ့သို့ အနီးကပ်လာရောက်ပြီး ကြီးကြပ်နေစဉ် နေ့လယ်ပိုင်းသို့ ရောက်လာသောအခါ တပ်သားမောင်စိန်က နတ်ပူးပြန်တော့သည်။

ဒီတစ်ခါ တောင်းဆိုမှုမှာ အရက်တစ်လုံး ကြက်ဖို၊ ကြက်မအပြင် ငွေသား(၃၀၀)ကျပ်တို့ပါ တောင်းခံလေတော့သည်။ ထိုအခါ တပ်ရင်းမှူးက သူ၏ အဖွဲ့တော်သားများနှင့်အတူ ဗိုလ်တဲသို့ပြန်ရန် စီစဉ်ကြသည်။ မပြန်မီ တပ်သားမောင်စိန်အား ဗိုလ်တဲသို့ ခေါ်လာခဲ့ရန်ကိုပါ မှာကြားထားခဲ့၏။

တပ်ရင်းမှူး ဗိုလ်တဲသို့ ရောက်သောအခါ သူ၏ လက်ဖြောင့်တပ်ကြပ်ကြီးအား ကြိုးတစ်ချောင်း၊ ဓားသွေးကျောက်တစ်ခုနဲ့ ကော်ဇလုံတစ်ခုတို့ကိုပါ ရှာခိုင်းထား၏။ ပြီးလျှင် အာမီရမ်တစ်လုံးနှင့် ကြက်ကြော်တို့ကိုပါ ဝယ်ခိုင်းပြန်၏။

တပ်သားမောင်စိန် ရောက်မလာခင် တပ်ရင်းမှူးက အရက်ကို တဖြည်းဖြည်းချင်း စိမ်ခံပြီး သောက်နေ၏။

တပ်သားမောင်စိန် ရောက်လာသောအခါ ကြိုးတုပ်ပြီး ထုပ်တန်းတွင် ဆောက်ထိုးချထားခိုင်း၏။ ပြီးလျှင် သူ၏ရှေ့တွင် ဓားသွေးကျောက်တစ်ခုပေါ်သို့ ပြောင်လက်နေသော ဓားမြှောင်တစ်လက်အား သွေးပြနေ၏။

သွေးနေရင်းက–

‘ဆရာလှကျော်၊ သူ့ခေါင်းအောက်မှာ ကော်ဇလုံကြီးခံထားစမ်း။ သူ့လည်ပင်းကို ဓားနဲ့ လှီးဖြတ်လိုက်တာနဲ့ သွေးတွေက ပေါခနဲ ထွက်ကျလာမှာကွ။ အဲဒါကိုခံထားရမယ်’ ဟု ပြောလိုက်သောအခါ ဆရာလှကျော်က ချက်ချင်းဆိုသလို ကော်ဇလုံကြီးတစ်ခုကိုယူပြီး မောင်စိန်၏ ဦးခေါင်းအောက်တွင် ပက်လက်အနေအထားဖြင့် ခံထားလိုက်သည်။

တပ်သားမောင်စိန်မှာတော့ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးတွေက ရွှဲနစ်လာသည်ထိ ကြောက်လန့်တကြား ဖြစ်နေရသည်။

တပ်ရင်းမှူးက ဓားကိုသွေးလိုက်၊ အရက်ကိုသောက်လိုက်၊ အမြည်းကိုစားလိုက်၊ သူ့ကိုကြည့်လိုက်နဲ့ လုပ်နေသည်။ အခြားသူများကတော့ သူတို့နှစ်ယောက်အား ဝိုင်းပြီး ကြည့်နေကြသည်။

တပ်သားမောင်စိန်အနေဖြင့် တပ်ရင်းမှူးအား ကြည့်ရင်း,ကြည့်ရင်းနဲ့ လန့်ဖျပ်၍ လာရတော့သည်။ အမှန်တကယ် သူ့အား ဓားဖြင့်မထိုးဟု မည်သူကမျှ အာမ,မခံနိုင်ပါ။ အရက်သမား အမူးတစ်ထောင် ဆိုသည့်အတိုင်း ယခု သူ အရက်သောက်နေသည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် သူ့အား ဆုံးဖြတ်ချက်များပြီး ဓားဖြင့် ထိုးလာနိုင်သည်။ တပ်ရင်းမှူးမှာ တိုင်းမှူးနဲ့ အဆင်မပြေဖြစ်ရသည့်ကြားထဲ ယခု သေနတ်ပျောက်မှုက ဝင်လာရသည်ဖြစ်၍ အရူးတစ်ပိုင်းလို ဖြစ်နေရမှန်းလည်း တပ်သားမောင်စိန်က သိထား၏။

တပ်ရင်းမှူးက အရက်သောက်ရင်း ဓားသွေးရင်းဖြင့် သူ့အား–

‘ဒီမှာ တွေ့လား၊ ငါ့ဓားက မသွေးခင်ကတည်းက ထက်မြည့်နေပြီးသားပါကွာ။ အခုလို ထပ်ပြီးသွေးလိုက်တော့ ပိုပြီးထက်သွားရတာပေါ့။ မင်းလည်ချောင်းလောက်ကိုတော့ တစ်ချက်တွတ်လိုက်ရုံနဲ့တင် ကိစ္စက ပြီးပါတယ်ကွာ’

ဟု ပြောပြီး အရက်ကို ထပ်သောက်လိုက်၊ ဓားကို ထပ်သွေးလိုက်ပြီးတော့ သူ၏ လည်ပင်းတစ်လျှောက်သို့ ဓားမြှောင်ဖြင့် ချိန်ရွယ်လိုက်၊ လည်ချောင်းကို ဖြတ်တော့မည်ဟန်ဖြင့် လုပ်ပြလိုက်နဲ့ ပြုလုပ်နေလေရာ တပ်သားမောင်စိန်မှာတော့ အသက်ထွက်မတတ် ကြောက်လန့်သွားရကာ–

‘အဘ··အဘ··ကျွန်တော် ကြောက်ပါပြီ။ ကျွန်တော့်ကို ကြိုးဖြုတ်ပေးပါ။ ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်’ ဟု ငိုသံပါကြီးဖြင့် ပြောပါလေတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအခါ တပ်ရင်းမှူးက-

'တကယ်ပြောတာလား။ မောင်စိန် လိမ်မယ်တော့ ကြံနဲ့။ ငါ့ဓားက အခု သွေးဆာနေတာ အမှန်ပဲကွ'

ဟု ဖြဲခြောက်ပြီး ပြောလိုက်ရာ-

'တကယ်ပြောတာ အဘ။ ဒီသေနတ်ကို ကျွန်တော် ကိုယ်တိုင် ဝှက်ထားတာပါ။ ကြိုးကိုသာ အမြန်ဖြေပေးပါ။ အခုချက်ချင်း လိုက်ပြပါ့မယ်'

ဟု ပြောလိုက်ရာ တပ်ရင်းမှူးက-

'အေးပေါ့ကွာ၊ ကြည့်ရသေးတာပေါ့။ ဒီနေ့ ညနေမှ ပြန်မရရင် မင်းရဲ့ လည်ချောင်းသွေးကိုဖောက်ပြီး ချောင်းစောင့်နတ်ကို ပူဇော်ရမှာပဲကွ။ ကဲ..ဆရာကြီး၊ ဒီကောင်ကို ဖြုတ်ချလိုက်ကြတော့။ ပြီးတော့ လိုက်ပြခိုင်း၊ မတွေ့ရလို့ကတော့ ဒီလိုပဲ ပြန်ပြီး ဖောက်ထိုးဆွဲရမှာပဲ'

တပ်ရင်းမှူးဆီက အမိန့်ရသောအခါ လက်ဖြောင့်တပ်ကြပ်ကြီးမှ ကြိုးကို ဖြုတ်ချပေးလိုက်သည်။ ပြီးလျှင် သူ့ သေနတ်ဝှက်ထားသည်ဆိုသော နေရာအား လိုက်ပြခိုင်းရာ သေနတ်မှာ ရေထဲသို့ ရောက်နေခြင်းမဟုတ်။ မော်တော်ပေါ်မှာပင် ဖြစ်သည်။ မော်တော်၏ ဦးခေါင်းပိုင်း အတွင်းထဲတွင် တော်ရုံတန်ရုံဖြင့် ရှာမတွေ့နိုင်အောင် ခက်ခက်ခဲခဲကလေး ပြုလုပ်ကာ ဝှက်ထားခြင်းသာ ဖြစ်တော့သည်။

သေနတ်ကို ပြန်ယူပြပြီး တပ်ရင်းမှူးကို ထိုင်ရှိခိုးပြီး တောင်းပန်လေတော့သည်။

'ကျွန်တော် လုံးဝမှားခဲ့ပါပြီ အဘရယ်။ ကျွန်တော့်ကို အားလုံးက ခွင့်လွှတ်ပေးကြပါ။ ကျွန်တော့်မှာ အရက်ဖိုး မရှိလို့ သူများရဲ့သေနတ်ကို ဝှက်ထားပြီး အခုလို နတ်ပူးချင်ဟန်ဆောင်ကာ အရက်သောက်ရဖို့အရေး လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ။ နောင်သောအခါ မလုပ်မိအောင်ကိုလည်း ကျွန်တော် ကတိပေးပါတယ်'ဟု ပြောဆိုပြီး တပ်ရင်းမှူး အပါအဝင် အခြားသော ဆရာ၊ဆရာကြီးများ နှင့်တကွ ဘဝတူ စစ်သည်များကိုပါ လှည့်ပတ်ပြီး ရှိခိုးနေပါတော့သည်။

မျက်ရည်စမ်းစမ်း၊စမ်းစမ်းဖြင့် ထိုင်ရှိခိုးနေသော တပ်သားမောင်စိန်အား တပ်ရင်းမှူးက-

'ကဲ..တော်ပါတော့ တပည့်ရာ။ မမှားသောရှေ့နေ မသေသောဆေးသမား ဆိုတာလည်း မရှိစကောင်းပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ့်အမှားကို ကိုယ်သိပြီး ပြုပြင်တော့မယ် ဆိုတဲ့ အသိတရားကလည်း ကောင်းသောမင်္ဂလာတစ်ပါး ပါပဲ။ အပြောနဲ့သာ မဟုတ်ဘဲ လက်တွေ့အားဖြင့်လည်း သက်သေပြပေါ့ကွာ။ မင်းကို ငါတို့အားလုံး ခွင့်လွှတ်ပေးပါတယ်။ ဒါပေမဲ့ မင်းရဲ့ စစ်စည်းကမ်းဖောက်ဖျက်မှု အရတော့ အရေးယူအပြစ်ပေးခြင်းခံရမယ်'

ဟု ပြောလိုက်ရာ တပ်သားမောင်စိန်က-

'အခု ကျွန်တော်ဖြစ်ခဲ့ရတဲ့ အဓိကတရားခံအကြောင်းရင်းကတော့ အရက်ဆိုတဲ့ အရာပါပဲ။ ဒါကြောင့် အခုချိန်ကစပြီး ဘဝတစ်လျှောက်လုံး ဒီအရက်ကို မသောက်တော့ပါဘူးဆိုတာ သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေကို သက်သေအရာထားပြီး ကျွန်တော် ကတိပေးလိုက်ပါပြီ။

နောက်တန်းရောက်ရင်လည်း အခု ကျွန်တော်ကျူးလွန်ခဲ့မိတဲ့ ပြစ်မှုအတွက် ထိုက်သင့်တဲ့ အပြစ်ပေး အရေးယူမှုကိုလည်း ကျွန်တော် ကျေနပ်စွာနဲ့ ခံယူသွားပါ့မယ် အဘ'ဟု ဝန်ချတောင်းပန်လိုက်သောအခါ တပ်ရင်းမှူးက သာဓုသုံးကြိမ် ခေါ်လိုက်ပါတော့သည်။

♦ ♦ ♦

ကျွန်ုပ်တို့ တပ်မတော်သား မိသားစုများဆိုသည်မှာလည်း တိုင်းရင်းသားပေါင်းစုံ၊ အလွှာမျိုးစုံ၊ နယ်တကာပေါင်းစုံတို့မှ လာရောက်ပြီး စုဖွဲ့ထားခြင်းသာဖြစ်သည်။ ထိုအခါ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုသည့်အတိုင်း တပ်သားမောင်စိန်ကဲ့သို့သော လူပုဂ္ဂိုလ်မျိုးလည်း ပါဝင်လာတတ်သည်မှာ အဆန်းတကြယ်တော့ မဟုတ်ပါ။

မည်သို့ပင်ဆိုစေကာမူ ယခု သေနတ်ပျောက်ဆုံးသွားခဲ့ရမှုနဲ့ပတ်သက်ပြီး တပ်သားမောင်စိန်က အစပထမတွင် နတ်ဝှက်ထားပါသည်ဟု ပြောဆိုခဲ့လင့်ကစား နောက်ဆုံးမှာတော့ အမှန်စင်စစ် သေနတ်ကို ဝှက်ထားသူမှာ မမြင်တွေ့ရသော နတ်မျိုး မဟုတ်မူဘဲ လူအများ မြင်တွေ့နေကြရသည့် နတ်စစ်သည်(တပ်သားမောင်စိန်)ပင် ဖြစ်နေရကြောင်းပါခင်ဗျား။

**စာဖတ်ခဲ့သူများအပေါ် အစဉ်လေးစားလျက်**

**ချစ်ဆိုင်**

www.burmeseclassic.com

<u>မတွေ့ မမြင်ဖူးပေမယ့်</u>

စာရေးသူတို့ ငယ်နုစဉ်ကာလက ကြုံတွေ့ကြားသိရဖူးသည်မှာ နှစ်စဉ် ဒီဇင်ဘာလ သဇင်ပန်းတွေ ပွင့်ပေါ်လျှင် ပသျှူးခေါင်းပြတ်တွေလာပြီး ကလေးတွေကို ဖမ်းမည်။ သူ့တွင် ပါလာသော ဓားကောက်ကြီးဖြင့် ခေါင်းတွေ ဖြတ်ယူမည်။ ဖြတ်ပြီး ဦးခေါင်းပြတ်များကို ကျောတွင် ပိုးထားသော ဆာလာအိတ်ကြီးဖြင့် ထည့်၍ယူမည်။

တစ်နေရာသို့ရောက်လျှင် ပသျှူးခေါင်းပြတ်ကြီးက ဖြတ်ထားသော ခေါင်းများကို ပြန်ထုတ်ကြည့်မည်။ ပြီးနေသော ဦးခေါင်းပြတ်များကို အိတ်ထဲပြန်ထည့်ပြီး ကျ ဦးခေါင်းပြတ်တွေကို ချုံပုတ်၊ မြစ်ချောင်း စသည်တို့တွင် စွန့်ပစ်ထားမည်ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ စာရေးသူတို့ လူငယ်အများ ကြောက်ဒူးတုန်ခဲ့ကြရသည်။

စာရေးသူသည် ငယ်စဉ်ကပင် စူးစမ်းလိုစိတ် ရှိခဲ့ရ ကား ကြီးသူတို့အား ပသျှူးခေါင်းပြတ် ဆိုသည်ကို မေး မြန်းခဲ့သည်။ သူတို့ အဆိုအရ ပသျှူးခေါင်းပြတ်ဆိုတာ မုတ်ဆိတ်မွေးဗရပျစ်နဲ့ အသားမည်းမည်း လူကြီးတွေပေါ့။ သူတို့မှာ ဂေါ်ရခါးဓားကောက်ကြီးတွေ ပါတယ်။ ဆာလာ

# ပသျှူးခေါင်းပြတ်နှင့် ဆက်စပ်လျက်ရှိသည့် ဖရီးမေဆင်အသင်းကြီး

ကိုမောင်သန်းဝင်း





Title-page and Frontispiece of "The Constitutions of the Free-Masons"

www.burmeseclassic.com

အိတ်ကြီးတွေ လွယ်ထားတယ်ဟု ဖြေကြသည်။

ဤသို့နှင့်နှင့် ပြောသူတို့အား ပသျှူးခေါင်းပြတ်တွေကို တွေ့ဖူး မြင်ဖူးလို့လားဟု မေးမြန်းကြည့်လေတိုင်း ခေါင်းခါပြလေ့ရှိသည်။ တချို့ကလည်း တွေ့ဖူးသယောင်ယောင်၊ ပသျှူးခေါင်းပြတ်က သူ့ဆီကို လိုက်ဖမ်း၍ ထွက်ပြေးလွတ်မြောက်ခဲ့သယောင်ယောင် ပြောကြသည်။

အရွယ်ရောက်လာ စာဖတ်သက်လေး ရလာလေတော့ ပသျှူးခေါင်းပြတ်ဟူသည် အသင်းတစ်သင်း၏ အမည်နာမနှင့် ဆက်နွယ်နေကြောင်း လေ့လာသိရှိရသည်။


ပသျှူးခေါင်းပြတ်အသင်း၏အတွင်းပိုင်း

**ပသျှူးခေါင်းပြတ်အသင်း**

ပသျှူးခေါင်းပြတ်နှင့်ပတ်သက်၍ ပသျှူးခေါင်းပြတ်အသင်းရှိကြောင်း တွင်ကျယ်စွာ ပြောဆိုလျက်ရှိခဲ့ကြသည်။ အကယ်တန္တ အသင်း၏ နာမည်သည် ပသျှူးခေါင်းပြတ်အသင်းမဟုတ်၊ အသင်း၏ အမည်မှန်မှာ ဖရီးမေဆင်ဟူ၍ ဖြစ်သည်။

ဖရီးမေဆင်ဟူသည် လွတ်လပ်ပြီး အသိအမှတ်ပြုထားသော ဗိသုကာဆရာဟူ၍ အဓိပ္ပာယ်ရကြောင်း၊ ပန်းရန်ဆရာတွေက စတင်ဖွဲ့စည်းထားသော အသင်းဖြစ်ကြောင်း သိရသည်။

**သမိုင်းကြောင်း**

ဥရောပတိုက်တွင် ရှေးအတိတ်ကာလက ဘုရားရှိခိုးကျောင်းကြီးများ၊ ဘုန်းတော်ကြီးကျောင်းကြီးများ၊ ခရစ်ယာန်အယူဝါဒနှင့် ဆက်နွယ်နေသော အဆောက်အအုံများကို အုတ်၊ ကျောက်ပြားတို့ဖြင့် အနံ့အပြား ဆောက်လုပ်ခဲ့ကြရသည်။ ဤတွင် ကျွမ်းကျင်ပန်းရန်ဆရာတွေ အများကြီး လိုလာသည်။


မြို့တိုင်း၊ ရွာတိုင်းတွင်လည်း ကျွမ်းကျင်သူဟူသည် မရှိကြ။ သို့ဖြင့် ပန်းရန်ဆရာများက သူတို့အချင်းချင်း အဖွဲ့ ဖွဲ့ထားကြပြီး အမြို့မြို့အနယ်နယ်သို့ လှည့်လည်ပြီး ဆောက်လုပ်ခဲ့ကြသည်။

ဤတွင် ပညာရှင်အချင်းချင်း၊ အသင်းဝင်အချင်းချင်း အကူအညီပေးနိုင်ရန်အတွက် အထိမ်းအမှတ်တွေ၊ လူချင်းတွေ့လျှင် နှုတ်ဆက်နည်းတွေကို တီထွင်သတ်မှတ်ကြသည်။

ယင်းသို့ အထိမ်းအမှတ်တွေ၊ စည်းကမ်းစနစ်တွေ၊ နည်းလမ်းတွေ လိုအပ်ချက်တွေကို ပြုလုပ်ဖို့အတွက် ရှေး

အကျဆုံး ဖရီးမေဆင်အသင်းဖြစ်သည့် အင်ဒင်ဘာရောလောဂျ်ဟု အမည်ရှိသော ဖရီးမေဆင်ဘုံ စံအိမ်တစ်ခုမှာ (၁၅၉၉)ခုနှစ်ကတည်းက ချမှတ်ခဲ့သည်။ အချင်းချင်း နှုတ်ဆက်နည်း၊ အချင်းချင်း အသိအမှတ်ပြုနည်းအားလုံးသည် လျှို့ဝှက်နည်းတွေချည်း ဖြစ်သည်ဟူ၏။

ဖရီးမေဆင်များသည် အင်္ဂလန်နိုင်ငံရှိ ဗဟိုစံအိမ်ကြီးက စတင်ပေါက်ဖွားခဲ့ကြောင်း၊ ယင်းစံအိမ်ကြီးသည်


ဝေလမင်းသားနှင့် ဆွီဒင်ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

(၁၇၁၇)ခုနှစ်ကစပြီး တည်ထောင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

**ကြီးကျယ်ခမ်းနားလာခြင်း**

အသင်းကြီးသည် ပန်းရန်ဆရာများနှင့် စတင်ဖွဲ့စည်းခဲ့သည် ဆိုသော်ငြားလည်း လူမှုရေးအသင်းတွေနှင့်လည်း အချိန်းအဆက်ရှိခဲ့ကြသည်။ သို့သော်လည်း အသင်း၏ အစဉ်အလာအရ လျှို့ဝှက်ရမည့် သဘောရှိသည့်အတွက် အသင်းသားတွေအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းတွေကိုတော့ဖြင့် တစ်သဝေမတိမ်း လိုက်နာကြရသည်။ အဆိုပါ လျှို့ဝှက်ချက် အစီအရင်တွေကြောင့်လည်း ခေါင်းဖြတ်အသင်းဟူ၍ ယိုးစွပ်မှုများ ရှိလာခဲ့သည်။

ဖရီးမေဆင်အသင်းကြီးသည် တစ်စ,တစ်စ ကြီးကျယ်ခမ်းနားလာသည်။ ညီအစ်ကိုနှောင်ရင်း ချစ်ခင်ခြင်းဟု အမည်ပေးထားသည့် ဖရီးမေဆင်ဘုံ စံအိမ်တစ်ခု၏ အတွင်းကို ရိုက်ကူးမှတ်တမ်းပြုထားသည်။ ဓာတ်ပုံမှာ ဗြိတိသျှပြတိုက်တွင် ယနေ့တိုင်ရှိသည်။ (၁၉၁၀)ပြည့်နှစ်က ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။



အန်ရှုန်ဖောင်အား အသင်းလူကြီးခန့်အပ်သော လက်မှတ်

အသင်းကြီးတွင်လည်း လူစုံပါဝင်ခဲ့ကြသည်။ စစ်ဘက်က ပုဂ္ဂိုလ်တွေ၊ ကျောင်းဆရာတွေ၊ ဆရာဝန်တွေ အပြင် မင်းညီမင်းသားတွေလည်း ပါဝင်လာခဲ့ကြသည်။ မင်းညီမင်းသားများအနက် ဝေလမင်းသားနှင့် ကော့နော့မြို့စားကြီးတို့က ဖရီးမေဆင် အဝတ်အစားဝတ်ပြီး (၁၈၈၇)ခုနှစ်က မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ရာ အင်္ဂလန်ရှိ ဟာလ်တန်ပြတိုက်တွင် ရှိနေသေးသည်။

(၁၇၁၀)ပြည့်နှစ် အိုင်ယာလန်ရှိ ဘုံစံအိမ်မှာ အမျိုးသမီးကြီး အဲလီဇဘက်စိန့်လယ်ဂျာက ဖရီးမေဆင်အသင်းသို့ စတင်ဝင်ရောက်ခဲ့ရာမှ နောက်ပိုင်းတွင် အမျိုးသမီးတွေသည်လည်း အသင်းဝင်တွေ ဖြစ်လာခဲ့ကြသည်။ အဲလီဇဘက် စိန့်လယ်ဂျာနှင့် အသင်းဝင်အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံတို့သည်လည်း အင်္ဂလန်ပြတိုက်တွင် ထားရှိလေ၏။

**အသင်းဝင်ရောက်ခြင်း**

အသင်းကို အရွယ်ရောက်သူများကိုသာ ဝင်ခွင့်ပြုသည်။ အရွယ်ရောက်သူများကို အသင်းဝင်လိုပါက ချက်ချင်းဝင်ခွင့်မပေးသေးဘဲ အဆင့်ဆင့်စစ်ဆေးမှုများ ပြုလုပ်သေးသည်ဟူ၏။ စစ်ဆေးနည်းတွေသည်လည်း ဂမ္ဘီရ ဆန်လွန်းလှချေ၏။

အသင်းအဖွဲ့အတွင်း အသင်းသားတွေအနေဖြင့် ဒီဂရီအဆင့်တက်ခြင်း အမှုတွေသည်လည်း ရှိလေ၏။ ဒီဂရီ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ရှိသည်။

တတိယအဆင့် ဒီဂရီအဆင့်တွင် စစ်ဆေးမှုပြုပုံမှာ လူကို သေနေသည့်သူအဖြစ် သတ်မှတ်ခိုင်းပြီး ကြမ်းပြင်ပေါ်ဝယ် ပက်လက်လှန်၍ နေခိုင်းသည်။ ပြီးလျှင် ထိုလူကို ပိတ်ဖြူနှင့်ပတ်ပြီး ခေါင်းတလားထဲသို့ထည့်သည်။ ပြီးမှ ခေါင်းတလား၏ အဖုံးကိုပိတ်ပြီး သတ်ပစ်လိုက်သည့် သဘောမျိုးဖြစ်စေသည်။ ခေါင်းတလားထဲမှလူသည် မည်သို့မျှ မဖြစ်ချေ။

သည်နေရာတွင် စည်းကမ်းချက်တစ်ခု ထားရှိသည်။ ဓားနှင့် ခုတ်ပြီးပြီးချင်း မေးခွန်းမမေးရ ဟူ၍ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ သေပြီးပြီဟု ယူဆရသူကို မေးခွန်းမေးလျှင် ဖြေဆို၍ မရသောကြောင့်ပါတည်း။

တစ်ခဏအကြာတွင် ခေါင်းတလားကို ဖွင့်သည်။

www.burmeseclassic.com




ခေါင်းတလားအထဲက လူ၏ မျက်နှာတည့်တည့် မျက်နှာကြက်တွင် ချိတ်ဆွဲထားသည့် မှန်အိမ်ငယ်ကလေးကို ကြိုးလျှော့စေပြီး လူမျက်နှာအနီး ရောက်သည်အထိ ချပေးလိုက်သည်။

မှန်အိမ်၏ အလင်းရောင်ကို ခေါင်းတလားအထဲက လူက မြင်သည်နှင့်တစ်ပြိုင်နက် ဘဝသစ်ကို ရရှိလေပြီဟု အဓိပ္ပာယ်ဖော်ရသည်။ ထိုမီးအလင်းရောင်ကို မြင်တွေ့ရသည့်အချိန်အခါတွင်မှ ခေါင်းတလားထဲမှလူသည် အသက်ပြန်ရှင်လာခြင်းဟု ဆိုလိုသည်။

သည်အခါကျလေမှ အပြင်လူက သင့်နာမည် ဘယ်သူ့ပဲဟု မေးရသည်။ ခေါင်းတလားထဲမှလူက နာမည်မရှိဘူး ဟု ပြန်ဖြေသည်။ ဖရီးမေဆင်အဖွဲ့က နာမည်မရှိဘူးဟု ဖြေသူကို နာမည်အသစ် ပေးရသည်။

**ပသျှူးခေါင်းပြတ်အဖြစ် နာမည်ကြီးလာမှု**

အထက်ပါဒီဂရီအဆင့်တက်မှုပြုလုပ်ရာတွင် ပြုလုပ်ခံရသူသည် ပထမ သေပြီဟုမှတ်၊ ပြီးလျှင် ကြမ်းပြင်ပေါ် ပက်လက်လှဲနေ၊ အဖွဲ့ဝင်တွေက ထိုလူကို အဝတ်ဖြူဖြင့် အုပ်ပတ်ပြီး ခေါင်းတလားထဲထည့် ပြီးလျှင် ခေါင်းတလားအဖုံးကို ပိတ်သည်။ ပိတ်ထားသော ခေါင်းတလားကို အထဲရှိလူ၏ လည်ပင်းနေရာကိုမှန်းဆပြီး အပြင်လူက ဓားဖြင့် ခုတ်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။

ဤတွင် စံအိမ်အပြင်ဘက်ရှိ သိလို၍ ချောင်းမြောင်းကြည့်သူတို့က ခေါင်းဖြတ်သတ်နေကြပြီဟု ယူဆကြ၍ ပြောဆိုကြလေ၏။

ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင်သို့ပမာ ထိုသည့်သတင်းကို ပသျှူးခေါင်းပြတ်အသင်းဟူ၍ မှတ်ယူစွဲကြလေတော့၏။


ယင်းသို့စစ်ဆေးမှုအဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများကို အင်္ဂလန်ရှိ ပြတိုက်တွင် ထားရှိထားသည်။

**မြန်မာနိုင်ငံမှ ပသျှူးခေါင်းပြတ်အသင်း**

မြန်မာနိုင်ငံရှိ မော်လမြိုင်၊ ပြင်ဦးလွင်၊ ပုသိမ် စသည့် မြို့ကြီးတွေတွင် ဘုံစံအိမ်(၁၄)ခုရှိခဲ့ကြောင်း၊ မော်လမြိုင်က ဖရီးမေဆင်အသင်းကို စံအိမ်ရှင်ဆိုသူက ဗီလန်သရိပီဟု အမည်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါအသင်းသည် မြန်မာနိုင်ငံက ရှေးအကျဆုံးဖြစ်သည်။ (၁၈၅၀)ပြည့်နှစ်က တည်ထောင်ခဲ့သည်ဟူ၏။

မြန်မာနိုင်ငံက ဖရီးမေဆင် ဗဟိုအသင်းကြီးအား တက္ကသိုလ်ကျောင်းအုပ်ဆရာကြီးဟောင်း မစ္စတာအယ်ထင်စီက အကြီးအကဲပြုလုပ်ပြီး (၁၈၅၈)ခုနှစ်တွင် တည်


Grand Lodge of Mark Master Masons of England and Wales

His Royal Highness

Grand Master

ပသျှူးခေါင်းပြတ် ကိုထွန်းအုံ၏ ရာထူးတိုးလက်မှတ်

www.burmeseclassic.com

ထောင်ခဲ့ကြောင်း၊ ယင်းဗဟိုအသင်းကြီးသည် အင်္ဂလန်ဗဟိုအသင်းကြီးနှင့် တိုက်ရိုက်ဆက်သွယ်မှုတွေ ရှိခဲ့သည်ဟု ဆိုသည်။

(၇-၅-၁၉၂၆)ရက်နေ့က မြန်မာနိုင်ငံမှ ကိုထွန်းအုံ ဆိုသည့် ပသျှူးခေါင်းပြတ်တစ်ယောက်ကို အင်္ဂလန်မှနေပြီး ချီးမြှင့်ပေးလိုက်သည့် အဆင့်ရာထူးလက်မှတ် ရရှိခဲ့ဖူးသည့် မှတ်တမ်းဓာတ်ပုံရှိသည်။

နောက်တစ်ဦးမှာ မြန်မာနိုင်ငံသားဖြစ်သည့် အယ်ချွန်ဖောင် ဆိုသူဖြစ်သည်။ သူသည်လည်း (၁၇-၁-၁၉၂၈) ရက်နေ့၊ သောကြာနေ့က အသင်းခေါင်းဆောင်အဖြစ် ခန့်စာရရှိခဲ့လေ၏။

**ဒီဇင်ဘာလ သဇင်ပန်းပွင့်ပေါ်ချိန်**

မြန်မာပြည်က ပသျှူးခေါင်းပြတ်အသင်းသည် နှစ်စဉ် ဒီဇင်ဘာလ သဇင်ပန်းပွင့်ပေါ်ချိန်တွင် အစည်းအဝေး ပြုလုပ်လေ့ရှိသည်။ အမြို့မြို့အနယ်နယ်မှ အသင်းသားများသည် အသင်းချုပ်တည်ရာသို့ ရောက်လာကြမည်။ လူမျိုးစုံ ပါဝင်ပေလိမ့်မည်။ ပုံစံအမျိုးမျိုးဖြင့် လာကြပေလိမ့်မည်။

ရောက်လာကြသူတို့သည် တွေ့ဆုံကြသည်နှင့် တစ်ဦးနှင့်တစ်ဦး သင်္ကေတပြ နှုတ်ဆက်ကြပေမည်။ လျှို့ဝှက်လှုပ်ရှားမှုတွေ ပြုကြပေမည်။

ဤသည်ကို လူအချို့က ပသျှူးခေါင်းပြတ်တွေ ဒီဇင်ဘာလတွင် ထွက်ကြသည်။ ခေါင်းဖြတ်ကြသည်ဟု ဆိုကြလေ၏။

အမှန်မှာ ပသျှူးခေါင်းပြတ်ဟူသည် အလွန်အင်မတန် စည်းကမ်းရှိပြီး အလွန်အင်မတန်ခိုင်ခံ့သည့် ဖရီးမေဆင် အသင်းဝင်များ ဖြစ်ကြသည်။

ပသျှူးဟု ဆိုသော်ငြားလည်း ပသျှူးလူမျိုး တစ်ယောက်မျှ မပါချေ။ အများထင်သလို ခေါင်းဖြတ်ခြင်း အလျှင်းမရှိ။ လူရတတ်တွေနှင့် ဖွဲ့စည်းထားသော အသင်းတစ်သင်းပါတည်း။

(မြန်မာနိုင်ငံတွင် ပသျှူးခေါင်းပြတ်အသင်းဟူ၍ မရှိလေတော့ပြီ။ ရှိခဲ့ဖူးသည်ဟူ၍သာ မှတ်တမ်းရှိသည်။)

**ကိုမောင်သန်းဝင်း**

**ပုရောဟိတ် ဆရာဦးမြတ်စံ ၏**
**အသုံးချ ဂမ္ဘီရဝေဒ စာအုပ် ထွက်ပါပြီ**

လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော လက်ရွေးစင်ဆောင်းပါးများ
စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။
ဂမ္ဘီရပညာရပ် လိုက်စားသူများ၊ ဘဝတွင် တွေ့ကြုံနေရသော
အခက်အခဲများကို ဤစာအုပ်မှ ကူညီဖြေရှင်းပေးနိုင်ပါသည်။

စာအုပ်မှာယူလိုပါက ပင်ရင်းဖြန့်ချိရေး
ဆရာဦးအောင်သန်း၊ ပြည့်ဝပျော်ရွှင်စာပေတိုက်၊ သုမင်္ဂလာပုံနှိပ်တိုက်၊
၀၉ ၅၅၀၀၆၂၄၂၅

www.burmeseclassic.com